www.burmeseclassic.com

မဟာဒီပစာပေ

# ပြစ်မှု

မဂ္ဂဇင်း

WORLD DAY AGAINST TRAFFICKING IN PERSONS 30 JULY


လူကုန်ကူးမှု ပြဿနာ - စာ(၄၇)

လူကုန်ကူးမှု၊ နစ်နာမှုနှင့် လျော်ကြေး - စာ(၅၀)


လူကုန်ကူးမှု မဖြစ်ပွားရအောင် - စာ(၅၁)

ဆင်းရဲသားနှင့် လောင်းကစား - စာ(၁၃၇)

သေစာရင်းအတု - စာ(၁၇၆)


BURMESE CLASSIC

# လူကုန်ကူးမှု ရပ်




www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

28 NOV 2014

မဂ္ဂဇင်း

## အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

---

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်မြတ်ဇင်ဇင်မိုး၊ စန္ဒာညွန့် ပုံနှိပ်တိုက်(ယာယီ-၁၀၇၆၀)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၁၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ်(၂၃၂)

### ကဗျာ ပြစ်မှု

ထိပ်တင်ထွေး(ယာဉ်/စက်)၊ ဆုမွန်ဦး(ဟသ်ာတ)၊ ဝင်းမြင့်ကျော်(တောချောင်းဦး)၊ မင်းနီနိုင်(မောင်တော)၊ ကိုတိုး(မြစ်ခြေ)၊ မောင်လွမ်းရည်(ရွှေတောင်)၊ စောအောင်ခ(ဘားအံ)၊ အောင်သျှင်သူ(မဟာမြေ)။

### ကာတွန်း ပြစ်မှု

မြေဇာ၊ မိမန်းလေး(တောင်ငူ)၊ ရန်ကြီးအောင်၊ မြေရိုင်း၊ ပေါက်ကျိုင်း၊ စိတ်သစ်၊ မြင့်သန်း(မဂ်လာဒုံ)၊ သူရိန်။

### စာပေသုခုမ သတင်းလွှာ


သုခုမသတင်းလွှာ

အမ်ကေ ---------- ၂၉

ပြစ်မှုစာအုပ်စင်

ဂါသစ်နီ ---------- ၂၈


### ရယ်စရာ ပြစ်မှု


ပြစ်မှုဆိုင်ရာ ရယ်စရာ

ကိုမျှော်တောသား ----------


### မျက်နှာဖုံးဆောင်းပါး ပြစ်မှု


ဝိုင်းဝန်းတားဆီး နှိမ်နင်းကြရမည့် လူကုန်ကူးမှုပြဿ

မင်းသူ့ကျော် ----------

လူကုန်ကူးခံရသူအဖို့ နစ်နာမှုလျော်ကြေး

ကေတီအောင်သိန်း ----------

လူကုန်ကူးမှု မဖြစ်ပွားရလေအောင်

ခံ့တော်မောင်ကောင်း ----------


www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


အရွဲ့တိုက်ခြင်း၏ နောက်ကွယ်မှာ
ဇော်(သုံးဆယ်) ---------------- ၅၄
ပြောင်းပြန် ပြောင်းဆန်က စီးရသတဲ့ကွာ
ချိုမြေ-တင်တင်ဝင်း ---------------- ၆၀
သွေးစွန်းသောလက်
သက်ဆွေ ---------------- ၆၆
ကျက်ခြေပွင့်ကြွေ
လှိုင် ---------------- ၇၄
ရေမျောကမ်းတင်
ငြိမ်းအောင် ---------------- ၈၇
ကြောင်နှင့်ကျားကို နမူနာယူ၍···
သိန်း ---------------- ၁၅၈
ထားပုလင်းနှင်းမောင်နှင့် မိတ်ဆွေဟောင်းများ
သိန် ---------------- ၁၆၂
လူသားစား ကျားသစ်ကောင်ကြီး
မောင် ---------------- ၁၉၄
ညဉ်ဆိုးကြမ္မာ
အောင်ဝင့်(မြောင်းမြ) ---------------- ၂၀၄
သဲကိုးဖျာ ဆိုသည်မှာ
ဒါင်းယဉ် ---------------- ၂၃၄
ဥပဒေလွတ် လူသတ်ကောင်
ငှထူး(ဧယျဝတီ) ---------------- ၂၄၀
ခြံခုန်မလေးနဲ့ စည်းကျော်သူ
သောင်(ရမည်းသင်း) ---------------- ၂၄၆


## ဗေဒင် ပြစ်မှု


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ---------------- ၂၅၆


## တစ်မျက်နှာ ပြစ်မှု


တစ္ဆေကိုက်ခံရခြင်း
နိုင်မိုးဇော် ---------------- ၃၃
တောက်ခေါက်သံ၏ ဘာသာပြန်
ဝင်းမြဲအောင်(မြိတ်) ---------------- ၃၄
ဆုံးဖြတ်ချက်
ထွန်းအောင်ရင် ---------------- ၃၅
အရောင်စုံလှိုင်း
ပိုက်မင်းဝေ ---------------- ၃၆


## ဆောင်းပါး ပြစ်မှု


စိတ်
မကျေးဥ ---------------- ၃၇
ဆင်ခြေဖုံး သီအိုရီ
ဟန်သာသူ ---------------- ၃၉


## ဥပဒေ့ ပြစ်မှု


စွဲချက်တင်ရန် မလုံလောက်သဖြင့် တရားရုံးမှ
တရားရှင်လွှတ် ---------------- ၅၁
ပြည်ဖုံးကားရေ့ မတင်ဆက်လိုက်ရသော်လည်း···
သုသိဏ် ---------------- ၁၃၃
ဆင်းရဲသား လျှော့နည်းပပျောက်ရေး
လောင်းကစားကို နှိမ်နင်းပေး
ဝင်းဇော်(သုံးဆယ်) ---------------- ၁၃၇
သေစာရင်းအတုကိစ္စ
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------------- ၁၃၆
အမှုတွေ ပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ---------------- ၁၃၉
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
ဧလင်းဦးအောင်သိန်း ---------------- ၁၀၂


www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


ကိုယ့်ကိုယ်ကိုယ် သက်သေမှုနှင့် ပတ်သက်ပြီး
ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ . . .
ကေတီအောင်သိန်း ———— ၅၃

ဗြိတိန်တစ်နိုင်ငံလုံး တုန်လှုပ်သွားသော ၁၆ နှစ်ကြာ
မုဒိမ်းမှုများ
မြသိန်း ———— ၇၅

သူတို့နိုင်ငံမှ အထိရောက်ဆုံးဖြစ်သော
အလုပ်ပေး အပြစ်ဒဏ်
ကေတီအောင်သိန်း ———— ၉၃

စေတမန်ဆရာဝန်
မောင်မောင်စန်းထွေး ———— ၁၀၈

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ———— ၁၂၂

မီးရထားမတော်တဆဖြစ်မှု နောက်ကွယ်မှဖြစ်ရပ်များ
လှုမ်းထက် ———— ၁၂၇

ပြည်ပတွင်နေထိုင်သူအား သီချင်းဆိုသော . . .
လေးဝတီကျော် ———— ၁၅၇

သန်းချိုင်းအုတ်ဂူဖောက်ဖျက် လူသေ . . .
ကေတီအောင်သိန်း ———— ၂၀၃

ကားစီးပြီး အရှားယာဉ်မောင်းအား အကြောင်းမဲ့
လေးဝတီကျော် ———— ၂၃၃



မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးနိုင်။
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကေလတ်၊ ကျော်ဦး၊ KN၊ ဖိုးအောင်၊ အောင်နိုင်လတ်၊ စံလွင်မောင်၊ ပညတ်၊ ဆွေမြင့်၊ သန့်ဇော်သစ်။


## အခန်းဆက် ရသပြစ်မှု


ယမ်းဘီလူးအောင်ဒင်နှင့် မရဏာလိုဏ်ဂူ(၁)
ရွှေမြို့တံသောင်းတင် ———— ၈[illegible]

အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၁၃)
မောင်ရွှေန် ———— ၁၀[illegible]

ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော . . .(၈)
ကျော်ဆွေဝင်း(ရွှေအင်း) ———— ၁[illegible]

ထောင်မှူးများ အလိုရှိသည်(၉၃)
ဖယ်ဇော ———— ၁[illegible]

မှောင်တတ်သော အမှောင်(၆)
ကျော်မြသန်း ———— ၁[illegible]

အတိတ်အကြောင်း ပြောင်းသည်မရှိ(၁၉)
မင်းဟိန်းထိုက် ———— ၁[illegible]

နယ်မြို့လေးထဲက သားရဲ(၈)
သစ်ထူးအိမ် ———— ၂[illegible]


## နိုင်ငံရပ်ခြားရသ ပြစ်မှု


စေတနာကို မိတ်ကပ်လိုခြယ်သတဲ့ မာယာသည်
မြသင်းဟန် ———— ၂[illegible]



အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀[illegible]၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com





"သူ လူမှုရေးဖောက်ပြန်လို့
ဥပဒေက
အပြစ်ပေးလိုက်တာပဲ
သူ့တရားသူ စီရင်တယ်လို့ပဲ..."

ဝင်းဇော်(သုံးဆယ်)------------၅၄



"ဘုရား...ဘုရား
တစ်ချက်တည်းနော်၊
တစ်ချက်တည်းဆိုရင်တော့
ပုဒ်မ(၃၀၄)ပဲဗျ"

ဗိုလ်ချုပ်မြေ-တင်တင်ဝင်း-----------၆၀



"ပစ်ပါ ဦးဇော်အောင်
သူ့ကို ပစ်သတ်လိုက်ပါ
သူဟာ
လူသတ်သမား"

ဘသက်ဆွေ-------------၆၆

www.burmeseclassic.com



"သူ့ဘဝကို
ခဏ ခဏလိုက်သွား၊
လုပ်ငန်းတွေကို နားလည်အောင်သင်၊
တစ်နေ့ သမီးရမယ့် အမွေတွေ..."

မြမြလှိုင်-----------------------၇၄

"အန္တရာယ်ကို တားဆီးပါ၊
ကျုပ်တို့ကိုယ်တိုင်
မတားဆီးသည်မှာ
ကျုပ်တို့၏ သစ္စာကြောင့်ဖြစ်တယ်"

ရွှေမြိုတ်သောင်းတင်-----------၈၀





"ဘယ်နိုင်ငံကိုမှ
မသွားပါဘူးကွာ၊
ဗမာပြည်ထဲက
ရန်ကုန်မြို့ထဲမှာပဲ ရှိနေမှာပါ"

မောင်ရွှေစိန်-----------၁၀၀

www.burmeseclassic.com



"ဒီကောင်တွေ ဒိုင်
လျော်နေတယ်၊
သုံးလေးကြိမ် ဆက်လျော်ရင်
ကြွေလဲတော့မှာ"

ကျော်ဆွေဝင်း(ရွှေအင်း)-----၁၁၀




"အဲဒီအချက် လေးချက်က
ပြစ်ဒဏ်ချမှတ်ရာမှာ
ခင်များအတွက်
အများကြီး အထောက်အကူ..."

ကျော်မြသိန်း--------------------၁၄၈



"ပျင်းရိခြင်းနှစ်မျိုး ရှိတယ်ဗျာ၊
အဲဒီနှစ်မျိုးမှာ
အလုပ်မလုပ်ချင်လို့
ပျင်းတဲ့အပျင်းကိုတော့ အင်္ဂလိပ်..."

မင်းသိခ်------------------၁၆၂

www.burmeseclassic.com



" ဒီသူတွေလို့
အပြတ်ရှင်းနိုင်ရင်
ရွာသားတွေအတွက်
ပိုစိတ်ချရတာပေါ့ အဘရယ် "

လေးမောင်------------------၁၉၄



" ဒီကောင် နှစ်ကောင်က
တရုတ်ဘက်က ရှေ့နေလိုက်လို့ကွာ၊
ငါ့ဘုရားက
ငါ့မယားဘက် ခပ်ပါပါဆိုတာမျိုး... "

သစ်ထူးအိမ်--------------၂၀၂




" ဒုစရိုက်သမား
စခန်းရောက်ပြီဆိုရင်
အာမခံရဖို့ ပထမကြိုးစားတယ်၊
အာမခံ မရရင်... "

ဝင်းသောင်(ရမည်းသင်း)———၂[illegible]

www.burmeseclassic.com

www.burmeseclassic.com



## ထိပ်တင်ငွေး(ယာဉ်/စက်)

- အကျိုးမဲ့ဖွယ်၊ ပြုမှုလွယ်ဘိ
  ကျိုးရှိဖို့ရာ၊ ပြုခက်ပါ၏
  သတိတရား မလွှဲမှားနှင့်။

- ကောင်းရာလုပ်လျှင်၊ အဖျက်ဝင်၏
  အစဉ်တွေ့ရ၊ နိယာမ။

- မကောင်းရာလျှင်၊ ကူညီချင်ကြ
  တွယ်ယှဉ်ဗိုင်းဝန်း ဘီးတပ်တွန်းချ
  နိယာမလို့ ဆိုရမလို။

- အများပင့်မြှောက်၊ သွေးမမြောက်နှင့်
  အများလှန့်ခြောက်၊ တွေးမကြောက်နှင့်
  မဖောက်မပြန်၊ စိတ်ထားခိုင်ကျည်
  ရဲစိတ်ဗီလျက်
  တည်ကြည်ဖြောင့်မတ်ကြပါစေ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ပြတင်းများ

ဆုမွန်ဦး(ဟင်္သာတ)



□ လှိုင်းတွေ
တဝုန်းဝုန်းရိုက်ပုတ်နေတာ
သာယာနာပျော်ဖွယ် ဂီတသံမဟုတ်ဘူး။

□ လေတွေ
တဟူးဟူးတိုက်ခတ်နေတာ
ကာရန်ပြေပြစ်တဲ့
ကဗျာတစ်ပုဒ် မဟုတ်ဘူး။

□ တိမ်တွေတရွေ့ရွေ့
လွင့်မျောနေတာ
ဆွတ်ပျံ့ဖွယ်
အိပ်မက်တစ်မက် မဟုတ်ဘူး။

□ သူ့သဘော
သူဆောင်နေတာဆိုပေမယ့်လည်း
သူဆောင်နေတဲ့ သူ့သဘောမှာ
ကိုယ်က မဖြစ်မနေ
ဝင်ဝင်ပြီးရောနေရတော့
သွေးနှောနေတဲ့ ဖြစ်ပျက်ခြင်း
ပတ်သက်နေတဲ့ ဆွတ်ပျံ့ခြင်းတွေက
အလိုလို တံတွေးခြောက်
အတွေးထဲကို ရောက်ရောက်လာတယ်…။



www.burmeseclassic.com

www.burmeseclassic.com



# မိသားစုညနေ

**ဝင်းမြင့်ကျော်(တောချောင်းဦး)**

□ နေ့ကိုထွန်ယက်လို့
အခုစိုက် အခုရိတ်ရင်း
ရာသီနဲ့ တရှုတ်တိုက်ပါသွား
အားသွန်ခွန်စိုက်ရှာချနေရတဲ့
ကောင်းကောင်တစ်စင်းရဲ့ ရင်ဟာ
ဘယ်လောက်ပဲ အမောတွေဖောက်ဖောက်
အိမ်အဝင်ဆည်းလှည်းသံတွေအောက်မှာ
သောကတွေအားလုံး
အရည်ပျော်ပြီးပျောက်သွားတယ်။ ■



www.burmeseclassic.com

www.burmeseclassic.com

# အရင်းခံ

**ဝင်းနိုင်(ဖောင်တော)**

□ သည်သစ်တစ်ပင်
ရှင်သန်စေလို
ပေါင်းမြက်ကိုလည်း ရှင်းခဲ့ပြီ။

□ သည်သစ်တစ်ပင်
ရှင်သန်စေလို
ရေကြည်ကိုလည်း လောင်းခဲ့ပြီ။

□ သည်သစ်တစ်ပင်
ရှင်သန်စေလို
မြေဆီကိုလည်း ကျွေးခဲ့ပြီ။


□ သည်သစ်တစ်ပင်
မရှင်သန်ဘဲ
မြေတွင်ငုံးတိ
ကြုံလိုဘိလျက်
နွမ်းရိခြောက်သွေ့
ကြောင်းရင်းတွေ့ပြီ
မျိုးစေ့ညှာရိုး
လောက်ပိုးထိုး၍
ပုပ်သိုးနေခြင်းပါတကား။ ■





www.burmeseclassic.com

www.burmeseclassic.com



# အရက်သမား

**ကိုတိုး(မြစ်ငြေ)**

□ သောက်လိုက်ရင်ချို
မှိုလိုက်ရင်ခါး။
"တစ်ပက်"သောက်မလား
တစ်ခွက်သောက်မလား
အရက်ပျောက်ကာ အကြောက်ကင်း
ညှဉ်းဆဲမည့်အမှာ။


□ သောက်စမှာရှင်
တော်ကြာလျှင် စကားများ။
မိတ်မဖြစ်လေဘဲ
စိတ်ညစ်စရာရန်တွေပြု
မိသားစုကြား။

□ သောက်စတော့ မာန်ဝန်
မြင်မြင်ရာရမ်းကား။
များလည်းများရော့
အားလည်းအားပျော့
အများတကာခြေနှင်းဖတ်
လုံအိပ်တတ်သမျှား။



www.burmeseclassic.com

www.burmeseclassic.com



# စနိုက်ပါ

**ဟောင်လွှမ်းရှည်(ရွှေတောင်)**

□ ကြွက်ခြေခတ်တည့်တည့်ကို
ထိမှန်ဖို့
လက်ညှိုးကွေးရုံလေး
အသက်အောင့်ထားရတာ
လေးသချိုနဲ့ ကမ္ဘာတစ်သိန်းပေါ့။

□ ပွဲသိမ်းတော့
ဝါရင်ဘတ်တစ်ခုလုံး
ဟင်းလင်းပွင့်လို့။ ■



www.burmeseclassic.com

www.burmeseclassic.com



# မြစ်သံလွင်ရဲ့ သံစဉ်

**စောအောင်ခ(ဘားအံ)**

□ ဂန္ဓဝင်လှိုင်းကလေးတွေကြားမှာ
လွန့်လူးနေရှာတဲ့ သစ်ရွက်လှေကလေးတစ်စင်း
ငြိမ်းချမ်းရေးသံစဉ်ရှာနေတာကြာပြီ…။
ယမ်းနံ့ယမ်းငွေ့တွေကြားက
ပန်းတစ်ပွင့်ရဲ့အလှပ
ရွာပျောက်မြို့ပျောက် ဖြစ်ခဲ့ရတာလည်းကြာပြီ။
သံလွင်ကမ်းပေါ်ကို သွေးတစ်စက်ခြေပါ
အနီရောင်လား…
အပြာရောင်လား…
ငြိမ်းချမ်းရေးလွယ်အိတ်ကို ချိတ်ဆွဲမယ့်နှလုံးသား
အဖြူရောင်သက်သက်ဖြစ်စေမယ်
နေခြည်နုနုအောက်
ဂန္ဓဝင်စောင်းကြိုးခတ်မယ့်နှလုံးသား
သံလွင်မြစ်ရေကိုသောက်
မဖောက်မပြားဘဲ သစ္စာဆိုခဲ့ပြီ…။




www.burmeseclassic.com

www.burmeseclassic.com

# မှားခဲ့ပါသည်

## အောင်သျှင်သူ(ပဟာဧပြ)



□ ငါသေသွားလျှင်၊ မပို့ချင်က
နေချင်နေနိုင်ပါတယ်လေ…။

□ BM ကားစီး ပို့ခရီးမှာ
ဇနီးမယား သမီးသားနှင့်
ကြီးပွားစေရာ၊ ဆွေးနွေးပါက
မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်ဟု
ဆိုလောက်မည်လား သင်စဉ်းစား…။

□ ပို့မည့်အစား နှလုံးသား၌
တရားသံဝေ၊ ရယူစေသား
ငါသေပြီးက၊ သင်သေရမည်
ဘဝမနိုင်၊ သင်မပိုင်ဘူး
စိုးပိုင်သေမင်း သူ့လက်တွင်းက
လွတ်ကင်းသူမှာ၊ မရှိပါတည့်
သင့်ခန္ဓာရုပ်၊ အကောင်ပုပ်ဟာ
ဟန်လုပ်ခြင်းသာ၊ မာန်တင်းစွာတည့်။

□ မာန်တလှလှ၊ အလံထူသည့်
လူ့ လူ့ဘဝ၊ ဝဲဩဃမှာ
မောဟအမှောင်၊ လောဘကောင်တည့်
လုပ်ဆောင်အမှား ဟုတ်ယောင်များစွာ
တရားမရှိ၊ မှန်မသိမှု
ပြန်မည့်သွားလမ်း ခရီးကြမ်းမှာ
မောပန်းဟိုက်စွာ၊ ကြုံရမှာကို
တွေးကာသတိ၊ အမြဲရှိလော့
လူ့ဓါဘဝ၊ ရခဲလှကို
တွေးဆမြော်မြင်၊ ဉာဏ်မြင့်ယှဉ်၍
ဆင်ခြင်သတိ၊ တရားရှိပါ
သင်၏ကောင်းရာ၊ သင့်တွက်ပါဖို့
ငါမှာခဲ့တယ်၊ အိုအသျှင်…။



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း မြေကြီးကောင်း . .



www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း ဖေမြိုင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ယုံမှတ်လို့ ပုံအပ်မိပါတယ်






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံ၏ ပထမဆုံး Miss Myanmar World 2014 ရွေးချယ်ပွဲ

မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး Miss Myanmar World 2014 ရွေးချယ်ပွဲကို ၂၇-၉-၂၀၁၄ ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ Strand Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါရွေးချယ်ပွဲမှာ ဆန်ခါတင် အလှမယ် ၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Winner ဆုကို ပြိုင်ပွဲဝင် နံပါတ်-၅ "ဗိုင်းလေး"ကလည်းကောင်း၊ 1st Runner up ဆုကို ပြိုင်ပွဲဝင် နံပါတ်-၁၄ "ခင်ရတနာဟိန်း" ကလည်းကောင်း၊ 2nd Runner Up ဆုကို ပြိုင်ပွဲဝင် နံပါတ်-၁ "ထက်ထက်ထွန်း"ကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ပါတယ်။ အလှမယ်အဖြစ် ရွေးချယ်ခံကြရသူတွေဟာ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှာ ကျင်းပပြုလုပ်မယ့် Miss World 2014 ရွေးချယ်ပွဲကြီးကို သွားရောက်ယှဉ်ပြိုင်ရမှာဖြစ်ပြီး အဲသည်ပွဲကို ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ကျင်းပမယ့်အကြောင်း သိရှိရပါတယ်။

---

## ပေါ်ဦးသက်၊ ခင်မောင်ရင်၊ ဝင်းဖေ ပန်းချီဆရာသုံးဦး၏ လက်ရာများ ပြသ

မြန်မာ့ပန်းချီရေစီးကြောင်းမှာ အတူတကွ လက်တွဲခဲ့ကြတဲ့ ပန်းချီပေါ်ဦးသက်၊ ပန်းချီခင်မောင်ရင်နဲ့ ပန်းချီဝင်းဖေတို့ရဲ့ သုံးဦးတွဲ ပန်းချီပြပွဲကို ဗိုလ်သန်းပန်းချီပြခန်းမှာ စက်တင်ဘာလ ၂၇ ရက်မှ အောက်တိုဘာလ ၄ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ပန်းချီ ပေါ်ဦးသက်နဲ့ ပန်းချီဦးဝင်းဖေတို့ဟာ ငယ်စဉ်ကတည်းက မန္တလေးမြို့ရှိ ပန်းချီဦးဘကြည်၊ ပန်းချီဦးခင်မောင်(ဘဏ်)တို့ထံမှာ အတူတကွ ပညာသင်ကြားခဲ့ကြသလို၊ ပန်းချီပေါ်ဦးသက်နဲ့ ပန်းချီခင်မောင်ရင်တို့ဟာလည်း မြန်မာ့မော်ဒန် ပန်းချီခေတ်ဦးမှာ ပါဝင်ခဲ့ကြပါတယ်။ သူတို့သုံးဦးစလုံးဟာ ရင်းနှီးခင်မင်ကြသူတွေဖြစ်တာနဲ့အမျှ အတွဲလိုက် ပန်းချီတွေရေးခဲ့ကြ၊ တိုင်ပင်ဆွေးနွေးခဲ့ကြရင်း ကြီးပြင်းခဲ့ကြတဲ့သူတွေပါပဲ။ သည်ပန်းချီပြပွဲမှာ ပန်းချီပေါ်ဦးသက် ၁၄ ကား၊ ပန်းချီခင်မောင်ရင် ၁၄ ကားနဲ့ ပန်းချီဝင်းဖေ ၁၇ ကားတို့ ပြသခဲ့ပါတယ်။ အဲသည် ပန်းချီကားစုစုပေါင်း ၄၅ ကားကို ပြပွဲအပြီးမှာ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေသွားမယ့်အကြောင်း ကြားသိရပါတယ်။

---

## Asean-Rock Fly Project ရုပ်ရှင်ဆွေးနွေးပွဲ ကျင်းပမည်

Asean-Rock Fly Project ရုပ်ရှင်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၀ ရက်မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်မှာ ပြုလုပ်မှာဖြစ်ပြီး မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ် ပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ ရုပ်ရှင်ဆွေးနွေးပွဲမှာ အာဆီယံ ၁၀ နိုင်ငံမှ တစ်နိုင်ငံလျှင် ကိုယ်စားပြုဒါရိုက်တာ နှစ်ဦးနဲ့ စုစုပေါင်း ၂၀ ဦး၊ ကိုရီးယားနိုင်ငံမှ ကိုယ်စားပြုဒါရိုက်တာ နှစ်ဦး စုစုပေါင်း လူငယ်ဒါရိုက်တာ ၂၂ ဦး တက်ရောက်ကြမှာဖြစ်ပြီး နိုင်ငံတကာ အနုပညာရှင်များက ရုပ်ရှင်ဖန်တီးမှုနဲ့ ပတ်သက်တဲ့ ဆွေးနွေးမှုတွေကို ပြုလုပ်မှာ ဖြစ်ပါတယ်။ မြန်မာအနုပညာရှင်တွေ ဖြစ်ကြတဲ့ ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်း၊ ဒါရိုက်တာ အကယ်ဒမီ အောင်ကိုလတ်နဲ့ အကယ်ဒမီဆွေဇင်ထိုက်တို့လည်း ပါဝင်ဆွေးနွေးကြမယ်လို့ သတင်းရရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## 'ရှင်မတောင်နဲ့ ထုလိုက်မယ်' ဆိုတဲ့ သက်မှုူးခင် တေးစီးရီးမိတ်ဆက်

အဆိုတော် သက်မှုူးခင်ရဲ့ တတိယမြောက် မြန်မာသံတစ်ကိုယ်တော်တေးစီးရီးဖြစ်တဲ့ "ရှင်မတောင်နဲ့ ထုလိုက်မယ်" စီးရီး စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၇ ရက်နေ့က ရန်ကုန်မြို့ရှိ စီးတီးဟောမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည် တေးစီးရီးမှာ ပါဝင်တဲ့ တေးသီချင်းများမှာ သျှန်ထွန်း(မြန်မာစာ)နဲ့ နန္ဒအောင်တို့ ရေးစပ်ပေးထားတဲ့ တေးသီချင်း ၁၀ ပုဒ် ပါဝင်တယ်လို့ ဆိုပါတယ်။ တေးစီးရီးကို အောက်တိုဘာလ ၂ ရက်နေ့က ရတနာမြိုင်တေးထုတ်လုပ်ရေးက တစ်ပြည်လုံးကို စတင်ဖြန့်ချိခဲ့တဲ့အကြောင်း သတင်းရရှိပါတယ်။

---

## မိုးရာသီ ဂီတဆုပေးပွဲ ကျင်းပရန်စီစဉ်

မိုးရာသီ ဂီတဆုပေးပွဲမှာ ပရိသတ်အကြိုက်ဆုံး သီချင်းနဲ့ အဆိုတော်ဆုအတွက် အွန်လိုင်းကနေ မဲပေးနိုင်ဖို့ ဝက်ဘ်ဆိုက်သစ် ဖွင့်လှစ်လိုက်တဲ့အကြောင်း သတင်းရရှိပါတယ်။

မြန်မာနိုင်ငံကနေ ပထမဆုံးအကြိမ်အဖြစ် ဂီတပညာရှင်များ၊ ဂီတလောကသားများရဲ့ အမှတ်ပေးရွေးချယ်မှု ပရိသတ်များရဲ့ မဲပေးမှုနဲ့ ဆုပေးပွဲပြုလုပ်မှာဖြစ်တဲ့ ဂီတဆုပေးပွဲကို ၁၈-၁၀-၂၀၁၄ နေ့ကျရင် အမျိုးသားကဇာတ်ရုံမှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ အဲသည်လို ပြုလုပ်တဲ့နေရာမှာ ဆုတစ်ဆုအဖြစ် ပါဝင်တဲ့ ပရိသတ်အကြိုက်ဆုံး သီချင်းဆုနဲ့ ပရိသတ်အကြိုက်ဆုံး အဆိုတော်ဆုတို့အတွက် www.myanmar music-award.com မှာ မဲပေးနိုင်မှာ ဖြစ်တယ်လို့ သိရှိရပါတယ်။

---

## မြန်မာ–ဂျာမဏီ အနုပညာရှင်များ၏ ဂီတနှင့် ကာတွန်းပဒေသာပွဲ

မြန်မာနိုင်ငံနဲ့ ဂျာမဏီနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး နှစ် ၆၀ ပြည့်မြောက်ခြင်း အထိမ်းအမှတ်အဖြစ် "ရှုထောင့်ပြောင်းမယ့် မြင်ကွင်းများ"လို့ အမည်ပေးထားတဲ့ ဂီတနဲ့ ကာတွန်းပဒေသာပွဲကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ကျင်းပသွားမယ်လို့ သိရပြီး လာရောက်ကြည့်ရှုလိုကြသူတွေအနေနဲ့ လက်မှတ်တွေကို သတ်မှတ်နေရာတွေမှာ အခမဲ့ထုတ်ယူနိုင်ပြီဆိုတဲ့အကြောင်း အွန်လိုင်းကတစ်ဆင့်လည်း တောင်းယူနိုင်တဲ့အကြောင်း သိရှိရပါတယ်။

အဆိုပါ ဖျော်ဖြေပွဲမှာ ဂျာမဏီနိုင်ငံမှ ကာတွန်းဆရာ Malte Jehmilch နဲ့ မြန်မာကာတွန်းဆရာ စိုးသော်တာတို့နှစ်ဦးက ဂရပ်ဖစ်သရုပ်ဖော်ပုံများအဖြစ် ကင်းဗတ်ပေါ်မှာ အပြိုင်အဆိုင် အချီအချ ကာတွန်းရေးဆွဲပြမယ့်အကြောင်း၊ အဲသည်လို ကာတွန်းရေးဆွဲနေမှုကို ပရိုဂျက်တာဖြင့် တိုက်ရိုက်တင်ဆက်သွားမယ့်အကြောင်း သိရှိရပါတယ်။

**အမ်ဂေ** (စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com

## ထွင့်ခေါင်၏ မာန်အောင်သားနှင့် ပေါရာဏကထာ စကားဝိုင်း

ရခိုင်တိုင်းရင်းသား စာရေးဆရာ ထွင့်ခေါင်၏ ရခိုင်တိုင်းရင်းသားတို့နှင့် ပတ်သက်၍ ဘာသာစကားဆိုင်ရာ ပေါရာဏစကားများကို လေ့လာသုတေသနပြုထားသော ဆောင်းပါးများအား စုစည်းထားခြင်းဖြစ်သည်။ ဆရာထွင့်ခေါင်သည် အောင်တံခွန်၊ ဝံသရက္ခိတ မဂ္ဂဇင်း၌ အခန်းဆက်ဆောင်းပါးများအဖြစ် ရေးသားခဲ့ခြင်းလည်း ဖြစ်သည်။

ဤစာအုပ်ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းက "အရှာအဖွေ အနှိက်အချွတ် ဆောင်းပါးပေါင်းချုပ်"ဟူ၍လည်းကောင်း၊ ဆရာမောင်ခင်မင်(ဓနုဖြူ)က "မြန်မာဘာသာစကား၏ နယ်ပယ်တစ်ခုကို တစ်ထောင့်တစ်နေရာက ခြေခြေမြစ်မြစ် လေ့လာဖော်ထုတ်ထားသော စာအုပ်တစ်အုပ်"ဟူ၍လည်းကောင်း၊ ဆရာမောင်ပေါ်ထွန်းက "မြန်မာစာ အဘိဓာန်စာအုပ်ကြီးအတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုပါလိမ့်မည်"ဟူ၍လည်းကောင်း ဝမ်းမြောက်ဝမ်းသာ အမှာစကားဆိုထားသည်။ ဤစာအုပ်အား Renaissance Publishing House မှ တန်ဖိုး ၂၀၀၀/-ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ရာ မြန်မာစာပေသုတေသနပြုသူများ၊ ဘာသာဗေဒ,သဒ္ဒဗေဒသမားများ မဖြစ်မနေ လက်စွဲပြုထားသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

## ရန်မိုးအောင်(အင်းစိန်)၏ စကြဝဠာအင်းစမ အဆောင်ယတြာများ

လူငယ်စာရေးဆရာ၊ ဗေဒင်ဆရာ ရန်မိုးအောင်(အင်းစိန်) လက်တွေ့အသုံးချစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ဤစာအုပ်တွင် စကြဝဠာအင်းစမ အဆောင်ယတြာများ၊ ငွေခေါ်ယတြာများ၊ ကျန်းမာရေးကောင်းစေရန် ယတြာများ၊ စကြဝဠာပဟောကိန်း၊ ထီပေါက်စေသောနည်း (သို့) ထီပေါက်သကဲ့သို့ ငွေဝင်စေသောယတြာ၊ တိရစ္ဆာန်အဆောင်များနှင့် အသုံးပြုပုံယတြာများ၊ အာမခံရစေသောယတြာ၊ မင်္ဂလာနေ့မြှတ်၊ ဆင်စီးမြင်းရံ၊ ဆက်စပ်နေတဲ့ ကံကြမ္မာဂဏန်း၊ ဖြစ်ချင်တာတွေ ဖြစ်ရအောင်၊ ဆုပေးဒဏ်ပေး၊ ရတနာဒီပံ မီးထွန်းအင်းတော်ကြီး၊ ဝီယယတြာ၊ ဓနက္ကကိန်းလက်ာ၊ ရန်သူမျိုးငါးပါးလွတ်စေသောအင်း၊ ပဌာန်ဇယမန္တန် (၁၄)ဂါထာပါဠိ၊ အသက်အပိုင်းအခြားယတြာများ စသည်တို့ ဖော်ပြထားသည်။

ဤစာအုပ်ကို လေ့လာဖတ်ရှုလျက် လက်တွေ့လုပ်ဆောင်ခြင်းဖြင့် အတိုက်အခိုက်ကင်းဝေးခြင်း၊ ထီပေါက်စေခြင်း၊ အမှုနိုင်စေခြင်း၊ ငွေကြေးအဆင်ပြေခြင်း စသော အကျိုးထူးများ ရရှိစေနိုင်မည်ဖြစ်ရာ လူတိုင်း၊ အိမ်တိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ မိတ်ဆွေစာပေမှ တန်ဖိုး ၇၀၀/-ကျပ်ဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ချိလိုက်ပေပြီ။

## ဒေဝေါ၏ တစ္ဆေများနှင့် တွေ့ဆုံခြင်း

သရဲတစ္ဆေ ပရလောကဆိုင်ရာ စာအုပ်ဈေးကွက်သို့ ဝင်ရောက်လာသော စာအုပ်တစ်အုပ် ဖြစ်သည်။

ဤစာအုပ်တွင် တစ္ဆေလန်ဘားနှင့် ကျွန်တော်၊ တစ္ဆေသူပုန်၊ ရေငံရိုးက တစ္ဆေထိပ်နီ၊ တစ္ဆေရိုက်လို့သေတဲ့သူ၊ တစ္ဆေမွေးသည့် ဒေါ်နန်းအိမ်၊ တစ္ဆေပြောသော တရားခံ၊ တစ္ဆေတောကြီး မဟာမြိုင်၊ သွေးစုပ်ဖုတ်ကောင် မောင်ညီ၊ သင်္ချိုင်းစောင့် မဖဲဝါနှင့် တွေ့ဆုံခြင်း၊ အပမှီဖုတ်ဝင်ခြင်း၊ သားကိုရှင်ပြုလိုသည့် တစ္ဆေ၊ တမလွန်ရွာသူ၊ ကျတ်ကုန်းသို့ အလည်ရောက်ခဲ့သူ၊ ဘုန်းကြီးတစ္ဆေ၊ ကြောက်အောင်ခြောက်တော့ ကြောက်တာပေါ့၊ ကျီစယ်တတ်တဲ့ တစ္ဆေ၊ တစ္ဆေရုပ်ဆိုးနှင့် ပုံကျတစ္ဆေ စသည်တို့ ပါဝင်သည်။

ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ရသကို ခံစားလိုသူများအတွက် ဤစာအုပ်ကို ယမုံစိုး၏ဒီဇိုင်း၊ ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဦး၏ အတွင်းသရုပ်ဖော်များဖြင့် အလှဆင်ထားပြီး ဘုန်းဇော်၏ စီစဉ်မှုဖြင့် အရှေ့ဘက်ကောင်းကင်စာပေတိုက်မှ တန်ဖိုး ၁၃၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## နွေလယ်နေ၏ အရိုးစု

၁၉၇၀ ဝန်းကျင်မတိုင်မီ ကာလများဆီက မြဝတီ၊ ရှုမဝ၊ မိုးဝေ၊ မဟေသီ၊ ပေဖူးလွှာ၊ စံပယ်ဖြူ၊ နွေဦး…စသည့် မဂ္ဂဇင်းစာမျက်နှာများထက်၌ အတွေးထက်ရှ အရေးလက်ပသော ကဗျာများစွာ ဖန်တီးခဲ့သော ကဗျာဆရာ နွေလယ်နေ၏ ကဗျာစုစည်းမှု ဖြစ်ပြီး အရိုးခံကဗျာများကို စုစည်းထုတ်ဝေခြင်း ဖြစ်သည့်အတွက် စာအုပ်အမည်အား "အရိုးစု"ဟူ၍ ရိုးရှင်းစွာ အမည်ပေးခဲ့သည်။

ဤစာအုပ်တွင် ကဗျာစုစုပေါင်း ၁၃၃ ပုဒ် ပါဝင်ပြီး တစ်ပုဒ်ချင်းစီမှာပင် ကဗျာဆရာ၏ လေးနက်ထိရှသော ဒဿနများကို တွေ့ရှိရမှာ ဖြစ်သည်။ နားလည်ခံစားရလွယ်ကူသော ပဋ္ဌလက်မဆန်သည့် ခေတ်ပေါ်ကဗျာနှစ်သက်သူတို့ အကြိုက်တွေ့မည့် အရိုးစုကဗျာစာအုပ်အား တန်ဖိုး ၂၀၀၀ိ/-ကျပ် သတ်မှတ်လျက် နှင်းဆီနီစာပေမှ ဖြန့်ချိလိုက်ပြီဖြစ်သည်။

## မောင်ခေတ်ထွန်း၏ နလုံးလှသည့်ငါးနှင့် နိုင်ငံစုံပုံပြင်များ

ကလေးစာပေများ အင်အားနည်းနေသည့်ကာလ ကလေးချစ်တတ်သော ဆရာမောင်ခေတ်ထွန်းက နိုင်ငံစုံမှ ပုံပြင်များကို ဘာသာပြန်ဆိုလျက် စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

အဆိုပါ ပုံပြင်များမှာ ကိုရီးယား၊ ကက်ချ်မီးယား၊ ချီလီ၊ ဂရိ၊ တရုတ်၊ တိဘက်၊ တူရကီ၊ ဒိန်းမတ်၊ နော်ဝေ၊ ပါရှား၊ ပြင်သစ်၊ ဗီယက်နမ်၊ မြန်မာ၊ မြောက်အမေရိက၊ ရုရှား၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်... အမေရိကန်၊ အာမေးနီးယန်း၊ အာရပ်၊ အီဂျစ်၊ အီတလီ၊ အီသီယိုပီးယား၊ အီရန်၊ အင်္ဂလိပ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ စသည့် နိုင်ငံစုံမှ ပုံပြင်များ ဖြစ်ကြသည်။ နိုင်ငံစုံမှပုံပြင်များ ဖြစ်သည်နှင့်အညီ ပုံပြင်နှစ်သက်သည့် ကလေးတို့ စွဲမက်ကြမှာကေန်ဖြစ်ပြီး ပုံပြင်စုစုပေါင်း ၂၇ ပုဒ်တိတိ ဖော်ပြထားရာ တဝကြီးဖတ်ရှုရမှာ ဖြစ်သည်။ ဤစာအုပ်အားတန်ဖိုး ၂၅၀၀ိ/-ကျပ် သတ်မှတ်လျက် စိတ်ကူးချိုချိုစာပေမှ ဖြန့်ချိလိုက်ခြင်း ဖြစ်သည်။

## မောင်ခြိမ့်၏ ရွှံ့ဝံကြွယ်လား လက်ဖဝါးထဲမှာနှင့် အခြားဝတ္ထုတိုများ

နိုင်ငံတော်အဆင့် စာပေဆုများစွာ ဆွတ်ခူးရရှိထားသော စာရေးဆရာမောင်ခြိမ့်၏ ဝတ္ထုတိုပေါင်းချုပ်ဖြစ်ပြီး ဤစာအုပ်မှာ ၂၀၁၂ ခုနှစ်၊ ပခုက္ကူစာပေဆု (ဝတ္ထုတိုပေါင်းချုပ်) ပထမဆုရ စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် နေဝင်ချိန်တိမ်တောက်တဲ့အခါ ခါးကလေးလှုပ်၍ လမ်းလျှောက်ခြင်း၊ မြစ်တို့၏အကြောင်း၊ ရွှေမိုးညို မြောက်ကိုတိမ်းပါပေ့၊ သစ္စာတိုင်၊ ဂင်္ဂါသည်လည်းကောင်း ယမုန်နာသည်လည်းကောင်း၊ ရွှေဖီဦးမှာ ခူးလှည့်ပါ၊ ဒီရေတောမှာ ရွာတဲ့မိုး၊ စိန်ခေါ်ရဲကြသူများ၊ လွင့်မျောမိုးတိမ်၊ ဟေမာန်ဦးမှာ ဖူးသည့်ပန်း၊ သုညနှစ်လုံးပူး ထဆင်တူး၊ ရွှံ့ဝံကြွယ်လား လက်ဖဝါးထဲမှာ၊ အိပ်မက်အသစ် ထုဆစ်ကြမယ် စသည့် ဝတ္ထုတိုပေါင်း ၁၄ ပုဒ်တိတိ ပါဝင်သည်။ ပန်းချီသန့်ဇော်သစ်၏ မျက်နှာဖုံးသရုပ်ဖော်ဖြင့် ပညာမော်ကွန်းစာပေမှ တန်ဖိုး ၁၅၀၀ိ/-ကျပ် သတ်မှတ်လျက် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ကသစ်နီ



www.burmeseclassic.com

www.burmeseclassic.com




### အဖြစ်က...ဒီလို

ယမင်း ဘီယာဆိုင်တွင် ဖြစ်၏။ ဆက်ရက်မင်း ...စိမ် ယစ်မူးနေသော လူနှစ်ယောက် စကားစမြည် ...ဆိုနေကြ၏။

"ဟော့...ဟိုနေ့က ဖဲသမားညွှန့်တင်တစ်ယောက် ...ကျော်ကြီးရဲ့ အသုဘမှာ ဖဲချတာ တစ်ဝိုင်းလုံးကငွေ ... သဲ့ယူသွားတယ်ဆို"

"ဟုတ်တယ်ကွ။ ဒါပေမဲ့ကွာ · · ·ဖဲသမားနဲ့ငွေ ...မနေဆိုသလို အဲသည်ငွေတွေနဲ့ ချဲတစ်ကွက်တည်းကို ...ဆိုပြီး အောထည့်လိုက်တာ ပြာဆင်းသွားပါရောလား"

"ဟေ· · ·ဟုတ်လား။ ဒီလူကြီး ဖဲမှာ ကံလိုက် ...ာက် ချဲမှာကျတော့ ကံမလိုက်ဘူးနဲ့တူတယ်"

"ကံမလိုက်တာ မဟုတ်ဘူး ငါ့ကောင်ရေ။ ဖဲက ...ရပေမဲ့ ချဲက ခိုးလို့မရဘူးကွ။ မသေမချင်းမှတ်ထား"

"ဟုတ်ပါ့ကွာ"

### ခိုင်လုံလုစွာ

ရဲစခန်းတစ်ခု၌ ဖြစ်၏။ စခန်းမှူးဖြစ်သူက ၎င်း၏ ရှေ့တွင် သတိဆွဲကာ ရပ်နေသော နယ်ထိန်းအား ပြော ဆိုနေ၏။

"ဟော့ကောင်· · ·အောင်ကြီး။ မင်းနယ်ကွာ· · · ရဲတပ်ဖွဲ့ဝင်တစ်ယောက် ဖြစ်ပြီးတော့ ကိုယ့်ရှေ့ကနေ ဆွဲကြိုးဖြတ်၊ ဆိုင်ကယ်နဲ့ မောင်းပြေးသွားတဲ့ ခါးပိုက်နှိုက်၊ အလစ်သုတ်၊ လုယက်သမားကို မိအောင်မဖမ်းနိုင်တာ ရှက်စရာကောင်းလိုက်လေကွာ။ ပြောစမ်း· · ·မင်းမရှက် ဘူးလား"

"ရှက်ပါတယ် ဗိုလ်ကြီး"

"ဟာ· · ·ရှက်တယ်ဆိုရင် အစကတည်းက မိအောင် ဖမ်းလိုက်ပါတော့လား။ လက်ထဲမှာလည်း သေနတ်ရှိနေတဲ့ ဥစ္စာ"

"အဲ · · ·အဲဒီသေနတ်ကြောင့်ပေါ့ ခင်ဗျာရယ်။



www.burmeseclassic.com

www.burmeseclassic.com

သေနတ်ကို ကိုင်ထားရတော့ လက်က မအားဘူးဖြစ်နေတယ်။ ဒါ့ကြောင့် မဖမ်းမိတာပါ ဗိုလ်ကြီးရယ်"

## တစ်ခုကလေးပါပဲ

ကုမ္ပဏီတစ်ခုက လစ်လပ်လျက်ရှိသော လုံခြုံရေးအစောင့်ရာထူးများအတွက် အလုပ်ခေါ်ရာ စိတ်ပါဝင်စားသူများ လာရောက်လျှောက်ထားကြလေ၏။ ဤသို့ လျှောက်ထားကြသူများအနက်မှ လူရွယ်တစ်ဦးကို လွန်စွာသဘောကျသွား၍ အလုပ်ခန့်ထားရေးအဖွဲ့မှ အဖွဲ့ဝင်လူကြီးတစ်ဦးက

"အလုပ်လာပြီးလျှောက်ကြသူတွေထဲမှာတော့ ဦးတို့အားလုံး မောင်ရင့်ကို သဘောကျကြတယ်။

သည်တော့ကွယ်...မောင်ရင့်ကို အလုပ်မှာ သုံးလတိတိ အစမ်းခန့်ထားမယ်။ အဲသည်အတွက် လစာအနေနဲ့ တစ်လကို ငါးသောင်းရမယ်။ အဲ...သုံးလပြည့်ပြီး လေးလမြောက်ကစလို့ အမြဲတမ်းခန့်တဲ့အခါကျတော့ လစာငွေက တစ်လကို ရှစ်သောင်းဖြစ်သွားပြီ။ ကိုင်း...မောင်ရင့်အနေနဲ့ ဘယ်လိုသဘောရသတုံး"

"ကောင်းပါတယ်...ဆရာ။ သဘောကျပါတယ်။ ကျွန်တော် တစ်ခုလေးပဲ တောင်းဆိုပါရစေ"

"ဘာများတုံး မောင်ရင်"

"ဘာများလဲဆိုတော့ လေးလမြောက်တဲ့ အမြဲတမ်းခန့်ကာလရောက်မှပဲ အလုပ်ဝင်ပါရစေခင်ဗျာ"

"ဟေ..."

## ကျေးဇူးတင်လှစွာ

အထူးကုဆေးခန်းတစ်ခန်း၌ထိုင်နေသော ဆရာဝန်ကြီးထံသို့ လူနာရှင်းချိန်ဝယ် လူရွယ်တစ်ယောက်သည် အဖိုးတန်ပစ္စည်းအချို့ကိုဆွဲလျက် ဝင်လာ၏။

"ဘာကိစ္စများပါလိမ့် မောင်ရင်"

"ဆရာကြီးကို လာပြီးကန်တော့တာပါခင်ဗျာ"

"အို...မဟုတ်တာကွယ်။ ဒါထက် မောင်ရင်က ဆရာကြီးကုပေးခဲ့တဲ့ လူနာလား"

"မဟုတ်ရပါဘူးခင်ဗျာ"

"အို...ဒါဆိုရင် ဆရာကြီးနဲ့ မပတ်သက်ဘူးပဲ။ ကဲ...မောင်ရင့်အထုပ်တွေ ပြန်ယူသွားပါကွယ်"

"မဟုတ်ဘာဘဲ ဆရာကြီးရယ်။ ကျွန်တော် ဆရာကြီးရဲ့ လူနာမဟုတ်ပေမဲ့ ဆရာကြီးဟာ ကျွန်တော့် ကျေးဇူးရှင်ဖြစ်နေလို့ လာကန်တော့တာပါ"

"ဘယ်လို...ဘယ်လို၊ ဆရာကြီး မရှင်းဘူးကွ"

"သည်လိုပါ ဆရာကြီး။ ပြီးခဲ့တဲ့လက ဆရာကြီးကု လိုက်တဲ့လူနာ ဆုံးသွားပါတယ်။ အဲသည် လူနာ ကျွန်တော့်ယောက္ခမပါ။ သူဆုံးသွားတဲ့အတွက် ကျွန် အမွေတွေရလိုက်လို့ ဆရာကြီးကို ကျေးဇူးတင်ဝမ်းမြော စွာနဲ့ လာကန်တော့တာပါခင်ဗျာ"

"ဟေ..."

## ဆရာမှာ မှာတဲ့အတိုင်း

သူငယ်ချင်းနှစ်ဦး လမ်းတွင်ဆုံမိကြသည်။

"ဟေ့ကောင် ဝင်းမောင်။ ဘယ်ကပြန်လာ မျက်နှာလည်း မကောင်းပါလား"

"အလုပ်က ပြန်လာတာပါကွာ။ သည်ကနေ့ ဘာ တယ် မပြောတတ်ဘူး။ ဘာလုပ်လုပ် ဘာကိုင်ကိုင် တစ တချော်ချော်နဲ့။ ဒါ့ကြောင့် ငါ့ဆရာက ဟောက်တော့တာ"

"သြော်...ဒါ့ကြောင့်ကိုး။ မင်းဆရာက ဘယ်လို ဟောက်လွှတ်လိုက်လို့လဲ၊ ပြောစမ်းပါဦး"

"ဘယ်လိုဟောက်လွှတ်သလဲဆို 'အလကားကော မင်းလူပြည်မှာနေဖို့ မကောင်းဘူး။ ငရဲပြည်တန်းသွာ ဟောက်လွှတ်တာကြောင့် ဆရာပြောတဲ့အတိုင်း ငရဲပြည် တန်းသွားမလို့ပါ"

"ဟာ...မဟုတ်သေးပါဘူး။ ဘယ်မှာလဲ ငရဲပြ"

"ငါ့မိန်းမ မြင့်မြင့်ရှိရှိနေတဲ့ ငါ့ရဲ့အိမ်ကိုပဲလေကွ"

"အယ်..."

## ဘာများ မှားနေလို့လဲ

နလုံးသွေးကြောကျဉ်းဝေဒနာဖြင့် တင်ဝင် ယောက် ဆေးရုံမှ ဆင်းလာပြီး ရပ်ကွက်ဆေးခန်း၌ ပြ၏။ ဆရာဝန်က -

"ခင်ဗျား အရက်သောက်တတ်လား"

www.burmeseclassic.com

"သောက်တတ်တာပေါ့ ဆရာရယ်။ ဒါပေမဲ့ ဆေးရုံ
င်းကတည်းက အရက်မသောက်ဘဲ ဖြတ်ထားတယ်"

"ဟာ…အဲသလို မလုပ်ရဘူးလေ။ အရက်ဆိုတာ
က်တတ်ရင်ဆေးပဲဥစ္စာ။ သွေးကြောလေကြောတွေ
ရလေအောင် တစ်နေ့ကို ထမင်းစားခါနီး အနည်း
နှစ်ပက်တော့ သောက်ပေးသင့်တယ်"

သို့ဖြင့် ဗိုးငနဲ တင်ဝင်းလည်း အားရဝမ်းသာဖြစ်
ဆုံဖြစ်သော ဗိုးငနဲအပေါင်းအသင်းများထံသွားလျက်
ဝန်၏ ခွင့်ပြုချက်အရဆိုကာ တစ်နေ့ နှစ်ပက်ကျ
ယ်လေတော့၏။

တစ်ပတ်ခန့်ကြာလေသော် တင်ဝင်း၏သောက်နှုန်း
နှစ်ပက်မဟုတ်တော့။ ခြောက်ပက် ဖြစ်လာ၏။

"ဟာ…ဟော့ကောင် တင်ဝင်း၊ မင်းကို ဆရာဝန်
ကြားထားတာက နှစ်ပက်ပဲသောက်ဖို့ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့် အခု ဘာလို့ ခြောက်ပက်တောင် သောက်
တာတဲ့လဲ"

"ငါသွားပြတဲ့ ဆရာဝန်က တစ်ယောက်တည်း
တ်ဘူး။ သုံးယောက်တောင်မှကွ။ သူတို့က နှစ်ပက်စီ
က်လို့ဆိုတော့ ဆရာဝန်တစ်ယောက် နှစ်ပက်နှုန်းမို့
ယောက်ဆိုတော့ ခြောက်ပက်ဖြစ်သွားရတာလေကွာ။
င်း…ငါဘာမှားလို့လဲ"

"သေလိုက်ပါတော့ကွာ"

## လွဲသွားပြီ

ဖဲသမားညွန့်တင်တစ်ယောက် ဖဲရှုံးရသည့်အထဲ
ဖြစ်သူ ခင်နှင်းကပါ မြည်တွန်တောက်တီးသဖြင့် နားပူ
စိတ်ညစ်ဒဏ်ကြောင့် အိမ်မှ ထွက်လာခဲ့၏။ မြို့ထဲ
ရောက်လေသော် စိတ်ပြေလက်ပျောက်အနေနှင့် ရုပ်ရှင်ရုံ
ရုံသို့ဝင်ကာ ရုပ်ရှင်ကြည့်လေ၏။

ရုပ်ရှင်က ဇာတ်လမ်းနှင့် စကားပြော အသားပေးဖြစ်
အသံကို နားစိုက်ထောင်၏။ သို့ရာတွင် အရေးကောင်း
ဒေါင်းဖျက်ဆိုသကဲ့သို့ ၎င်း၏အရှေ့ခုံမှ မိန်းမဖြစ်သူက
အလိုက်ကမ်းဆိုးမသိဘဲ ဖုန်းကို စိန်ပြေနပြေ အော်ကြီးဟစ်
ကျယ်ပြောဆိုနေ၏။ ဤတွင် ဖဲသမားညွန့်တင်လည်း စိတ်
မရှည်တော့သဖြင့် -

"ဒီမယ်…အမျိုးသမီး၊ တစ်ဆိတ်လောက်ဗျာ။
ကျွန်တော်အသံကို ကောင်းကောင်းမကြားရဘူး ဖြစ်နေတယ်။
အဲဒါ…"

စကားမဆုံးသေး။ တစ်ဖက်မိန်းမမှ အော်ကြီးဟစ်
ကျယ်ဖြင့်ပင် တုံ့ပြန်လိုက်လေ၏။

"ဘာရှင့်…ကျွန်မက ရှင်ကောင်းကောင်းကြားရ
အောင် ပြောစရာလား။ အခု ကျွန်မ ဖုန်းပြောနေတာ ဘယ်
သူမှတ်လို့လဲ။ ကျွန်မယောက်ျားရှင့်…ကျွန်မယောက်ျား"

"အယ်…"

## အမှတ်ရလို့ပါ

လက်ထပ်ပြီးခါစ စုံတွဲတစ်တွဲ ဆွေမျိုးပြသွားပြီး
သည်နောက် အိမ်သို့ပြန်ရောက်လာကြ၏။ အဝတ်အစားများ
လဲပြီးနောက် ညေ့ခန်းတွင် ထိုင်ကာ စကားစမြည် ပြောဆို
ကြလေ၏။

"ကိုကိုစိန်…ပိုးတီလေ၊ ခေတ်မီတစ်ထပ်တိုက်
ကလေးနဲ့ နေချင်တယ်"

"နေရမှာပေါ့ ပိုးတီရယ်…နေရမှာပေါ့"

"နောက်ပြီး နောက်ဆုံးပေါ် ဈေးအကြီးဆုံးကားလည်း
စီးချင်တယ်"

"စီးရမှာပေါ့ ပိုးတီရယ်၊ စီးရမှာပေါ့"

"ပြီးတော့လေ…ကိုကိုစိန်တို့၊ ပိုးတီတို့က ရလာ
မယ့် သားသား၊ မီးမီးတွေကျရင် စင်္ကာပူမှာ ကျောင်းသွား
ထားချင်တယ်"

"ထားရမှာပေါ့ ပိုးတီရယ်၊ ထားရမှာပေါ့"

ထိုသို့ဆိုပြီးနောက် လင်ယောက်ျားလည်း တွေတွေ
ငေးငေးကလေး ဖြစ်သွား၏။ ဘာစကားမျှ မပြော။ ဤတွင်
ဇနီးသည်လည်း အားမလိုအားမရ ဖြစ်ကာ -

"ကိုကိုစိန်…ဘာဖြစ်နေတာလဲ။ ဘာတွေစဉ်းစားနေ
တာလဲ"

"ဩော်…ဘာရယ်မဟုတ်ပါဘူး။ ကိုယ့်ဖေဖေ မသေ



www.burmeseclassic.com

www.burmeseclassic.com

ခင် ပြောသွားတဲ့စကားကလေးကို အမှတ်ရလို့ပါ"

"နေပါဦး၊ ကိုကိုစိန့်ဖေဖေက ဘာတွေပြောလို့လဲ"

"ငါ့သားတဲ့···အိမ်ထောင်မပြုဘဲနေရင် ကောင်းမယ်တဲ့။ ***ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်ပြုလိုက်ပြီဆိုတာနဲ့*** နောင်တတွေ တစ်လှေကြီးရမယ်လို့ ပြောခဲ့သကွ"

"ဘာ···ရှင်နော်···ရှင်··ရှင်"

## ဘယ်သူရူးပါလိမ့်

စိန်မြင့်မားတစ်ယောက် လမ်းဘေးအုတ်ခုံတွင် ထိုင်ရင်း ပုဆိုးအောက်နားစဖြင့် ပါးပြင်ထက် စီးကျလာသော မျက်ရည်စတွေကို သုတ်နေ၏။ တစ်ရံတစ်ခါ ပါးစပ်မှလည်း "အရီး··ဟီး··ဟီး"ဟု မြင်းအီးပေါက်သကဲ့သို့ မြည်တမ်းဟစ်ကြွေးလျက်ရှိ၏။ ဤတွင် ဖြတ်သွားဖြတ်လာထဲမှ မုဆိုးဖိုတစ်ဦးဖြစ်သော ဦးကြည်ဝင်းဆိုသူက သွားရောက်စပ်စုလိုက်ချေ၏။

"ငါ့ညီ···မြင့်မား၊ ဘာဖြစ်လို့များ ရှိုက်ကြီးတငင်ငိုကြွေးနေရတာလဲကွာ"

"အရီး··ဟီး··ဟီး၊ ဘာဖြစ်ရမလဲ အစ်ကိုကြီးရယ်။ ကျွန်တော့်ကို တစ်လမ်းလုံးက အရူးလို့ပြောနေကြလို့။ တကယ်တော့ ကျွန်တော်က ရူးမှမရူးဘဲဟာ"

"အေးလေ···မရူးရင် ပြီးတာပဲ။ ဘာဖြစ်လို့များ အရာမဟုတ်တာကို အရာလုပ်ပြီး ခေါင်းထဲထည့်ရတာလဲကွာ။ တိတ်···တိတ်။ ဘာမှတွေးပြီး နာမနေနဲ့"

"နာရတာပေါ့ အစ်ကိုကြီးရယ်၊ နာရတာပေါ့။ တကယ်တမ်း ရူးနေတဲ့သူကျတော့ လူကောင်းလို့ ထင်နေကြတယ်"

"ဟေ···ဟုတ်လား။ ဘယ်သူများပါလိမ့်ကွာ"

"ဘယ်သူဖြစ်ရမှာလဲ၊ အစ်ကိုကြီးလေ··အစ်ကိုကြီးပေါ့။ မိန်းမသေပြီးကတည်းက မယားတရူး ရူးနေတာ ခုထိပဲ မဟုတ်"

"ဟာ···ခွေးမသားလေး။ မင်းမိုက်ရိုင်းလှချည်လား။ တောက်···"

သည်သို့ ရိုက်မောင်းပုတ်မောင်း လုပ်မည်ပြုစဉ် စိန်မြင့်မားတစ်ယောက် နေရာမှ သုတ်ခနဲထ၍ တစ်နေရာဋ္ဌကွေးနေအောင် ကနေလေသတတ်။



## ထို့ကြောင့် မိန်းမဟု ခေါ်သည်

ဆေးရုံမှ လက်လျှော့လိုက်ပြီဖြစ်သည့်အတွက် လှမမာအား အိမ်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ရ၏။ အခြေအနေမကောင်းတော့သည့် ခင်ပွန်းသည်ကား ဇနီးချောငယ်ငယ်ကလေးက အတိုးချပြုစုကာ စိတ်ဓာတ်မကျစေရန် အားပေးလျက်ရှိ၏။

"ကိုယ့်ဝေဒနာကို ကိုယ်သိပါတယ် အချစ်ကလေးရယ်။ ကိုယ် ကြာကြာမနေရတော့ပါဘူး။ သည့်အတွက် ဝမ်းမနည်းပါနဲ့တော့။ ကိုယ်သေသွားတဲ့အခါ အချစ်ကလေးရင်နှီးစားသောက်ဖို့ ကိုယ် ဘဏ်မှာ သိန်း ၂၀ စုထားခဲ့ပါတယ်။ အဲဒါ ထုတ်ယူလိုက်ကွယ့်နော်"

"ဩော်···အစ်ကိုကြီးရယ်။ ငွေက အကြောင်းမဟုတ်ပါဘူး။ လှမသေ ငွေမရှား···တဲ့။ အစ်ကိုကြီးပြန်ပြီးတော့ ကျန်းမာလာဖို့သာ အရေးကြီးပါတယ်"

သည်စကားကြားရတော့ ခင်ပွန်းသည် အဘိုးကြီးခမျာ မယားအလိမ္မာကလေးကို ရရှိလိုက်ခြင်းအတွက် ကြည်နူးဂုဏ်ယူရင်း "ငါလိုလူ ဤဇမ္ဗူမှာ ရှိပါသေးလား" ဟူ၍ အတွေးဝင်ကာ ပီတိဖြစ်နေမိလေ၏။

သို့သော် မကြာလိုက်။

အလိမ္မာ မယားချောကလေး၏ နောက်ဆက်တွဲစကားကြောင့် မျက်လုံးပြူး၍ သွားလေတော့၏။


"ဒါနဲ့ နေပါဦး အစ်ကိုကြီးရဲ့။ အသက်အာမခံကြေးကရော ဘယ်လောက်တောင် ထုတ်လို့ရမှာလဲဟင်"

*မြို့မေတ္တာခံယူမယ့်*

**ကိုရွှေတောသား**

www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေကိုက်ခံရခြင်း

■ ခိုင်မိုးဇော်

ဘတ်(စ)ကားပေါ် ရောက်ရောက်ချင်းပဲ လူအတိုးခံရသက်သာပြီး လေလေထွက်ကောင်းတဲ့ နေရာတစ်ခုမှာ ကိုယ်ရပ်နေလိုက်တယ်။ ကိုယ့်မျက်လုံးတွေက "ခါးပိုက်နှိုက်သတိပြု" ဆိုတဲ့ စာတန်းကို မော့ဖတ်မိတယ်။

နောက်တော့ ကိုယ်ရပ်နေတဲ့နေရာတည့်တည့်မှာ ကောင်မလေးတစ်ယောက်ရှိနေတယ်ဆိုတာ (သူမရဲ့ ဝနာမငြိမ်တဲ့လှုပ်ရှားမှုတွေကြောင့်) သတိပြုမိသွားတယ်။

သူမက ကိုယ်ရှိတဲ့နောက်ကို မကြာခဏလှည့်လှည့်ကြည့်ပြီး ပခုံးမှာ လွယ်ထားတဲ့ ပိုက်ဆံအိတ်ကို အရှေ့ဘက် ပြန်ပြန်ဆွဲယူနေတယ်။

သူမပုံစံက ကိုယ့်ကို မယုံသင်္ကာဖြစ်နေတဲ့ အမူအရာပါ။

ကိုယ့်စိတ်ထဲ ဖျဉ်းခနဲဖြစ်သွားတယ်။ ဒါပေမယ့် ကိုယ် သူမနဲ့ ခပ်ဝေးဝေးကိုရွှေ့သွားလိုက်ပါတယ်။ တစ်ခုခုဖြစ်ရင် စက်ကွင်းမလွတ်နိုင်ဘူးဆိုတာ တွက်မိလို့ပါ။

× × ×

(၂)

အဲဒီလွတ်သွားတဲ့ နေရာကို ခပ်ချောချောကောင်လေးတစ်ယောက် အစားဝင်လာတယ်။

လှည့်မကြည့်ပေမယ့် မျက်ဝန်းထောင့်စွန်းကတစ်ဆင့် မြင်နေရလို့ သိတာပါ။ ကောင်လေးက နားကြပ်ကက်ဆက်ကလေးနဲ့ ဘာကိုမှ ဂရုမစိုက်တဲ့ ခပ်လန်းလန်း၊ ခပ်မိုက်မိုက် ခေတ်လူငယ်တစ်ယောက်ဖြစ်ပြီး သားသားနားနားပဲ ဖြစ်ပါတယ်။ ပီကေလည်း တပြက်ပြက်ဝါးလို့။

ကိုယ် သူမရဲ့ သက်ပြင်းချသံ ငွေ့ငွေ့ကို ကြားလိုက်မိသလိုပဲ။

အဲဒီအချိန်မှာ . . .

ကားက ရုတ်တရက် လွန့်သွားလို့ ကောင်လေးပခုံးက သူမရဲ့နောက်ကျောကို တိုက်မိသွားပါတယ်။

"ဆောရီးနော်"

တောင်းပန်သံနဲ့အတူ ကောင်လေးရဲ့လျှပ်ပြက်သလို လက်လှုပ်ရှားမှုကို ကိုယ်တွေ့လိုက်တယ်။

"ရပါတယ်"

ဆိုတဲ့ သူမအသံကလည်း ကတုန်ကယင်။

အင်း . . . သူမရဲ့ တစ်လလုံး လုပ်ထားရတဲ့ လုပ်အားခလေးတော့ ကုန်ပြီလို့ ကိုယ်တွေးလိုက်မိပါတယ်။

ကိုယ် သူမကို သနားချင်ပေမယ့် ပြုမူခဲ့တဲ့ သူမရဲ့မယုံသင်္ကာမျက်ဝန်းတွေ၊ ဟန်ပန်တွေကြောင့် (မညာတမ်းဝန်ခံရလျှင်) သနားလို့မရဘူး ဖြစ်သွားတယ်။

"ဝေဘူလပါလား ဝေဘူလ"

"ပါတယ် . . ပါတယ်"

အမြင်ကတ်ပုဒ်မနဲ့ အရာအားလုံးကို ဥပေက္ခာပြုပြီး ကိုယ်ကားပေါ်ကဆင်းလာခဲ့ပါတယ်။

ကိုယ့်ရဲ့တုန့်ပြန်မှုကို မှားတယ်လို့ ယူဆရင်လည်း ကိုယ်ခေါင်းငုံ့ခံဖို့ အသင့်ပါပဲ။

တစ်ခါတလေ . . .

နားလည်မှုလွဲတဲ့ အဖြစ်အပျက်ဆိုတာ အခံရခက်တတ်ပါတယ်။

ခိုင်မိုးဇော်

www.burmeseclassic.com

www.burmeseclassic.com

■ ဝင်းမြအောင်(မြိတ်)

# တောက်ခေါက်သံ၏ ဘာသာပြန်

ကျော်နိုင်ဦးသည် ရပ်ကွက်ထဲရှိ ပညာပန်းခင်း စာကြည့်တိုက်တွင် စာဖတ်စာရင်းဝင်တစ်ယောက် ဖြစ်သည်။

"ဟေ့ ..ကျော်စွာ၊ မင်းဖတ်ချင်တယ်ဆိုတဲ့ 'ကြပ်ပြေးနန်းတွင်းအရှပ်တော်ပုံ ၁-၂-၃-၄-'နဲ့ ကျော်သူရဲ့ 'ကွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်' အော် ဝင်းတင့်ထွန်း၏ 'အမှောင်ကြားက မြန်မာပြည်' စာအုပ်တွေ တော်တော်စုံတယ်ကွ။ စာကြည့်တိုက်မှာ ရောက်နေတယ်"

"ဟုတ်လား ...ဒီလိုဆိုရင် စာကြည့်တိုက်ကို သွားရအောင်ဗျာ"

ကျော်စွာက ပြန်ပြောရင်း ပညာပန်းခင်း စာကြည့်တိုက်ရှိရာသို့ ကျော်နိုင်ဦးနှင့် ကျော်စွာ နှစ်ယောက်အတူ သွားကြသည်။ ထိုအခိုက် ...

"ဟေ့ ..ဘယ်ခွေးမှ လူမထင်ဘူးကွနော်။ လာခဲ့ ...ထွက်ခဲ့"

ပန်းမွှေးဆိုသူ၏ အသံဖြစ်သည်။ မူးလာဟန်ရှိ၏။ ထိုစဉ် အံ့ဘွားဆိုသူနှင့် တွေ့ကြသည်။ ထိုအခါ ..အံ့ဘွားက -

"ဟေ့ကောင် ပန်းမွှေး၊ မင်းတော်တော်မူးနေပြီလား။ လာ ..ပြန်လိုက်ခဲ့ ငါဒကာခံမယ်"

"အိုကေ"

စောစောတုန်းကတော့ တော်တော်မူးနေပုံဖြစ်သည်။ အခုတော့လည်း သူမဟုတ်လေဟန် ဒကာခံမည့်သူ ပေါ်တာနှင့် အရက်ဆိုင်ရှိရာဘက်သို့ ခပ်သွက်သွက် ထွက်ခွာသွားကြသည်။

× × × × ×

၂၀၀၂ ခုနှစ်က ဖြစ်၏။ မြိတ်-ပုဂံ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ကျောင်းထိုင်ဆရာတော်ကို လျှောက်ထားပြီး "ဓမ္မဥယျာဉ် စာကြည့်ဆောင်"တစ်ဆောင် ဆောက်လုပ်ကာ ပိဋကတ် မြန်မာပြန် စာအုပ်များ၊ မဟာဗုဒ္ဓဝင်စာအုပ်များ လှူဒါန်းဖို့ ဦးနေအောင်က စီစဉ်သည်။ ထိုအခါ ကျောင်းဂေါပကလူကြီး ဦးရွှေလင်းက ၎င်းတို့ ဂေါပကအဖွဲ့ကို အသိမပေးရကောင်းလားဆိုပြီး ရဃကလူကြီးထံ သွားတိုင်သည်။ အဲဒါကို ဘုန်းကြီးက သိသောအခါ ...

"ပုဂံကျောင်းတွင် ဂေါပကလူကြီး ဦးရွှေလင်း မသိဘဲ မည်သည့်အလှူမှ လာမလှူရန် အများသိစေ အပ်ပါသည်"(ကျောင်းဘုန်းကြီး)ဟု ဘလက်ဘုတ်တွင်ရေး၍ ထောင်ထားပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဦးအောင်သိန်းနှင့် ဦးလှငွေဆိုသူတို့ကလည်း ဦးရွှေလင်းဘက်က ထောက်ခံ၍ ဦးနေအောင်က မှားသည်ဟု အရက်ဝိုင်းတွင် ဝေဖန်ပြောဆိုနေကြသည်။

× × × × ×

ပညာပန်းခင်း စာကြည့်တိုက်တွင် ၂၀၁၄ ခုနှစ်၊ မေလ ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကို မောင်ကျော်နိုင်ဦးက သဲသဲမဲမဲ ဖတ်နေသည်။ ဆီးရီးယားကို နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) အိုင်စီစီသို့ တင်ရန်ပြင်သစ်နိုင်ငံ၏ အဆိုပြုချက်အပေါ် ဆွစ်ဇာလန် ဦးဆောင်သော နိုင်ငံပေါင်း ၆၀ နီးပါးက ထောက်ခံလိုက်သည့် ကိစ္စကို တရုတ်နှင့် ရုရှားတို့က ဗီတိုအာဏာဖြင့်ပယ်ချလိုက်ကြောင်း သတင်းကို ဖတ်ပြီးသည်နှင့် ...

"တောက် ..."

မောင်ကျော်နိုင်ဦးထံမှ ထွက်ပေါ်လာသော အသံ။

"ဘာလဲဗျ ..ကိုကျော်နိုင်ဦး သတင်းစာဖတ်ပြီး တောက်ခေါက်လောက်အောင် ဘာမကျေနပ်တာ တွေ့ရလို့လဲ"


"လူညစ် လူညစ်ချင်း၊ ကောင်း လူကောင်းချင်း ပေါင်းသင်းတဲ့သဘော (Novice monks isolate with other novices, cattle with cattle.) သမဏောန သမဏော ဂေါမဏောန ဂေါဏော"ကို သတိရလို့ပါကွ" ...တဲ့။

ဝင်းမြအောင်(မြိတ်)



www.burmeseclassic.com

www.burmeseclassic.com



# ဆုံးဖြတ်ချက်

■ ထွန်းအောင်ရင်

ကျွန်တော် လက်ရှိဝန်ထမ်းဘဝကထွက်ပြီး စာရေးဆရာပဲ လုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ကျွန်တော့်မိသားစု၏ ဘဝရှေ့ရေးကို ဘယ်လို တင့်တင့်တယ်တယ် ထားနိုင်မည်၊ အားကျလောက်အောင် မနေ့ညက ကျွန်တော့်ဇနီးကို ပြောပြတော့ . . .

"ဒီမယ် . . ကိုအဝ့၊ ကျွန်မ အရှင်းရှင်းပဲပြောမယ်။ ပုံမှန်ရနေတဲ့ ရှင့်လစာလေးကိုတောင် တစ်လနဲ့ တစ်လ အလျဉ်မမီတဲ့ကြားက ပုံမှန်ဝင်ငွေ မရသေးတဲ့ စာရေးဆရာအလုပ်ကိုပဲ လုပ်တော့မယ်ဆိုရင်တော့ အလုပ်နှစ်ခုထဲက တစ်ခုကို သာရွေးတော့"

မြို့ထဲကို ကားစီးလာသော ကျွန်တော့်နားထဲမှာ ကျွန်တော့်ဇနီး၏ ရာဇသံက ကားစက်သံထက် ပို၍ပင် ကျယ်လောင်နေသည်။ ကျွန်တော် တစ်ခုခုကို ရွေးချယ်ဆုံးဖြတ်ရပေတော့မည်။ (လက်ရှိ ကျွန်တော့်အလုပ်နှင့် စာရေးဆရာအလုပ်) (ကျွန်တော့်ဇနီးနှင့် စာရေးဆရာအလုပ်) ကျွန်တော် အပြေးအလွှားနှင့် အတွေးများနေရပါပြီ။

"ဟဲ့ . . ရတီ၊ နင် အခု ရည်းစားနှစ်ယောက်တောင် ထားထားတယ်ဆို။ နင့်ဟာက မဟုတ်သေးပါဘူး ရတီရယ်"

"ဟုတ်လို့ လုပ်တာပေါ့ သဇင်ရဲ့။ နင်သိအောင် ငါရှင်းပြမယ်ဟာ။ ငါတို့စိတ်ကူးယဉ်တဲ့ ကောင်လေးချောချောလေးကို ငါ့နှလုံးသားရဲ့ တောင်းဆိုမှုကြောင့် ထားထားတယ်။ တစ်ဘဝလုံး အားကိုးပြုနိုင်မယ့် လူတစ်ယောက်ကိုတော့ ငါ့ဦးနှောက်ရဲ့ ရွေးချယ်မှုနဲ့ ထားတယ်။ တစ်ဦးတည်းနဲ့ နှစ်မျိုးလုံး ပြည့်စုံဖို့ဆိုတာက မလွယ်ဘူးလေဟာ။ ရှိတော့ရှိတယ် ရှားတယ်ပေါ့"

× × ×

မဂ္ဂဇင်းတိုက်မှအပြန်။ ကျွန်တော့်စာမူခ ၃၀၀၀ ကျပ် ရလာသည်။ ဒီငွေလောက်နှင့် ကျွန်တော့်မယားသည်ကို ပြန်ချော့၍ရမည်မဟုတ်မှန်း ကျွန်တော်သိပါသည်။

ထိုစဉ် ကျွန်တော့်ရှေ့ခုံမှ အမျိုးသမီးကြီးနှစ်ယောက်၏ စကားသံ ပေါ်လာသည်။

"ပြော . . . မမတင့်ကို တွေ့ချင်ရတဲ့ အကြောင်းက"

"တခြားကိစ္စ မဟုတ်ပါဘူး။ မမတင့်မြေးလေးကို ကျူရှင်နှစ်ခုတောင် ထားထားတယ်ဆို"


"ထားရတာပေါ့ ညီမရယ်။ သူ့အတန်းပိုင် ဆရာမဆီမှာထားတဲ့ ကျူရှင်က မထားရင်မရလို့။ ထားတဲ့ကလေးမှ စာမေးပွဲအောင်မယ်ဆိုလို့ ထားတယ်။ နောက် အပြင်ဆရာကြီးတစ်ယောက်ဆီမှာကျတော့ ပညာရေးအခြေခံကောင်းဖို့ ထားရတယ်။ ဒီလိုမှမဟုတ်ရင် ကလေးက ခုနစ်တန်းရောက်နေပြီ။ ပညာအခြေခံကမရှိတော့ လေးတန်းသချာ်တောင် မတွက်တတ်တဲ့ကလေးတွေ အများကြီးရှိရဲ့"

မှန်လိုက်လေခြင်း။ ကျွန်တော်လိုချင်သော အဖြေတစ်ခုကို ဒီနေ့ကားပေါ်မှာ ကျွန်တော်ရလိုက်ပါပြီ။ အားလုံးအဆင်ပြေစေဖို့၊ မိသားစုအတွက် ရုပ်ခံစားမှုကို ဖြည့်ဆည်းဖို့အတွက် ပုံမှန်ဝင်ငွေအလုပ်ကို ဆက်လုပ်ပြီး ကျွန်တော်၏ စိတ်ခံစားမှုကိုဖြည့်ဆည်းဖို့ ကျွန်တော် ဝါသနာပါတဲ့ စာရေးခြင်းကို တွဲ၍ လုပ်ရပေတော့မည်။

ထွန်းအောင်ရင်

www.burmeseclassic.com

www.burmeseclassic.com



# အရောင်စုံလိုင်း

■ ပိုက်မင်းဝေ

တစ်နေ့ မတွေ့ဆုံခဲ့တာ ကြာပြီဖြစ်သော ကျွန်တော့်မိတ်ဆွေ ကဗျာဆရာတစ်ဦးနှင့် ရန်ကုန်မြို့လယ် လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် မထင်မှတ်ဘဲ ပြန်တွေ့ဆုံဖြစ်ကြသည်။ ကျွန်တော်ကပင်စတင်၍ . . .

"ဟာ. . . . ဆရာနွေ၊ မတွေ့တာ ကြာပြီနော်။ ခု ဘာလုပ်နေတုံး"

"အေးပါကွာ ထိုင်ပါဦး။ အေးဆေးပေါ့"

သူက ကျွန်တော့ထက် အသက်အရွယ်ကြီးသည်။ သို့ပေမယ့် နှစ်ယောက်စလုံးက စာပေဝါသနာတူတွေမို့ အလွန်ပင် ခင်မင်ရင်းနှီးကြသည်။ ကျွန်တော့်ကိုလည်း မိတ်ဆွေလို၊ ညီတစ်ယောက်လို ခင်မင်သည်။ ကျွန်တော်က . . .

"ဆရာနွေ . . . ခင်ဗျားကဗျာတွေ မတွေ့တာကြာပြီဗျာ။ ကိုယ့်ကလောင် မပျောက်စေနဲ့"

"ကလောင်ကို မကိုင်နိုင်သေးပါဘူးကွာ"

"ဘာဖြစ်လို့"

"စားဝတ်နေရေးအတွက် 'စတီယာရင်'ကိုပဲ နိုင်အောင်ကိုင်နေရတယ်"

"ဘယ်လို . . . ဘယ်လို"

"သည်လို မောင်ရင်ရဲ့။ ငါ အခု တက္ကစီမောင်းနေတယ်ကွ"

"ဩော် . . . သည်လိုကိုး"

"ငါလည်း ခု ကဗျာမရေးတော့ဘဲ မင်းလို ဝတ္ထုတိုလေးတွေရေးတော့မယ်။ တက္ကစီမောင်းတာ ကဗျာမဆန်ဘူးကွ။ ဝတ္ထုတိုလိုင်းဘက် ပြောင်းရေးရတော့မယ်။ တက္ကစီမောင်းရင်း ကြမ်းလေးတွေရထားတယ်"


"ဘယ်လိုတွေတုံး"

"သည်လိုလေကွာ . . ။ ငါ ကဗျာလိုင်းကနေ ဝတ္ထုလိုင်းကို ပြေ မယ်။ အဲ . . . နောက်တော့ တ လည်းမမောင်းတော့ဘူး။ ကုန်ဖ ကြီးလည်းရ၊ ဝမ်းလည်းဝတဲ့ ဘ ကားလိုင်းဘက် ပြောင်းမောင်း မယ်ကွာ။ စတီယာရင် အရ အောင်ကိုင်ပြီးမှပဲ ကလောင်ကို တော့မယ်" . . . တဲ့။

"အင်း . . . ကောင်းပါ

ပိုက်မင

www.burmeseclassic.com



# စိတ်

■ မကျေးဥ

ခုတလော သတင်းစာမှာကြည့်ကြည့်၊ ဂျာနယ်မှာကြည့်ကြည့် ဒုစရိုက်မှုတွေက နေရာတကာမှာ အပြည့်။

လူတွေရဲ့ စိတ်တွေဆိုတာ ရိုင်းချင်တိုင်း ရိုင်းနေလိုက်ကြတာ။ လမ်းမတော်က ဆယ့်ငါးနှစ်ရွယ် ဆယ်တန်းကျောင်းသူလေးကို သတ်ပြီး မီးရှို့မှု၊ လှည်းတန်းက ချစ်သူကို ဓာတ်ဆီလောင်း မီးရှို့သတ်မှု၊ အဲယားကွန်းလာဆင်ရင်း စကေဘာနဲ့ ထိုးသတ်မှု။

အသတ်ခံရမှုတွေကို ကြည့်လိုက်ရင် အသတ်ခံရသူတွေဆိုတာ နုနယ်တဲ့ မိန်းမသား၊ သတ်သူက ယောကျ်ားသားတွေ။ မညှာမတာ ရက်စက်စွာ သတ်ကြ၊ ဖြတ်ကြ၊ ခေတ်ကြီးကိုက ခရမ်းလွန်ရောင်ခြည်တွေ ပြင်းထန်ဆိုး ဝါးလာသလို အပူရောင်တညီးညီးနဲ့ ဒေါသမီး၊ လောဘမီးတွေ တဟုန်းဟုန်း



www.burmeseclassic.com

www.burmeseclassic.com

တောက်နေလိုက်ကြတာ။ စိတ်မကောင်းစရာပါ။ မှုခင်းဂျာနယ်ကြည့်ဦးမလား။ အရွယ်မရောက်သေးတဲ့ ကလေးငယ်လေးတွေကို ခြိမ်းခြောက် ယုတ်မာလိုက်ကြတာ။ ဖြားယောင်းလို့မရရင် ခြိမ်းခြောက်စော်ကားကြတာတွေ နေ့စဉ်နဲ့အမျှ။ သမီးမွေးထားရင် ဘယ်သူနဲ့မှ စိတ်မချရ။ နောက်ဆုံး အရက်မူးလာတဲ့ အဖေက သမီးကို ဓားထောက်ခြိမ်းခြောက် စော်ကားလိုက်တဲ့ သတင်းကတော့ အဆိုးဝါးဆုံးပါပဲ။ ဘုရားရှင် လက်ထက်ကတည်းက ကလေး၊ အရူး၊ အမျိုးသမီးနဲ့ တိရစ္ဆာန် ထိုလေးဦးကို စိတ်မဆိုးရ။ သည်းခံရမည်ဟူသော နီတိကလည်း ပျောက်ချက်သားကောင်းသွားပြီ ထင်ပါရဲ့။

ကျွန်မ မူလတန်းပြ ဆရာမအဖြစ် တာဝန်ကျခဲ့တဲ့ ရွာလေးမှာ အဒေါ်လုပ်သူက တူမဖြစ်သူရဲ့ နားဆွဲကို လိုချင်လို့ ကလေးခေါင်းကို သစ်ပင်နဲ့ကိုင်ဆောင့်ပြီး သတိလစ်နေတဲ့တူမရဲ့ နားဆွဲကိုဖြုတ်၊ ကလေးကို ရေတွင်းထဲပစ်ချခဲ့တဲ့ဖြစ်ရပ်။ နားဆွဲဖြုတ်နေတဲ့အချိန် လူသံတွေကြားတော့ ကမန်းကတန်း ဖြုတ်ရတာ တစ်ဖက်က လွယ်လင့်တကူဖြုတ်လို့ရပြီး ကျန်တဲ့တစ်ဖက်က မရတော့ ဆွဲဖြုတ်လိုက်တာ နားရွက်အဖျားလေးပါ ပြတ်ထွက်သွားရတယ်။ ပစ်ချလိုက်တဲ့ ရေတွင်းကတိမ်ပြီး ကံကောင်းလို့ ကလေးအသက်မသေခဲ့ပေမယ့် နားရွက်တစ်ဖက်ကတော့ ပြတ်ထွက်သွားရတဲ့ ဖြစ်ရပ်မျိုးတွေ။ မနက်ဖက် ပဲပြုတ်ထပြုတ်တဲ့ ပဲပြုတ်သည် အဒေါ်ကြီးကို ဖဲဝိုင်းက ဖဲရှုံးပြီးပြန်လာတဲ့ လူကဆေးလိပ်မီးဝင်ညှိရင်း ပဲပြုတ်သည်ရဲ့ နားကပ်ကိုမြင်တော့ နားကပ်လိုချင်တာနဲ့ ပဲပြုတ်အိုးကို မီးထိုးထားတဲ့ ထင်းစနဲ့ ရိုက်သတ်ခဲ့တဲ့ အဖြစ်တွေ။ တန်ဆာဆိုတာ လောဘကိုစိန်ခေါ်တတ်တာမို့ မရှိတာကကောင်းပါတယ်။ ဘေးကင်းတာပေါ့။ ကိုယ်က တစ်ယောက်တည်းနေရတာ။ သားကြီးက တစ်နေကုန် အလုပ်သွားရတာ။ အပြင်က သံတံခါးသော့ပိတ်၊ အထဲက သစ်သားတံခါး လော့ချ။ မမြင်ဖူးရင်၊ မသိရင် တံခါးမဖွင့်နဲ့လို့ သားက တဖွဖွ ပြောထားတာ။ သားရှိတဲ့အချိန် ရုံးပိတ်ရက်ကျမှ ရေသန့်ဝယ်ရတာ။

ဒီနေ့တော့ ရုံးပိတ်ရက် မဟုတ်ပေမယ့် ရေကနည်းနေပြီ။ အပိုဆောင်ထားတဲ့ နှစ်ပုံးလည်း ကုန်သလောက်ရှိနေပြီ။ ညနေ ရေသန့်လာရင် ယူထားလိုက်မှ။ နွေရာသီရေပြတ်ရင် ဒုက္ခ။ ညနေ ၆ နာရီလောက်မှာ အရှေ့ဘက်အခန်းကို ရေသန့်လာပို့သံကြားလို့ ကျွန်မလည်း ထွက်မှာမိတယ်။ ပို့နေကျ ရေကားပါပဲ။ လာပို့တဲ့ ကလေးကတော့ ပို့နေကျ လူငယ်လေး မဟုတ်ဘူး။ လူသစ်ကလေး။ ဆယ့်လေးငါးနှစ်သားလောက်တော့ ရှိမယ်ထင်ရဲ့။ မသိပေမယ့် မှာပြီးနေပြီ။ မီးဖိုခန်းသွား၊ ဓားနဲ့ ချွန်ထက်တဲ့ပစ္စည်းတေ[...] သိမ်း၊ သူ့လည်း အကဲခတ်နေ[...] တယ်။ ကိုယ်တစ်ယောက်တည်း[...] လားဆိုတဲ့ အားငယ်စိတ်ကလည်[...] သံသယကို အားဖြည့်နေရဲ့။

ဘုရား . . ဘုရား . . [...] တရားပေါ့လေ။ ရေပုံးအလဲအလှ[...] လုပ်နေတာကို ခပ်လှမ်းလှမ်းကစော[...] ကြည့်၊ သူကလည်း ဟိုကြည့် သည်[...] ကြည့်။ ရိုက်စရာ၊ နှက်စရာ၊ ထို[...] စရာ၊ ခုတ်စရာ လွယ်လင့်တကူ မ[...] ပေမယ့် ယောကျ်ားအားနဲ့ မိန်း[...] အား မယှဉ်သာဘူးလေ။ ရေပုံးလွတ်[...] နဲ့ရိုက်တောင် မခုခံနိုင်ပါဘူး။ ရေ[...] လှယ်ပြီး ရေပုံးအလွတ်ကိုင် ဝ[...] လာမှ ပိုက်ဆံပေး။ သူကလည်း ပိုက်[...] ဆံယူပြီး ကမူးရှူးထိုးနဲ့ ဘုရားခန်း[...] ဘက် ထွက်သွားတယ်။

ဘုရား . . ဘုရား . . . ထွက်[...] ပေါက်တံခါးဘက် မသွားဘဲ ဘုရား[...] ခန်း ဘက်ကိုသွားတော့ ဘာသွား[...] လုပ်မလို့လဲ။ မနေသာတော့ပါဘူး[...] အရဲစွန့် မေးရတော့တယ်။

"မင်း . . . မင်း ဘာရှာတာ[...] လဲ။ ဘာလုပ်မလို့လဲ"လို့။ ကျွန်မ[...] အမေးစကားကို ကြားတော့မှ သူပြန်[...] ဖြေတဲ့ အဖြေစကားကြောင့် ကျွန်မ[...] စိတ်သက်သာရာရသွားလို့ အသက်[...] ရှူချောင်ပြီး ရယ်ချင်သွားတယ်[...] ကျွန်မအမေးကို သူပြန်ပြောတဲ့ စကားက "အပေါက်" . . . တဲ့။

မကျေး[...]



www.burmeseclassic.com

www.burmeseclassic.com



# ဆင်ခြေဖုံးသီအိုရီ

■ ဟန်သာသူ

ဆင်ခြေဖုံးရပ်ကွက်ဟု ပြော ...လိုလောက်အောင် အိမ်တွေက ...အိမ်နှင့်တစ်အိမ် ခြံစည်းရိုးတစ် ...သာသာသာ ကွာသည်။ တစ် ...က စကားကျယ်ကျယ်ပြောသံ၊ ...အိမ်က ကက်ဆက်ဖွင့်သံ၊ တီဗွီ ... ဗီစီဒီသံများကို ဘေးအိမ်က ...တိုင်းသား ကြားနေရသည်များ လည်း ရှိ၏။ ဒါက နေ့ခင်းနေ့လယ် ဘက်မို့ ဘာမျှပြဿနာမရှိ။ သည် ရပ်ကွက်ထဲမှာ နေထိုင်ကြသူအား လုံး နားယဉ်၊ သတိယဉ်နေကြသူများ လည်း ဖြစ်တယ်။

ဒါပေမယ့် မကြာခင်ရက်များ အတွင်းက ဦးမြအေးအိမ်ဘေး (ခြေ ရင်းဘက်)ကို ပြောင်းရွှေ့လာကြသည့် မုန့်ဟင်းခါးသည်မိသားစု၏ နံနက် ခင်း အချက်အပြုတ်လုပ်ရန် နှိုးဆော် သြဘာပေးသည့် နာရီနှိုးစက်သံက တော့ ဦးမြအေး အိမ်စက်အနားယူမှု ကို နံနက်တိုင်း ဒုက္ခဖြစ်နေစေလေ၏။

သည်ရပ်ကွက်ထဲမှာ ဦးမြအေး နေသည်မှာ နှစ်ပေါင်း လက်နှစ်ဆယ် ချိုးကျော်ပြီဖြစ်သည်။ အရင်အရင်



www.burmeseclassic.com

www.burmeseclassic.com

က အိမ်တွေ သည်လိုကပ်ညပ်မနေတာလည်း အမှန်ပဲဖြစ်သည်။ နောက်ပိုင်း မိသားစုတွေများလာ၊ အဆင်မပြေမှုတွေ ရှိလာသည့်အခါမှာတော့ ရှိရင်းစွဲ ခြံကျယ်ကြီးများကို ပိုင်း၍ နေရာချထားပေးခြင်း၊ ရောင်းချခြင်းများကြောင့် ခုလို တစ်အိမ်နှင့်တစ်အိမ် ဘေးချင်းကပ်ဖြစ်လာသည်ဟု ဦးမြအေးသိသည်။ သူတောင် အလုပ်မှ အမြင့်ကပြုတ်ကျပြီး လက်ကျိုးခဲ့တာကြောင့် ဆေးဖိုးဝါးခဆိုပြီး ပေနှစ်ဆယ်အိမ်ကလေးကို ဆယ်ပေပိုင်း ရောင်းဖူးသည် မဟုတ်ပါလား။

ဦးမြအေးအလုပ်က လက်သမားအလုပ် ဖြစ်သည်။ ဒီတော့ တစ်နေကုန် အလုပ်ထဲမှာပင်ပန်းပြီး မနက်မိုးစင်စင်လင်းမှ အိပ်ရာကထချင်သူလည်း ဖြစ်သည်။ ခြေရင်းအိမ်က နံနက် ၄ နာရီနှိုးစက်သံက သူ့ကို ဒုက္ခပေးနေလေ၏။ စီးပွားရေးကိစ္စမို့ ဦးမြအေး ထွေထွေထူးထူး မပြောနိုင်ပေမယ့် ကြာလာတော့လည်း အဲဒီနှိုးစက်သံကို ကြားရသည့်အခါ အလိုလိုအိပ်ရာမှနိုးပြီး ဒေါသထွက်လာတတ်သည်။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်ဆိုတော့ ဦးမြအေး ပိုခံစားရသည်။

ဦးမြအေးအိမ်ကလေးက နှစ်ထပ်အိမ်ကလေး။ သူနှင့် သူ့ဇနီးသည် အပါအဝင် သားသမီးသုံးယောက် ရှိသည်။ ဦးမြအေးဇနီးမောင်နှံက အိမ်အောက်ထပ်မှာအိပ်ပြီး သားသမီးသုံးယောက်က အိမ်အပေါ်ထပ်မှာ အိပ်ကြသည်။ သားသမီးအားလုံးက လူပျိုလူလွတ်တွေဆိုတော့ (သားနှစ်ယောက်က) ညဘက် သူတို့အိပ်ချင်သည့်အခါ ဝင်အိပ်ပြီး အပြင်ထွက်ချင်သည့်အခါ ထွက်တတ်ကြသည်။ လူငယ်သဘာဝမို့ ဦးမြအေး ခွင့်လွှတ်ထား၏။ အလွန်အကျွံ အချိန်နောက်မကျရင်ပြီးရော ဆိုတာမျိုးပါသည်။

ထိုသို့ဖြင့် ခုတလော ဦးမြအေး ခံစားနေရသည့် တစ်ဖက်အိမ်မှ နှိုးစက်သံကို မိသားစုအတွင်း ရင်ဖွင့်ဖြစ်တော့ ဇနီးသည်က "ရှင် သတိထားနေလို့ပါ။ ကျွန်မဖြင့် သိတောင်မသိဘူး"ဟု ပြောသလို၊ သားနှစ်ယောက်ကတော့ "အပေါ်ထပ်မှာ သားတို့အိပ်နေလို့လား မသိဘူး။ သတိမထားမိဘူး"ဟု ပြောပြီး သမီး၄ ၊စ်ယောက်ကတော့ "ဘယ်အချိန်ကလဲ"ဟု ဘာမှမသိသလို ဦးမြအေးကို မေးလေ၏။

သည်တော့ . . . ဦးမြအေးတစ်ယောက် သူ့ဒေါသကို မရုပ်သိမ်းချင်ဘဲ ရုပ်သိမ်းလိုက်ရတော့သည်။ သည်လိုနှင့် ညတစ်ညမှာတော့ အလုပ်ကပင်ပန်းလာတာကတစ်ကြောင်း၊ ထိုနာရီနှိုးစက်သံကို မကြားစေရအောင် တစ်ကြောင်းကြောင့် ဦးမြအေး ဆေးသောက်အိပ်ဖြစ်သည်။

ဒါပေမယ့် ထိုညမှာတော့ မြည်နေကျနှိုးစက်သံက အရင်ကထက်ပိုကျယ်သလို ဦးမြအေးနားထဲမှာကြားရတာကြောင့် အိပ်ရာက ဆတ်ခနဲထပြီး ပုဆိုးကိုတိုတိုဝတ်ကာ အိမ်ရှေ့ပြေးထွက်သွားသည်။ ဇနီးသည်ကလည်း ဦးမြအေး အိပ်ရာက ဒီလိုမထ ဖူးတာသိထားတာကြောင့် စိုးရိမ်စိတ် ဖြင့် လိုက်ထပြီး ဦးမြအေးအရိပ် အခြည်ကိုကြည့်သည်။ ဦးမြအေးက တစ်ဖက်အိမ်ကိုသွားဖို့ တံခါးဖွင့်နေ စဉ်မှာတော့ ဇနီးသည်က -

"ရှင် ဘာလုပ်ဖို့လဲ။ နှိုးစက်သံ က ဟိုဘက်အိမ်ကမြည်တာ မဟုတ် ဘူးနော်။ ရှင့်သားတွေ လမ်းထိပ်က ဗီဒီယိုရုံမှာ စလောင်းကပြတဲ့ ဘောလုံး ပွဲကြည့်ဖို့ မနိုးမှာစိုးလို့ ပေးထားတဲ့ နာရီနှိုးစက်သံ သိရဲ့လား။ ဒီည ၂း၃ဝ နာရီ ဘောလုံးပွဲက သိပ်ကောင်းတာ လို့ ပြောနေတဲ့အသံ ကျွန်မ မအိပ်ခင် က ကြားရတယ်"

ဟုပြောမှ ဦးမြအေး သူ့နဖူး သူထုပြီး အခန်းထဲ ပြန်ဝင်သွားတော့ သည်။

တစ်ဖက်အိမ်က လူတွေလည်း နာရီနှိုးစက်သံကြောင့် အချိန်မတန် နိုးနှင့်နေပြီ ဖြစ်သွား၏။

---

ဟန်သာ



www.burmeseclassic.com

www.burmeseclassic.com

# စွဲချက်တင်ရန် မလုံလောက်သဖြင့် တရားရုံးမှ တရားရှင်လွှတ်

**လူကို ထိုးကြိတ်ပြီး ဆိုင်ကယ်ကို လုယက်သွားခဲ့သည်ဆိုကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄ အရ ဖမ်းဆီးတရားစွဲဆိုထားခြင်းခံရသော မြို့သန့်ထက်နှင့် မျိုးသူတို့အပေါ် စွဲချက်တင်ရန် လုံလောက်သော အထောက်အထားများ ပေါ်ပေါက်မှု မတွေ့ရှိရသဖြင့် မူလရုံးက ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ခြင်းကို ပယ်ဖျက်ပြီး ၎င်းတို့နှစ်ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ-၂၅၃(၂)အရ အမှုမှ စွဲချက်မတင်မီ လွှတ်လိုက်သည်ဟု ရန်ကုန် တောင်ပိုင်းခရိုင်၊ ခရိုင်တရားသူကြီးက ဇူလိုင် ၃၀ ရက်နေ့ အမိန့်ချမှတ်လိုက်သည်။**

အမှုဖြစ်စဉ်မှာ (၁၈-၆-၂၀၁၃)ရက်နေ့ ည ၁၀ နာရီခန့်တွင် . သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးဖိုးသိန်းလမ်းနေ ဦးသိန်းဗိုလ်ဦး၏ ဆိုင်ကယ်ကို အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် လူနှစ်ဦးက ငှားရမ်းသဖြင့် ငပကျေးရွာဘက်သို့ လိုက်ပို့ရန် CNG ဆိုင်အနီးအရောက်တွင် ဆိုင်ကယ်နောက်ပါလာသူ၏ ဖိနပ်ကျွတ်ကျန်သည်ဟုပြော၍ ဆိုင်ကယ်အား ရပ်ပေးသည်။ ထိုစဉ် လူနှစ်ဦးမှ ဦးသိန်းဗိုလ်ဦးအား လည်ပင်းညှစ်ပြီး ပုဆိုးနှင့်အုပ်၍ ထိုးကြိတ်သဖြင့် မေ့မြောဟန်ဆောင်သည့်အခါ လမ်းဘေးသို့ ဆွဲချပြီး ဆိုင်ကယ်ကို လုယူသွား၍ လူမြင်လျှင် မှတ်မိသူ နှစ်ဦးအား အရေးယူပေးရန် တိုင်တန်းသဖြင့် ပုဒ်မ-၃၉၄ အရ သက်ဆိုင်ရာက တရားစွဲဆို တင်ပို့မှုဖြစ်သည်။ ထိုအမှုကို သန်လျင်မြို့နယ်တရားရုံးက ပြစ်မှုကြီး အမှတ် ၁၅၉၀/၁၃ ဖြင့် လက်ခံစစ်ဆေးခဲ့ပါသည်။

www.burmeseclassic.com

ယင်းအမှုတွင် တရားလိုနှင့် တရားလိုပြသက်သေ ၂၄ ဦးအနက် ၉ ဦး စစ်ဆေးပြီးနောက်တွင် တရားခံများ၏ ရှေ့နေက တရားခံများအား စွဲချက်မတင်မီ လွှတ်ပေးရန် လျှောက်ထားခဲ့သော်လည်း မအောင်မြင်သဖြင့် ရန်ကုန် တောင်ပိုင်းခရိုင် တရားရုံးသို့ ပြင်ဆင်မှုများ မူလရုံးသို့ လျှောက်ထားတင်သွင်းခဲ့ခြင်းဖြစ်သည်။

ခရိုင်တရားရုံး၏ အမိန့်တွင် "ယခုအမှု၌ တစ်ဦး တည်းသော မျက်မြင်သက်သေဖြစ်သူ တရားလို၏ ထွက်ဆို ချက်အရ စွပ်စွဲခံရသူ နှစ်ဦးသည် ပြစ်မှုကျူးလွန်သူများဖြစ် ကြောင်း ထင်ရှားပေါ်ပေါက်ခြင်း မရှိသည့်အခြေအနေတွင် ပတ်ဝန်းကျင်အထောက်အထား ခိုင်လုံခြင်း ရှိ/မရှိ ပြင်ဆင် မှုရုံးက ဆန်းစစ်သုံးသပ်ရန်ဖြစ်သည်။ ပတ်ဝန်းကျင် သက်သေအထောက်အထားသည် တရားခံအပြစ်ရှိ ကြောင်း တစ်ထစ်ချ ကောက်ယူရမည့် ကွင်းဆက်မပြတ် သော အထောက်အထားဖြစ်ရန်လိုသည်။ အမှုတွင် စစ်ဆေးပြီး တရားလိုပြ သက်သေထွက်ဆိုချက်များအရ အချင်းဖြစ်ညက တရားလို၏ ဆိုင်ကယ်ကို လုယူပြီး တရား လိုအား ရန်ပြုခဲ့သူနှစ်ဦး ဖြစ်သည်ဟု ညွှန်ပြသည့် ပတ်ဝန်းကျင် သက်သေအထောက်အထားများ ထင်ရှား ပေါ်ပေါက်ခြင်း မရှိကြောင်းတွေ့ရသည်။

စွဲချက်တင်ခြင်းသည် အပြစ်ပေးခြင်းမဟုတ်ဟု ဆိုစေကာမူ စွဲချက်တင်နိုင်သော အချက်အလက်များ ပြည့်စုံမှသာလျှင် စွဲချက်တင်သင့်သည်။ ဦးငြိမ်းလှိုင်နှင့် နိုင်ငံတော်အမှု(၂)လည်း စွဲချက်တင် စစ်ဆေးခြင်းမှာ တရားခံအပေါ်တွင် အပြစ်ပေးခြင်း မဟုတ်ဟု ဆိုသော် လည်း စွဲချက်တင်ရန် အချက်အလက်များ ပြည့်စုံမှသာလျှင် စွဲချက်တင်ရန် လိုအပ်ပေလိမ့်မည်။ အလေးပေး၍ စဉ်းစားသင့်သည်မှာ တရားခံအပေါ် စွဲချက်တင်ခဲ့လျှင် ယင်းစွဲချက်နှင့် ပတ်သက်၍ တရားခံသည် ဖြေရှင်းခြင်း မပြုနိုင်ပါက သံသယ ကင်းရှင်းစွာ အပြစ်ပေးနိုင်ရန် အကြောင်းမရှိပင်ဖြစ်သည်" ဟု ထုံးဖွဲ့ထားသည်။

ဦးသန်းအောင်၊ ဦးစိုးအောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မောင်သောင်းစိန်)အမှု (၃)တွင် ရာဇဝတ်ကျင့် ထုံးပုဒ်မ-၂၅၃(၂)အရ ရာဇဝတ်တရားသူကြီးသည် တရား လိုပြသက်သေအားလုံးကို စစ်ဆေးခြင်းမပြုရသေးစေကာမူ တရားခံအပေါ် ပြုလုပ်ထားသည့် စွပ်စွဲချက်မှာ အခြေ အမြစ် မရှိဟု ယူဆလျှင် အကျိုးအကြောင်း ဖော်ပြပြီး တရားခံအား တရားရှင် လွှတ်နိုင်ပေသည်။

သို့ဖြစ်ရာ အမှုတွင် စစ်ဆေးပြီး အဓိက တရား လိုပြ သက်သေထွက်ဆိုချက်များအရ စွပ်စွဲခံရသူနှစ်ဦး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၉၄ ဖြင့် စွဲချက်တင် လုံလောက်သော အထောက်အထားများ ပေါ်ပေါက် မတွေ့ရှိရသဖြင့် မူလရုံးက ကျန်တရားလိုပြသက်သေများ ကို ဆက်လက်စစ်ဆေးသွားမည်ဟု အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မျှတမှု ရှိသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ မူလရုံး ၏ အမိန့်ကို ပယ်ဖျက်ပြီး လျှောက်ထားသူ ဖြိုးသန့်ထက် မျိုးသူတို့ နှစ်ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂)အရ အမှုမှ စွဲချက်မတင်မီ ပြန်လွှတ်လိုက်သည် ဖော်ပြထားသည်။

ပြစ်မှု မဂ္ဂဇင်း

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကိုယ်ကိုသတ်သေမှုနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မှုခင်းသတင်းထုတ်ပြန်ချက်

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဂျီနီဗာမြို့ စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်သော အစီရင်ခံစာအရ သတင်းထုတ်ပြန်ချက် အောက်တွင်ဖော်ပြထားသည့်အတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ယင်းကမ္ဘာ့အစီရင်ခံစာတွင် -


"ကမ္ဘာပေါ်တွင် စက္ကန့် ၄၀ လျှင် လူသားတစ်ဦးက မိမိကိုယ်ကိုမိမိ သတ်သေလျက်ရှိသဖြင့် စစ်ဘေးစစ်ဒဏ်ကြောင့်နှင့် သဘာဝကပ်ဘေးဒဏ်ကြောင့် သေဆုံးခြင်းထက် ပိုမိုများပြားနေသည်ဖြစ်ရာ ယင်းသို့ ကိုယ့်ကိုယ်ကို သတ်သေမှု၊ စူးဆိုက်လုပ်မှု (Suicidal Case) သည် သက်ကြီးရွယ်အိုများတွင် အများဆုံးဖြစ်ပွားကြောင်း" ဟူ၍ (WHO) (ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့)၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စိတ်ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး မစ္စတာရှိခါဆာငီးနာက အစီရင်ခံစာကို ရေးသားတင်ပြထားပေသည်။

တစ်ဖန် တောင်ကိုရီးယားနိုင်ငံတွင်လည်း အချစ်ကိစ္စ၊ အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်ပြီး အဆင်မပြေမှုဖြစ်




တောင်ကိုရီးယားနိုင်ငံ ဟန်မြစ်ပေါ်မှ မာပိုတံတားတွင် ကိုယ့်ကိုယ်ကိုသေကြောင်းကြံခြင်းအား တားဆီးရန် အရေးပေါ် ဖုန်းလိုင်းတပ်ဆင်ထားသည်ကို တွေ့ရစဉ်

www.burmeseclassic.com



ကာ မကြာခဏ ကိုယ့်ကိုယ်ကိုသတ်သေမှု ဖြစ်ပွားလေ့ရှိကြောင်း သတင်းရရှိ သိရှိရပါသည်။ အနီတို့သည် အများအားဖြင့် မြစ်ကမ်းထဲသို့ ခုန်ချသတ်သေခဲ့ကြလေသည်။ ယင်းကြောင့် ယခု ပူးတွဲဖော်ပြပါရှိသည့် ရုပ်ပုံအတိုင်း တောင်ကိုရီးယားနိုင်ငံ၊ ဟန်မြစ်ပေါ်မှ မာပိုတံတားတွင် ကိုယ့်ကိုယ်ကိုသေကြောင်းကြံစည်ခြင်းများအား ကာကွယ်တားဆီးရန်အလို့ငှာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့မှ အရေးပေါ်ဖုန်းလိုင်းတပ်ဆင်ထားလေသည်။ အချိန်အခါမရွေး အကြောင်းကြားတိုင်ကြားနိုင်ပြီး အချိန်မီ ကယ်တင်နိုင်ပေသည်။ အလွန်ကောင်းမွန် သင့်မြတ်သော စီစဉ်မှုတစ်ရပ်ပင်ဖြစ်လေသည်။

ယခု ယင်းကိုယ့်ကိုယ်ကိုသေကြောင်းကြံစည်မှုနှင့် ပတ်သက်ပြီး လက်တွေ့သာဓကဖြစ်ရပ်မှန်တစ်ခုကို အလျဉ်းသင့်၍ မြန်မာဘာသာပြန်ဆိုပြီး ပူးတွဲဖော်ပြရေးသားတင်ပြလိုပါသည်။ မကြာသေးမီက ဩဂုတ်လအတွင်း၌ ဆားဘီးယား(Serbia)နိုင်ငံ၊ Belgrade မြို့တွင် ကြံ့ကြံ့ဖန်ဖန် အမည်မသိ ပန်းချီပန်းပုအနုပညာရှင်တစ်ဦးက ဇာတ်ဆောင်မင်းသား ရောဗင်ဝီလီယံ(Mr Robin Williams) ၏ ရုပ်ပုံကို မိမိကိုယ်ကိုမိမိသတ်သေရာကျလောက်အောင် စိတ်ကျညှိုးငယ်သည့် ပုံသဏ္ဌာန်အဖြစ်ဖြင့် လူအများမြင်နိုင်သော အုတ်နံရံပေါ်တွင် ဆီဆေးပန်းချီရေးဆွဲခဲ့ရာ ယင်းသို့ ရေးဆွဲခဲ့ပြီးသည့်နောက် နောက်တစ်နေ့၌ အဆိုပါ ဇာတ်သရုပ်ဆောင်မင်းသား မစ္စတာရောဗင်ဝီလီယံသည် ၎င်းနေထိုင်ရာ ကယ်လီဖိုးနီးယားနေအိမ်တွင်ပင် ကြိုးဆွဲချသတ်သေအဆုံးစီရင်ခဲ့သည်ဆိုသည်။

စိတ်ရောဂါကုသမှုဆရာဝန်က ထို
သရုပ်ဆောင်မင်းသားမှာ စိတ်
ခံစားနေရသည်မှာ အချိန်အတော်
ခဲ့ပြီဖြစ်သည်ဟု သတင်းစာရှင်းလ
တွင် ထုတ်ဖော်ပြောကြားခဲ့၏။ "De
ing with Suicidal depression"
သတင်းစာတွင် ဖော်ပြထားသည်
ဖတ်ရှုလေ့လာသိရှိရပါသည်။

မှတ်ချက် ။ ယခုပူးတွဲပါ ရုပ်
လေ့လာကြည့်နိုင်ပါသည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသို**


***Ref:-***


(i) The Straits Times (Singapore) Aug 18, 20

(ii) ကြေးမုံနေ့စဉ်သတင်းစာ စက်တင်ဘာလ ၈ ရက်၊ ၂၀

www.burmeseclassic.com

# ပြိုတိုက်တစ်နိုင်ငံလုံး တုန်လှုပ်သွားသော ၁၆ နှစ်ကြာ မုဒိမ်းမှုများ

မြသိန်း



လူစီ

ကျောင်းသူ လူစီ။ သူငယ်ချင်း ောက်ျားဖော်များနှင့် ဆော့ကစားရင်း ူငယ်ချင်းများကျွေးသည့် မုန့်များကို းလေ့ရှိသည်။

ရက်အတန်ကြာလာသောအခါ ူစီထက် အသက်ပိုကြီးသူများ ရောက် ာပြီး လူစီတို့နှင့် မိတ်ဖွဲ့သည်။ ထိုသူ ားသည် လူစီနှင့် သူမ၏ သူငယ်ချင်း ား ခွဲခွာသွားသောအခါ လူစီကို သိ ာန်ခေါ်သွားပြီး အစားအစာများ ကျွေး ည်။ အရည်များ တိုက်သည်။ ၎င်း အရည်များတွင် အရက်များလည်းပါ၏။ ူစီသည် သာယာသွားသည်။ သူမ ာက် အသက်နှစ်ဆကြီးသူတစ်ယောက် ကို သူမ သံယောဇဉ်တွယ်သွားသည်။

ထိုသူသည် လူစီကို အယုံသွင်း ပြီး လူစီ၏အပျိုရည်ကို ဖျက်ဆီးလိုက် သည်။ လူစီကလည်း သာယာ၏။ ပထမ တွင် တစ်ပတ်တစ်ခါ၊ ထို့နောက် နေ့စဉ် ရက်စက်။ လူမနေသော အိမ်ခန်းလွတ်၊ ကားဂိုဒေါင် စသည်တို့မှာ သူတို့ ချိန်း တွေ့ရာနေရာ။

သူမ သံယောဇဉ်တွယ်သူ၏ နောက်တွင် သူ၏အပေါင်းအသင်းများ ရှိရာ လူစီသည် ထိုသူတို့၏လက်တွင်း သို့ သက်ဆင်းသွားရလေတော့၏။

"နင်ဘယ်မှာနေတယ်ဆိုတာ ငါ တို့သိတယ်။ နင့်အမေကိုလည်း ငါတို့ သိတယ်။ ရဲကိုဝိုင်ရင် နင်တို့ကို ငါတို့ သတ်ပ်မယ်။ အိမ်ကို မီးရှို့ပစ်မယ်"ဟု ခြိမ်းခြောက်ရာ လူစီသည် ကြောက်ရွံ့ ပြီး ကြိတ်မှိတ်နေရလေတော့၏။

လူစီသည် နှစ်နှစ်ကြာကြာ ထိုသို့ နှုတ်ပိတ်နေပြီးမှ နောက်ဆုံးတွင် မိခင် ကို ဖွင့်ပြောလိုက်၏။

မိခင်သည် ရဲကိုတိုင်၏။ ရဲများ ရောက်လာပြီး လူစီကို မေးမြန်းကြ သည်။ လူစီသည် သူမကို အုပ်စုဖွဲ့၍ မုဒိမ်းကျင့်နေသူများကို မမှတ်မိပါဟု သာ ထွက်ဆိုသောကြောင့် ရဲတို့သည် အမှုကို ပိတ်လိုက်ရသည်။

သို့သော်လည်း လူစီနည်းတူပင် လူဦးရေ နှစ်သိန်းခွဲကျော်ကျော်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



လူစီ၏ မိခင်


"မသိနားမလည်တဲ့ ကလေးမလေးတွေ၊ ကြောက်တတ်တဲ့ ကလေးမလေးတွေဟာ ဒင်းတို့ရဲ့သားကောင်ဘဝကို ရောက်ရရှာတယ်"ဟု လူစီ၏မိခင်က ပြော၏။

**မြသိန်း**

*(အင်တာနေရှင်နယ် နယူးယောက်တိုင်းမ်စ်၊ ၃-၉-၂၀၁၄)*

www.burmeseclassic.com

www.burmeseclassic.com



# ဝိုင်းဝန်းတား

# လူကုန်

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး
အနားကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၃
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ သ
ကျင်းပပြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ် လူကုန်ကူးမှု
ရေးအခမ်းအနား၏ ဆောင်ပုဒ်မှာ "လူသားအချင်းချင်း
လို့ လူကုန်ကူးမှုတိုက်ဖျက်စို့" ဟူ၍ဖြစ်ကာ
မြော်က ကျင်းပခဲ့ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖွယ်ကောင်းလှပါသည်။

မိမိတို့မြန်မာနိုင်ငံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပထမ ငါးနှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိလည်းကောင်း။ ဒုတိယ ငါးနှစ်စီမံကိန်းကို ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိလည်းကောင်း ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ။ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးဟူသည့် ကဏ္ဍငါးရပ်အောက်တွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

ဤတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းမီဒီယာအပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များနှင့် ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် အနုပညာရှင်များအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သံတမန်များအဖြစ် ဆောင်ရွက်လျက်ရှိသည်ကို လူထုဆက်သွယ်ရေးမီဒီယာများမှတစ်ဆင့် မြင်သိနေရပေသည်။

၂၀၁၄ ခုနှစ်ကတည်းက အစပြုခဲ့သည့် မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများ၏ ဝန်ကြီးအဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း (The Coordinated Mekong Ministerial Initiative against Trafficking COMMIT) အရ မဲခေါင်ဒေသအတွင်း ခြောက်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခဲ့သည်။ သို့ဖြစ်၍ ဒေသခွဲအတွင်း လုပ်ငန်းစီမံချက် (Sub Regional Plan of Action - SPA) SPA-4 ၂၀၁၄-၂၀၁၈ ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၏။ ထို့ကြောင့် အာဆီယံနိုင်ငံများနှင့်လည်းကောင်း။ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်လည်းကောင်း လူကုန်ကူးမှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြ၏။ အာရှ-ပစိဖိတ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ဖြစ်သည့် ဘာလီလုပ်ငန်းစဉ်တွင်လည်းကောင်း ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်နိုင်ငံတို့နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

၂၀၁၄ ခုနှစ် လူကုန်ကူးမှု အမှုအခင်းများအရ အမှုပေါင်း ၇၂ မှု ဖြစ်ပွားခဲ့ပြီး တရားခံစုစုပေါင်း ၂၀၁ ဦးကို အရေးယူဆောင်ရွက်ခဲ့ပြီး လူကုန်ကူးခံရသူများအနက် ကျား ၂၈ ဦးနှင့် မ ၇၇ ဦးတို့ကို ကယ်တင်နိုင်ခဲ့သည်ဟု သိရှိရသည်။ ယခုနှစ် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၁၄ ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာတွင် မြန်မာနိုင်ငံကို TIER-2 Watch List အဖြစ် ထားရှိသည်။ မြန်မာနိုင်ငံကို ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ TIER-3 အဆင့်တွင် သတ်မှတ်ခဲ့ပြီး စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် ၂၀၁၁ ခုနှစ်ကစ၍ TIER-2 Watch List အဆင့်သို့ တိုးမြှင့်၍ ပိတ်ဆို့မှုအချို့အား ဖြေလျှော့ပေးခဲ့ပါသည်။

လူကုန်ကူးခံရသူ အများစုကို
လေ့လာကြည့်လျှင်
လူကုန်ကူးခံရမည်မှန်း
မသိဘဲ၊ နားမလည်ဘဲ
လိုက်သွားကြခြင်းမှာ အများစုဖြစ်၏။
အမျိုးသမီးများ၊ အမျိုးသားများနှင့်
ကလေးငယ်များအား
လူကုန်ကူးမှုသည် လွန်စွာမှ
အန္တရာယ် များလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် အရေးယူခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ်၏ ၈၀% သည် တရုတ်ပြည်သို့ ဦးတည်ဖြစ်ပွားနေပေသည်။ ထိုအချက်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အခမ်းအနား၌ ထုတ်ဖော်ပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာ-ထိုင်း နယ်စပ်ဒေသ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးမှ လွှဲပြောင်းပေးမှု ခုနစ်ကြိမ်တွင် ကျား ၁၉ ဦး၊ မ ၉ ဦး စုစုပေါင်း ၂၈ ဦးရှိခဲ့ပြီး၊ မြန်မာ-တရုတ် နယ်စပ်ဆက်ဆံရေး အရာရှိရုံးမှ လွှဲပြောင်းပေးခဲ့မှု ၄၂ ကြိမ်တွင် လူကုန်ကူးခံရသူ ကျား တစ်ဦး၊ မ ၆၀ စုစုပေါင်း ၆၁ ဦး လွှဲပြောင်းပေးခဲ့ကြောင်း သိရပေသည်။

ဤ၌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံမှာ အရေးယူခဲ့တဲ့ လူကုန်ကူးမှုရဲ့ ရာခိုင်နှုန်း ၈၀ ဟာ တရုတ်ပြည်ကို ဦးတည်ဖြစ်ပွားနေတာကို တွေ့ရပါတယ်။ ယခင်က ဖြစ်ပွားမှုတွေဟာ အမျိုးသမီးတွေအပေါ် ကျူးလွန်သည့် အဓမ္မလက်ထပ်ထိမ်းမြားခြင်းကိုသာ ကြွေခဲ့ရပြီး ယနေ့အချိန်မှာတော့ တရုတ်နိုင်ငံတော်ပိုင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် မြန်မာအမျိုးသားပါ အဓမ္မလုပ်အားခိုင်းစေခြင်း ခံနေရတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ တရုတ်နိုင်ငံကို သွားလာနေတဲ့ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများရဲ့ အရေးကိုလည်း အလေးထားဆောင်ရွက်ကြရမှာ ဖြစ်သလို၊ တစ်ဖက်ကလည်း မြန်မာ-တရုတ် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

…ဒေသတွင်းနိုင်ငံများရဲ့ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေချိန်တွင် ၂၀၀၅ ခုနှစ် အတွေ့အကြုံပေါ် အခြေခံ၍ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုများမရှိသော ဥပဒေရေးရာများကို တွေ့ရှိလာရကြောင်း၊ ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြန်လည်သုံးသပ်ဖို့ လိုအပ်ကြောင်း၊ ဥပဒေကို ပြန်လည်သုံးသပ်ရေးဆွဲရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့ သုံးခုအနက် ဒုတိယရဲချုပ်ဦးဆောင်သည့် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း…" ပြောကြားခဲ့ပေသည်။

၂၀၁၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဗာဘာသာကျွန်းရှိ ငါးဖမ်းလေ့ပေါ် ရောက်ရှိနေသည့် ရခိုင်ပြည်နယ်၊ မြေပုံမြို့မှ လူကုန်ကူးခံရသူ အမျိုးသား ၁၄ ဦးကို အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး IOM နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့တို့ ပူးပေါင်း၍ ကယ်တင်နိုင်ခဲ့ပြီး အလားတူ ထိုင်းနိုင်ငံ Vita စက်ရုံတွင် အဓမ္မလုပ်အားခိုင်းစေခြင်းခံရသော မြန်မာလူငယ် ၂၃ ဦးနှင့် ထိုင်းနိုင်ငံတောင်ပိုင်း ကန်တန်ငါးဖမ်းလေ့ဆိပ်တွင် မြန်မာလူမျိုး ၇၀၀ ခန့်အား ငါးဖမ်းစက်လှေများသို့ ရောင်းစားခြင်း၊ လူသတ်မှု၊ မုဒိမ်းမှုများ ကျူးလွန်ခြင်းစသည့် ခေါင်းပုံဖြတ်မှု နည်းမျိုးစုံ ကျူးလွန်ခဲ့သည့် တရားခံ ခေါင်းဆောင်သော လူကုန်ကူးမှုဂိုဏ်းကို နှစ်နိုင်ငံ ပူးပေါင်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်ဟု သိရှိရပါသည်။

လူကုန်ကူးခံရသူ အများစုကို လေ့လာကြည့်လျှင် လူကုန်ကူးခံရမည်မှန်း မသိဘဲ၊ နားမလည်ဘဲ လိုက်သွားကြခြင်းမှာ အများစုဖြစ်၏။ အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးငယ်များအား လူကုန်ကူးမှုသည် လွန်စွာမှ အန္တရာယ်များလှပေသည်။ နှိပ်စက်ညှဉ်းဆဲခံရခြင်း၊ လုပ်အားခ ခေါင်းပုံဖြတ်ခံရခြင်း၊ လုပ်အားခ လုံးဝမရရှိခြင်း၊ အသက်သေသည်အထိ သတ်ဖြတ်ခံရခြင်း၊ အဓမ္မကျူးလွန်ခံရခြင်း၊ လိင်အစေကားခံရခြင်း၊ ပြည့်တန်ဆာအဖြစ် ခိုင်းစေခံရခြင်း…အစရှိသည့် လူ့ဘဝ၊ လူ့အဖြစ် မှိုတုံးအောင် ခံစားရတတ်ပေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် တိုင်းဒေသကြီး၏ ပြည်နယ်များ၌ အဖွဲ့များဖွဲ့ပြီး အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပေသည်။ သို့ဖြစ်၍ လူကုန်ကူးမှုမခံရလေအောင် ခေတ်ကို မျက်ခြည်ပြတ်မခံသင့်ပေ။ စာနယ်ဇင်းများကို လေ့လာဖတ်ရှုဖို့လိုသည်။ သတင်းများကို နားထောင်ဖို့လိုသည်။ ထိုမှုမက အဖွဲ့အစည်းအသီးသီးက ဆောင်ရွက်လျက်ရှိသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၌ တစ်တပ်တအား ပါဝင်ကူညီဆောင်ရွက်ဖို့ လိုအပ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။

✶ မင်းသူ့ကျော်



www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးခံရသူအဖို့ နစ်နာမှုလျော်ကြေး

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

ယခုခေတ်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်၌ လူကုန်ကူးမှုခေတ်စားကျူးလွန်လျက် ရှိပြီး မှုခင်းပွားများလက်ရှိပေသည်။ သို့ဖြစ်လေရာ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။ ယနေ့အထိ အာဏာတည်ဆဲ ဖြစ်ပါသည်။ ဤဥပဒေ အခန်း(၆)၊ အခန်း(၇) နှင့် အခန်း(၉)တို့အရ လူကုန်ကူးခြင်းခံရသူများအတွက် နစ်နာမှုတို့ကို နိုင်ငံတော်က ကာကွယ်ကြည့်ရှု စောင့်ရှောက်ပေးလျက်ရှိပါသည်။

**အခန်း(၆)**

**လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ပေးခြင်း**

ဤဥပဒေအရ အသက် ၁၆ နှစ်မပြည့်သေးသူကို (ကလေးသူငယ်)ဟု ခေါ်ပါသည်။ တစ်ဖန် အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ်မပြည့်သေးသောသူကို (လူငယ်)ဟု ခေါ်ပါသည်။

**ပုဒ်မ(၁၆)**

(က) အမျိုးသမီးများနှင့် ကလေးသူငယ်၊ လူငယ်တို့၏ ဂုဏ်သိက္ခာ၊ လုံခြုံမှုအား ကာကွယ်စောင့်ရှောက်ပေးခြင်း။

(ခ) ၎င်းတို့အား စစ်ဆေးပြီး အခြေအနေကောင်းမွန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာ မိဘ/အုပ်ထိန်းသူထံ အရောက်ပြန်လည်ပို့ပေးခြင်း။

(ဂ) ယင်းသို့ မပို့ပေးနိုင်သေးလျှင် လုံခြုံစိတ်ချရသည့်နေရာတွင် ထားရှိပြီး ကြည့်ရှုစောင့်ရှောက်ပေးခြင်း။

(ဃ) သို့မဟုတ် ၎င်းတို့၏ဆန္ဒ (သဘော)အတိုင်း လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ခွင့် ပေးခြင်း။

(င) ၎င်းတို့၏ ပညာရေး၊ လူမှုရေးနှင့် ကိုယ်နှင့်စိတ် ကျန်းမာရေး၊ ဆေးဝါးကုသရေး၊ အလုပ်အကိုင်ရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရေး ဆောင်ရွက်ပေးခြင်းနှင့်

(စ) ၎င်းတို့၏ သတင်းအချက်အလက်များတို့ကို လျှို့ဝှက်ထားပေးခြင်း စသည်တို့ ဖြစ်ပါသည်။

**တစ်ဖန် အခန်း(၇)တွင် လူကုန်ကူးခံရသူများတို့ကို ပြန်လည်လက်ခံပြီး ပြန်လည်ပေါင်းစည်းခြင်းကိစ္စနှင့် ထူထောင်ခြင်းကိစ္စကို ဆောင်ရွက်ပေးပုံ။**

(က) လူကုန်ကူးခံရသူကို ပြန်လည်လက်ခံပြီးသည့်နောက် ယာယီ(ခေတ္တ)နေထိုင်ရန်အတွက် လုံခြုံသောနေအိမ် ရရှိရေးအတွက် စီစဉ်ပေးခြင်း။

(ခ) လူကုန်ကူးခံရသူ လူမှုရေးပြန်လည်ပျိုးထောင်ပေးပြီး ၎င်း၏နစ်နာမှုအတွက် တရားစွဲရန် ရှေ့နေငှားရမ်းပေးခြင်း၊ ရှေ့နေချုပ်ရုံးနှင့် ဆက်သွယ်အကူအညီတောင်းခံခြင်း၊ စကားပြန်ရရှိရေးအတွက် စီစဉ်ပေးခြင်း။

(ဂ) အခြားလိုအပ်သော အကူအညီပေးခြင်း (ဆေးဝါးကုသပေးခြင်းအပါအဝင်)။

**ပုဒ်မ-၂၀** ။ ယင်းသို့ အကူအညီပေးရာတွင် မြန်မာနိုင်ငံအတွင်းတွင် နေထိုင်သော မြန်မာနိုင်ငံသား၊ နိုင်ငံခြားသား မခွဲခြားဘဲ တန်းတူညီတူ ကာကွယ်စောင့်ရှောက်ပေးရမည်။

**ပုဒ်မ-၂၁** ။ ယင်းကာကွယ်ကြည့်ရှု စောင့်ရှောက်မှုစရိတ်ကို နိုင်ငံတော်အစိုးရကပင် အကုန်အကျခံရန် ဖြစ်ပါသည်။

**အခန်း(၉)၊ ပုဒ်မ(၃၃)အရ နစ်နာမှုအတွက် လျော်ကြေးပေးခြင်း**

လူကုန်ကူးခြင်းခံရသူများအဖို့ နစ်နာမှုအတွက် နိုင်ငံတော်အစိုးရက ၎င်းကိုယ်စား(တရားရုံးက) ပြည်သူ့ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းထားသော ငွေကြေးထဲမှ၊ သို့မဟုတ် ပစ္စည်းများ ရောင်းရငွေမှဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ၊ လူကုန်ကူးခြင်းခံရသောသူအား နစ်နာကြေးပေးသည့်အမိန့် ချမှတ်နိုင်သည်ဟု ဖော်ပြ ပြဋ္ဌာန်းထားရှိပေသည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:-***

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ (န-အ-ဖ)၊ ဥပဒေအမှတ် (၅)/၂၀၀၅၊ ၁၃-၉-၂၀၀၅။

www.burmeseclassic.com

www.burmeseclassic.com



# လူကုန်ကူးမှု မဖြစ်ပွားရလေအောင်

ခုံတော်မောင်ကောင်း

လူကုန်ကူးမှုပြဿနာသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင် နိုင်ငံများ ကြုံတွေ့နေကြရသော ပြဿနာတစ်ရပ် ဖြစ်သည်။ ထိုပြဿနာသည် တစ်စထက်တစ်စ ကြီးထွားလာနေသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အာရုံစိုက်လာကြကာ ပူးပေါင်းဖြေရှင်းရန် ကြိုးပမ်းနေကြပေပြီ။ စင်စစ် လူကုန်ကူးခြင်းသည် ဆိုးရွားရက်စက်သော လုပ်ရပ်ဆိုးပင် ဖြစ်၏။

လူကုန်ကူးမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းမှာ များစွာရှိပေသည်။ ဖြတ်လမ်းနည်းဖြင့် ကြီးပွားလိုခြင်းကြောင့်လည်း ဖြစ်နိုင်သလို၊ အလုပ်အကိုင်ရှားပါးမှု၊ ဝင်ငွေနည်းပါးမှု၊ တစ်ဖက်သားအပေါ် အယုံလွယ်မှု၊ မိသားစုပြဿနာ စသည်တို့ကြောင့် လူကုန်ကူးခံရခြင်း လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားရပေသည်။ အဓိကပြဿနာမှာ မိသားစုစီးပွားရေးအဆင်မပြေ၍ အလုပ်အကိုင်ရှာဖွေရာမှတစ်ဆင့် လူကုန်ကူးခံရခြင်း

www.burmeseclassic.com

ဖြစ်၏။ ဤ၌ တာဝန်အရှိဆုံးမှာ မိဘများပင် ဖြစ်၏။

လူကုန်ကူးခံရသူများသည် စင်စစ်အားဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူပင် ဖြစ်၏။ ၎င်းတို့တွင် ပြန်လည်ကုစားရန် အခွင့်အရေးရှိကြသည်။ လူကုန်ကူးခံရသူများ၏ ထိရောက်သော ပြန်လည်ကုစားခွင့်ရရေးသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် ဖော်ပြထားသည့် အခြေခံကျသော အာမခံချက်တစ်ခုပင် ဖြစ်၏။ လူကုန်ကူးမှုတိုက်ဖျက်သူများသည် လူကုန်ကူးခံရသူများနှင့် ပူပေါင်းဆောင်ရွက်ရန်မှာ အဓိကသော့ချက်တစ်ခု ဖြစ်၏။ ထို့ကြောင့် လူကုန်ကူးမှု တိုက်ဖျက်သည့် မဟာဗျူဟာ ချမှတ်ချက်နည်းလမ်းများကို ပြောင်းလဲကျင့်သုံးရမည် ဖြစ်၏။ လူကုန်ကူးခံရသူများ ပူးပေါင်းပါဝင်လာအောင် တံခါးဖွင့်ထားကြရမည် ဖြစ်၏။ သို့ဖြစ်၍လည်း မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် လူကုန်ကူးခံရသူများ တွေ့ဆုံပွဲများပြုလုပ်ရန် ထည့်သွင်းကာ နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာတွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Mr. John F. Kerry က လူကုန်ကူးဘေးအန္တရာယ်မှ လွတ်မြောက်လာသူသည် အခြားသူများထက် ကျွန်ပြုခံနေရသူများကို မည်သို့စိစစ်ရမည်၊ လူကုန်ကူးမှုနှင့် ပတ်သက်သူများကို တရားရုံးသို့ရင်ဆိုင်ရာ မည်သို့ တရားစွဲဆိုရမည်ကို ပိုမိုသိရှိထားကြောင်း၊ လိမ်ညာခံရပြီး အိမ်နှင့်ဝေးကွာစွာ သွေးဆောင်ဖြားယောင်းခံနေရသူ၊ အဓမ္မခိုင်းစေခံရမည့်သူ ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦးသည် ကျရောက်လာနိုင်သည့် အန္တရာယ်များ လျော့ပါးသက်သာစေမည့် နည်းလမ်းများကို အခြားသူများထက် ကောင်းစွာသိရှိပြီးသူဖြစ်ကြောင်း၊ လိင်လုပ်ငန်းတွင် အတင်းအကျပ် ခိုင်းစေခံရသူ နီပေါနိုင်ငံသူတစ်ဦးသည် လူကုန်ကူးမှု တိုက်ဖျက်သူများကို မည်သို့ အကူအညီပေးရမည်၊ လူကုန်ကူးခံရဖွယ်ရှိနိုင်သူများကို မည်သို့ကူညီရမည် စသည့်နည်းလမ်းများကို အခြားသူများထက် သူမက ပိုမိုသိနေမည်ဖြစ်ကြောင်း၊ သူမနှင့် ပူးပေါင်းကာ လူကုန်ကူးသူကို ပြစ်မှုထင်ရှား တရားစီရင်မှုအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ထိရောက်သည့် အကူအညီများ ရရှိနိုင်မည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားပေသည်။

လူကုန်ကူးမှုနှင့်ပတ်သက်သည့် လူကုန်တားရဲတပ်ဖွဲ့အနေဖြင့် ရပ်ကွက်၊ ကျေးရွာများ၌ အသိပညာပေး ဟောပြောခြင်းများ၊ လူစည်ကားသည့် နေရာဒေသများ၌ သတိပေးဆိုင်းဘုတ်၊ ပိုစတာကြီးများ ရိုက်ထူထားခြင်း၊ ယာဉ်လိုင်းများပေါ်၌ အသိပညာပေး သီချင်းများ၊ ဇာတ်လမ်းတိုများကို ပြသပေးခြင်းများ၊ လူထုဆက်သွယ်ရေးမီဒီယာများနှင့် ဆက်သွယ်၍ လူကုန်ကူးမှုဖြစ်စဉ်များအား ပြည်သူတို့ သိရှိသဘောပေါက်ကြစေရန် ချပြခြင်းများကို လုပ်ဆောင်လျက်ရှိပေသည်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (နေပြည်တော်)မှ ဒုရဲမှူးဦးမင်းနိုင်မှ -

. . . "ဖြည့်စွက်ပြောချင်တာကတော့ လူကုန်ကူးမှုကို တိုက်ဖျက်တဲ့နေရာမှာ ကျွန်တော်တို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တစ်ဖွဲ့တည်းနဲ့တော့ တိုက်ဖျက်လို့ မရနိုင်ပါဘူး။ ပြည်သူတွေ၊ မီဒီယာတွေ၊ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ အားလုံး ပါဝင်တိုက်ဖျက်မှသာ အောင်မြင်မှုရမှာ ဖြစ်ပါတယ် . . ."

ဟူ၍ ပွင့်လင်းစွာ ပြောကြားခဲ့ပေသည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် တံခါးဖွင့်စီးပွားရေးမူဝါဒကို ကျင့်သုံးလျက်ရှိရာ ပြည်တွင်းရှိ မြန်မာများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းများလည်း ရှိလာပေသည်။ ထိုသို့ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် သတိထားသင့်သည့်၊ ကာကွယ်ထားသင့်သည့် အချက်များလည်း ရှိပေသည်။ ထိုအချက်များကို တင်ပြရလျှင် -

(၁) မိမိသွားရောက်အလုပ်လုပ်ကိုင်မည့် တိုင်းပြည်၏ လူနေမှုဓလေ့၊ ဆောင်ရန်၊ရှောင်ရန်တို့ကို ကြိုတင်လေ့လာသင်ယူထားဖို့ လိုပေသည်။

(၂) ပြည်တွင်း၌ ကျန်ရှိမည့် မိမိ၏မိသားစုကိုလည်း မိမိနှင့် ဆက်သွယ်ရနိုင်သည့် အလုပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်နှင့်ပတ်သက်သည့် စာရွက်စာတမ်း အစုံအလင်တို့အား ထားရှိခဲ့ဖို့ လိုပေသည်။

(၃) ခရီးသွားရာ၌ မပါမဖြစ် လိုအပ်သည့် စာရွက်စာတမ်းများကို မိမိနှင့်မကွာ ဆောင်ထားသင့်ပေသည်။

(၄) ဖုန်းနံပါတ်များကို နိုင်ငံအလိုက်၊ ဒေသအလိုက်



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်နံပါတ်များနှိပ်ရမည်ကို သိထားသင့်ပေသည်။

(၅) မိမိနားမလည်သည့် ဘာသာစကားကို ပြောဆိုမည့် ဒေသ၊ နိုင်ငံတို့ကို သွားရမည်ဆိုပါက အရေးအကြောင်းပေါ်၍ အကူအညီတောင်းခံရန် လိုအပ်လာသည့်အခါ အကူအညီတောင်းခံရမည့် စကားလုံးများကို ကြိုတင်သိထားသင့်ပေသည်။

အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအနေဖြင့် လူကုန်ကူးခံရသည့် အမျိုးသမီးများ ခေါင်းပုံဖြတ်ခံရမှု၊ အကြမ်းဖက်ခံရမှုများမှ လွတ်မြောက်စေရေး၊ လူကုန်ကူးခံရသော အမျိုးသမီးများ လူ့ပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လည်သက်ရှင်ရပ်တည်နိုင်ရေးဆိုသည့် ဆောင်ပုဒ်များနှင့် အဆိုပါ အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ပေးရေး အစီအစဉ်များကို လုပ်ဆောင်သာခဲ့ကြသည်။

ထို့ပြင် လူကုန်ကူးခံရသည့် အမျိုးသမီးများဘဝ ပြန်လည်ထူထောင်လာနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် နှစ်သိမ့်ဆွေးနွေးခြင်းများ၊ လက်မှုပညာသင်ပေးခြင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းများ၊ အခြေခံစာပေတတ်မြောက်မှုရှိစေရန် သင်ကြားပေးခြင်းများ၊ လက်တွေ့ကွင်းဆင်းသင်ယူစေခြင်း၊ သက်ဆိုင်သော အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း၊ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊ ကျေးရွာများသို့ အသိပညာပေးသင်တန်းများ ပို့ချခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပေသည်။ ထို့ပြင် ထိုမှုမက လေ့ကျင့်ခန်းများ ဆောင်ရွက်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေး၍ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုများကိုလည်း လုပ်ဆောင်ပေးလာကြပြီ ဖြစ်သည်။

လူကုန်ကူးခံရမှုသည် မြန်မာနိုင်ငံတစ်လွှား၌ ဖြစ်ပွားလျက်ရှိရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအတွက် နယ်မြို့များရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့များနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို သိထားရန်လိုပေသည်။ သို့ဖြစ်၍ ဆက်သွယ်နိုင်သော ဖုန်းများကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။


| | | |
|---|---|---|
| နေပြည်တော် | - | ၀၆၇-၄၁၁၃၁၅ |
| မကွေး | - | ၀၆၃-၂၈၀၅၄ |
| ပဲခူး | - | ၀၅၂-၃၀၈၉၈ |
| လှိုင်ကော် | - | ၀၈၃-၂၃၀၇၁ |
| စစ်တွေ | - | ၀၄၃-၂၂၂၀၈ |
| မောင်တော | - | ၀၉-၄၂၁၇၃၀၆၇၄ |
| ရန်ကုန် | - | ၀၁-၂၁၇၅၁၆ |
| ပုသိမ် | - | ၀၄၂-၂၄၉၆၄ |
| ဘားအံ | - | ၀၅၈-၂၁၀၃၀ |
| မြဝတီ | - | ၀၅၈-၅၀၂၆၈ |
| မော်လမြိုင် | - | ၀၅၇-၂၅၉၆၇ |
| ထားဝယ် | - | ၀၅၉-၂၁၃၈၅ |
| မြိတ် | - | ၀၅၉-၄၁၀၄၀ |
| ကော့သောင်း | - | ၀၅၉-၅၁၉၈၁ |
| မန္တလေး | - | ၀၂-၆၇၁၅၄ |
| မိတ္ထီလာ | - | ၀၆၄-၂၆၄၅၂ |
| မြစ်ကြီးနား | - | ၀၇၄-၂၀၈၉၈ |
| ဗန်းမော် | - | ၀၇၄-၅၁၁၈၅ |
| လွယ်ဂျယ် | - | ၀၉-၆၄၅၁၀၅၅ |
| ဟားခါး | - | ၀၇၀-၂၁၄၅၂ |
| မုံရွာ | - | ၀၇၁-၂၁၀၃၉ |
| ကလေး | - | ၀၉-၂၅၀၇၈၆၄၂၀ |
| တောင်ကြီး | - | ၀၈၁-၂၀၀၇၆၄ |
| လားရှိုး | - | ၀၈၂-၃၀၇၀၀ |
| မူဆယ် | - | ၀၅၈-၅၂၈၉၀ |
| လောက်ကိုင် | - | ၀၉-၄၉၂၂၄၈၅၀ |
| ချင်းရွှေဟော် | - | ၀၈၂-၇၄၂၈၀ |
| ကျိုင်းတုံ | - | ၀၈၄-၂၃၄၆၁ |
| တာချီလိတ် | - | ၀၈၄-၅၃၀၂၂ |

## ခံတော်မောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အရှဲ့တိုက်ခြင်း၏ နောက်ကွယ်မှာ

## ဝင်းဇော်[သုံးဆယ်]

"အစ်မ . . . ခြေရင်းအိမ်က မစန်းရင်၊ မသွယ်အေး၊ မသိန်းမြတို့နဲ့ ရွာထဲက ဗီဒီယိုရုံမှာ ကျွန်မ ဗီဒီယို သွားကြည့်ချင်လို့"

ခင်မာက နောက်ဖေးရေစင်တွင် ပန်းပန်များဆေးကြောနေသော အစ်မဖြစ်သူ မအေးမာ၏ ဘေးနားသို့ လာ၍ထိုင်ရင်း ပြောသည်။

"သွားကြည့်လေ။ ပိုက်ဆံယူဦးမလား"

"မယူတော့ပါဘူး။ ညီမမှာ ပိုက်ဆံရှိတယ်"

ခင်မာက ပြုံးရွှင်စွာဖြင့် အိမ်ရှေ့သို့ပြေးထွက်သွားသည်။ ခင်မာက အသက်နှစ်ဆယ်သာ ရှိသေးသည်။ တစ်နေကုန် အိမ်မှုကိစ္စများကို အပင်ပန်းခံ လုပ်ကိုင်တတ်သည်။ ရွာထဲမှ ဗီဒီယိုရုံတွင် ဗီဒီယိုဇာတ်ကားကောင်းပြသည်ဟု အသံကြားလို့ကတော့ ရွာထဲမှ ရွယ်တူမိန်းကလေးများနှင့် ဗီဒီယိုသွားကြည့်တတ်သည်။

ဗီဒီယိုဇာတ်ကား ကြည့်ပြီး၍ ပြန်ရောက်လျှင် ဗီဒီယိုဇာတ်ကားထဲမှ ရယ်မောစရာ သရုပ်ဆောင်ချက်များကို အစ်မဖြစ်သူ မအေးမာအား ပြောပြပြီး တဟားဟားနှင့် သဘောကျစွာ ရယ်မောနေတတ်သည်။ အရွယ်ရောက်နေပေမယ့် ခင်မာက ကလေးတစ်ယောက်ပမာ စိတ်လွတ်ကိုယ်လွတ် နေတတ်သည်။ ခင်မာက အရာရာကို အလိုက်သိတတ်သဖြင့် အစ်မဖြစ်သူ မအေးမာက အချစ်ပိုသည်။ ခင်မာသည် အခန်းထဲသို့ဝင်ကာ ပိုက်ဆံဝင်ယူနေ၏။ ကိုနောက် အိမ်ရှေ့ဘက်သို့ ထွက်လာသည်။

"ဟဲ့ . . . ခင်မာ၊ ညကြီးမိုးချုပ် ကျတော့မှ နင်ဘယ်သွားမလို့လဲ"

အိမ်ရှေ့တွင်ထိုင်နေသော မအေးမာ၏ယောက်ျား(ခဲအိုတော်သူ) ကျော်စိုးက မေးသည်။

"ရွာထဲက သူငယ်ချင်းတွေနဲ့ ဗီဒီယိုဇာတ်ကား သွားကြည့်မလို့"

ခင်မာက အိမ်ရှေ့ အဆင်း အတက်လှေကားထိပ်တွင် ဖိနပ်စီးနေရင်းမှပြောသည်။

"ရော့ . . . မုန့်ဖိုး"

ကျော်စိုးက အင်္ကျီအိတ်ကပ် အတွင်းမှ တစ်ထောင်တန်တစ်ရွက် ထုတ်ပေးသည်။ ခင်မာက လှမ်းယူပြီး ကလေးတစ်ဦးပမာ ပျော်ရွှင်စွာထွက်သွားသည်။ မအေးမာက နောက်ဖေးခန်းထဲမှ ထွက်လာသည်။ ကျော်စိုးက ခင်မာအား မုန့်ဖိုးပေးနေသည်ကိုမြင်တော့ မအေးမာ၏မျက်နှာအမူအရာ ပျက်သွားသည်။

"ကိုကျော်စိုး"

"ဘာလဲဟ"

မအေးမာက ကျော်စိုး၏ဘေးနားတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ကျော်စိုးက မအေးမာကို ငဲ့စောင်း၍ကြည့်သည်။

"ရှင် ညီမလေးအပေါ် အရောတဝင်နေတာဟာ လိုတာထက်ပိုသလိုပဲနော်။ ခဲအိုနဲ့ခယ်မဆိုတာ ပတ်ဝန်းကျင်က အထင်အမြင်မလွဲမှားအောင် နေတတ်ထိုင်တတ်ဖို့လိုတယ်။ ကျွန်မ ရှင်တို့နှစ်ယောက်ကို အကဲခတ်နေတာ အတော်ကြာပြီ။ ဘာလဲ။ ရှင်နဲ့ ညီမလေးတို့က ကျွန်မကွယ်ရာမှာ ကျိတ်ပုန်းခုတ်နေကြတယ်မဟုတ်လား"

"ဘာကွ . . . မင်းငါ့ကို ဘယ်လိုပြောလိုက်တာလဲ။ ငါ့ကို သိက္ခာချတာလား။ ငါက မင်းညီမခင်မာကို ငါ့ညီမလေးတစ်ယောက်လို သဘောထားတာ"

မအေးမာက မျက်နှာကို တစ်ဖက်သို့လှည့်ပြီး မဲ့နေသည်။

"မင်းပြောလိုက်ပုံက ပတ်ဝန်းကျင်ကလူတွေကြားသွားရင် ရှက်စရာပဲ။ ငါ့မျက်နှာကို ဘယ်လိုပြရမလဲ"

ကျော်စိုးက ဒေါသဖြင့် ပြောသည်။

"ရှင် ညီမလေးကို မျက်နှာချိုသွေးရတာနဲ့၊ မုန့်ဖိုးပေးရတာနဲ့။ ရှင်

www.burmeseclassic.com

www.burmeseclassic.com

ညီမလေးကိုကြည့်တဲ့ မျက်လုံးတွေက မရိုးသားဘူးဆိုတာ ကျွန်မသိတယ်။ နွားကျောင်းသွားရင်လည်း မိုးချုပ်မှ ပြန်လာတယ်"

"နွေရာသီဆိုတော့ ကွင်းထဲမှာ အစာရှားတယ်။ နွားတွေ အစာဝ အောင် စားပါစေဆိုပြီး မိုးချုပ်ခါနီးမှ ပြန်သိမ်းလာတာကွ။ တောက် . ."

ကျော်စိုး၏မျက်နှာက တင်းမာနေသည်။

"အခုလို ရှင်အပြောမခံချင်ရင် ညီမလေးနဲ့ ပြောဆိုနေထိုင်တာက အစ ဆင်ဆင်ခြင်ခြင်နေပါ။ အထင်လွဲစရာတွေ မြင်တွေ့လာရင်တော့ ပြောရမှာပဲ"

"သက်သက်မဲ့ အထင်လွဲစကားတွေ လာပြောနေတယ်။ တော်ပြီကွာ၊ မပြောနဲ့တော့ မကြားချင်ဘူး"

"အနာပေါ်ကို တုတ်ကျသွားတော့ နာတာပေါ့"

"တောက် . . ."

ကျော်စိုးက ခြေသံပြင်းပြင်းနင်းပြီး အိမ်ပေါ်မှဆင်းသွားသည်။ မအေးမာ၏မျက်နှာက မချိပြုံးပြုံးနေသည်။

* * *

"အစ်မရေ အခုတလော ကိုကျော်စိုး အရက်တွေသောက်ပြီး အိမ်ပြန်လာတာ အစ်မသတိထားမိလား"

နံနက်ပိုင်း မီးဖိုချောင်ထဲ၌ ညီအစ်မနှစ်ယောက် အတူတူချက်ပြုတ်နေရာမှ ခင်မာက မအေးမာကိုပြောသည်။

"ငါသိသားပဲ၊ သူ့ဘာသာ အရက်သောက်ရုံမကလို့ ပိုးသတ်ဆေးပဲ သောက်သောက်။ သေသွားလည်း အေးတာပဲ"

မအေးမာက ချဉ်ပေါင်ရွက်သင်နေရင်းမှ ပြောသည်။

"ဟာ . . အစ်မကလည်း ကိုယ့်ယောကျ်ားကို ဘာလို့ ဒီလိုပြောရတာလဲ။ ကိုကျော်စိုးက အလုပ်ပင်ပန်းလို့ သောက်တာနေမှာပါ"

"အင်း . . . ညည်းပြောသလိုဆို အလုပ်ပင်ပန်းတဲ့သူတိုင်း အရက်သမားဖြစ်ရတော့မှာလား။ အလုပ်ပင်ပန်းတာကို အကြောင်းပြပြီး အရက်သောက်တာမျိုးကိုတော့ ရွံမုန်းတယ်။ ညည်းလည်း တစ်နေကုန်ပင်ပန်းတာပဲ။ ဘာလို့ အရက်မသောက်ရတာလဲ"

မအေးမာက ခင်မာကို စကားကတ်ပြောလိုက်သည်။

"ဟင် . . . အစ်မက မဟုတ်တာ ပြောရောမယ်"

"ညည်းက အလုပ်ပင်ပန်းလို့ အရက်သောက်တယ်ပြောလို့ ပြောရတာပါ။ အင်း . . သတိရတုန်း ညည်းကို ပြောရဦးမယ်"

"ဘာများလဲ အစ်မရဲ့"

"ဩော် . . . ညည်းက အပျိုအရွယ်ကလေးနော်။ ရွာထဲကမိန်းကလေးတွေနဲ့ ဗီဒီယိုဇာတ်ကား မကြာခဏကြည့်တာ အစ်မ မကြိုက်ဘူး။ ရွာထဲက ဘယ်ကောင်လေးတွေနဲ့မှ လည်း အရောတဝင်နေစရာ မလိုဘူး။ ရည်းစားရှိပြီဆိုရင်တော့ အစ်မကို ပွင့်ပွင့်လင်းလင်းပြောပြနော်။ အစ်မက လေ့လာပြီး သင့်တော်မယ်ထင်ရင် ပေးစားမယ်"

မအေးမာက ညီမဖြစ်သူ၏ မျက်နှာရိပ်မျက်နှာကဲကိုဖမ်းရင်းပြောသည်။

"ဟာ . . အစ်မကလည်း၊ ညီမမှာ ရည်းစားမရှိပါဘူး"

ခင်မာ၏မျက်နှာ ရှက်သွေးဖြန်းသွားသည်။

"မိန်းမပျိုလေးဆိုတော့ သတိပေးထားရတယ်တော့။ အပွင့်လင်းဆုံးပြောလိုက်မယ်။ ငါ့ယောကျ်ား ကိုကျော်စိုးကိုတောင် အရောတဝင်မနေနဲ့။ ခဲအိုနဲ့ခယ်မဆိုတာ အနေအထိုင်စည်းကမ်းရှိမှ တော်ကာကျတယ်။ သိပ်ရောရောနှောနှောနေရင် ပတ်ဝန်းကျင်ကလူတွေက စိတ်ထင်ရာတွေ ပြောကြမှာနော်"

"စိတ်ချပါအစ်မရယ်။ ညီမလေးက စဉ်းစားတတ်တဲ့အရွယ် ရောက်နေပါပြီ"

မအေးမာက သူ့ယောကျ်ား ကျော်စိုးနှင့် ညီမဖြစ်သူခင်မာကို သူ၏စိတ်ထဲတွင်သံသယဖြစ်နေမိ၍ ခင်မာကို သတိပေးစကား အရိပ်အမြွက်ပြောလိုက်ခြင်းဖြစ်သည်။ ခင်မာ၏မျက်နှာက အမူအရာမပျက်။ ပကတိတည်ငြိမ်နေသည်။

* * *

ညနေ ၃ နာရီခွဲ အချိန်ခန့်တွင် ခင်မာက ရွာ၏အနောက်ဘက် အောက်ကျင်းလယ်ထဲတွင် လွှတ်ကျောင်းထားသောနွားများကို ပြန်မောင်းလာသည်။

"ဟဲ့ . . . ညီမလေး၊ နင် နွားတွေကို စားကျက်ထဲက ပြန်သိမ်းလာတာ မစောလွန်းဘူးလား။ နွားတွေ အစာဝပါ့မလား"

www.burmeseclassic.com

အိမ်ရှေ့စဉ့်အိုးဘေးတွင် အဝတ်လျှော်နေသော မအေးမာက မေးသည်။ ခင်မာက ဘာမှပြန်မပြောဘဲ နွားများကို တင်းကုပ်ထဲသို့ မောင်းသွင်းပြီး ချည်တိုင်တွင် ချည်ထားလိုက်သည်။

"နွားတွေက နွားဘက်ပြေးတာနဲ့ မောင်းလာတာ"

"နင့်အစ်ကိုကျော်စိုးကော ဘယ်မှာကျန်နေခဲ့လဲ"

"နောက်တလိုက်လာတာပဲ"

ခင်မာက အိမ်ရှေ့ကြမ်းပြင်တွင် ထိုင်ကာ အမောဖြေရင်း ပြောသည်။ ခင်မာ၏မျက်နှာသည် နေလောင်ထားသဖြင့် နီမြန်းနေသည်။ ပြီးတော့ မောဟိုက်လာပုံမျိုးလည်းတွေ့ရသည်။

"ခင်မာ နင်အမောပြေရင် ထင်းခွဲပေးဦး"

"နေပါဦးအစ်မရယ်၊ လုပ်ပေးပါ့မယ်"

* * *

ယခုတစ်လော ခင်မာ၏မျက်နှာ မရွှင်လန်းသည်ကို မအေးမာ သတိထားမိသည်။ ခင်မာသည် ရွာထဲမှမိန်းကလေးများနှင့် ဗီဒီယိုဇာတ်ကားကို ရက်ခြားကြည့်တတ်ပေမယ့် ယခုရက်ပိုင်းမှာတော့ ဗီဒီယိုရုံမသွား။ ခင်မာသည် တစ်စုံတစ်ရာကို တွေးပြီး ငေးငိုင်နေတတ်သည်။

"ဟဲ့ . . . ညီမလေး"

ရုတ်တရက် မအေးမာ၏ခေါ်လိုက်သံကြောင့် ခင်မာ ပခုံးတွန့်သွားသည်။ ထိတ်လန့်သွားပုံရသည်။

"အခုတစ်လော နင့်ကိုကြည့်ရတာ တမှိုင်မှိုင်တတွေတွေနဲ့။ နင် ဘာဖြစ်နေတာလဲ ခင်မာ"

မအေးမာက ခင်မာ၏ဘေးတွင်ထိုင်ရင်း မေးလိုက်သည်။

"ဘာ . . . ဘာမှမဖြစ်ပါဘူး အစ်မရယ်"

"မဟုတ်သေးပါဘူး။ အခုရက်ပိုင်းအတွင်း ညီမလေးကို အစ်မသတိထားကြည့်နေတာ။ ညီမလေးမှာ ဘယ်လိုစိတ်ညစ်စရာတွေ ကြုံနေရလို့လဲ"

ခင်မာက မအေးမာ၏မျက်နှာကို မဝံ့မရဲကြည့်သည်။

"အမှန်အတိုင်း ပြောပြစမ်းပါကွယ်"

ထိုအချိန်တွင် အိမ်နီးချင်း မအေးကြွယ်က မအေးမာ၏အိမ်ပေါ်သို့ တက်လာသည်။

"ဟာ . . . အရီးကြွယ် လာ"

"ညည်းတို့ညီအစ်မ စကားပြောနေသံကြားလို့ ဝင်လာတာ။ ညည်းညီမ စိတ်ညစ်နေတာ . . . တခြားကြောင့် မဟုတ်ဘူး"

"အရီးကြွယ်ရယ်၊ မပြောပါနဲ့"

ခင်မာက လက်ကာ၍တားသည်။ သို့သော် အရီးကြွယ်က ပြောချင်သည့်ကိစ္စကို ပြောနေချင်ပုံရ၏။

"အို . . . မပြောလို့ ဘယ်ဖြစ်မလဲ။ အေးမာ . . . နင့်ညီမလေး ဟိုတစ်လောက ညနေ ၇ နာရီလောက်မှာ နွားတွေသိမ်းပြီး အိမ်ပြန်လာတာကို ညည်းမှတ်မိသေးလား"

မအေးမာက စဉ်းစားလိုက်သည်။ ချက်ချင်းပင်သတိရသွားသည်။

"ဟုတ်ကဲ့ မှတ်မိပြီ။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကလေ။ အဲဒါ ဘာဖြစ်လို့လဲ အရီးကြွယ်"

ခင်မာက သူ့အစ်မကိုဖက်ပြီး ငိုတော့သည်။

"ဟယ် . . . ညီမလေးရယ်၊ ဘာဖြစ်လို့ ငိုတာလဲ"

မအေးမာက စိတ်ပူထိတ်လန့်သွား၍ ခင်မာကို မေးနေသည်။

"အဲဒီနေ့က နင့်ညီမနဲ့ နင့်ယောကျ်ား နွားကျောင်းရင်း . . ."

"ဘာဖြစ်လို့လဲဟင် . . . ဘာဖြစ်လို့လဲ"

"နင့်ယောကျ်ားက ခင်မာ့ကို အတင်းအဓမ္မ မယားအဖြစ် ယုတ်မာခဲ့လို့ နင့်ညီမက ဝမ်းနည်းပြီးငိုနေတာအေ့"

ဒေါ်အေးကြွယ်၏ စကားကြောင့် မအေးမာ အံ့သြသွားသည်။

"ဟုတ်သလား ညီမလေး"

မအေးမာက မယုံကြည်စွာဖြင့် ခင်မ၏ပခုံးကို ကိုင်လှုပ်ရင်း မေးလိုက်သည်။

"ဟုတ်တယ်အစ်မ။ အဲဒီနေ့က အကြောင်းကို ဒေါ်အေးကြွယ်၊ ကိုငွေးနဲ့ ကိုအယ်ပိုတို့ကို ညီမလေး ပြောပြထားတယ်"

"ဟယ် . . . ငါ့ညီမအပျိုစင်လေးကို ပန်းကောင်းအညွန့်ကျိုးဖြစ်အောင် မိုက်ရိုင်းစော်ကားတာ။ အဲဒီကောင်ကို ငါသတ်ပစ်မယ်။ ဘယ်မလဲ ကျော်စိုး"

မအေးမာက ထိုင်ရာမှ ဝုန်းခနဲ ထရပ်သည်။

"ဟဲ့ . . . အေးမာ ညည်းစိတ်ကို ထိန်းစမ်းပါ။ ညည်းညီမလေး

www.burmeseclassic.com

အတွက် ညည်းမကျေနပ်ရင် သက်ဆိုင်ရာကိုတိုင်ကြားပြီး ဒီလောက်ယုတ်မာတဲ့သူကို ရဲစခန်းသွားတိုင်"

မအေးမာက အံကိုတင်းတင်းကြိတ်ထားသည်။ ညီမလေးအတွက် ခံ ပြင်းမျက်ရည်များဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

* * *

ခင်မာက ယောက်မဖြစ်သူ မသန်းအေး(အစ်ကိုဇနီး)ကို ခေါ်၍ သာယာဝတီရဲစခန်းသို့ လာခဲ့သည်။ ထိုနေ့၏တာဝန်မှူး ဒုရဲအုပ်နိုင်သိန်းအားသူ မဘဝရေတိမ်နစ်ခဲ့ရပုံကို ခင်မာက ပြောပြသည်။ ဒုရဲအုပ်နိုင်သိန်းက ခင်မာ၏ဖြစ်ရပ်ကို စခန်းမှူးရဲအုပ်စိုးမြင့်ထံသို့ သွားရောက်တင်ပြသည်။

စခန်းမှူး၏ခွင့်ပြုချက်ဖြင့် ရဲတပ်ကြပ်ကြီး (စာရေး)တင်အောင်နှင့်အတူ စာရေးဒုတပ်ကြပ်မျိုးမြင့်အောင်တို့က ခင်မကိုမေးမြန်းပြီး အမှုဖွင့်ပေးသည်။ အမှုစစ်ဒုရဲအုပ်နိုင်သိန်းသည် အခင်းဖြစ်စဉ်က ခင်မာဝတ်ဆင်ခဲ့သော လုံချည်ကို သက်သေလူကြီးများ၏ရှေ့တွင် ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းခဲ့သည်။ ပြစ်မှုကျူးလွန်သူ ကျော်စိုးကိုလည်း သွားရောက်ဖမ်းဆီးခဲ့သည်။ ကျော်စိုးကို စစ်ဆေးသောအခါ . . .

ကျော်စိုးနှင့် ခင်မာသည် ရွာအနောက်ဘက် တစ်မိုင်ခွဲခန့်အကွာအောက်ကျင်းလယ်ထဲတွင် လွတ်ကျောင်းထားသော နွားများရှိရာသို့ လာခဲ့ကြသည်။ နေ့ခင်းက တအားပူပြင်းလှသည်။ ကျော်စိုးနှင့် ခင်မာသည် မန်ကျည်းပင်အောက်တွင် ထိုင်ကာနားနေကြသည်။

ခင်မာက မျက်နှာကချွေးများကို လက်ဖဝါးဖြင့် သုတ်ပစ်သည်။ ကျော်စိုးက မျက်နှာမှချွေးများကို လုံချည်စဖြင့် သုတ်နေသည်။ ခင်မာက သစ်ပင်၏အောက်ဘက်တွင် ထိုင်နေလိုက်သည်။ ကျော်စိုးက စားကျက်ထဲမှနွားများကို လှမ်းကြည့်နေသည်။ လက်ထဲက ကိုင်းခုတ်ဓားကို သစ်ပင်၏ပင်စည်တွင် ထောင်ထားလိုက်သည်။

"ဟဲ့ . . . ခင်မာ"

ကျော်စိုးက မတ်တတ်ရပ်နေရင်းမှ ခေါ်သည်။

"ဘာလဲ . . . ကိုကြီးကျော်စိုး"

"နင့်အစ်မ အေးမာက နင်နဲ့ငါကို သမုတ်နေတယ်။ ဒီတော့ မထူးတော့ပါဘူး။ သူထင်သလို ငါတို့နေလိုက်ကြရအောင်"

"ဟာ . . . ကိုကြီးကျော်စိုးကလဲ ဘာမှန်းလဲ မသိဘူး"

ခင်မာက ကျော်စိုး၏ စကားကြောင့် ရှက်သွားသည်။ ထိုသို့ အပျိုမလေးရှက်နေစဉ် ကျော်စိုးက ဇက်ရဲလက်ရဲ ခင်မာကို မြေကြီးပေါ်သို့ အတင်းတွန်းလှဲသည်။ ခင်မာသည် ပက်လက်လဲကျသွား၏။ ခင်မာက အတင်းရုန်းကန်သည်။ ကျော်စိုးက ကိုင်းခုတ်ဓားဖြင့် ခင်မာ၏ရင်ဝကို ထောက်၍ အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ရန် ကြိုးစားနေသည်။

"ကိုကြီးကျော်စိုး မလုပ်မာနဲ့နော်။ ကျွန်မ မကြိုက်ဘူး"

"အဲဒီကိစ္စကို ဘယ်သူ့မှလျှောက်မပြောနဲ့။ ပြောရင် သတ်ပစ်မယ်"

ကျော်စိုးက ခင်မာ၏ဘဝကို အနိုင်ယူလိုက်သည်။ ခင်မာသည် စားကျက်ထဲမှနွားများကို မောင်း၍ အိမ်သို့ ပြန်သွားသည်။ ကျော်စိုးသည် အားရကျေနပ်သောအပြုံးဖြင့် မန်ကျည်းပင်အောက်မှာထိုင်၍ ကျန်ခဲ့သည်။

"ဟင် . . . ဒါဆိုရင် မင်းက ခင်မာကို သားမယားအဖြစ် ပြုကျင့်ခဲ့တာကို ဝန်ခံတယ်ပေါ့"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော့်မယားကို အရွဲ့တိုက်ချင်တဲ့စိတ်နဲ့ ခင်မာကို သားမယားဖြစ်အောင် ကြိုးစားခဲ့တာ ကျွန်တော် သိပ်မှားသွားတယ်"

* * *

"ဟိုလူယုတ်မာတော့ ထောင်ငါးနှစ် ကျသွားပြီ"

မအေးမာက ခင်မာကိုပြောသည်။

"အစ်မအတွက် ညီမ စိတ်မကောင်းဘူး"

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့။ သူ့ကြောင့် ငါ့ညီမလေး လူ့ပုံအလယ်မှာ အရှက်ရခဲ့တာပဲ။ သူလူမှုရေးဖောက်ပြန်လို့ ဥပဒေက အပြစ်ပေးလိုက်တာပဲ။ သူ့တရား သူစီရင်တယ်လို့ပဲ သဘောထားရမှာပေါ့"

မအေးမာက ခင်မာကိုဖက်ထားလိုက်သည်။ ခံပြင်းစိတ်ကြောင့်လား၊ ဝမ်းနည်းစိတ်ကြောင့်လား မသိနိုင်သည့် မျက်ရည်များသည် မအေးမာ၏ မျက်ဝန်းထဲမှ ပါးပြင်ပေါ်သို့ စီးကျလာသည်။

ဝင်းဇော်(သုံးဆယ်)

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်သျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပိဋ္ဌာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

® Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်း၀ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ [illegible]၃၂၇၅၂

www.burmeseclassic.com



www.burmeseclassic.com

# ပြောင်းပြန်
# ပြောင်းဆန်က စီးရသတဲ့ကွာ

ပိုလ်ချုပ်မြေ-တင်တင်ဝင်း

မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့အား ပြစ်မှားအံ့။ လေတင်သို့ ပစ်လွှတ်လိုက်သော မြူမှုန်တို့သည် ပစ်လွှတ်သူထံသို့ ပြန်လည်သက်ရောက်သကဲ့သို့ မကောင်းမှုကံသည် ထိုပြစ်မှားသောသူထံ သူမိုက်ထံသာ ပြန်လည်သက်ရောက်လေ၏။

*(ဓမ္မပဒ)*

❒

သွေးတွေစွန်းနေသော ဓားကြီးကိုကိုင်ပြီး ကျွန်တော့်ရှေ့တွင် တုန်တုန်ယင်ယင်နှင့် မယုံနိုင်စရာ ရောက်လာသည့် သူငယ်ချင်းဖြစ်သူ လူရိုးကြီး 'ချစ်မုန်း'အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် သွေးပျက်မတတ် ထိတ်လန့်သွားခဲ့သည်။

သူနှင့်ကျွန်တော်က ဘုန်းတော်ကြီး ဦးသုန္ဒရကျောင်းမှာ ငယ်ငယ်လေးကတည်းက ကျောင်းအိပ်ကျောင်းစား အတူနေခဲ့ကြသူများဖြစ်သည်။ ကျွန်တော်က ဆင်းရဲပေမယ့် မိဘများစုံလင်စွာရှိနေ၍ တော်သေး၏။ ချစ်မုန်းကြီးမှာက မိဘမရှိ။ မွေးချင်းပေါက်ဖော် မရှိသည့် တစ်ကောင်ကြွက်။

မိုးကလေးများ ညို့လာလျှင် သူ့မိဘတွေကို လွမ်းနေပုံရသည်။ အားငယ်တတ်သူလည်းဖြစ်၍ ကျွန်တော့်မိဘများနှင့် ကျောင်းထိုင်ဆရာတော်ကြီးက မကြာခဏ အားပေးစကား ပြောပေးနေကြရသည်။

"အတိတ်ကံကိုတော့ ပြင်လို့မရတော့ဘူး။ အတိတ်ကံမကောင်းခဲ့လို့ ဒီဘဝမှာ မိဘမဲ့နေရပေမယ့် လက်ရှိဘဝမှာ ငါးပါးသီလ လုံခြုံအောင်နေ။ ယခုလို မိမဲ့ဖမဲ့ဘဝမျိုး မနေရအောင် ငါ့တပည့်က အဓိကသူတစ်ပါးအသက်ကို ခြင်ကလေး၊ ပုရွက်ဆိတ်ကလေးတွေကိုတောင်မှ မသတ်မိစေနဲ့"

"တင်ပါ့ဘုရား တပည့်တော် မသတ်ပါဘူး"

ဆရာတော်ကြီးက ချစ်မုန်းအပေါ်မှာ ကရုဏာပိုသည်။ "ချစ်မုန်းကြီး မင်းအိမ်ထောင်မပြုဘဲ တို့ကျောင်းမှာပဲ ဘုန်းကြီးဝတ်ပြီး တစ်သက်လုံးနေပါလား။ အိမ်ထောင်ကျတယ်ဆိုတာက ထောင်ကျတာထက်ဆိုးတယ်ကွ။ ထောင်ကျတာကမှ လွတ်လမ်းရှိသေးတယ်။ အိမ်ထောင်ကျတာက ဒုက္ခတွင်းထဲ ဆင်းမိသလိုပဲ။ ပြန်ထွက်ဖို့ကျတော့ ခက်တယ်ကွ။ အိမ်ထောင်မပြုနဲ့ ကြားလား"

"တင်ပါ့ဘုရား"

ချစ်မုန်းတစ်ယောက် ဘုန်းကြီးကို ကြောက်လို့သာ "တင်ပါ့ဘုရား" လုပ် လိုက်ရပေမယ့် သူ့မှာက ချစ်သူရည်းစားရှိနေပြီကို ကျွန်တော်က သိထားသည်။ ကျွန်တော်တို့နေသော ကျောင်းကနေပြီး နှစ်မိုင်လောက်ဝေးသော ခင်ကန်းမြောင်ရွာမှ ကျောင်းသို့လှည်းဖြင့် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ရန်လာကြသည်။ ဘကြီးပေါ်+ဒေါ်မယ်မတို့၏ သမီးအလှလေး 'မချိုမြ'နှင့် ချစ်ကြိုးသွယ်မိခဲ့ကြပြီကို သိနေသဖြင့် ကျွန်တော်က "ဟော့ကောင် ဘုန်းကြီးတားနေတာကို ရှေ့မတိုးနဲ့တော့"ဟု တားခဲ့သေး၏။

"မင်းဟာမလေးကကွာ ဘကြီးပေါ်+ကြီးဒေါ်ခတို့ ရိုးသလောက် ချိုမြဆိုတဲ့နာမည်နဲ့လိုက်ပါ့ကွာ။ ချိုကြွနေတာပဲ။ ဣန္ဒြေကိုမရှိဘူး။ ငါတော့ကြည့်လို့မရဘူး။ မင်းကလည်းမိုးရိုး

www.burmeseclassic.com

နဲ့တော့ တွေးတောင်မတွေးရဲဘူး”

“မင်းကလည်းကွာ သွက်လက်တာပါ။ ကြွေ့မရှိတာ မဟုတ်ပါဘူး။ အဲသလိုကြီးတော့ မပြောပါနဲ့”

ဆိုလာသဖြင့် အသာလေး ကြည့်နေလိုက်ရ၏။

ပလီပလာ တီတီတာတာနဲ့ အချောအလှ မချိုမြလေးကို မရရင် မနေနိုင်အောင်ဖြစ်ပြီး ဘုန်းကြီးကို ပူဆာနေသဖြင့် ဘုန်းကြီးက ကျွန်တော်နှင့် အမေ့ကိုပါခေါ်ပြီး လိုက်ပြောပေးပြီး မင်္ဂလာဆောင်ပေးလိုက်ရတော့၏။

မချိုမြမိဘများက တစ်ကောင်ကြွက်တစ်မျက်နှာ ဘုန်းကြီးကျောင်းကပ်နေရသူဖြစ်၍ သဘောမတူပေ။ သို့သော် ဆရာတော်၏ တပည့်ဖြစ်နေသဖြင့် မငြင်းဘဲ ပေးစားလိုက်ကာ ထန်းတောတစ်တော၊ တဲတစ်လုံးနှင့် နွားတစ်ရှဉ်းပါ ပေးလိုက်ပြီး ၎င်းထန်းတောထဲတွင်ပင် အိမ်ခွဲကာ နေစေခဲ့၏။

မချိုမြဆိုတဲ့ နာမည်လေးနှင့် လိုက်ပါပေ့။ စကားလေးကချိုပြီး လင်သားကို ခိုင်းခါနီးတိုင်း ကိုချစ်မုန်းလို့တောင် ပြီးအောင်မခေါ်ဘဲ ကိုချစ် ကိုချစ်နဲ့ တစ်ချစ်တည်းချစ်ပြီး တစ်ခုပြီးတစ်ခု ခိုင်းနေတော့၏။

တစ်ကောင်ကြွက်ဘဝနဲ့ ဘုန်းကြီးကျောင်းမှာနေခဲ့ရတဲ့ ငါ့ဘဝ ချစ်ရတဲ့မြကလေးနဲ့တွေ့မှပဲ စိတ်ချမ်းသာရာရတော့တယ်။ တွေးပြီး ပီတိတွေဖြစ်ကာ ထန်းအပင် ၆၀ ကို မနက်တစ်ခါ၊ ညတစ်ခါ အတက်အဆင်းလုပ်ပြီး ထန်းလျှိုးကာ လင်သားဝတ္တရားကို ဆင်းရဲလို့ ဆင်းရဲမှန်းမသိ တပင်တပန်း လုပ်ကိုင်ရင်းတာဝန်ကျေပွန်ခဲ့၏။

လူပျိုကြီးအဖြစ်နဲ့နေတဲ့ ကျွန်တော်က အလွန်မဝေးလှတဲ့ သူငယ်ချင်းတို့လင်မယားနေတဲ့ ထန်းတောထဲ မကြာခဏ ရောက်သွားလေ့ရှိ၏။ ရောက်သွားလေတိုင်း ပင်ပင်ပန်းပန်း အလုပ်လုပ်နေတဲ့ သူငယ်ချင်းကို အလုပ်တွေကူပြီး လုပ်ပေးကာ လေးငါးရက်လောက်ကြာအောင် နေလေ့ရှိ၏။

“မမြလေးကိုတဲ့ ချစ်တဲ့အာရုံ ရွှေမြင်းမိုရ်တစ်တောင်လုံးကို တုံးမှတ်ပါလို့ ဒီမောင်ခုန်မယ်”ဆိုတဲ့ သီးချင်းလေးဆိုပြီး မောရပန်းရမှန်းမသိဘူး။ ထန်းအပင် ၆၀ ကို တက်လိုက်၊ ဆင်းလိုက်နဲ့ ပင်ပန်းရတဲ့ကြားထဲ “ကိုချစ်ရေ ထမင်းအိုးလေး တည်လိုက်ပါဦး၊ ထန်းလျက်အိုး မီးထိုးပေးပါဦး၊ ထန်းလျက်ကလေး ကူပြီး လုံးပေးပါဦး”နဲ့။ သူငယ်ချင်းကို အဆက်မပြတ် ခိုင်းနေတာမြင်တော့

ကျွန်တော်က စဉ်းစားမိသည်။ ငါမိန်းမမယူမိတာ မှန်တယ်။ မိန်းမယူမိတဲ့ ချစ်မုန်းတော့ နွားလုံးလုံးဖြစ်ပြီ။ မိန်းမတွေဟာ ပကတိပင်ကို အင်အား မရှိကြပေမယ့် သဘာဝအင်အားကတော့ ကြီးပါလားနော်။ အခုပဲကြည့်ပါဦး။ သဘာဝအင်အားနဲ့ ငါ့သူငယ်ချင်းကို ချိုမြဆိုတဲ့ အပြောလေးနဲ့ အနိုင်ယူနေတာ လား။ အနိုင်ယူနိုင်တာပေါ့လေ။ ရုပ်အဆင်းကလည်းလှ၊ မိဘကလည်း စည်းစိမ်ဉစ္စာရှိတယ်။ ဆွေမျိုးအားကလည်း တောင့်တင်းတယ်။ သည့်အပြင် သားလေးတစ်ယောက် မွေးဖွားပေးထားခြင်းကလည်း ချစ်မုန်းကြီးကို ကြိုးတစ်ချောင်းတပ်ပြီး ချည်ထားသလိုပါပဲလား။

မချိုမြဆိုတဲ့
နာမည်လေးနှင့်
လိုက်ပါပေ့။
စကားလေးကချိုပြီး
လင်သားကို
ခိုင်းခါနီးတိုင်း
ကိုချစ်မုန်း
လို့တောင်
ပြီးအောင်မခေါ်ဘဲ
ကိုချစ် ..ကိုချစ်နဲ့
တစ်ချစ်တည်းချစ်
ပြီး တစ်ခုပြီးတစ်ခု
ခိုင်းနေတော့၏။

www.burmeseclassic.com

ငါကသာ နာနေရတာ။ ငါ့သူငယ်ချင်းက သူ့မိန်းမကို အပြစ်ဆိုလို့ မြှုမှုန်ကလေးလောက်မှ မရှိဘူး။ နွားပြာကြီး အောက်သွားမရှိဆိုတာလို ဖြစ်နေပြီ။

မြေးလေးကို ထန်းတောထဲမှာ မထားချင်ဘူးဆိုပြီး မချိုမြမိဘတွေက ရွာကိုခေါ်ပြီး ကျောင်းထားပေးထား၏။

တစ်ညနေတွင် . . .

"ကိုချစ်ရေ၊ ထမင်းအိုးလည်း တည်ထားလိုက်ဦး။ နေ့ခင်းက ချိုမြမအားလို့ အဝတ်တွေ မလျှော်ရသေးဘူး။ ကိုချစ် ရေချိုးရင်း လျှော်ထားလိုက်ဦးနော်။ ရွာထဲကို ထန်းလျက် ရောင်းသွားလိုက်မယ်"

ဟု သနပ်ခါး ချေဆုံးခေါင်းဆုံးလိမ်းနေရင်းက မှာနေသံကြားလိုက်ရ၏။

"အေးပါကွာ . . အေးပါကွာ။ စိတ်ချသွားမှာသာ သွားစမ်းပါ"

ချိုမြတစ်ယောက် ထန်းလျက်တောင်း ခေါင်းပေါ်ရွက်ကာ သနပ်ခါးအဖွေးသားနှင့် ထွက်အသွား လှမ်းကြည့်နေတဲ့ ချစ်မုန်းကြီးကို "ဟော့ကောင်"လို့ လက်တို့ပြီး . .

"မင်းမိန်းမကို အလိုလိုက်တာ လွန်လွန်းနေပြီ။ ငါမပြောချင်လို့ ကြည့်နေတာ။ ယောကျ်ားကို နွားမှတ်နေသလားကွာ"

"ဘာဖြစ်လို့တုံး သူငယ်ချင်း"

"တစ်ခုပြီးတစ်ခု ခိုင်းနေတော့တာပါပဲ။ ထန်းလျက်ကျိုချက်ရင်းနဲ့

> "ကိုချစ်ရေ၊
> ထမင်းအိုးလည်း
> တည်ထားလိုက်ဦး။
> နေ့ခင်းက
> ချိုမြမအားလို့
> အဝတ်တွေ
> မလျှော်ရသေးဘူး။
> ကိုချစ် ရေချိုးရင်း
> လျှော်ထားလိုက်ဦးနော်။
> ရွာထဲကို ထန်းလျက်
> ရောင်းသွားလိုက်မယ်"

ထမင်းအိုးပါ တည်ထားရမှာပေါ့။ သူ့အဝတ်ကိုပါ မင်းက လျှော်ပေးရမှာလား"

"ဒီလိုပါပဲကွာ . . ။ လင်ရယ်၊ မယားရယ်လို့ ဖြစ်လာတော့လည်း သူ့အလုပ်၊ ကိုယ့်အလုပ်ခွဲနေလို့ မရတော့ဘူးလေ"

ဤသို့ပြောလာသဖြင့် ကျွန်တော့်မှာ ငါကြားဝင်လို့ မဖြစ်ပါဘူးလေဟူသောအသိဖြင့် ဆင်ခြင်၍သာ နေရသည်။ ညီအစ်ကိုနှင့်မခြားနေလာခဲ့တဲ့ သူငယ်ချင်း။ ကျွန်တော့်အဖေနဲ့အမေကပါ သားနှစ်ယောက်ပမာ စိတ်ဝမ်းမကွဲအောင် ထားခဲ့ပြီး ညီအစ်ကိုသံယောဇဉ်ဖြင့် စိတ်ထဲမှာ တစ်ခါတစ်ရံ မကျေမနပ်ဖြစ်မိခဲ့၏။

တစ်ခါကလည်း ကျွန်တော်။ သူတို့တဲကိုရောက်နေခိုက် ချိုမြတစ်ယောက် ဖြီးလိမ်းပြီး ရွာထဲကို ထန်းလျက်ရောင်းဖို့ သွားလိုက်တာ မီးခွက်ထွန်းချိန်ရောက်လို့မှ ပြန်မရောက်သဖြင့် ဓာတ်မီးတစ်လက်နဲ့ သွားကြိုကြရာ ပေစိဆိုတဲ့ကောင်ရဲ့ ဆိုင်ကယ်နောက်မှာ စီးလာကြတာ ပက်ပင်းကြီးတိုးမိပါလေရော။

"ကိုချစ်မုန်းရာ . . ဒီလောက် မိုးချုပ်နေတာကို ခင်ဗျားလည်းနဲ့ လာကြိုပါတော့လား။ မြွေပါးကင်းပါးတွေက ပေါပါဘိသနဲ့။ ကျုပ်က စိတ်မချလို့ လမ်းလည်းကြုံလို့ပါ။ ချိုမြရယ် မှောင်နေပါပြီ၊ ငါ့ဆိုင်ကယ်နဲ့သာလိုက်ခဲ့ပါဆိုပြီး ခေါ်တင်လာခဲ့ရတယ်"

"ကျေးဇူးပါပဲ ပေစိရာ။ ငါ့မိန်းမက သိပ်ကြောက်တတ်တာ။ မင်းသာခေါ်ပြီး မတင်လာခဲ့ရင်တော့ သူ့ခမျာ ကြောက်ဒူးတုန်နေမှာပဲ"

ပေစိနဲ့ချိုမြ ဆိုင်ကယ်အတူစီးလာတာမြင်လိုက်တာနဲ့ ကျွန်တော့်အမြင်က ဘဝင်မကျပေမယ့် ကာမပိုင်လင်သားဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်း လူရိုးကြီး ချစ်မုန်းကတော့ "ကျေးဇူးပါပဲ ပေစိရာ" ဆိုပါလား။

သည့်နောက်ပိုင်းတွင် ကျွန်တော်လည်း သူတို့တဲကို မသွားဖြစ်အောင် ဘမင်တကာ ရှောင်နေမိခဲ့သည်။ သူတို့လင်မယား အကြိမ်မြင်

www.burmeseclassic.com

ချစ်ခင်နေတာကို ငါက မဆီမဆိုင် မကျေမနပ်ဖြစ်ပြီး ကြားဝင်မိလျှင် မကောင်းဘူး။ ငါဆင်ခြင်နေတော့မှ ပဲပဟုတွေးကာ မသွားဖြစ်ဘဲ နေခဲ့၏။

သို့သော် သူတို့သတင်းကို အမြဲ နားစွင့်နေမိသည်။

"ဗျို့အစ်ကိုကြီး . . . ကိုချစ်မုန်းကြီးတို့တဲကို မလာတော့ဘူးလား။ ခင်ဗျားသူငယ်ချင်းကြီးကို တော့ လာကြည့်ဦးမှပေါ့။ သနားစရာဖြစ်နေပြီဗျာ။ ဘယ်သူပြောလို့မှ လည်း မယုံဘူး။ သူ့မိန်းမကို တော်တော်လေးကို ချစ်တာဗျ။ ဒီမိန်းမ ပေစိဆိုတဲ့ကောင်နဲ့ နောက်မီးလင်း နေတာဗျ" . . တဲ့။

"ကိုချစ်မုန်းကြီးက ရိုးရိုးကြီးကို ဗျ။ ဟိုကောင်ပေစိက တောသားနဲ့ တောင် မတူဘူး။ ဘောင်းဘီရှည်နဲ့ စပို့ရှပ်နဲ့ ဆိုင်ကယ်တစ်စီးနဲ့ ချိုမြကို အပျိုကတည်းက ပိုးနေတာလေ။ ချိုမြကလည်း ကြိုက်ပြီးသားဗျ။ ပေစိက သူ့အပြင်နောက်တစ်ယောက် ရည်းစားထားလို့ ကိုချစ်မုန်းကြီးကို အရွဲ့တိုက်ပြီး ချိုမြက ချက်ချင်း ကောက်ယူပြလိုက်တာလေ။ အခု တော့ သူတို့ကပြန်ပြီး မြောင်းသွယ် နေကြပြန်ပြီ"ဆိုတာက တစ်မျိုး။

တချို့ကလည်း . . .

"ဘုန်းကြီးကျောင်းကို အကြောင်းပြပြီး ခဏပြန်သွားပြီး ပြန်ချောင်းရ မှာဗျ။ ဒီတော့မှ မိမှာသေချာတယ်"

ဆိုတာကတစ်မျိုး နားမဆံ့ အောင် ကြားနေရ၏။

"ဟိုမှာကလည်း မယားကြီးနဲ့ ဗျ။ မကြုံအပ် မကြုံရာတွေ ကြုံစည် နေကြတာ"

ဆိုလာသဖြင့် ကျွန်တော့်အနေ ဖြင့် သူငယ်ချင်းတဲကို သွားဖြစ် အောင်သွားဦးမှပဲ။ ဒီကိစ္စ ဘယ်လို များ ထိန်းရပါ့မလဲ။

ကျွန်တော်က စိတ်ကူးနေဆဲ မှာပင် သွေးစွန်းနေသောဓားကြီးနှင့် ရောက်လာပြီး ရဲစခန်းကို အဖမ်းခံ ဖို့ လိုက်ပို့ပေးပါဟု ဆိုလာ၏။ အိမ် နောက် ဖေးမီးဖိုထဲမှ ကျွန်တော့်မိခင် ကြားသွားပြီး ပြေးထွက်လာကာ . .

"အမယ်လေး . . . ကယ်ကြ ပါဦးတော့။ ကျုပ်တူ သူတော်ကောင်း ကြီးက ဘာဖြစ်လာ ဝ ဝတုံး။ ဓားကြီး မှာလည်း သွေးတွေနဲ့"

ဆိုပြီး အော်ပြီးငိုတော့၏။

"ကြီးတော်ရာ . . . ကျုပ်မိန်းမ ချိုမြ လင်ငယ်နဲ့ အိပ်ရာထဲမှာမိလို့ စိတ်မထိန်းနိုင်လို့ ချိုမြရော သူ့လင် ငယ် ပေစိဆိုတဲ့အကောင်ရော နှစ် လောင်းပြိုင် ခေါင်းဖြတ်သတ်ခဲ့ပြီး ပြီ။ လုပ်ရဲရင် ခံရဲရမှာပေါ့။ ရဲစခန်း ကိုသာ ပို့ပေးပါ။ အဖမ်းခံပါ့မယ်"

မိဘမဲ့ဖြစ်ပြီး ကျွန်တော်နဲ့ အတူ ကျောင်းအိပ်ကျောင်းစား နေ လာခဲ့သူဖြစ်၍ သားလိုတစ်မျိုး၊ တူ လေးလိုတစ်သွယ် သနားပိုခဲ့သော ကျွန်တော့်မိခင်ကြီးက ရင်ဘတ်စည် တီး ငိုကြီးချက်မနဲ့ ကျွန်မတူလေးကို ရဲလက်ထဲမအပ်ကြပါနဲ့လို့ အော်ပြီးငို နေတော့၏။

"ရာဇဝတ်ဘေး ပြေးမလွတ် ဘူးအမေ။ အပြစ်ကတော့ လူသတ် မှုပေမယ့် တစ်ရွာလုံးက ချစ်မုန်းကြီး အမှုပေါ့လျော့အောင် အမှန်အတိုင်း ထွက်ဆိုပေးကြမှာပါ။ သူတို့ဖောက် ပြန်နေတာကို ပတ်ဝန်းကျင်တစ်ခု လုံးက သိနေကြတာမို့ စိတ်ပူစရာ တော့ ရှိမှာမဟုတ်ပါဘူး။ သေဒဏ် တော့ ခံရမှာမဟုတ်ပါဘူး။ ထောင် ကျရုံပဲရှိမှာပါ။ ယောက်ျားပဲ ထောင် ကျတာလောက်တော့ မမှုပါဘူး။ ကျွန်တော်ပဲ ရဲစခန်းကို လိုက်ပို့မယ်။ အမေလည်း လိုက်ခဲ့ပါ"

ကျွန်တော်၏ ငယ်သူငယ်ချင်း ကို ရဲစခန်းကို မပို့ချင်၊ မပို့ရက်သော်

"ခင်ဗျားကလည်း ကြာကူလီကောင်ကို ရှင်းလိုက်တာဆို တော်သေးရဲ့။ ခင်ဗျားမိန်းမကိုပါ သတ်လိုက်တော့ ပိုပြီး ဆိုးသွားတာပေါ့"

www.burmeseclassic.com

လည်း စိတ်ထဲတင်းကာ "ဥပဒေရဲ့ အဆုံးအမကိုသာခံပေတော့ သူငယ်ချင်းရာ။ တရားကို နတ်စောင့်မှာပါကွာ"ဟု အားပေးရင်း ရဲစခန်းသို့ ပို့ပေးခဲ့ရပါသည်။

ကျွန်တော်က သူငယ်ချင်း၏ ရိုးသားဖြူစင်ပုံနှင့် သူ့ဇနီးအနေအထိုင်မတတ်ပုံတို့ကို သိနေပြီးဖြစ်သဖြင့် ဆိုင်ကယ်တစ်စီးတည်း စီးလာခဲ့ပုံကို မျက်မြင်သက်သေအဖြစ် ထွက်ဆိုပေးရန် စိတ်ကူးရလာ၏။

ရဲစခန်းသို့ဝင်သွားပြီး စခန်းမှူး ရှေ့ရောက်သည်နှင့် . . .

"ကျုပ်မိန်းမနဲ့ ကြာကူလီကောင် အိပ်ရာထဲမှာ မမြင်ဝံ့အောင် မျက်မြင်ကိုယ်တွေ့ ပက်ပင်းတွေ့လို့ စိတ်မထိန်းနိုင်တာနဲ့ နှစ်ယောက်စလုံးကို ခေါင်းဖြတ်သတ်ခဲ့လို့ အဖမ်းခံဖို့လာတာပါ"

ပြောပြီး ချစ်မှန်းက လက်နှစ်ဖက်လုံးကို လက်ထိပ်ခတ်ဖို့ စခန်းမှူးထံ လက်နှစ်ချောင်းပူးပြီး ထိုးပေးလိုက်သည်။

စခန်းမှူးက . . .

"ခင်ဗျားကလည်း ကြာကူလီကောင်ကို ရှင်းလိုက်တာဆို တော်သေးရဲ့။ ခင်ဗျားမိန်းမကိုပါ သတ်လိုက်တော့ ပိုပြီးဆိုးသွားတာပေါ့"

"ကျုပ်က ဘယ်သူ့ကိုမှမသတ်ချင်ပါဘူး။ ကျုပ်က ဘုန်းကြီးကျောင်းမှာနေပြီး ကြီးလာခဲ့တဲ့ကောင်ဆိုတော့ ပုရွက်ဆိတ်တစ်ကောင်တောင် မသတ်ခဲ့ဘူး။ သူတို့နှစ်ယောက် အိမ်ထဲမှာ ကိုယ်တွေ့ကြုံတာတောင်မှ စိတ်ထိန်းပြီး 'ချို့မြရယ် . . . နင် ဒီလောက်တောင် ဖြစ်နေမှတော့ တို့သားအဖကိုထားခဲ့ပြီး နင့်အကောင်နဲ့လိုက်သွားပါ'လို့ပြောပြီး ဟိုကောင့်ကိုလည်း 'ပေစိ မင်း ဟာမကိုခေါ်သွားပေတော့'လို့ ထည့်နေတဲ့ကြားက မထင်မှတ်ဘဲ ကျုပ်တဲက ကျုပ်ရဲ့ထန်းလှီးဓားကြီးကို လှမ်းဆွဲပြီး ပေစိက ကျုပ်ကိုခုတ်ဖို့ ပြေးလာတာပါ"

စခန်းမှူးရော ကျွန်တော်ပါ မျက်လုံးပြူးသွားပြီး . . .

"ကျွန်တော်တို့ထင်သလို မဟုတ်ပါလား။ အိပ်ရာထဲမှာ ပက်ပင်းကြီးတွေ့လို့ ထရံမှာချိတ်ထားတဲ့ ထန်းလှီးဓားကိုဆွဲဖြုတ်ပြီး လှီးသတ်လိုက်တာလို့ ထင်နေတာ"

"အဲဒီလို မဟုတ်ရပါဘူး။ သူ့မှာလည်း မိန်းမနဲ့ ကလေးနဲ့ဆိုတော့ အခက်ကြုံလို့ပဲလား။ ဒါမှမဟုတ် ကျုပ်က သူ့ကိုသတ်မှာ ကြောက်လို့ပဲ လက်ဦးအောင် ထန်းလှီးဓားကြီးကိုဆွဲပြီး ကျုပ်ကိုခုတ်သတ်ဖို့ ပြေးလာတာ။ ကျုပ်ကကောင်းချင်တော့ ခလုတ်တိုက်ပြီး ဓားကြီးက ကျုပ်ခြေထောက်နားကျလာတာနဲ့ တစ်ပြိုင်နက် ကောက်ယူပြီး 'ဟေ့ကောင် ပေစိ၊ ပြောင်းပြန် ပြောင်းဆန်က စီးသတဲ့လားကွာ'လို့မေးပြီး တစ်ချက်တည်း စိတ်ရှိလက်ရှိကို ဖြတ်ချလိုက်တာ ခေါင်းနဲ့ကိုယ် တခြားစီပါပဲ"

"ဘုရား . . ဘုရား တစ်ချက်တည်းနော်။ တစ်ချက်တည်းဆိုရင်တော့ ပုဒ်မ(၃၀၄)ပဲဗျ"

"သူ့ဟာမကလည်း . . . သူ့အကောင်ကို သတ်မှာကြောက်လို့ ဆွဲဖို့ပြေးလာတာထင်ပါရဲ့။ မထူးတော့ပါဘူးဆိုပြီး လက်ခနဲတစ်ချက်တည်းပဲ၊ ခေါင်းနဲ့ကိုယ် တစ်ခြားစီပါပဲ။ ခေါင်းနှစ်လုံးက ကျုပ်ခြေထောက်နားမှာပဲရှိပေမယ့် ခေါင်းမပါတဲ့ ကိုယ်ကြီးနှစ်ခုစလုံးက သွေးရူးသွေးတန်းနဲ့ ပြေးသွားကြသေးတယ်။ ကျုပ်တဲက ခြံစည်းရိုးကာထားတဲ့ အကာနဲ့တိုက်မိတော့မှပဲ ဗိုင်းခနဲ လဲကျသွားတော့တာပဲ။ သေတဲ့အထိ မခွဲဘဲ နှစ်လောင်းပြိုင် ယှဉ်လျက်ပါပဲ။ သွားကြည့်ကြပါ။ အခုထိ ရှိနေဦးမှာပါ"

အလုပ်ကြမ်းနှင့်ထောင်ဒဏ် ကျခံခဲ့ရပါသည်။ မိဘသဖွယ်ဖြစ်သော ဆရာတော်နှင့် ကျွန်တော်တို့ သားအမိနှစ်ယောက် အပါအဝင် တစ်ရွာလုံးက ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါသည်။ လူမစွမ်း နတ်မသည် ဆိုရမည်။ နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာပြီး ဆရာတော်ဘုရားကျောင်းတွင် ဘုန်းကြီးဝတ်ကာ နေသွားတော့၏။


ညောင်ဦးခရိုင်တွင် ဖြစ်ခဲ့သော ဖြစ်ရပ်မှန်ကို ဇာတ်အိမ်ဖွဲ့ပါသည်။

ဗိုလ်ချို့မြေ-တင်တင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■ ဘသက်ဆွေ

# သေွးစွန်းသောလက်

ကျွန်တော့်ရုံးခန်းကို ဦးစိန်သော် ရောက်လာချိန်တွင် ကျွန်တော်သည် လက်သည်းညှပ်နေသောကြောင့် သူ့ကို ချက်ချင်းလက်ခံမတွေ့ဘဲ အခန်းအပြင်ဘက်တွင် စောင့်ခိုင်းထားလိုက်ရသည်။ ကိစ္စပြီးမှ အခန်းတွင်းသို့ ဝင်ခွင့်ပြုလိုက်၏။

"ထိုင်ပါ ခင်ဗျာ"

ကျွန်တော်က စိတ်မပါသလို ပြောလိုက်၏။

"ခင်ဗျားနာမည်ကို အရင်က ဟည်းက ကြားဖူးပါတယ် ဦးစိန်သော်။ အကျိုးဆောင်အတော်များများက ကျွန်တော့်ကို ပြောဖူးကြတယ်ခင်ဗျာ"

"ဖြစ်နိုင်ပါတယ်"

သူက မအံ့ဩလိုပြန်ပြောသည်။

"အခုလာတာ ခင်ဗျားဇနီးကိစ္စပဲ မဟုတ်လား"

"ဟုတ်ပါတယ် အမှုက ၁၉၇၉ ခုနှစ်က ဖြစ်ခဲ့တာပါ။ အဲဒီတုန်းက ကျွန်တော် အင်းစိန်မှာနေတယ်။ လူတစ်ယောက်က ကျွန်တော့်ဇနီးကို သတ်သွားတယ် . . ။ အရပ်မြင့်မြင့်၊ အသားညိုညို၊ ဗလကောင်းကောင်း လူတစ်ယောက်ပဲ။ သူ့ခေါင်းကဆံပင်ဟာ ရှပ်ပွနေတယ်။ ကျွန်တော် အိမ်ပြန်ရောက်သွားတော့ အဲဒီလူဟာ အိမ်နောက်ဖေးပေါက်က ပြေးထွက်သွားတယ်။ ရဲအဖွဲ့ဟာ လူသတ်သမားကို မိအောင်မဖမ်းနိုင်ခဲ့ဘူးဗျ"

"ကျွန်တော်နားလည်ပြီ။ ခင်ဗျား အခုအချိန်အထိ အဲဒီလူကို ဖမ်းချင်တဲ့ စိတ် ရှိတုန်းပဲမို့လား"

ဦးစိန်သော်က အသံထွက်အောင်ရယ်လိုက်၏။ ထို့နောက် မျက်နှာပြန်တည်သွား၏။ သူက အလေးအနက်ထားသော လေသံဖြင့်ပြော၏။

"အမှုဖြစ်တဲ့အချိန်ကစပြီး အဲဒီလူနောက်ကို ကျွန်တော်လိုက်နေတာပါ ဆရာ"

"ကောင်းပြီ"

ကျွန်တော်က စာရေးကပ်နှင့် ခဲတံကို အသင့်ပြင်လိုက်၏။

"ကျွန်တော့်ကို အဖြစ်အပျက် ပြောပြပါလား"

"ရဲအဖွဲ့က အဲဒီအမှုကို ပိတ်လိုက်ပါပြီ။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ဒီအမှုဟာ အမြဲရှင်သန်နေပါတယ် ဦးဇော်အောင်။ ကျွန်တော် ဘယ်တော့မှ လက်မလျှော့ဘူး။ ကျွန်တော့်နည်းကျွန်တော့်ဟန်နဲ့ အကျိုးဆောင် ၄၀ ဆီမှာ ကြိုးစားစုံစမ်း ထောက်လှမ်းခဲ့ပြီးပြီ။ ဘယ်သူမှ တရားခံကို မိအောင်မဖမ်းနိုင်ခဲ့ဘူး။ တချို့ဆိုရင် . . ."

ဦးစိန်သော် မျက်နှာမျက်သွား၏။ ပြောရမှာ အားနာဟန်ဖြင့် တုံ့ဆိုင်းနေ၏။

"ကျွန်တော့်ငွေကို ညာယူခဲ့ကြတယ် ဆရာ"

သူ့စကားအဆုံးတွင် ဦးစိန်သော်ကို ပြတ်ပြတ်သားသားပြောရန် ကျွန်တော်ဆုံးဖြတ်လိုက်၏။

"ဒီမှာဦးစိန်သော် ကျွန်တော်တို့ဟာ ငွေရဖို့ အလုပ်လုပ်နေကြတာပါ။ ခင်ဗျားကို အကူအညီမပေးနိုင်ဘူးထင်ရင် ကျွန်တော့်ကို အမှုမအပ်ပါနဲ့"

ဦးစိန်သော် မျက်နှာငယ်သွားရှာသည်။ ဤတွင် ကျွန်တော် စကားလွန်သွားမှန်း သိလိုက်၏။ အမှန်ဆိုရလျှင် ဦးစိန်သော်သည် ကျွန်တော့်ထံ အမှုလာအပ်သူဖြစ်သည်။ သူ့ကို ဤကဲ့သို့ မဆက်ဆံသင့်ပါ။ သူက လေသံပျော့ပျော့ဖြင့် ပြောလာသည်။

"ဆရာပဲ ကျွန်တော့်ကို ကူညီနိုင်မှာပါခင်ဗျာ"

သူက ဆက်ပြောသည်။

"ဆရာတတ်နိုင်မှာပါ။ ဘာကြောင့်လဲဆိုတော့ အဲဒီလူကို ကျွန်တော်ရှာတွေ့နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ခဲတံကို လွှတ်ချလိုက်မိ၏။

"ဒါဆို ကျွန်တော် ဘာမှလုပ်စရာ မလိုတော့ဘူးပေါ့။ ရဲအဖွဲ့ကို အကြောင်းကြားပြီး ဖမ်းလိုက်ပါလားဗျာ"

"ရဲအဖွဲ့က ဒီအမှုကို စိတ်မဝင်စားတော့ဘူး။ အမှုဖြစ်တာ နှစ်တွေအများကြီး ကြာသွားပြီဆရာရဲ့"

"အင်း . . ကဲပါလေ ဆက်ပြောပါဦး"

"တစ်ခုတော့ရှိတယ်ဆရာ။ အဲဒီလူဟာ လူသတ်သမားလို့ ကျွန်တော်ကိုယ်တိုင် တိတိကျကျ အတပ်မပြောနိုင်တော့ဘူး။ သူဟာ ရုပ်ပြောင်းသွားပြီ။ ဆံပင်ပုံစံလည်း ပြောင်းသွားပြီ။ ဝဖိုင့်ပြီး အသက်ကြီးနေပြီ။ ဒါပေမယ့် သူဟာ လူသတ်သမားဖြစ်ဖို့ကတော့ သေချာပါတယ် ဆရာ"

"ဘာကြောင့် သူ့ကို လူသတ်သမားလို့ ခင်ဗျား ပြောနိုင်ရတာလဲ ဦးစိန်သော်"

"ဘာကြောင့်လဲဆိုရင်"

ဦးစိန်သော်၏ မျက်လုံးများသည် စိတ်အားထက်သန်မှုကြောင့် အရောင်တောက်လာ၏။

"အဲဒီလူရဲ့မျက်နှာမှာ ကန့်လန့်ဖြတ် အမာရွတ်ရှိတယ်။ ဒီနေရာမှာ"

ဦးစိန်သော်က သူ့နဖူးကို လက်ဖြင့်ထောက်ပြ၏။

"ကျွန်တော်ဟာ စားသောက်ဆိုင်တစ်ဆိုင်မှာ သူနဲ့မမျှော်လင့်ဘဲ ဆုံခဲ့တယ် ခင်ဗျ"

"ခင်ဗျားပြောတဲ့အချက်ဟာ ဥပဒေအရဆိုရင် မခိုင်မာဘူး ဦးစိန်သော်ရဲ့။ ခင်ဗျားတစ်ယောက်တည်း သူ့ကို သိတာကိုး"

"ဟုတ်ပါတယ် ကျွန်တော့်ကို အကူအညီတစ်ခုပေးပါလား ဆရာဦးဇော်အောင်"

"ပြောပါဦး ကျွန်တော်က ဘယ်လိုကူညီရမှာလဲလို့"

"ကျွန်တော် အဲဒီလူနဲ့တွေ့ချင်တယ်။ သူနဲ့ကျွန်တော် တွေ့နိုင်အောင် ခင်ဗျားစီစဉ်ပေးပါလား ဆရာ"

"ဘာကိစ္စနဲ့တွေ့ချင်တာလဲ ဦးစိန်သော်"

ကျွန်တော် မတ်တတ်ရပ်လိုက်ရင်း အပြတ်ပြောချလိုက်မိသည်။

"ဒီမှာ ဦးစိန်သော်၊ ကျွန်တော် ဒီအမှုကို စိတ်မဝင်စားဘူးဗျာ"

ဦးစိန်သော်မျက်နှာ ညှိုးငယ်သွား၏။

"ကျေးဇူးပြုပြီး ကူညီပါ ဦးဇော်အောင်။ ကျွန်တော် ဒီလူနဲ့တွေ့ချင်ပါတယ်။ ဒါမှ လူသတ်သမားဟုတ်မဟုတ် သေချာအောင် ဆုံးဖြတ်နိုင်မှာမို့ပါ"

"ဒီကိစ္စဟာ အန္တရာယ်ရှိတယ် ဦးစိန်သော်။ သူဟာ ခင်ဗျားဇနီးကို သတ်တဲ့ လူသတ်သမားဖြစ်ခဲ့ရင် သူကလည်း ခင်ဗျားဟာ . . ."

"ဒီကိစ္စဟာ ဆရာကူညီနိုင်တဲ့ အလုပ်ပါခင်ဗျား။ သူနဲ့တွေ့ခွင့်ရအောင်သာ ဆောင်ရွက်ပေးရုံပါ။ သူ့ကို ကျွန်တော့်နာမည်ကိုလည်း မပြောလိုက်ပါနဲ့ ခင်ဗျား"

ကျွန်တော်သည် ကုလားထိုင်တွင် ပြန်ထိုင်ပြီး သက်ပြင်းချလိုက်၏။ ဤအမှုမှာ ရက်သတ္တနှစ်ပတ်အတွင်း ပထမဆုံးရောက်လာသောအမှုဖြစ်၏။ ကျွန်တော့်မှာ ရွေးချယ်ခွင့်မရှိပါ။ ကျွန်တော့်ရုံးခန်းလခ မပေးနိုင်သည်မှာ ကြာလှပြီ။

"ကောင်းပါပြီ အဖြစ်အပျက်ကို ပြောပြပါတော့"

* * *

ဦးစိန်သော်သည် အရက်ဖန်ခွက်ကို စားပွဲပေါ် သို့ပြန်ချပြီး စားပွဲခုံသို့ လျှောက်သွား၏။ အံဆွဲကိုဖွင့်၍ အတွင်းမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်သည်။ ဒသမသုံးဆယ့်နှစ် ဇော်တိုမက်တစ် ပြောင်းတို သေနတ်တစ်လက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အနော်ရထာလမ်းပေါ်ရှိ စားသောက်ဆိုင်တွင် ကျွန်တော်ရောက်နေ၏။ ဦးစိန်သော်ရောက်လာချိန်တွင် ကျွန်တော်စားသောက်ပြီးချေပြီ။ သူသည် ကျွန်တော်နှင့် မျက်စောင်းထိုးစားပွဲတွင် ဝင်ထိုင်ပြီး စားပွဲထိုးအား အစားအသောက်များ မှာနေ၏။

ကျွန်တော်သည် ဘရန်ဒီကို အရသာခံ၍သောက်ရင်း ဆိုင်တံခါးဝသို့ စောင့်ကြည့်နေခဲ့၏။ မကြာခင် အရပ်မြင့်မြင့်နှင့် ထွားကြိုင်းသောလူတစ်ယောက် ဝင်လာ၏။ သူ့မျက်နှာမှာ ခပ်တင်းတင်း၊ ငယ်ထိပ်တွင် ဆံပင်ပါးလျားနေ၏။ မျက်လုံးအိမ်ကျဉ်းသော်လည်း သေးငယ်သောမျက်လုံးများမှာ စူးရှတောက်ပြောင်လှ၏၊ ပြောင်တင်းသောနဖူးပေါ်တွင် ကနွဲ့လန့်ငြုတ်အမာရွတ်တစ်ခုကို ထင်ရှားစွာတွေ့ရ၏။ ဦးစိန်သော်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး နေ့လယ်စာကို ငုံ့စားနေ၏။ ကျွန်တော်တို့ စောင့်နေသည်မှာ ထိုသူပင်ဖြစ်တော့၏။

ထိုလူသည် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်ပြီးနောက် စားပွဲထိုးအား အစားအသောက်များ မှာနေ၏။ ထို့နောက် သတင်းစာကို ထုတ်ဖတ်နေ၏။ အစားအသောက်များ ရောက်လာသော်လည်း ထိုသူသည် သတင်းစာကို ဆက်ဖတ်နေဆဲပင်။ ထိုလူစားမျိုးကို တိုက်ရိုက်သွား၍ ဆက်ဆံပါက သင်္ကာမကင်းဖြစ်မှာ သေချာ၏။

ကျွန်တော်သည် ထိုလူ စားသောက်ပြီးအောင် စောင့်နေခဲ့၏။ သူဆိုင်မှ ပြန်ထွက်သွားချိန်တွင်မှ နောက်မှကပ်လိုက်သွား၏။

ထိုလူသည် မောင်ထော်လေးလမ်း(--)အတွင်းရှိ ခါတ်ပြားကုမ္ပဏီတစ်ခုအတွင်းသို့ ဝင်သွား၏။ ဤတွင် ကျွန်တော်အသုံးချရမည့် နည်းလမ်းကို အကြံရလာခဲ့၏။ ဂီတနှင့်ပတ်သက်၍ ကျွန်တော်၌ အသင့်အတင့် ဗဟုသုတ ရှိပါသည်။

ထိုလူက အရောင်းစာရေးအား ဇာတ်မင်းသား ဂရိတ်ဦးဖိုးစိန်ကြီး၏ ခါတ်ပြားများရှိမရှိ မေးနေသံကြားရ၏။ ထိုအချိန်တွင် ကျွန်တော်သည် ခါတ်ပြားများကို လျှောက်ကြည့်နေခဲ့၏။ ထို့နောက် သူ့ထံလျှောက်သွားပြီး . . .

"ဦးအောင်မောင်းကြီးရဲ့ ပန်းပဲမောင်တင့်တယ်ခါတ်ပြားရှိပါသလား"

ဟု မေးလိုက်၏။

"ခင်ဗျား လူမှားနေပြီဗျ"

ထိုသူက လေသံအေးအေးဖြင့် ပြန်ပြော၏။

"ကျွန်တော်လည်း ခါတ်ပြားလာဝယ်သူတစ်ယောက်ပါ"

ကျွန်တော် အားနာဟန်ဖြင့် -

"ဆောရီး"

ဟုတောင်းပန်ပြီး လှည့်ထွက်မည်ပြုလုပ်လိုက်၏။ ထို့နောက် သူ့လက်ထဲမှခါတ်ပြားများကို စိုက်ကြည့်လိုက်၏။

"ဟာ ဦးစိန်အောင်မောင်းရဲ့ ချင်းဖဝေးပါလား။ အဲဒီခါတ်ပြားဟာ မင်းသမီးကြီး ဒေါ်ဗလပြန်နဲ့တွဲပြီး ခါတ်ပြားသွင်းထားတာ မဟုတ်လား"

"မပြောတတ်ဘူး။ ကျွန်တော်လည်း သေသေချာချာမသိဘူး"

ထိုလူက ကျွန်တော့်ကို ထူးဆန်းသလိုကြည့်ပြီးပြော၏။

"ဒေါ်ဗလပြန်ကို သဘောကျလို့ ဝယ်လာတာ။ ခါတ်စက်ဖွင့်ကြည့်မှပဲ သိမယ်"

"ဦးစိန်အောင်မင်းရဲ့ နောက်ပိုင်းဇာတ်ထုပ် ခါတ်ပြားတွေ ကျွန်တော့်ဆီမှာ အများကြီးရှိပါတယ်"

ကျွန်တော်က ပြောပြ၏။

"ခင်ဗျား ဇာတ်သဘင်ဝါသနာပါသလား"

ထိုလူက မေး၏။

"ပွဲကြည့်တာ ဝါသနာမပါဘူး။ နောက်ပိုင်းဇာတ်ထုပ်ခါတ်ပြားတွေ ဖွင့်ပြီး နားထောင်ရတာကိုတော့ သဘောကျတယ်။ ကျွန်တော့်မှာ ဇာတ်ထုပ်ခါတ်ပြားတွေ အများကြီးရှိတယ်။ ဦးအောင်မောင်းကြီးရဲ့ ပန်းပဲမောင်တင့်တယ်၊ ဆင်ကဲဘို့မယ်၊ အာဇာနည်လှကြည်ရဲ့ မေခါဝီ၊ ဦးစိန်အောင်မင်းရဲ့ မောင်မစ္စပ၊ စိန်ဗေဒါကြီးရဲ့ ဆိုင်းတီးလုံးတွေသွင်းထားတဲ့ ခါတ်ပြား၊ ဂရိတ်ဦးဖိုးစိန်ရဲ့ ခါတ်ပြားတွေလည်း ရှိတယ်ဗျ"

ထိုလူမှာ အလွန်အံ့ဩနေ၏။

"ဟုတ်လား . . . အဲဒီခါတ်ပြားတွေ ဘယ်မှာဝယ်လို့ရနိုင်သလဲဗျာ"

ငါးသည် ငါးစာတွင် လာမှာ်လေပြီ။ သူ့မျက်နှာပေါ်တွင် စိတ်အား

www.burmeseclassic.com

ထက်သန်မှု အထင်းသားပေါ်နေ၏။ ကျွန်တော် ခေါင်းယမ်းလိုက်၏။

"အခု အဲဒီလိုဓာတ်ပြားတွေ ဝယ်မရတော့ဘူး။ ကျွန်တော်လည်း ဓာတ်စက်သမားတစ်ယောက်ဆီက ပြန်ဝယ်ထားရတာ"

ကျွန်တော်က ပြောလိုက်၏။ ထို့နောက် စိတ်ညစ်သွားဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်၏။

"ဒုက္ခပါပဲဗျာ။ ကျွန်တော့်မှာ စုဆောင်းထားတဲ့ ဇာတ်ထုပ်ဓာတ်ပြားတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ငွေရေးကြေးရေး အခက်အခဲရှိနေလို့ ဒီဓာတ်ပြားတွေ ပြန်ရောင်းရမလို ဖြစ်နေပြီ။ လိုချင်တဲ့လူရှိရင် စပ်ပေးစမ်းပါ။ သင်တင့်ဈေးနဲ့ရောင်းမှာပါ"

သူ မျက်လုံးပြူးသွား၏။

"ဓာတ်ပြားသမားတွေနဲ့ ဓာတ်ပြားဆိုင်တွေကိုရောင်းရင် ဈေးနှိမ်ဝယ်ကြမှာပေါ့။ ဒီလိုဓာတ်ပြားတွေကို နားထောင်ဖို့ ဝါသနာပါတဲ့လူကို ရောင်းသင့်တာပေါ့"

"ခင်ဗျားပြောတာ ဟုတ်ပါတယ်။ ဒါပေမယ့် ဘယ်သူက ဝယ်မှာတဲ့လဲ။ အဲဒီလိုလူမျိုးလည်း တွေ့ဦးမှကိုး"

သူ့မျက်နှာ ပြုံးရွှင်သွား၏။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်သည် စားသောက်ဆိုင်တစ်ခုသို့ သွား၍ ဘီယာစားသောက်ရင်း ခေတ်ဟောင်းဓာတ်ပြားများအကြောင်း ပြောဆိုဖြစ်ကြသည်။ သူ့နာမည်မှာ ဦးကျော်စွာဖြစ်ကြောင်းသိရပြီး လူချင်းခွဲခါနီးတွင် ထိုည ၈ နာရီ၌ မြို့တွင်းရှိ တိုက်ခန်းတစ်ခန်းသို့ သူလာခဲ့ရန် ချိန်းလိုက်၏။

ကျွန်တော် ရုံးခန်းသို့ပြန်ရောက်သည်နှင့် ဦးစိန်သော်ထံသို့ တယ်လီဖုန်းဆက်၍ အစီအစဉ်ကို ပြောပြလိုက်သည်။ သူက ကျွန်တော့်စကားကို စိတ်မဝင်စားဘဲ သူ့အခန်းသို့လာရန်သာ ပြောနေ၏. ကျွန်တော့်စိတ်ထဲတွင် အောင့်သက်သက်ဖြစ်သွား၏။ သို့သော် သူသည် ကျွန်တော်အမှုသည် မဟုတ်ပါလား။

**ဦးစိန်သော်အကြောင်းကို စဉ်းစားနေမိသည်။ သူ့ဇနီးအတွက် လက်စားချေလိုစိတ် ပြင်းပြနေသောသူ့ကို အပြစ်မတင်ရက်ပါ။ တစ်ဖက်မှလည်း မကြာခင် သေနတ်ပစ်ခံရပြီး သေဆုံးရမည့် ဦးကျော်စွာကို သနားမိ၏။**

ကျွန်တော် သူ့အခန်းသို့ရောက်သွားသောအခါ အရက်သောက်နေသည်ကို တွေ့ရ၏။

"အားလုံးစီစဉ်ပြီးပြီလား"

ဦးစိန်သော်က အရက်ဖန်ခွက်ကို ကောက်ကိုင်ရင်း မေး၏။

"သူလာမှာတော့ သေချာတယ်နော်"

"သူလာမှာပါ ဇာတ်ထုပ်ဓာတ်ပြားတွေ လာကြည့်လိမ့်မယ်"

ကျွန်တော်က ဦးစိန်သော်အား အစီအစဉ်ပြောပြလိုက်၏။ ဦးစိန်သော် စိတ်မဝင်စားပါ။ အရက်ဖန်ခွက်ကိုသာ စိုက်ကြည့်နေ၏။ သူ့မျက်နှာမှာ သွေးမရှိသလို ဖြူရော်နေ၏။

"ဒီအဖြစ်အပျက်က ကြာခဲ့ပြီ"

ဦးစိန်သော်က ဆွေးမြေ့စွာ ပြော၏။

"နှစ်တွေအများကြီး ခြားသွားပြီ"

"ငွေလည်း အများကြီးကုန်ခဲ့ပြီမဟုတ်လား"

ကျွန်တော်က ဝင်ပြောလိုက်သည်။

"ဒီအမှုအတွက် ခင်ဗျားငွေတွေ အများကြီးကုန်ခဲ့ရပြီမဟုတ်လား ဦးစိန်သော်"

"ဟုတ်တယ်"

သူက ဆက်ပြောသည်။

"ငွေသောင်းနဲ့ချီပြီး ကုန်ခဲ့ပြီ။ လူတွေငှားပြီး စုံစမ်းခိုင်းပေမယ့် အလကားပဲ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သူ့ကို စိုက်ကြည့်လိုက်၏။

"ကျွန်တော့်ကိုခေါ်တာ ဘာပြောချင်လို့လဲ ဦးစိန်သော်"

"ကျွန်တော့်ကို အကူအညီပေးဖို့ပါ"

"ဘာကိုလဲဗျ"

ဦးစိန်သော်သည် အရက်ဖန်ခွက်ကို စားပွဲပေါ်သို့ပြန်ချပြီး စားပွဲဆီသို့ လျှောက်သွား၏။ အံဆွဲကိုဖွင့်၍ အတွင်းမှအရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်သည်။ ဒဿမသုံးဆယ့်နှပ် အော်တိုမက်တစ် ပြောင်းတို သေနတ်တစ်လက် ဖြစ်နေသည်။

"ကောင်းတယ်"

ကျွန်တော်က ပြောလိုက်ရ၏။

"ခင်ဗျားအတွက် အကာအကွယ်လိုပါတယ် ဦးစိန်သော်"

"ဒီသေနတ်ကို ခင်ဗျားယူထားပါ ဦးဇော်အောင်"

"ဘယ်လိုဗျ"

"ဒီသေနတ်ကို ယူထားပါ။ ကျွန်တော် သေနတ်အကြောင်းကို နားမလည်ဘူး။ သေနတ်ကိုကြောက်တယ်"

"ဒါဆို သေနတ်ကို ဘာလုပ်ဖို့လဲဗျာ"

ဦးစိန်သော် ခေါင်းငုံ့သွား၏။ ထို့နောက် လေသံတိုးတိုးဖြင့် ပြော၏။

"ကျွန်တော့်ကိုယ်စား ပစ်ခတ်ပေးဖို့ပေါ့။ ကျွန်တော် သေနတ်မပစ်တတ်ပါဘူးဗျာ"

ဦးစိန်သော်က ကျွန်တော့်ကို သေနတ်လှမ်းပေး၏။ ကျွန်တော် မယူခဲ့ပါ။

"ဒီမှာ ဦးစိန်သော် သူ့ကိုဖမ်းဖို့ ရဲအဖွဲ့ကို အကြောင်းကြားသင့်တယ်။ သူဟာ ခင်ဗျားဇနီးသတ်တဲ့ လူသတ်သမားဆိုတာ သေချာဖို့တော့ လိုတာပေါ့ဗျာ"

"ကျွန်တော့်ကို တရားမဟောပါနဲ့။ ခင်ဗျားကို ကျွန်တော် အလုပ်အပ် ထားတာပါ။ ဒီလူဟာ ကမ္ဘာပေါ်မှာ ကျွန်တော်အမြတ်နိုးဆုံးလူကို သတ်ပစ်ခဲ့တယ်။ ကျွန်တော့်ကိုယ်စား သူ့ကို လက်စားချေပေးပါ။ ခင်ဗျားကို ငွေတစ်သိန်းပေးမယ်"

ကျွန်တော် ခြေဖျားလက်ဖျား အေးသွား၏။

"ငွေတစ်သိန်း"

"ဟုတ်တယ်။ ဘာမှအခက်အခဲမရှိဘူး။ ကာကွယ်ခုခံမှုပဲဗျာ။ ကျွန်တော့်ကိုကာကွယ်ဖို့ ခင်ဗျားကို ငှားထားတယ်။ သူက ကျွန်တော့်အသက်ကို ရန်ရှာတယ်၊ ဒါပါပဲ ခင်ဗျား သဘောပေါက်ပြီလား ဦးဇော်အောင်"

"ဟုတ်ကဲ့ ကျွန်တော် ကောင်းကောင်းသဘောပေါက်ပါပြီ။ ဒါပေမယ့် ကျွန်တော် လက်မခံနိုင်ဘူး။ ဒါဟာ ကျွန်တော့်အလုပ် မဟုတ်ဘူး"

ဦးစိန်သော်က သေနတ်ကို ပြန်ရုပ်လိုက်၏။ သူ့အသွင်မှာ ဒေါသအလွန်ထွက်နေပုံပင် ဖြစ်သည်။

"ကောင်းပြီလေ . . . ခင်ဗျား သဘောပါပဲ"

"ခင်ဗျားသေသေချာချာ စဉ်းစားပါ ဦးစိန်သော်။ ဘာကြောင့်ပဲ သတ်သတ် လူသတ်မှုဟာ လူသတ်မှုပဲဗျ"

ဦးစိန်သော်သည် စားပွဲအံဆွဲကို ဖွင့်၍ ငွေစက္ကူတစ်ထပ်ကို ထုတ်ယူလိုက်၏။ ထို့နောက် ကျွန်တော့်ငှားယမ်းခကို အတိအကျ ရေတွက်ပေးတော့သည်။

"ကျေးဇူးတင်ပါတယ် ဦးစိန်သော်"

ကျွန်တော် တံခါးဖွင့်လိုက်၏။ ထို့နောက် သူ့ကို လှည့်မေးလိုက်၏။

"ခင်ဗျား သူ့ကို တကယ်သတ်မှာလား"

"ဟုတ်တယ်၊ သေသေချာချာပေါ့ဗျာ"

တံခါးပြန်ပိတ်ပြီး ကျွန်တော် ထွက်လာခဲ့၏။

* * *

ကျွန်တော့်ရုံးခန်းသို့ ပြန်ရောက်ရောက်ချင်း ထိုအမှုအတွက် အစီရင်ခံစာကို လက်နှိပ်စက်ရိုက်လိုက်၏။ ထို့နောက် ကုလားထိုင်ပေါ်တွင်ထိုင်၍ ဦးစိန်သော်အကြောင်းကို စဉ်းစားနေမိသည်။ သူ့ဇနီးအတွက် လက်စားချေလို စိတ်ပြင်းပြနေသောသူ့ကို အပြစ်မတင်ရက်ပါ . . ။ တစ်ဖက်မှလည်း မကြာခင် သေနတ်ပစ်ခံရပြီး သေဆုံးရမည့် ဦးကျော်စွာကို သနားမိ၏။ ကျွန်တော်သည် ငွေကြေးအတွက် လူတစ်ယောက်အား သေလမ်းသို့ပို့လိုက်ရသလို ဖြစ်နေကြောင်း ခံစားနေမိ၏။

www.burmeseclassic.com

ည ၇ နာရီတွင် ကျွန်တော် စားသောက်ဆိုင်သို့ ထွက်လာခဲ့၏။ ညစာစားလိုစိတ်မရှိသဖြင့် လက်ဖက်ရည်နှင့်မုန့်တစ်ခုကို မှာစားခဲ့၏။ ဆိုင်တွင် တစ်နာရီခန့်ကြာအောင် ထိုင်နေခဲ့၏။

ထို့နောက် မြို့ထဲသို့ထွက်လာခဲ့၏။ ရည်ရွယ်ချက်မရှိသော်လည်း ခြေလှမ်းများသည် ဦးစိန်သော်၏ တိုက်ခန်းဆီသို့ ဦးတည်မိခဲ့၏။

ကျွန်တော်သည် လမ်းဘေး အမှောင်ရိပ်တွင် ရပ်နေခဲ့၏။

လက်မှနာရီကို တကြည့်ကြည့် လုပ်နေမိ၏။ ၈ နာရီ ၂၅ မိနစ်။ ထိုအခိုက် လမ်းထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့ရသည်။ ကျွန်တော်သည် အမှောင်ရိပ်ပိုကျနေသောနေရာသို့ တိုးရွှေ့လာခဲ့၏။ ဇာတ်ထုတ်ခတ်ပြားများကို နှစ်သက်သော လူထွားကြီးသည် သူ့သေမင်းရှိရာသို့ လာနေလေပြီ။

ဦးကျော်စွာသည် တိုက်နံပါတ်ကို မော့ကြည့်ပြီးနောက် လှေကား အတိုင်း တက်သွား၏။

ကျွန်တော်သည် စီးကရက်ကို တစ်ဝက်ခန့်ကျအောင် သောက်ရင်း ဘာလုပ်သင့်သည်ကို အမြန်ဆုံးစဉ်းစားနေခဲ့၏။ ထို့နောက် ဆုံးဖြတ်ချက်ချလိုက်၏။ စီးကရက်ကို လမ်းပေါ်သို့ ပစ်ချပြီး တိုက်ခန်းဆီသို့လျှောက်လာခဲ့၏။ လှေကားထစ်များကို ခပ်သွက်သွက်နင်း၍ တတိယထပ်သို့ တက်လာခဲ့၏။ ပိတ်ထားသော တံခါးရှေ့

ဦးစိန်သော်သည်
ကျွန်တော့်နောက်တွင်
ရပ်နေ၏။ သူ့ကို
အကာအကွယ်ပေးဖို့
တကွတ်ကွတ်
တောင်းပန်နေ၏။
သေနတ်ကို
ကျွန်တော့်လက်ထဲသို့
ထည့်ပေး၏။
ဦးကျော်စွာက
လဲနေရာမှ
သေနတ်ဖြင့်
လှမ်းပစ်၏။

---

တွင်ရပ်၍ အတွင်းမှအသံကို နားထောင်လိုက်၏။ တံခါး၏တစ်ဖက်တွင် စိတ်ချောက်ချားဖွယ်ကောင်းအောင် တိတ်ဆိတ်နေ၏။ အခန်းတွင်းမှလူများသည် ဇာတ်ထုပ်ခတ်ပြားများအကြောင်းကို ပြောနေကြမည် မထင်ပါ။

နှစ်မိနစ်ခန့်ကြာသွား၏။ ယခုတိုင် ဘာသံမှမကြားကြရပေ။

ထို့နောက် "ဒိုင်း"ခနဲသေနတ်သံ ထွက်လာ၏။ ကျွန်တော်သည် နောက်သို့ဆုတ်၍ ပခုံးဖြင့်တံခါးကို ပြေးတိုက်လိုက်၏။ ပထမအကြိမ် မအောင်မြင်ပါ။ ဒုတိယအကြိမ် ထပ်တိုက်ရ၏။ မအောင်မြင်ပါ။ တတိယအကြိမ်တွင် တံခါးနှင့်ပို၍ဝေးအောင် ဆုတ်ပြီး အရှိန်နှင့်ပြေးတိုက်လိုက်၏။ ထိုအခါကျမှ တံခါးကျိုးပြီး ပွင့်သွား၏။ အခန်းမျက်နှာကြက်မှ မီးသီးတစ်လုံး လင်းနေ၏။ ကြောက်ရွံ့နေသော ဦးစိန်သော်၏မျက်နှာကို ဦးစွာမြင်ရ၏။ သူသည် အခန်းနံရံကို မှီရပ်နေ၏။ လက်ထဲတွင် ဒသမ ၃၂ သေနတ်ကိုကိုင်ထား၏။ ကျွန်တော့်ခြေရင်းတွင် လူတစ်ယောက် လဲကျနေ၏။ ဦးကျော်စွာပင် ဖြစ်ပါသည်။ သို့သော် မသေသေးပါ။ သူသည် ငါးတစ်ကောင်ကဲ့သို့ လူးလွန့်နေ၏။ ပါးစပ်မှ ကြိမ်းဝါးနေ၏။ သူ့လက်ကို ကုတ်အကျႌအတွင်းသို့ နှိုက်ဖို့ကြိုးစားနေ၏။ သူဘာလုပ်နေသည် ကျွန်တော် သိသည်။

ဦးစိန်သော်သည် သေနတ်ကို လက်နှစ်ဖက်ဖြင့်ဆုပ်၍ ရှေ့သို့ဆန့်တန်းလိုက်၏။

"မပစ်နဲ့"

ကျွန်တော် အော်လိုက်၏။ သူ နားမထောင်ပါ။ ကျွန်တော်သည် ဦးစိန်သော်ကိုကျော်၍ လွှားခုန်အုပ်ပြီး သူ့သေနတ်ကို ပုတ်ထုတ်လိုက်၏။ သေနတ်မဲ့သွားသဖြင့် ဦးစိန်သော် စိတ်ဓာတ်ကျသွား၏။ နံရံခြေရင်းတွင်

www.burmeseclassic.com

ထိုင်ချပြီး မျက်နှာကို လက်နှစ် ဖက်ဖြင့် အုပ်ထား၏။

"ခင်ဗျားဖယ်ပါ"

ဦးကျော်စွာက အော်ပြော၏။ သူ့လက်ထဲတွင် သေနတ်တစ်လက် ရောက်နေ၏။

"ဒီလူ့ကို ကျွန်တော်သတ်မယ်"

"ခင်ဗျားဒဏ်ရာ မပြင်းပါဘူး မိတ်ဆွေ"

ကျွန်တော်က ဦးကျော်စွာကို ဖျောင်းဖျလိုက်၏။

"ခြေထောက်ကို ထိသွားတာပါ။ အခြေအနေပိုဆိုးအောင် မလုပ်ပါနဲ့တော့ဗျာ"

"ခင်ဗျား ဖယ်ပေးပါ"

ဦးစိန်သော်သည် ကျွန်တော့် နောက်တွင် ရပ်နေ၏။ သူ့ကို အကာအကွယ်ပေးဖို့ တတွတ်တွတ်တောင်းပန်နေ၏။ သေနတ်ကို ကျွန်တော့် လက်ထဲသို့ထည့်ပေး၏။ ဦးကျော်စွာက လဲနေရာမှ သေနတ်ဖြင့် လှမ်းပစ်၏။ ကျည်ဆန်သည် ကျွန်တော်တို့ နောက်မှ နံရံကို ထိသွား၏။

"ပစ်ပါ ဦးဇော်အောင်၊ သူ့ကို ပစ်သတ်လိုက်ပါ။ သူဟာ လူသတ်သမား"

ဦးကျော်စွာအား ပစ်ခတ်ခြင်းဖြင့် ကျွန်တော် ဒုက္ခမရောက်နိုင်ကြောင်း သိပါသည်။ သို့သော် ဒဏ်ရာဖြင့်လဲကျနေသူကို သေနတ်ဖြင့် မပစ်ရက်တော့ပါ။

ထိုအခိုက် ဦးစိန်သော်သည် ကျွန်တော့်လက်ထဲမှ သေနတ်ကိုပြန်ယူဖို့ ကြိုးစားတော့၏။ သူ့လက်တွင်းသို့ သေနတ်အပါမခံနိုင်သော ကျွန်တော်က သူ့ကို တွန်းဖယ်လိုက်၏။ ဦးစိန်သော် ဘေးသို့ရောက်သွားစဉ် ဦးကျော်စွာပစ် လိုက်သောကျည်ဆန်က သူ့ကိုယ်ကို ဖောက်ထွင်းသွား၏။ ဦးစိန်သော်အား ထိုသို့ဖြစ်စေရန် ကျွန်တော် မရည်ရွယ်ပါ။ သူသည် ကြမ်းပေါ်သို့ တဖြည်းဖြည်း လဲကျသွားတော့၏။

ကျွန်တော် မတတ်နိုင်တော့ပါ။ သေနတ်မောင်းကိုဆွဲလိုက်ရ၏။ ထို့ကြောင့် ဦးကျော်စွာ၏လက်မှသေနတ် လွင့်စင်သွား၏။ သူ နာကျင်စွာအော်လိုက်၏။ လက်မောင်းမှသွေးများ ပန်းထွက်လာ၏။ နာကျင်လွန်းသဖြင့် မျက်နှာရှုံ့မဲ့နေ၏။

ကျွန်တော် ဦးကျော်စွာကို ငုံ့ကြည့်လိုက်၏။

"ခင်ဗျား စကားပြောနိုင်လား"

သူခေါင်းညိတ်ပြ၏။

"ခင်ဗျား သူ့ကိုသိသလား"

ကျွန်တော်က မေး၏။

"သူ့ကို မှတ်မိသလား"

"သိတယ်။ ၁၉၄၈ ခုနှစ်ကစပြီး သိတယ်"

"သူ့ဇနီးကို ခင်ဗျားသတ်တယ် မဟုတ်လား"

ဦးကျော်စွာက ကျွန်တော့်ကို စူးစမ်းသလို ကြည့်နေ၏။

"ခင်ဗျား ဘယ်သူလဲ၊ ရဲဘက်ကလား"

ဟု မေးလာသည်။

"မဟုတ်ဘူး ကျွန်တော်က သူ့အကျိုးဆောင် ဇော်အောင်ပါ"

ဦးကျော်စွာသည် ဝေဒနာခံစားနေရသည့်ကြားမှ အသံထွက်ပြီး ရယ်နေ၏။

"ဘာများ သဘောကျလို့လဲဗျာ"

ကျွန်တော်က မေး၏။

"ဒီလူက သူ့လက်ကို သွေးစွန်းမှာ သိပ်စိုးတယ်။ သူ့လက်ကို အမြဲတမ်း သန့်ရှင်းအောင်ထားခဲ့တယ်။ သူ့ကိုယ်စား အခြားလူတစ်ယောက်ကို ခိုင်းလေ့ရှိတယ်"

"ခင်ဗျား ဘာတွေပြောနေတာလဲ ဦးကျော်စွာ"

"သူ ကျွန်တော့်ကို ငှားခဲ့တာပါ။ သူ့အပေါ် သစ္စာမဲ့တဲ့သူ့ဇနီးကို သတ်ပေးဖို့ ကျွန်တော့်ကိုငှားခဲ့တယ်။ ပြီးတော့ ရန်ကုန်တစ်မြို့လုံးက လူတွေ ငှားပြီး ကျွန်တော့်နောက်ကို အလိုက်ခိုင်းခဲ့တယ်"

ကျွန်တော်သည် ဦးစိန်သော်ဆီသို့သွားပြီး ငုံ့ကြည့်လိုက်၏။ အသက်ငွေ့ငွေ့ ရှိသေး၏။ ဒဏ်ရာကို လက်နှစ်ဖက်ဖြင့်အုပ်ထား၏။ လက်ချောင်းများအကြားမှ သွေးများစိမ့်ထွက်နေ၏။ ပြဿနာကို ရှင်းနိုင်သည်အထိတော့ အသက်ရှင်နိုင်ပါသေးသည်။ ပြောစရာရှိသည်မှာ အခုတော့ သွေးစွန်းမည် ကြောက်သော သူ့လက်များ မသန့်ရှင်းတော့ခြင်းပင်ဖြစ်ပါသတည်း။

---

ဘသက်ထွေ

---

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သက်ကြွေပွင့်ကြွေ

မြမြလှိုင်

မှန်ထဲတွင် တွေ့ရသော မိမိ၏ ရုပ်သွင်ကို ပိုပြီး ထင်သာမြင်သာရှိအောင် အနားကပ်ပြီး ကြည့်သည်။ သေသေချာချာကြည့်သည်။ အရေးထဲ အမေဝယ်ပေးထားသည့် မှန်ချပ်က သူ့အတွက် သေးနေသည်။ မျက်နှာကို ကြည့်လျှင် ခန္ဓာကိုယ်ကို မမြင်ရ။ မှန်ကိုင်ပြီး နေရာကို ဟိုဟိုသည်သည် ရွှေ့နေရသည်။ တစ်အိမ်လုံး နေရာအနှံ့က ဖြူလဲ့မွန်၏ မှန်ကြည့်သည့်နေရာတွေ ဖြစ်သည်။ ပေနှစ်ဆယ် × ပေခြောက်ဆယ် ရှိသော အခန်းတွဲတွင် ဖြူလဲ့မွန်တို့က ဘေးဘက်ကျ အခန်းဖြစ်၍ ပြတင်းပေါက်ကိုဖွင့်လျှင် အလင်းရောင်တော့ ရသေးသည်။ မြို့သစ်တွင် ပေလေးဆယ်×ခြောက်ဆယ် ရထားသော မြေပိုင်ရှင်က သူ၏မြေကွက်တွင် အခန်းတွဲလေးများဖွဲ့ပြီး ဆောက်လုပ်ထားကာ အိမ်ခန်းငှားစားသည်။ မီးပွင့်ကို တစ်ခန်းလျှင် တစ်ပွင့်နှင့် ပလပ်ပေါက်နှစ်ပေါက် တပ်ထားပေးသည်။ ရေကို အဝီစိတွင်းမှ ရေမောင်းတင်ပေးသည်။ ရေစည်တစ်စည်လျှင် နှစ်ရာယူသည်။

မှန်ကိုကြည့်ရသည်မှာ အားမရ။ အမေ့ကို ချေးရောက်လျှင် မှန်ကြီးကြီး တစ်ချပ်လောက်တော့ ဝယ်ခိုင်းမည်။ မျက်နှာအလှကို စိတ်တိုင်းကျ မြင်သည်။ ဖြူလဲ့မွန်၏ အသားရောင်က ညိုလုလုဖြစ်သည်။ မျက်နှာတွင် သနပ်ခါးကို ယောင်လို့မျှ မလူး။ ပြောင်ပြီး စေးပျစ်ပျစ်ဖြစ်သော အဖြူရောင်အရည်ကို လူးသည်။ မျက်ခုံးမွေးကို ပုံဖော်ပြီး ပါးလုပ်လုပ်ရိုက်ထားသည်။ အညိုရင့်ရင့် မျက်ခုံးမွေးခဲတံနှင့် အရင်းတုတ်တုတ်၊ အဖျားသွယ်သော မျက်ခုံးမွေး ပုံသဏ္ဌာန်ယူကာ ဆွဲသည်။ မျက်ရစ်နှင့် မျက်ခွံတို့အပေါ်တွင် ဘော်ငွေရောင် လင်းလက်လက်ကို ခြယ်ထားသည်။ မျက်ခမ်းပေါ်တွင် မျက်တောင်တုက ထူထဲကော့ပျံနေသည်။ ညိုရောင်သန်းနေသည့် နှုတ်ခမ်းသားတွင် အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း ထူထူခပ်တွဲတွဲကို ထင်းသည်ထက်ထင်း၊ ပိုပြီးပေါ်လွင်အောင် နီညိုရောင်ရဲရဲကို အဆီထပ်ပြီး ခပ်ရွှဲရွှဲလေး ဆိုးထားသည်။ နားနှစ်ဖက်တွင် အနက်ရောင် နားကွင်းကြီးနှစ်ကွင်း။ နားအထက်ဘက်တွင် တစ်ဖက်ကို သုံးဘက်စီဖောက်ထားသော ကျောက်နားကပ်လေးတွေတပ်ထားသည်။

မျက်နှာအလှကို စိတ်တိုင်းကျ ခြယ်သပြီးလျှင် ခေါင်းအထက်က ဆံပင်အလှကို မြင်ရဦးမည်။ ဖြူလဲ့မွန်၏ ခေါင်းက ဆံပင်မှာ အမြဲတမ်း မမြဲသော အနိစ္စတရားကို ပြနေသည်။ ဆံပင်၏ အရောင်၊ ဆံပင်၏ပုံသဏ္ဌာန်တို့မှာ မကြာခဏ ဖောက်လွှဲဖောက်ပြန်ဖြစ်နေသည်။ ဆံပင်ကို အကြေကောက်နှင့်တွေ့ရမည်၊ နောက်တစ်ပတ်လောက်ဆိုလျှင် အတိုအရှည်မညီသော ဆံပင်ဖြစ်သွားသည်။ ကြွက်ကိုက်ထားသလို မုံစံမျိုးဖြစ်သည်။ လပိုင်းပင် မခြား၊ ဖြူလဲ့၏ခေါင်းက ဆံပင်သည် ပုံစံတစ်မျိုး ပြောင်းသွားပြန်သည်။ ယခုလက်ရှိ ဆံပင်၏အသွင်သဏ္ဌာန်နှင့် အရောင်အဆင်းမှာ တစ်မျိုးထွင်ထားသည်။ နဖူးထက်တွင် ဆံပင်တိုတိုတိတိ ချထားသည်။ နားရွက်နားအထိအတို၊ လည်ကုပ်နားအထိ အနည်းငယ်ရှည်ပြီး ကျောဘက်တွင် အဖျားရှူးရှူးသွယ်သွယ် အရှည်ချထားသည်။ ဆံပင်၏ အရောင်အဆင်းမှာ နီ၊ ဝါ၊ ပြာနှင့် ရောင်မျိုးစုံ ထွင်ထားသည်။

ဖြူလဲ့၏အမေကလည်း သမီး အလုပြင်သမျှကို မဟန့်တား။ တစ်ဦးတည်းသောသမီးလေးသာ လုမည်ဆိုလျှင် ဝတ်ဆင်သမျှကို ငွေကုန်ခံပြီးဝယ်ပေးသည်။ ပင်ပန်းချင်လည်း ပင်ပန်းပါစေ၊ သမီးအတွက် ငွေကုန်ရ၍ မစားရလျှင် နေပါစေ သမီးအလုက အဓိကကျသည်။

"သမီး ဝတ်တာ၊ ပြင်တာဆင်

www.burmeseclassic.com

တာကို သူငယ်ချင်းတွေက သိပ် သဘောကျတာပဲ"

သမီးဖြစ်သူက ထိုသို့ပြောလာလျှင် မိခင်ဒေါ်ရင်မြက သဘောကျပြီး မျက်နှာတွင် အပြုံးဖြင့် ပီတိဖုံးသွားသည်။ တစ်လတစ်လ လစဥ် သမီးလေးအတွက် အနည်းဆုံး သုံးလေးစုံလောက်တော့ ဝယ်ဖြစ်အောင် ဝယ်ပေးတတ်သည်။

"မရင်မြရေ…ဘေထုပ်အသစ်တွေ ရောက်လာပြီ။ ခေါင်ထည်တွေပါတယ်။ လှလည်းလှ၊ ပုံလည်းဆန်းတယ်။ ညည်းသမီးအတွက် ဖယ်ထားလိုက်ရမလား"

နိုင်ငံအစုံကလာသော ဆိုဒ်စုံ၊ အဆင်စုံ၊ ပုံစံအမျိုးမျိုး အင်္ကျီထဲမှ ဆန်းပေ့၊ လှပေ့၊ ပြောင်ပြောင်လက်လက်ရှိပေ့ဆိုသည်ကို ရွေးပြီး သမီးဖြူလဲ့ကို ဝယ်ဆင်ပေးသည်။

"လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့။ ငါ့သမီးက အဲဒီလို ခေတ်ဆန်ဆန်ဝတ်မှ လူတွေက အထင်ကြီးမှာ"

မြန်မာစာကို နာမည်ချရေးရုံသာ သင်ခဲ့ရသော ကုန်စိမ်းသည်၊ ပွဲကျဈေးသည်မကြီး၏ အသိဉာဏ်မီသလောက်ကို ဖွင့်ဟပြီး တတ်သလောက် ပြောသည်။ ဖခင်ဖြစ်သူက လူအေး၊ အနေအေးသည်။ စကားနည်းသည်။ သူ့တာဝန်က ကုန်စိမ်းဒိုင်သို့ မိုးမလင်းခင်သွားရသော ဇနီးသည်အား စုပေါင်းငှားထားသည့် ကုန်စိမ်းကြိုကားရှိရာသို့ အိမ်မှ ဆိုက်ကားနင်းပြီး ပို့ရသည်။ မိုးလင်း၍ ကုန်စိမ်းလာကြိုသောကားမှ ဇနီးသည် ပါလာမည့် ဟင်းရွက်ဟင်းသီးများ အဆင်သင့်ရောင်းရန်အတွက် ဆိုင်ခင်းပေးထားသည်။ ဆိုင်ခင်းထားသည်ဆိုသည်မှာ ကြီးကျယ်ခမ်းနားသော ဆိုင်ကြီးမဟုတ်ပေ။ ထင်းရှူးသေတ္တာအခွံလွတ် ခြောက်လုံးကို နှစ်လုံးတွဲပြီး စီချကာ အပေါ်မှ ပလတ်စတစ် အစကြီးကြီးကို ဖုံးပြီး ဟင်းသီးဟင်းရွက်များကို ရောင်းခြင်းဖြစ်သည်။ ဆိုင်ခင်းပြီးလျှင် ဇနီးသည်ပြန်လာလျှင် လက်ဖက်ရည်ဖိုး ငါးရာတန်တစ်ရွက်ကို ယူကာ ဆိုက်ကားနင်းပြီးထွက်သွားသည်။

"အမေ…အမေ"

ဖြူလဲ့ခေါ်သံကြောင့် အတွေးနယ်ထဲ လှည့်လည်နေသော စိတ်ကို ပြန်ခေါ်ယူလိုက်ရသည်။

"ဩော်…ဘာလဲသမီး"

"ကျူရှင်သွားတော့မယ်။ မုန့်ဖိုးယူသွားမယ်နော်"

ပြောရင်းက ဒေါ်ရင်မြ ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်သုံးရွက်ကို နှိုက်ယူပြီး ကိုယ်တွင်ဝတ်ထားသည့် ဘောင်းဘီတို၏ နောက်ဖက်တင်ပါးတွင်ရှိသော အိတ်ကပ်ထဲသို့ ခေါက်ပြီး ထည့်လိုက်သည်။

ဖြူလဲ့၏ ဝတ်စားဆင်ယင်မှုသည် ခေတ်မီသည်ထက် ခေတ်ဆန်မှုက လွန်ကဲလာသည်။ ရှင်မြီးအင်္ကျီပမာ အင်္ကျီက ပါးပါး၊ ပခုံးကြိုးက တစ်ဖက်စီသာရှိသော အင်္ကျီ။ ကျောနောက်ဘက်တွင် ပိတ်သာကို အပြည့်ချုပ်မထား။ ကြိုးစလေးများနှင့်သာ ယှက်နွယ်ဆက်သွယ်လို့ထားသည်။ အင်္ကျီပိတ်စက အသားရောင်၊ အောက်ကဝတ်ထားသော ဘရာစီယာက အနက်ရောင်။ အဝေးကကြည့်၊ ထင်းနေသည်။ အရှေ့ဘက်က ကြည့်လျှင် ညိုစိမ့်စိမ့်အသားမှ အိထွက်ကျလုမတတ်ရှိသော အသားစိုင်တို့ကို တွေ့ရသည်။

"ရင်မြရယ်၊ ညည်းသမီး အဝတ်အစားဝတ်တာကို ကြည့်ပြောဦးလေ။ ဒီအတိုင်း လွှတ်မထားနဲ့"

"ကျွန်မသမီးလေး အခုလို လူတန်းစေ့ဝတ်နိုင်တာကို မနာလိုကြလို့ပါ။ နောက် ပိုပြီးလှတာကို ဝယ်ပေးရဦးမှာ"

အမြင်မတော်၍ ပြောလာသူကို အဆင်ပြေအောင် ပြန်မပြော။ ခွကျကျစကားသာ ပြောလွှတ်သည်။ ဖြူလဲ့ကလည်း ပထမ စကတ်၊ ဒူးအထိရှိသည်။ နောက် ဒူးအထက်၊ ယခုတော့ ပေါင်ရင်းအထိ ဘောင်းဘီတိုကို ဝတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အမြင်မတော်၍ ပြောလာသူကို အဆင်ပြေအောင် ပြန်မှုပြော။ ခွကျကျ စကားသာ ပြောလွှတ်သည်။ ဖြူလဲ့က လည်း ပထမ စကတ်၊ ဒူးအထိရှိသည်။ နောက် ဒူးအထက်၊ ယခုတော့ ပေါင်ရင်းအထိ ဘောင်းဘီတိုကို ဝတ်လာသည်။ လက်နှစ်ဖက်တွင်လည်း ချည်ကွင်းရောင်စုံ၊ ဖိနပ်မြင့်မြင့်၊ ခွာသေးသေးက ဖြူလဲ့၏ ညိုညိုတုတ်တုတ် ခြေသလုံးအောက်ရှိ ခြေဖဝါးတွင် နေရာယူထားသည်။ အင်္ကျီနှင့် ဘောင်းဘီ အကြားတွင် ဗိုက်သားညိုညိုကို လက်လေးလုံးလောက် တွေ့ရသည်။ ဗိုက်သားပေါ်မှ ချက်တွင် ကရောင်းလူရှင်တော်ရုပ် ကပ်ခွာကို ကပ်ထားသည်။ လမ်းလျှောက်လျှင် ဗိုက်သားလှုပ်တိုင်း အရုပ်က လှုပ်ရှားသည်။ ဝတ်စားဆင်ပြင်မှုကို အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြောပြဆုံးမရကောင်းမှန်း ဒေါ်ရင်မြ နားမလည်။ အများတကာထက် ထင်ပေါ်ခေတ်ဆန်လျှင် လူရာဝင်၊ လူတောတိုးနိုင်မည်ဟု အတွေးမှားလေသည်။ ဖြူလဲ့သည် ကိုးတန်းနှစ်ခါကျ ဖြစ်သည်။

ဗဟုသုတကင်းရှာသော ဒေါ်ရင်မြအား ဖြူလဲ့သည် ခေါင်းစဉ်အမျိုးမျိုး တပ်ပြီး ငွေကုန်ပေါက်အတွက် ဖန်တီးသည်။ လွတ်လပ်ပေါ့ပါးပြီး အလေးအနက်မရှိ။ ပေါ့ပေါ့ဆဆ နေသည်။ လေလွင့်ရွက်ဝါသဖွယ် ဖြူလဲ့က လွတ်လပ်သည်။ ဒေါ်ရင်မြက ယခုလို အခြေအနေ နေထိုင်မှုကိုပင် လူရာဝင်ပြီး ခေတ်မီအထက်တန်းကျသည်ဟု ထင်သည်။

"မေမေ…မေမေ"

"ဟင်…ကဲ…ဘာလဲပြောပါဦး"

"ဟင်း…သမီးကိုလေ လူတစ်ယောက် လိုက်နေတယ်"

"သမီးလေးက ခေတ်ဆန်ဆန် ဝတ်တော့ အထင်ကြီးသွားမှာပေါ့။ ဆင်းရဲတဲ့လူတော့ မစဉ်းစားနဲ့နော်"

တစ်ထွာတစ်မိုက် အသိဉာဏ်နှင့် သမီးကို ဆုံးမသည်။ တစ်ဦးတည်းသော သမီးလေးကို ရွှေပင်နားတော့ ရွှေကျေးဖြစ်စေချင်သည်။

"ချမ်းသာတယ်နဲ့တူတယ် မေမေ ရဲ့။ ကားကို သူကိုယ်တိုင်မောင်းတာ။ သူ့အကြောင်းကို သမီးရဲ့သူငယ်ချင်းတွေကလည်း စုံစမ်းပေးမယ်တဲ့။ ရယ်ရတယ် မေမေရယ်၊ သမီးက သူ့ကို ကြည့်ပြီး မကျေနပ်တဲ့ပုံ၊ မကြိုက်တဲ့ပုံနဲ့ နှုတ်ခမ်းစူလိုက်ရင် သူက စိတ်မကောင်းတဲ့မျက်နှာ ဖြစ်သွားရော"

သမီးလေး၏ စကားသံကို နားထောင်ပြီး ဒေါ်ရင်မြ ရင်ထဲမှ ကျိတ်ပြီး ပီတိဖြစ်နေရသည်။ သမီးလေးအပေါ် နှစ်နှစ်ကာကာ ချစ်ပြီး လက်ထပ်ယူလျှင် သမီးလေးက သူဌေးကတော်၊ သူက သူဌေးယောက္ခမ၊ ပင်ပင်ပန်းပန်း ဈေးရောင်းစရာမလို။ ကုန်စိမ်းသွားယူဖို့အတွက် အိပ်ပျက်ခံစရာလည်း မလိုတော့ပေ။

"မေမေ…မေမေ"

"ဘာလဲ သမီး၊ ဘာပြောစရာရှိလို့လဲ"

"ဟိုလေ…သမီးတို့ သူ့အိမ် လိုက်သွားတယ်"

"ဘယ်သူ့အိမ်လဲ သမီး"

"ဟာ…မေမေကလည်း၊ သမီးနောက်ကို တကောက်ကောက်လိုက်နေတဲ့သူလေ"

"ဪတော့…ကဲ…ပြောပါဦး"

"သူ့နာမည်က သိဒ္ဓိကိုကိုတဲ့။ နာမည်က အပျံစားနော်။ သူက သမီးကို သူ့ဦးလေးနဲ့ တွေ့ပေးချင်လို့တဲ့။ သမီးက တစ်ယောက်တည်းတော့ မလိုက်ချင်ဘူးဆိုပြီး အေးသီသီကိုပါ ခေါ်သွားတယ်။ သူ့အိမ်ကြီးက ကြီးလိုက်တာ။ သမီးကို သူ့ဦးလေးနဲ့ မိတ်ဆက်ပေးတယ်။ သူ့မှာ မိဘတွေမရှိကြတော့ဘူး။ အမွေအားလုံးကို သူ့ဦးလေးက ထိန်းထားရတယ်။ တစ်ဦးတည်းသော သားတဲ့။ အိမ်ထောင်ပြုရင်တော့ အမွေတွေအားလုံး လွှဲပေးရမှာပဲလို့ ပြောတယ်"

ဒေါ်ရင်မြ ဝမ်းသာသွားသည်။ ရင်ထဲမှလည်း ပီတိတွေ တလှိုင်လှိုင် ထနေသည်။

"သမီး သူ့အိမ်ကို ခဏခဏ လိုက်သွား။ လုပ်ငန်းတွေကို နားလည်အောင်သင်။ တစ်နေ့ သမီးရမယ့် အမွေတွေ"

သမီးလေးပြောသမျှကို သဘောကျနေသည်က ဒေါ်ရင်မြ။ အတွေးနှင့် စိတ်ကူးယဉ်ရသည်က မကြာခဏ။

"ဒေါ်ရင်မြ…ဒေါ်ရင်မြ"

သမီးနှင့်ပတ်သက်ပြီး ကြည်နူးစွာ တွေးရင်း အိပ်ပျော်သွားသလိုပင်။ အိမ်ခန်းကျဉ်းကျဉ်းလေးတွင် သူတစ်ယောက်တည်း ဈေးကအပြန် မောမောနှင့် လှဲနေရင်း တွေးချင်ရာတွေးကာ အိပ်ပျော်သွားသလိုပင်။

"ဒေါ်ရင်မြ ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com

"ရှိ...ရှိပါတယ်။ ဪ... လမ်းလူကြီး ဦးလှရွှေလည်း ပါလာတာကိုး။ ဘာကိစ္စများပါလိမ့်"

တံခါးလည်း ဖွင့်ပေးရင်း အိမ်ထဲသို့ ဝင်လာစေကာ ဒေါ်ရင်မြကမေးလိုက်သည်။

"ညည်းရဲ့သမီး ဖြူလဲ့မွန်ကိစ္စပဲ"

"ဟင်...သမီးက ဘာ...ဘာဖြစ်လို့လဲဟင်"

"ညည်းရဲ့သမီး မြို့နယ်ရဲစခန်းမှာ ရောက်နေတယ်။ သူတစ်ယောက်တည်းတော့ မဟုတ်ဘူး။ သူ့အပေါင်းအသင်းတွေပါ ပါတယ်"

"ဘုရား...ဘုရား"

သူ၏နှုတ်မှ ဘုရားတကာ မည်သူ့ကို အားကိုးပြီး အကူအညီတောင်းရမှန်း မသိ၊ အားလုံးနှင့်အတူ မြို့နယ်ရဲစခန်းသို့ လိုက်လာခဲ့သည်။

"မေမေ...မေမေ"

"ဟင်...သမီးလေး၊ ဘာဖြစ်လို့လဲဟင်"

အဝတ်အစား ဖိုသီဖတ်သီ၊ ဆံပင်ဖရိုဖရဲနှင့် အခြေအနေ အမြင်မလှသည့် သမီးလေး ဖြူလဲ့၊ သူနှင့်အတူ မိန်းကလေး သုံးလေးယောက်၊ ယောကျ်ား ခပ်ရွယ်ရွယ်ကြီးကြီးတွေလည်း တွေ့ရသည်။ ဖြူလဲ့သည် ရှိုက်ငိုထား၍ မျက်နှာလေးမှာ နီရောင်သန်းလျက်။

"ဒေါ်ရင်မြရဲ့ သမီးလား"

"ဟုတ်...ဟုတ်ပါတယ်ရှင်"

"မေမေရယ်...သမီးနဲ့သူ ချစ်သူတွေ ဖြစ်သွားတယ်။ အဲဒါ သူသူငယ်ချင်းရဲ့အိမ်မှာ အဝတ်အစားတွေရောင်းလို့ ဝယ်ပေးချင်တယ်ဆိုပြီး လိုက်လာခဲ့တာပါ"


ဖြူလဲ့က စကားဆက်မဆို၊ ပခုံးထက်မှ ပြတ်ထွက်သွားသော ကြိုးလေးကို ထုံးပြီးချည်ထားသည်။

"အဲဒီအိမ်က နာမည်ဆိုးနဲ့ ကျော်ကြားနေတာ။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း စောင့်ကြည့်နေတာ။ ရိုးရိုးအအ မိန်းကလေးတွေကို သွေးဆောင်ပြီး ဖျက်ဆီး၊ အခုလို လျှပ်ပေါ်လော်လီတဲ့ အဝတ်အစားဝတ်ဆင်တဲ့သူကို ပိုပြီးအထင်အမြင်သေးတော့ ပိုမိုခွဲဆောင်စည်းရုံးသိမ်းသွင်းလို့ ရတာပေါ့...။ အလွယ်လမ်းလိုက်ကြတဲ့ မိန်းကလေးတွေလည်း ရှိကြတယ်လေ။ သတင်းအရ ရှောင်တခင် ဝင်စစ်ဆေးတော့ အခန်းတိုင်း၊ အခန်းတိုင်းမှာ သူ့ခတွဲနဲ့သူ မဖွယ်မရာ မြင်ကွင်းတွေနဲ့ တွေ့ရတယ်"

"ဟိုလေ...သမီးက သမီးချစ်သူနဲ့ လက်ထပ်မှာပါ ဦးလေးတို့ရယ်"

"ဒီမှာ မိန်းကလေး။ မင်းယုံစားတဲ့သူက နာမည်သုံးမျိုးနဲ့ အရပ်တကာလည်၊ မိန်းကလေးတွေအထင်ကြီးအောင် အိမ်တို့၊ ကားတို့ကို လပိုင်းနဲ့ ငှားပြီး မင်းတို့လို ဆင်ခြင်တုံတရားနည်းပါးတဲ့ မိန်းကလေးမျိုးတွေကို ဖြားယောင်းသွေးဆောင်ပြီး လူပွဲစားလုပ်နေတာ။ မဆင်ခြင်တဲ့ မင်းတို့လို မိန်းကလေးတွေအတွက် သင်ခန်းစာပဲပေါ့"

မြသီလှိုင်





www.burmeseclassic.com

www.burmeseclassic.com

(ထမင်းတစ်လုပ်အတွက်တိုင်းပြည်ကိုမလိမ်ဝံ့ပါ)





ဦးသန်းဇော

အယ်(လ်)ရန်နိုင်ဘရားသားဆေးတိုက်၊

အမှတ်(၇)၊ဧဝေါလမ်း၊ကြံခင်းစုရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ ☎ -၀၉-၇၃၂၀၇၈၉၁

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ယမ်းဘီလူးအောင်ဒင် နှင့် မရဏာလိုက်ဂူ

■ ရွှေမြတ်သောင်းတင်

## (၁)

### ထူးဆန်းသောအိပ်မက်

ညက မိုးသည်းထန်စွာ ရွာခဲ့သည်။

မိုးသဲသဲမဲမဲရွာနေခိုက် ယမ်းဘီလူးအောင်ဒင်မှာလည်း ထူးဆန်းသော အိပ်မက်တွေ မက်နေခဲ့သည်။ ထိုအိပ်မက်က လွန်စွာမှ ထူးဆန်းသော အိပ်မက်။

မိမိသွားနေရသော ခရီးမှာ တောနက်မည်းမည်းကြီး၊ တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော တောနက်ကြီး။ မိမိအသိနှင့် သတိကတော့ ထာဝရယှဉ်တွဲလျက်ပင်။ မိမိ၏အားကိုးရသော သက်တော်စောင့် လျှိုဂါသေနတ်ကို ဆုပ်ကိုင်ထားသည်။ မိမိမျက်လုံးအစုံကလည်း စူးရှစွာဖြင့် ရန်သူကို ရှာဖွေလျက်ရှိသည်။

မိမိစီးနင်းသွားနေသည့် အရာမှာ 'ဆင်'သတ္တဝါကြီးဖြစ်နေသည်ကိုလည်း မိမိကသိနေသည်။ မိမိစီးနေသော ဆင်ကြီးကလည်း တာဝန်တစ်ခုတို ကျေပွန်စွာ ထမ်းဆောင်နေသူအဖြစ်နှင့် ရှိနေသည်ဟု ယမ်းဘီလူးအောင်ဒင် ကောက်ချက်ချမိသည်။ အမှန်တော့လည်း ဆင်ကြီးသည် ယမ်းဘီလူးအောင်ဒင် သဲသဲမဲမဲရှာဖွေနေသည့်အကြောင်းကိစ္စကို ဆင်ကြီးက သိသလိုမျိုး ဖြစ်နေခြင်းကြောင့်ပင် ယမ်းဘီလူးအောင်ဒင် အံ့ဩနေရသည်။

တစ်တောလုံး မိုးခြိမ်းသံများ ညံနေသည်ဟုထင်ရပေသည်။ ကြောက်လန့်စရာကောင်းလှသော ချောက်ကမ်းပါးကြီးများကိုလည်း တွေ့ရသည်။ ယမ်းဘီလူးအောင်ဒင်စီးနေသော ဆင်ကြီးက ဤတောတောင်ကို ကျင်လည်စွာဖြင့် ကွေ့ပတ်သွားနေသည်။

ကျောချမ်းဖွယ်ရာ ဗုံသံလိုလို၊ မောင်းသံလိုလို ခပ်ဝေးဝေးဆီမှ ယမ်းဘီလူးအောင်ဒင် ကြားနေရသည်။ မောင်းသံမှာ မရဏာတေးသံပေလော ဟု ယမ်းဘီလူးအောင်ဒင် အတွေးဝင်ကျောချမ်းသွားပြီး သူ၏သက်တော်စောင့် လျှိုဂါသေနတ်ကို သတိကြီးစွာ ဆုပ်ကိုင်ထားမိသည်။

မိမိ သည်နေရာသို့ အဘယ်ကြောင့် တစ်ယောက်တည်းထွက်လာရပါသနည်း။ သည်လိုမျိုး အန္တရာယ်ဖြိုခွင်းမယ့် ခရီးကြမ်းဆိုလျှင် ရဲအုပ်ကြီး ဦးတင်အောင်ဖေနှင့်အဖွဲ့ ပါစမြဲမဟုတ်ပါလား။

ယခု မိမိက အဘယ်ခရီးကို သွားနေပါသနည်း။ ဆင်ကြီးကို ဘယ်သူက ပေးပါသနည်း။ ခရီးကတော့ တကယ်ကြမ်းလှသည်။ တောနက်မည်းမည်းကြီး၊ မိုးကြိုးပစ်သံ၊ မိုးခြိမ်းသံတို့ကို မိမိထိတ်လန့်စွာဖြင့် ကြားနေရသည်။ မိမိစီးသောဆင်ကြီးက ရှေ့၌ တစ်စုံတစ်ခုရှိသည်ကို သိဘိသကဲ့သို့ တောတွေ၊ လျှိုတွေကို ဖြတ်သွားနေသည်။

ထိုအခိုက် ပြိုးပြိုးပြက်ပြက်နှင့် အလင်းရောင်တစ်ခု တွေ့လိုက်ရသည်။ တစ်ချိန်တည်းမှာပင် မိုးကြိုးပစ်၊ လျှပ်စီးလက်ကာ တစ်တောလုံး လင်းထိန်သွားသည်။ ထိုအခါ ယမ်းဘီလူးအောင်ဒင် မြင်ကွင်း၌ ပိုရှင်းသွားသည်။

တောင်တန်းကြီးက ရှေ့၌ကာ

www.burmeseclassic.com

ဆီးထားပြီး လိုဏ်ဂူတစ်ခုကို အလင်းရောင်မှာ ထင်ရှားစွာတွေ့မြင်ရသည်။ ဆင်ကြီးမှာ လိုဏ်ဂူဆီမရောက်ခင် ဒူးတုပ်၍ရပ်လိုက်ရာ ယမ်းဘီလူးအောင်ဒင်ကလည်း ကပျာကသီ ဆင်းလိုက်မိသည်။

"သူတော်စင်တို့လမ်းကို သူယုတ်မာတွေ ဟန့်တားဖျက်ဆီးဖို့ ကြိုးစားနေတယ်"

အသံဩကြီးက ဘယ်ကလာသည်မသိပါ။ ယမ်းဘီလူးအောင်ဒင် နားအတွင်းသို့ ပြတ်ပြတ်သားသား ဝင်လာသည်။

"အန္တရာယ်ကိုတားဆီးပါ။ ကျုပ်တို့ကိုယ်တိုင် မတားဆီးသည်မှာ ကျုပ်တို့၏သစ္စာကြောင့်ဖြစ်တယ်"

ယမ်းဘီလူးအောင်ဒင် ကြောင်စီစီဖြစ်နေရင်းက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ အသံဩဇာပြည့်ဝသော လူတစ်ယောက် ပြောဆိုအမိန့်ပေးသည့်အသံမျိုးဟု ယမ်းဘီလူးအောင်ဒင် ကောက်ချက်ချမိသည်။ မိမိသက်တမ်းတစ်လျှောက်သည်အဖြစ်မျိုး မကြုံဖူးပါ။

ယင်းအခိုက် ယမ်းဘီလူးအောင်ဒင်၏ခေါင်းပေါ်မှ အရာဝတ္ထုတစ်ခုပြုတ်ကျလာသလို ခံစားရ၍ ယမ်းဘီလူးအောင်ဒင် နံဘေးသို့ခုန်ရှောင်လိုက်၏။ သို့သော် ဘာတစ်ခုမှ ကျမလာပါ။

ယမ်းဘီလူးအောင်ဒင် သူ့လျှုဂါသေနတ်ကို အသင့်အနေအထားဖြင့်ထားရှိလိုက်၏။ မှောင်ကလည်းမည်းမည်း၊ ယမ်းဘီလူးအောင်ဒင်၏ မျက်လုံးအစုံကတော့ သည်ပတ်ဝန်းကျင်ကို ဘာမှ အလွတ်မပေးနိုင်။

ယင်းအခိုက် . . . အဖြူရောင်သဏ္ဍာန်တစ်ခုကို ဂူဝ၌ တွေ့ရသည်။ လူတစ်ယောက်ရပ်နေသလိုပင်။

"သာသနာ့အကျိုး၊ နိုင်ငံအကျိုးသယ်ပိုးပါ"

ထိုနေရာမှ ထိုစကားပေါ်လာပြန်သည်။ ပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ မိုးသံ၊ လေသံလည်း မကြားရတော့။ သည်တော့ ယမ်းဘီလူးအောင်ဒင်က ပတ်ဝန်းကျင်ကို အကဲခတ်ပြီး သူစီးလာသောဆင်ကို ကြည့်လိုက်သည်။ ဆင်က ဒူးတုပ်နေရာမှ ရပ်ရန်ပြင်နေသည်။ ထိုအခါ ယမ်းဘီလူးအောင်ဒင်က ဆင်ပေါ်သို့ ခုန်လွှားတက်လိုက်သည်။

ဆင်က လာရာလမ်းပြန်ရန်နောက်ပြန်လှည့်နေစဉ် သစ်ပင်များကြားမှ လေတိုးသံကြားရပြီး ရုတ်တရက်ပင် ယမ်းဘီလူးအောင်ဒင်၏ ရှေ့၌ လူကြီးလည်းမဟုတ်၊ လူငယ်လည်းမ ဟုတ်သော သူတစ်ယောက် လာရပ်ပြီး ယမ်းဘီလူးအောင်ဒင်အားတွန်းချလိုက်၏။ ရုတ်တရက်မို့ ယမ်းဘီလူးအောင်ဒင် ဘာမှမကာကွယ်နိုင်ဘဲ ဆင်ပေါ်မှကျရာ လက်လှမ်းမီရာဖမ်းဆွဲလိုက်၏။ လွန်စွာမှ ကံကောင်းထောက်မစွာဖြင့် ယမ်းဘီလူးအောင်ဒင်က နွယ်ကြိုးတစ်ပင်ကို တွယ်မိခြင်းပင်၊ မိမိအောက်၌ကား ချောက်ကမ်းပါးကြီးပင် ဖြစ်ပါ၏။

ယမ်းဘီလူးအောင်ဒင် တုန်လှုပ်သွားပါ၏။ ပြုတ်ကျသွားလျှင် အရိုးတခြား၊ အသားတခြားစီပင် ဖြစ်သွားမည် မဟုတ်ပါလား။

ထိုအခိုက် ယမ်းဘီလူးအောင်ဒင်က ဖြည်းညင်းစွာဖြင့် ကမ်းပါးကိုတွယ်မိရန် အားထုတ်၏။ ထိုအခါ ဆင်ကလည်း နှာမောင်းဖြင့် မိမိအားတွန်းထိုးသကဲ့သို့ ပြု၏။

"မလုပ်ပါနဲ့ဆင်ကြီးရယ် . . . မလုပ်ပါနဲ့"

ယမ်းဘီလူးအောင်ဒင် တုန်လှုပ်စွာလှမ်းအော်၏။ ယင်းအခိုက် ဝုန်းဒိုင်းဟူသော အသံကြီးပေါ်လာသည်နှင့် မိမိမျက်စိကိုဖွင့်လိုက်ရာ မိမိသည် အိပ်ရာခုတင်ပေါ်မှ ကျလုဆဲဖြစ်နေသည်ကို ယမ်းဘီလူးအောင်ဒင် သိလိုက်ရ၏။

ယင်းသို့ အိပ်မက်မျိုးကို ယမ်းဘီလူးအောင်ဒင် မက်ခဲ့၏။ ယမ်းဘီလူးအောင်ဒင် အိပ်ရာမှလူးလဲထကာ ရေအိုးစင်ဆီပြေး၍ ရေတဝကြီးခပ် သောက်လိုက်မိပါတော့၏။

*****

ယမ်းဘီလူးအောင်ဒင်သည် မိမိမက်ခဲ့သော အိပ်မက်နှင့်ပတ်သက်၍ ပြောပြရန်ရှိသူမှာ ရဲအုပ်ကြီးဦးတင်အောင်ဖေနှင့် ဒုရဲအုပ် မြင့်မြင့်အေးတို့သာလျှင် ဖြစ်သည်။ ရဲအုပ်ကြီးဦးတင်အောင်ဖေက ယမ်ဘီလူးအောင်ဒင်၏ ဦးလေးလို၊ အစ်ကိုကြီးလို အနေ



www.burmeseclassic.com

www.burmeseclassic.com

အထားတွင် ထာဝရရှိနေသူမဟုတ်ပါလား။

ဒုရဲအုပ်မြင့်မြင့်အေးက ယမ်းဘီလူးအောင်ဒင်၏ မိတ်ဆွေကောင်း၊ အဖော်မွန်ဖြစ်လျှင်လည်း ဘဝအဖော်မွန်ကောင်းဟု ဆိုရပါမည်။ ဒုရဲအုပ်မြင့်မြင့်အေးက ယမ်းဘီလူးအောင်ဒင်အား လွန်စွာမှ လေးစားအားထားသူဖြစ်ပါ၏။

အမှန်တော့ ယမ်းဘီလူးအောင်ဒင်သည် ဥပဓိရုပ်ကောင်း၍ တည်တံ့ခံ့ညားသော ရုပ်အဆင်းနှင့် ပြည့်စုံပါ၏။ ယောက်ျားကောင်းတစ်ယောက်တို့၏ ရှိသင့်သော အကျင့်စာရိတ္တ၊ အတတ်ပညာ၊ မောင့်တင်းခိုင်မာသော ကိုယ်အင်္ဂါ စသည်တို့ဖြင့် ပြီးပြည့်စုံသူဖြစ်ပါ၏။

ထို့ကြောင့် ယမ်းဘီလူးအောင်ဒင်ကို ဣတ္ထိယတို့ စိတ်ဝင်စားကြသည်မှာ မဆန်းပါ။ ယမ်းဘီလူးအောင်ဒင်ကလည်း သူ၏ဟန်အမူအကျင့်ကို ဘယ်တော့မှမပျက်။ အမြဲတစေ စမတ်ကျကျနေထိုင်ခြင်း၊ အကူအညီပေးတတ်ခြင်း၊ မဟုတ်မခံစိတ်ရှိ၍ မိမိရှေ့ဝယ် မတရားပြုနေသည်ကိုမြင်တွေ့လျှင် လက်ပိုက်ကြည့်နေတတ်သူ မဟုတ်။

လွန်ခဲ့သည့် ခြောက်လခန့်က ယမ်းဘီလူးအောင်ဒင်၏ မဟုတ်မခံစိတ်ကြောင့် ပြဿနာတစ်ခု ရင်ဆိုင်ခဲ့ရသည်။

ထိုနေ့က ယမ်းဘီလူးအောင်ဒင် အိပ်ရာမှ စောစောထပြီး လမ်းလျှောက်ရန် မိမိအခန်းမှဆင်းခဲ့သည်။

နှင်းထုများဝေ့ဝဲနေသည်။ လေအေးကလည်း တစိမ့်စိမ့်တိုက်ခတ်နေသည်။ ယမ်းဘီလူးအောင်ဒင်၏ ခြေလှမ်းက ရုတ်တရက်မြင်ကွင်းတစ်ခုကြောင့် ခြေလှမ်းတုံ့သွားသည်။

မြင်ကွင်းပေါ်တွင် ထင်ထင်ရှားရှားလည်း မဟုတ်၊ မထင်မရှားလည်း မဟုတ်။ ရုပ်လုံးပေါ်လွင်မှုက အားနည်းသည်။ သို့သော် မြင်ကွင်းက မကောင်းလှ။ ဈေးဗန်းခေါင်းပေါ် ရွက်ထားသော မိန်းမတစ်ဦးကို အားကောင်းမောင်း သန်ယောက်ျားတစ်ဦးက ဈေးသည်မိန်း မလက်ကိုဆွဲထား၍ စကားပြောနေသည်။ ဈေးသည်မိန်းမက သူ့လက်ကို ရုန်းဖယ်နေသည်။

သည်လိုမြင်ကွင်းမျိုးကို ယမ်းဘီလူးအောင်ဒင် မကြိုက်ပါ။ လမ်းမကြီးပေါ် လူသွားလူလာလည်းပြတ်၊ ကားလေးတစ်စီးတလေ အရှိန်ပြင်းစွာ ဖြတ်မောင်းသွားတတ်သည်။

ယမ်းဘီလူးအောင်ဒင်က ခြေလှမ်းသွက်သွက်ဖြင့် ထိုနေရာသို့ ရောက်ခဲ့သည်။

ယမ်းဘီလူးအောင်ဒင်ကို မြင်တော့ ဈေးသည်မိန်းမက အကူအညီတောင်းသည်။

"ကျေးဇူးပြုပြီး ကျွန်မကိုကူညီပါရှင်။ ဒီလူက ကျွန်မကို . . ."

ဈေးသည်မိန်းမ စကားမဆုံးမီ ထိုလူက ဆွဲထားသောလက်ကိုရုပ်ကာ အနွေးထည် ကုတ်အင်္ကျီအတွင်းသို့ လက်တစ်ဖက်ကဝင်သွားပြီး လင်းလက်သော ဓားမြှောင်တစ်ချောင်းကို ထုတ်လိုက်သည်။

"ဟေ့ကောင် . . မင်း ဘာလာရှုပ်တာလဲကွ၊ မင်း ဘာကောင်လဲကွ။ သူများကြားဝင်ရှုပ်တဲ့ကောင်။ ကဲ . . အမှတ်အသားလေး ယူသွားလိုက်"

ပြောပြောဆိုဆိုနှင့် ထိုလူက ဓားမြှောင်ထွေ့ယမ်းကာ ယမ်းဘီလူးအောင်ဒင်ရှေ့သို့ ခုန်ဝင်လိုက်၏။ ထိုလူရမ်းကားက အပိုင်တွက်၍ ယမ်းဘီလူးအောင်ဒင်ကို တိုက်ခိုက်၏။

"အို . . . အမေ့ သေပါပြီ"

မြင်ကွင်းကိုမြင်ရ၍ ဈေးသည်မိန်းမလန့်၍ အော်လိုက်သည်။ လူရမ်းကား၏တိုက်ခိုက်မှုက ယမ်းဘီလူးအောင်ဒင်အတွက် ဘာမှဖြစ်၍မလာ။ လူရမ်းကားသည် ယမ်းဘီလူးအောင်ဒင်၏ ခြေရင်း၌ ပုံလဲကျသွား၏။ ကိုယ့်ကိုယ်ကိုအထင်ကြီးခြင်း၊ လက်နက်အားကိုးခြင်း၊ မိုက်ရူးရဲဆန်ခြင်း၊ ရမ္မက်ဖုံးလွှမ်းနေခြင်းစသော အားကိုးခြင်း များစွာဖြင့် မာန်ထောင်သော လူရမ်းကားသည် ယမ်းဘီလူးအောင်ဒင်၏ ခြေရင်းတွင် ငြိမ်သက်နေပေပြီ။

ဈေးသည်မိန်းမသည် ရုတ်တရက် လျှက်တပြက်အခြေအနေကို ကြည့်၍ အံ့သြခြင်းများစွာဖြင့် ငေးမောနေမိတော့၏။

အမှန်တော့ ဈေးသည်မိန်းမက မိမိအား ကယ်တင်ရန်အားထားရသော ပုဂ္ဂိုလ်သည် လူရမ်းကား၏ ဓားချက်ဖြင့် ဒုက္ခတွေ့ပြီဟု ထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com

ထား၏။

အမှန်တော့လည်း လူရမ်းကား၏ တိုက်ကွက်က ကြောက်စရာ။ လူရမ်းကားသည် မိမိအား အနှောင့်အယှက်ပြုလာသော ပုဂ္ဂိုလ်ကို ဗိုက်မှအူအစုံထွက်လာရန် မိမိဓားဖြင့် မွှေ့ယမ်းလိုက်မယ်ဟူသော ရည်ရွယ်ချက်၊ ဓားအသုံးပြုမှု ကျွမ်းကျင်မှုဟူသော အတတ်ပညာအားကိုးဖြင့် ယမ်းဘီလူးအောင်ဒင်အား တိုက်ခိုက်ခြင်းပင်။

သို့သော် လူရမ်းကား၏အလုံးစုံသော အတတ်ပညာသည် ရမ္မက်လွှမ်းနေသောစိတ်၊ လက်နက်အားကိုးရှိမှုနှင့် မိမိကိုယ့်ကိုယ်ကို ယုံကြည်မှုပြင်းထန်၍ မုန်ယိုဆင်ကဲ့သို့ဖြစ်နေသော လူရမ်းကားသည် မုန်ယိုဆင်ကိုပင် ဖမ်းနိုင်သော မုဆိုးကဲ့သို့ မုန်ယိုအဆိပ်ပြင်းသော လူရမ်းကားကို ယမ်းဘီလူးအောင်ဒင်က ကျင်လည်သော တိုက်ကွက် နှစ်ကွက်မျှသုံး၍ အနိုင်ယူလိုက်၏။

လူရမ်းကား၏ မဆင်မခြင်ဝင်လာသော ဓားကွက်ကို ယမ်းဘီလူးအောင်ဒင်က အသာရှောင်၍ လက်ကိုဖမ်းခြင်း၊ အရှိန်ဖြင့် ပလက်ဖောင်းပေါ်မှ ပြေးဆင်းလာခြင်းကို အကြောင်းပြု၍ မိမိခြေဖြင့် ထိုးပေးလိုက်ရာ လူရမ်းကားသည် ဘာမှလှုပ်ရှား၍မရတော့။ ယမ်းဘီလူးအောင်ဒင် တိုက်ကွက်ကြောင့် လက်မှ ဓားလည်းလွင့်စဉ်ကာ ယမ်းဘီလူးအောင်ဒင်၏ ဆတ်ခနဲထိုးခဲလိုက်သော တိုက်ကွက်ကြောင့် တဏှာယစ်မူး လက်နက်အားကိုးမှုပြုသော လူမိုက်လူရမ်းကား ယခုအချိန်မှာတော့ ကတ္တရာလမ်းမြေကို နမ်းလျက် မလှုပ်ရှားနိုင်တော့။

ဈေးသည်မိန်းမသည် ငိုင်နေရာမှ . . .။

"အ . . အ . . တော်လိုက်တာ။ ကျေးဇူးတင်လိုက်တာ။ ကျေးဇူးရှင်ကြီးရယ်"

သည်သို့ရေရွတ်လိုက်၏။ ယမ်းဘီလူးအောင်ဒင်က ဈေးသည်မိန်းမကို ကြည့်ကာ . . . .

"ဈေးတောင်းထဲက ဘာတွေတုံး"

"မုန့်ဟင်းခါးဆိုင်ပို့မယ့် အကြော်တွေပါ။ ကျေးဇူးတင်ပါတယ်ရှင် . .။ ကျွန်မသွားလို့ရပါပြီလား"

"သွားလို့တော့ရပါတယ်။ ဒါပေမယ့် ခင်ဗျားအတွက် နောင်ရေးမကောင်းဘူး။ အခုဖြစ်ပျက်တာတွေက ခင်ဗျားမရှိရင် ဒီအမှုဟာ တရားလိုမရှိ သက်သေမရှိနဲ့ ပျက်ပြယ်သွားနိုင်တယ်။ ခင်ဗျားရဲ့ဖြစ်ပျက်မှုကို ရဲကို တင်ပြရမယ်။ ကျုပ်က သက်သေပေါ့။ ဒီတော့ နောင်ဆိုရင် ခင်ဗျားတို့အတွက် အန္တရာယ်သိပ်မများနိုင်ဘူးပေါ့ဗျာ။ ဒီလိုလုပ်ရင် ဒီလိုဖြစ်တတ်ပါလားဆိုတဲ့ အဲဒီအကြမ်းဖက် လူရမ်းကားရန်ကို ထိန်းနိုင်တာပေါ့ဗျာ"

"ကျွန် . . . ကျွန်မမှာ ဒီရောင်းစရာ . . ."

ဈေးသည်မက တုန်ယင်စွာဖြေသည်။ ယမ်းဘီလူးအောင်ဒင်က ဈေးသည်မိန်းမအား နှစ်သိမ့်ဖျောင်းဖျ၍ တရားခံလူရမ်းကားနှင့် ဈေးသည်မိန်းမအား ရဲစခန်းသို့ ပို့ပေးလိုက်၏။

"ကျေးဇူးပါပဲ ဆရာအောင်ဒင်ရေ။ ပြီးခဲ့တဲ့အပတ်ကလည်း ဈေးသည်တစ်ဦး ဒီလိုကြုံတွေ့ခဲ့ရတယ်။ ဈေးသည်မက သူ့ဈေးခြင်းတောင်းပစ်ချ ထွက်ပြေးလို့ ဘာဝမဆုံးရတာ။ အခု ဆရာက လက်ရဖမ်းခဲ့တော့ ကြီးမားတဲ့အန္တရာယ်ကြီးတစ်ခုကို တားဆီးပေးလိုက်သလိုပါပဲ။ အင်း . . . ဆရာအောင်ဒင်ရဲ့ မတရားတာကို လက်ပိုက်ကြည့်မနေတတ်တဲ့၊ အနိုင်ကျင့်မှုကို မလိုလားတတ်တဲ့ စိတ်ဓာတ်ကတော့"

"တော်ပါတော့ ဦးသိန်းတန် ကျွန်တော့်ကို သိပ်ချီးကျူးမနေပါနဲ့။ ဒီကောင်ရဲ့ဇာစ်မြစ်ကိုရှာပြီး သူ့ရဲ့အဖွဲ့ကို ရှင်းလင်းပစ်ဖို့ အရေးကြီးတယ်။ ဒီကောင်တွေက အဖွဲ့နဲ့ရှိမှာ။ ပြီးတော့ ဈေးသည်လေးကိုလည်း အဆင်ပြေအောင် ဆောင်ရွက်ပေးလိုက်ဦး။ လိုအပ်ရင် ကျွန်တော့်ကိုခေါ်ပါ။ အခုတော့ ကျွန်တော့်မှာကိစ္စတွေ ရှိနေလို့ ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ။ စိတ်ချလက်ချ သွားပါ"

ယင်းသို့ဖြစ်ပျက်သွားပြီးနောက် နှစ်ရက်အကြာတွင် ယမ်းဘီလူးအောင်ဒင်အဖို့ အသက်အန္တရာယ်နှင့် နီးကပ်သော ပြဿနာနှင့် ရင်ဆိုင်လိုက်ရ၏။ အကြောင်းကား ယမ်းဘီလူးအောင်ဒင်ကို လမ်းမကြီးပေါ်တွင် ကားနှင့် ဆိုင်ကယ်က မြို့တူဝင်



www.burmeseclassic.com

www.burmeseclassic.com

၍ တိုက်ခိုက်ကြသည်။

ရုတ်တရက်မို့ယမ်းဘီလူးအောင်ဒင်အဖို့ အကျပ်တွေ့သွား၏။ အမှန်တော့ ဘယ်လိုမှမထင်ခဲ့၊ သည်သို့တုံ့ပြန်မည်ဟု မထင်ထား။

ယမ်းဘီလူးအောင်ဒင် ရိပ်စားလိုက်မိသည်။ လူရမ်းကားအဖွဲ့ဝင်များ မိမိအား ချက်ချင်းတုံ့ပြန်ပြီတည်း။

ကားလမ်းပေါ်တွင် ကားများရှုပ်နေသောကြောင့် ယမ်းဘီလူးအောင်ဒင်အတွက် သက်သာရာရသည်ဟု ဆိုရပါမည်။

"ဟော . . . ဟော . . . ဟယ် ကားတိုက်တော့မယ်။ ရှောင်လေ . . ပြေးလေ"

ပလက်ဖောင်းပေါ်မှ ခရီးသွားအုပ်စုက ဤသို့အော်၍သတိပေး၏။ ယမ်းဘီလူးအောင်ဒင်က မိမိဆီ ဦးတည်လာသောကားကို ခုန်ရှောင်၏။ သို့သော် ဘေးကကပ်လိုက်လာသော မော်တော်ဆိုင်ကယ်က အရှိန်ပြင်းစွာရောက်လာရာ ယမ်းဘီလူးအောင်ဒင်မှာ ခွန်အားအကုန် အားထုတ်ခုန်ပျံ၍ ဆိုင်ကယ်ပေါ်မှရန်သူအား တွန်းထိုးလိုက်ရာ ဆိုင်ကယ်နှင့်လူမှာ လူနှင့်ဆိုင်ကယ် တကွဲတပြားစီဖြစ်သွားပြီး ယမ်းဘီလူးအောင်ဒင်မှာလည်း ကိုယ်ကိုထိန်းမရတော့ဘဲ ပလက်ဖောင်းပေါ် အရှိန်ပြင်းစွာကျပြီး ပတ်ဝန်းကျင်ကို သတိမရနိုင်တော့ချေ။

*****

ယမ်းဘီလူးအောင်ဒင် သတိရ၍ မျက်လုံးဖွင့်လိုက်တော့ ရဲမှူးကြီးတင်အောင်ဖေ၊ ဒုရဲအုပ်[illegible]နှင့်အေး၊ မိမိနှင့်ရင်းနှီးသော ရဲအရာရှိများနှင့် သနပ်ခါးပါးကွက်ကျားနှင့် မိန်းမချောလေး တစ်ယောက်။

"နေရထိုင်ရ သက်သာရဲ့လား ရဲဘော်အောင်ဒင်"

ယမ်းဘီလူးအောင်ဒင်က ဦးတင်အောင်ဖေ၏မေးခွန်းကို ခေါင်းညိတ်၍ အဖြေပေး၏။

"တရားခံတွေ မိတယ်မဟုတ်လား"

"တစ်ကောင်ပဲမိတယ်ကွ။ ဆိုင်ကယ်လည်း ရလိုက်တယ်၊ ဒါပေမယ့် သူတို့ဝန်မခံကြဘူးကွ။ ဒီကောင်တွေ ဝန်ခံရမှာပါ။ ဆိုင်ကယ်နဲ့ပတ်သက်ပြီး အယောင်ဆောင်မှုပုဒ်မက သူတို့အတွက် တစ်ခုခုဝန်ခံချက်ဖြစ်လာမှာပါ"

ဦးတင်အောင်ဖေ ယင်းသို့ပြောလိုက်စဉ် ပါးကွက်ကျားနှင့် မိန်းမချောလေးက ဝင်ပြောသည်။

"ကျွန်မ သဲလွန်စရအောင် ရှာပေးပါ့မယ်"

ယမ်းဘီလူးအောင်ဒင်က မိန်းမပျိုလေးကို ငဲ့စောင်းကြည့်လိုက်ပြီးနောက် ဦးတင်အောင်ဖေကို လှမ်းကြည့်လိုက်၏။

"ကိုအောင်ဒင် သူ့ကိုမှတ်မိမှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုအောင်ဒင်နဲ့တွေ့တုန်းက ဈေးသည်မ ရိုးရိုးလေးပါ"

"ဗျာ"

ယမ်းဘီလူးအောင်ဒင် တွေဝေသွားသည်။

"စတွေ့တုန်းက ဈေးသည်မလေး မဟုတ်ဘူးဆိုတော့ ဒီမိန်းမချောလေးက အသွင်ပြောင်းထားတဲ့ သဘောလား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ဘဝက အလုပ်ချိန်မှာ ပေါ်ပေါ်ထင်ထင် နေလို့မရဘူးလေ၊ ရုပ်ပြောင်းထားတာတောင် အန္တရာယ်က မလွတ်ဘူး မဟုတ်လား ဆရာရယ်"

ဈေးသည်မလေး ရှင်းပြတော့ ယမ်းဘီလူးအောင်ဒင် သဘောပေါက်စွာ ပြုံးလိုက်သည်။ ပြီးနောက် . .

"နေပါဦး မင်းက သဲလွန်စရှာမှာ မဟုတ်လား၊ မင်းနာမည်က"

"ကျွန်မနာမည် မနှင်းဆီပါရှင်"

ယမ်းဘီလူးအောင်ဒင်က ခပ်ယဲ့ယဲ့ပြုံးသည်၊ ယမ်းဘီလူးအောင်ဒင်၏အပြုံးမှာ "မင်းလို ပျော့ညံ့တဲ့ မိန်းကလေးက အန္တရာယ်ထူပြောတဲ့ ကျားတောထဲမှာ . . ."

ယမ်းဘီလူးအောင်ဒင်၏ အတွေးမဆုံးခင် ဦးတင်အောင်ဖေက ယမ်းဘီလူးအောင်ဒင်၏ အတွေးကို ဖြတ်တောက်လိုက်၏။

"ဒီမှာ . . ရဲဘော်အောင်ဒင်၊ မနှင်းဆီကို အထင်သေးလို့ မရဘူးနော်၊ မောင်ရင် ပလက်ဖောင်းပေါ်ကျပြီး သတိမေ့နေချိန်မှာ မင်းကို မနှင်းဆီကကူညီခဲ့တာဗျား သိရဲ့လား"

"ဘယ်လို ဘယ်လို၊ ကျွန်တော့်

www.burmeseclassic.com

ကို အဲဒီအချိန်က ကူညီခဲ့တာ ဟုတ်လား”

“အဲဒီအချိန်က ကျွန်မလည်း ကိစ္စတစ်ခုနဲ့ လမ်းပေါ်ရောက်နေတယ်ဆိုပါတော့ရှင်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ လမ်းပေါ်မှာ ဆိုင်ကယ်နဲ့ လူတစ်ယောက် လဲနေတယ်။ ပလက်ဖောင်းပေါ်မှာ ဆရာအောင်ဒင်လဲနေတယ်။ လူတွေအုံနေတာပဲ။ ကျွန်မတွေ့တော့ ချက်ချင်းပဲ စခန်းကိုဖုန်းဆက်အကြောင်းကြားပြီး ဆရာ့ကိုပွေ့ထူပြီး သွေးတွေစီးကျနေတဲ့ ဆရာ့နဖူးကို ကျွန်မက လက်ကိုင်ပဝါနဲ့ ဖိထားပေးရတာ။ မကြာပါဘူး ရဲအဖွဲ့ရောက်လာပြီး . . ”

“တော်ပါတော့ မနှင်းဆီရယ်။ သဘောပေါက်ပြီ”

ယမ်းဘီလူးအောင်ဒင်က တားလိုက်ရာ မနှင်းဆီဆက်မပြောတော့ပါ။ ဦးတင်အောင်ဖေက ယမ်းဘီလူးအောင်ဒင်၏အကြောင်းကို သိထား၍ မနှင်းဆီအား ဆက်မပြောရန် တားလိုက်သည်ကို သဘောပေါက်လိုက်ပါ၏။

အကြောင်းကား ယမ်းဘီလူးအောင်ဒင်က စိတ်ဓာတ်ပြင်းထန်သူဖြစ်၏။ မိမိကသာ သူတစ်ပါးကို ကူညီပေးလို၏။ မိမိအား အားနွဲ့သူတစ်ယောက်က ဝင်ကူညီသည်ကို ယမ်းဘီလူးအောင်ဒင်က လက်ခံလိုစိတ်မရှိ။ သို့သော် ပြီးခဲ့ပြီမဟုတ်လား။

“ကျေးဇူးတင်ပါတယ် မနှင်းဆီ။ ဒီအချိန်က မနှင်းဆီသာ အဲဒီနေရာမှာ မရှိရင် . . . ”

*****

## (၂)

## ရှုပ်ထွေးသော ပြဿနာ

ဒုရဲအုပ်မြင့်မြင့်အေးဆီမှ သတင်းပေးပို့မှုကြောင့် ယမ်းဘီလူးအောင်ဒင် ပျာပျာသလဲ ဖြစ်သွား၏။

“ကိုအောင်ဒင် . . . ရှင်အမြန်ဆုံး မနှင်းဆီရှိတဲ့နေရာကို သွားလိုက်ပါ။ လေးထောင့်ကန်ဘူတာနားမှာတဲ့”

ယမ်းဘီလူးအောင်ဒင်၏ ခေါင်းထောင်သွားသည်။ နားရွက်များပင် ပွရှိန်းသွားသလို ခံစားလိုက်ရသည်။ မနှင်းဆီ။ သည်ကလေးမ မလွယ်ပါလား။

ယမ်းဘီလူးအောင်ဒင်မှာ မနေသာတော့။ တက္ကစီကားဖြင့် လေးထောင့်ကန်ဘူတာသို့ သုတ်ခြေတင်ရသည်။ တစ်လမ်းလုံး မနှင်းဆီနှင့်ယှက်နွယ်၍ တွေးမိသည်။ ပထမဆုံး အကြော်ပို့တဲ့ ဈေးသည်မ အနေအထား။ ပြီးနောက် မိမိ ဆေးခန်းသို့ရောက်ချိန်၌ ရောက်လာသော အနေအထား။

“ဆရာဦးအောင်ဒင် တစ်ခုခု ခံစားနေရသလို ထင်ရတယ်။ ဘာများ ခံစားနေရလဲဟင်။ အိမ်ထောင်ရေး အဆင်မပြေလို့လား”

“ဩော် . . . မနှင်းဆီကလည်းဗျာ။ ကျုပ်ဘာမှ မဖြစ်ပါဘူး။ မနှင်းဆီပြောသလို ကျုပ်အိမ်ထောင်ရေး အဆင်မပြေရအောင် ကျုပ်မှာ မိန်းမမှမရှိတာ။ ကျုပ်ကိုချစ်တဲ့သူ မရှိပါဘူးဗျာ”

“အင်း . . ဒါတော့ ညာတာပဲ။ ဆရာဦးအောင်ဒင်လို . . . . ”

“တော်ပါတော့ မနှင်းဆီ”

“ဒါဖြင့် ဘာလို့ ငိုင်နေတာလဲဟင်”

သည်တော့ ယမ်းဘီလူးအောင်ဒင်က မိမိမက်ခဲ့သော စိတ်ဝင်စားစရာ အိပ်မက်ကို ပြောပြခဲ့သည်။ သည်တော့ မနှင်းဆီ ခေါင်းတညိတ်ညိတ်နှင့် လှုပ်ရှားနေပုံကို ယမ်းဘီလူးအောင်ဒင် အကဲခတ်မိသည်။

“ဘူတာကို သွားမှာလားဆရာ”

“ဩော် . . အင်းအင်း ဟိုအချိုးနားမှာ ရပ်ပါ”

ကားဒရိုင်ဘာက မေးလိုက်မှ ယမ်းဘီလူးအောင်ဒင် မနှင်းဆီနှင့်ပတ်သက်သောအတွေးပြတ်သွားသည်။

ယမ်းဘီလူးအောင်ဒင် တက္ကစီကားပေါ်မှဆင်း၍ ဒုရဲအုပ်မြင့်မြင့်အေး အကြောင်းကြားထားသော ဘူတာရုံအနောက်ဘက်ရှိ အဆောက်အအုံပျက်များ ဘစ်နေရာသို့ လျှောက်ခဲ့သည်။

“ဘာကိစ္စရှိလို့လဲ”

မာကျောသော လေသံတစ်သံက မိမိအား ဖိတ်ခေါ်လိုက်ပါ၏။ ထိုအခါ ယမ်းဘီလူးအောင်ဒင်ကလည်း သွက်လက်စွာပင် အဖြေတုံ့ပြန်လိုက်ပါသည်။

“ဆင်စွယ်အဖြူ မရောင်းဖို့ရှိ



www.burmeseclassic.com

www.burmeseclassic.com

တယ်"

"အေး . . . ဒီကိစ္စဆိုရင် ခဏ စောင့်"

ထိုလူက မာမာကျောကျော ခပ်ပြတ်ပြတ်ပြောကာ အနောက်ဘက်သို့ ဝင်သွားသည်။ ယမ်းဘီလူးအောင်ဒင်က အကဲခတ်သည်။ မိမိကို ထောင်ချောက်ဆင်တာလား၊ ပစ်ကွင်းအဖြစ်သတ်မှတ်လိုက်တာလား။ မနှင်းဆီ သဘင်းပေးသည်ဟုဆိုသဖြင့် မိမိ အထင်များ မှားရော့လား။

ယမ်းဘီလူးအောင်ဒင်၏ စိတ်တို့ လှုပ်ရှားနေသည်။ ဤနေရာသို့ ဦးတင်အောင်ဖေနှင့် ဒုရဲအုပ်မြင့်မြင့် အေးတို့သည် ရောက်လာနိုင်ပါသလား။ မနှင်းဆီက ဖုန်းဆက်အကြောင်းကြားသည်ဆိုတော့ ပြဿနာမရှိ၍ မဟုတ်နိုင်။ ဤသို့ ယမ်းဘီလူးအောင်ဒင် အတွေး၌ ရှုပ်ထွေးနေခိုက်။

"ဆင်စွယ်ရောင်းမှာက မင်းလားကွ"

အောင်မြင်သော မေးခွန်းကြောင့် ရုတ်တရက်မို့ ယမ်းဘီလူးအောင်ဒင် စိတ်လှုပ်ရှားမှု ခံစားလိုက်ရ၏။

"နေပါဦးကွ။ မင်းက ဒီမှာ ဒီပစ္စည်းတွေ အရောင်းအဝယ်ရှိတယ်ဆိုတာ ဘယ်လိုသိလဲ။ ဒါကိုတော့ မင်းဖြေရလိမ့်မယ်။ တိကျတဲ့အဖြေမဟုတ်ရင် မင်း ဒီကနေ အသက်ရှင်လျက်နဲ့ ထွက်မသွားနိုင်ဘူးနော်"

သည်တော့ ယမ်းဘီလူးအောင်ဒင်က လွယ်စွာမှ ချိုသာသောအပြုံးကို ပြုံး၍ သူ့လက်ကိုမြှောက်ခါပြီး သူ့လက်သူ့ကြွယ်မှ အဖြူရောင်ဆင်စွယ်လက်စွပ်လေးကိုချွတ်၍ ထိုပုဂ္ဂိုလ်အား ပေးလိုက်ပြီး . . .

"ဒီမှာ . . . ဦးကျောက်ဘီလူး။ ခင်ဗျား ဒီပစ္စည်းကိုကြည့်ပြီး ကျုပ်ဘာလဲဆိုတာ ခန့်မှန်းနိုင်ပါပြီနော်"

"မင်း . . . မင်း ငါ့ကိုသိတယ်ပေါ့"

ယမ်းဘီလူးအောင်ဒင်က မသိမသာဆွလိုက်ခြင်းပင်။ ထိုအခိုက် လွန်စွာမှ လှပရှိကျသော အမျိုးသမီးနှစ်ဦး ထွက်လာသည်။ ပြီးနောက် အမျိုးသမီးတစ်ဦးက ဤသို့ပြောလိုက်သည်။

"အစ်ကိုကြီး ဘာပြဿနာရှိလို့လဲ။ ဖြေရှင်းဖို့အသင့်ပဲလေ"

"အေးပါကွာ မင်းတို့ကိုယုံပါတယ်။ ဒါပေမယ့် အခုလောလောဆယ် ဒါလေးကို ဆုံးဖြတ်ပါဦး"

ဦးကျောက်ဘီလူးက သူ့လက်မှ ယမ်းဘီလူးအောင်ဒင်ပေးသော ဆင်စွယ်လက်စွပ်ကို လှမ်းပြလိုက်၏။ ထိုအခါ မိန်းမချောလေးက သူ့အဖော် မိန်းမချောကိုပြ၍ . .

"စံပယ် . . . ဒါ ဒိုင်းမွန်းကင်းက ထွက်တဲ့လက်ရာပဲ"

"ဟုတ်တယ် မမလှိုင်။ ဒါ . . ဒိုင်းမွန်းကင်းလက်ရာပါ"

"အိုကေ . . ဒါဆို မင်းကိုယုံလိုက်မယ်။ မင်းနာမည်"

"အောင်ဒင်"

"ကြိုက်ပြီဟေ့ . . ။ နာမည်ကလည်းမိုက်၊ အောင်ဒင်တဲ့၊ ဒါနဲ့ မင်း ငါ့နာမည် ဘယ်လိုသိလဲကွာ"

"အစ်ကိုကြီးကလည်း ဒိုင်းမွန်းကင်းနဲ့ ပတ်သက်နေတာပဲ မဟုတ်လား"

"အေး . . . ဟုတ်ပြီ ဟုတ်ပြီ။ မင်းတို့လေးတွေက သိပ်တော်တာပဲ။ အောင်ဒင်ရေ . . . အလုပ်ဖြစ်ပြီလို့ သဘောထားလိုက်ပါကွာ"

*****

ဦးတင်အောင်ဖေက သူ့ဆေးတံကြီးထဲ ဆေးဖြည့်ကာ ယမ်းဘီလူးအောင်ဒင်ကို တစ်ချက်ငဲ့ကြည့်လိုက်၏။ ပြီးနောက် မီးခြစ်ခြစ်၍ ဆေးတံကြီးကို မီးစွဲအောင်ညှိလိုက်ပြီး -

"ငါကတော့ အားလုံးကို ဖမ်းလိုက်ချင်တာပဲကွာ"

သည်တော့ ယမ်းဘီလူးအောင်ဒင်က ခေါင်းယမ်းပြီး . . .

"မဖြစ်ဘူး ဦးတင်အောင်ဖေ။ သူတို့ကို ဒီမှာဖမ်းရင် ဒီမှာပဲ တစ်စခန်းရပ်သွားမှာ။ သူတို့လုပ်ထားတဲ့ အင်အားက ကြီးမားတဲ့အသွင်ဆောင်နေတယ်။ ကျွန်တော်တို့ ရေအဆုံးမြေအဆုံးလိုက်ပြီး အမြစ်ဖြတ်ရမှာမဟုတ်လား ဦးတင်အောင်ဖေ"

"ဟုတ်တာပေါ့။ ဆရာအောင်ဒင်ပြောသလိုလုပ်မှ ဖြစ်မှာ။ အဲဒီအဖွဲ့က အန္တရာယ်ကြီးမားတဲ့အဖွဲ့။ တကယ့်ကို ကြောက်စရာကောင်းတဲ့ အန္တရာယ်ကြီးတဲ့ လူဆိုတွေပါ ဆရာ"

"ဟာ . . . မနှင်းဆီ၊ ဘယ်တုန်း ကရောက်ပြီး တို့များပြောတာကို နားထောင်နေတာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဦးတင်အောင်ဖေကလည်းဗျာ မစံပယ်ကို လျှော့တွက်လို့မရဘူး"

"ဘာ . . . ဘာ . . . ဘယ်က မစံပယ်လဲ။ သူက မနှင်းဆီပါ"

ဦးတင်အောင်ဖေက ခေါင်းရှုပ်သောဟန်ဖြင့် ဆေးတံသောက်ဖို့အတွက် ဆေးဖြည့်ထားသော မီးရဲရဲနှင့် ဆေးတံကို ယောင်ယမ်းခါလိုက်ရာ မီးစွဲနေသော ဆေးမှုန်များ လွင့်ဖျာကျသွားသဖြင့် ယမ်းဘီလူးအောင်ဒင်က သဘောကျစွာရယ်လိုက်ရင်း ဦးတင်အောင်ဖေက ကျွဲမြီးတိုသလိုဟန်ဖြင့် . . .

"မင်းတို့က ရှင်းရှင်းလုပ်ပါကွာ"

"ကျွန်မရှင်းပြပါ့မယ် ဆရာကြီး။ ဆရာဦးအောင်ဒင်ပြောတာ မှန်ပါတယ်။ သူခေါ်တဲ့နာမည်လည်း မှန်ပါတယ် ဆရာကြီးရယ်။ ကျွန်မဖြင့် ဆရာဦးအောင်ဒင်ကို လေးစားပြီးရင်း လေးစားမိပါပြီ။ ဒါကြောင့်လည်း ယမ်းဘီလူးအောင်ဒင်လို့ နာမည်ကြီးတာပဲနော်"

မနှင်းဆီက လေးထောင့်ကန့်၌ ယမ်းဘီလူးအောင်ဒင်၏ ရဲဝံ့စွာဆောင်ရွက်ခဲ့ပုံကို ရှင်းပြ၏။ မိမိကိုယ်မိမိလည်း ကိုယ်ယောင်ဖျောက်၊ အသွင်ဖျောက်ခဲ့ပေမယ့် ယမ်းဘီလူးအောင်ဒင်က သိရှိခဲ့သည်မှာ လွန်စွာမှ အံ့ဩမိကြောင်းဖြင့် မနှင်းဆီက ဝန်ခံခဲ့၏။

"သမီး မနှင်းဆီ . . . သမီးမှာ အန္တရာယ်ကြီးလှတယ်နော်။ သမီးက မိန်းကလေး၊ မိန်းကလေးမှ တော်ရုံတန်ရုံ မဟုတ်တဲ့ ယောကျ်ားတွေမက်မောလောက်တဲ့အလှရှိတဲ့ မိန်းကလေးလေ"

ဦးတင်အောင်ဖေက ယင်းသို့သတိပေးစကားပြော၏။

"ကျေးဇူးတင်ပါတယ် ဆရာကြီး။ ကျွန်မကလည်း အဲဒီကိစ္စ ပြဿနာရှိလာမှာကို သိပါတယ်။ ဒါပေမယ့် ဆရာကြီး ကျွန်မရင်မှာ နာကြည်းစွာခံစားခဲ့ရတဲ့ဝေဒနာတစ်ခု ရှိခဲ့ပါတယ်။ အဲဒီဝေဒနာက ကျွန်မရဲ့ အလွန်အားကိုးခင်မင်ရတဲ့ သူငယ်ချင်းတစ်ယောက် ဘဝပျက်ပြီး ပျောက်ဆုံးခဲ့ပါတယ်။ သူ့နာမည်က ဝေဝေပါရှင်"

မနှင်းဆီက ဦးစွာ တက်တက်ကြွကြွရှိနေသော်လည်း နောက်ဆုံးစကားပြောပြီးသည့်အချိန်တွင် ကြေကွဲသံ ရောယှက်နေပါသည်။

"ဒါလည်း မိသားစုအရေးပါတာပေါ့ . . မိသားစုအရေး"

မနှင်းဆီက မိမိသူငယ်ချင်း ဝေဝေနှင့်ပတ်သက်၍ ရှင်းပြသည်။ ဝေဝေက လူလည်းလှ၊ သဘောကလည်း ဖြူ။ မိသားစုက ဆင်းရဲသည်။ ဖခင်က ကျန်းမာရေးချို့တဲ့၍ အိပ်ရာထဲ လဲနေခဲ့ပုံ၊ မိခင်က ဈေးရောင်းကျွေးခဲ့၊ မိသားစုငါးယောက်၊ မိခင်၊ ဖခင်နှင့် ဝေဝေတို့ မောင်နှမသုံးယောက်။ သည်အထဲတွင် ဝေဝေက အကြီးဆုံး၊ ပညာမတတ်၍ အလုပ်လုပ်ရန်မလွယ်၊ သည်မှာပင် ဝေဝေက ဦးကျောက်ဘီလူးလက်ထဲ ရောက်သွားပြီး မိမိနေအိမ် စားဝတ်နေရေးအတွက် ပြေလည်ပေမယ့် ဝေဝေ့ဘဝက ဘဝပျက်၊ အလှပျက်နဲ့ နောက်ဆုံး ဝေဝေပျောက်ဆုံးခဲ့သည်။ ဘယ်သို့ ရောက်သွားမှန်း မသိခဲ့။

သူငယ်ချင်းဝေဝေအတွက် မကူညီနိုင်ခဲ့သော မနှင်းဆီ။ ဝေဝေပျောက်ဆုံးမှုနှင့်ပတ်သက်၍ နာကြည်းစွာ လှုပ်ရှားခဲ့ရပုံကို ပြောပြရာ ရဲမှူးကြီးဦးတင်အောင်ဖေနှင့် ယမ်းဘီလူးအောင်ဒင်ပါ အံ့ဩရပါတော့၏။

မနှင်းဆီက သူမတစ်ကိုယ်တည်း လှုပ်ရှားခဲ့ရပုံ၊ နောက်ဆုံးယမ်း ဘီလူးအောင်ဒင်နှင့် စတင်အခင်းဖြစ်ပွားသည့် အချိန်အထိ ရင်ဖွင့်ခဲ့၏။ သည်သို့ဆိုလျှင် ဦးတင်အောင်ဖေက ယမ်းဘီလူးအောင်ဒင်နှင့် မနှင်းဆီတို့၏ ဆန္ဒအတိုင်း သည်အမှုအခင်းကို သည်မှာဆုံးဖြတ်၍ မဖြစ်၊ ရေအဆုံးမိုးအဆုံး လိုက်ရမည်မဟုတ်ပါလား။

*****

## (၃)

## ရွှေလျားနေသော ပစ်ကွင်း

ဒေါနတောင်ခြေရင်းရဲ့ သတင်းအရတော့ လွန်ခဲ့တဲ့ သုံးလခန့်က ယောကျ်ားလေးယောက်နှင့် မိန်းကလေးတစ်ယောက် ဖြတ်သွားကြောင်း၊ ယခု . . ရက်သတ္တနှစ်ပတ်အတွင်း မိန်းကလေးနှစ်ယောက်နှင့် ယခင်ယောကျ်ားလေးယောက်ပင် ဖြတ်သွားကြောင်း၊ အကြောင်းပြချက်က သည်ပတ်ဝန်းကျင်၌ အလုပ်ကိစ္စရှိ၍ သွား



www.burmeseclassic.com

www.burmeseclassic.com

ကြကြောင်း၊ ပြန်လာတော့ မိန်းကလေးတွေ ပါမလာတော့ကြောင်း သတင်းကို ဒုရဲအုပ်မြင့်မြင့်အေးက ရဲမှူးကြီးဦးတင်အောင်ဖေအား ပေးပို့သော သတင်းကို အစီရင်ခံနေသည်။

"အင်း . . . လူကုန်ကူးတာလည်း ဖြစ်နိုင်တာပဲ"

"ကျွန်မကတော့ လုံးဝဟုတ်နေပြီလို့ တွက်မိတယ်။ ဒီဖြစ်ပျက်နေတဲ့ မနှင်းဆီတို့ရဲ့ ပတ်ဝန်းကျင်ကို စုံစမ်းလေ့လာရသမျှ ပျောက်ဆုံးနေတဲ့ မိန်းကလေးရှိတဲ့ အရိပ်လက္ခဏာတွေ ပြနေတယ်။ ရှက်ကြောက်လို့ ဖုံးဖိထားတာများလား"

ဒုရဲအုပ်မြင့်မြင့်အေး ကောက်ချက်ချသည်။ ရဲအုပ်ကြီးဦးတင်အောင်ဖေကလည်း ခေါင်းတယမ်းယမ်း။ တတွတ်တွတ်နှင့်ပြောနေသည်။

"ခက်တာက အပေါ်ကလည်း ဖိအားတွေ ပေးနေတယ်။ အမှုကို အမြန်ဆုံးပေါ်အောင်လုပ်ဖို့"

"ဒါပေမယ့် . . မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်ဆရာ။ ကျွန်မတို့က အခုချိန်မှာ အဆုံးသတ်အောင်လုပ်ရမှာ။ ဒီမှာတင်ဖြတ်ရင် လိုရင်းကိုရောက်တော့မှာ မဟုတ်တော့ဘူး"

"အင်း . . . ဒါကလည်း ငါတို့ဘက်က အတွေးကိုး။ တို့ဘက်က အောင်မြင်မှုဖြစ်မယ် မဖြစ်ဘူးဆိုတာ ကံသေကံမမပြောနိုင်ဘူးမဟုတ်လား"

ဦးတင်အောင်ဖေ၏ စကားကြောင့် ဒုရဲအုပ်မြင့်မြင့်အေး တွေဝေနေစဉ်မှာပင် ထောက်လှမ်းရေးအဖွဲ့ဝင် ရဲကြပ်ကြီးထွန်းထွန်း ရောက်လာကာ ယင်းသို့ သတင်းပို့ပါသည်။

"ဒေါ်နုတောင်ခြေ၌ လှုပ်ရှားမှုရှိနေပြီ၊ သတင်းမှန်"

ရဲကြပ်ကြီးထွန်းထွန်း သတင်းကြောင့် ဦးတင်အောင်ဖေ ခဲထားသော ဆေးတံကြီးပြုတ်ကျလုမတတ်ဖြစ်သွား၏။ ဦးတင်အောင်ဖေ၏ ဖြစ်ရပ်ကို မြင်၍ ဒုရဲအုပ်မြင့်မြင့်အေး တစ်ဖက်သို့လှည့်၍ ပြုံးလိုက်၏။

"ရဲဘော်အောင်ဒင်ကို အမြန်ဆုံး ဆက်သွယ်ဟေ့"

"ဟုတ်ကဲ့"

ဦးတင်အောင်ဖေ၏ အမိန့်ညွှန်ကြားချက်ကြောင့် ဒုရဲအုပ်မြင့်မြင့်အေးက ချက်ချင်းပင် ယမ်းဘီလူးအောင်ဒင်ထံ အဆက်အသွယ်ပြု၏။

"ဘယ်လိုလဲဟေ့ ရပြီလား"

"မရသေးဘူး ဆရာ"

"ဟာ . . . တော်တော်ခက်ပါလား"

ဦးတင်အောင်ဖေက ဂနာမငြိမ်ဖြစ်နေသည်။

"ဟဲလို . . . ဟဲလို ကိုအောင်ဒင် . . . ကိုအောင်ဒင်"

အတန်ကြာငြိမ်သက်နေပြီးမှ ဒုရဲအုပ်မြင့်မြင့်အေးက တယ်လီဖုန်းချလိုက်ပြီး . . . .

"ဆရာ . . ကိုအောင်ဒင် ဒေါ်နုစခန်းကို ရောက်နေပြီတဲ့၊ ကျွန်မတို့ အမြန်လိုက်မှဖြစ်မှာ"

"ဟေ . . . ကောင်းကွာ"

*****

အရပ်ရှည်ရှည်နှင့် အားကောင်းမောင်းသန်လူတစ်ယောက်က စီးကရက်တစ်လိပ်ကို ဖိမ်ခံဖွာနေသော လူရွယ်တစ်ဦးအနီးသို့ ချဉ်းကပ်သွားပြီး

"ဆရာ ကျွန်တော့်ကို ကူညီပါလားခင်ဗျာ"

စီးကရက်ကို စမတ်ကျစွာဖွာရှိုက်နေသော လူရွယ်က ထိုပိန်ရှည်ရှည်လူကို မျက်လုံးမှေး၍ကြည့်၏။ မိမိကို ဆရာဟုခေါ်လိုက်ခြင်းကြောင့် လူရွယ်က စိတ်အနည်းငယ်လှုပ်ရှားသွားသည်။ သို့သော် မိမိကို အကူအညီတောင်းသည့်သူက စိတ်ဝင်စားစရာ မရှိ။ တာဝန်ပေးလျှင်လည်း ဆောင်ရွက်နိုင်မည့်ပုံမဟုတ်၊ အဝတ်အစားတွေက စုတ်ပြတ်နေသဖြင့် လူရွယ်က တစ်ဖက်သို့လှည့်ပြီး -

"ကျုပ် ခင်ဗျားကို ဘာမှကူညီနိုင်မှာ မဟုတ်ဘူး"

"ဆရာကူညီနိုင်ပါတယ် ဆရာရယ်။ အလုပ်ကလည်း ခက်ခက်ခဲခဲ မဟုတ်လို့ပါ။ ပစ္စည်းသယ်၊ ပစ္စည်းထမ်း အလုပ်ဆိုတော့ ဆရာ့တပည့် လုပ်နိုင်ပါတယ်ဆရာ"

ဆရာ့တပည့်ဟူသော အသုံးအနှုန်းကြောင့် လူရွယ် အနည်းငယ် လှုပ်ရှားသွားသည်။ ပြီးနောက် အလုပ်လာတောင်းသူကို စောင်းငဲ့ကြည့်လိုက်သည်။

"မင်းနာမည်"

"ဘချောပါဆရာ"

လူရွယ်က ထိုလူကိုကြည့်ပြီး နှာခေါင်းရှုံ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"နာမည်က ဘချောတဲ့လား။ ဒွေးကွာ . . ချောတာ၊ မချောတာ အပထား။ မင်းကို ကုန်ထမ်းဖို့အလုပ် ပေးမယ်။ ငါ့နာမည်မှတ်ထား . . ကျော်ခေါင်တဲ့"

"ဟုတ်ကဲ့ ဆရာကျော်ခေါင်၊ လေးစားပါတယ်"

"မင်း ငါ့နောက်လိုက်ခဲ့၊ မင်း ဆောင်ရွက်ရမယ့်နေရာ ပြမယ်"

"ဟုတ်ကဲ့ပါဆရာ၊ ကျေးဇူးတင်ပါတယ်"

*****

"ဟော့ . . ဘချောကောကွ။ ခရီး ထွက်ခါနီး ဒီကောင် ဘယ်သွားလဲ"

မြန်ဆန်လှ၏။ သွက်လက်လှ၏၊ မနေ့ သည်အချိန်တွင် ပစ္စည်းများ စုဆောင်းဆဲ၊ ယနေ့ သည်နေ့ နေ့ လယ်ခင်းတွင် သူတို့၏လုပ်ငန်းစဉ် အောင်မြင်ရန် ခြောက်ဆယ်ရာခိုင် နှုန်း ပြီးနေပြီ။ တာဝန်ယူ စီစဉ်သူက ကျော်ခေါင်။ သူက နာမည်ကြီးလှ သည်။

အထူးသဖြင့် ဦးကျောက်ဘီလူး ၏ တပည့်ပီသသည် ဆိုရမလား။ ဦးကျောက်ဘီလူးသည် ရန်ကုန်မြို့ သယ်န်းကျွန်းဘောက်ထော် အထူး စခန်းမှနေ၍ လျှို့ဝှက်စွာ လိုအပ် သည်များကို ပိပိရိရိနှင့် နိုင်နင်းစွာ ဆောင်ရွက်နေသူဖြစ်၏။ လုပ်ငန်း ကျွမ်းကျင်သည်၊ စိမ်မှုကောင်းသည်။ ထိုအခါ သည်စခန်းအတွက် အသင့် တော်ဆုံးဟု ဦးကျောက်ဘီလူး ဆုံး ဖြတ်သည်မှာ ကျော်ခေါင်ပင်။

ကျော်ခေါင်ကို သည်စခန်း တာ ဝန်ခံ အိုက်မောင်ကလည်း သဘော တွေ့သည်။ အိုက်မောင် ဆိုသူက လည်း လွန်စွာမှသတ္တိကောင်းသည်။ ညာဏ်နီညာဏ်နက်ထုတ်နိုင်သော ဦး ဆောင်သူ တစ်ယောက်ဟုဆိုလျှင် မမှား။

သူသည် တာဝန်ကျေသည်။ အခက်အခဲပေါင်းများစွာကို ဖြတ်သန်း ခဲ့သူဖြစ်သည်။ ကျော်ခေါင်က ရုပ်ရည် အားဖြင့် နုချောချောသည်။ အိုက် မောင်ကမူ ဗိုလ်အောင်ဒင်ရုပ်ရှင်ထဲ က မင်းသား ခင်မောင်ရင်လိုပင်။ အိုက်မောင်က ဗိုလ်အောင်ဒင်အတု ယူသည်။ ပြောဆိုဟန်ပန်ကအစ မာန် ပါလှသည်။

*****

တစ်လောက စခန်းအနီးရှိ မင်း လှဂူတွင်ဖြစ်သည်။ မင်းလှဂူမှာ လူသိ နည်းသည်။ သောင်းကျန်းသူအဖွဲ့တစ် ဖွဲ့ ရောက်လာပြီး အိုက်မောင်တို့စု ဆောင်းထားသော ရတနာပစ္စည်းနှင့် မိန်းမချောလေးတစ်ဦးကို သောင်း ကျန်းသူဗိုလ်စောမင်းက သိမ်းပိုက် လိုက်သည်။

မင်းလှဂူလေးမှာ နာမည်ကြီးလှ သည်။ သူပုန်သူကန် အသီးသီးတို့ ကြီးစိုးရာ ဒေသငယ်တစ်ခုဖြစ်သည်။ သွားရေးလာရေးခက်ခဲသည်။ သို့ သော် လုံခြုံသည်။

ဗိုလ်စောမင်းက မင်းလှဂူကို သိမ်းပိုက်သည်။ မင်းလှဂူအတွင်းရှိ အဖိုးတန်ရတနာများအားလုံး ဗိုလ် စောမင်း ပိုင်ဆိုင်သွားသည်။ ဗိုလ်စော မင်းပိုင်ဆိုင်သည့် ပစ္စည်းများ ကြည့် ပါဦး။

ထင်းရှူးသေတ္တာပုံးဖြင့် သေ သေသပ်သပ်ထည့်ထားသော ရွှေ သင်္ကန်းကပ် ဗုဒ္ဓရုပ်ပွားတော်များ၊ သေတ္တာကြီး ကိုးလုံးဖြင့် ဆင်စွယ်များ၊ လွန်စွာမှ ချောမောလှပသော မိန်းမပျို တစ်ယောက်နှင့်အတူ မိန်းကလေး ငါးယောက်။ ပြီးနောက် သေတ္တာလေး တစ်လုံး။ သေတ္တာလေးဆိုပေမယ့် အထင်သေး၍မရ။ ရွှေချောင်းတွေ ချည်း။

လွန်စွာမှလှပသော မိန်းကလေး တစ်ယောက်က ဆင်စွယ်သေတ္တာ ပေါ်မှာ ထိုင်နေပြီး မိန်းမပျိုငါးယောက် ဝန်းရံထားသောမြင်ကွင်း၌ ဗိုလ်စော မင်း တွေဝေနေသည်။ သို့သော် သည်မြင်ကွင်း၌ မိန်းမချောများအစား ဘတ်ငွေနဲ့ ဒေါ်လာတွေကို ဗိုလ်စော မင်း မြင်တွေ့ခံစားနေရသည်။ သို့ပေ မယ့် ဗိုလ်စောမင်းအဖို့ မိမိကျင် လည်ခဲ့ရသော အတွေ့အကြုံအရ သည်လိုအတွေ့အကြုံ သည်လိုမြင် ကွင်းတွေက မကြုံစဖူး ထူးဆန်းနေ သည်။ အိပ်မက်များလားပင် ထင် ယောင်ဝိုးတဝါးနှင့်။

"စောခင်မောင်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"ဒီည ဒီမှာပဲစခန်းချမယ်။ ပတ် ဝန်းကျင် လုံခြုံမှုရှိလား၊ လျှပ်တို့

www.burmeseclassic.com

အတွက် စားသောက်ဖို့ နေရာထိုင်ခင်း"

"ဟုတ်ကဲ့ဗိုလ်ကြီး စိတ်ချပါ"

"ဟား . . . ဟား . . . ဟား"

သည်အချိန်တွင် လွန်စွာမှ အံ့ဩဖွယ်ကောင်းသော ဟားတိုက်ရယ်မောသံက မင်းလှဂူတစ်ခုလုံး လွှမ်းမိုးသွားသလားဟု ထင်ရပါ၏။ ထိုအခါ ဂူတစ်ခုလုံး အပ်ကျသည်ပင် ကြားရလောက်အောင် ဆိတ်ငြိမ်သွားတော့သည်။ ဗိုလ်စောမင်းက ကြောင်စီစီဖြစ်နေရာမှ အသိချက်ချင်းဝင်လာတော့ သူ့ခါးမှ သေနတ်ကို လျှင်မြန်စွာဆွဲထုတ်လိုက်၏။ ဗိုလ်စောမင်း၏ လှုပ်ရှားမှုကလည်း မြန်လွန်း၏။ နိုင်ငံခြားရုပ်ရှင်မင်းသား ကလင့်အီဝုဒ်ထက်ပင် သာနေသလား ထင်ရသည်။

"ဟား . . . ဟား၊ ဗိုလ်စောမင်းရေ . . . ဖားတု ခရုခုန် အိုက်ဖျက်ရုံရှိမှာပေါ့ဗျာ။ ခင်ဗျားသေနတ် မြန်မြန်သိမ်းပါ။ ကျုပ်တို့အားလုံး ဝိုင်းထားပြီ။ နည်းနည်းလှုပ်တာနဲ့ တစ်တပ်လုံးပြုတ်သွားမယ်"

တကယ်ကို ဗိုလ်အောင်ဒင် ရုပ်ရှင်ကားထဲက ဗိုလ်အောင်ဒင်စတိုင်နှင့် လှုပ်ရှားနေသော အိုက်မောင်ကိုကြည့်၍ သောင်းကျန်းသူ ဗိုလ်စောမင်း သူ့လှုပ်ရှားမှုကို ရပ်လိုက်သည်။ "နည်းနည်းလှုပ်လိုက်တာနဲ့ တစ်တပ်လုံးပြုတ်သွားမယ်" ဆိုသော ကြိမ်းဝါးချက်က ဗိုလ်စောမင်းစိတ်ကို လှုပ်ရှားစေပါသည်။ အကြောင်းကား ဗိုလ်စောမင်းက သူ့တပ်ကို အပြုတ်မခံနိုင်ပါ။ သို့ကြောင့် ဗိုလ်စောမင်း ငိုင်တွေသွား၏။

"ဒီမှာ ဗိုလ်စောမင်း ကျုပ်က ကျုပ်တို့အချင်းချင်း ရန်မဖြစ်ချင်ဘူး။ ဒီတော့ ခင်ဗျားကို အခွင့်အရေးပေးမယ်။ ခင်ဗျားအတွက် လိုအပ်တာ ကျုပ်ကူညီမယ်။ ဘာလိုချင်လဲပြောပါ"

သည်တော့ ဗိုလ်စောမင်းက မြင်မြင်ချင်း သဘောမနေနာတွေ့နေသော ဆင်စွယ်သေတ္တာပေါ်က မိန်းမချောလေးကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ ထိုအချိန်တွင် အိုက်မောင်က စကားဆက်သည်။

"ဒီမှာ ဗိုလ်စောမင်း၊ ခင်ဗျားကို ကျုပ်ပေးမှာက သက်မဲ့ပစ္စည်းနော်။ ဒီတော့ ကျုပ်ကပဲ ဆုံးဖြတ်လိုက်မယ်။ ကျုပ် ခင်ဗျားကို ရွှေချောင်းတွေ ပေးလိုက်မယ်။ ခင်ဗျားတပ် ပြန်ဆုတ်ပါ . . . ဒါပဲ"

တစ်ဖက်မှ လိုက်လျောမှုသည် ဗိုလ်စောမင်းအတွက် လက်ခံရန် အကြောင်းသာရှိသည် မဟုတ်ပါလား။ အိုက်မောင်၏ ဆုံးဖြတ်ချက်အတိုင်း ဗိုလ်စောမင်းက ရွှေချောင်းယူ၍ ပြန်သွား၏။ ဗိုလ်စောမင်း၏ အာရုံ၌ ဆင်စွယ်သေတ္တာပေါ်မှ မိန်းမချော။

အမှန်တော့ ဗိုလ်စောမင်းသည် အရာအားလုံးကို ရထိုက်သည်။ မိမိတပ်တွင် လက်နက်အင်အား အပြည့်အစုံနှင့် တပ်သားငါးဆယ်ခန့်ပါသည်။ သို့သော် ဗိုလ်စောမင်းက အိုက်မောင်၏ အိုက်တင်လှုပ်ရှားမှုကို အလေးထားလိုက်ခြင်းပင်။

အမှန်တော့ အိုက်မောင်က သူ့လူအင်အား ငါးယောက်ဖြင့်သာ ဗိုလ်စောမင်းကို ခြိမ်းခြောက်အနိုင်ယူလိုက်ခြင်းပင် ဖြစ်ပါ၏။

ဤသို့ဖြင့် အိုက်မောင်ကလည်း သူ့နေရာနှင့်သူ အထင်ကြီးစရာပင် မဟုတ်ပါလား။

*****

"ကျော်ခေါင် ဘယ်မှာလဲ၊ မင်းတပည့်ကရော"

"ရှိပါတယ်ဆရာ၊ သူ့ကို ပတ်ဝန်းကျင် လေ့လာရှင်းခိုင်းထားတယ်ဆရာ"

ကျော်ခေါင်က အဆင်ပြေအောင် ဖြေလိုက်သည်၊ အမှန်တော့ ခရီးစရန် ပြင်ဆင်နေချိန်မှစပြီး ဘချောကို မတွေ့ရပါ။ ပြဿနာတွေရင်ဆိုင်ရမှာ စိုးရွံ့ပြီး ရှောင်သွားပြီလား၊ ကျော်ခေါင် အတွေး၌ သံသယဝင်လာသည်၊ ဘချောသည် လုပ်ရည်ကိုင်ရည်ရှိသည်ကို ယခု သူနှင့်လက်တွဲလာသော ရက်ပိုင်းအတွင်း ကျော်ခေါင်က သဘောပေါက် သိရှိနေခဲ့သည်၊ ထို့ကြောင့် ကျော်ခေါင်က ဘချောကို စိတ်ချခဲ့သည်၊ ယုံကြည်ခဲ့သည်၊

"ဟော့ . . . ရှုကီလာ"

"ဟုတ်ကဲ့ပါရှင့်"

"နင့်ဟုတ်ကဲ့ထား၊ ဒီကိုလာခဲ့"

"ဟုတ်ကဲ့ပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com

"နင် ဘချောကိုတွေ့လိုက်လား"

"မတွေ့လိုက်ပါဘူးရှင့်"

ကုလားမလေး ရှကီလာက ကနွဲ့ကလျနှင့် ပြန်ဖြေပြီးနောက် သူတို့အနီးမှ ခွာသွားသည်။

"ကျော်ခေါင်"

"ဟုတ်ကဲ့ဆရာ"

"ငါတို့ထွက်မယ့်အချိန် နှစ်နာရီပဲလိုတော့တယ်။ ဒီတော့ မင်း စိတ်ချရမယ့် တစ်ယောက်ယောက်ကို ဆရာဦးကျောက်ဘီလူးဆီ အားလုံးအဆင်သင့်ဖြစ်လို့ သတ်မှတ်ထားတဲ့အချိန် ကိုက်ရောက်မယ်လို့"

"ဟုတ်ကဲ့ ဆောင်ရွက်လိုက်ပါ့မယ်"

"ဒါနဲ့ ဟို ဗိုလ်စောမင်းကိစ္စ"

"အနှောင့်အယှက် မဖြစ်တော့ပါဘူးဆရာ။ သူတို့ကျေနပ်အောင် လုပ်ပေးခဲ့ပါတယ်"

အိုက်မောင်က ခေါင်းတညိတ်ညိတ်ဖြင့် ပီတိတွေဖြစ်နေသည်။ သူ့ရည်မှန်းချက်တွေ သည်တစ်ကြိမ် ပြည့်ဝတော့မည်။ သူရရှိသည့်ဝေစုနှင့် သူစွဲလမ်းမိသော မိန်းမချောလေး ခင်ဝေဝေနှင့် အေးချမ်းစွာ ချစ်ပွဲဝင်ရပေတော့မည်။

"ကျော်ခေါင်ရေ . . . ဒီပွဲတော့ အပြတ်နွှဲရမှာကွ။ ပွဲပြီးဖျာသိမ်း လက်ကျန်မရှိလေ ကောင်းလေပဲ"

"စိတ်ချပါဆရာ၊ ဆရာ့တပည့် ကျော်ခေါင်တာဝန် ထားလိုက်ပါ"

ယင်းအခိုက် အိုက်မောင်က လျှပ်တစ်ပြက် သွက်လက်စွာဖြင့် သေနတ်ကို ခါးမှဆွဲထုတ်ပစ်လိုက်၏။

"ဒိုင်း"

"အားယို့ယို့ မပစ်ပါနဲ့ဆရာ၊ ရှကီလာ တရားခံဖမ်းဖို့ လုပ်တာပါ"

အိုက်မောင်က ချုံပုတ်ဘေးမှ ထွက်လာသော ကုလားမလေး ရှကီလာကို သေနတ်ဖြင့် ချိန်ရွယ်ထားသည်။

"ဟိုလူတွေကိုမသင်္ကာလို့ချောင်းနေတာပါ ဆရာ"

"ဘယ်သူတွေလဲ"

ရှကီလာက ကုန်ပစ္စည်းများရှိရာသို့ ညွှန်ပြလိုက်သဖြင့် ကျော်ခေါင်သည် တုံ့ဆိုင်းမနေဘဲ ကုန်ပစ္စည်းများဆီသို့ ပြေးလွှားသွား၏။ ကုန်ပစ္စည်းများအသင့်ထားသော လက်တွန်းလှည်းများသည် ဘီးပေါက်၍ ကမောက်ကမဖြစ်နေသည်ကို ကျော်ခေါင်တွေ့လိုက်ရာ . . .

"ဟာ . . . ဒီဘီးတွေက ဘာလို့ ပေါက်နေရတာလဲ၊ ဘချော ဘယ်မလဲ . . . ဘချော"

"ဘချော ဘီးဖာဖို့ ပစ္စည်းတွေ ရှာနေတယ်ဆရာ၊ နေပူလွန်းတော့ တင်ထားတဲ့ပစ္စည်းအလေးချိန် မခံနိုင်လို့ ဘီးပေါက်တာပါဆရာ"

ကျော်ခေါင် ငိုင်သွား၏။ တွေဝေသွား၏။ ဟုတ်ပါသည်။ နေပူရှိန်က ပြင်းလွန်း၏။ တွန်းလှည်းပေါ်၌ ပစ္စည်းတွေက အပြည့်အကျပ်။

သူတို့ပစ္စည်းတွေက ကားနှင့် သယ်၍ မရပါ။ တောလမ်းမှတစ်ဆင့် ရေလမ်း၊ ရေလမ်းမှတစ်ဆင့် သူတို့၏ လိုရင်းပွိုင့်သို့ ရောက်ပေမည်။

"ဘာဖြစ်တာလဲဟေ့ . . ကျော်ခေါင်"

အိုက်မောင်ကလည်း အပြေးအလွှားရောက်လာ၏။

"မြင်တဲ့အတိုင်းပဲ ဆရာအိုက်"

ကျော်ခေါင်က အခြေအနေကို တင်ပြ၏။ အိုက်မောင်က ချက်ချင်းပင် အံကြိတ်လိုက်သည်။

"ကျော်ခေါင်"

အိုက်မောင်၏ခေါ်သံက ဟိန်းထွက်သွားသည်။ ခြသေ့်ဟောက်သံ၊ ကျားဟိန်းသည့်အသံနှယ်။

"ဟုတ်ကဲ့ ဆရာအိုက်"

"မင်း . . . ဒီပစ္စည်းတွေ လမ်းကြောင်းအတိုင်း သယ်ခဲ့၊ ငါရှေ့က လမ်းရှင်းမယ်"

အိုက်မောင်၏ ရုတ်တရက်ပြုမူမှုကို ကျော်ခေါင်သဘောမပေါက်ဘဲ ရှိသည်။ ငါ သွားပြီ။ ကျော်ခေါင်ငိုင်၍ ကျန်ရစ်သည်။

(ရှေ့ဆက်ရန်)


ရွှေမြိတ်သောင်းတင်

www.burmeseclassic.com

www.burmeseclassic.com

# သူတို့နိုင်ငံမှ အထိရောက်ဆုံးဖြစ်သော
# အလုပ်ပေးအပြစ်ဒဏ်

**ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**



စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့တွင် အသက် ၂၁ နှစ်ရှိ (Ng Kai Boon) စင်ကာပူနိုင်ငံသား၊ တရုတ်နွယ်ဖွားသည် အသက် ၁၄ နှစ်ရှိ အရွယ်မရောက်ရှိသေးသော မိန်းကလေး တစ်ဦးအား လွန်ခဲ့သော ၂၀၁၄ ခုနှစ်၊ မတ်လအတွင်းက မိတ်ဖွဲ့လို၍ ဖုန်းဖြင့်တစ်မျိုး၊ စာနှင့်တစ်ဖုံ ၎င်းအား သူငယ်ချင်း တစ်ယောက်အဖြစ်ဖြင့် လက်ခံလိုပါလျှင် ရင်သား(ကိုယ်ခန္ဓာ အပေါ်ပိုင်း) ဖော်ပြ(လှစ်ပြ)ထားသော ဓာတ်ပုံများ စာတိုက်မှ တစ်ဆင့် ၎င်းထံအရောက်ပို့ပေးပါရန် ဆိုပြီး စော်ကားမိုက်ရိုင်းစွာ ရေးသား၍ ၎င်း၏နေရပ်လိပ်စာ အပြည့်အစုံကို ဖော်ပြရေးသည့်ပေးလိုက်ပါသည်။ တစ်ကြိမ်မက အကြိမ်ကြိမ်ပေးပို့ခဲ့ရာ ထိုအသက် ၁၄ နှစ်ရှိ မိန်းကလေးက စာလုံးဝမပြန်သည့် အတွက် နောက်ဆုံးပေးပို့သော စာလွှာ၍ ခြိမ်းခြောက်ရေးသားခဲ့၏။ ထို့ကြောင့် ထိုမိန်းကလေးသည် ပေးပို့စာလွှာ (ခြိမ်းခြောက်သည့်နောက်ဆုံးစာလွှာ)ကို သက်သေခံအထောက် အထားအဖြစ်ဖြင့် လူကြီးတစ်ယောက်၏ အကူအညီရယူကာ အနီးဆုံးရဲဌာနသို့ တိုင်ကြားခဲ့၏။ ထို့ကြောင့် အသက် ၂၁ နှစ်ရှိ (Ng)သည် မကြာမီ အဖမ်းခံခဲ့ရပြီး အမှုကို တရားရုံးတော်သို့ တင်ပို့ကြားနာ စစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ လအပြင် ရပ်ကွက်တွင်း သန့်ရှင်းရေး လမ်းပြင်၊ လမ်းဖို့ရေး အလုပ်သမားအဖြစ် နာရီပေါင်း ၇၀၊ နှစ်ရက်နီးပါးခန့် လုပ်ကိုင်ရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်နှင့်အတူ စင်ကာပူဒေါ်လာ ၅,၀၀၀ ($ 5,000)တန် ခံဝန်ချုပ်ဖြင့် လွှတ်ထားရန် (အချုပ်လွတ် အာမခံဖြင့် နေထိုင်ခွင့်)ပေးရန် စီရင်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရပြန်သည်။ ထိုအချိန်မှစပြီး (Ng)သည် လိမ္မာယဉ်ကျေးသော လူကောင်း တစ်ယောက် ဖြစ်လာသည် ဆိုပါသည်။ သို့ဖြစ်လေရာ ယင်း အလုပ်ပေးအပြစ်ဒဏ်မှာ အတော်ထိရောက်မှုရှိသည်ဟု ဆိုရပေမည်။ (ရုပ်ပုံ) သက်ငယ်ဆိုးသွမ်းသူ (Ng)သည် လူကောင်း တစ်ယောက် ဖြစ်သွားခဲ့ပုံ ဖြစ်ပါသည်။

ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

***Ref:-***

The Straits Times (Singapore), July 12, 2014, Pages: (B-20)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■ လူရှိန်အောင်

# ရေမျောကမ်းတင်

ဘော်ဒါဘော်ကျွက်တို့ကို မေးပါရစေ။

ရေမျောကမ်းတင်ဆိုတဲ့ ဘဝကြီးနဲ့ ပက်ပင်းတိုးခဲ့ဖူးပါသလားလို့။

ရေမျောကမ်းတင်ဆိုတာ . . . ဒါမျိုးကို ပြောတာလား မသိ။

× × ×

ကျွန်ုပ်ဆရာကြီး လူရှိန်အောင်၏ ဘဝသည် ပုလိပ်ဝိုင်း၍ ဟိုအိမ်မှထွက်ပြေးလာသော ဘာညာ၊ သာရကာလေးနှယ် တိုင်ပတ်နေပြီတကား။ ကံဆိုးမသွားရာ ပထွေးလိုက်လို့လာ ဆိုသည့်ဇာတ်ကို ကနေရချေပြီတမုံ့။

မလွယ်ကူမှန်း သိသော ကတိတစ်လုံးကို ကျွန်ုပ်၏ ပါးစပ်ပေါက်ကြီးက အော်တိုပေးခဲ့မိသောကြောင့် ပေတည်း။

ထိုကတိကား အခြားမဟုတ်။

လူသတ်မှု၏ တရားခံကို တစ်ပတ်အတွင်း နားရွက်ဆွဲခေါ်လာခဲ့မည်ဟု အာချောင်မိခဲ့ခြင်းပင်။

မူးလို့ပြောတာကို အတည်မှတ်ထားသော စုံထောက်မင်းကြီး မစ္စတာစတီဖင်ကား(လ်)ကို စိတ်နာသလို လူသတ်တာကို ကြိုမပြောသော လူသတ်သမားကိုလည်း သောက်မြင်ကတ်မိပါသည်။

တစ်ပတ်ပြည့်တော့မည်။ လူသတ်သမား၏ သတင်းကား အစအနပင်မရသေး။ မရှိတဲ့အရှက် ဟက်တက်ကွဲတော့မည်။ ကျွန်ုပ်ကို အလိုလိုအမြင်ကတ်နေသော စီအိုင်ဒီရှိ စုံထောက်ကျော်တို့၏ တံတွေးခွက်တွင် ယက်ကန်ယက်ကန် ဖြစ်တော့မည်။

ကျွန်ုပ်သည် ကိုယ့်ဘဝကိုယ် တွေးကာ ရင်နာလာမိ၏။

"အယ် . . . အယ် . . . အာစရိ ဘာတွေတွေးပြီး ပီတိတွေဖြာနေတာလဲဟင်"

"ဘာကွ"

ဝုန်းခနဲ ပွင့်ထွက်သွားသော ကျွန်ုပ်ဒေါသသံကြီးကြောင့် ကြာဝင်းပြောင်သည် လန့်ဖျပ်သွားရှာ၏။

"ပီတိတွေ ဖြာနေတာ ဟုတ်လား"

ကြာဝင်းပြောင်က မျက်နှာသေကြီးဖြင့် . . .

"အာစရိငယ်ငယ်တုန်းက ကိုယ့်ရုပ်ကိုယ်မှ အားမနာ ကျိတ်ကြွေခဲ့တဲ့ မင်းကတော် ဒေါ်တင်ရင်ထွားရဲ့ လင်ကြီးဆုံးသွားပြီတဲ့၊ သတင်းစာမှာ ဖတ်လိုက်ရတယ်။ အဲဒါ အာစရိက ကြွက်ပျင်းစိတ်နဲ့ ကြိတ်ကြံ . . . အဲ . . . ပီတိတွေဖြာနေတာလားလို့ အဟီး"

ပေါင်ပေါ်မီးပွားကျ အောင်နက်ပေါင်ခါချ ဆိုသလိုမျိုး ကျွန်ုပ်သည် ပစ်မှတ်ကို ရလိုက်ချေပြီ။

ကျွန်ုပ်မျက်နှာကြီးကို ကြာဝင်းပြောင်၏ မျက်နှာခွက်ကြီးဆီသို့ နီးတစ်ပြားစာမျှ တိုးကပ်ကာ . . .

"ဒီမျက်နှာကြီးက ပီတိတွေဖြာနေတာ ဟုတ်လား"

ကြာဝင်းပြောင်သည် ကျွန်ုပ်၏ ကျွဲမြီးတိုဒေါသကို ပေါက်လတ်သွားလေ၏။ လေသံသေးသေးဖြင့် . . .

"ပီတိတွေ ဖြာနေတာလားလို့ အဟီး"

"တင်းတယ် . . တင်းတယ် . . တင်းနေတာကွ"

"ဘယ်သူ့ကို တင်းတာလဲဟင်။ မပြောနဲ့ အာစရိ သိလိုက်ပြီ။ ကလေးငါးယောက် အားရပါးရမွေးပေးပြီးမှ ခေါက်ခနဲသေပြသွားတဲ့ မင်းကတော် ဒေါ်တင်ရင်ထွားရဲ့ လင်ကြီးကို တင်းနေတာလား။ ဒေါ်တင်ရင်ထွားက မုဆိုးမ၊ ကလေးငါးယောက်အမေ ဆိုပေမယ့် အလတ်ကြီးရှိပါသေးတယ်ဗျ။ အာစရိရဲ့ဥပစိနဲ့ဆို ကွက်တိ။ အောင်မလေးဗျ . . ."

ကျွန်ုပ်သည် နေတက်ရေတက်

www.burmeseclassic.com

ဖွား၊ ဗုဒ္ဓဟူးသား။ စိတ်ကသိပ်ကြီး တာ။ နားရင်းအုပ်ထည့်လိုက်တာ။ ကြာဝင်းပြောင် ခွေးကျကျပါလေရော။

× × ×

လက်ဖွဲ့ငွေမပါသူသည် မင်္ဂလာ ဆောင်သွားရာ၌ မျက်နှာပူရလေ၏။ အကူငွေမပေးဘဲ ရက်လည်တွင် မုန့် ဟင်းခါးစားရပါက သေပြီးသားမသာ ကြီးကို အားကြီးမျက်နှာပူရလေ၏။

ဆိုသလို ကျွန်ုပ်၏ ဘဝသည် လည်း အတူတူဖြစ်နေလေပြီ။ တရား ခံကို မဖမ်းပေးနိုင်သေး၍ စီအိုင်ဒီ သို့ ခြေဦးမလှည့်လို၊ စုံထောက်မင်း ကြီး မစ္စတာစတီဖင်ကား(လ်)ကို အား ကြီးမျက်နှာပူရမည် စိုးသောကြောင့် ပင်တည်း။

နည်းမျိုးစုံဖြင့် စုံစမ်းသော်လည်း တရားခံသည် "တူတူရေ . . . ဝါး" လုပ်ကောင်းဆဲ။ ဘဝကား ပြာသ လောက် ဖွဲမထွက်ဆိုသလို တိုင်ပတ် နေခဲ့လေပြီ တမုံ့။

× × ×

ဆရာတပည့် နှစ်ယောက်သည် မိုးမလင်းခင်ကပင် ရောက်ရာပေါက် ရာ ထွက်လာခဲ့ကြလေ၏။

ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကမ္ဘာအေးလေးစေတီ၊ ရွှေတိဂုံဘုရား၊ ဘုရားပေါင်းစုံ ဖူးကြ၏။ တိရစ္ဆာန်ရုံ ထဲဝင်ကာ မျောက်များကို တုတ်နှင့် ထိုးကြ၏။ ကန်တော်ကြီး ပတ်လမ်း အတိုင်း လျှောက်လာခဲ့ကြကာ ကြား

ငါးထပ်ကြီး၊
ခြောက်ထပ်ကြီး၊
ကမ္ဘာအေးလေးစေတီ၊
ရွှေတိဂုံဘုရား၊
ဘုရားပေါင်းစုံ
ဖူးကြ၏။
တိရစ္ဆာန်ရုံထဲ
ဝင်ကာ
မျောက်များကို
တုတ်နှင့်ထိုးကြ၏။

တောရလမ်းဘက်သို့ ချိုးကွေ့လိုက် ကြ၏။

"အာစရိ"

ကြေးသွန်းဘုရားကြီး ဝင်း အတွင်းရှိ လိပ်ကန်ကို ဖြတ်ဖောက် ထားသော တံတားပေါ်တွင် ရောက် နေကြခြင်းပင်။

"ပြောကွယ် တပည့်ကြီး"

ကြာဝင်းပြောင်သည် လိပ်များ ကို အစာကျွေးနေသော ဝဝကစ်ကစ် ကောင်မလေး၏ လက်ထဲမှ ပေါင်မုန့် ကိုကြည့်ကာ ငတ်ကြီးကျသကြီးဖြင့်

"အာစရိက ငတ်တာဖြတ်တာ တွေ နေသားကျနေပြီလေ"

"ဆိုတော့ကွယ်"

"အာစရိက အရှူးကွက် သိပ် နင်းတာပဲ သိလား။ ဗိုက်ဆာနေပြီဗျ"

ကျွန်ုပ်၏ ညာလက်ကို အိတ်ထဲ သို့ ထိုးထည့်လိုက်၏။ ကျွန်ုပ်၏ရင်ထဲ တွင် အေးခနဲ။ လက်က ကျုံ့ဝင်သွား တာကိုး။ အိတ်မှာ ခေးရာကြီးဖြင့်။

အရှက်ကား ကွဲပြီးရင်းကွဲ။ မျိုး မကောင်းသော အတိုအစတို့သည် ကျွန်ုပ်ကိုပင် အလွတ်မပေး၊ အထာ မထား၊ ခါးစွမ်းပြသွားလေပြီ။ လုပ် ရက်ပေကွာ။

ကြာဝင်းပြောင်သည် ငိုရယ် အခွက်ကြီးဖြင့် ကျွန်ုပ်၏ အိတ် ပေါင်းလောင်းကြီးကို ကြောင် တောင်တောင် ကြည့်လို့။

စိတ်ပျက်မှုအပေါင်း သရဖူ ဆောင်းထားသော ကျွန်ုပ်တို့ ဆရာ တပည့်နှစ်ယောက်သည် ဗဟန်းဈေး အပေါက်မှထွက်ကာ ရေတာရှည် လမ်းဟောင်းအတိုင်း ကော့ပတ်ကော့ ပတ်နှင့် လျှောက်လာကြ၏။

စားသောက်ဆိုင်တန်းရှေ့မှ ဖြတ်အလျှောက်။

"ဟင် . . . ဟာ . . . ဟော့ ကောင်"

ကြာဝင်းပြောင်သည် စား သောက်ဆိုင်ထဲသို့ သုတ်ခနဲ ဝင်သွား လေ၏။ တားချိန်မရလိုက်တော့။ ကျိုင်ဟု ပေါက်လတ်မိလေ၏။ မထူး တော့သည့်ဘဝမှာ ကျွန်ုပ်သည်လည်း မထူးဇာတ်ခင်းကာ ဆိုင်ထဲလိုက်ဝင် ခဲ့လေ၏။

ရုပ်ကြီးများကို တည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com

တည်ကာ စားပွဲအလွတ်တွင် မိန့်မိန့်ကြီး ဝင်ထိုင်လိုက်ကြ၏။

အသားဖြူဖွေးဖွေး၊ မျက်ပေါက်ကျဉ်းကျဉ်းနှင့် ဝိတ်တာအလန်းဇယားလေးက မျက်နှာကို ဖြီးစကီးလုပ်ကာ

"ဘာစားမလဲကို၊ ဘာသောက်မလဲကို"

ကြာဝင်းပြောင်သည် ကမ္ဘာကျော်သူဌေးကြီး အိုနာစစ်၏ မယားပါသားစတိုင်ဖြင့် . . .

"ခေါက်ဆွဲကြော်၊ ထမင်းပေါင်း၊ ကြက်ကင်၊ ဘဲကင်၊ ဝက်သားပေါင်း၊ အမဲနှပ်၊ ၁၂ မျိုးဟင်းချို၊ ကုန်းဘောင်ကြီးကြော် . . မြန်မြန်လုပ်"

တစ်သက်နှင့်တစ်ကိုယ် မစားဖူး၊ မသောက်ဖူးတာတွေကို စွတ်ရွတ်မှာလေတော့၏။ ဘာသာသိလိုက်ရသည် ဆိုသလိုချိုး။ ကျွန်ုပ်ရင်ထဲ မကောင်း။ ဖိုးသိုးဖတ်သတ်ကြီးဖြစ်လို့။

ဝိတ်တာ ဖြီးစကီးလေးသည် ခါးကိုနွဲ့ကာ ကျွန်ုပ်အား . . .

"ဘာစားမလဲကို"

ကြည့်၊ ဖမြီးလောက်ရှိတဲ့ လက်တောက်လောက်ကလေးက လုပ်နေတာ။ (ကိုကို)တဲ့။

ကျွန်ုပ်သည် သက်ပြင်းကို အလောတော်ချကာ . . .

"သူနဲ့တူတူပါပဲကွယ်"

ကြာဝင်းပြောင်က . . .

"စားချင်တာမှာလေဗျာ . . . အာစရိ"

ကြာဝင်းပြောင်သည် ကျွန်ုပ်အား အပါခေါ်၏၊ အမှုတွဲခေါ်နေတာ။

"ဟင့်အင်း . . . မှာဘူး"

ကျွန်ုပ် အနေအစား ပျက်နေပေမယ့် ကြာဝင်းပြောင်သည် အေးရာအေးကြောင်း။ သွားကြားထိုးတံကို ထိုးကာ အင်္ဂလိပ်လို ခပ်နှိပ်ထားသော (THE SUN) (သည်ဆန်း) သတင်းစာကြီးကို ရုပ်တည်ကြီးနှင့် ဖတ်ရှုနေလေ၏တကား။ ခန့်ပါဘိတောင်း။

"ဟဲ့ . . ဟဲ့ . . မင်းဟာ ပြောင်းပြန်ကြီးကွယ့်"

"အတည့် လူတိုင်းဖတ်တတ်တယ် . . . ဟွန့်"

အာချောင်မိသော ကိုယ့်ပါးစပ်ကိုသာ အပြစ်ဖို့မိချေ၏။ ဒင်း သတင်းစာကို ပြောင်းပြန်ကြီး ဖတ်နေပုံက မင်ကျမင်န ကောင်းပါဘိတောင်း။

"ဆွဲလို့ရပြီကို . . ."

ဖြီးစကီးလေး၏ လောကွတ်စကား။ စားသောက်ဖွယ်ရာတို့သည် အငွေ့ထောင်းထောင်းထလို့။ ကြာဝင်းပြောင်၏ လက်နှစ်ဖက်သည် မော်တာတပ်ထားသည့်နှယ်၊ သွက်သွက်ကိုခါလို့၊ ပလုတ်ပလောင်း စားမာန်ခုတ်သံကြီးဖြင့် . . .

"စားလေ . . . အာစရိ"

"စားဘူး"

"မစားနေပေါ့။ ပိုက်ဆံမရှင်းနိုင်လို့ကတော့ နှစ်ယောက်စလုံးကို ဆိုင်ထဲက ခေါင်းနဲ့ထွက်ခွင့်ပေးမယ် ထင်လို့လား"

အပေါက်ဝတွင် ဗလအယ်စတုံကြီးနှစ်ယောက်။ ကျွန်ုပ်တို့နှစ်ယောက်ကို ပစားပေး အရိပ်တကြည့်ကြည့်လုပ်နေကြတာ။ မသက်ာအကြည့်။

"ဟော . . . အဲ့သလိုလား"

စားပြီးမှတော့ ကြိုက်သလိုလုပ်ပေါ့နော့။ အနားတွင် ကပ်နေသော ဖြီးစကီးမလေးက . . .

"အားရစရာ ကောင်းလိုက်တာဟယ်။ အိမ်က အယ်ဖေးရှင်းရှင်းကြီးတွေတောင် အဲ့လောက်စားအားမကောင်းဘူး။ စားနော့ကို"

စားလို့သောက်လို့တော့ ပြီးသွားချေပြီ။ ကြာဝင်းပြောင်သည် သွားကြားထိုးတံကို ပါးစပ်တွင်ထိုးကာ ဇေ့ခနဲ လေချဉ်တက်၏။

"ရော့ . . . ကို"

ဖြီးစကီးမလေးသည် စာရွက်တစ်ရွက်ကို ပေး၏။ ကျွန်ုပ်သည် ကြောင်တောင်တောင်ဖြင့် လှမ်းယူကာ . . .

"ဘာလဲဟင်"

"ကိုတို့ မျိုဆို့ . . အဲ . . . စားသောက်ထားတဲ့ ဘီ(လ်)စာရင်းလေ"

ဘောက်ချာကို ကြည့်လိုက်တော့ . . .

"ဟယ် . . ."

ကျွန်ုပ်၏ခေါင်းထဲတွင် မိုက်ခနဲ။ သွေးတိုးတာထင်ပ။ ကြာဝင်းပြောင်က ဘောက်ချာကို မတူမတန်သလို ကြည့်ကာ . . .

"ဟင် . . . ပါးပါးလေး"

ဖြီးစကီးမလေးတော့ မသိ။ တပည့်အရင်းခေါက်ခေါက်ကို အလို



www.burmeseclassic.com

www.burmeseclassic.com

"ဒီလူ
နှစ်ယောက်ပေါ့
Boss လိုလို၊
Dog လိုလိုနဲ့
အမုန်းဆွဲကြတယ်။
ပြီးတော့
ရုပ်ရှင်ရိုက်ကြတယ်
မာမီကြီးရဲ့"

လို ကျွတ်စဉ်ဖြစ်မိချေ၏။ ပဲ့ပဲ့လေး ဆိုပဲ။

"တိတ် ချမ်းသာတာပဲနော်၊ ကောင်တာမှာရှင်းလိုက်"

ကျွန်ုပ်မှာ ရင်တထိတ်ထိတ်နဲ့။ အဲ့မှာပဲ . . .

"ခွီး . . . ခွီး . . . ခွီး"

"ဟာ"

"ဝုန်း"

"ခွမ်း"

ကြာဝင်းပြောင် လဲကျသွားတယ်။ ခြေလက်တွေ တွန့်လိမ်ကောက်ကွေး ကာ မျက်လုံးတွေပြူးအစ်လို့။

ကြာဝင်းပြောင်၏ ဖြစ်စဉ်ကို ကြည့်ကာ ဖြိုးစကီးမလေးသည် မျက်ရည်ထွက်မတတ် ရယ်၏။ လက်ခုပ်တီးကာ ထခုန်နေ၏၊ ပျော်နေတာ။

"ခစ် . . ခစ် ရယ်ရတယ်တော့"

ဗလကောင်းကောင်းကြီး နှစ်ယောက်အား လက်ယပ်ခေါ်၏။

"တွတ်ပီနဲ့ တွတ်နီတို့ရေ"

"လာပြီ . . မမလေးရေ"

"ရုပ်ရှင်ရိုက်နေပြီဟဲ့၊ အကယ်ဒမီပေးလိုက်ကြပါဦးကွယ်"

ဗလတောင့်တောင့် နှစ်ယောက်သည် အတိတ်မေ့နေသော ကြာဝင်းပြောင်အား ဆွဲထူကာ . . .

"မစားဖူး၊ မသောက်ဖူးတာတွေကို အမုန်းဆွဲမယ်၊ ပိုက်ဆံမရှင်းနိုင်တော့ အရှူးကွက်နင်းပြီး ပြဇာတ်ကမယ်၊ ရုပ်ရှင်ရိုက်မယ်၊ ကဲ . . . တွတ်ပီရေ"

တွတ်ပီဆိုသော လူထွားကြီးက လက်သီးကို ဆဆကာ . . .

"လယ်ဒီပဲ တွတ်နီရေ"

တွတ်ပီက ကြာဝင်းပြောင်၏ မျက်နှာကြီးကို တည့်မတ်ပေး၏။ တွတ်နီ၏ လက်သီးကြီးသည် ထန်းသီးကြီးလို အယ်သွားလို့၊ လေမှာ တယမ်းယမ်းနဲ့၊ ကြာဝင်းပြောင်ရဲ့ မျက်နှာကို သဲအိတ်လုပ်တော့မှာ။

ကြာဝင်းပြောင်သည် ချက်ချင်းဆိုသလို သတိရလာ၏။

"အာစရိ ကြည့်လို့ကောင်းနေတယ်ပေါ့၊ ကျွန်တော်တို့ ဘာကောင်တွေလဲဆိုတာ သိသွားအောင် ကတ်ပြလိုက်လေ"

ကတ်၊ ဟုတ်ပဲ၊ ကတ်ကို မေ့နေတာ၊ ကတ်ပြလိုက်တာနဲ့ ကျွန်ုပ်တို့ ဘာကောင်တွေလဲဆိုတာ ပေါက်သွားပြီး အော်တိုရှိန်သွားမှာ။

"ဟော့ . . . ဒီမှာ"

ခါးကိုတို့လိုက်သဖြင့် ကြာဝင်းပြောင်ကို ယောင်ပြီးလွှတ်ချ၏။

"အဘိုးကြီး . . . အသက်ကြီးမှ အသားနာချင်တယ်ပေါ့၊ တွတ်ပီရေ"

"လယ်ဒီပါဆို"

တွတ်နှစ်တွတ်သည် ကျွန်ုပ်တို့ ဆရာတပည့်အား ဇွတ်ဖမ်းချုပ်ထား၏၊ ကျွန်ုပ်တို့မှာ ယက်ကန်ယက်ကန်နဲ့။

"ကျွန်ုပ်တို့ကို ဘာမှတ်လဲ၊ စီ . . စီ . . အိုင်"

ဖြိုးစကီးမလေးက လက်ညှိုးငေါက်ငေါက်ထိုးကာ . . .

"ထင်တယ်၊ ဝင်လာတတည်းက ထင်တာ၊ ဆီခိုးတဲ့ရုပ်၊ တိုရုပ်တွေ၊ နင်တို့ အလုကြည့်နေတော့မှာလား၊ ဆုပေးလိုက်၊ ပြီးရင် ဂိတ်ယဲပို့"

ဆရာတပည့်နှစ်ယောက် ဘုရားတကာ မျက်လုံးကို စုံမှိတ်ထားလိုက်ကြလေ၏၊ အဲ့မှာပဲ . . .

"ဟိုး . . . ဟိုး ရောက်တဲ့နေရာမှာ ဟိုးထားလိုက်"

ရာဝင်အိုးကြီးအလား မိန်းမကြီးတစ်ယောက်၊ မျက်နှာရှုံ့ကြီးနဲ့။

"ဟင် . . မာမီကြီး"

ရာဝင်အိုးကြီးသည် ဖြိုးစကီးမလေးကို အဖက်မလုပ်၊ လှည့်မကြည့်ဘဲ . . .

"ဘာဖြစ်နေတာလဲဟင်"

"ဒီလူနှစ်ယောက်ပေါ့ Boss လိုလို၊ Dog လိုလိုနဲ့ အမုန်းဆွဲကြ

www.burmeseclassic.com

တယ်။ ပြီးတော့ ရုပ်ရှင်ရိုက်ကြတယ် မာမီကြီးရဲ့"

ဖြိုးစကီးမလေးက ဖြစ်စဉ်ကို ရှင်းပြ၏။ မာမီရာဝင်အိုးကြီး၏ မျက်နှာခွက်သည် ချက်ချင်းကို တောက်ပသွားကာ . . .

"ဟယ် . . . ကွက်တိ"

"ဘာကွက်တိလဲ မာမီကြီးရဲ့"

မာမီရာဝင်အိုးကြီးက ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်၏ မျက်နှာခွက်များကို မက်မက်စက်စက်ကြည့်ပြီး ဝမ်းသာလုံးဆို့သံကြီးဖြင့်

"အားလုံး အဆင်ပြေသွားပြီ မှတ်လိုက်"

ဟုဆိုကာ အင်မတိ အင်မတန် ကျက်သရေရှိလွန်းလှစွာသော မျက်နှာခွက်များကို ယုယကြင်နာစွာ ပွတ်သပ်ကိုင်တွယ်နေ၏။ နှုတ်ခမ်းထူထူကြီးကို ဟကာ . . .

"ယတြာ . . . ယတြာ"

ဟု ကျွဲဘွတ်ဘွတ်ပါသလို တတွတ်တွတ် ပြောနေပြန်၏။

"ဘာယတြာလဲဟင်"

ကျွန်ုပ်သည် မသိမသာ စပ်စုလိုက်၏။

"ဒီအခွက်"

ကျွန်ုပ်တို့ ဆရာတပည့်၏ မျက်နှာခွက်များကို လက်ညှိုးတုတ်တုတ်ကြီးများဖြင့် ထိုးပြလေ၏။ ပြီးမှ လေသံသေးသေးဖြင့် . . .

"တို့ရဲ့ သူငယ်လေး အဝေးကို ခိုးသွားတယ်လေ"

"သူငယ်လေးဆိုတာ"

ကြာဝင်းပြောင်က ဖြတ်မေးတာ။ မာမီရာဝင်အိုးကြီးက လှည့်မကြည့်ဘဲ . . .

"အချစ်ကလေးလေ"

ကျွန်ုပ်တို့ဆရာတပည့် သဘောပေါက်လိုက်ကြတယ်။

"ဗေဒင်ဆရာကို သွားမေးတော့ ယတြာကောင်းရင် တို့ရဲ့သူငယ်လေး ပြန်လာမယ်တဲ့၊ ဘာယတြာလဲဆိုတော့"

စားသောက်ဆိုင် အတွင်းရှိ စားသုံးသူတို့သည် ရာဝင်အိုးမကြီး၏ အက်ရှရှ မောင်းကွဲသံကြီးအောက်တွင် ပြားပြားဝပ်နေကြ၏။

"အခြေမဲ့ အနေမဲ့ လမ်းဘေးမှာ တောင်းစားနေတဲ့ လူတွေထက် ဥပမိက ချွတ်ခြုံကျနေရမယ်တဲ့"

ရာဝင်အိုးမကြီး ကျွန်ုပ်တို့ဆီ လျှောက်လာတယ်။ အပ်ကျသံပင် မကြားရ၊ ပရိတ်သတ်တွေ မြင်အောင် ပေါ့။ ကျွန်ုပ်တို့ ဆရာတပည့်၏ မျက်နှာခွက်တွေကို ပွတ်သပ်ကာ မပြတယ်။

မသိမသာ ဖင်ကြွပေးရတယ်။ ဝင့်ကြီးပါဘိတောင်း။ လည်ပင်းက ချွတ်ယူလို့ရရင် တစ်ယောက်ချင်းလိုက်ပြမှာ၊ ငိုချင်လာတယ်။ အစားတစ်လုတ်အတွက် ဗယားနောက်ခဲ့ရသော ကိုယ့်ဘဝကိုတွေးကာ သိမ်ငယ်စိတ်တွေ ဆောင့်ဆောင့်တက်လာ၏။

"အခြေမဲ့ အနေမဲ့ ရေမျောကမ်းတင် လမ်းဘေးမှာ တောင်းရမ်းစားသောက်နေရတဲ့သူတွေထက် ဥပမိချွတ်ခြုံကျတဲ့သူတို့ သူတို့နှစ်ယောက်ကို ဖန်ဆင်းပေးတဲ့ God ကို ကျေးဇူးတင်ပါတယ်"

လက်ညှိုးကြီးတွေက မျက်လုံးထိုးမိမတတ်။

"အဲဒီရေမျောကမ်းတင်"

"လိုရင်းပြောပါလားကွယ် . . . အဟင့်"

ကျွန်ုပ် အရမ်းကို ငိုချင်တာ။ ဘဝက အဖတ်ကိုဆယ်လို့မရတော့။

"ဟုတ် . . . ဥပမိ ချွတ်ခြုံကျကြီးက လိုရင်းတဲ့"

ရယ်သံတို့သည် ဝါးခနဲ။ ဆရာတပည့်မှာ မျက်ရည်တွေဖြင့် လူးလို့။

"ဗေဒင်ဆရာရဲ့ ယတြာက ဒီလိုပါရှင်၊ ရေမျောကမ်းတင် လူသားနှစ်ယောက်ရဲ့ အခက်အခဲကို ဖြေရှင်းပေးလိုက်ရင်တဲ့ အားလုံးအိုကေဆိုပဲ ကဲ"

ဖြစ်ချင်ရာဖြစ် သည်းမခံနိုင်တော့။

ကျွန်ုပ်တို့ ဆရာတပည့်သည် ဆိုင်ထဲမှ ပြေးထွက်လာခဲ့ကြသည်။

× × ×

အဲ့လိုပါဆိုနေ။

လူသတ်တရားခံက ဘယ်မှန်းမသိ၊ ဖမ်းမမိသေးဘူး။

ဘဝက ဇာတာမလက်ခဲ့ဘူး။

"ရေမျောကမ်းတင်" . . . ဆိုပဲ။

လူရှိန်မောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အဖော်ကောင်းရင် ငရဲထိလိုက်မယ်

## ❀ မောင်ရွှေစိန်

(ယခင်လမှအဆက်)

"မင်းတို့နှစ်ယောက်နဲ့ ငါနေလာတာ ကြာပြီနော်"

ဟသ်ာက ခေါင်းကိုဆတ်ကနဲညိတ်ပြရင်း ရေနွေးခရားအိုးကို မကြည့်လိုက်၏။ ရေနွေးခရားအိုးထဲတွင် ရေနွေးမရှိသဖြင့် စားပွဲထိုးဝင်လုပ်နေသော လက်ဖက်ရည်ဆိုင်ရှင်၏သား ကျော်ကျော်ကို လှမ်း၍ပြောရင်း ရေနွေးအိုးတောင်းလိုက်၏။

"ကျော်ကျော်ရေ . . .ရေနွေးအိုးထည့်ပေးကွာ။ ဒို့က လက်ဖက်ရည်သောက်တာမှုတ်ဘူး။ ရေနွေးမှ တကယ်သောက်တာကွ။ လက်ဖက်ရည်က ထောက်ကျွင်းတဲ့ သဘောလောက်ပဲ"

ဟသ်ာ စကားကို ကျော်ကျော်သည် သဘောကျသွား၏။ ရေနွေးအိုးထဲမှ ရေနွေးကို ခရားအလွတ်တစ်ခုတွင်ဖြည့်ရင်း လာပေး၏။ စားပွဲပေါ်မှ ရေနွေးခရားအိုးကို ကပျာကယာကောက်ပြီး သိမ်းသွားသည်။

"ကဲ . . .ဆက်ပြောလေကွာ"

ဟသ်ာသည် ကောင်း စကားဆက်ရေစေရန် နှိုးဆော်လိုက်သည်။

"အေး . . .မင်းတို့ နှစ်ယောက်ကို ငါ သူငယ်ချင်းတွေလို ချစ်တာထက် ညီအစ်ကို အရင်းတွေလိုဘဲ ပိုပြီးချစ်ပါတယ်။ ငါ့မှာ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းက မရှိတော့ မင်းတို့နှစ်ယောက်နဲ့ အဖေ့ကိုဘဲ ငါ့ဆွေမျိုးအရင်းအချာတွေလို သဘောထားတယ်"

"ဟာကွာ . . .ဒီကောင်ပြောမဲ့စကားကို ပြောတာမှုတ်ဘူး။ ဟိုဝေ့ သည်ဝေ့နဲ့ ပြောစရာရှိ ရှင်းရှင်း ပြောစမ်းကွာ"

ညိုကြီးသည် ရေနွေးကြမ်းပန်းကန်လုံးကို လက်တဖက်မှကိုင်ထားရင်း လှမ်း၍ပြောလိုက်သည်။ ကောင်း သည် လောတတ်သော ဝါသနာကလေးပါသည့် ညိုကြီးအား ခပ်ပြုံးပြုံးလှမ်းကြည့်လိုက်သည်။

"အေး . . .မင်းတို့နှစ်ယောက်စလုံးကို ငါ တာဝန်တစ်ခုလွှဲပေးချင်တယ်"

"ဘာ တာဝန်လဲကွ . . .ပြောစမ်းပါအုံး"



www.burmeseclassic.com

www.burmeseclassic.com

ဟာသ်ာက ဝင်ထောက်လာပြန်သည်။

"မင်းတို့နှစ်ယောက် အဖေ့ကို တာဝန်ယူကြရလိမ့်မယ်"

"မင်းကရော ဘယ်သွားမလို့လဲ"

ညိုကြီးသည် ခပ်ပြတ်ပြတ် ဝင်မေးလာပြန်သည်။

"ငါပြောနေတဲ့ စကားတွေဟာ အကြောင်းရှိလို့ ပြောနေတာပေါ့…ကွာ"

ကောင်းသည် ညိုကြီး၏စကားကို ထိုမျှလောက်ဖြင့်သာ ပြန်ဖြေပြီး စီးကရက်တစ်လိပ်ကို ထုတ်ယူကာ သောက်လိုက်ပြန်သည်။ အတော်ကလေး စီးကရက်သောက်ပြီးသွားမှ သူ့စကားကို ပြန်ဆက်သည်။

"ငါ… မင်းတို့နဲ့ ဆက်နေနိုင်မှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ…မင်းက ဘယ်နိုင်ငံကိုများ သွားနေမှာမို့လို့လဲ"

"ဘယ်နိုင်ငံကိုမှ မသွားပါဘူးကွာ ဗမာပြည်ထဲက ရန်ကုန်မြို့ထဲမှာဘဲ ရှိနေမှာပါ"

"ဒါနဲ့များ ကွာ…မင်းဟာက စကားမရှိ စကားရှာပြောလို့"

"ဟော့ကောင် ညိုကြီး…ငါပြောတဲ့ စကားတွေဟာ အကြောင်းရှိလို့ ပြောနေတာလို့ ငါ ပြောပြီးပြီဘဲ ကွာ…အေးအေး နားထောင်စမ်းပါ"

"ဟုတ်သားပဲကွာ…မင်းကလဲ စကားတောင်းစားကျနေတာဘဲ။ တစ်ခွန်းချင်း လိုက်မေးနေတာကိုး ကွ။ ကဲ ကောင်း မင်းပြောစရာရှိတာသာ ဆက်ပြောကွာ။ ဒီကောင့်ကို ခွန်းတုံ့ပြန် မနေနဲ့"

ဟာသ်ာသည် ကောင်းကို ထောက်ခံလိုက်၏။ ဟာသ်ာစကားကြားတော့ ညိုကြီးသည် ဟာသ်ာကိုလှမ်းကြည့်လိုက်၏။

"ငါ…အခု လက်ရှိဘဝကို စွန့်လွှတ်လိုက်ပြီကွ"

"ဘာပြောတယ် ကောင်း"

သည်တခါတော့ ညိုကြီးသည် ငြိမ်သက်စွာ နားထောင်နေ၏။ ဟာသ်ာသည် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး မေးလိုက်သည်။

"ငါ…ဘဝဟောင်းကို စွန့်လွှတ်ပြီး ဘဝသစ်၊ လူသစ်၊ စိတ်သစ်နဲ့ ရပ်တည်တော့မယ်"

"ဘယ်လိုများ ဖြစ်လာတာလဲ ကောင်းရာ"

"မင်းတို့လဲ မင်းတို့ရဲ့ လက်ရှိဘဝမှာဘဲ ကျေနပ်မနေစေချင်ဘူးကွာ"

"အင်း…မင်းမပြောနဲ့ဆိုလဲ ပြောရအုံးမှာဘဲ ကောင်း။ ဒီဘဝကို ဒို့တတွေ ပျော်လို့နေနေကြတယ်ထင်လို့လား။ ဒါမှမဟုတ် အစားရချောင်လို့၊ သိပ်မပင်ပန်းဘဲ ငွေရှာလို့ ကောင်းလို့ လုပ်နေတယ် မင်း ထင်သလား"

ညိုကြီးသည် ကောင်းကိုပြန်၍ မေးခွန်းထုတ်လာလေသည်။ ကောင်းသည် ညိုကြီး၏ မေးခွန်းများကို ခေါင်းကလေး ခါရမ်းပြရင်း ပြောလိုက်သည်။

"ဘယ်သူမှ ဒီလိုဘဝမျိုးကို ကျေနပ်ကြမှာမှုတ်ဖူးဆိုတာ ငါ လက်ခံပါတယ် ညိုကြီးရာ။ ဒို့တွေ ဘာလို့ ဒီဘဝရောက်ရသလဲ…တကယ်တမ်း ကျကျနန ပြောရမယ်ဆိုရင် အရှည်ကြီးပါကွာ မပြောလဲ မပြောချင်ပါဘူး။ ပြောလို့လဲ မကောင်းပါဘူး။ အဲ…တစ်ခုတော့ ပြောမယ်။ ဒို့တွေ လောလောဆယ် ထမင်း လွယ်လွယ်လေး စားရလို့၊ နောက်တစ်ခုက ဒို့မှာ ဘာပညာမှ မရှိဘူး။ အလုပ်လုပ်မယ်ဆိုရင်လဲ အလုပ်တစ်ခုရဘို့က မလွယ်ဘူး။ ဒီတော့ ရတဲ့အလုပ်ကို မလုပ်ချင်ဘဲ လုပ်နေကြတာဆိုတာ ငါ ယုံကြည်ပါတယ်"

"အေး…မင်း ယုံကြည်သလို ငါလဲ ယုံကြည်ပါတယ် ကွာ"

ဟာသ်ာသည် ကောင်း စကားကို ဝင်၍ထောက်ခံလာသည်။ ကောင်းသည် မိမိ၏ သူငယ်ချင်း နှစ်ယောက်အား ထပ်၍ လှမ်းကြည့်လိုက်ပြန်သည်။

"အေး…ငါတော့ ငါ ဝါသနာပါတဲ့ အလုပ်တစ်ခုကို ပြောင်းလုပ်ဘို့ စီစဉ်ပြီးပြီ။ ကတိလဲ ပေးခဲ့ပြီးပြီ။ အဲဒါကြောင့် ငါလုပ်မဲ့အလုပ် အဆင်ပြေရင် ငါ မင်းတို့နဲ့ ကိန်းသေ ခွဲရမှာပါ။ မင်းတို့နဲ့ငါ မခွဲချင်လို့လဲ မရဘူးလေ ငါလုပ်တဲ့ အလုပ်နဲ့ မင်းတို့လုပ်နေတဲ့ အလုပ်က ကွာခြားလာပြီကိုး"

"အေးပါကွာ…မင်းဒီလောက် ပြောနေရင် ငါတို့ သဘောပေါက်ပါပြီ။ ကဲ…ဒို့က ဘာလုပ်ပေးရမှာလဲ ပြော"

www.burmeseclassic.com

"တခြားမဟုတ်ပါဘူး ကွာ…မင်းတို့ အဖေ့ကို ဂရုတစိုက် ပြုစုကြဘို့ပါဘဲ။ ငါလဲ တဖက်တလမ်းက လူအားငွေအား ကူညီပါ့မယ်။ မင်းတို့ဘဝ လွတ်မြောက်ရေးအတွက် ကြိုးစားမယ်ဆိုလဲ ငါ အကူအညီပေးပါ့မယ်။ လောလောဆယ် မင်းတို့ ရည်ရွယ်ချက်တွေကို အကောင်အထည် မဖော်သေးဘူးဆိုရင်တော့ အဖေနဲ့တူတူ နေပါ။ အဖေ့ကို မင်းတို့နှစ်ယောက်က စောင့်ရှောက်ပြုစုဘို့ ငါပြောချင်ပါတယ်"

"ဆရာကြီး အတွက်ကတော့ ဒို့နှစ်ယောက်လုံးရဲ့ တာဝန်ထားပါ"

"ဒါနဲ့ မင်းက ဒို့နဲ့ ဘယ်တော့ ခွဲမှာမှတ်လို့လဲ"

"ဒါတော့ ပြောလို့မရသေးဘူးကွ ငါ့အစစ အဆင်ပြေတဲ့နေ့ ခွဲကြရမှာဘဲ"

ကောင်းသည် သူ၏ ဘဝပိုင်းဆိုင်ရာပြဿနာကို ပြောပြီး သွားပြန်သောအခါ ဟသာ်နှင့် ညိုကြီးတို့အား ကြည့်နေမိပြန်သည်။ ကောင်းသည် ရေနွေးကြမ်းပန်းကန်တစ်လုံး အတွင်းသို့ ရေနွေးကြမ်း ငှဲ့လိုက်သည်။ အေးအေးဆေးဆေး မှုတ်၍မှုတ်၍ သောက်နေမိသည်။

"မင်း…မေမြို့လိုက်သွားတာ အဆင်ပြေခဲ့တယ်နဲ့ တူတယ်"

"မေမြို့က…အဆင်ပြေခဲ့တယ် မှတ်လား ဆိုတာကိုတော့ ငြင်းလို့လဲ မရဘူး။ အဆင်ပြေခဲ့တယ်လို့လဲ ပြောလို့မရဘူးကွ။ ခု…ငါကြုံနေရတာက တမျိုးဘဲ"

"အေးလေ…မင်းဘယ်လိုဘဲ ရခဲ့ရခဲ့၊ မင်းဘဝ အပြောင်းအလဲလုပ်ဘို့ အဆင်ပြေခဲ့တယ်ဆိုရင် ဒို့က ဝမ်းသာပါတယ်သူငယ်ချင်း။ လူဆိုတာ ကိုယ့်ဘဝတိုးတက်ရေးအတွက်တော့ ကြိုးစားနေကြတာဘဲ။ အခြေအနေနဲ့ အခွင့်အရေး မပေးကြသေးလို့သာ ကိုယ့်ဘဝတိုးတက်ရေး၊ ပြောင်းလဲရေးအတွက် အခက်အခဲ တွေ့နေကြတာပါ"

ညိုကြီးသည် သူပြောချင်သော စကားများကို အဘယ်မျှ စီကာစဉ်ကာ သိမ်းဆည်းထားရသည် မသိချေ။ တလုံးချင်းပြောလိုက်၏။ ညိုကြီး၏ အဘိဓမ္မာတရားသည် ကောင်းအတွက် အားတက်စေခဲ့ပါသည်။

ကျသင့်သော ငွေများပေးခဲ့ပြီးနောက် ကောင်းတဆက်တည်း ရန်ကုန်မြို့ထဲသို့ ထွက်လာခဲ့သည်။

စကော့ဈေးသို့ သွားမည်။ ကောင်းစိတ်ကူးတို့သည် အကောင်အထည်ပေါ်ချေပြီ။ စကော့ဈေးတွင် အေးကြည်လေးရော မြင့်သိန်းကိုပါ တွေ့ရသည်။

ကားကလေးများကို လမ်းဘေးတွင် ထိုးရပ်ထားသလို ၎င်းတို့နှစ်ဦးမှာလည်း လမ်းဘေးတွင် ထိုင်လျက် ဈေးအတွင်းသို့ဝင်လာသမျှသော ပျို့ရှိုရွယ်ရွယ် မိန်းကလေးများအား ခေါ်တော တစ်ထောင်အားများဖြင့် ကြည့်လိုက်၊ ပါးစပ်က ပြောချင်တာလေးများ ပြောလိုက်နှင့် ပါးစပ်များမှာလဲ အံမြသားနှင့်ပင်။

"ဟာ…မကောင်း တကောင်း"

အေးကြည်လေးက ကောင်းကို တွေ့သောအခါ နှုတ်ဆက်သည်။

"ကောင်း…ဘယ်တုန်းက ပြန်လာသလဲ"

မြင့်သိန်းက အေးကြည်လေးလို မပြောင်။ အေးအေးဆေးဆေးပင် နှုတ်ဆက်သည်။

"မနေ့က ပြန်ရောက်တယ်။ မောင်ရင်တို့ နှစ်ယောက်စလုံးအားလား"

"ကိုယ်ကမအားဘူးကွ…ဇော်ကြီးနဲ့ ကရင်ကြီးတို့ အော်ဒါရှိတယ်"

အေးကြည်လေးက နှုတ်ခမ်းမွေးကလေးကို လက်ကလေးဖြင့်သပ်ရင်း ပြန်ဖြေလိုက်သည်။

"မောင်ရင်ကော"

"ကိုယ်တော့ အားတယ်…ဒါပေမဲ့ ညနေဘက် စိန်မောင်စတူဒီယိုကို သွားရမယ်"

"ဘယ်နှစ်နာရီက သွားရမှာလဲ"

"ညနေ…လေးနာရီခွဲကနေ ငါးနာရီခွဲ အတွင်းပေါ့"

"အဲဒီကို…သက်သက် သွားရမှာလား။ ကိစ္စနဲ့လား"

"စိုးပိုင်ကို သွားကြိုမလို့လေ"

"ဘယ် စိုးပိုင်လဲ…မောင်ငြိမ်းချမ်း စိုးပိုင်လား"

"ဟုတ်တယ်"

"ဒါဖြင့် အတော်ဘဲ ကိုယ့်ကို ခုဘဲ မောင်ရင် လိုက်ပို့"

"ခု…ဘာသွားလုပ်မလို့လဲ"

www.burmeseclassic.com

"စိုးပိုင်နဲ့ ကိုယ့်ကိုမိတ်ဆက်ပေး။ စိုးပိုင်နဲ့သိချင်တယ်။ မောင်ရင့်ကားကို ခုအချိန်ကစပြီး စိုးပိုင်သုံးတဲ့အချိန်အထိ ပုတ်ပြတ်တစ်ရာငါးဆယ်နဲ့ ငှားမယ်ကွာ ကျေနပ်လား။ သွားလာနေတဲ့ အတောအတွင်း စားတာ သောက်တာက အစ ကိုယ့်တာဝန်ထား . . ."

"အလယ် . . . ဘယ်ကများ ထောလာသလဲ ကောင်း"

မြင့်သိန်းမှာ သူ၏မျက်လုံး မှေးမှေးလေး ပျောက်သွားအောင်ပင် ပြုံးလိုက်ရယ်လိုက်သည်။

"ခု . . . ကိုးနာရီကျော်ကျော် ဆိုတော့ မောင်ရင်တို့ နှစ်ယောက်ကို လက်ဖက်ရည်တိုက်မယ်။ ကဲ . . . အေးကြည်လေး၊ လူကြမ်းရဲ့ညီ၊ လာ . . . သွားမယ်"

ကောင်းသည် အေးကြည်လေးကို နောက်နောက်ပြောင်ပြောင်နှင့် လှမ်းခေါ်လိုက်သည်။ အေးကြည်လေးမှာ လက်ဖက်ရည်ဆိုသော အသံကြားလိုက်ရသည်နှင့်ပင် မျက်နှာသည် တခဏလေးအတွင်း ဝင်းထိန်သွားလေသည်။

သုံးယောက်သား စကော့ဈေးအတွင်းမှ လက်ဖက်ရည်ဆိုင်ကို သွားကြသည်။ ကောင်းသည် ပေါင်မုန့်ထောပတ်သုတ်၊ ယိုသုတ် နှစ်ချပ်ကို စားပစ်လိုက်သည်။ အေးကြည်လေးမှာ အသားသွပ်မုန့်တစ်ခု၊ လက်ဖက်ရည်တစ်ခွက် စားသောက်ပြီး ဒူးယားတစ်လိပ်ကို မီးညှိဖွာကာ ဘိန်းမိန်းသလို မှိန်းနေသည်။

"ကဲ . . . သွားကြရအောင် . . ."

မြင့်သိန်းက ဆိုင်မှ အရင်ဆုံးဦးစွာ ထလိုက်သည်။ အေးကြည်လေးမှာ ခေါက်ဆွဲဆိုင် တစ်ဆိုင်တွင် စားနေသော မိန်းကလေးတစ်ဦးအား ခပ်ပြုံးပြုံးနှင့်လှမ်းကြည့်နေ၏။ အေးကြည်လေးကို ကြည့်လျက် မြင့်သိန်းရော ကောင်းပါ အတင်းပင် ဆွဲခေါ်ခဲ့ရလေသည်။

"ခု . . . ဘယ်သွားမှာလဲ . . ."

မြင့်သိန်း၏ ကားကလေးအတွင်းသို့ ကောင်း ထိုင်မိသောအခါ မြင့်သိန်းသည် သွားမည့်ခရီးစဉ်ကို မေးလိုက်သည်။ ကောင်းသည် သူ၏အိတ်ထဲမှ ချက်လက်မှတ်တစ်စောင်ကို ထုတ်ကြည့်လိုက်၏။ ပြီးမှ . . .

"မြန်မာ့စီးပွားရေးဘဏ်-တစ်တဲ့၊ အဲဒီသွားကြရအောင် . . ."

ကောင်းက ဒါဘဲပြောလိုက်သည်။ မြင့်သိန်းသည် သူ၏ကားကလေးကို စက်နှိုးပြီး စကော့ဈေးထဲမှ မောင်းနှင်ထွက်လာခဲ့သည်။ ဗိုလ်ချုပ်လမ်းကြီးအတိုင်း မောင်းနှင်လာခဲ့သည်။ ပန်းဆိုးတန်းသို့ ရောက်တော့မှ အောက်ဖက်သို့ ချိုးကွေ့ပြီး တောက်လျှောက် မောင်းနှင်သွားသည်။

ကောင်းနှင့်အတူ မြင့်သိန်းပါ ဘဏ်တိုက်အတွင်းသို့ ဝင်ခဲ့သည်။ ငွေထုတ်ယူရမည့် ကောင်တာတွင် လက်မှတ်ရေးထိုးရသည်။ မှတ်ပုံတင် ပြရသည်။ လက်ထောက်မန်နေဂျာထံသို့ တစ်ခေါက်သွားရသည်။ ၎င်း၏ရှေ့တွင် လက်မှတ်ရေးထိုးပြရပြန်သည်။ ပြီးတော့ မှတ်ပုံတင်ကို ပြရ၏။ ထိုမန်နေဂျာက လက်မှတ်ရေးထိုးပေးလိုက်၏။ ပြီးမှ ကောင်တာတွင် ပြန်ပေးရသည်။ ငွေနှင့် လဲလှယ်ယူနိုင်သည့် တံကင်ပြားလေး ကောင်းလက်ထဲသို့ ရောက်လာသည်။

စီးကရက်နှစ်လိပ်လောက် ကုန်အောင်သောက်ရင်း စောင့်နေကြရသည်။

"ဆယ့်ကိုး . . ."

ကောင်တာက လှမ်းအော်သည်။ ကောင်းသည် မ,ဂဏန်းဟုရေးထားသော ငွေထုတ်ရမည့် ကောင်တာရှေ့တွင် သွားရပ်လိုက်သည်။ ပြီးတော့ သူ့လက်ထဲက တံကင်ပြားလေးကို လှမ်းပေးလိုက်သည်။

"ငွေ ဘယ်လောက်လဲ . . ."

"နှစ်သောင်း . . ."

ကောင်းအား ငွေစက္ကူအသစ်တွေရော အဟောင်းတွေရော တထပ်ကြီး ပေးလိုက်သည်။

ကောင်းသည် ငွေစက္ကူအုပ်လိုက်များကိုထပ်ပြီးယူလာသည်။

"ထောလုချည်လားကောင်း . . ."

ကောင်းသည် မြင့်သိန်းစကားကို ဘာမှမပြော။ အသာပင်ပြုံးပြလိုက်သည်။ ပန်းဆိုးတန်းမှ ပြန်အလည့်တွင် ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းထောင့်တွင် ရောင်းချနေသော ရွက်ဖျင်လွယ်အိတ်တစ်လုံးကို ဝယ်ကာ ကောင်းသည် ငွေများကိုထည့်လိုက်၏။

www.burmeseclassic.com

ဟိုသွား သည်သွားနှင့် အချိန်ပင် ဆယ့်တစ်နာရီထိုးတော့မည်။

"ကဲ…စိုးပိုင်ဆီ သွားရအောင်"

မြင့်သိန်း ဘာမှ မေးမနေတော့၊ စိန်မောင် စတူဒီယိုဆီသို့သာ မောင်းနှင်လာခဲ့တော့သည်။

ကောင်းသည် မိမိဘဝအတွက် အစီအစဉ်များကို စိတ်ကူးအာရုံထဲတွင် ကျနစွာ ချကြည့်နေမိသည်။ မိမိတစ်နေ့တွင် စိုးပိုင်တို့လို လူသိနိုင်သည်။ တေးအဆိုတော်တစ်ယောက် ဖြစ်ရမည်ဟု မှချ ယုံကြည်ထားလိုက်သည်။

လူသည် မိမိမျှော်မှန်းထားချက်ကို ယုံကြည်မိလျှင် မိမိဖြစ်ရန်ကြိုးစားသည့် အလုပ်သည် အတော်အသင့် အဆင်ပြေပြီ၊ တဝက်နီးနီး အဆင်ပြေပြီဟု ယူဆနိုင်သလိုပင် ကောင်းလည်း သူ၏ ရည်မှန်းချက်များကို အကောင်အထည်ပေါ်လာတော့မည်ဟု မျှော်ကြွစွာ တွေးနေသည်။

အတော်ကလေး ကြာအောင် မောင်းနှင်လာခဲ့ကြပြီးနောက် ကောင်းသည် မြင့်သိန်းပို့ဆောင်ပေးရာစိန်မောင် စတူဒီယိုအတွင်းသို့ ရောက်ကြသည်။

"စိုးပိုင်ဆိုတာ သူပေါ့…"

မြင့်သိန်းသည် အဝင်အထွက်နားတွင် ဂျင်းပင်အပြာရင့်နှင့် စပို့ရှပ်ခွပ်ကျယ် လက်တိုကလေးဝတ်ထားလျက် ကော့ပျံနေသော လိပ်တွန့်နေသည့် ဆံပင်အုံကြီးကြီးနှင့် လူရွယ်တစ်ယောက်ကို တွေ့ရသည်။ စိုးပိုင်သည် မြင့်သိန်း၏စကားကို တွေ့သဖြင့် လှမ်းကြည့်နေသည်။

"စောစောစီးစီး ဘယ်ကလှည့်လာတာလဲ။ လမ်းကြုံလို့လား"

စိုးပိုင်သည် ချစ်စဖွယ်ပြုံးလျက် မြင့်သိန်းကို နှုတ်ဆက်ရင်း လှမ်းမေးလာသည်။

"မဟုတ်ဖူးဗျ။ ဒီကိုဘဲ တမင်လှည့်လာတာ။ အော်ဒါနဲ့ကျွန်တော်မိတ်ဆက်ပေးမလို့။ ဒါက ကိုစိုးပိုင်တဲ့၊ သူကတော့ ကျွန်တော်တို့ အပေါင်းအသင်း အဆိုတော်ဖြစ်ချင်နေတဲ့ ကောင်း…ဆိုတာပေါ့"

စိုးပိုင်သည် ဘာမှ မဟုတ်သော ကောင်းလို လူတစ်ယောက်အား လိုက်လှဲခင်မင်စွာ ပြုံးပြသည်။

စိုးပိုင်ကို ကောင်း လေ့လာကြည့်သည်။ စိုးပိုင်တွင် ချစ်စရာကောင်းသော အလှကလေးများစွာကို တွေ့ရသည်။

စိုးပိုင်ပြုံးပြသော အပြုံးသည် ကျော်ကြား အောင်မြင်နေသော အဆိုတော်တစ်ယောက်၏ ဂုဏ်ယူဝင့်ကြွားစွာပြုံးပြသော အပြုံးမျိုးမဟုတ်။ အင်မတန်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်း ရဲဘော်ရဲဘက် ဘဝတူတစ်ယောက်ကို တွေ့ရသောအခါ ဝမ်းသာအဲလဲ ပြုံးပြတတ်သည့် အပြုံးမျိုး။ ဒီလို အပြုံးမျိုးကို ပြုံးပြသူကိုယ်တိုင် မိမိ ဘယ်လောက်ပြုံးလိုက်မိသည်ကို ခွဲခြမ်းစိတ်ဖြာ၍ မကြည့်မိ၊ မသိနိုင်သော်လည်း ထိုအပြုံးကို မြင်ရသူသည် ထိုအပြုံး၏ ဝိသေသအစုံကို ခံစားမှုဖြင့် အဖြေထုတ်နိုင်၏။

"ကျွန်တော်တို့လဲ ဒီလိုအသင့်အတင့်အောင်မြင်လာအောင်၊ လူသိလာအောင် ကြိုးစားခဲ့ရတာ တကယ်တော့ ဝါသနာပါရာကနေ စ,တာပါဘဲကိုကောင်း"

"ဟုတ်ကဲ့…ကျွန်တော့်ကို ကောင်းလို့ဘဲ တစ်လုံးထဲခေါ်ပါ ကိုစိုးပိုင်။ တလောကလုံးထဲမှာ ကျွန်တော်ဟာ တွယ်ရာမဲ့တဲ့ တစ်ကောင်ကြွက်ပါ။ ဒါကြောင့်လဲ နာမည်ကို တခြားသူတွေခေါ်ရင်လဲ တစ်လုံးထဲဘဲ ခေါ်စေချင်ပါတယ်"

စိုးပိုင်သည် ကောင်းစကားကို ကြားသောအခါ ပြုံးနေပြန်သည်။ မြင့်သိန်းသည် စတူဒီယိုအတွင်းသို့ လှမ်းကြည့်နေသည်။ ကောင်းသည် စိုးပိုင်လက်ထဲမှ စာရွက်ကလေးကို လှမ်းကြည့်နေသည်။

"ရုပ်ရှင်ကား တစ်ကားမှာ ကျွန်တော့်သီချင်းကို ပြန်သုံးထားချင်တယ်ဆိုလို့ ဆိုပေးရတယ်လေ"

"အော်…"

ကောင်းသည် စိုးပိုင်လက်ထဲမှ မောင်ငြိမ်းချမ်း တေးသွားကို တွေ့လိုက်ရသည်။

"ရုပ်ရှင်အဖြစ်သုံးတော့ ပြန်သွင်းရတာဘဲလား"

"အာ…ပြန်သွင်းရတာပေါ့။ တချို့ကတော့ အရင်တုန်းက သွင်းထားတဲ့ အခွေကနေ တဆင့်ကူးယူချင်ကြတယ် ဒါပေမဲ့ ကျွန်တော့်အနေနဲ့က ပြန်ဆို

www.burmeseclassic.com

ပေးချင်တယ်။ သီချင်းတစ်ပုဒ်ကို ဆိုပြီး သွားမှ ကိုယ့်ဖာသာကိုယ် ပြန်နားထောင်ကြည့်တဲ့အခါ လိုအပ်တာလေးတွေကို တွေ့လာရတယ်။ ပရိသတ်ကတော့ သိပ်မသိဘူးပေါ့ဗျာ။ ကိုယ်ကိုယ်တိုင်ကတော့ သိပါတယ်"

"ဟုတ်ကဲ့…"

"ခု ဒီသီချင်းကတော့ လွန်တယ်ဗျာ။ သုံးကြိမ်ရှိပြီ ပြန်သွင်းရတာ"

"ဘယ်လိုဖြစ်လို့လဲ ကိုစိုးပိုင်"

"ဒီသီချင်းဟာ ကျွန်တော် ဆိုစ တုန်းက ခေတ်ပေါ်တူရိယာပစ္စည်းတွေနဲ့ သံစုံသွင်းထားတာဗျ။ အဲဒီအတိုင်း ပြန်သွင်းပြီး ဆင်ဆာတင်ပြတော့ အရုပ်ကို တော့လက်ခံတယ်။ တူရိယာအသံတွေက အနောက်တိုင်းတေးဂီတသံတွေမို့ ပြန်ပြင်ပေးပါတဲ့"

"ဘယ်လို သဘောလဲ ကိုစိုးပိုင်"

"ရုပ်ရှင်ဆင်ဆာအဖွဲ့က ဂျီးများတာပေါ့ဗျာ။ သူတို့ချထားတဲ့မူနဲ့ မကိုက်လို့တဲ့။ အဲဒါ နိုင်ငံခြား "အင်စတူးမင့်" တွေကို လျှော့ပြီး သွင်းတယ်။ ပြန်ပြတော့လဲ မကြိုက်သေးဘူးတဲ့။ ခုတော့ နိုင်ငံခြား တူရိယာတွေ မပါဘူးဗျ၊ မြန်မာ့ ဆိုင်းဝိုင်းနဲ့ ကျွန်တော် ပြန်ဆိုရမယ်"

ကောင်း အံ့သြမိသည်။ ယနေ့လူတွေ အတော်များများသည် ခေတ်ပေါ် စတီရီယို တေးများကိုလည်းကောင်း၊ တေးဆိုသူများကိုလည်းကောင်း၊ နိုင်ငံခြားပုံတူ ကူးသူများဟု စွပ်စွဲကြသည်။ ပြောဆိုအပြစ်တင်တတ်ကြသည်။ သံသေးသံကြောင် အော်ဟစ်ခြင်းသာရှိသည်။ တကယ်တမ်း ရသ မပါပါဟု ဆိုကြ၏။

ယခု လက်တွေ့တွင် နိုင်ငံခြားသံစဉ်များနှင့် တီးဝိုင်းများဖြင့်သာ သီဆိုခဲ့ပြီး နာမည်ကြီးလာသော စိုးပိုင်သည် မြန်မာ့တူရိယာ ဆိုင်းဝိုင်းဖြင့် ပြန်ဆိုသည်ကို တွေ့ရသောကြောင့် စတီရီယိုတေးသမားများ၌ အဘယ်မျှ ဂီတနှင့်ပတ်သက်ပြီး အခြေခံကို နားလည်ထားသည်၊ ဂီတနှင့် ပတ်သက်လာလျှင် နိုင်ငံခြားအသံနှင့် ဂီတသာမက မြန်မာသံများကိုပါ ပိုင်နိုင်ကျွမ်းကျင်ထားတတ်ကြောင်းကို ကောင်းသည် စိတ်ထဲက ချီးကျူးနေမိသည်။

"သွင်းမယ်…"

တစုံတယောက်က လှမ်းအော်လိုက်သံကို ကြားလိုက်ရ၏။

"ကိုင်း…လာဗျာ…ကြည့်ပါအုံး။ ခင်ဗျားအရင် နားထောင်ဘူးတဲ့ သီချင်းနဲ့ ခုသွင်းမဲ့ သီချင်းအရသာကို"

စိုးပိုင်သည် ကောင်းကို လှမ်းခေါ်ရင်း စတူဒီယို အတွင်းသို့ဝင်သွားသည်။ ကောင်းလည်း စိုးပိုင်၏နောက်မှ ကပ်လျက် လိုက်ပါလာခဲ့သည်။ ခေါက်ကုလားထိုင်ကလေးများ အစီအရီချထားသော နေရာလွတ်တစ်ခုတွင် ကောင်း ဝင်ထိုင်ရင်း စိုးပိုင်ဆိုမည့် သီချင်းကို အာရုံစိုက်ကြည့်နေမိသည်။

စိုးပိုင်…နာမည်ကြီးသော သီချင်းတစ်ပုဒ်ပင် ဖြစ်သည်။

ယခုတော့…စိုးပိုင်အရင်တုန်းက ဆိုခဲ့သလို အနောက်တိုင်း ဂီတပစ္စည်းတွေမပာတ်။ အနောက်တိုင်းဂီတသံစဉ်တွေမပာတ်။

သို့သော်…စိုးပိုင်သည် မောပန်းခြင်းမရှိ။ စိတ်ပျက် ငြီးငွေ့ခြင်း အမူအရာမပြ။

ခပ်ပြုံးပြုံးနှင့် သီဆိုနေသည်။

(အရှင်ဘုရား…မြတ်စွာဘုရား။ ဘုရားတပည့်တော်သည်)၂…သည် ခရီး…ရှေးကြမ္မာ ဝဋ်ဆိုးကြောင့်ထင်၊ သည်လူ့သား ဘဝမှာ မငြိမ်းချမ်း×ဆူးခင်းသောည…များ လ,မိုက်မှာ မွေးလို့ ဖွားသလား×အို…အသဲတွင်နှမ်းလျ…ကြင်သူနဲ့ဝေး…×

ဝဋ်ရှိခဲ့လို့×အသဲကွဲတာ…မဆန်းပါပေ့…×ဝဋ်ရှိခဲ့လို့ အသဲကွဲတာ မဆန်းပါပေ…ဘရမ်ဒီ…တခွက်…ဘီယာမော့ပြီး ဖြေမယ်လေ…ကံဆိုးမိုးမှောင်ခရီး……………

စိုးပိုင်၏ ဆိုဟန် ဆိုပေါက်တွေပါ တမျိုးထူးခြားနေသည်။

ကောင်းသည် ဘာသံနဲ့ဖြစ်ဖြစ်၊ ဘာတူရိယာ ပစ္စည်းနဲ့ဖြစ်ဖြစ် ဖြစ်မြောက်အောင်မြင်အောင် သီဆိုသွားနိုင်ခဲ့သော အနုပညာ သူရဲကောင်းကလေး စိုးပိုင်ကိုကြည့်လျက် အားတက်လာသည်။ လေးစားလာသည်။ လူကြီးတွေအများစုသည် များသောအားဖြင့်ယနေ့



www.burmeseclassic.com

www.burmeseclassic.com

လူငယ်တွေ သီဆိုနေကြသော ခေတ်ပေါ်ခေတ်ပြိုင် ခေတ်ပြယုဂ်တေးများကို ကျနစွာအရသာမခံစားတတ်။ အဓိပ္ပါယ်ကိုပေါ်လွင်အောင် မတွေးတောတတ်။

တူရိယာ ဂီတပစ္စည်းနှင့် ဂီတသံစဉ်တို့ အနောက်တိုင်းတေးသံ ရောယှက်နေသော အကြောင်းအချက်ကလေးတစ်ခုကိုသာ မျက်စိစုံမှိတ်ပြီး လက်ညှိုးကြီးတရမ်းရမ်းနှင့် ဋတ်ပင်သရုပ်ပျက်ဂီတဟုသတ်မှတ်ကြသည်။ အလွယ်တကူ ခေါ်ဝေါ်သမုတ်တတ်ကြသည်။

တကယ်ဆိုတော့ ဂီတသည် လူသား၏ စိတ်နလုံးကို အသိမ်းသွင်း အမြန်ဆုံးသော အနုပညာ ပစ္စည်းတပါးဖြစ်သည်။ ထိုဂီတသည် ခေတ်ရေစီးကြောင်းအလိုက် ပြောင်းလဲလာသည်ကို အမှတ်မထား၊ ဂရုမပြုဘဲနှင့် လမ်းရိုးကြောင်းမှ ပြောင်းလဲဆန်းသစ်လာခြင်းကို သရုပ်ပျက်တွေဟု ပညတ်ကြခြင်းမှာ အင်မတန်မှ မျက်စိကန်း တစ္ဆေမကြောက် ဆန်လွန်းနေသည်။

ခေတ်ကို တွေ့ထိရမည်။ ခေတ်ရေစီးကြောင်း အဟုန်ကို နားလည်ရမည်။

ခေတ်လူငယ်တွေ၏ ဆိုလိုချက်ကို သဘောပေါက် နားလည်အောင် လေ့လာထိတွေ့ရမည်။ လူငယ်တွေ၏စရိုက်၊ လေ့၊ ယဉ်ကျေးမှုမှ အစပြု၍ လူငယ်တွေ၏ ရင်ထဲ၌ ရှိတတ်သောခေတ်မီသည့်စိတ်ကို အရှင်းဆုံး ဝန်ခံရလျှင် လူကြီးတွေ လက်လှမ်းမမှီ။

အထူးသဖြင့် ဂီတတွင် ပို၍ဆိုးသည်။

မြန်မာ့အသံ သံတံခါးကြီးအတွင်းသို့ ဝင်ခွင့်ရရေးအတွက် မြန်မာဆန်သော၊ မြန်မာ့ဟန်ပါသော၊ မြန်မာသံများပီပီသသဆိုနိုင်သော သူတို့ကိုသာလျှင် ဝင်စေ ထွက်စေ ခွင့်ပေးထားခဲ့သလောက် ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်အရေးကို ဆွေးနွေးဖွဲ့ဆိုတတ်သော လူငယ်ထု၏ တေးများကိုတော့ မြန်မာ့အသံ ပရိဝုဏ်အတွင်း အဝင်မခံ။

သည်တော့···ဘာဖြစ်သလဲ။ လူငယ်ဆိုသည်မှာ မိမိတို့ခံယူထားသော အယူအဆသစ်ကို စာနဲ့ဘဲ ရေးပြပြ တေးသွားနှင့်ဘဲ သီသီ၊ အမူအရာဖြင့်ဘဲ ပြပြ···ရသည့်နေရာတွင် ပြသည်။ ဆိုသည်။ အမူအရာ လုပ်သည်။

လမ်းဘေးတေးဘဲခေါ်ခေါ် သရုပ်ပျက်သည်ဟု သမုတ်ချင် သမုတ်။

မြန်မာ့အသံသည် မြန်မာသံများသာ ပါသည်ဆိုသော တေးသီချင်းဘယ်နှစ်ပုဒ်ကို နေ့စဉ် လွှင့်နိုင်သနည်း။ သူတို့လဲ အုတ်ရော···ခဲရော···အသံတွေပါ၏။

ယခု··စိုးပိုင်တို့ကဲ့သို့ လူငယ်တွေ၌ ဂီတပါရမီ အခြေခံရှိသည်။ အသံရှိသည်။

ရေးကြသော···လူငယ်တေးရေးသမားတွေ၌ အတွေးရှိသည်။ ဟန်ရှိသည်။

ယခု···ဖြစ်သည့်နည်းဖြင့် ပြုပြင်ကြသည်။ ဆိုလို့မရဟု ယူဆထားကြသော်လည်း စိုးပိုင်သည် ရအောင်ဆိုခဲ့သည်။ သီခဲ့သည်။

တူရိယာ သံစဉ်တို့သာ ပြောင်းမည်။ တေးစာသားက မပြောင်း။

တေးစာသားကိုသာ ပြောင်း၍ရမည်။ လူငယ်တွေ၏ ရင်ထဲက အတွေးကလေးများစွာ၏ "တေးသွားကလေးများ" ကိုမူ ဘယ်သူမှ ပြောင်း၍ရမည်မဟုတ်ဟု ကောင်းသည် အချိန်ကြာမြင့်စွာ တွေးပြီး ပြုံးနေသည်။

စိုးပိုင်သည် သူ၏ တာဝန်ဝတ္တရားကို ကျေပွန်စွာဖြင့် ပြုံးပြုံးကလေး သီဆိုနေသည်။

ကောင်းသည် မြန်မာသံဖြင့် သီဆိုနေသော စိုးပိုင်၏ တဖြစ်လဲဘဝကို တွေ့ရသောအခါတွင် စိုးပိုင်ကို မချီးကျူးဘဲမနေနိုင်တော့ပေ။

သီချင်းသွင်း၍ ပြီးသွားပြီဖြစ်သည်။ ကောင်းဆီသို့ စိုးပိုင်ရောက်လာသည်။ သူ၏ သီချင်းနှင့်ပတ်သက်၍ ကောင်းအား ထင်မြင်ချက် တောင်းနေသည်။

"အရင်တုန်းက ကျွန်တော်တို့ နားထောင်ခဲ့တဲ့ အသံတွေက ခုအသံတွေကို အနိုင်ရနေသေးတယ်လို့ ကျွန်တော်ထင်တယ်။ မြန်မာသံတွေထည့်ထားပေမဲ့ အရင်တုန်းက အသံတွေကိုဘဲ အာရုံထဲမှာ ပြန်ကြားကြားနေရတယ်"

"ဟုတ်တယ်···ကျွန်တော် နစ်ခါပြန်သွင်းရတာသာ ကြည့်လေ၊ မူလတုန်းက သံစဉ်အတိုင်း ဆိုဆိုမိနေတယ်မှတ်လား"

စိုးပိုင်သည် သူ၏သီချင်းနှင့် ပတ်သက်၍ သူကိုယ်သူ မဝံ့ကြွား ...

www.burmeseclassic.com

မတင်။ သူမှားသွားသည်ကိုပင် ပြောပြလာသည်။

"ကဲ…ကိုမြင့်သိန်းရေ…။ သီချင်းတော့ သွင်းပြီးသွားပြီဗျာ။ တနေရာကို သွားကြရအောင်"

စိုးပိုင်က ပြောလိုက်သဖြင့် ကောင်းရော…မြင့်သိန်းပါ နာရီကို လှမ်းကြည့်လိုက်သည်။

"ဟာ…နှစ်နာရီတောင် ကျော်ပြီကော"

အင်း…ဂီတရဲ့ဖမ်းစားမှုကို ခံရတဲ့ သူတစ်ယောက်ဟာ ထမင်းမေ့ ဟင်းမေ့ ဖြစ်တတ်တယ်ဆိုတာကို ကောင်း ကိုယ်တွေ့ခံစားရသည်။

"မနက်စာတခုခု သွားစားကြရအောင် ကိုမြင့်သိန်း"

"ဘယ်သွားမှာလဲ"

"ခင်ဗျား အဆင်ပြေတဲ့ နေရာတခုခုကို သွားရအောင်ဗျာ။ ကိုစိုးပိုင်လဲ တခြား သွားစရာမရှိဘူး မဟုတ်လား။ တခုခု သွားစားကြရအောင်"

"အာ…ကောင်းတာပေါ့ဗျာ။ စားပြီးရင်တော့ မြို့ထဲကို သွားစရာရှိသေးတယ်။ ကျွန်တော့် သူငယ်ချင်း တစ်ယောက်ကို စောင့်နိုင်းထားလို့"

"ဘယ်ကိုသွားမှာလဲ ကိုစိုးပိုင်"

"၃၃လမ်းပါ။ အဲဒီမှာ ကျွန်တော့်ကို သီချင်းတွေရေးပေးနေတဲ့ စာရေးဆရာ မောင်သစ်မင်း ရှိတယ်လေ။ ဟာ…အတော်ဘဲ ကောင်းနဲ့လဲ မိတ်ဆက်ပေးမယ်"

ကောင်းသည် စိုးပိုင်စကားကို အပြုံးဖြင့် တုံ့ပြန် အသိအမှတ်ပြုလိုက်သည်။

ကားပေါ်တွင် သုံးယောက်သား ထိုင်မိကြသောအခါတွင် မြင့်သိန်းသည် တက္ကသိုလ်ရိပ်သာလမ်းဖက်ရှိ ပျော်ပွဲစားရုံတစ်ရုံသို့ ကားကို ကွေ့ဝင်လိုက်သည်။

ကောင်းသည် အတိတ်ဟောင်းက ဒဏ်ရာများ အကင်းမသေသေးသော်လည်း ဘာမှပြဿနာဆိုမနေတော့ဘဲ မြင့်သိန်းတို့နှင့်အတူပင် ကားပေါ်မှ ရောဆင်းလိုက်သည်။ လူဆိုတာ ရင်ထဲမှာ ရှိနေတဲ့ဝေဒနာ၊ ဒဏ်ရာတွေကို ကျိတ်မှိတ်ခံနိုင်ဖို့ အရေးကြီးသည်။ မိမိ လျှောက်ရမည့် လမ်းတွင် ဝေဒနာကို ခံစားနေလျှင် ဝေဒနာကို ပြန်ပြီးတူးဖော်နေလျှင် ဒဏ်ရာကို အမှတ်ရရ လုပ်နေလျှင် လမ်းခရီး ဖင့်လေးပြီး ခရီးမတွင်ဘဲရှိမည်။

ကောင်းသည် မြင့်သိန်းနှင့်အတူ အပြင်ဖက် စားပွဲတွင် ထိုင်လိုက်၏။

"ကိုစိုးပိုင်…နဲနဲ လုပ်ဘတ်သလား"

"သောက်တော့ သောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် မသောက်တာ ကြာပါပြီ"

ကောင်း အမေးကို စိုးပိုင်သည် ရိုးသားစွာ ပြန်ဖြေသည်။

"ဒါဖြင့်လဲ…ကြိုက်ရာသာ မှာမှာ စားဗျာ…ဘာမှ အားမနာနဲ့"

ကောင်းသည် မိမိအတွက် ကောင်း…တွင် သွားရပ်ပြီး ရမ်နှစ်ပက်ကို ဆော်ဒါဖြင့် ရောစပ်ပြီး ခပ်မြန်မြန်ပင် သောက်ပြီး ပြန်လှည့်လာခဲ့၏။ သူ၏ လက်ထဲတွင် နူးယားစီးကရက်တဗူး ပါလာသည်။

စားသောက်ဖွယ်ရာများ မှာလိုက်ပြီး စားကြသောက်ကြနှင့် အတော့်ကို အချိန်တွေကို ဖြုန်းပစ်လိုက်သည်။

ဂီတနှင့်ပတ်သက်၍ အတွေ့အကြုံ စတီရီယိုတေးလောကနှင့် ပတ်သက်ပြီး ခံစားချက်များကို စိုပိုင်သည် ကောင်းအား ဖြေးလေးစွာ ပြောပြခဲ့၏။ ကောင်းသည် မိမိ၏ ဘဝသစ်စာမျက်နှာများ အတွက် စိုးပိုင်နှင့်သိရကျွမ်းရခြင်းကိုပင် ကျေးဇူးတင်မိတော့သည်။

တနည်းအားဖြင့် ဆိုရလျှင် မိမိ၏ ဘဝသစ် စာမျက်နှာများသည် လှပသော စာမျက်နှာများဖြင့် ဖွင့်လှစ်လိုက်ရသည်ဟု ယူဆလိုက်သည်။

ကောင်းတို့ သုံးယောက်ပြန်လာခဲ့ကြသည်။

* * *

ကောင်းသည် စိုးပိုင်မှတဆင့် အဆိုတော် စိန်သစ်၊ အဆိုတော်မင်းမင်းလတ်၊ ဇော်မင်းလေး၊ နှောင်နှောင်တို့ သာမက နွဲ့ယဉ်ဝင်း၊ တင်မိုးခိုင်၊ လေးလေးနွယ်နှင့် တေးရေးသူများ ဖြစ်ကြသော မောင်သစ်မင်း၊ နေဇော်အောင်၊ ကိုနေဝင်း၊ ဂီတစာဆို ကိုဗျော့မှူး မောင်ဆွေနွယ်တို့ကို သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

စိန်သစ်သည် ကောင်းကို အားပေးသည်။

လောလောဆယ် စိုးပိုင်၊ စိန်သစ်တို့က ကောင်းကို အသံစစ်ကြည့်သည်။ ကောင်းသည် မိမိဖြစ်ချင်သော ဆန္ဒအတွက် ကြိုးကြိုးစားစား သီဆိုပြသည်။ အားလုံးက လက်ခုပ်တီးပြီး ကြိုဆိုကြသည်။

စိုးပိုင်၊ စိန်သစ်တို့နှင့်အတူ ကောင်းသီချင်းသုံးပုဒ် သီဆိုခွင့်ရသည်။ သီချင်းကို နေဇော်အောင်ကတစ်ပုဒ်၊ မောင်သစ်မင်းက နှစ်ပုဒ်ရေးပေးသည်။

စိုးပိုင်က လေးပုဒ်၊ စိန်သစ်က သုံးပုဒ်နှင့် ဆယ်ပုဒ်တစ်ခွေစာ သွင်းကြသည်။

သည်နေ့သွင်းမည့် စတီရီယိုမှာ အောဝမ်းအဖွဲ့ဖြစ်သည်။ မဟာမြိုင်တွင် သွင်းကြမည်။ အသံဖမ်းမည့်သူမှာ ယနေ့ ရုပ်ရှင်ဇာတ်ကားများတွင် သူ၏ အမည် ကင်းသည်ဟု မရှိအောင်ကျွမ်းကျင်သည့် အောဝမ်းဦးစံက ဖမ်းယူမည်။

ကောင်းသည် စိုးပိုင်၊ စိန်သစ်တို့ ခေါ်ဆောင်သွားမှုကြောင့် စတီရီယိုသွင်းနေကြသော ဂီတလောက တံခါးသစ်ကြီးကို တပ်ဆင်ရန် ကြိုးစားနေကြသည့် လမ်းဘေးအဆိုတော်များဟု သမုတ်ခံရသည့် စတီရီယိုသမားများ၏ လှုပ်ရှားမှုများကို တွေ့လာခဲ့ပြီးသော်လည်း ယနေ့တွင် မိမိကိုယ်တိုင် စတီရီယိုတေးသီဆိုသူ တစ်ယောက်အဖြစ် ပါဝင်လှုပ်ရှားရသောအခါတွင် မိမိတို့ ဝန်းကျင်ကလေးကို လေ့လာကြည့်မိသည်။

ပစ္စည်းကိရိယာများကို ဒေါ်ဂျစ်ကားကြီးဖြင့် သယ်ယူလာပြီး စတီရီယို အခန်းကျဉ်းကလေးထဲတွင် နေရာကျအောင် စီစဉ်ထားရသည်။ ပြီးတော့ နေ့လယ်စာအတွက် ထမင်းချိန်တန် ထမင်း၊ လက်ဖက်ရည် ဆေးလိပ်မှအစ လိုလေသေးမရှိအောင် စီစဉ်ရသည်။

တေးသီချင်းရေးသူက တေးသီချင်းနှင့်လိုက်မည့် သံစဉ်များကို ရွေးချယ်ခွဲစိတ်ပြီးနောက်၊ တီးမှုတ်မည့်သူများကို အသီးသီးခွဲဝေပေးရသည်။

ပြီးတော့ တီးလုံး တိုက်ကြည့်သည်။ တီးလုံးတိုက်ကြည့်၍ တီးဝိုင်း အဖွဲ့အနေနှင့် အဆင်ပြေပြီ ဆိုသောအခါ သီဆိုမည့် အဆိုတော်နှင့်အတူ တခေါက်အစမ်းတိုက်ကြည့်သည်။ "ရီဟာဇယ်" ဟုခေါ်သော အသံဖမ်းဇက်ဖြင့် တကြိမ်ဖမ်းယူနားထောင်ကြည့်သည်။ ပြီးမှ စိတ်တိုင်းကျပြီး တီးဝိုင်းဖက်ကလည်းလုံးဝအဆင်ပြေပြီဆိုသည်နှင့် အသံသွင်းယူကြတော့သည်။

အသံသွင်းနေစဉ် အတွင်း၌ ကြားရသူ၏ နားထင်ကြောများ စိမ့်တက်လာအောင်ပင် ကောင်း ခံစားရသည်။ သဘာရှိသော၊ အဆိုပိုင်သော စိုးပိုင်သည် လေးပုဒ်သွင်းရန်အတွက် သူ အရင်ဆုံး သီဆိုသည်။ စိုးပိုင်သည် မြူးမြူးကြွကြွလေး သီဆိုသွားခဲ့၏။

အောဝမ်း ဦးစံသည် လက်မလေး အပေါ်သို့ ထောင်ထောင်ပြရင်း စိုးပိုင်သီချင်းများကို အပြီးသွင်းယူနေ၏။ ပြီးတော့ တစ်ပုဒ်သွင်းပြီးတိုင်း တစ်ပုဒ်ပြန်ပြန် ဖွင့်ပြသည်။ မြူးကြွသော E.machine တီးဝိုင်း၏ တေးဂီတနှင့် စိုးပိုင်၏ ဆွဲဆောင်အားပြည့်သော အသံတို့ ရောယှက်ဖလှယ် ပေါင်းစပ်လိုက်သောအခါတွင် သီချင်းကောင်းလေးတစ်ပုဒ် ဖြစ်လာ၏။


စိုးပိုင်သီဆိုသွားသော သီချင်းကို နားထောင်နေရသည့် ကောင်းသည် မိမိအင်မတန် နှစ်သက်ခုံမင်သော အစားအစာကောင်းတစ်ခုအား မြိန်ရေယှက်ရေ စားသောက်လိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

"တောမှုဆိုး. . .ပစ်တဲ့မျှား. . . အသဲမှန်သွားသလို×ရင်ခွင်မှာ× . . . နာကျင်လာ . . .ငိုပါရတယ် . . .။ မောင့်ရင်ထဲ. . .×မင်းဝင်ကြည့်. . .× နားလည်လိမ့်မယ်× . . .၊ ချစ်သူတစ်ယောက်×မုန်းသူတစ်ယောက်××အသဲဘုံနန်းအလယ်× . . .၊ မြေခွေးတစ်ကောင်. . .က. . .။ခြသေ့်. . .ရင်ခွဲ . . . .အသဲကိုစားတယ်. . .ကေသရာဇာ . . .မုန်ရင်×မြက်ကို×မစားပေ. . .၊ ချစ်သူယမင်း. . .အလု မင်းနဲ့ကြပြန်ရင်လေ. . ."

ရှေ့လဆက်ရန်

မောင်ရွှေစိန်

www.burmeseclassic.com



www.burmeseclassic.com

# ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော...

[ အခန်းဆက်ဝတ္ထုရှည် ]

(ယခင်လမှအဆက်)

## အခန်း(၁၁)

ကြွေဖိုးထိန်နှင့် နေလွှမ်းတို့ ဆရာတပည့်နှစ်ဦးမှာ တောင်ငူသို့ မပြန်ဖြစ်သေးဘဲ ပွဲခင်းကစားဝိုင်းတန်းတွင် အချိန်ကုန်နေခဲ့သည်မှာ သုံးရက်ခန့် ရှိပြီဖြစ်သည်။

ဇာတ်ပွဲကမည့် ရက်မှာလည်း တဖြည်းဖြည်း ပိုနီးလာပြီဖြစ်သောကြောင့် ပွဲဈေးတန်းရော၊ ကစားဝိုင်းတန်းပါ ပို၍ ပို၍ စည်လာသည်။

သည်ရက်များအတွင်း သူတို့ဆရာတပည့်နှစ်ဦးမှာ အလုပ်မည်မည်ရရမရှိဘဲ ကိုမြင့်တို့အဖွဲ့နှင့်ပင် အတူနေ၍ နေလွှမ်းက ကိုမြင့်တို့ ဝိုင်းခင်းလျှင် လိုအပ်သည်များ ဝင်လုပ်ပေးခြင်း၊ တစ်ခါတစ်ရံ အုပ်မင်းသားလုပ်၍ ဝိုင်းပို့ပေးရခြင်း၊ တစ်ခါတစ်ရံ ဦးဖိုးထိန်၏ မိတ်ဆွေ ရွှေဘိုဂေါက်ဂက်ဒိုင်တွင် အလျော်အစား လုပ်ပေးခြင်း စသည်ဖြင့် ဝိုင်းလုပ်လိုက်၊ ပျင်းလျှင် ပွဲဈေးတန်းလျှောက်- လက်ဖက်ရည်သောက်လိုက်ဖြင့်သာ အချိန်ကုန်သည်။

ဦးဖိုးထိန်မှာ ကိုမြင့်တို့ဒိုင်တွင် လိုက်ထိုင်ပေး၍ ဇယားကို ဝိုင်းထိန်းပေးခြင်း၊ တစ်ခါတစ်ရံ ရွှေဘိုဂေါက်ဂက်တန်းမှ သူ့မိတ်ဆွေနှင့် စကားသွားပြောနေခြင်းသာ လုပ်၍ အချိန်ပေါ်တော်များများကမူ သူစိတ်ဝင်စားနေသော ညောင်လေးပင်ဒိုင်၏ အခြေအနေကို သွား၍စောင့်ကြည့်နေသော်လည်း သူသွားသည့်အချိန်တိုင်းတွင် သူစိတ်ဝင်စားသော ကျွဲချိုသီးကြွေအနက်ကိုထုတ်သုံးခြင်းမရှိဘဲ ကြွေထည့်သူ၏ ရှေ့နားရှိ ကြေးဖလားရေခွက်ထဲတွင် ရေစိမ်ထားသည်ကိုသာ တွေ့နေရလေသည်။

နေလွှမ်းမှာ အချိန်အားလပ်သည့် အခါတော်တော်များများတွင် ထမင်း၊ ဟင်းနှင့် လက်ဖက်ရည်ပါ တွဲရောင်းသော မစန်းရီ ထမင်းဆိုင်သို့သာ သွားထိုင်နေတတ်သဖြင့် မစန်းရီနှင့်လည်း ရင်းနှီးနေပြီ ဖြစ်သည်။

တစ်ခုတော့ရှိသည်။ သူတို့ ဆရာတပည့်နှစ်ဦး ထိုးသားလည်းမဟုတ်၊ ဒိုင်လည်းမဟုတ်ဘဲ ဤကစားဝိုင်းတန်းတွင် ထီးထမ်းလမ်းလျှောက် လုပ်နေသော်လည်း စားဖို့သောက်ဖို့ စရိတ်နှင့် လက်ဖက်ရည်ဖိုးလောက်ကတော့ မူစရာမလိုဘဲ နေ့စဉ်ရနေလေသည်။ အကြောင်းမှာ နေလွှမ်းက ဦးဖိုးထိန်၏ မိတ်ဆွေ တောင်ငူဒိုင်များထံတွင် ကြုံလျှင်ကြုံသလို ဝိုင်းခင်းပေးခြင်း၊ ဝိုင်းဆင်ပေးခြင်း၊ အလျော်အစားလုပ်ပေးခြင်း၊ ရွှေဘိုဒိုင်များတွင် အန်စာသီး ဝိုင်းတင်ပေးခြင်း စသည်ဖြင့် လုပ်ကိုင်ပေးနေသည်ကြောင့် ထိုဒိုင်အားလုံးမှ စားလျှင်စားရသလို သူတို့ဆရာတပည့်နှစ်ဦးအတွက် ဗိုက်ခံထည့်ပေးနေခြင်းကြောင့် ဖြစ်သည်။

နောက်တစ်နေ့ဆိုလျှင် ဇာတ်ပွဲစတော့မည် ဖြစ်သည်။ နေလွှမ်းမှာ မနက် ၇ နာရီလောက်ကတည်းကပင် ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဆရာဖြစ်သူ ဦးဖိုးထိန်နှင့်အတူ ကိုမြင့်တို့အဖွဲ့နှင့် ပွဲခင်းထဲ ရောက်လာခဲ့သည်။ နံနက်စာစောစာအဖြစ် ထမင်းကြော်နှင့် လက်ဖက်ရည်ကို သူတို့တစ်ဖွဲ့လုံး

ဇော်ချိဒွေဝင်း(ရွှေအင်း)



www.burmeseclassic.com

www.burmeseclassic.com

မစန်းရှိဆိုင်တွင်ပင် သွား၍စားသောက်ကြသည်။

ထမင်းစားသောက်ပြီး၍ ဝိုင်းတန်းသိရောက်သွားကြသည်နှင့်ပင် နေ့တိုင်းထိုးနေကျ ဖောက်သည်ကစားသမားတို့ စောစီးစွာ ရောက်နှင့်နေသည်ကြောင့် ကိုမြင့်တို့အဖွဲ့က တန်း၍ ဒိုင်ခင်း၊ ဝိုင်းဖွင့်ပေးရလေသည်။

ထို့ကြောင့် နေလှမ်းမှာလည်း ကိုမြင့်တို့နောက်တွင် ထိုင်၍ လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးနေလေသည်။ ဦးဖိုးထိန်ကမူ တောင်ဘက်ဆုံးရှိ ညောင်လေးပင်ဒိုင်ဘေးတွင် ရပ်၍ အခြေအနေကို စောင့်ကြည့်နေသည်။

အချိန်တစ်နာရီနီးပါး ဝိုင်းဖွင့်ပြီးသောအခါ ကိုမြင့်တို့ဒိုင်မှာ ငွေတော်တော်လေး စားထားလိုက်ရပြီ ဖြစ်သည့်အပြင် ထိုးသားများထံမှ ငွေကျပ်းလာခြင်းကြောင့် ဝိုင်းကို ခေတ္တရပ်နားထားလိုက်လေသည်။ ထိုအချိန်တွင် နေလှမ်းကလည်း အားလပ်သွားပြီမို့ ဆရာဖြစ်သူ ဦးဖိုးထိန်ထံ ရောက်သွားလေသည်။

"မောင်နေ . . . မင်းဘယ်မှမသွားနဲ့ဦးကွ။ ဒီကောင်တွေဒိုင် လျော်နေတယ်။ သုံးလေးကြိမ် ဆက်လျော်ရင် ကြွေလဲတော့မှာ"

ဦးဖိုးထိန်က တိုးတိုးပြောလိုက်သော်လည်း သူကကြားလိုက်သည်မို့ ဦးဖိုးထိန်နားတွင် ကပ်လျက်ရပ်နေရင်း ကြွေသီးထည့်ပေးနေသော ဒိုင်ဆီသို့သာ စိုက်ကြည့်နေလေသည်။ ထိုအချိန်တွင် ဦးဖိုးထိန်က -

"မင်း ဒီမှာ စောင့်ကြည့်နေ။ ငါ အပေါ့သွားဦးမယ်"

ဟု ဆိုကာ ကစားဝိုင်းတန်းထဲမှ ထွက်သွားသည်။ သူထွက်သွားနေသည့် အချိန်လေးအတွင်းမှာပင် ကြွေမှာ "အိမ်မ" နှစ်ချက် ဆက်တိုက်ပြီး "အထ" တွင် ပေါ်လိုက်ရာ ကြီးလုံးဖယားဖြစ်သည်ကြောင့် ဒိုင်မှာ တော်တော်လေး အီဆင်းသွားအောင် လျော်လိုက်ရသည်။ ထို့ကြောင့် ကြွေထည့်သည့်သူက ကစားနေဆဲ အုပ်ရောကြွေပါ ဝမ်းဆက်လဲလေသည်။ နေလှမ်းက စိတ်ထဲမှ ဆုတောင်းရင်း စိုက်ကြည့်နေရာ သူဆုတောင်းသည့်အတိုင်းပင် ကြွေသီးထည့်သူက တခြားအုပ်တစ်လုံးထဲ၌ ကွဲချိုသီးကြွေအနက်ကို ထည့်လှုပ်ပြီး ကျအောင်ပိတ်၍ အုပ်မင်းသားထံ တွန်းပေးလိုက်လေသည်။ သူ၏ပါးစပ်မှလည်း "ကြွေရော၊ အုပ်ရော လဲတယ်ဗျို့" ဟု အုပ်မင်းသားထံ လှမ်းပြောလိုက်သည်။

ဤတွင် အုပ်မင်းသားက -

"ခင်ဗျားတို့ဟာက အခုမှ ကြွေထရုံပဲ ရှိသေးတယ်။ မလဲသင့်ဘူးလေဗျာ"

ဟု ပြောရင်း ထိုသူတွန်းပို့ပေးလိုက်သော အုပ်ကိုလည်း ကောက်မကိုင်ဘဲ ကြည့်နေလေသည်။

"ဟုတ်တယ်ဗျာ။ ခင်ဗျားတို့က စည်းကမ်းမှမဟုတ်ဘဲဗျ။ တကယ် ဖယားကြီးကစားတဲ့သူတွေဆိုရင် ဒီစည်းကမ်းကို သိပါတယ်။ ကြွေသက်ကန်အောင်တော့စောင့်ပေးသင့်တာပေါ့"

အုပ်မင်းသားအနီးတွင် ထိုင်၍ ငွေများများကိုင်ထိုးနေသော ထိုးသားတစ်ဦးကလည်း မကျေမနပ်ဖြင့် ဝင်ပြောလေသည်။

"ဒါကတော့ဗျာ၊ ကျွန်တော်တို့လည်း ကွန်းလျော်နေရလို့ လဲတာပါ"

ပိုးဒီလုပ်သူ ဒိုင်တစ်ယောက်က အေးအေးဆေးဆေး ပြန်ပြောပြသည်။

"အခုမှ ကြွေကောင်းစဝင်ပြီး နှစ်တိမ်းတစ်ထပဲ ရှိသေးတယ်ဗျာ။ ရပ်တောင် မရပ်ရသေးဘူး။ ကျွန်တော်တို့ အားလုံးကလည်း ခင်ဗျားတို့ဒိုင်တွေ စိတ်ချမ်းသာအောင် ကြီးလုံးကစားပေးနေတာပဲ။ ဒီလောက်တော့ ခင်ဗျားတို့ဘက်က စောင့်ပေးသင့်တာပေါ့"

အုပ်မင်းသားက စည်းကမ်းကျစွာ ဘောင်ထဲက ပြောနေသည်။ ထိုအချိန်မှာပင် အပြောအဆို မချေငံသော ကြွေသီးထည့်သူက -

"ကျွန်တော်တို့ကတော့ လျော်ရင် လဲမှာပဲလေဗျာ။ ခင်ဗျားတို့လည်း ကြိုက်မှထိုးပေါ့"

ဟု ပြောလိုက်ရာ အုပ်မင်းသားက စိတ်တိုသွားပြီး -

"ဒါဆိုလည်း သွားမယ်ဗျာ။ မထိုးတော့ဘူး"

ဟု ပြောကာ ထသွားလေသည်။ ထိုအခါ သူ့ဘေးနားတွင် ပိုက်ဆံများများ ကိုင်ပြီး အသေအချာထိုင်ထိုးနေကြသော ထိုးသားနှစ်ဦးမှာလည်း အုပ်မင်းသားကဲ့သို့ပင် -

"ဟုတ်တယ်ကွာ။ အဓိပ္ပာယ်မရှိဘူး။ တို့လည်းသွားမယ်"

ဟု ဆိုကာ ထသွားကြလေသည်။

ကျန်လူများကမူ လက်ထဲတွင် အလျော်ရထားသော ပိုက်ဆံလေးများကို ကိုင်လျက် ကြွေသီးထည့်သူနှင့် ဒိုင်များ၏မျက်နှာကို ကြည့်လိုက်၊ ထပြန်

www.burmeseclassic.com

သွားသော အုပ်မင်းသားနှင့်အဖွဲ့ကို လှည့်ကြည့်လိုက်နှင့် ထိုင်နေလျက်ပင်။ သူတို့၏ပုံစံများမှာ အလျော်ငွေလေးရ နေတုန်း၊ ကြွေတိုက်နေတုန်း ယခုကဲ့သို့ ဝိုင်းပျက်မှာလို ဖြစ်သွားရခြင်းကြောင့် စိတ်ကသိကအောက် ဖြစ်နေပုံလည်း ရလေသည်။

ထိုသို့ မပြေမလည်ဖြစ်နေကြချိန်မှာပင် ဦးဖိုးထိန်က ပြန်ရောက်လာသည်။ သူပြန်ရောက်လာသည်နှင့် နေလွှမ်းက ကွဲချိုသီးအနက်နှင့် အုပ်အသစ်တစ်လုံး လဲထားကြောင်း၊ ထိုသို့ လဲလိုက်သောကြောင့် ပြဿနာဖြစ်နေကြကြောင်း အကြောင်းစုံကို ပြောပြလေသည်။ ထိုအခါ ဦးဖိုးထိန်က သူ့ကို ဘာမှမပြောတော့ဘဲ အနီထောင်ဝိုင်းထဲသို့ အုပ်မင်းသားနေရာမှဝင်ထိုင်လိုက်သည်။

"ကဲ···အုပ်သစ်၊ ကြွေသစ်၊ အုပ်မင်းသားအသစ်ပေါ့ဗျာ။ ကျုပ် အုပ်ဖတ်မယ်။ နိုင်ကိုလည်း တစ်ခုပြောထားမယ်။ ကျုပ်ကတော့ ကြိုးလုံးဗယားမပေးနိုင်ဘူး။ ကျန်တဲ့လူတွေလည်း ကြိုက်ရာထိုး၊ ကျုပ်လည်း ကျုပ်ကြိုက်ရာ ကျုပ်ထိုးမှာပဲ"

ဦးဖိုးထိန်က ထိုသို့ပြောလိုက်သောအခါ ဒိုင်လုပ်သူများက "ရတယ်၊ ထိုး"ဟု ပြောလေသည်။ သို့ရာတွင် ဦးဖိုးထိန်က တစ်ခုထပ်တောင်းဆိုပြန်သည်။

"တစ်ခုတော့ ကြိုပြောထားရဦးမယ်၊ ကျုပ်က အုပ်မင်းသားဆိုတော့ ကျုပ်ကြိုက်တဲ့ အလှည့်ကျရင်တော့ ကျုပ်ကို ကိုင်ခွင့်ပေးရမယ်၊ အဲဒီအချိန်ကျရင်တော့ ကြိုးက သူ့အလိုလိုလုံးသွားမှာပဲ။ အဲဒါ ခင်ဗျားတို့ လက်ခံရဲ့လား"

"ရတယ်ဗျာ၊ လုပ်။ သိပ်မထူးပါဘူး။ ကြွေကောင်းလာရင် ခင်ဗျား မလုံးဘဲလည်း ထိုးသားတွေက သူ့အလိုလိုလိုက်လုံးကြမှာပဲ"

ဒိုင်တစ်ယောက်က ဦးဖိုးထိန်၏စကားကို သိပ်မကြိုက်လှသော်လည်း ခွင့်ပြုသဘောတူလိုက်လေသည်။

ဦးဖိုးထိန်က စောစောကတည်းက ဗယားအလယ်တွင် တည်လျက်ရှိနေသော အုပ်ကို လှမ်းယူလိုက်ပြီး စလှည့်သည်။ သူစိတ်ကြိုက်လှည့်ပြီးသောအခါ အုပ်ကိုတည်ထားပြီး -

"ကဲ···အပွင့်ဖော်မလို့ စမ်းချင်စမ်းကြ"

ဟု ပြောလိုက်သည်။ သူကိုယ်တိုင်ကတော့ ပိုက်ဆံချမထိုးသေးပေ။ သို့သော်လည်း တချို့က စိတ်ကူးတည့်မတည့် စမ်းသည့်သဘောဖြင့် ချထိုးကြသည်။ အားလုံးငြိမ်သွားသည်နှင့် သူက အုပ်ကို ညင်သာစွာ ဆွဲဖွင့်လိုက်သည်။ ကြွေက "ဆယ်"တွင် နီသည်။

နောက်တစ်လှည့် လှည့်ပြီးသောအခါတွင်လည်း ကြွေက ဆယ်မှာပင် ဆက်ရပ်ပြီး နီနေပြန်သည်။ အနီထောင်စကားနှင့် ပြောလျှင် အပွင့်မပေါ်သေး။ တစ်နည်းအားဖြင့်ဆိုရသော် "အိမ်မ"၊ "အထ" မပေါ်သေးပေ။ တတိယအလှည့်တွင်မှ ကြွေက "ခုနစ်"ဂဏန်းတွင် နီသွားသည်ကြောင့် အပွင့်ပေါ်သွားသည်။ တစ်နည်းအားဖြင့် အိမ်မ၊ အထ သိသွားပြီဖြစ်လေသည်။

"ဆယ်က အိမ်မ၊ ကိုးက အထပေါ့၊ ကြိုက်ရင်ထိုး၊ မကြိုက်ရင်လည်း ကိုယ်ကြိုက်ရာ ကိုယ်ထိုးနိုင်တယ်"

ဦးဖိုးထိန်က ကြွေကောင်းထိုးချင်သူများအတွက် ဒေါ်ပြောလိုက်သည်။ သည်တစ်ကြိမ်တွင်မူ သူလည်း အိမ်မဖြစ်သော ဆယ်ကို အများထိုး၍ အထဖြစ်သော ကိုးဂဏန်းကို အရံမှီထားလိုက်သည်။ သို့ရာတွင် စထိုးချိန်မှ စမ်းသည့်သဘောဖြင့် အစိတ်တန်နှစ်ရွက်တည်းကိုသာ ချထိုးလားခြင်းဖြစ်သည်။ ကျန်လူများကလည်း သူတို့ထင်ရာ သူတို့ချထိုးကြသည်။ အားလုံးထိုးပြီးသွားချိန်တွင် သူက "လက်ရှောင်"ဟု ဆိုကာ အုပ်ကို သူ့ရှေ့နားဆွဲပြီး အသာအယာဖွင့်လိုက်သည်။ ကြွေက "အိမ်မ"၊ "အထ"လည်းမဝင်၊ "ခုနစ်"တွင်လည်း မရပ်ဘဲ "အကော်"ဖြစ်သော "ရှစ်"ကို ထွက်နီသည်။ ဦးဖိုးထိန်နှင့် ကျန်လူများ အစားခံရပြီး ရှစ်တွင်ထိုးထားသည့် လူငယ်တစ်ဦးသာ အလျော်ရသည်။

"သည်တစ်ခါ ကြွေကောင်းထိုးချင်သူတွေက "ခုနစ်"၊ "အိမ်မ"၊ "ဆယ်"၊ "အထ"ပေါ့···"

ဦးဖိုးထိန်က အုပ်ကိုလှည့်ပြီး တည်ထားချိန်တွင် အားလုံးကြားအောင် ပြောသည်။ ထို့နောက်မှာ သူက အိမ်မဖြစ်သော "ခုနစ်"မှ "အထ"ဖြစ်သော "ဆယ်"ကို မှီကာ ခုနစ်ဆယ့်ငါးကျပ်တန်တစ်ရွက် ချထိုးသည်။ ကျန်လူများအားလုံး ထိုးပြီး၍ အုပ်ဖွင့်လိုက်သောအခါ ကြွေက နံပါတ်ရှစ်တွင်ရပ်ပြီး နီနေသောကြောင့် ဦးဖိုးထိန်နှင့် ကြွေကောင်းထိုးသူများ အစားခံရပြန်သည်။

"အင်း···ကြွေလဲပစ်လိုက်တာနဲ့

www.burmeseclassic.com

တန်းဖောက်ပြီး ကြွေဆိုးသွားတော့တာ ပါပဲလား"

အနီတောင်သမားစစ်စစ် ဖြစ်ဟန်တူသော စောစောကတည်းက ကျန်ခဲ့သည့် ထိုးသားတစ်ဦးက ညည်းညည်း ညူညူ ပြောလိုက်သည်။

"ကြွေပြန်ကောင်းလာအောင် စိတ်ရှည်ရှည်နဲ့ သည်းခံပြီးတော့ စောင့်ရမှာပေါ့ဗျာ"

ဦးဖိုးထိန်က ထိုသို့ပြောပြီး ကြွေထည့်သူ လွှတ်ပေးလိုက်သော အုပ်ကို ကောက်ကိုင်ကာ အဖုံးကို လုံးဝကျွတ်သွားသည်အထိ မဟုတ်ဘဲ အထဲက ကြွေလှုပ်သာလောက်အောင် အနည်းငယ် ဆွဲချွတ်၍ သူ့ဘာသာသူ လှုပ်သည်။ ထို့နောက် အဖုံးအနည်းငယ်ချွတ်ထားသော ထိုအနေအထားအတိုင်း နှစ်ချက်ရပ်ထားသော ရှစ်ဂဏန်းဆီသို့ ဖြောင်းခနဲနေအောင် ခပ်ပြင်းပြင်းရိုက်လိုက်သည်။

ပြီးမှ အုပ်အဖုံးကို ကျအောင်ပြန်ချကာ ရိုက်သည့်မျက်နှာနှင့် ဆန့်ကျင်ဘက်အုပ်မျက်နှာကို ဝယားပေါ်တွင် ဖြူးထားသော ပေါင်ဒါမှုန့်များနှင့် ဖြူး၍ မှုတ်လိုက်သည်။ လက်တွင် ထွက်နေသော ချွေးနှင့်မို့ ပေါင်ဒါမှုန့်များက သူမှုတ်သည့် မျက်နှာတွင် ကပ်လေသည်။

ထို့နောက်တွင် သူက အုပ်ကို တည်ပြီး လှည့်နေကာ ပေါင်ဒါမှုတ်ထားသော မျက်နှာနှင့် သူထိုးမည့် ခနစ်ဂဏန်းကွက်တည့်ချိန်ရောက်မှ ရပ်လိုက်သည်။

"ကဲ · · · ထိုးကြ။ ခနစ်က နှစ်ချက်လျှော့ဆင်းပဲ။ ရှစ်ကတော့ သုံးချက်ရပ်၊ ကြိုက်တာထိုး"

ဦးဖိုးထိန်က ထိုသို့အော်ပြီး သူက ခုနစ်ဆယ့်ငါးကျပ်တန် နှစ်ရွက်ကို ခုနစ်မှ ရှစ်သို့ ရုံလိုသည်။ စောစောက သူ့ဘေးမှ ညည်းညူသူကလည်း သူ့ကဲ့သို့ပင် လိုက်ထိုးသည်။ ကျန်လူများက ဦးတည့်ရာ ထိုးကြသည်။

သည်တစ်ကြိမ် အုပ်ဖွင့်သော အခါ ဦးဖိုးထိန်ရော ကြွေကောင်းထိုးသမားပါ နှစ်ယောက်စလုံး တိုက်ပြီး အလျော်ရသည်။

နေလွှမ်းမှာ ယခုအချိန်တွင် သူ့ဆရာဖြစ်သူ၏ နောက်နားသို့ရောက်လာပြီး ကပ်ထိုင်ကာ သူ့ဆရာဦးဖိုးထိန် လုပ်သမျှကို ထိုင်ကြည့်နေလေသည်။

နောက်တစ်လှည့်တွင်လည်း ဦးဖိုးထိန်က ရှေ့နည်းအတိုင်း အုပ်ကို အနည်းငယ်ချွတ်၍ ကြိုးရိုက်ကာ ရိုက်သည့်မျက်နှာနှင့် ပြောင်းပြန်ဘက်တွင် ပေါင်ဒါမှုန့်များပွတ်မှုတ်ပြီး အုပ်ကို လှည့်သည်။ ထိုမျက်နှာတွင် နံပါတ် "ကိုး"အကွက်တည့်သောအခါ အုပ်ကို ရပ်ပြီး တည်ထားလိုက်သည်။

ဦးဖိုးထိန်နှင့် ကြွေကောင်းလိုက်သူများက နံပါတ်ကိုးမှ ရှစ်ကို မှီထိုးသည်။ ကျန်လူများကမူ "ခုနစ်"နှင့် "ဆယ်"တို့တွင် အထိုးများသည်။

ဦးဖိုးထိန်ကမူ စောစောက ရထားသော အလျော်ငွေရော၊ အရင်းငွေပါ နံပါတ်ကိုးတွင် ထိုးထားသည့်အပြင် ဒိုင်လုပ်သူအား -

"ကျုပ် ဒါတွေအကုန်လုံး ကိုးထဲကို ပြောင်းအောတယ်"

ဟု ပြောကာ နံပါတ် "ခုနစ်"နှင့် "ဆယ်"တို့တွင် ထိုးထားသော ငွေများကို ပြလိုက်သည်။ ဒိုင်လုပ်သူက ထိုငွေများကို လှမ်းကြည့်ပြီး ခေါင်းညိတ်သည်။ သည်တစ်ကြိမ် အုပ်ဖွင့်သော အခါ အားလုံး စိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြသည်။

ဦးဖိုးထိန်က အုပ်နှုတ်ခမ်းကို ပြည်ပေါ်တွင် မှေးတင်ပြီး ဖြည်းဖြည်းချင်း ပွတ်ဆွဲ၍ ချောင်းကြည့်နေသည်။ ပြီးမှ အုပ်ကို ဆက်မဖွင့်သေးဘဲ ပါးစပ်မှ "ဘိုးတော်သား"ဟု ဆိုလိုက်ရာ ဘေးမှလူများက "ဟာ · · · ကိုးပေါ်ပြီး စားပြီပေါ့"ဟု ဆိုကြလေသည်။ အမှန်တကယ် အုပ်ဆွဲဖွင့်လိုက်သောအခါ ကြွေက ကိုးတွင် နီနေလေသည်။

ယခုတစ်ကြိမ်တွင် ဦးဖိုးထိန်မှာ သူထိုးထားသော ငွေများမှ အလျော်များရသည့်အပြင် နံပါတ် "ခုနစ်"နှင့် "ဆယ်"တို့မှ သူများထိုးထားသည့် ငွေများကို ပြောင်းကိုင်လိုက်သည့် ငွေအရင်းနှင့် အောတိုက်ငွေသုံးဆတို့ကိုပါ ရရှိလိုက်ရာ သူ့ရှေ့တွင် ငွေများအထပ်လိုက်ဖြစ်သွားလေတော့သည်။

ဒိုင်လုပ်သူမှာ ယခုတစ်ကြိမ်တွင် တော်တော် နစ်နစ်နာနာလေး လျော်လိုက်ရသည်ကြောင့် မျက်နှာအနည်းငယ် တင်းသွားသည်ကိုလည်း တွေ့လိုက်ရလေသည်။

ဦးဖိုးထိန်လုပ်သည့် ငွေကိုင်သော ကိစ္စမှာ ကိုင်သူ အုပ်မင်းသားအကြိုက်တိုက်လိုက်လျှင် အုပ်မင်းသားက ကိုယ်ထိုးသည့်ကိုယ့်ငွေအပြင် အခြားအကွက်မှ ပြောင်းလိုက်သော သူများဝိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com

များကိုလည်း အရေအတွက်အတိုင်း အရင်းရော၊ အမြတ်ပါ ထပ်ရသဖြင့် များစွာ အကျိုးရှိသလို ဒိုင်အနေဖြင့်မူ သူစားရမည့်အကွက်မှ ငွေများကို မစားရသည့်အပြင် ထိုငွေများအတွက် ထိုးထားသော အဆအတိုင်း ထပ်ပိုးလျော်ရသောကြောင့် များစွာနစ်နာလေသည်။

အကယ်၍ ပြောင်းကိုင်သည့် အုပ်မင်းသားအကွက်မပေါ်ဘဲ မူလ ထိုးထားသူများ၏ အကွက်ပေါ်လျှင်မူ ဒိုင်လုပ်သူက ထိုငွေများအတွက် အလျော်မပေးရသည့်အပြင် အရင်းများကိုပါ စားပစ်ပြီး ပြောင်းကိုင်သည့် အုပ်မင်းသားက ဒိုင်အစား အရင်းရော၊ အမြတ်ပါ သူ့အဆအတိုင်း ပေးလျော်ရလေသည်။ ထိုအခါမျိုးတွင် အုပ်မင်းသားမှာ အလွန်နစ်နာသသည်။

ယခုအကြိမ်တွင်မူ ဦးဖိုးထိန်က ကြွေထည့်သူ လှမ်းပေးသည့်အုပ်ကို လှမ်းယူပြီး ဘာမှမလုပ်သေးဘဲ အုပ်၏ အောက်ပတ်လည် မျက်နှာစာများကို သူ့လက်ဖြင့် ပြောင်စင်အောင် ပွတ်လိုက်သည်။ ထို့နောက် ဒိုင်များထံ -

"ပေါင်ဒါမှုန့်လေး ပေးပါဦးဗျ။ အုပ်လှည့်ရတာ စေးကပ်စေးကပ်နဲ့ မသွက်ဘူး"

ဟု ပြောလိုက်ရာ ဒိုင်များက ပေါင်ဒါမှုန့်ဘူး လှမ်းပေးသည်။ သူက သူအုပ်လှည့်မည့်နေရာ တာလပတ်ပေါ်တွင် ပေါင်ဒါမှုန့်များ ခပ်ထူထူဖြူးချလိုက်သည်။ ပြီးမှ ပေါင်ဒါဘူးကို ဒိုင်ဆီသို့ ပြန်ပေးပြီး အုပ်ကို ယခင်နည်းအတိုင်း အဖုံးအနည်းငယ်ချွတ်၍ ကြွေဆီကို လှုပ်ပြီးကာမှ ကြိုးပေါ်တွင် ပြောင်းခနဲ လှမ်းရိုက်သည်။ ပြီးသည်နှင့် အဖုံးကို အံကျအောင် ပြန်အုပ်ချကာ ရိုက်သည့်မျက်နှာနှင့် ပြောင်းပြန်ဆန့်ကျင်ဘက် မျက်နှာပြင်ပေါ်မှ ပေါင်ဒါမှုန့်များ ကပ်သွားအောင် တိုက်လိုက်သည်။ ထို့နောက်တွင် အုပ်ကို တည့်၍ အပတ်ပေါင်းများစွာ လှည့်နေပြီး ပေါင်ဒါရိုက်ထားသော မျက်နှာနှင့် "ခုနစ်" ဂဏန်းတည့်ရှိန်တွင်ရပ်ထားလိုက်သည်။

"ကဲ . . . ကျုပ်ကတော့ စလွယ်တင်ထားတဲ့ကြွေကို စလွယ်ပြန်အဖြစ် ခုနစ်မှာပဲ ထိုးမှာ။ ခင်ဗျားကရော"

ဦးဖိုးထိန်က သူ့ဘေးမှ ကြွေကောင်းလိုက်သူအား ပြောလိုက်ခြင်းဖြစ်သည်။ ထိုသူက စဉ်းစားပြီး -

"စလွယ်တင်ဆိုတာလည်း အထပဲ။ ကျုပ်ကတော့ အရုပ်ပဲထိုးတော့မယ်"

ဟု ဆိုကာ သူ့ပိုက်ဆံများကို "ကိုး"မှ "ရှစ်"သို့ ရဲထိုးလေသည်။ ဦးဖိုးထိန်ကမူ သူ့ရှေ့တွင်ရှိသော ပိုက်ဆံအကုန်လုံးကို နံပါတ် "ခုနစ်"အကွက် အလယ်တည့်တည့်သို့ ပုံလိုက်ပြီး "အော"ဟု ပြောလိုက်သည်။

ကျန်သည့်လူများက သူ့အား တအံ့တသြဝိုင်းကြည့်နေစဉ်မှာပင် သူက ဒိုင်ကိုလှမ်းကြည့်ပြီး -

"ဟောဒီမှာ ခုနစ်ဂဏန်းရှိတဲ့အကွက်ထဲကလွဲပြီး ကျန်တဲ့ ရှစ်၊ ကိုး၊ ဆယ် မှာရှိတဲ့ ငွေတွေအားလုံး ခုနစ်ထဲကို ပြောင်းအောတယ်"

ဟု ပြောလိုက်ရာ သူ့နောက်တွင် ထိုင်နေသည့် နေလှွမ်းပင်လျှင် အံ့သြသွားသည်။ ဒိုင်လုပ်သူကလည်း သူ ပြောင်းကိုင်သည့်ငွေများကို စိတ်ဖြင့်ရေတွက်ကြည့်ရင်း သူ့ကို စိတ်မချသလိုကြည့်ကာ -

"ကိုယ့်ဆရာ . . . ထိလိုက်ရင် အများကြီးနော်၊ နိုင်မှလုပ်"

ဟု ပြောလေသည်။ သူကမူ တစ်ချက်ကလေးမျှ တွေဝေခြင်းမရှိဘဲ

"ကျုပ်စိတ် ကျုပ်နိုင်လို့လုပ်တာ။ ကျုပ်ပြောတဲ့စကား အတည်ပဲ"

ဟု ပြောပြီး အုပ်ကိုဖွင့်ရန် သူ့ရှေ့နား အနည်းငယ်ဆွဲယူသည်။ ထို့နောက် သူက အုပ်အဖုံးကို ဖြည်းဖြည်းချင်း ဆွဲချွတ်ပြီး အုပ်နှုတ်ခမ်းက ပြည့်နှုတ်ခမ်းပေါ် တင်သွားသည်နှင့် ဖြည်းဖြည်းချင်း ပွတ်ဆွဲနေသည်။ နေလှွမ်းမှာလည်း မနေနိုင်တော့ဘဲ သူ့ဆရာ၏နောက်မှ ဝပ်၍ အုပ်ချောင်းလေသည်။

နေလှွမ်းတို့ ဆရာတပည့်နှစ်ဦး ချောင်းနေသည်မှာ "ကိုး"နှင့် "ဆယ်" ဖြစ်၍ အနီရောင်ကိုမကြည့်ဘဲ အဖြူရောင်မျက်တောင်ဖျားကလေးများကိုသာ ကြည့်ရမည်ဖြစ်သည်။ သို့မှသာ အနီက ခုနစ်တွင်ပေါ်မည်၊ အကယ်၍ ထိုထောင့်တွင် မျက်လုံးမြင်လျှင် အနီက "ရှစ်"တွင် ပေါ်မည်ဖြစ်သည်။

သို့ဖြစ်၍ နေလှွမ်းရော သူ့ဆရာပါ မှုန်မှုန်ကလေး ထွက်လာမည့် မျက်တောင်မွေးလေးတစ်ခုတည်းကိုသာ အာရုံကြည့်ရတော့မည်ဖြစ်သည်။

ဦးဖိုးထိန်က စိတ်ကို ငြိမ်ငြိမ်ထားပြီး အုပ်ကို အတတ်နိုင်ဆုံး ညင်သာစွာ ပွတ်ရွှေ့နေရာ ကျွဲချိုသား ကြွေသီးနှုတ်ခမ်းအနက်ရောင်ကို မြင်နေရဖြစ်သည်။ နေလှွမ်းမှာ အသက်ပင် မရှူမိဘဲ စိုက်ကြည့်နေရာ အပ်များသာသာ

www.burmeseclassic.com

လောက်ရှိ အဖြူမှုင်လေးကို စမြင်လိုက်ရရာ "ဆိုက်ပြီကွ"ဟု ဝမ်းသာအားရ ကုန်းအော်လိုက်မိလေသည်။

ဦးဖိုးထိန်ကမူ အုပ်ကို ဆက်မဆွဲသေးဘဲ သူ့တပည့်ကို တစ်ချက်ကြည့်ပြီး ပြုံးပြလိုက်သည်။ ပြီးမှ အုပ်ကို သိသိသာသာ ဖွင့်ပြလိုက်ရာ ကြွေမှာ ခုနစ်တွင် နီနေသောကြောင့် အားလုံး ငြိမ်သွားပြီး ဒိုင်လည်း အနည်းငယ် မျက်နှာညိုးသွားလေသည်။

ဦးဖိုးထိန်မှာ သည်တစ်လှည့်တည်းနှင့်ပင် ငွေတစ်သောင်းခွဲခန့် အလျော်ရလိုက်သည်ဖြစ်ရာ သူများဆီမှ ပြောင်းကိုင်ထားသော အရင်းများပါ ပေါင်းလိုက်လျှင် စုစုပေါင်း ငွေနှစ်သောင်းခန့် လက်ထဲရောက်လာပြီဖြစ်သောကြောင့် ဒိုင်အား နှုတ်ဆက်ပြီး ရပ်နားလိုက်လေတော့သည်။

နေလွှမ်းမှာ ဦးဖိုးထိန်ပေးသော ငွေထုပ်ကြီးကို စစ်လွယ်အိတ်ထဲသို့ ထိုးထည့်ပြီး ဦးဖိုးထိန်နှင့်အတူ ကိုမြင့်တို့ထံသို့ လာခဲ့လေသည်။ ထို့နောက် ကိုမြင့်တို့တစ်ဖွဲ့လုံးအား ခေါ်သွားပြီး ထမင်းဆိုင်တွင် နေ့လယ်စာကို စိတ်ကြိုက်ကျွေးလိုက်သည်။ ကိုမြင့်နှင့် ကိုလှသန်းက ထမင်းမစားမီ ဘီယာပါ မှာသောက်ကြသေးသည်။

ကိုမြင့်တို့အဖွဲ့က ထမင်းစားပြီးသည်နှင့် ဝိုင်းသစ်ခင်းရန် ကစားဝိုင်းတန်းသို့ ပြန်သွားရာ နေလွှမ်းတို့ ဆရာတပည့်နှစ်ဦးတည်းသာ ထမင်းဆိုင်တွင် ကျန်ခဲ့တော့သည်။

ဤအချိန်တွင် လူရှင်းသွားပြီမို့ နေလွှမ်းက သူသိချင်နေသော အချက်ကို စမေးသည်။

"ဦးလေး စောစောက သူများ ဗိုက်ဆံတွေပါ ပြောင်းကိုင်ပြီး အောအောနေတာက သိလို့လုပ်တာလား၊ ရမ်းလုပ်နေတာလား"

"သိလို့လုပ်တာပေါ့ကွ"

"ဟား・・・ဦးလေးလုပ်လိုက်တဲ့ နောက်ဆုံးအချီကတော့ ကျွန်တော် တော်တော်လေးကို တုန်လှုပ်သွားတယ်ဗျာ"

နေလွှမ်းက အမှန်အတိုင်းပြောလိုက်ခြင်း ဖြစ်သည်။

"အေး・・・မင်းမှ မဟုတ်ဘူးကွ။ ငါလည်း နည်းနည်းလန့်တာပဲ။ သိလို့လုပ်လိုက်တာဆိုပေမယ့် မတော်တဆများ လွဲချော်သွားရင် ပြဿနာပဲ။ အဲဒီငွေတွေသာ လျော်ရရင် မင်းနဲ့ ငါနဲ့ နှစ်ယောက်ပေါင်းမှာရှိတဲ့ ဗိုက်ဆံတွေ အကုန်ချပြီး လျော်လည်း မလောက်ဘူးကွ။ ဒါကြောင့် ငါလည်း စိတ်လှုပ်ရှားနေတာပေါ့"

"တော်သေးတာပေါ့ ဦးလေးရာ။ ထင်တဲ့အတိုင်း မဖြစ်ရင် ကျွန်တော်တို့ တူဝရီးနှစ်ယောက် ဘယ်လိုဆက်ရှင်းရမှန်း သိမှာမဟုတ်ဘူး။ ဒါနဲ့ ဦးလေး သိတယ်ဆိုတာကရော ဘယ်လိုသိတာလဲ"

"မင်းကို ဟိုတစ်နေ့က ငါပြောသလိုပဲလေ။ ဒီကြွေဟာ ငါ့ဆီက ထွက်သွားတဲ့ ကြွေဖြစ်မယ်လို့ ထင်နေတာနဲ့ စမ်းကြည့်လိုက်တာ။ ဟုတ်နေတော့ ငါလည်း အပိုင်ထိုးယူလိုက်တော့တာပေါ့ကွာ"

"ဦးလေးကြွေက ဘယ်လိုအထာရှိလို့လဲ"

"အနိမ့်သီးလေကွာ"

"အနိမ့်သီးဆိုတာက ဘာကိုပြောတာလဲ"

"မင်းနားလည်အောင် ပြောရရင်တော့ အန်စာရဲ့ မျက်နှာပြင်တွေဟာ အားလုံး ညီမနေဘဲ တစ်ဖက်မှာ ဖောင်းလုံးပြီး နိမ့်နေတယ်ကွာ။ ဒါက တမင်တကာ လုပ်ထားတာ။ အဲဒီတော့ အဲဒီကြွေကို အနိမ့်သီးလို့ပဲ ခေါ်တာပေါ့။ သူ့ရဲ့အထာကတော့ အုပ်အဖုံးကို နည်းနည်းချွတ်ပြီး မြှောက်လိုက်ရင် ပြည်ထဲမှာတုန်းက အတိအကျဖြစ်နေလို့ မလည်တဲ့ ကြွေသီးဟာ အဖုံးထဲမှာ ချောင်ချောင်လေး လည်နိုင်တယ်လေ။

အဲဒီလို ချွတ်ပြီး ကြိုးကိုလှမ်းရိုက်လိုက်တာနဲ့ အောက်ကကျတဲ့ မျက်နှာဘက်မှာ အစိမ်းလိုင်းရှိနေပြီး အပေါ်ကကျတဲ့ မျက်နှာဘက်မှာ အနီလိုင်းဖြစ်နေတယ်။ အဲဒီအုပ်ကို ပြန်ထောင်ပြီး ဖိချလိုက်တော့ ကြွေဟာ ပြည်ထဲပြန်ဝင်သွားပေမယ့် ရိုက်ချတဲ့ မျက်နှာဘက်က အစိမ်း။ သူ့ရဲ့ဆန့်ကျင်ဘက်က အနီပဲ"

"သြော်・・・ကျွန်တော်သဘောပေါက်သွားပြီ ဦးလေး။ ဒါကြောင့် ဦးလေးက ရိုက်ချတဲ့မျက်နှာရဲ့ ဆန့်ကျင်ဘက်အုပ်မျက်နှာကို ပေါင်ဒါမှုန့်နဲ့ မှတ်မှတ်ပြီး လှည့်တာ မဟုတ်လား"

"မင်း တော်တော်တိုးတက်လာပြီပဲကွ"

"ဒါနဲ့ သူတို့က ဒီကြွေသီးရဲ့ အထာကို မသိလို့လား"

"တကယ်တော့ ဒီအသီးမျိုးဟာ

www.burmeseclassic.com

လည်း ဒိုင်တွေ ဝှက်ဖဲအဖြစ်သုံးဖို့ လုပ်ထားတဲ့ အသီးမျိုးကွ။ အခုဟာကတော့ ငါက အဲဒီ ဝှက်ဖဲအကြောင်းသိထားပြီး သားဆိုတော့ သူတို့ ခံလိုက်ရတာ ပေါ့ကွာ"

"ဒါနဲ့ ဦးလေး၊ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ။ ဒီဒိုင်တွေမှာ နောက်ထပ် ဒီလိုသွားလုပ်လို့ ရပါဦး မလား"

"တကယ်တော့ ဒါမျိုးကလည်း အခွင့်သာတုန်းပဲ လုပ်လို့ရတာကွ။ အမြဲတမ်းကြီး သွားလုပ်နေလို့ ရတာ မဟုတ်ဘူး။ စောစောက ငါတို့က ဝိုင်းမှာ မဖြတ်ဘဲ ဆက်ထိုးဦးမယ်ဆိုရင် လည်း ဒီကောင်တွေက အဲဒီကြွေနဲ့ အုပ်ကို လဲပစ်တော့မှာ"

"ဟုတ်တယ်နော်။ အခုလို အခွင့်အရေးမျိုး နောက်ထပ်ရချင်မှရတော့မှာ"

"အခု ငါစဉ်းစားပြီးပြီကွ။ မနက်ဖြန်ဆိုရင် ဇာတ်ပွဲကလည်း စတော့မှာဆိုတော့ လူစုံပြီး ပွဲဈေးကျမှာပဲ။ တစ်ညစောင့်ကြည့်ပြီး အခွင့်အခါ ကောင်းတော့လည်း လုပ်တာပေါ့ကွာ။ မကောင်းတော့လည်း အခုတို့လက်ထဲမှာ အားလုံး ငွေနှစ်သောင်းကျော်လောက်ရထားပြီဆိုတော့ ပြန်လို့ရပါပြီ"

သူတို့နှစ်ဦး စကားစပြတ်သွားချိန်တွင် ဆိုင်ရှင်အား ကျသင့်ငွေများ ရှင်းပြီး ပွဲခင်းထဲတွင် ဆက်မနေတော့ဘဲ ရွာထဲရှိ တည်းခိုအိမ်သို့ ပြန်လာခဲ့ကြတော့သည်။

*****

## အခန်း(၁၂)

နောက်တစ်နေ့နံနက်တွင်လည်း နေလွှမ်းတို့ ဆရာတပည့်နှစ်ဦးမှာ ထုံးစံအတိုင်း နံနက်စောစောကပင် ရေချိုးအဝတ်အစားလဲပြီး ကိုမြင့်တို့နှင့်အတူ ပွဲခင်းထဲသို့ ထွက်ခဲ့ကြသည်။

ယနေ့ ပွဲစဝင်မည့်ရက်မို့ တချို့ပွဲကျ ပွဲဈေးသည်များကလည်း စောစောစီးစီးပင် ပွဲခင်းထဲရောက်လာပြီး နေရာယူ ပြင်ဆင်နေကြသည်ကို တွေ့ရသည်။ ဘုန်းကြီးပျံပွဲဖြစ်သောကြောင့် ပေါပေါက အဖွဲ့များနှင့် ရွာသူ၊ ရွာသား တပည့်ဒကာများ၊ ပွဲဖြစ်မြောက်ရေး တာဝန်ခံ ပုဂ္ဂိုလ်များနှင့် အကျိုးဆောင်သံဃာတော်အချို့ပါ ဟိုမှ သည်မှ သွားလာလှုပ်ရှားကြရင်း လိုအပ်သည့်ကိစ္စများ ကြိုတင်ပြင်ဆင်ရန်အတွက် အလုပ်ရှုပ်နေကြလေသည်။

ယနေ့မှာ ပွဲစဝင်သည့် ရက်ဖြစ်သည့်နည်းတူ ပျံလွန်တော်မူသော ဆရာတော်၏ အရိုးများသာ ရှိတော့သည့် ရုပ်ကြွင်းတော် ထည့်ထားရာ မှန်ခေါင်းကို နိဗ္ဗာန်ကျောင်းချထားသည့် ကျောင်းတွင်းမှ ပွဲကွင်းအတွင်းရှိ မဏ္ဍပ်အတွင်းသို့ ထုတ်မည့်(အလောင်းထုတ်) အစီအစဉ်နှင့် ယောင်ကျူးအစီအစဉ်လည်း ရှိနေရာ နေ့လယ်ခင်းဘက် ကတည်းက လူစည်ကားမည့် နေ့လည်း ဖြစ်လေသည်။

ထို့ကြောင့် ဈေးဆိုင်များက ပွဲခင်းလာ ပရိသတ်များ ကျလာပါက အဆင်သင့်ရောင်းချနိုင်အောင် စောစောစီးစီး ကြိုတင်ပြင်ဆင်နေကြသလို၊ ကစားဝိုင်းဒိုင်များကလည်း ကစားမည့် ထိုးသားများ ကျလာသည်နှင့် အဆင်သင့် ဝိုင်းခင်းပြီး၊ ငွေရှာနိုင်ရန်အတွက် စောစောစီးစီး ပြင်ဆင်မျှော်လင့်နေကြတော့သည်။

နေလွှမ်းတို့ ဆရာတပည့်နှင့် ကိုမြင့်တို့ အဖွဲ့မှာ ယခင်ရက်များက အတိုင်း နံနက်စောစောစာအဖြစ် ထမင်းကြော်နှင့် လက်ဖက်ရည်တို့ကို မစန်းရီဆိုင်တွင် စားသောက်ကြပြီး ကစားဝိုင်းတန်းသို့ ထွက်ခဲ့ကြလေသည်။

ကစားဝိုင်းတန်းသို့ ရောက်သည်နှင့် သူတို့ယူထားသော ဆိုင်ခန်းနေရာတွင် စောစောစီးစီးပင် ဖယားခင်းပြီး ထိုးသားများ ရောက်လာမည့်အချိန်ကို စောင့်နေကြသည်။

သို့ရာတွင် အချိန်က စောနေသေးသဖြင့် ကစားမည့်သူများက ပေါ်မလာသေးသည်ကြောင့် ဝိုင်းဖွဲ့စကားပြောရင်း အချိန်ဖြုန်းနေကြရလေသည်။ သူတို့နှင့် တစ်ပြိုင်တည်းလိုလို ရောက်လာကြပြီး ဖယားများခင်းထားသော အခြားဒိုင်အဖွဲ့များမှာလည်း သူတို့နည်းတူပင် ကစားမည့်သူမျှော်ရင်း ကိုယ့်အုပ်စုနှင့်ကိုယ် စကားဝိုင်းဖွဲ့နေကြလေသည်။

(ဆက်ရန်)

ကျော်ဆွေဝင်း(ရွှေအင်း)

www.burmeseclassic.com

www.burmeseclassic.com

# စေတာမန်ဆရာဝန်

□ မောင်မောင်စန်းထွေး




ဒေါက်တာလီဇာ(Liza)သည် မှန်မှန်ကန်ကန်နှင့် လုပ်ဆောင်ခဲ့ရာမှ တဖြည်းဖြည်းချင်း အပယ်ခံလူတန်းစားများဘက်မှ ရပ်တည်ခဲ့သူ ဖြစ်သည်။

ဗုဒ္ဓဟူးနေ့သည် မော်စကိုမြို့တွင် အထင်ကရဖြစ်သည့် ဘူတာရုံများအနက် တစ်ခုအပါအဝင်ဖြစ်သော ပါဗေးလက်စကီး(Paveletsky)ဘူတာရုံသည် ခရီးသည်များအတွက်မဟုတ်တဲ့ ၎င်းဘူတာရုံအနီးတစ်ဝိုက်တွင် နေထိုင်သူများအတွက် အရေးပါသော နေ့ရာ ဖြစ်သည်။ ၎င်းနေ့ (ဗုဒ္ဓဟူး)သည် သီတင်းတစ်ပတ်အတွင်း အရေးကြီးသောနေ့ ဖြစ်သည်။

နွေရာသီကာလ ညနေ ၅ နာရီ ထိုးသည်နှင့် မီနီဘတ်စ်အပြာရောင် တစ်စီး လမ်းဘေးလွတ်သည့် တစ်နေရာတွင် ရပ်ထားလိုက်ပြီး ကားထဲမှ ကိုယ်လုံးကိုယ်ထည် သေးသွယ်ပါးလျသော ရွှေဝါရောင်ဆံပင်ပိုင်ရှင်၊ အသက် ၄၀ ကျော် အမျိုးသမီးတစ်ယောက် အရေးပေါ် ဆရာဝန်ဝတ်စုံ အပြာရောင် ဝတ်လျက် ထွက်လာသည်။ သူကတော့ ဒေါက်တာလီဇာဆိုသူ ဆရာဝန်မတစ်ဦးပင် ဖြစ်သည်။ သူမကို အိုးမဲ့အိမ်မဲ့သူ ၃၀ ကျော်က ပတ်လည်ဝိုင်းထားကြသည်။ ထို့နောက် "ဒေါက်တာလီဇာ၊

www.burmeseclassic.com

ဒေါက်တာလီဇာ"ဟု အော်ခေါ်ကြသည်။ ထို့နောက် ၎င်းတို့လက်မောင်း၊ ခြေထောက်နှင့်၊ မျက်နှာပြင်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို ပြကြသည်။ ဆရာဝန်၏ ဂရုစိုက်မှုကို ဝဲ့ပြန်ရရှိအောင် ပြုလုပ်ကြခြင်းဖြစ်သည်။ အသံဆူညံဆူညံနှင့် အနံ့အသက်ဆိုးများနှင့် တစ်ယောက်နှင့်တစ်ယောက် တိုးဝှေ့ကြသည် သို့သော်ငြားလည်း ဆရာဝန်၏ မျက်စိထဲမှာ ကြောက်စိတ်မတွေ့ရသလို မနှစ်မြို့ ရွံရှာမှုမျိုးလည်း မတွေ့ရပေ။ ဘယ်သူတွေ ဘာအလိုရှိနေသည်ဆိုတာကိုပဲ အသိအမှတ်ပြုသည်။ သွေးထွက်နေသူကို သွေးထွက်ရပ်သွားအောင် လုပ်ပေးသည်။ နာခေါင်းကွဲနေသူကို ပြန်ချုပ်ပေးသည်။ ဆေးထိုးသင့်သူကို ဆေးထိုးပေးသည်။ လူနာများ၏ အနာဒဏ်ရာတွေကို သန့်ရှင်းရေးလုပ်ပြီး ပတ်တီးစည်းပေးချိန်တွင်မှ အိမ်မဲ့အိုးမဲ့ လူ ၂၀၀ ဖြစ်လာသည်။ ထိုအခါ ဒေါက်တာလီဇာသည် ပလတ်စတစ်ခွက်တွေနဲ့ ထည့်ထားသော လက်ဖက်ရည်၊ မုန့်တွေ၊ ဆပ်ပြာတွေနှင့် သန်းပျောက်ခေါင်းလျှော်ရည်အထုပ်များကို ဝေပေးလိုက်သည်။ သူမ၏ယာဉ်မောင်းနှင့် စေတနာ့ဝန်ထမ်း အမျိုးသားရှစ်ယောက်ကလည်း သူမပြောသည့်အတိုင်း အကူအညီပေးကြသည်။ တစ်ခါတစ်ရံတွင်မူ ရိုက်ပွဲတွေဖြစ်လိုက်သေးသည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရမှုများတော့ မရှိခဲ့။

သူမ အလုပ်ပြီးစီးချိန်ကျမှ လူနာတွေကို ချေချင်းညာကလူ ဘယ်ပျောက်သွားပြီလဲ၊ အသစ်ရောက်လာသူက ဘယ်ကလဲ၊ အကျဉ်းထောင်က လွတ်လာတဲ့ အကျဉ်းသား ညဘယ်မှာ အိပ်မှာလဲ စသည်များကို မေးမြန်းသည်။ တိုင်းတစ်ပါးက လာရောက်အလုပ်လုပ်ကြသည့် ရွှေ့ပြောင်းလုပ်သားများ အလုခံရလို့ ပိုက်ဆံမရှိသည့်သူတွေကို ရထားလက်မှတ်ဝယ်ရန် စီစဉ်ပေးသည်။ ထို့နောက် ဖိရင့်အလုပ်သမားတွေကို နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများအတွက် နိုင်ငံကူးလက်မှတ်အသစ်လုပ်ရန် ဓာတ်ပုံရိုက်နိုင်းသည်။

သို့ဖြစ်လျှင် ထိုကရုဏာ၊ မေတ္တာရှင် စေတမန်က ဘယ်သူလဲ။ သူမကတော့ အဲလီဇက်ဘက်တာ ပါရော့နာဂလင့်စ်(Elizaveta Perovna Glinks)၊ မော်စကိုမြို့မှာမွေးဖွားသူ ဆရာဝန်တစ်ဦး။ ဆင်းရဲနွမ်းပါးသူများကို အကူအညီပေးသည့် ကုသိုလ်ဖြစ်အဖွဲ့ကို တည်ထောင်သူဖြစ်သလို ရှေ့ဆောင်ဆေးခန်း (Hospice) တွေရဲ့ ရန်ပုံငွေရှာဖွေရေးဥက္ကဋ္ဌ၊ အမေရိကန်ပြည်ထောင်စုမှာ အောင်မြင်ကျော်ကြားသူ ရှေ့နေတစ်ဦး၏ဇနီးနှင့် သားသုံးယောက်မိခင် ဖြစ်သည်။ သူမအား ဒီအလုပ်ကို ဘာကြောင့်ရွေးချယ်လုပ်ကိုင်ပါသလဲဟု မေးလျှင် သူမက "လူတိုင်းမှာ ရွေးချယ်ပိုင်ခွင့် တစ်ခုစီရှိပါတယ်"ဟု ပြောသည်။ ထို့ပြင် သူမက "ကျွန်မ သီလရှင်တစ်ပါးရဲ့စကားတွေကို မှတ်မိနေပါတယ်။ ပေးကမ်းစွန့်ကြဲတာဟာ လွတ်လပ်ခွင့်ပဲတဲ့။ ဒါကြောင့် ကျွန်မလည်း ကျွန်မရဲ့ လွတ်လပ်ခွင့်ကို ဂုဏ်ယူပါတယ်။ ဒါပေမယ့်လည်း တစ်ခါတစ်ရံမှာတော့ အခက်အခဲတွေ ရှိကြစမြဲပါပဲ"ဟု ပြောသည်။

ဒေါက်တာလီဇာသည် စစ်ဘက်အရာရှိနှင့် ဆရာဝန်တို့၏ သမီးဖြစ်သလို မိခင်လို ဆရာဝန်တစ်ယောက်ဖြစ်ချင်သူ ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် မော်စကိုမြို့ ပီရိုဂေါ့ဗ် ဆေးတက္ကသိုလ်မှ အရေးပေါ်ဆေးကုသရေးဘာသာရပ်နဲ့ ဘွဲ့ရခဲ့သည်။ ထိုနှစ်မှာပင် မော်စကိုမြို့တွင် တွေ့ကြသည့် အမေရိကန်တစ်ယောက်နှင့် လက်ထပ်လိုက်ပြီး အမေရိကန်ပြည်ထောင်စု၊ ကာဘော့တ်ဗားမွန့် (Cabot Vermont) သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူမအနေနှင့် သတိ

ဆရာဝန်၏
မျက်စိထဲမှာ
ကြောက်စိတ်
မတွေ့ရသလို
မနှစ်မြို့
ရွံရှာမှုမျိုးလည်း
မတွေ့ရပေ။
ဘယ်သူတွေ
ဘာအလိုရှိနေသည်
ဆိုတာကိုပဲ
အသိအမှတ်ပြုသည်။

www.burmeseclassic.com

မေ့မျောနေတဲ့ လူနာကို သတိလည်လာအောင်၊ အသက်ပြန်ရှူအောင်လုပ်ပေးသည့် ဆေးရုံ(Hospice) တစ်ခု တည်ထောင်ရန် စီစဉ်ခဲ့သည်။ ဆေးရုံတွင် သူမတွေ့ခဲ့သော လူနာများသည် ရှန်းကန်မှုတစ်စုံတစ်ရာ မလုပ်ရဘဲ သေအံ့ဆဲဆဲ ဖြစ်နေသော လူနာများကို တွေ့ခဲ့သည်။ သူမကိုယ်ကိုသူမ ၎င်းဆေးရုံမျိုး ရုရှားတွင် ဘယ်လိုအကြောင်းကြောင့် မရှိသနည်းဟု မေးမိသည်။

သူမတွင် လုပ်ချင်ကိုင်ချင်စိတ်များနေသည့်အတွက် အမေရိကန်ဆေးခန်းနှင့် နာကျင်မှုသက်သာစေသော ဆေးကုသမှုဆိုင်ရာ အကယ်ဒမီ (American Academy of Hospice and Pallicative Medicine) တွင် ဝင်ရောက်ခဲ့ပြီး ဆေးရုံများ တည်ထောင်ဖွဲ့စည်းပုံနှင့် အသက်သေဆုံးတော့မည့်သူများကို ဘယ်လိုအကူအညီပေးရမည်ဆိုသည်များကို သင်ယူခဲ့သည်။ အစပထမတွင် ဆေးရုံတစ်ခု၌ စေတနာ့ဝန်ထမ်း အလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့ပြီးမှ ဆရာဝန်အဖြစ်လုပ်ကိုင်ခဲ့သည်။ သို့ရာတွင် သူမက ရုရှားတွင် ဆေးရုံတစ်ခု ဖွင့်လိုသည့်အတွေး အမြဲဝင်နေသည်။

၁၉၉၉ ခုနှစ်ရောက်တော့ သူမ အခွင့်ကောင်းတစ်ခု ရလိုက်သည်။ သူမ၏ခင်ပွန်း အလုပ်နှင့်အတူ မိသားစုတစ်ခုလုံး ယူကရိန်းနိုင်ငံ၊ Kiav မြို့သို့ သွားရောက်နေထိုင်ခဲ့ခြင်းပင် ဖြစ်သည်။ သို့သော်ငြားလည်း ယခင် ဆိုဗီယက်ပြည်ထောင်စု၏ ပြည်နယ်ဟောင်းတစ်ခုဖြစ်သည့် ယူကရိန်းသည် ဆိုဗီယက်အင်ပါ

**သူမ**
**သေခါနီးလူနာများကို**
**သွားရောက်ကြည့်ရှု**
**လေ့ရှိသည်။**
**တစ်ခါတစ်ရံ**
**လူနာတွေကျေနပ်အောင်**
**လမ်းအတူလျှောက်ပြီး**
**သူတို့ပြောဆိုသည်များကို**
**နားထောင်သည်။**

---

ယာမှ ခွဲထွက်လိုက်ခြင်းကြောင့် ငွေကြေးချို့တဲ့မှုနှင့် ကြုံခဲ့ရသည်။ ယူကရိန်းမှ အုပ်ချုပ်သူ ဗျူရိုကရက်များက ဆေးရုံဆောက်ရန် ငွေတောင်းသည်ကို ပယ်ချလိုက်သည်။ ၎င်းတို့၏အကြောင်းပြချက်မှာ သေခါနီးလူတွေအတွက် ဘာကြောင့် ငွေကြေး၊ အချိန် အကုန်အကျခံရမှာလဲ။ ငွေဖြုန်းတီးရာပဲ ရောက်သည်။ ထို့ပြင် သေခါနီးလူနာတွေက ဆေးရုံ၊ ဆေးခန်းအကြောင်း မသိကြဟု ဆိုသည်။ အကယ်၍များ ၎င်းတို့ဟာ ကံကောင်းကြသည်ဆိုပါလျှင် ဆေးရုံများတွင် သေမည့်အခွင့်အရေးရကြမည်။ ၎င်းဆေးရုံများတွင် အကိုက်အခဲပျောက်ဆေးပေးပြီး အိမ်တွင် မချိမဆံ့ဝေဒနာခံစားရပြီး မသေဘူးဆိုလျှင် ဆေးရုံတွင် သေရမည်ဟု ဆိုသည်။

ဒေါက်တာလီဇာက နယ်လှည့်ဆေးကုသရေးအဖွဲ့ကို သူမ၏ငွေစိုက်ထုတ်၍ တည်ထောင်လိုက်သည်။ ကားတစ်စီးငှားရမ်းလျက် သူမ၏ လက်[illegible]တက်အဖြစ် ကင်ဆာကုဆရာဝန် တစ်ဦးကို ငှားရမ်းထားသည်။ သူမ သေခါနီးလူနာများကို သွားရောက်ကြည့်ရှုလေ့ရှိသည်။ တစ်ခါတစ်ရံ လူနာတွေ ကျေနပ်အောင် လမ်းအတူလျှောက်ပြီး သူတို့ပြောဆိုသည်များကို နားထောင်သည်။ ထို့နောက် အရသာရှိသော စားသောက်ဖွယ်ရာတွေကို ပေးသည်။ လူနာ၏ ဆွေမျိုးသားချင်းများနှင့် တွေ့ပြီး လူနာများအား ပြုစုနည်းကို သင်ပြပေးခဲ့သည်။ သို့သော်ငြားလည်း လူနာတိုင်းဆီကိုတော့ မရောက်နိုင်ခဲ့ဘူး။ ဒေါက်တာလီဇာသည် ကီဗ်ဆေးရုံမှာ ကင်ဆာဌာနမှူးကို အချိန်ကြာကြာ ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် ကင်ဆာဆေးရုံတွင် နေရာတစ်ခုရရှိအောင် ပြောဆိုနိုင်ခဲ့သည်။ လူနာခုတင် ၂၅ ခုဆံ့ ဆေးရုံ(Hospice) ပြင်ဆင်ချိန် သုံးလကြာခဲ့သည်။ ကုန်ကျစရိတ်ကို သူမ၏ ခင်ပွန်းကတစ်ဝက်၊ အစိုးရကတစ်ဝက် အကုန်အကျခံသည်။ မီဒီယာများမှတစ်ဆင့် သူမ၏ ဆေးရုံအား လူနာဆောင် ၁၀ ခုအထိ တိုးချဲ့နိုင်ရန် ပါဝင်လှူဒါန်းကြဖို့ ပြည်သူများကို မေတ္တာရပ်ခံပန်ကြားသည်။ တစ်ချိန်တည်းမှာပင် သူမကလည်း မြို့တော်အာဏာပိုင်များကို နှစ်ထပ်ဆေးရုံဆောက်လုပ်နိုင်အောင် ဆွဲဆောင်နိုင်ခဲ့သည်။ ၎င်းနှစ်ထပ်ဆေးရုံကို ၂၀၀၁ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သော်လည်း နောက်ထပ် သုံးနှစ်ကြာသည်အထိ ဆောက်လုပ်ခဲ့ရသေးသည်။ ဆေးရုံတွင် ဆရာဝန် ၁၅ ယောက်မှ

www.burmeseclassic.com

၄၅ ယောက်အထိ တိုးလာသည်။ သူမ၏ နေအိမ်တွင် ဆေးရုံကွန်ရက်တစ်ခု တည်ထောင်လျက် အလုပ်သမားများနှင့် မိသားစုများအတွက် စိုင်ပင်ပေးသည်။ အစိုးရက ဝန်ထမ်းများ လစာငွေပေးပြီး ရရှိလာသည့် အလှူငွေနှင့် ဆေးဝါးပစ္စည်းကိရိယာများနှင့် ပစ္စည်းများကို ဝယ်ယူသည်။ အစိုးရ ဆေးရုံများလို လူနာများ၏ ဆွေမျိုးသားချင်းများအား တစ်နေ့ ၂ နာရီ၊ သို့မဟုတ် ၃ နာရီ တွေ့ခွင့်ပေးသည်။ ဆေးရုံမှာ ဘတ်ဂျက်အလုံအလောက်မရှိသည့်အတွက် မြို့ပြင်က လူနာမိသားစုများကို အကူအညီမပေးနိုင်။ ထို့အတွက် ဒေါက်တာလီဇာသည် ကိဗ်ရှိ ကျန်းမာရေးဌာနမှ တာဝန်ရှိသူတွေနှင့် ညှိနှိုင်းဆွေးနွေးမှုအရ ယနေ့အချိန်တွင် မည်သူမဆို လူနာနှင့်အတူ တစ်ရက်တာ ၂၄ နာရီ နေခွင့်ရသည့်အပြင် ၎င်းတို့အတွက် ကုန်ကျစရိတ်ကို ပုဂ္ဂလိကအလှူငွေထဲမှ သုံးစွဲခွင့်ရသည်။ ၎င်းအလှူငွေများသည်လည်း ယခင် ဆိုဗီယက်ယူနီယံ (USSR)တစ်ပြည်လုံးမှ လှူငွေဖြစ်သည်။

၂၀၀၇ ခုနှစ်မှာတော့ ဒေါက်တာလီဇာသည် သူမရဲ့မိသားစုနှင့်အတူ မော်စကိုမြို့သို့ ပြန်ရောက်လာသည်။ ထိုအချိန် မော်စကိုတွင်လည်း ဆေးရုံ (Hospice) အတော်များများ ရှိနေပြီဖြစ်၏။ သို့ပေမယ့် ၎င်းဆေးရုံများက ကင်ဆာလူနာတစ်မျိုးတည်းကိုသာ လက်ခံသည်။ အားအင်ကုန်ခန်းနေသည့် ဦးနှောက်နှင့် အာရုံကြောရောဂါသည်များအပါအဝင် အခြားလူနာများသည် ၎င်းတို့နေအိမ်များမှာသာ သေဆုံးကြရသည်။ လူနာများကလည်း တော်တော်များနေသည့်အတွက် ကြည့်ရှုပေးမည့်သူမရှိဘဲ သေဆုံးကြရခြင်းဖြစ်သည်။ ဒေါက်တာလီဇာသည် သူမ၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော ဦးနှောက်နှင့် အာရုံကြော လူနာများအတွက် ဆေးရုံ(Hospice)တစ်ခု တည်ဆောက်လိုက်သည်။ အစိုးရထံမှ ငွေရရှိဖို့ မသေချာသဖြင့် သူမကိုယ်တိုင် ဦးစီးလျက် ကုသိုလ်ဖြစ်အလှူငွေကို "Fair Help" ကို တည်ထောင်သည်။ သေခါနီးဖြစ်နေသူများနှင့် အိုးမဲ့အိမ်မဲ့များကို အကူအညီပေးရန် ဖြစ်သည်။ ၎င်းလူနာများသည် မခံစားရသူများ ဖြစ်သည်။ ရရှိလာသည့် အလှူငွေနှင့် ဆေးဝါး၊ အဝတ်အထည်များကို မော်စကိုမြို့လယ်ကောင်ရှိ ရုံးခန်းမြေအောက်ခန်းတွင် ဆေးခန်းနှစ်ခု ဖွင့်လှစ်လိုက်သည်။

ထို့နောက် ငါးနှစ်ကြာပြီးချိန်တွင် ဆေးရုံစီမံကိန်းသည် ဆက်လက်ရှိနေဆဲ ဖြစ်သည်။ သို့ရာတွင် 'Fair Help' ရုံးရှိ တယ်လီဖုန်းကတော့ မရပ်မနားဘဲလာနေဆဲပင်။ 'Fair Help' အတွက် အတွင်းရေးမှူး သုံးယောက်၊ ယာဉ်မောင်းတစ်ယောက်နှင့် လုံခြုံရေးဝန်ထမ်းတစ်ယောက်တို့ကို အမြဲတာဝန်ချထားပေးသည်။ ထိုနည်းတူ တယ်လီဖုန်းစောင့်နေသူများ၊ ဒေါက်တာလီဇာ လူနာများကို သွားကြည့်သည့်အခါ အကူအညီပေးသူများလည်း ရှိသည်။ အဖွဲ့အစည်း၏ လှုပ်ရှားမှုများကို ဖြင့်တင်ပေးရန်အတွက် ဘလောက်(blog) တစ်ခုကို "ဒေါက်တာလီဇာ(doctor Liza)ဟု ဖွင့်လိုက်သည်။ ဘလောက်မှ နေ၍ ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ပြောသည်။ လူတိုင်းတော့ သူမရဲ့ အိုးမဲ့အိမ်မဲ့ပရိသတ်မဟုတ်ဘူး။

ဒေါက်တာလီဇာ ပါဗေလက်စကီးဘူတာရုံမှ ပရိသတ်များနှင့် တွေ့ဆုံနေစဉ် သူမကို ရဲတွေနဲ့ လမ်းဖြတ်သွားနေတဲ့လူတွေက လိုက်လိုက်လှဲလှဲ ဆက်ဆံကြပါတယ်။ သူမကို ခြိမ်းခြောက်သည့် အီးမေးလ်(e-mails)တော်လည်း ရ၏။ သို့ရာတွင် သူမ၏ လုပ်ငန်းကို ရပ်တန့်သွားသည်အထိတော့ မဟုတ်။ သူမကတော့ သူမလုပ်သည့်အလုပ် မှန်သည်ဟုထင်သည်။ မော်စကိုမြို့က အိုးမဲ့အိမ်မဲ့တွေအတွက် စင်တာနှစ်ခု ထူထောင်ရန် ဖြစ်သည်။ သူမ လူနာတွေကို လှည့်လည်သွားကြည့်နေခိုက် ဖြစ်စဉ်များကို ခင်ပွန်းက Message ပို့သည်။ အမေရိကန်တက္ကသိုလ်မှာ ပညာသင်နေသူ သားထံသို့လည်း မှန်မှန်သွားရောက် တွေ့ဆုံသည်။ ဒုတိယသားမှာမူ မော်စကိုတက္ကသိုလ်တွင် ပညာသင်နေ၏။ ထို့ပြင် သူမ၏ လူနာတစ်ဦးရဲ့သားကို မွေးစားထားသည့် သားလည်း ရှိသေး၏။ သူမဖြစ်စေချင်သည့် အကြောင်းအရာမှန်သမျှကို သူမ၏ဘလောက်တွင် ရေးသားလျက်ရှိနေပေသည်။

မောင်မောင်စန်းထွေး

*Ref:* Reader's Digest



www.burmeseclassic.com

www.burmeseclassic.com

# အာကာသမှ ဖြစ်ရပ်မှန်မှုခင်းများ


## လှမိုး(ပညာရေး)

မလေးရှားလေကြောင်းလိုင်းမှ ဘိုးရင်း ၇၇၇ လေယာဉ်ကြီးတစ်စင်းသည် ခရီးသည် ၂၈၃ ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၅ ဦး လိုက်ပါလျက် နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်လေဆိပ်မှ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူသို့ ပျံသန်းလာစဉ် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် တိုက်ပွဲများဖြစ်ပွားနေသော ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် မြေပြင်မှပစ်ခတ်သော ဒုံးကျည်ထိမှန်သဖြင့် ပျက်ကျခဲ့သည်။

သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာရာတွင် ယင်းခရီးစဉ်အမှတ် MH-17 လေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များတွင် နယ်သာလန်နိုင်ငံသား ၁၅၄ ဦး၊ မလေးရှားနိုင်ငံသား ၄၃ ဦး၊ ဩစတြေးလျနိုင်ငံသား ၂၈ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၁၂ ဦးတို့ ပါဝင်သည်ဟု ဆိုသည်။


ထိုလေယာဉ်ကြီးမှာ ဒုံးကျည်ဖြင့် ပစ်ချခြင်းခံရသဖြင့် ပေါက်ကွဲပျက်စီး၊ မီးလောင်၍ ယူကရိန်းနိုင်ငံ အရှေ့ပိုင်းနယ်မြေအတွင်းရှိ ပြောင်းဖူးခင်းများအတွင်း ပျက်ကျခြင်းဖြစ်၏။ ဘိုးရင်း ၇၇၇ လေယာဉ် အပိုင်းပိုင်းပြတ်၍ မီးလောင်ပျက်ကျခြင်းဖြစ်ရာ ပြောင်းခင်းအတွင်း လေယာဉ်နှင့် လိုက်ပါခဲ့ကြသော ခရီးသည်များနှင့် ဝန်ထမ်းများ၏ အလောင်းများမှာလည်း လေယာဉ်ပျံအပျက်အစီးအပိုင်းအစများနှင့်အတူ ပြန့်ကျဲနေခဲ့သည်ဟု နိုင်ငံတကာမှထုတ်ပြန်သော ရုပ်မြင်သံကြားအစီအစဉ်များနှင့် သတင်းစာများ၊ သတင်းမဂ္ဂဇင်းများ၊ ဂျာနယ်များက ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြ၏။

ထိုသတင်းမီဒီယာများ၏ ထုတ်ဖော်ရေးသား ပြောဆိုချက်များအရ လေယာဉ်နှင့် လိုက်ပါသွားခဲ့ကြသော ခရီးသည်များ၊ လေယာဉ်ဝန်ထမ်းများ၏ အချို့အလောင်းများမှာ မီးလောင်ထားပြီး အချို့အလောင်းများမှာ အပိုင်းပိုင်းပြတ်လျက်ရှိသဖြင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟု တိတိပပပြောဆိုရန် ခက်ခဲ[illegible]ဟု နိုင်ငံတကာမှ လူထုများက ယူဆထားကြ၏။




ဤပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နယ်သာလန်နိုင်ငံအစိုးရကမှ မှုခင်းဆေးပညာရှင်များပါဝင်သော ဆေးအဖွဲ့တစ်ဖွဲ့ကို ထိုလေယာဉ်ကြီး ပျက်ကျသောနေရာသို့ စေလွှတ်၍ သေဆုံးသူများ၏ရုပ်အလောင်းများကို စနစ်တကျ စစ်ဆေးကြပြီး မည်သည့်နိုင်ငံသား၊ မည်သူမည်ဝါ စသည်များကို ဒေသခံ ယူကရိန်းနိုင်ငံဆေးအဖွဲ့နှင့် စစ်ဆေးခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့ပါသည်။

www.burmeseclassic.com



အဆောက်အအုံများ မီးလောင်ခြင်း၊ မီးရထားမတော်တဆဖြစ်ခြင်း၊ မော်တော်ကား မတော်တဆဖြစ်ခြင်း၊ သင်္ဘောနစ်မြုပ်ခြင်း စသော ကြမ္မာငင်မှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် လူများ အစုလိုက်အပြုံလိုက် သေဆုံးရမှုများတွင် သေဆုံးသူ မည်သူမည်ဝါဖြစ်သည် စသဖြင့် ခွဲခြားနိုင်ရေးတွင် မှုခင်းဆေးပညာရှင်များက တာဝန်ယူခဲ့ကြရသည်။ သာဓကအားဖြင့် မီးလောင်ထားသော အလောင်းသည် အမျိုးသားဖြစ်သည်၊ အမျိုးသမီးဖြစ်သည် စသဖြင့် တိတိကျကျ ခွဲခြားနိုင်ရေးတွင် မှုခင်းဆေးပညာသည် အဓိကအခန်းမှ ပါဝင်သည်ဟု ဆိုရမည်ဖြစ်၏။

မှန်ပါသည်။ မှုခင်းဆေးပညာ "Forensic Medicine" နှင့် ဆေးဘက်ဆိုင်ရာ တရားဥပဒေတို့၏ သဘောတရားမှာ ကွာခြားခြင်းမရှိလှဘဲ တစ်သဘောတည်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တရားမှန်စီရင်နိုင်ရေးမှာ မှုခင်းဆေးပညာသည် အထူးအကျိုးပြုနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။ သာဓကအားဖြင့် လူတစ်ဦးတစ်ယောက် သေဆုံးသည်ဟုဆိုလျှင် ထိုသူသည် အနာရောဂါတစ်ခုခုကြောင့် သေဆုံးခြင်းလော၊ သို့မဟုတ် မိမိကိုယ်မိမိ ကိုယ်တိုင်သတ်သေခြင်းကြောင့် သေဆုံးခြင်းမဟုတ်လျှင် အဘယ်ကြောင့်သေဆုံးရကြောင်း "Cause of Death"ကို စုံစမ်းရမည်ဖြစ်သည်။ ထိုအခါ သေသူ၏အလောင်းကို ခွဲစိတ်စစ်ဆေးကြည့်ရှုကြရသည်။ သေဆုံးသူ၏ ကိုယ်ခန္ဓာပေါ်တွင် တွေ့ရှိရသော အတွင်းအပြင် ဒဏ်ရာဒဏ်ချက်များ၏ အတိမ်အနက်၊ အခြားရောဂါဝေဒနာများ ခံစားရခြင်း ရှိမရှိ၊ ဒဏ်ရာရရှိထားပါက ထိုဒဏ်ရာဒဏ်ချက်သည် ထိုသူ၏အသက်ကို သေစေနိုင်လောက်သော ဒဏ်ရာဒဏ်ချက် ဟုတ်မဟုတ်၊ ထိုဒဏ်ရာဒဏ်ချက် ရရှိအောင် မည်သည့်လက်နက်ဖြင့် အသုံးပြု၍ ရရှိသော ဒဏ်ရာဒဏ်ချက်ဖြစ်ခြင်း၊ ထိုဒဏ်ရာဒဏ်ချက်များကို မည်ရွေ့မည်မျှ အင်အားအသုံးပြု၍ ရစေခြင်း၊ လက်နက်နှင့် အဝတ်အစားများပေါ်တွင်တွေ့ရှိရသော အစွန်းအထင်းများ၊ သွေးကွက်များရှိမရှိ စစ်ဆေးရမည်ဖြစ်၏။

သေဆုံးသူ၏ ခန္ဓာကိုယ်တွင် မည်သည့်အစိတ်အပိုင်းများ ထိခိုက်ပျက်စီးလျက်ရှိကြောင်း၊ သို့မဟုတ် သေနတ်ဒဏ်ရာတွေ့ရှိပါက မည်သည့်အကွာအဝေးမှ မည်သည့်သေနတ်အမျိုးအစားနှင့်ပစ်၍ ရရှိသောဒဏ်ရာဖြစ်သည်၊ သို့မဟုတ် ကိုယ်ခန္ဓာအတွင်း ဖြတ်သန်းသွားသော ကျည်ဆန်၏ သွားရာလမ်းကြောင်း၊ ခန္ဓာကိုယ်အတွင်း ကျည်ဆန်တွေ့မတွေ့ စသည်အချက်အလက်များကို မှုခင်းဆေးပညာရှင်များက တိတိကျကျ သိရှိနိုင်ကြသည်။

ထို့အတူ မှုခင်းဆေးပညာရှင်များသည် စိတ်မနှံ့မှု၊ ရူးသွပ်မှု၊ အဆိပ်ကျွေး၍သတ်မှု၊ သေကြောင်းကြံစည်မှု၊ ကိုယ်ဝန်ဖျက်ချမှု၊ မိန်းကလေးများအား မတော်မတရား ပြုကျင့်မှု၊ ရေနစ်သေဆုံးမှု စသည်တို့ကိုလည်း မှုခင်းဆေးပညာရှင်များက တိတိပပ ထုတ်ဖော်နိုင်ကြရာ တရားစီရင်ရေးတွင် တရားမှန်စီရင်နိုင်မှုမှာ မှုခင်းဆေးပညာသည် အဓိကဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။

မှုခင်းဆေးပညာအရ လူသေအလောင်းများကို စစ်ဆေး၍ လူမျိုး၊ အသက်အရွယ်၊ အရပ်အမောင်း စသည်တို့ကို အတည်ပြုပေးနိုင်ပေသည်။ သို့ဖြစ်၍ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း နယ်သာလန်နိုင်ငံသည် မလေးရှားလေယာဉ်ကြီး ပျက်ကျသော နေရာသို့ မှုခင်းဆေးပညာရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခြင်းဖြစ်၏။

ယခုရေးသားဖော်ပြမည့် မှုခင်းကြီးမှာ ၁၉၅၃ ခုနှစ်၊ ဧပြီလအတွင်း ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယခုရုရှား) ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဝန်ကြီး၏ မေတ္တာရပ်ခံချက်အရ ဆိုဗီယက်ပြည်ထောင်စု(ရုရှား)ပြည်ထဲရေးဌာနမှ မှုခင်းဆေးပညာပါရဂူများက လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်ခန့်က ရုရှားနိုင်ငံသမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့ရသော ဇာဘုရင်ကြီး (Ivan The Terrible) ၏



www.burmeseclassic.com

www.burmeseclassic.com

အလောင်းအား ပြန်လည်တူးဖော်၍ ခွဲစိတ်စစ်ဆေးခြင်း (Autopsy) ပြုလုပ်သည့် မှုခင်းကြီးဖြစ်၏။

သေသူ၏ အလောင်းကို ခွဲစိတ်စစ်ဆေးသည်ဟူရာ၌ အောက်ပါရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု မှုခင်းဆေးပညာပါရဂူများက ဆိုကြ၏။

(၁) သေသူ မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ရန်၊ (၂) မည်သည့်အချိန်က သေဆုံးကြောင်း သိရှိနိုင်ရန်၊ (၃) သေဆုံးခြင်းအကြောင်းရင်းတို့ကို ဧရှိရန် ဖြစ်ပါသည်။

ဤကဲ့သို့ အလောင်းအား ခွဲစိတ်စစ်ဆေးရာ၌ အပြင်ပန်းစစ်ဆေးခြင်း (External Examination) နှင့် ကိုယ်ခန္ဓာအတွင်းပိုင်း ခွဲစိတ်စစ်ဆေးခြင်း (Internal Examination) ဟူ၍ နှစ်မျိုးရှိသည်ဟုလည်း သိရ၏။ အပြင်ပန်းစစ်ဆေးခြင်းဆိုသည်မှာ အလောင်း၏ အခြေအနေ၊ ကြံ့ခိုင်မှုအနေအထား၊ သေဆုံးသူ မည်သူမည်ဝါဟု အတည်ပြုနိုင်သော အချက်အလက်များ၊ ဒဏ်ရာများ၏ အခြေအနေ ဖြစ်၏။ အတွင်းအင်္ဂါအစိတ်အပိုင်းများကို ခွဲစိတ်စစ်ဆေးရာတွင် ဦးခေါင်းနှင့် လည်ပင်းပိုင်း၊ ရင်နှင့်ကျောပိုင်း၊ ဝမ်းဗိုက်တို့ ဖြစ်ကြသည်။

ထိုစဉ်ကာလက ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ (ယနေ့ရုရှား)မှ အာဏာပိုင်များသည် ခရစ်နှစ် ၁၅၃၃ ခုနှစ်က ကွယ်လွန်ခဲ့သော စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီး၏ အလောင်းအား မြှုပ်နှံထားသော ဂူဗိမာန်မှ တူးဖော်၍ မှုခင်းဆေးပညာပါရဂူများအား စစ်ဆေးစေသော ဖြစ်ရပ်ဖြစ်ပါသည်။ အလျဉ်းသင့်သဖြင့် ထိုစဉ်ကာလက ပြည်ထောင်စုဆိုဗီယက်သမ္မတနိုင်ငံ အခြေအနေကို ဖော်ပြရမည် ဖြစ်ပါသည်။ ဆိုဗီယက်ပြည်ထောင်စုသည် ကွန်မြူနစ်စနစ်တည်ဆောက်ရန် စီမံဆောင်ရွက်နေသည့်အချိန်ဖြစ်ရာ ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု(ရုရှား)နိုင်ငံအတွင်းမှ သတင်းအချက်အလက်များကို ကမ္ဘာ့နိုင်ငံအသီးသီးက သိရှိခြင်း မရှိရန် သတင်းမှောင်ချထားသကဲ့သို့ ပြည်ပနိုင်ငံများမှ သတင်းများကိုလည်း ပြည်သူများ သိခွင့်မရသဖြင့် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ(ယနေ့ရုရှား)အား သံကန့်လန့်ကာနိုင်ငံဟု ကမ္ဘာ့နိုင်ငံအသီးသီးက ကင်ပွန်းတပ်ခဲ့ကြ၏။

၁၉၅၃ ခု၊ ဧပြီလ ၂၄ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စု၊ မော်စကိုမြို့မှ ထုတ်ဝေသော ဆိုဗီယက်အစိုးရ၏ အာဘော်ဖြစ်သော ပရာဗဒါသတင်းစာနှင့် အက်(ခ)ဗက်ရှာ သတင်းစာကြီးများ၏ မျက်နှာဖုံးတွင် စာလုံးမည်းကြီးများဖြင့် အောက်ဖော်ပြပါ သတင်းတစ်ပုဒ်ကို ဖော်ပြခဲ့သည်ကို သတင်းစာဖတ်ပရိသတ်များအားလုံး တအံ့တဩ ဖြစ်ခဲ့ကြရသည်။

"စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီး၏ ရုပ်အလောင်းအား ခွဲစိတ်စစ်ဆေးခြင်း ပြုမည်ဆိုခြင်း"

*မော်စကို၊ ဧပြီလ ၂၃ ရက်*

ယမန်နေ့ နံနက် ဒေသစံတော်ချိန် ၁၀ နာရီက ဆိုဗီယက်ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ မှုခင်းဆေးပညာပါရဂူ အေအင်(န်)ဆဲမီနော့ ခေါင်းဆောင်သော မှုခင်းဆေးပညာပါရဂူများသည် မော်စကို ကရင်မလင်နန်းတော် ပရဝဏ်ရှိ အာချင်ဂျယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွင်း မြှုပ်နှံထားသော စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီး၏ ရုပ်အလောင်းအား ခွဲစိတ်စစ်ဆေးရန် တာဝန်ပေးအပ်လိုက်သည်ဟု သိရှိရကြောင်း။ ပါမောက္ခ အေအင်(န်)ဆဲမီနော့ ခေါင်းဆောင်သော ဆိုဗီယက်မှုခင်းဆေးပညာပါရဂူများအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပါမောက္ခဂရာဆီမော့(ဗ်)က ဆိုဗီယက်သတင်းကိုယ်စားလှယ် တတ်(စ်)မှ တာဝန်ရှိသူများအား ပြောကြားခဲ့သည်။ စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီးမှာ ဆိုဗီယက်ပြည်ထောင်စုသမိုင်း(ယနေ့ရုရှား)တွင် နာမည်ဆိုးဖြင့် နာမည်ကျော်ကြား၊ လူသိများခဲ့ရသူ ဖြစ်ရာ သူ့အား သမိုင်းသုတေသီများက "Ivan The Terrible" ထိတ်လန့်ချောက်ချားဖွယ်ကောင်းသော အိုင်ဗင်ဘုရင်ကြီးဟု ကင်ပွန်းတပ်ခဲ့ကြသည်။

သူ့လျှမ်းလျှမ်းတောက် ဟိုးကိုးကျော်စဉ်က ရုရှားနိုင်ငံအတွင်းမျ အပြစ်မဲ့ ပြည်သူများနှင့် ရုရှားအင်ပါယာအတွင်းရှိ နိုင်ငံအသီးသီးမှ လူမျိုးနွယ်အများကို လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်၍ သတ်ဖြတ်ခဲ့သူဟု ဆိုသည်။ အိုင်ဗင်ဘုရင်ကြီးသည် အချို့ လူမျိုးနွယ်စုများကို မျိုးတုံးအောင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကိုလည်း ပြုလုပ်ခဲ့သူဖြစ်သည်ဟုလည်း သိရ၏။ ဖမ်းဆီးခံရသူ အပြစ်မဲ့ပြည်သူအများအား လူသားမဆန်စွာ ညှဉ်းပန်းနှိပ်စက်၍ နည်းလမ်းအမျိုးမျိုးဖြင့် သတ်ဖြတ်ခဲ့သည်ဟု သိရ၏။ ထိုကာလက သူ့အား ရုရှားအင်ပါယာကြီးအတွင်းမှ ပြည်သူများက ဖိမ့်ဖိမ့်တုန်ကြောက်ရွံ့ကြရသည်ဟု သမိုင်းမှတ်တမ်းများက ဖော်ပြခဲ့

www.burmeseclassic.com

သည်။ စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီးမှာ ထူးထူးခြားခြား အားကောင်းမောင်းသန် ထွားကျိုင်းသောသူဖြစ်သည်ဟုလည်း ဆိုသည်။ သို့သော် နန်းတွင်းသမားတော်ကြီးများ ကြပ်မတ်ကုသနေသည့်ကြားမှ အိုင်ဗင်ဘုရင်ကြီးမှာ အစာအိမ်ရောဂါဟု ယူဆရသော ရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့ရသည်ဟုဆိုရာ သမိုင်းအဆက်ဆက် စတုတ္ထမြောက် အိုင်ဗင် သေဆုံးရမှုမှာ အငြင်းပွားဖွယ်ပြဿနာ ဖြစ်ခဲ့ရ၏။

ယင်းပြဿနာကို ဖြေရှင်းနိုင်စေရန် ဆိုဗီယက်ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနမှ မှုခင်းဆေးပညာပါရဂူများပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ အချိန်မကြာမီအတွင်း သမိုင်းအဆက်ဆက် အငြင်းပွားခဲ့သော ပြဿနာအား ဖြေရှင်းနိုင်ကြလိမ့်မည်ဟု သိရှိရကြောင်း"

အထက်ဖော်ပြပါ သတင်းကိုပင် မော်စကိုအသံလွှင့်ဌာနကလည်း ထုတ်လွှင့်သွားခဲ့ရကား ဆိုဗီယက်ပြည်ထောင်စုသားများနှင့် မော်စကိုမြို့တော်ရှိ နိုင်ငံခြားသံတမန်များရပ်ကွက်မှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံအား စောင့်ကြည့်လေ့လာသူများအဖို့ တအံ့တသြ ဖြစ်ကြသည်။ ဆိုဗီယက် တတ်(စ်)သတင်းကိုယ်စားလှယ်ကလည်း ယင်းသတင်းအား တရားဝင် နိုင်ငံတကာသို့ ထုတ်ပြန်ပေးခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂယက်ရိုက်ခတ်ခဲ့သည့် သတင်းဖြစ်ခဲ့ရသည်။ ထာဝစဉ်သတင်းအမှောင်ချခဲ့ပြီး သံကန့်လန့်ကာဟု ကင်ပွန်းတပ်ခံရသော နိုင်ငံကြီးတစ်နိုင်ငံက ဤကဲ့သို့ ထူးထူးခြားခြား သတင်းအသေးစိတ်ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ အံ့ဖွယ်သူ့ရဲ ဖြစ်ခဲ့ကြရတော့၏။

နောက်ဆက်တွဲ ထုတ်ပြန်သော သတင်းများအရ အထက်ဖော်ပြပါ မှုခင်းဆေးပညာပါရဂူအဖွဲ့သည် ဆိုဗီယက်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မော်စကိုမြို့တော် ကရင်မလင်ရဲတိုက်ကြီး ပရဝုဏ်ရှိ အာချင်ဂျယ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း မြေအောက် မြေတိုက်အတွင်းရှိ စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီး၏ ခေါင်းတလားအား ဖွင့်ခဲ့ကြသည်။ ရုရှားနိုင်ငံဘုရင်မင်းအဆက်ဆက်တို့ ထုံးတမ်းစဉ်လာအရ မြှုပ်နှံထားလေ့ရှိသည့်အတိုင်း ကြေးဝါခေါင်းတလားကြီးကို တွေ့ရှိရပြီး ဖွင့်ခဲ့ကြရ၏။ ထိုကြေးဝါခေါင်းတလားကြီးအတွင်းမှ သစ်သားခေါင်းတလားတစ်လုံး တွေ့ကြသည်။ ထိုခေါင်းတလားအတွင်းမှ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်ခန့်က ကွယ်လွန်ခဲ့ရသော စတုတ္ထမြောက် အိုင်ဗင်ဘုရင်အလောင်းတော်အား တွေ့ရှိရတော့၏။ ဘုရင်ကြီးအလောင်းတော်မှာ လက်ဝါးကပ်တိုင်အား လက်နှစ်ဖက်ဖြင့် ရင်တွင်းဆုပ်ကိုင်ထားပြီး ပိုးထည်ဝတ်ရုံကြီး ခြုံလွှမ်းထားသည်ဟု ဆိုသည်။ ထိုပိုးထည်ဝတ်ရုံ ခြုံထည်မှာလည်း ဆွေးမြည့်လျက်ရှိနေ၏။ သူ့ခေါင်းတလားအတွင်း သူသက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သော ကျောက်စီထားသည့် ရေခွက်နှင့် အရိုးစုများကို တွေ့ကြရသည်။ ဦးခေါင်းခွံနှင့်အတူ ဆံပင်များ၊ မျက်ခုံးမွေးများကိုလည်း တွေ့ကြရသည်။

မှုခင်းဆေးပညာရှင်ပါရဂူများ၏ ထုတ်ဖော်ပြောဆိုချက်အရ စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီး အရပ်သည် ခြောက်ပေခန့် မြင့်ပြီး သက်ရှိထင်ရှားစဉ်ကပင် ကိုယ်အလေးချိန်ပေါင် ၂၁၀ ခန့် ရှိနိုင်သည်ဟု သိရ၏။ မှုခင်းဆေးပညာရှင်များသည် ဆံပင်များ၊ အရိုးများအား စနစ်တကျ သုတေသနပြုခဲ့ကြရာ အိုင်ဗင်ဘုရင်ကြီးတွင် စိန်ဖြူအဆိပ် (Arsenic) ဓာတ် အများအပြားတွေ့ရသဖြင့် ဘုရင်ကြီးသည် စိန်ဖြူအဆိပ်ပါသော ဆေး သို့မဟုတ် စိန်ဖြူအဆိပ်ပါသော အစားအစာများကို နေ့စဉ်စားသောက်မိရာမှ သေဆုံးရခြင်းဖြစ်နိုင်သည်ဟု မှုခင်းဆေးပါရဂူများက ကောက်ချက်ချကြသည်။

မှန်ပါသည်။ သမိုင်းခေတ်ဦးမှစ၍ လူသားတို့သည် ဓာတ်သတ္တုများ (Minerals) နှင့် ဟင်းသီးဟင်းရွက် (Vegetable) တို့မှ အဆိပ်အမျိုးမျိုးကို ရှာဖွေတွေ့ရှိခဲ့ကြ၏။ ထိုအဆိပ်များကို အသုံးပြုခြင်း စားသုံးခြင်းမှ ရှောင်ကြဉ်ကြသည်။ သို့သော် ရန်သူများနှင့် သားရဲတိရစ္ဆာန်များကို သတ်ဖြတ်ရာ၌ အသုံးပြုခဲ့ကြ၏။ သမိုင်းမှတ်တမ်းများအရ အီဂျစ် ဘေဘီလိုနီးယား၊ ဟီသရူးနှင့် ဂရိလူမျိုးများက စတင်တွေ့ရှိ အသုံးပြုခဲ့ကြသည်ဟု သိရှိရ၏။

အဆိပ်ဟူသည် ဘေးဖြစ်စေသော အရာဝတ္ထုတစ်ရပ် ဖြစ်ရာ မသင့်လျော်သောနည်းဖြင့် မသင့်တင့်သော အတိုင်းအတာ အချိုးအစားအရပေးလျှင် နေထိုင်မကောင်းခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်း၊ ရောဂါဝေဒနာခံစားရခြင်းမှ သေဆုံးသည်အထိ အန္တရာယ်ဖြစ်စေနိုင်ပေသည်။ သမိုင်းမှတ်တမ်းများအရ အိန္ဒိယ

www.burmeseclassic.com

နိုင်ငံတွင်မူ အေဒီ ၅ ရာစုလောက်ကပင် စတင်၍ အဆိပ်ကို အသုံးပြုခဲ့သည်ဟု သိရ၏။ ဘရုတ်နိုင်ငံတွင်လည်း မန်ချူး မင်းများလက်ထက်တွင် ဖြစ်ပွားခဲ့သော နန်းတွင်းလုပ်ကြံမှုများတွင် အထက် ဖော်ပြပါ စိန်ဖြူအဆိပ်ခတ်၍ လုပ်ကြံ လေ့ရှိရာ မန်ချူးဧကရာဇ်များ၊ မိဖုရား များ၊ စားသောက်သည့် ထမင်းဟင်းလျာ များကို နန်းတွင်းသားအချို့က စမ်းသပ် စားသောက်ပြီးမှ ဧကရာဇ်များ၊ မိဖုရား များက စားသောက်ကြရသည်ဟု သိရ ၏။ မန်ချူးနန်းတွင်း စားဖိုဆောင်များ တွင် ဧကရာဇ်များ၊ မိဖုရားများ စား သောက်မည့် အစားအစာကို စမ်းသပ် ပြီးစားစေမည့် အမှုထမ်းများ ခန့်ထား လေ့ရှိသည်ဟု ဆိုသည်။ မန်ချူးရီးယား ကိုရီးယား သမိုင်းများတွင်လည်း စိန်ဖြူ အဆိပ်ဖြင့် လုပ်ကြံသတ်ဖြတ်သော အမှု အခင်းများ ရှိခဲ့သည်ဟု သိရ၏။ ကျွန် တော်တို့ မြန်မာနိုင်ငံသမိုင်းတွင်မူ ၁၂၈၆ ခုနှစ်တွင် သားတော်ပြည်စား သီဟသူ သည် ခမည်းတော် နရသီဟပတေ့မင်း အား အဆိပ်ကျွေး၍ သတ်ခဲ့သည်ဟု သိရ၏။ သို့ဖြစ်၍ သမိုင်းတွင် ရက်စက် ရာတွင် သရဖူရသော စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီးအား အဆိပ်ဖြင့် လုပ် ကြံသည်မှာ ဘာဆန်းသလဲဟု ဆိုရမည် ဖြစ်သည်။

အမှန်အားဖြင့် အဆိပ်သင့်ရခြင်း မှာ မတော်တဆများယွင်းမှုကြောင့်လည်း ကောင်း၊ တမင်သက်သက် မိမိကိုယ်မိမိ သတ်သေခြင်းကြောင့်လည်းကောင်း၊ သူ တစ်ပါးက အဆိပ်သင့်စေ၍လည်း ကောင်း အမျိုးမျိုးဖြစ်နိုင်၏။ အဆိပ် သည် နည်းလမ်းအမျိုးမျိုးဖြင့် ခန္ဓာကိုယ် တွင်းသို့ အဆိပ်သင့်နိုင်သည်။ သာဓက အားဖြင့် အဆိပ်ငွေ့များကို အဆုတ်ထဲ သို့ ရှူရှိုက်မိခြင်း၊ အဆိပ်များကို အမှုမဲ့ အမှတ်မဲ့ ပါးစပ်ဖြင့် ဝါးမျိုမိခြင်း၊ အဆိပ် များကို အသားအရေတွင်းသို့ ထိုးသွင်း ခြင်းနှင့် အဆိပ်များ အရေပြားပေါ်တွင် မတော်တဆ သုတ်လိမ်းခြင်း၊ ထိတွေ့ ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု ဆို ကြသည်။

ဆိုဗီယက်ပြည်ထောင်စု(ယခု ရုရှား)နိုင်ငံမှ ကွယ်လွန်ခဲ့ရသော စတုတ္ထ မြောက် အိုင်ဗင်ဘုရင်ကြီးသေဆုံးရမှု မှာ စိန်ဖြူအဆိပ်ကြောင့် ဖြစ်သည်ဟု ဆိုဗီယက်မှုခင်းပါရဂူကြီးများက တညီ တညွတ်တည်း ကောက်ချက်ချခဲ့ကြ၏။ စိန်ဖြူအဆိပ်ဆေးကို ယခုခေတ်အဆိပ် ဖြင့် လုပ်ကြံမှုများတွင်လည်း အများဆုံး အသုံးပြုကြသည်။ အဘယ်ကြောင့်ဆို သော် ထိုစိန်ဖြူဆေးမှုန့်သည် (Arsenic) သည် ရရှိရန် လွယ်ကူသော ကြောင့် ဖြစ်၏။ ထိုအဆိပ်ကို ကြွက် သတ်ဆေး၊ ယင်ကောင်သတ်ဆေးနှင့် အခြားအင်းဆက်ပိုးသတ်ဆေးများတွင် လည်း အသုံးပြုသည်သာမက ဆေးဆိုး လုပ်ငန်း၊ သိုးမွေးလုပ်ငန်းများတွင်လည်း အသုံးပြုကြ၏။

ထိုအဆိပ်မှုန့်သည် အနံ့၊ အရ သာ၊ အရောင်အဆင်းလည်းမရှိ။ အဆိပ် လည်း ပြင်းထန်လှသဖြင့် မိမိကိုယ်မိမိ သေကြောင်းကြံစည်ရာတွင်လည်းကောင်း၊ သူတစ်ပါးအသက်ကို မကောင်းကြံစည် ရာတွင်လည်းကောင်း တိုက်ကျွေးလေ့ ရှိကြသည်။

ထိုစိန်ဖြူအဆိပ်သင့်ခြင်း လက္ခ ဏာမှာ ကာလဝမ်းရောဂါနှင့် ဆင်တူ လှသော်လည်း ဆေးပညာရှင်များအဖို့ အလွယ်တကူ ခွဲခြားသိနိုင်သည်ဟု သိ ရ၏။ ထိုစိန်ဖြူကြောင့် အဆိပ်သင့်ခြင်း တွင် လည်ချောင်းနာခြင်း၊ မျက်မြေနီ ခြင်း၊ အန်ပြီးနောက် ဝမ်းလျှောခြင်း၊ အန်ရာတွင် သွေးစသွေးနပါခြင်း စသော လက္ခဏာများ တွေ့ရသည်ဟု သိရ၏။

ထိုစိန်ဖြူအဆိပ်ခတ်ရာတွင် တစ် ကြိမ်တစ်ခါတည်းဖြင့် သေဆုံးအောင် ပြုလေ့မရှိကြ။ နေ့စဉ် စိန်ဖြူအဆိပ် အနည်းငယ်ကို ၈ အစားအသောက် အနည်းငယ်တွင် ထည့်သွင်းခပ်ထား သောနည်းဖြင့် တဖြည်းဖြည်း အသက် တိုစေသော နည်းကို အသုံးပြုတတ်ကြ ၏။ ရုရှားဧကရာဇ် စတုတ္ထမြောက် အိုင်ဗင်ဘုရင်ကြီးအား လုပ်ကြံသတ် ဖြတ်ရာတွင် ဤနည်းကို အသုံးပြုခဲ့ သည်ဟု ဆိုဗီယက်ပြည်ထောင်စု မှုခင်း ဆေးပညာပါရဂူအဖွဲ့က ဆုံးဖြတ်အတည် ပြုခဲ့ကြ၏။

မှန်ပါသည်။ စိန်ဖြူအဆိပ်သည် လူတစ်ဦးတစ်ယောက်ကို လုပ်ကြံရာ တွင် အလွယ်တကူ လုပ်ကြံနိုင်သကဲ့ သို့ လူသေအလောင်းတွင် စိန်ဖြူ ရှိမရှိ ကို မှုခင်းဆေးပညာရှင်များ၊ ဓာတုဗေဒ ပညာရှင်များက လူသေအလောင်းမှ ကြွင်းကျန်သော အရိုးများ၊ ဆံပင်များ စမ်းသပ်စစ်ဆေးခြင်းဖြင့်ပင် စိန်ဖြူ အဆိပ်သင့်ကြောင်း ဖော်ထုတ်နိုင်သည် ဟု သိရှိရပါကြောင်း။

**လှမိုး(ပညာရေး)**


<u>ကျမ်းကိုး</u>

Cause of Death by Frank Smyth

www.burmeseclassic.com

# မီးရထားမတော်တဆဖြစ်မှု နောက်ကွယ်မှဖြစ်ရပ်များ

■ လှမျိုးထက်




ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါ သည်းထိတ်ရင်ဖိုဖွယ်ရာ ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

**"အိန္ဒိယမြောက်ပိုင်း၌ ရထားတိုက်မှုဖြစ်ပွား၊ လူ ၄၀ ထက်မနည်းသေဆုံး"**

လပ်ခနော်၊ မေလ ၂၇

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် အမြန်ရထားတစ်စင်းက ရပ်တန့်ထားသော ကုန်တင်တရားတစ်စင်းကို ဝင်တိုက်မိသဖြင့် လူ ၄၀ ထက်မနည်း သေဆုံးခဲ့ကြောင်း၊ ရထားတွဲများမှာ ကွန့်လိမ်ကောက်ကွေးသည်အထိ ပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူများက မေလ ၂၇ ရက်နေ့တွင် ပြောကြားသည်။

ဥတ္တရပရာဒေ့(ရှ်)ပြည်နယ်ရှိ ဘူတာရုံတစ်ရုံတွင် ရပ်တန့်ထားသော ကုန်ရထားကို အမြန်ရထားက ဝင်တိုက်မိကြောင်း။ အမြန်ရထားက ဘရိတ်အုပ်သော်လည်း အရှိန်ဖြင့် ဝင်တိုက်မိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။


အမြန်ရထားတွဲများအနက် တွဲခြောက်တွဲ လမ်းချော်ခဲ့သည်။ ပြည်နယ်မြို့တော် လပ်ခနော် အရှေ့တောင်ဘက် မိုင် ၄၀ ခန့်အကွာ ဆန်ကာဘီနာဂါမြို့၌ ရထားတိုက်မှုဖြစ်ပွားပြီးနောက် ဘူတာရုံပိုင်မှာ ပျောက်ဆုံးလျက်ရှိသည်၊ ၎င်းကိုရှာဖွေနိုင်ရန် အာဏာပိုင်များက ကြိုးပမ်းလျက်ရှိသည်။

လူပိုင်းဆိုင်ရာ အားနည်းချက်၊ သို့မဟုတ် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် မတော်တဆမှု ဖြစ်ရခြင်း ရှိမရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရထားတိုက်မှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ဆောင်နိုင်ရန် အနီးရှိ ကျေးရွာများမှ ရွာသူရွာသားများ ရောက်ရှိလာခဲ့သည်။ မတော်တဆမှုဖြစ်ပွားသည့်နေရာမှာ အနီးဆုံးလမ်းနှင့် ခြောက်မိုင်ခန့်အကွာတွင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




အိန္ဒိယဝန်ကြီးချုပ်အသစ်အဖြစ် မေ ၂၆ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုသူ နရိန္ဒြာမိုဒီသည် ရထားမတော်တဆမှုကြောင့် သေဆုံးခဲ့ရသူ မိသားစုများထံသို့ ဝမ်းနည်းကြောင်း ဖော်ပြသည့် သတင်းစကားကို အင်တာနက်လူမှုရေးကွန်ရက် တွစ်တာမှတစ်ဆင့် ပေးပို့ခဲ့သည်။

**ပီတီအိုင်**

၎င်းသတင်းကိုပင် အေပီရိုက်တာနှင့် ဆင်ဟွာသတင်းကိုယ်စားလှယ်များကလည်း ကျယ်ကျယ်ပြန့်ပြန့် သတင်းပေးပို့ခဲ့သဖြင့် ထိုသတင်းအား နိုင်ငံတကာမှ ရုပ်သံလွှင့်အစီအစဉ်များကလည်း ထုတ်လွှင့်ပြသခဲ့သဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ် ဖြစ်ခဲ့ရသည်။ ဤမီးရထားမတော်တဆမှု ဖြစ်ပွားပြီး တစ်လခန့်အကြာ ဇွန်လ ၂၅ ရက်နေ့ နံနက်စောစောပိုင်းတွင် အိန္ဒိယနိုင်ငံအရှေ့ပိုင်း၊ ဘီဟာပြည်နယ်၊ ဒီဘရုဂတ်မြို့သို့ ခုတ်မောင်းလာသော ရာဂျာနီအမြန်ရထားသည် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်၌ ဘီဟာပြည်နယ်၊ ပတ္တနားမှ ၇၅ ကီလိုမီတာအကွာရှိ ချာပရာမြို့အနီးတွင် လမ်းချော်ခဲ့ရာ ထိုမီးရထားမတော်တဆမှုကြောင့် လူလေးဦးသေဆုံးခဲ့ရသည်ဟု အိန္ဒိယအစိုးရ မီးရထားအာဏာပိုင်များမှ အတည်ပြုပြောကြားခဲ့သည်ဟု အင်တာနက်သတင်းများနှင့် နိုင်ငံတကာမှ ထုတ်လွှင့်သော ရုပ်သံလွှင့်အစီအစဉ်များတွင် ထုတ်လွှင့်ခဲ့၏။

ထိုသတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသည်။ မီးရထားသမိုင်းမှတ်တမ်းများအရ ပထမဆုံး မီးရထားလမ်းဟုဆိုရမည့် အင်္ဂလန်နိုင်ငံ၊ ကရွိုက်ဒန်မီးရထားလမ်းကို ပါလီမန်၏ခွင့်ပြုချက်အရ ခရစ်နှစ် ၁၈၀၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ထိုကာလမှစ၍ ယနေ့ထိ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနည်းနှင့်အများဆိုသလို မတော်တဆဖြစ်မှုများ ကြုံတွေ့ကြရသည်။ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းပြည်များသာမက ယနေ့သိပ္ပံပညာ အလွန်တိုးတက်ပါသည်ဟု နိုင်ငံတကာက မော့ကြည့်ကြရသော အမေရိကန်ပြည်ထောင်စု၌ပင် မီးရထားမတော်တဆမှုများနှင့် ကြုံတွေ့ကြရသည်။ ဤသို့ မီးရထားမတော်တဆဖြစ်မှုများကို စောင့်ကြည့်လေ့လာ အကဲဖြတ်သူများကမူ ဤသို့ဖြစ်ရခြင်းသည် အချက်ငါးချက်ပေါ်မှာ မူတည်သည်ဟု ဆိုသည်။

(၁) သဘာဝကြောင့် မတော်တဆမှုဖြစ်ရခြင်း Natural Disasters

(၂) လူတို့၏အမှားအယွင်းကြောင့် ဖြစ်ရခြင်း Human Error

(၃) နည်းစနစ်ကြောင့်ဖြစ်ရခြင်း Structual Failure

(၄) ပစ္စည်းကြောင့် မတော်တဆဖြစ်ရခြင်း

(၅) အကြမ်းဖက်သမားများကြောင့် မတော်တဆဖြစ်ရခြင်းများ ဖြစ်သည်ဟု ဆိုသည်။


မိုးရာသီအတွင်း ရေကြီးခြင်း၊ မိုးသက်မုန်တိုင်းတိုက်ခြင်း၊ မီးရထားလမ်းများ ရေလွှမ်းမိုးခြင်း၊ လေပြင်းတိုက်သဖြင့် တံတားများ၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်း၊ ရေတိုက်စားသဖြင့် သံလမ်းများပျက်စီးခြင်း၊ အပူအအေးလွန်ကဲမှုကြောင့် သံလမ်းများ ကွေးကောက်ခြင်း၊ တောင်ပြိုကျသဖြင့် လမ်းများပိတ်ဆို့ခြင်း၊ ဆီးနှင်း

www.burmeseclassic.com

များ၊ ရေခဲများ ပိတ်ဆို့သဖြင့် မီးရထားလမ်းများ ပျက်စီးရခြင်းတို့ကြောင့်လည်း မီးရထားမတော်တဆဖြစ်မှုများနှင့် ကြုံရလေ့ရှိ၏။ သာဓကအားဖြင့် ၁၉၃၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်အတွင်း တစ်နာရီ မိုင် ၁၂၀ နှုန်းဖြင့် တိုက်ခတ်သော မိုးသက်မုန်တိုင်းကြီးကြောင့် ဖလော်ရီဒါအရှေ့ဘက် ကမ်းရိုးတန်းသွား မီးရထားလမ်းကြီး၏ တစ်စိတ်တစ်ဒေသမှာ အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့ရသည်။ ထိုမီးရထားလမ်းပိုင်းသည် မီယာမီမြို့မှ ကီးဝက်(စ်)မြို့သို့သွားသော မီးရထားလမ်းပိုင်းဖြစ်၏။ ထိုလမ်းသည် ကျွန်းစုကလေးပေါင်း ၂၉ ကျွန်းကို ဖြတ်သန်းဖောက်လုပ်ထားသော လမ်းဖြစ်၏။ တစ်ကျွန်းနှင့်တစ်ကျွန်း တံတားများ တန်းစီဆောက်ထား၏။ သို့ဖြစ်၍ အထက်ဖော်ပြပါ မိုးသက်မုန်တိုင်း တိုက်ခတ်လာသဖြင့် တံတားများ ပြို၍ သံလမ်းများ ပျက်စီးခဲ့ရ၏။ ပင်လယ်မှ ဒီရေလှိုင်းများ တက်လာခဲ့သည်။ ဤသို့အတွင်း မီယာမီမြို့မှ ခရီးသည်အပြည့်တင်ဆောင်၍ ထွက်လာသော အမြန်ရထားသည် ရေအောက်ရောက်သွားခဲ့ရာ ခရီးသည် ၆၀၀ ကျော်နီးပါး သေဆုံးခဲ့ရာ ကမ္ဘာ့မီးရထားသမိုင်းတွင် တုန်လှုပ်ခဲ့ရသော မီးရထားမတော်တဆမှုကြီး ဖြစ်ခဲ့ရ၏။

၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ လူးဝစ်ရှမ်းတွင် မတော်တဆ မီးရထားမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၉၀ ကျော်သေဆုံး၍ တစ်ရာကျော် ထိခိုက်ဒဏ်ရာ ရခဲ့၏။ ထိုစဉ်က ပြင်းထန်သော ဆီးနှင်းမုန်တိုင်းများ တိုက်ခတ်လျက်ရှိသဖြင့် မီးရထားလမ်းများ လမ်းချော်တိမ်းမှောက်ခဲ့ခြင်း ဖြစ်၏။ ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလန်နိုင်ငံ မီးရထားသွားလာရေးသမိုင်းတွင် လူအများဆုံးသေဆုံးခဲ့ရသော မီးရထားမတော်တဆမှုကြီး ဖြစ်ပေသည်။

၁၉၇၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ ညနေ ၄ နာရီခန့်တွင် ကျွန်တော်တို့ မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးသီးကြွေခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် ပုသိမ်သို့သွားသောမီးရထား လမ်းချော်တိမ်းမှောက်ရာ လူစီးတွဲရှစ်တွဲနှင့် ကုန်များတင်ဆောင်



www.burmeseclassic.com

သော တွဲငါးတွဲ ပျက်စီးခဲ့ရသည်။ ထိုမတော်တဆ ဖြစ်မှုကြီးတွင် လူပေါင်း ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့၍ အချို့သေဆုံးခဲ့ရ၏။ ဤကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မီးရထားမတော်တဆမှုများ မကြာခဏ ဖြစ်ခဲ့ရသည်။

ကမ္ဘာ့မီးရထားသမိုင်းမှတ်တမ်းများတွင် မီးရထားဌာနမှ အမှုထမ်းများ၊ ခရီးသည်အချို့၏ တာဝန်ပေါ့ဆမှုကြောင့် မီးရထားတိုက်မှုများ၊ မီးရထားလမ်းချော်မှုများ၊ မီးရထားတွဲမီးလောင်မှုများ ဖြစ်ခဲ့ခြင်းလည်း ရှိခဲ့သည်။ သာဓကအားဖြင့် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်၊ ဝု(ဒ်)ဘရစ်(ချ်)တွင် မီးရထားလမ်းချော်၍ တိမ်းမှောက်မှုကြီးဖြစ်ပွားခဲ့ရာ ခရီးသည် ၈၄ ဦးသေဆုံး၍၊ လူ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိုတိမ်းမှောက်သောနေရာတွင် မီးရထားမောင်းသူများအား စက်ရှိန်လျှော့၍ မောင်းနှင်ရန် သတိပေးထားခဲ့၏။ သို့သော် မီးရထားမောင်းသူက သတ်မှတ်ထားသော မိုင်နှုန်းထက် စက်ရှိန်ကို မြှင့်တင်မောင်းနှင်ရာမှ မီးရထားလမ်းချော်မှု ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်နေ့ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံ ကျေးတောဘူတာတွင် ရပ်ထားသော ကုန်တင်မီးရထားအား ခရီးသည်တင်မီးရထားက ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်အများ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့၏။ ထိုမီးရထားမတော်တဆဖြစ်မှုကြီးမဖြစ်ခင် သုံးနှစ်ခန့်ကလည်း ယင်းဘူတာတွင် ရပ်ထားသော ကုန်တင်မီးရထားအား ရန်ကုန်-မန္တလေး လူစီးအမြန်ရထားက ဝင်ရောက်တိုက်မှု ဖြစ်ခဲ့သည်ဟု ထင်ပါသည်။ ကောင်းစွာ မမှတ်မိတော့။ ထိုစဉ်ကလည်း ခရီးသည်အများအပြား ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။ ဤဖြစ်ရပ်များတွင်မှ မီးရထားဌာန ဝန်ထမ်းများ၏ ပေါ့ဆမှုများကြောင့် ထိုမတော်တဆမှုများ ဖြစ်ရသည်ဟု ဆိုသည်။ အခြား မတော်တဆဖြစ်ရမှုများမှာ မီးရထားလမ်း အချက်ပြမှုစနစ် ချွတ်ယွင်းခြင်း၊ မီးရထားစက်ခေါင်းများ ဟောင်းနွမ်းချွတ်ယွင်းနေသော်လည်း ဆက်လက်အသုံးပြုခြင်းနှင့် အကြမ်းဖက်သမားများက မီးရထားလမ်းများ၊ တံတားများအား ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း စသော လုပ်ရပ်များကြောင့်လည်း ဖြစ်ကြရသည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင်မူ မီးရထားစီးခရီးသည်အချို့သည် လောင်စာဆီများ၊ ရေနံဆီများ၊ ဓာတ်ဆီများကို သယ်ယူခဲ့ကြသဖြင့် မတော်တဆမီးလောင်မှုများ ဖြစ်ပွားခဲ့ခြင်းလည်းရှိပေသည်။

အချို့ မသိနားမလည်သော ကလေးငယ်များ၊ လူအများသည် မီးရထားသံလမ်းပေါ် ကျောက်တုံးများတင်ထားခြင်း၊ သံလမ်းဆက်မှုလီများ ဖြုတ်ထားခြင်း စသော ဖြစ်ရပ်များကြောင့်လည်း မီးရထားမတော်တဆဖြစ်မှုများ ဖြစ်ခဲ့ကြရသည်။

ဤဆောင်းပါးအစတွင် ဖော်ပြထားသော အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် မီးရထားခရီးသည် အများဆုံးသွားလာသော နိုင်ငံဖြစ်သည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံသည် လူဦးရေထူထပ်၍ အောက်ခြေလူတန်းစား အများဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ လူအများ ခရီးသွားလာရာတွင် သွားလာရလွယ်ကူ၍ စရိတ်နည်းသော မီးရထားကိုသာ လူအများက အသုံးပြုခဲ့ကြသည်။ နေ့စဉ် မီးရထားဖြင့် ခရီးသွားသူ သိန်းချီ၍ရှိခဲ့ရာ အိန္ဒိယမီးရထားဌာနအဖို့ အခက်အခဲအများဆုံး ရင်ဆိုင်ကြရသည်။ မီးရထားခရီးသွားလာသူအများသည် မီးရထားတွဲများ အမိုးပေါ်မှ စီးနင်းလိုက်ပါလေ့ရှိရာ မကြာခဏ ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။ တစ်ခါတစ်ရံ မီးရထားတွဲခေါင်မိုးပေါ်မှ စီးနင်းလိုက်ပါသူ ခရီးသည်များနှင့် မီးရထားတံတားဘောင်များ တိုက်မိသဖြင့် ထိခိုက်သေဆုံးရမှုများလည်း ရှိသည်။

အမှန်အားဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် အိန္ဒိယနိုင်ငံသည် မီးရထားခေတ်သို့ အစောဆုံးရောက်ခဲ့သော နိုင်ငံဖြစ်သည်ဟု ဆိုကြ၏။ ကျွန်တော်တို့မြန်မာနိုင်ငံ မီးရထားခေတ်ရောက်ခဲ့ရသည်မှာလည်း အိန္ဒိယနိုင်ငံမီးရထားသမိုင်းနှင့် ဆက်နွှယ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့သမားသည် မြန်မာနိုင်ငံအား ကျူးကျော်ရေးစစ်ပွဲသုံးပွဲ ဆင်နွှဲခဲ့ပြီး သိမ်းယူခဲ့၏။ ထို့နောက် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ကြီးတစ်နယ်ဟု သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဘုရင်ခံသည် အိန္ဒိယနိုင်ငံ၊ ဒေလီမြို့တွင် ရုံးစိုက်ထားသော အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ခံ

www.burmeseclassic.com

မျှသာ ဖြစ်၏။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးတို့သည် မြန်မာနိုင်ငံ အိန္ဒိယမှခွဲထွက်ခဲ့သည့် ၁၉၃၇ ခုနှစ်ထိ နွယ်နေခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ မီးရထားသမိုင်းသည်လည်း အိန္ဒိယနိုင်ငံ၏မီးရထားသမိုင်းနှင့် ဆက်စပ်ခဲ့ရလေသည်။

ဤဆောင်းပါးတစ်နေရာတွင် အင်္ဂလန်နိုင်ငံတွင် မီးရထားလမ်း စတင်ဖောက်လုပ်ခဲ့သည့်အကြောင်းကို ရေးသားဖော်ပြခဲ့ပြီးဖြစ်၏။ ဤသို့ဖြင့် အင်္ဂလန်နိုင်ငံတွင် မီးရထားများ သွားလာမှု အရှိန်အဟုန်မြင့်မားလာခဲ့၏။ ခရစ်နှစ် ၁၇၈၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ မြို့ပြဆိုင်ရာ အင်ဂျင်နီယာတစ်ဦးသည် အိန္ဒိယတိုက်ငယ်တွင် မီးရထားလမ်းများ ဖောက်မည်ဆိုပါက ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင်လည်းကောင်း၊ လူမှုရေး၊ စီးပွားရေး အဖက်ဖက်က တိုးမြင့်လာနိုင်စရာရှိသည်ဟူသော အချက်အလက်များပါဝင်သည့် အကြံပေးစာတစ်စောင်ကို ထိုစဉ်က အိန္ဒိယဘုရင်ခံချုပ်ဖြစ်သူ လော့(ဒ်)အယ်လင်ဘရာထံ ပေးပို့ခဲ့၏။ အထက်ဖော်ပြပါ အကြံပေးစာနှင့် ပတ်သက်၍ ထိုစဉ်က လန်ဒန်ရှိ အိန္ဒိယရုံးတော်နှင့် အရှေ့အိန္ဒိယကုမ္ပဏီမှ တာဝန်ရှိသူများက စိတ်ဝင်စားမှု မရှိခဲ့။ သို့သော် အထက်ဖော်ပြပါ အကြံပေးစာလွှာပါ အချက်အလက်များကို အိန္ဒိယဘုရင်ခံချုပ် လော့(ဒ်)ဟာဒင်က စိတ်ဝင်စားခဲ့သည်။

---

**အိန္ဒိယနိုင်ငံသည် လူဦးရေထူထပ်၍ အောက်ခြေလူတန်းစား အများဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ လူအများ ခရီးသွားလာရာတွင် သွားလာရလွယ်ကူ၍ စရိတ်နည်းသော မီးရထားကိုသာ လူအများက အသုံးပြုခဲ့ကြသည်။**

---

လော့(ဒ်)ဟာဒင်၏ အကြံပြုချက်ဖြင့် ကာလကတ္တားမှ ဒေလီမြို့တော်သို့ မီးရထားလမ်းဖောက်ရာတွင် ကုန်ကျမည့် စတာလင်ပေါင် ငါးသန်းအား လေးရာခိုင်နှုန်း အတိုးနှုန်းဖြင့် အိန္ဒိယရုံးတော်မှ ကုန်သွယ်ရေးအဖွဲ့ချုပ်က ချေးငှားခဲ့၏။ သို့ဖြစ်၍ ခရစ်နှစ် ၁၈၄၅ ခုနှစ်တွင် အရှေ့အိန္ဒိယ မီးရထားကုမ္ပဏီနှင့် အိန္ဒိယကျွန်းဆွယ် မီးရထားကုမ္ပဏီတို့ကို အင်္ဂလန်၊ လန်ဒန်မြို့တွင် တည်ထောင်ခဲ့ရာ ထိုကုမ္ပဏီအား ဗြိတိသျှအစိုးရက ငွေများချေးခဲ့၏။

အိန္ဒိယဘုရင်ခံချုပ် လော့(ဒ်)ဒါလဟိုဇီ လက်ထက် ခရစ်နှစ် ၁၈၄၉ ခုနှစ်၊ ဩဂုတ်လတွင် အထက်ဖော်ပြပါ ကုမ္ပဏီများ၏ တာဝန်ခံများအား မီးရထားလမ်းတိုနှစ်ခုအား အလျှင်အမြန်တည်ဆောက်ပေးရန် သဘောတူခဲ့၏။ ထိုလမ်းတိုမှာ ဘုံဘေမြို့နှင့် ဇင်းမြို့၏မြောက်ဘက် ၂၁ မိုင်ကွာဝေးသော ဗွာနမြို့သို့ ဖြစ်သည်။ မီးရထားလမ်းအကျယ်ကိုလည်း ငါးပေ၊ ခြောက်လက်မ အကျယ် ဖောက်ရန် စီမံခဲ့ကြသည်။ ထိုလမ်းကို ဖောက်လုပ်ပြီးသည်နှင့် လမ်းဖွင့်ပွဲအား အိန္ဒိယဘုရင်ခံချုပ် လော့(ဒ်)ဒါလဟိုဇီကိုယ်တိုင် တက်ရောက်ခဲ့သည်။ ဤလမ်းဖောက်လုပ်ပြီးသည်နှင့် ကာလကတ္တား ဟူဂလီဘူတာသို့သွားသော လမ်းတိုအားလည်းကောင်း၊ ထို့နောက် ကာလကတ္တားမှ ရာနီသို့သွားသော လမ်းတိုအားလည်းကောင်း ဖောက်လုပ်ခဲ့ရာ အိန္ဒိယနိုင်ငံ လူထုအဖို့ သွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးမှာ အတော်အသင့် အဆင်ပြေလာခဲ့၏။ မီးရထားလမ်းများ ဆက်လက်ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေစဉ်တွင် အိန္ဒိယနိုင်ငံ၌ တပ်တွင်းပုန်ကန်မှုကြီးဖြစ်ပွားလာခဲ့သဖြင့် မီးရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။ တပ်တွင်းသူပုန်ထမှုကြီး ပြီးဆုံးပြီး ခရစ်နှစ် ၁၈၆၇ ခုနှစ်တွင်မှ ကာလကတ္တား-ဘုံဘေ မီးရထားလမ်းကို ဖောက်လုပ်ခဲ့၏။ ထိုစဉ်က အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုဖြစ်သော မြန်မာနိုင်ငံတွင်လည်း ရန်ကုန်မြို့နှင့် ပြည်မြို့အား မီးရထားလမ်း ဖောက်ခဲ့သည်။

ဤသို့ဖြင့် အိန္ဒိယတိုက်ငယ်အတွင်း မီးရထားလမ်းများ ကွန်ရက်သဖွယ် ဖောက်လုပ်နိုင်ခဲ့သည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံ၌ မီးရထားလမ်းဖောက်ခြင်းသည်

www.burmeseclassic.com

အိန္ဒိယနိုင်ငံတွင် မီးရထားလမ်းများ စတင်ဖောက်သည့် အချိန်ထက် ၂၄ နှစ် နောက်ကျခဲ့သည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံတွင် မီးရထားလမ်းများ စတင်ဖောက်လုပ်ခြင်းမပြုမီ နှစ်ပေါင်း ၃၀ ခန့်က တိတိကျကျ ဖော်ပြရမည်ဆိုလျှင် ခရစ်နှစ် ၁၈၁၄ ခုနှစ်ခန့်ကပင် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်တွင် ကျောက်မီးသွေး စတင်တူးဖော်ခဲ့သည်။ ထိုကျောက်မီးသွေးကျင်းမှထွက်သော ကျောက်မီးသွေးများမှာ အဆင့်အတန်းမီသည့်အတွက် ခရစ်နှစ် ၁၈၅၅ ခုနှစ်တွင် တိုးချဲ့ထုတ်လုပ်နိုင်ခဲ့ရာ မီးရထားလမ်းများ ဖွင့်လှစ်နိုင်ခဲ့သည့်အခါတွင် မီးရထားစက်ခေါင်းများတွင် အသုံးပြုရန်အတွက် အသင့်ရှိလာရကား အိန္ဒိယနိုင်ငံတစ်နိုင်ငံလုံး မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရန် ဗြိတိသျှအမျိုးသားပိုင် ကုမ္ပဏီများက စီမံလာခဲ့၏။ ခရစ်နှစ် ၁၈၇၄ ခုနှစ်တွင်မှ ကျောက်မီးသွေးတွင်းများအနီးတွင် သံရည်ကျိုစက်ရုံကို တည်ထောင်နိုင်ခဲ့ရာမှ ၁၉၁၁ ခုနှစ်နှင့် ၁၉၁၃ ခုနှစ်များတွင် သံရိုင်းထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်နိုင်ခြင်းများ ရှိလာရာ မီးရထားလမ်းများအတွက် လိုအပ်သော သံလမ်းများ၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ရန်အတွက် လိုအပ်သော သံမဏိသံဘောင်များကို အိန္ဒိယပြည်တွင်းမှာပင် ထုတ်လုပ်နိုင်သည့်အတွက် မီးရထားလမ်း တိုးချဲ့ဖောက်လုပ်ရန် မီးရထားကုမ္ပဏီများအဖို့ အထူးအဆင်ချောမွေ့လာခဲ့၏။

အိန္ဒိယနိုင်ငံသည် လူဦးရေထူထပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ရာ မီးရထားလမ်းသစ်များ ဖောက်လုပ်ရေးတွင် ပြည်တွင်းမှ အလုပ်သမားများကို ဈေးသက်သက်သာသာဖြင့် အသုံးပြုခဲ့ရာ မီးရထားကုမ္ပဏီများအဖို့ စိုစိုပြည်ပြည် အမြတ်အစွန်း ရခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ခေတ်မီမီးရထားခေါင်းတွဲများကို နိုင်ငံအတွင်းမှာပင် ထုတ်လုပ်နိုင်ခဲ့ရာ အိန္ဒိယနိုင်ငံ မီးရထားကုမ္ပဏီများအဖို့ မီးရထားစက်ခေါင်းများ နိုင်ငံခြားမှ မှာယူတင်သွင်းခြင်း မပြုခဲ့ရတော့။

လွတ်လပ်ရေးရရှိခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတွင် အာဏာရလာသော ကွန်ဂရက်အစိုးရသည် ၁၉၅၁ ခုနှစ် နှောင်းပိုင်းက စတင်၍ ပြည်တွင်းပြေးဆွဲနေသော မီးရထားကုမ္ပဏီများအားလုံးအား နိုင်ငံပိုင်သိမ်းယူခဲ့ပြီး ဗဟိုမီးရထားဌာနကို တည်ထောင်နိုင်ခဲ့သည်။ မီးရထားအလုပ်သမားများ၏ နစ်နာချက်များ၊ ခံစားချက်များကို ပြုပြင်ပေးခဲ့သဖြင့် အိန္ဒိယနိုင်ငံ မီးရထားသွားလာရေးလုပ်ငန်း လုံခြုံချောမွေ့လာခဲ့၏။ ၁၉၅၃ ခုနှစ်၊ ဧပြီလတွင်မှ အိန္ဒိယနိုင်ငံ၏ မီးရထားနှစ် ၁၀၀ ပြည့်ပွဲတော်ကို အိန္ဒိယနိုင်ငံတစ်နိုင်ငံလုံး အုတ်အော်သောင်းတင်း ကျင်းပနိုင်ခဲ့သည်။

အိန္ဒိယဗဟိုမီးရထားဌာနသည် လွတ်လပ်ရေးရပြီးသည်မှ မီးရထားခေါင်းတွဲအမျိုးမျိုးကို ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ခဲ့သည်သာမက လူစီးတွဲများကိုပင် ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် အိန္ဒိယဗဟိုမီးရထားဌာနသည် အိန္ဒိယနိုင်ငံမီးရထား နှစ် ၁၂၅ နှစ်မြောက် အခမ်းအနားကို ခြိမ့်ခြိမ့်သဲ နိုင်ငံတစ်နိုင်ငံလုံး ကျင်းပနိုင်ခဲ့သည်။ ယခုအခါတွင်မူ အိန္ဒိယမီးရထားသက်တမ်းသည် နှစ်ပေါင်း ၁၇၀ ကျော်ခဲ့ပြီဖြစ်၏။ မီးရထားစက်ခေါင်း၊ မီးရထားတွဲနှင့် မီးရထားအရန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရာတွင် အိန္ဒိယနိုင်ငံရှိ စက်ရုံများသည် အထူးနာမည်ကျော်ခဲ့သည်။ အင်တာနက်မှတ်တမ်းများအရ အိန္ဒိယနိုင်ငံသည် ကုန်တွဲများ၊ လူစီးမီးရထားတွဲများ၊ မီးရထားနှင့် ဆက်စပ်သော ပစ္စည်းများ ထုတ်လုပ်တင်ပို့ရာတွင် ဥရောပတိုက်နိုင်ငံများနှင့်အတူ ယှဉ်ပြိုင်နိုင်ခဲ့သည်ဟု သိရ၏။ ယခုအခါ အိန္ဒိယဗဟိုမီးရထားဌာနသည် နေ့စဉ် မီးရထားစင်းရေ နှစ်သောင်းနီးပါးနှင့် ခရီးသည် သန်း ၂၀ ကျော် ပြေးဆွဲပေးခဲ့သည်ဟု သိရ၏။

ဤသို့ တိုးတက်များပြားလာသော ခရီးသည်များအတွက် အိန္ဒိယမီးရထားဌာနမှာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုဖြစ်နေပေသည်။ သို့ဖြစ်၍လည်း မီးရထားမတော်တဆဖြစ်မှုများ မကြာခဏဖြစ်ပွားရသည်ဟု ဆိုကြပါကြောင်း။

■ လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) **Train Disaters By K.Easllake**

(၂) အင်တာနက်

www.burmeseclassic.com

www.burmeseclassic.com





# ပြည်ပုံးကားရှေ့ မတင်ဆက်လိုက်ရသော်လည်း

အမှန်တကယ်ကပြခဲ့သည့်

# လောက်လမ်းတစ်ပွင့်

သုသီလာ

(တစ်)

## ဝတ္ထုဇာတ်ကြောင်း မြစ်ဖျားခံရာ

လွန်ခဲ့သော အနှစ် ၂၀ ကျော်ခန့်က စာရေးသူသည် လသာမြို့နယ်ရဲတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့၏။ စာရေးသူသည် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်စဉ် အမျိုးသမီးရဲအရာရှိနှစ်ဦးနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုရဲအရာရှိနှစ်ဦးမှာ ဒေါ်ညွန့်ညွန့်ဌေးနှင့် ဒေါ်ရီရီမြင့်တို့ ဖြစ်ကြ၏။ ဒေါ်ရီရီမြင့်သည် စာရေးသူလသာရဲစခန်းမှူးတာဝန်ထမ်းဆောင်နေစဉ် တပ်ဖွဲ့မှ နုတ်ထွက်ခဲ့၏။ ဒေါ်ညွန့်ညွန့်ဌေးက တာဝန်ဆက်လက်ထမ်းဆောင်ခဲ့ရာ ဤဝတ္ထုရေးချိန်တွင် ဒုရဲမှူးကြီး ဖြစ်နေပြီး ပဲခူးတိုင်းရဲတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိ၏။

ဒေါ်ညွန့်ညွန့်ဌေး၏ ခင်ပွန်းသည် ရဲအုပ်ရဲထွန်း ဖြစ်၏။ ရဲအုပ် ရဲထွန်းသည် ထိုစဉ်က ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး၏ ကိုယ်ရေးအရာရှိ ဖြစ်၏။ စာရေးသူတို့မိသားစုနှင့် ဒေါ်ညွန့်ညွန့်ဌေးတို့မိသားစုသည် လသာမြို့နယ် ရဲအရာရှိရိပ်သာတွင် အပေါ်ထပ်၊ အောက်ထပ် နေလာခဲ့ကြသဖြင့် အင်မတန် ချစ်ခင်ရင်းနှီးခဲ့ကြ၏။

ထိုစဉ်က စာရေးသူသည် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ထုတ်ဝေသည့် တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းတွင် အမှုဆောင်စာတည်းတာဝန် ထမ်းဆောင်နေချိန်

www.burmeseclassic.com

ဖြစ်၏။ ထို့အတူ မှုခင်းဝတ္ထုများကိုလည်း အားသွန်ခွန်စိုက် ရေးနေချိန်ဖြစ်၏။ ထိုအချိန် တစ်နေ့ ဒေါ်ညွှန့်ညွှန့်ဌေး၏ ခင်ပွန်း ရဲအုပ်ရဲထွန်းသည် စာရေးသူ၏ အိမ်ပေါ်သို့ တက်လာခဲ့သည်။ သူနှင့်အတူ လျှောက်လွှာစာအုပ်တစ်အုပ်လည်း ပါလာသည်။ ဆရာ ဦးရဲထွန်းက ထိုလျှောက်လွှာစာအုပ်ကို စာရေးသူ၏ လက်ထဲအပ်ကာ ထိုစာအုပ်ထဲပါ မှုခင်းဇာတ်လမ်းများသည် ရဲမှူးဦးမောင်မောင်သန့်(အငြိမ်းစား)ကိုယ်တိုင် စုံစမ်းထောက်လှမ်းခဲ့သော အမှုများကို မှတ်တမ်းတင်ရေးသားထားသော စာအုပ်ဖြစ်ကြောင်း။ ရဲမှူးမောင်မောင်သန့်(အငြိမ်းစား)ကိုယ်တိုင်က ပေးလိုက်ခြင်းဖြစ်ကြောင်း။ ထိုအမှုများကို ဝတ္ထုရေးပြီး မဂ္ဂဇင်းများတွင် ဖော်ပြပေးရန် ဆန္ဒရှိကြောင်း ရှင်းပြပါသည်။

ရဲအုပ်ရဲထွန်းသည် ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၃)ဆင်းဖြစ်၍ စာရေးသူတို့ နောက်မှ ရဲတပ်ဖွဲ့သို့ ရောက်လာခြင်းဖြစ်သည်။ ကဋ္ဌု စာအုပ် လှန်ကြည့်မိတော့ ရဲမှူးမောင်မောင်သန့်(အငြိမ်းစား)က ၁၉၅၀ ပြည့်နှစ်ကတည်းက အလုပ်သင်ရဲအုပ်ဖြစ်နေသူဖြစ်သည်ကို တွေ့ရ၏။ သူတို့နှစ်ဦး ရဲတပ်ဖွဲ့၌ ပတ်သက်ခဲ့ရာအကြောင်း မရှိနိုင်။ ရဲအုပ်ရဲထွန်း၏ ဖခင်သည် အိုင်စီအက်(စ်) ဦးချမ်းသာ ဖြစ်၍ သူ့ဖခင်နှင့် ရဲမှူးမောင်မောင်သန့်(အငြိမ်းစား)တို့ ပတ်သက်နိုင်စရာ ရှိသည်။ ထို့အတူ ဆွေမျိုး မိတ်ဆွေသင်္ဂဟလည်း ဖြစ်နိုင်သည်။ စာရေးသူသည် စာရေးတာကို ဝါသနာပါသော်လည်း စပ်စုတာကို ဝါသနာမပါသဖြင့် ဖတ်ကြည့်ပြီး ရေးပါမည်၊ ယခုလို ကုန်ကြမ်းပေးသည့်အတွက် ကျေးဇူးတင်ပါသည်ဟု ဆရာ ဦးရဲထွန်းကို ပြောရသည်။

## (နှစ်)
## အခွံခက်သည့် ဆူးဖက်နှင်းဆီ

ရဲမှူးမောင်မောင်သန့်(ငြိမ်း) ရေးသားမှတ်တမ်းတင်ထားသည့် မှုခင်းများက စေ့စပ်သေချာစွာ ရေးသားထားသည့်အတွက် မှုခင်းဝတ္ထုအနေဖြင့် တန်းပို့လျှင် မဂ္ဂဇင်းများက ရွေးချယ်ဖော်ပြနိုင်လောက်သည့် အနေအထားရှိပါသည်။ အမှုစစ်က စွပ်စွဲသူ၊ စွပ်စွဲခံရသူနှင့် သက်သေများအား တွေ့ဆုံစစ်မေး ဖြေကြားပုံများပါ အမေးအဖြေ ရေးထားသည်။ အစီအစဉ်တကျသာ ဝတ္ထုပုံစံရေးထားလျှင် ပြန်ရေးစရာမလိုသည့် မှုခင်းဝတ္ထုများလည်း ဖြစ်ပါသည်။

ရဲမှူးမောင်မောင်သန့် ရေးသားထားသည့် မှုခင်းဖြစ်ရပ်က ခြောက်ပုဒ်ဖြစ်ပါသည်။ (၁) လူနှင့် ကံတရား။ (၂) ချစ်တရားခံ၊ (၃) အင်းလျားလမ်း လူသတ်မှု၊ (၄) ဝန်ကြီးအိမ်နိုးမှု၊ (၅) ဖဲထီးစက်ရုံမီးလောင်မှုနှင့် (၆) အာတီးယားလမ်း လူသတ်မှုတို့ ဖြစ်ပါသည်။ အာတီးယားလမ်း လူသတ်မှုမှာ ရေးလက်စဖြစ်ပါသည်။ ရဲမှူးမောင်မောင်သန့်(ငြိမ်း) အခင်းဖြစ်အရပ် သွားရောက်စစ်ဆေးသည့်အထိပဲ ပါရှိပါသည်။

သူ့မှုခင်းဖြစ်ရပ်များကို ဖတ်ကြည့်မိတော့ ရဲမှူးမောင်မောင်သန့်(ငြိမ်း)သည် သူ့ခေတ်၊ သူ့အခါက ထူးချွန်ထက်မြက်သည့် ရဲအရာရှိတစ်ဦးဖြစ်ကြောင်း ပေါ်လွင်လှပါသည်။ စုံထောက်ဝတ္ထုတွေထဲမှ ရဲမျိုးမဟုတ်ဘဲ သဘာဝကျကျ လက်တွေ့ ကြုံတွေ့ရသည့် အခက်အခဲ ပြဿနာများကို သင်ယူလေ့လာခဲ့မှုများ၊ ကြားဖူးနားဝများ၊ လက်တွေ့ တွေ့ကြုံခဲ့သည်များကို အခြေခံကာ ပဋိသမ္ဘိဒါဉာဏ်နှင့် ပဋိဘာန်ဉာဏ်တို့ကို လျင်မြန်စွာ အသုံးချပြီး စွန့်လွှတ်စွန့်စား ကြိုးစားပန်းစား အမှုဖော်ထုတ်သွားသည်များမှာ အသည်းတယားယား ဖြစ်ရပါသည်။

စာရေးသူသည် ထိုအချိန်က မအားလပ်သည့်ကြားက အမှုစစ် နိုင်သီဟ ဖော်ထုတ်သည့် မှုခင်းဇာတ်လမ်းများကို ရေးသားနေချိန် ဖြစ်ပါသည်။ ရဲမှူးမောင်မောင်သန့်(ငြိမ်း)ဖော်ထုတ်ခဲ့သည့် မှုခင်းဇာတ်လမ်းများကို ရေးသားချင်စိတ် ပြင်းထန်လွန်းသဖြင့် နိုင်သီဟ ဇာတ်လမ်းတွဲကို ရပ်ကာ လူနှင့်ကံတရား မှုခင်းဇာတ်လမ်းကို စရေးခဲ့ပါသည်။ စာရေးသူက "လူနှင့်ကံတရား" ကို "ဒေါင်းစရုပ်ရှာ လူသတ်မှု"ခေါင်းစဉ်ဖြင့် တကယ့်ဖြစ်ရပ် မှုခင်းမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထု ရေးသားခဲ့ပါသည်။ သုံးလလား၊ လေးလလား ဆက်ရေးခဲ့ရပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း တာဝန်ခံစာတည်း ဒုရဲအုပ်(စခန်းမှူး) အောင်လွင်(စာရေးဆရာ အောင်ကျော်ဇော)က ဒေါင်းစရုပ်ရှာလူသတ်မှု ဝတ္ထုမျိုး အခန်းဆက်ဝတ္ထု ဆက်ရေးပေးပါရန် ဆိုလာသဖြင့် စာရေးသူက ရဲမှူးမောင်မောင်သန့်(ငြိမ်း) စုံစမ်းဖော်ထုတ်ခဲ့သည့် အင်းလျားလမ်း လူသတ်မှုကို



www.burmeseclassic.com

www.burmeseclassic.com

ဆက်ရေးဖြစ်ခဲ့ပါသည်။

ရဲမှူးမောင်မောင်သန့်(ငြိမ်း) စုံစမ်းစစ်ဆေးခဲ့သော အမှုများမှ စွပ်စွဲသူများ၊ စွပ်စွဲခံရသူများ၊ သက်သေများသည် လူကုံထံများ၊ တန်ခိုးအာဏာရှိသူများ၊ ပညာတတ်များ၊ သူဌေးသူကြွယ် ချမ်းသာသူများ ဖြစ်နေကြရာ ထိုအမှုများကို စုံစမ်းဖော်ထုတ်ခဲ့သူ၊ ထိုစဉ်က နယ်စီးလုံခြုံရေးမှူးအဆင့်ရှိသေးသည့် ရဲမှူးဦးမောင်မောင်သန့်(ငြိမ်း)အဖို့ ပဒုမ္မာပင်ဆူးတွေကြားမှ နွယ်ပင်လေးလို ဘဝကိုရင်း၍ မလူးသာမလွန့်သာ ကြိုးစားစွန့်စားအမှုများကို ဖော်ထုတ်ခဲ့ရခြင်းဖြစ်ပါသည်။

ထိုအချိန်က ဝန်ကြီးဌာနတစ်ခုအောက်တွင် နီးစပ်ရာဌာနများစွာ ပါရှိပါသည်။ ရဲမှူးမောင်မောင်သန့်စစ်ဆေးခဲ့သော အမှုတစ်မှုမှ ဝန်ကြီးတစ်ဦး၏ အတွင်းဝန်တစ်ဦးသည် နောင်ခါ မြန်မာနိုင်ငံ၏ ထိပ်ဆုံးကလူ ဖြစ်သွားဖူးပါသည်။

ရဲမှူးမောင်မောင်သန့်(ငြိမ်း)က သူစုံစမ်းဖော်ထုတ်သော အမှုခြောက်မှုစလုံးတွင် ကာယကံရှင်များမှာ သက်ရှိထင်ရှားရှိနေကြသဖြင့် ၎င်းတို့၏ သဘောတူညီချက်ရမှသာ ဤမှုခင်းကိစ္စကို ရိုက်နှိပ်နိုင်ပေမည်ဟုလည်းကောင်း၊ ကာယကံရှင်များ၏ နေရပ်လိပ်စာ၊ အမည်ရင်း၊ အဖြစ်မှန်များကိုသာ ရေးသားဖော်ပြထားပါ၍ ကာယကံရှင်များ၏ သဘောတူညီမှုရမှသာ ရိုက်နှိပ်နိုင်ပေမည်ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

ရဲမှူးမောင်မောင်သန့် စုံစမ်းဖော်ထုတ်ခဲ့သော အမှုများသည် အစောဆုံး ၁၉၅၅ ခုနှစ်၊ နောက်အကျဆုံး ၁၉၆၄ ခုနှစ်တို့ ဖြစ်ကြရာ နှစ် ၅၀ ခန့် ကြာခဲ့ပြီးဖြစ်ပါသည်။ စာရေးသူအနေဖြင့် ကာယကံရှင်များ၏ သဘောတူညီမှုရယူနိုင်ဖို့ဆိုသည်မှာ အလွန်တရာ ခက်ခဲလှပါသည်။ စာရေးသူအဖို့ မွေးရန်ကြိုင်လှိုင် လှပလွန်းသည့် တော်ဝင်နှင်းဆီကို ဆွတ်ယူပန်ဆင်လိုချင်နေပေမဲ့ အခူးခက်သည့် ဆူးနှင်းဆီကို လွှန်ခဲ့သော နှစ် ၂၀ ခန့်က ကြုံခဲ့ရသဖြင့် ဒေါင်းစရပ်ရွာ လူသတ်မှုနှင့် အင်းလျားလမ်း လူသတ်မှုတို့ကိုသာ ရေးသားခဲ့ရပြီး ကျန်သည့် အမှုလေးမှုကို မရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူ လသာရဲစခန်းမှူးတာဝန်ထမ်းဆောင်စဉ် ၁၉၉၁ ခုနှစ်၊ သီတင်းကျွတ်ချိန်တွင် စာရေးသူ ရဲမှူးမောင်မောင်သန့်(ငြိမ်း)အား သွားကန်တော့လိုကြောင်း ရဲအုပ်ရဲထွန်းအား ပြောပြခဲ့ပါသည်။ ရဲအုပ်ရဲထွန်း လိုက်ပို့၍ အလုပ်သမားဆေးရုံကြီးအနီးနေ ရဲမှူးမောင်မောင်သန့်(ငြိမ်း)၏ နေအိမ်သို့ ရောက်ရှိပြီး ရဲမှူးအား ကန်တော့ခဲ့ပါသည်။ ရဲမှူးမောင်မောင်သန့်(ငြိမ်း)က ကျန်သည့် မှုခင်းဖြစ်ရပ်များကို ဆက်ရေးပေးရန် ပြောကြားခဲ့ပါသည်။ ဆက်ရေးပေးပါမည်ဟု ကတိပေးခဲ့မိသော်လည်း အထက်ပါအကြောင်းများကြောင့် မရေးဖြစ်ခဲ့ပါ။

ရဲမှူးမောင်မောင်သန့် စုံစမ်းဖော်ထုတ်ခဲ့သော မှုခင်းများသည် ယခုအခါ နှစ် ၅၀ ခန့်ကြာပြီဖြစ်၍ ရှည်လျှောက်သာ၊ ပျားစွဲသာဖြစ်အောင် ရေးတော့မည်ဟု စာရေးသူဆုံးဖြတ်လိုက်ပါသည်။

ယခု စာရေးသူ အခန်းဆက်ဝတ္ထုရှည်အဖြစ် ရေးသားမည့် "ပြည်ဖုံးကားရှေ့ မတင်ဆက်လိုက်ရသော်လည်း အမှန်တကယ်ကပြခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်"ဝတ္ထုပါ ဝန်ကြီးဌာနအမည်၊ ဝန်ကြီးအမည်၊ ဝန်ကြီး၏ဇနီးအမည်၊ လက်အောက်ဌာနအမည်၊ အတွင်းဝန်၏အမည်၊ အတွင်းဝန်၏ဇနီးအမည်နှင့် တခြားဇာတ်ရံများ၏ အမည်များကိုပါ အမှန်ဖော်ပြမည် မဟုတ်ပါ။ အမည်အားလုံး လွှဲပြောင်းဖော်ပြမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## (သုံး)

## အပိုဆာဒါး ငါးရာငါးဆယ့်တစ်

ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေပုဒ်မ ၅၅၁ က ရဲစခန်းဌာနာအုပ်ထက် ရာထူးကြီးသူ ရဲအရာရှိတို့မှာ ရဲဌာနာအုပ်က သက်ဆိုင်ရာ နယ်နိမိတ်အတွင်း ဆောင်ရွက်နိုင်သည့် အခွင့်အာဏာမျိုးကို ၎င်းတို့ခန့်ထားရာဒေသအတွင်း ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားပါသည်။

ထို့အတူ မြန်မာနိုင်ငံတော် ရဲလက်စွဲ ဒုတိယတွဲ ရဲအရာထမ်း၊ အမှုထမ်း ရာထူးအဆင့်အတန်း အသီးသီးတို့၏ အလုပ်ဝတ္တရားများ၌ပါ နယ်စီးရဲဝန်ထောက်နှင့် တိုက်ပိုင်ရဲမှူးတို့၏ အလုပ်ဝတ္တရားကလည်း များပြားလှပါဘိ။ ကျွန်ုပ်တို့အဖို့ ထိုများလှသည့် မူလတာဝန်များအပြင် ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေပုဒ်မ ၅၅ ပါ အခွင့်အာဏာများအတိုင်းသာ အတိအကျ လိုက်လုပ်ရလျှင် အခက်။ အပိုဆာဒါး ပေးထားသော ထိုပုဒ်မ ၅၅၁ သည် လုပ်ချင်လျှင် လုပ်နိုင်သည်ဟု ဆိုထားပေတော်



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ကျွန်ုပ်သည် ၁၉၅၀ ပြည့်နှစ်တွင် မန္တလေး ဗဟိုရဲအတတ်သင်သိပ္ပံမှ ရဲ အုပ်အဖြစ် ကျောင်းဆင်းခဲ့သူ ဖြစ်ပါ၏။ မော်လမြိုင်ခရိုင်တွင် အလုပ်သင်ရဲအုပ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အရပ်တကာလှည့်၍ တာဝန်ထမ်း ဆောင်ခဲ့ပါသည်။

၁၉၆၃ ခုနှစ်၊ ဆောင်းဦးကာလ ဖြစ်ပါ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် ကမာရွတ်ရဲဌာနနှင့် လှိုင်ရဲဌာနတို့ တွင် နယ်စီးလုံခြုံရေးမှူးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ထိုနေ့ နံနက်ပိုင်းက ကျွန်ုပ်သည် ကြိုတင်အသိမပေးဘဲ လှိုင်ရဲဌာနနှင့် ကင်းဂိတ်များကို ရောင်တခင် ဝင်ရောက် စစ်ဆေးခဲ့ပါသည်။ ကျွန်ုပ်၏တာဝန်မှာ ကျွန်ုပ်လက်အောက်ရှိ ကမာရွတ်ရဲဌာန နှင့် လှိုင်ရဲဌာနတို့နှင့် ကင်းဂိတ်တစ် နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ကျ အပြည့် အစုံစစ်ဆေးရမည်ဖြစ်ပါသည်။ ထို့ပြင် ရံဖန်ရံခါ တတ်နိုင်သလောက် ထိုရဲဌာ နာများနှင့် ကင်းဂိတ်များကို အစီအစဉ် မပြုဘဲ ရောင်တခင် စစ်ဆေးရပါသည်။

ယနေ့ ကျွန်ုပ် လှိုင်ရဲဌာနနှင့် ကင်းဂိတ်များကို ရောင်တခင် စစ်ဆေး ခြင်း ဖြစ်ပေမဲ့ စနစ်တကျ စီစဉ်ဆောင် ရွက်ထားသဖြင့် စစ်ဆေးသူ ကျွန်ုပ်အနေ ဖြင့် စိတ်ချမ်းသာရပါသည်။ မဖြစ်စ လောက် အပြစ်အနာအဆာလေး တစ် ခု၊ နှစ်ခုသာ တွေ့ရှိခဲ့ရသဖြင့် အုပ်ချုပ်သူ ဌာနာအုပ်ကို စိတ်ထဲက ချီးကျူးမိပါ သည်။ ယခု လှိုင်ရဲဌာနကို အုပ်ချုပ်နေ သော ရဲဌာနာအုပ်သည် ကိုယ်တိုင် စည်းကမ်းကောင်းမွန်၍ လက်အောက် တပ်ဖွဲ့ဝင်များကို စနစ်တကျ အုပ်ချုပ် တတ်သူ ဖြစ်ပါသည်။

ကျွန်ုပ် ဌာနာအုပ်ဖြစ်ခဲ့စဉ်က လည်း လက်အောက်တပ်ဖွဲ့ဝင်များကို အခြားနေရာများ၌ လိုက်လိုက်လျော လျော လုပ်ပေးခဲ့သော်လည်း စည်းကမ်း နှင့်ပတ်သက်၍ တစ်ပြားသားမျှ အလျှော့ မပေးခဲ့ပါ။ စည်းကမ်းကောင်းအောင် လုပ်နိုင်လျှင် အုပ်ချုပ်ရေး၌ တစ်ဝက် အောင်မြင်ပါသည်။ လက်အောက်တပ် ဖွဲ့ဝင်တွေ စည်းကမ်းမလိုက်နာချင်လာ အောင် မလိုအပ်သော အချိန်ဖြုန်းတီးမှု မျိုး မလုပ်မိဖို့လည်း လိုပါသည်။ နံနက် ၄ နာရီဆောင်ရွက်ရမည့်ကိစ္စကို ညအိပ် လာနေဖို့ ခေါ်ဖို့မလိုပါ။ နံနက် ၃ နာရီခွဲ အရောက်လာဖို့ ခေါ်ဖို့လိုပါသည်။ နံနက် ၄ နာရီ တန်းစီရမှတ်ချိန် ရောက် မလာသူကို ဘာဆင်ခြေမှ လက်မခံဘဲ ကျောင်းမှန်းကန်မှန်းသိသွားအောင် ထိ ထိရောက်ရောက် အရေးယူဖို့ လိုပါ သည်။ ထိုသို့ အရေးယူလိုက်ပါက ပျက် ကွက်သူ တပ်ဖွဲ့ဝင်လည်း ထပ်နောက် မကျရဲတော့သလို၊ ကျန်တပ်ဖွဲ့ဝင်အား လုံးကလည်း "ဒီလူကြီးက တကယ် ဆော်သဟ"ဆိုပြီး စည်းကမ်းအတိုင်း လိုက်နာကြပါလိမ့်မည်။ အုပ်ချုပ်သူက စည်းကမ်းနှင့် ပတ်သက်တာရော၊ သက် သာချောင်ချိမှုနှင့် ပတ်သက်တာရော ကျောသား၊ ရင်သား မခွဲခြားဖို့တော့ လိုပါလိမ့်မည်။

ထိုနေ့ မွန်းလွဲ ၁၂ နာရီကျော် တွင် ကျွန်ုပ်သည် ကမာရွတ်ရဲဌာနသို့ ကျွန်ုပ်၏ ရဲကားဖြင့် ပြန်လာခဲ့ပါသည်။

(လေး)

**မိုးကြိုးပစ်သံ နား၌ည်း**

ကျွန်ုပ်သည် ကမာရွတ်ရဲဌာနရှိ ကျွန်ုပ်၏ရုံးခန်းသို့ မွန်းလွဲ ၁ နာရီခန့် တွင် ပြန်ရောက်ပါသည်။ ကျွန်ုပ်၏ စားပွဲပေါ်ရှိ ဝင်စာ၊ ထွက်စာ၊ တင်ပြစာ များကို စိစစ်ဆောင်ရွက်နေပါသည်။

မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကျွန်ုပ်၏ စားပွဲပေါ်ရှိ စကားပြောဖုန်း ခေါ်င်းလောင်း သံ မြည်လာပါသည်။ ကျွန်ုပ်က စကား ပြောခွက်ကို ကောက်ကိုင်လိုက်ပါသည်။

"ဟဲလို… အမိန့်ရှိပါခင်ဗျ။ ကျွန် တော် နယ်စီးလုံခြုံရေးမှူး မောင်မောင် သန့် စကားပြောနေပါတယ်"

"ငါ ရဲမင်းကြီးပါ။ မင်းသိပြီးပြီ လား။ မင့်အပိုင်မှာ ——ဌာန တာဝန်ခံ အိမ်မှာ ခိုးမှုဖြစ်တာ။ အဲဒါအမြန်သွား ——ဌာန တာဝန်ခံကတော်နဲ့ တွေ့ပြီး စုံစမ်းပြီး ငါ့ကိုတင်ပြ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါခင်ဗျ။ ကျွန်တော် အခုပဲသွားလိုက်ပါ့မယ် မင်းကြီး"


ရဲမင်းကြီးဦးဆက် အသံကြား လိုက်ရကတည်းက တစ်ခုခုဖြစ်ပြီကို ကျွန်ုပ်သိလိုက်၏။ ——ဌာန တာဝန်ခံ အိမ် အခိုးခံရလို့ဟု သိလျှင်သိလိုက်ချင်း ကျွန်ုပ်၏ဦးခေါင်းအား မိုးကြိုးပစ်လိုက် သည်ဟု ထင်မှတ်လိုက်မိ၏။ "ဘုရား၊ ဘုရား။ ——ဌာန တာဝန်ခံအိမ်မှ သူခိုး ခိုးခံရတယ်လို့၊ ဒုက္ခပါပဲ"ဟူ၍လည်း ကျွန်ုပ် အသံထွက်သွားသည်အထိ ညည်းလိုက်မိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

သုသိဏ်

www.burmeseclassic.com

www.burmeseclassic.com



## ဆင်းရဲသားလျှော့နည်းပပျောက်ရေး

# လောင်းကစားကို နှိမ်နင်းပေး

**ဝင်းဇော်(သုံးဆယ်)**

"ဘာဂဏန်း ထွက်သွားသလဲ"

"တစ်လုံးတည်း ကပ်လွဲသွားတယ်"

"ဝမ်းချိန်း"

"မ R လိုက်တာ နာသကွာ"

"အိပ်မက်ဂဏန်းက ပေါက်တတ်တယ်နော်"

ဆိုသည့်အသံများက ဈေးထဲ၊ အရပ်ထဲတွင် တနင်္လာနေ့မှ သောကြာနေ့ အထိလည်းကောင်း၊ လစဉ် ခရစ်နှစ်လ၏ ၁ ရက် ၁၆ ရက်များတွင်လည်းကောင်း တီးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးဖြင့် မကြားချင်အဆုံး ကြားနေရသည်မှာ နှစ်ပေါင်းများစွာ မနည်းတော့ချေ။

အလားတူ စနေ၊ တနင်္ဂနွေညများနှင့် ချန်ပီယံလိ(ဂ်)ပွဲညများတွင်လည်း လက်ဖက်ရည်ဆိုင်များ၌ ဘောလုံးပွဲကြည့်ပရိသတ်များနှင့် အိမ်ကွင်း၊ အဝေးကွင်း၊ ဗိုက်ကျာ၊ ငါးမူး၊ သရေအရှုံး၊ မောင်းထိုးထား

www.burmeseclassic.com

www.burmeseclassic.com

သည် စသည်ဖြင့် အဲသံများက လည်း အော်ဟစ်အားပေးသံများနှင့် အတူ ကြားနေရသည်။

ကျွန်တော်တို့လူမျိုးသည် ခလောင်းကစားအရာ၌ ဝါသနာထုံသည်ဟု ဆိုချင်သည်။ စကားပြောရာ၌ အငြင်းအခုံဖြစ်လာလျှင် "ဟော့ ကောင် လောင်းမလား"ဟု ပြောတတ်ကြသည်။ အသုဘဆိုလျှင် လည်း ဖဲဝိုင်းရှိမှ ညဘက် လူစောင့်ရှိသည်။ ဖဲဝိုင်းမရှိလျှင် မသာစောင့်ပင် မရှိချင်။ ဆိုက်ကားဂိတ်တွင် ကျားကွက်ရှိသည်။ လမ်းထိပ်တွင် ဘိလိယက်ခုံရှိသည်။

လောင်းကစား အမျိုးအစားထဲတွင် နှစ်လုံးနှင့် သုံးလုံး(ချဲထီ)က လွယ်ကူအတွင်ကျယ်ဆုံးဖြစ်သည်။ ကျွမ်းကျင်စရာ မလိုပါ။ ကြားဂဏန်း၊ ထင်ဂဏန်း၊ အိပ်မက်ဂဏန်းတို့ကို ထိုး၍ရသည်။ ဖဲကစားနည်း၊ ဘိလိယက်ကစားနည်းမှာက ကျွမ်းကျင်ဖို့လိုသည်။ လူလိုသည်။ နေရာလိုသည်။ ထို့ကြောင့် လူတိုင်းမကစားနိုင်ပါ။ ဘောလုံးပွဲဆိုလျှင်လည်း ဘောလုံးပွဲရှိမှ လောင်းကစား၍ရသည်။ နေ့တိုင်း ဆောင်ရွက်၍မရ။ ထို့ကြောင့် နှစ်လုံး၊ သုံးလုံး လောင်းကစားနည်းက လူတန်းစား အဆင့်အတန်းမရွေး ကျွမ်းကျင်မှု၊ နေရာ မလိုအပ်ဘဲ လှည်းနေ၊ လှေ စောင်း၊ မြင်းဇောင်းမကျန် လယ်ကွင်းအဆုံး တစ်ပြည်လုံးအနှံ့ ကစားနိုင်ကြသည်။

နှစ်လုံး-သုံးလုံး ထိုးသူအများစုသည် ဆင်းရဲသား လက်လုပ်လက်စား မိသားစုဝင်က များသည်။ ဒိုင်ကိုင်သူက ငွေကြေးမတည်ပြီး လူရည်လည်သူကို လက်ခွဲ၊ ကော်မရှင်စားထားသည်။ သူတို့က နောက်ကနေသည်။ လူသိ၊ လူမြင် မခံကြ။ ဆင်းရဲသားလက်လုပ်လက်စားတို့က ဘဝမွန်းကျပ်မှုကို ထွက်ပေါက်ရှာရင်း အချို့က အရက်ဆိုင်၊ အချို့က လောင်းကစားဒိုင်သို့ ရောက်ကြရပါသည်။ မိမိတို့ချွေးစက်ဖြင့် မောပန်းနွမ်းနယ်စွာရှာထားသမျှ အဖတ်မတင်။ စားဝတ်နေရေး၊ ကျန်းမာရေးဘက်သို့ အလုံးစုံ မရောက်။ လောင်းကစားဖြင့် အဟောသိကံဖြစ်ကြရသည်။

ကျွန်တော်တို့ဒေသတွင် လေးကောင်ဂျင်ကစားနည်း ရှိသည်။ ဆင်စွယ်အန်စာတုံး၏ မျက်နှာလေးဘက်တွင် အရုပ်လေးရုပ်ကို ရေးထားသည်။ အနီရောင်အရုပ်နှစ်ခုက ကြက်နှင့် ငါးရှဥ့်၊ အနက်ရောင်အရုပ်နှစ်ခုက ဖားနှင့်ဝက် အရုပ်နှစ်ခုတို့ ဖြစ်သည်။ အနီနှစ်မျိုး၊ အနက်နှစ်မျိုးဖြစ်သည်။ ၎င်းအန်စာတုံးကို အရိုးတပ်ပြီး ပန်းကန်ပြားပေါ်တွင် ဂျင်ကဲ့သို့ မွှတ်နေအောင် လှည့်သည်။ ၎င်းနောက် ဂျင်ကို အဖုံးဖြင့်အုပ်ထားလိုက်သည်။ လည်သည့်အရှိန်ကုန်သွားသောအခါ ဂျင်က အဖုံးထဲတွင်လဲသွားပြီး ငြိမ်သွားသည်။ အဖုံးထဲမှ ဂျင်လည်သံ၊ လဲကျသွားသံကို နားထောင်ပြီး ကြက်သံ၊ ဝက်သံဟုမှန်း၍ အုပ်ခွက်ရှေ့ရှိ ရုပ်ပုံကားချပ်ပေါ်သို့ လောင်းကြေးတင်၍ ထိုးရသည်။

ထိုးသားစုံသွားလျှင် ဒိုင်က အုပ်ခွက်ကို ဖွင့်ပြသည်။ အရုပ်လေးကောင်တွင် တစ်ကောင်သာ ပေါက်ကောင်ဖြစ်သည်။ ဒိုင်က သုံးကောင်ယူထားသည်။ ထိုးသားအတွက် တစ်ကောင်သာရသဖြင့် ဖြစ်နိုင်ခြေက လေးပုံတစ်ပုံသာ ဖြစ်သည်။ တစ်ကောင်တည်းထိုး၍ မိမိထိုးသည့် အကောင် ပေါ်ပါက လျော်ကြေး သုံးဆရသည်။ ငွေ ၁၀၀၀ ကျပ် ထိုးထားလျှင် ၃၀၀၀ ကျပ် ရသည့်သဘောဖြစ်သည်။ အကောက်လည်း ပေးရသေးသည်။ ကြိုး(ခွ) ထိုးလျှင်လည်း ရသည်။ အကွက်ဇယားတွင် အပြည့်အစုံပါသည်။ ကြိုးဆိုလျှင် ထိုးသားနှစ်ကောင်၊ ဒိုင်ကနှစ်ကောင်ဖြစ်၍ ဆတူအခွင့်အရေးဖြစ်သည်။

သို့ရာတွင် လေးပုံတစ်ပုံ အခွင့်အရေး ထက်ဝက်စီ အခွင့်အရေးကိုပင် အမိဖမ်းရန်မလွယ်။ ကိုယ်က ဝက်ထိုးထား၍ ကြက်၊ ဖား၊ ငါးရှဥ့်ထဲမှ တစ်ကောင်ပေါ်လျှင် အစားခံရသည်။ ကိုယ်က အနက်နှစ်ကောင်ထိုးထား၍ အနီတစ်ကောင် ပေါ်လျှင်လည်း အစားခံရသည်။ ထိုးသားတိုင်းနိုင်ရမည်ဆိုလျှင် ဒိုင်လုပ်စားသူ ရှိတော့မည်မဟုတ်။

ယနေ့ ကျွန်တော်တို့မြ မာ

www.burmeseclassic.com

တွေ တပ်မက်စွဲလန်းနေသည့် နှစ်လုံးထီခေါ် လောင်းကစားက ဂဏန်းနှစ်လုံး '၀၀'မှ '၉၉'အထိ အကွက် ၁၀၀ ရှိသည်။ ဒိုင်က ၉၉ ကွက်ယူထားပြီး ထိုးသားက တစ်ကွက်သာရသည်။ ဤကဲ့သို့ များစွာအသာစီးယူထားသည်ကို အဆပေးသည့် လျော်ကြေးဖြင့် မက်လုံးပေးထားသည်။ ထိုးသားတို့က ဒိုင်ယူထားသည့် ၉၉ ကွက်ကို မစဉ်းစား။ အစာကိုမက်ပြီး ဘိုးတော်ဂဏန်း၊ အိပ်မက်ဂဏန်း၊ အတိတ်စိမ်းဂဏန်းများဖြင့် သူဌေးဖြစ်ရန် ကြံစည်နေကြသည်။ အကွက်တစ်ရာမှာ တစ်ကွက်သာ ပေါက်သော်လည်း ပေါက်သူတစ်ယောက်က နာမည်ကြီးသွားသည်။ မပေါက်သူ ၉၉ ယောက်က ခဏတာနောင်တရပြီး နောက်နေ့မှာ ထင်ရာဂဏန်းတွေကို ဆက်ထိုးရင်း နှစ်လုံးသံသရာ လည်နေကြသည်။

ထို့အတူ တစ်လနှစ်ကြိမ်ထွက်သော သုံးလုံးထီ(ချဲထီ)ကလည်း '၀၀၀'မှ '၉၉၉'အထိ အကွက်တစ်ထောင်ရှိသည်။ ဒိုင်က ၉၉၉ ကွက်ယူထားပြီး ထိုးသားက တစ်ကွက်သာရသည်။ အကွက်တစ်ထောင်ရှိလျှင် တစ်ကွက်သာပေါက်ဂဏန်းဖြစ်သော်လည်း အဆများစွာပေးသော လျော်ကြေးဖြင့် မက်လုံးပေးထားသည်။ ထိုးသားတို့မှာ လိုက်လေဝေးလေ ဘဝဖြင့် လောင်းကစားနွံထဲတွင် နစ်နေကြသည်။

လေးကောင်ဂျင် ကစားနည်းတွင် ထိုးသားက လေးကောင်အနက် တစ်ကောင်မိဖို့မလွယ်။ ဒိုင်က အမြဲသာနေသည်။ ဤသို့ဆိုလျှင် တစ်ရာကိုတစ်ကွက်၊ [illegible]ဟောင်ကို တစ်ကွက် အမိအရ လိုက်ဖမ်းနေသူတို့လောက် မိုက်မဲသူ အဘယ်မှာရှိမည်နည်း။ ပေါက်သူတစ်ယောက်နောက်ကို ၉၉ ဦး ၉၉၉ ဦးတို့က လိုက်နေကြသည်။ အားကျနေကြသည်။ နိုင်လျှင် လူသိ ထင်ပေါ်သည်။ ရှုံးလျှင်လူမသိ။ လောင်းကစားသမားဆိုလျှင် မည်သူမှ မယုံကြည်ကြ။ လောင်းကစားသမား၏ မိဘ၊ သားသမီး၊ ဇနီးမယားတို့မှာ မျက်နှာငယ်ကြရသည်။

နှစ်လုံးသုံးလုံးတို့က သူတို့အလုပ်ကို သူတို့လုပ်နေကြခြင်းဖြစ်သည်။ လောင်းကစားဂဏန်းများ မဟုတ်ကြပါ။ ဤသည်ကို ရွှေမြန်မာတို့က အလုပ်ရှုပ်နေကြခြင်း ဖြစ်သည်။ အလုပ်ရှုပ်နေရုံမက မိမိတို့မိသားစု စားဝတ်နေရေးအတွက် မသွဲမသွေလုပ်ရမည့် အလုပ်ကိုပင် သိပ်စိတ်မဝင်စားကြ။ မသေချာမရေရာသောဂဏန်းများကို လောင်းကြေးပေးကာထိုးရင်း ဘဝပျက်နေကြသည်။ ဘဝ၏အဖိုးတန်အချိန်များ၊ လုပ်အားများ၊ ငွေကြေးများ ဆုံးရှုံးနေကြရသည်။ သောဘကြောင့် သောကရောက်နေကြရသည်။

မသိနားမလည်သူတွေအပေါ် လူလည်လုပ်စားနေကြသည်။ မိမိပေါက်၍ မလျော်လျှင်လည်း အဘယ်သို့တိုင်မည်နည်း။ ဥပဒေက ခွင့်မပြုသဖြင့် မိမိသာ အရင်ဖမ်းရေးယူခံရမည်။ ဖြစ်နိုင်ခြေနည်း၍ မသေချာသော လောင်းကစားဖြင့် ဘဝကို အနစ်မွန်းခံနေကြသည်။

ဒိုင်ရှိသောကြောင့် ထိုးသားရှိသည်။ ထိုးသားရှိသဖြင့် ဒိုင်ရှိနေသည်။ ထိုးသားနှင့်ဒိုင်တို့သည် ရပ်ကွက်ထဲတွင် နေထိုင်ကြသူများပင်ဖြစ်သည်။ ရပ်ကွက်တိုင်းတွင် လမ်းမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးတို့ ရှိကြသည်။ ဆယ်အိမ်မှူးရှိသဖြင့် မိမိအပိုင်ရှိအိမ်များတွင်လည်း မည်သည့်အိမ်က လောင်းကစားဒိုင်ဖြစ်သည်ကို သိနိုင်သည်။ သိရမည်။ သိရှိရန်လည်း သူ့မှာ တာဝန်ရှိသည်။ သို့သော် မသိချင်ယောင် လျစ်လျူရှုနေကြသည်။


ဆင်းရဲသား လျော့နည်းပပျောက်ရေးတွင် လောင်းကစားအမြစ်တွယ်နေမှုကိုလည်း အမြစ်ပြုတ်အောင် တိုက်ထုတ်ပစ်ရန်လိုသည်။ တင်းကျပ်စွာဖမ်းဆီးပြီး ထိရောက်စွာ အရေးယူသင့်သည်။ မသေချာ၊ မရေရာသော၊ ဖြစ်နိုင်ခြေနည်းသော လောင်းကစားနည်းများဖြင့် ဘဝကို အနစ်မွန်းမခံကြဘဲ အသိတရားဖြင့် သတိထားဆင်ခြင်ပြီး ရပ်တန်းကရပ်သင့်ကြပါကြောင်း စေတနာကောင်းဖြင့် သတိပေးရေးသားလိုက်ရပါသတည်း။

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ အလိုရှိသည်

## အပိုင်း(၉၃)

## ထိတ်လန့်သော သံဝေဂများဖြင့်(၆)

❑ ဗဟိုစော

တူးတူးတို့ရေ...

ဘုရားမတယ်လို့ပဲ ပြောရတော့မယ် ထင်ပါရဲ့။ ဒေါက်တာဦးခင်မောင်ဌေး Neck line ဖြုတ်ပေးပြီး နောက်တစ်နေ့ (၂၂-၁၁-၁၃)ရက်နေ့ အကြိမ် ၂၀ မြောက် Dialysis ကို လက်ဖျံကြောတွေကတစ်ဆင့် လုပ်တဲ့အခါ သွေးစီးဆင်းတာ အလွန်ကောင်းကြောင်းသိရလို့ပါပဲ။ အဲဒါကြောင့် ကျောက်ကပ်သွေးသန့်စင်တဲ့ မှတ်တမ်းစာအုပ်မှာ အဲဒီနေ့ တာဝန်ကျဆရာဝန် ဒေါက်တာ ဒေါ်ခင်သန်းဝင်းက Good Flow လို့ မှတ်ချက်ရေးထားတာ တွေ့ရပါတယ်။

အမှန်တော့ ဒီ AVF ကိစ္စကို ၅-၁၁-၁၃ ရက်နေ့ ၁၅ ကြိမ်မြောက် Dialysis လုပ်တဲ့နေ့ကတည်းက ဒေါက်တာ ဒေါ်ဥမ္မာလှိုင်ကိုယ်တိုင် (အကြောဆရာ ဒေါက်တာဦးခင်မောင်လွင်ရဲ့ ခွင့်ပြုချက်အရ) လက်ဖျံနဲ့ Neck line နှစ်ဖက်ခွပြီး စတင်စမ်းသပ်လုပ်ပေးခဲ့တာပါ။ အဲဒီနောက်ပိုင်း ဆက်လုပ်လာတဲ့ Dialysis တွေမှာ သွေးစီးဆင်းမှု Good Flow ဖြစ်ခဲ့သလို ခုတစ်ကြိမ် Neck line မရှိတော့ဘဲ AVF အစစ်လုပ်တဲ့အခါမှာလည်း သွေးစီးဆင်းမှုဟာ Good Flow ပါပဲ။

တကယ်တော့ ဒါဟာ အလွန်ဝမ်းသာလုံးဆို့စရာပါ။ နို့မို့ဆို ဆရာဦးခင်မောင်ဌေးပြောသလို Neck Line အသစ်တစ်ခါ ထပ်လုပ်ရရင်တော့ လူရော စိတ်ပါ ပင်ပန်းရတော့မယ့်အပြင် ကုန်ကျစရိတ်ကလည်း အရမ်းခက်ခဲလာတော့မှာ မဟုတ်လားဗျာ။

ခုတော့ ကံကြမ္မာဟာ အေးသာက်က ရပ်တည်ပေးလိုက်လို့ ထင်ပါရဲ့။ Neck Line ဖြုတ်ပေးတဲ့နောက်ပိုင်း လုပ်သမျှ Dialysis တွေဟာ အခက်အခဲမရှိ အားလုံးအဆင်ပြေခဲ့တာပါပဲ။ ဒါပေမယ့် အခန့်မသင့်ရင် သွေးလမ်းကြောင်းမတည့်တာမျိုး ကြုံရတတ်ပြီး လက်ဖျံမှာ အပ်သွင်းပေါက်အသစ်တွေ နေရာပြောင်းဖောက်ပေးရတာမျိုး ရှိတတ်တာပေါ့လေ။ အဲဒီအခါမျိုးမှာ နာကျင်တဲ့ဝေဒနာကြောင့် အေးမျက်နှာရှုံ့မဲ့နေတာကို ရင်တနင့်နင့်နဲ့ တွေ့မြင်နေရပါတယ်ဗျာ။ ပြောရရင် ကိုယ်ကိုယ်တိုင် နာကျင်ခံနေရသလိုပါပဲ။

အဲဒီလို AVF လုပ်ရပြီဆိုတော့ Dialysis လုပ်တိုင်း ဝယ်နေရတဲ့ ဆေးတွေအပြင် ဆေးဘူးနှစ်ဘူး ထပ်ဝယ်ဖို့ လိုအပ်လာပြန်ပါတယ်။ အဲဒါတွေကတော့ Ethylchroride Spray လို့ခေါ်တဲ့ လက်သွင်းရင်မနာတဲ့ လက်ဖျံထုံဆေးဘူးရယ်။ Dialysis လုပ်ပြီးလို့ လက်ဖျံကြောတွေထဲ ထိုးသွင်းထားတဲ့ အပ်နှစ်ချောင်းကို ပြန်နုတ်တဲ့အခါ သွေးထွက်ရင် ချက်ချင်းသွေးတိတ်စေတဲ့ Cicatrin (10 g) လို့ခေါ်တဲ့ သွေးတိတ်ဆေးမှုန့်ဘူးငယ်ရယ် ဖြစ်ပါတယ်။ အဲဒီ ဆေးနှစ်မျိုးကို အမြဲအရန်သင့် ဆောင်ထားရပါတယ်။

တစ်နည်းပြောရရင် အေးဟာ အခုမှ အဆင့်မြင့် Dialysis လုပ်နေရတဲ့ နာတာရှည်ကျောက်ကပ်ဝေဒနာရှင် (Chronic Kidney Disease) ဖြစ်လို့နေရပါပြီ။ ဒါဆို ဒီလိုမျိုး ဘယ်လောက်အထိကြာအောင် ကျောက်ကပ်ဆက်ဆေးနေရဦးမှာပါလိမ့်။ ဒီရောဂါဟာ ပြန်ရော ကောင်းလာနိုင်ပါဦးမလား။ အခု H.D.မှ ပုံမှန် Dialysis လုပ်နေတဲ့ လူနာတွေထဲမှာ ရောဂါပျောက်ကင်း



www.burmeseclassic.com

www.burmeseclassic.com

သွားတဲ့ လူနာဘယ်နယောက်များ ရှိခဲ့ဖူးပါလိမ့်မလဲ။

ကျောက်ကပ်ရောဂါနဲ့ ပတ်သက်ပြီး ကိုယ်လေ့လာထားမိသမျှမှာတော့ ဝေဒနာရှင်ဟာ အားကစားလုပ်နိုင်တယ်၊ ခရီးသွားနိုင်တယ်၊ အိမ်ထောင်တောင် ပြုနိုင်သေးတယ်။ ဒါပေမယ့် သတ်မှတ်ရက် ရောက်လာရင်တော့ မပျက်မကွက် Dialysis လုပ်ရမယ်။ ဒါမှလည်း ခန္ဓာကိုယ်ထဲက ကျောက်ကပ်မစွန့်ထုတ်နိုင်တဲ့ အညစ်အကြေးတွေ၊ အဆိပ်အတောက်တော်ကို စက်အကူအညီနဲ့ စွန့်ထုတ်ပစ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအခါ လူကောင်းတစ်ယောက်လို သက်ဝင်လှုပ်ရှား နေနိုင်ပါလိမ့်မယ်။

ကျောက်ကပ်ဝေဒနာရှင်အနေနဲ့ကတော့ သက်ဆိုင်ရာသမားတော် ညွှန်ကြားထားတဲ့ ရက်အတိုင်း ပုံမှန် Dialysis လုပ်နေလို့ကတော့ ကျန်းမာရေးကောင်းနေပြီး ပကတိသာမန်လူကောင်းတစ်ယောက်နဲ့မခြား စားနိုင်၊ သောက်နိုင်မှာပါ။ ဒါ့အပြင် လူ့ပတ်ဝန်းကျင်မှာလည်း လူရာဝင်အောင် ပြောနိုင်ဆိုနိုင်၊ တွေးခေါ်ဆုံးဖြတ်နိုင်မှာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် တစ်ခုရှိတာက ကိုယ်လေ့လာထားမိသလောက် H.D. မှာ ကျောက်ကပ်လာဆေးနေတဲ့ ဝေဒနာရှင်တွေထဲမှာ ဝဖြိုးဖြိုးတစ်ယောက်မှ မတွေ့မြင်ရသလောက်ပါပဲ။ ဝေဒနာရှင်မှန်သမျှ အားလုံးလိုလို ပိန်ကပ်ကြုံလှီနေကြတာချည်းပါပဲ။

အထူးသဖြင့် လေးငါးခြောက်နှစ် ကြာမြင့်အောင် နှစ်ချီပြီး Dialysis လုပ်နေတဲ့ ဝေဒနာရှင်တွေဟာ စောစောကပြောသလို ကျန်းကျန်းမာမာ ရှိကြပေမယ့် သူ့ခန္ဓာကိုယ်ကတော့ အရိုးပေါ်အရေတင် ပိန်ကပ်နေရှာပါပြီ။

ဒါဟာ သဘာဝအတိုင်းမဟုတ်ဘဲ ခေတ်မီစက်ကိရိယာရဲ့ စွမ်းအားနဲ့ ကျောက်ကပ်ဆေးရမှန်များလို့ နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ဘေးထွက်ဆိုးကျိုး(Side effect) ကြောင့် ဖြစ်မယ် ထင်ရဲ့ဗျာ။ အဲဒါကြောင့်မို့လား မသိဘူး။ အေးရဲ့ အဒေါ်ဝမ်းကွဲ အန်တီဝိုင်း(ယခင် အထက်တန်း သူနာပြု)က "မဆေးနဲ့၊ ဆေးရင် တစ်ခါတည်း ပိန်ကျသွားလိမ့်မယ်"လို့ အကြံပြုခဲ့ပါသေးတယ်။ ရပ်ကွက်ထဲက ဗိုလ်ကဆေးခန်းက ဒေါက်တာရဲထွဋ်ကလည်း "မဆေးနဲ့၊ ရေရှည် ကုန်ကျစရိတ် ခံနိုင်မှာမဟုတ်ဘူး"လို့ ပြောခဲ့ပါသေးတယ်။

သို့ပေမယ့် ၂၀-၉-၂၀၁၃ ရက်နေ့ အာရှတော်ဝင်ဆေးရုံဆီ အရေးပေါ် ရောက်သွားတဲ့အခါမှာတော့ တာဝန်ကျဆရာဝန်မက "မဆေးရင် သေမယ်"လို့ အဓိပ္ပာယ်သက်ရောက်တဲ့ စကားမျိုး ပြောခဲ့ပါတယ်။ အဲဒါကြောင့်လည်း သေမှာစိုးရိမ်တာနဲ့ အဲဒီညမှာပဲ ဆေးရုံတက်ခဲ့ရပြီး ဆရာဦးခင်မောင်ဌေးနဲ့ Neck Line ဖောက်ပြီး ညတွင်းချင်းပဲ ကျောက်ကပ်စဆေးခဲ့ရတာ မဟုတ်လားဗျာ။

အဲဒီညကစပြီး ကိုယ့်ရင်ထဲမှာ မေးခွန်းတစ်ခု မကြာခဏ ပေါ်လာတတ်တယ်ဗျ။ အဲဒါကတော့ "ဒါဆို ဆေးရင် မသေနိုင်တော့ဘူးလား"ဆိုတာပါပဲ။ ပြီးတော့ တာဝန်ကျဆရာဝန်မရဲ့ "မသေမချင်းဆေးသွားရမှာလေ"ဆိုတဲ့ မှတ်ချက်အပေါ်မှာလည်း မေးခွန်းထုတ်နေမိသေးတယ်ဗျ။

သူပြောတဲ့ မသေမချင်းဆိုတာ အချိန်ဘယ်လောက်ကို ဆိုလိုတာပဲ။ သက်တမ်းပြည့်အထိ နေသွားရမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးလား။ ဒါမှမဟုတ် လူနာရဲ့ ရောဂါအခြေအနေပေါ် မူတည်ပြီး သက်တမ်းအတိုအလျှော့ကို ပြောချင်တာလား။ ဒါပေမယ့် အဲဒီအချိန်အထိတော့ ဒီမေးခွန်းတွေရဲ့အဖြေတွေကို ဘယ်သူမှ အတိအကျ မဖြေနိုင်ခဲ့ကြသေးပါဘူး။

ကျောက်ကပ်ဝေဒနာရှင်တွေနဲ့ ပတ်သက်ပြီး အေး Neck Line ဖောက်ပြီး ပထမအကြိမ် Dialysis လုပ်ရတုန်းက ဘာမှလေ့လာခွင့် မရခဲ့သေးပါဘူး။ အဲဒီည ၁၂ နာရီကျော်မှာ အေးလို ကျောက်ကပ်လာဆေးတဲ့ လူနာဆိုလို့ H.D. တစ်ခန်းလုံးမှာမှ အမျိုးသမီးတစ်ယောက်ပဲ တွေ့ရတယ်ဗျ။ ပြီးတော့ ဆေးရုံတက်တော့ (၁၀)က လူနာ(၁၂)ယောက်နေရတဲ့အခန်း၊ ၃၀၀၈ က ခုတင်(၅၉)မှာလေ။ အဲဒီမှာတော့ အမျိုးသား၊ အမျိုးသမီး ရောနှောနေပြီး ရောဂါကလည်း အမျိုးစုံပါပဲ။ အခန်းခကလည်း တစ်နေ့ကို ၉၀၀၀ိ/-ပဲ ပေးရတာလေ။

နောက်တစ်နေ့ ၂၂-၉-၁၃ နေ့လယ် ၂ နာရီကျော်ကျမှ (၉)ထပ်က တစ်ယောက်ခန်း (၂၀၉၅) အခန်းရလို့ ပြောင်းခဲ့ရတယ်ဗျ။ အဲဒီည ၇:၃၅ နာရီကနေ ၁၀:၃၅ နာရီအထိ (အချိန်ပြည့် ၃ နာရီကြာ) ဒုတိယအကြိမ် ဆေးကျောက်



www.burmeseclassic.com

www.burmeseclassic.com

ကပ်ဆေးရတယ်။ အဲဒီညကတော့ ဆရာဦးခင်မောင်ဌေးကိုယ်တိုင် Dialysis လုပ်တာ လာကြည့်တယ်။ သူ ဖောက်ထားတဲ့ Neck Line အခြေအနေ ကောင်းမကောင်း လာစစ်ဆေးတာပါ။

အဲဒီညမှာတော့ H.D. မှာရှိတဲ့ ခုတင် ၂၀ လုံး ကျောက်ကပ်ဆေးနေတဲ့ ဝေဒနာရှင် အပြည့်ပါပဲ။ ဆေးရုံတက်နေတဲ့ လူနာတွေရော၊ အပြင်ကနေ လာဆေးကြတဲ့ ဝေဒနာရှင်တွေရောပေါ့လေ။ ဒီအာရှတော်ဝင်ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာန(H.D.) မှာ တစ်ချိန်ကို လေးနာရီနှုန်းနဲ့ တစ်နေ့ကို လေးကြိမ် Dialysis လုပ်ပေးတယ်။ ဒါကြောင့် တစ်ချိန်ကို လူနာ ၂၀ ဆိုရင် တစ်နေ့ကို လူနာ ၈၀ ကျောက်ကပ်လာဆေးနေကြပါတယ်။

ကျောက်ကပ်ရောဂါနဲ့
ပတ်သက်ပြီး
ကိုယ်လေ့လာထားမိသမျှမှာတော့
ဝေဒနာရှင်ဟာ
အားကစားလုပ်နိုင်တယ်၊
ခရီးသွားနိုင်တယ်၊
အိမ်ထောင်တောင်
ပြုနိုင်သေးတယ်။ ဒါပေမယ့်
သတ်မှတ်ရက်
ရောက်လာရင်တော့ မပျက်မကွက်
Dialysis လုပ်ရပါမယ်။

ဒါအာရှတော်ဝင် တစ်ခုတည်းကို ပြောတာပါ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ပုဂ္ဂလိကဆေးရုံအတော်များများမှာလည်း အဲလို ကျောက်ကပ်ဆေးနေရတဲ့ လူနာတွေ ရှိနေတယ်။ ဒါဆို တစ်နေ့ လူနာဘယ်လောက် ဆေးနေကြရလဲ။

ဒါက ရန်ကုန်တစ်မြို့တည်းကို ပြောတာလေ။ ကျောက်ကပ်ဆေးစက်တွေရှိတဲ့ နယ်မြို့ကြီးတွေမှာလည်း ဆေးနေကြရတာပါပဲ။ ဒါဆို တစ်ပြည်လုံးမှာ ကျောက်ကပ်ဆေးနေရတဲ့ လူနာ ဘယ်လောက်တောင် ရှိနေနိုင်မလဲ။

အေး အရေးပေါ်ဆေးရုံတင်ရတယ်ကြားလို့ ၂၂-၉-၁၃ ရက်နေ့ နေ့လယ်ခင်း ၁း၃၀ နာရီမှာ အေးညီမ ရီမြင့်အေး၊ အဒေါ်ဝမ်းကွဲ အန်တီပိုင်းနဲ့ မြေးကြီးယွန်းယန်းတို့ ရောက်လာကြည့်ကြပါတယ်။ အဲဒီအချိန်မှာ တစ်ယောက်ခန်း ၂၉၀၅ ဆီ မပြောင်းရသေးပါဘူး။ (၁၀)ထပ်က အခန်း ၃၀၀၈၊ ခုတင်နံပါတ်-၅ မှာပဲပေါ့။

အဲဒီနောက်ပိုင်းတော့ အေးရဲ့မောင် ကိုတင်အောင်လင်း၊ မောင်ဝမ်းကွဲ အောင်ခင်ထွန်း၊ မခင်စန်းဦး(အစ်မဝမ်းကွဲ)၊ ချိုချိုဇော်(ယောက်မငယ်)တို့ သာကြည့်ကြပါတယ်။ အများဆုံးရောက်လာတာကတော့ သမီးကြီး ထက်ထက်နိုင်ရဲ့ သူငယ်ချင်းတွေပါပဲ။

ကျောက်ကပ်သွေးသန့်စင်ခန်း H.D. ထဲကိုတော့ မစန္ဒာအောင်၊ ကိုတင်အောင်လင်း၊ ရီမြင့်အေးနဲ့ ချိုချိုဇော် လာပြီး ပြုစုစောင့်ရှောက်ခဲ့ကြပါတယ်။ ဆေးရုံတက်နေတုန်း ကိုယ်နဲ့ သားသမီးသုံးယောက် အလှည့်ကျ ညအိပ်စောင့်ကြပါတယ်။ ဒါပေမယ့် Dialysis လုပ်တဲ့နေ့တွေမှာတော့ ကိုယ်အမြဲ အေးဘေးမှာ ရှိနေခဲ့ပါတယ်။

အေး ဆေးရုံကဆင်းပြီးနောက် တစ်ပတ်နှစ်ကြိမ် ပုံမှန်လာဆေးတဲ့အခါ သားသမီးတွေ အလုပ်ကိစ္စရှိလို့ အလှည့်ကျပဲ လိုက်လာနိုင်ကြပေမယ့် ကိုယ်ကတော့ တစ်ရက်မှ မပျက်ကွက်ခဲ့ပါဘူး။ ဒါဟာ အေးနောက်ဆုံးအကြိမ် Dialysis လုပ်ခဲ့ရတဲ့ အကြိမ် (၃၆) ကြိမ်မြောက်တဲ့နေ့အထိပါပဲ။ ဒါကို ခုနေ ပြန်စဉ်းစားကြည့်တော့ ကျောက်ကပ်ဆေးရတဲ့ အချိန်လေးနာရီအတွင်းမှာ အေးဟာ ချမ်းတုန်တာ၊ အန်တာ၊ သွေးပေါင်ကျတာ တစ်ခုမဟုတ်တစ်ခု ဖြစ်တတ်လေတော့ ကျောက်ကပ်ဆေးနေတုန်း အေးတစ်ခုခုဖြစ်မှာစိုးလို့ မျက်ကွယ်မပြုနိုင်လို့ပဲ ဖြစ်ပါလိမ့်မယ်။

အေးဆေးရုံတက်နေတုန်း ကိုယ်ဘဏ်-၃ မှာ ပင်စင်သွားထုတ်တဲ့အခါ အေးပင်စင်ကိုတော့ ကိုယ်စားလှယ်လွှဲစာနဲ့ ထုတ်ယူခဲ့ရပါတယ်။ အကြိမ် ၂၀ မြောက် Dialysis နေ့က Neck Line အစား AVF စနစ် ပြောင်းလဲဆေးကြောတာ အောင်မြင်ခဲ့လို့လား မသိဘူး။ ၂၆-၁၁-၁၃ မနက် ၉ နာရီမှာတော့ အေးကိုယ်တိုင် ကိုယ်နဲ့အတူ လိုက်ပါလာပြီး ဘဏ်-၃ မှာ နိုဝင်ဘာလအတွက် ပင်စင်ကို သူကိုယ်တိုင် ထုတ်ယူခဲ့ပါတယ်။ ကိုယ်ရောစိတ်ချမ်းသာရေးတိုးတက်လာတဲ့ ပြယုဂ်တစ်ခုပဲ ဖြစ်မယ်ထင်ပါရဲ့။

www.burmeseclassic.com

ဒီကြားထဲမှာ ကိုယ်တို့ကျောက်ကပ်ဆေးရတာ ငွေကုန်ကြေးကျများနေမှန်းသိသော ကျောင်းနေဖက်သူငယ်ချင်း ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က မြန်မာဆေးနှင့် ပြောင်းကုရန် မကြာခဏ တိုက်တွန်းနေခဲ့တယ်။ ဒါကြောင့် ၂-၁၂-၁၃ ရက်နေ့မှာ သူလမ်းညွှန်တဲ့ ကင်းဘဲလ်လမ်းက တိုင်းရင်းဆေးရုံကြီးဆီ အေးကို ခေါ်သွားပြီး ပြသခဲ့တယ်။ ဆေးရုံပထမထပ်မှာရှိတဲ့ အထွေထွေဆေးသိပ္ပံဌာနက ဆရာကြီးဆိုသူနှင့် ပြခဲ့ရပါတယ်။ ကိုယ်က ကျောက်ကပ်ဆေးလာတာ အကြိမ် ၂၀ ကျော်လာပြီဖြစ်လို့ ကြာလေ ငွေကြေးအခက်အခဲရှိလာကြောင်း။ ဒါကြောင့် ကျောက်ကပ်ဆေးတာကိုရပ်ပြီး တိုင်းရင်းမြန်မာဆေးနဲ့ ဆက်ကုလိုကြောင်းပြောပြတယ်။ ဆရာကြီးက ကျောက်ကပ်ဆေးနေတာကို ရပ်လိုက်လို့မဖြစ်ကြောင်း။ သက်ဆိုင်ရာသမားတော်ရဲ့ ညွှန်ကြားချက်အတိုင်း မပျက်မကွက် ဆက်လက်ဆေးကြောနေဖို့ အရေးကြီးကြောင်း၊ လက်ရှိအခြေအနေမှာ ကျောက်ကပ်ဆေးတာကို ရပ်တန့်ပြီး တိုင်းရင်းမြန်မာဆေးဝါးနဲ့ ဆက်လက်ကုသရန် မဖြစ်နိုင်သေးကြောင်း စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြပါတယ်။

ဆရာကြီးမှာ တိုင်းရင်းမြန်မာဆေးပညာရှင်ဖြစ်ပေမယ့် ကျောက်ကပ်ဆေးတာကို အနောက်တိုင်းသမားတော်တစ်ယောက်လို ထဲထဲဝင်ဝင် ရှင်းပြနိုင်တာတွေ့ခဲ့ရပါတယ်။ အဲဒီအကြောင်း ကိုစိုးဝင်းကို ပြန်ပြောပြတော့ သူက "ဟုတ်လား"ဟုသာ စိတ်မပါသလို ခေါင်းညိတ်

> *အမှန်မှာတော့*
> *တိုင်းရင်းမြန်မာဆေးနဲ့*
> *အနောက်တိုင်းဆေးဝါးတွေကို*
> *နှိုင်းယှဉ်ပြီး*
> *မဝေဖန်အပ်ပါဘူး။*
> *သူတို့ဟာ အခြေခံနည်းစနစ်*
> *မတူကွဲပြားတဲ့*
> *လိုင်းတစ်လိုင်းစီအပေါ်မှာ*
> *သီးခြားစီ*
> *ရပ်တည်နေကြတာပါ။*

ပြီး နောက်ထပ် ဘာတစ်လုံးမှ ဆက်မပြောတော့ပါဘူး။

နောက်မှ သိရတာက ကိုစိုးဝင်းရဲ့အမျိုးသမီး ပန်ကရိယကင်ဆာနဲ့ ဆေးရုံတက်ကုသရင်း ဆုံးပါးခဲ့တာနဲ့ ပတ်သက်ပြီး သူကိုယ့်ကို စောဒကမေးခွန်းတွေ မကျေမနပ်နဲ့ ဒီလိုမေးခဲ့ဖူးတယ်လေ။

"သူတို့က နိုင်ငံခြားက ဆေးပညာပါရဂူဘွဲ့ကြီးတွေတောင် ရထားတာပဲ။ ရောဂါကို ပျောက်အောင်ကုနိုင်ရမှာပေါ့။ ဒီလိုပျောက်အောင်မကုနိုင်ရင် ဒီဘွဲ့ကြီးတွေက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ ဒါကြောင့် ကျွန်တော့်သမီးကို မှာထားတယ်။ ကျွန်တော်တစ်ခုခုဖြစ်ရင် တိုင်းရင်းမြန်မာဆေးဆရာဆီကိုပဲ ပို့လို့"

တကယ်တော့ ကိုစိုးဝင်းဟာ သူ့အမျိုးသမီးရောဂါကို ပျောက်အောင် ကုသမပေးနိုင်ခဲ့တဲ့ အနောက်တိုင်းဆေးပညာရှင် သမားတော်တွေအပေါ်မှာ မကျေမချမ်းစိတ်နဲ့ တစ်ဖက်သတ်နားလည်နေပုံရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ်ကလည်း သူ့ကို မေးခွန်းတစ်ခု မေးလိုက်ချင်ပါသေးတယ်။

၂၀-၉-၁၃ ရက်နေ့မနက် အေးသတိမေ့သလိုဖြစ်လာလို့ အာရှတော်ဝင် ဆေးရုံကို အရေးပေါ်တင်ရတဲ့အချိန်က ဆေးရုံရောက်ရောက်ချင်း ဆရာဝန်နဲ့ သူနာပြုဆရာမတွေ ဝိုင်းပြီး ဆေးထိုး၊ ဆေးသွင်း ကုသလိုက်လို့ ၁၅ မိနစ်အတွင်း အေးဟာ ပကတိလူကောင်းတစ်ယောက်လို သတိရပြီး ပြောနိုင်ဆိုနိုင်လာပါတယ်။

ကိုယ် သူ့ကိုမေးလိုက်ချင်တာက အဲလိုမျိုး ချက်ချင်းသတိပြန်ရပြီး လူကောင်းတစ်ယောက်လိုဖြစ်လာအောင် ဘယ်တိုင်းရင်းမြန်မာဆေးရုံ၊ ဆေးခန်းက ကုသပေးနိုင်မှာလဲလို့။

အမှန်မှာတော့ တိုင်းရင်းမြန်မာဆေးနဲ့ အနောက်တိုင်းဆေးဝါးတွေကို နှိုင်းယှဉ်ပြီး မဝေဖန်အပ်ပါဘူး။ သူတို့ဟာ အခြေခံနည်းစနစ် မတူကွဲပြားတဲ့ လိုင်းတစ်လိုင်းစီအပေါ်မှာ သီးခြားစီ ရပ်တည်နေကြတာပါ။

အနောက်တိုင်းဆေးဝါးနဲ့ ကုလို့မရလို့ တိုင်းရင်းမြန်မာဆေးဝါးနဲ့ ပြောင်းကုမှ လုံးဝပျောက်ကင်းချမ်းသာ ရသွားတဲ့ ရောဂါမျိုးတွေ ရှိပါတယ်။ အဲဒီလိုပဲ တချို့ရောဂါတွေကို တိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

မြန်မာဆေးဝါးနဲ့ ကုသနိုင်စွမ်းမရှိလို့ အနောက်တိုင်းဆေးဝါးနဲ့ ကုသမှ ပျောက်ကင်းသွားတာမျိုးလည်း ရှိနေပါတယ်။

အဲဒါကြောင့်မို့လို့ အနောက်တိုင်းဆေးဝါးကမကောင်းဘဲ တိုင်းရင်းမြန်မာဆေးဝါးကမှ ကောင်းတယ်လို့ တစ်ဖက်သတ် သိမ်းကျုံးပြီး အတင်းကြီးကောက်ချက်ဆွဲလို့ မဖြစ်ပါဘူး။ လူနာခံစားနေရတဲ့ ဝေဒနာရဲ့ ဇာစ်မြစ်ကို ကြည့်ပြီး ဒီရောဂါကဖြင့် တိုင်းရင်းမြန်မာဆေးဝါးနဲ့ ကုသင့်တယ်၊ ဒီရောဂါဟာဖြင့် အနောက်တိုင်းသမားတော်နဲ့ ပြသသင့်တယ်လို့ ဆုံးဖြတ်ပြီး ကုသနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ဒါမှလည်း အနာနဲ့ဆေး တည့်ပြီး ပျောက်ရေးမခက်မှာပေါ့ဗျာ။

ကိုယ် အေးရောဂါကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ နှစ်ကြိမ်၊ အာရှတော်ဝင်ဆေးရုံမှာ တစ်ကြိမ် ဆေးရုံတက် ကုသမှုခံယူခဲ့ရတုန်းက ဆရာဝန်၊ ဆရာမ အတော်များများနဲ့ တွေ့ထိဆက်ဆံခဲ့ရဖူးပါတယ်။ အဲဒီအထဲမှာမှ ဆရာဝန်ဖြစ်ဖို့ မွေးဖွားလာတယ်လို့တောင် ပြောလို့ရနိုင်တဲ့ အလွန်ထူးခြားရှားပါးတဲ့ ဆရာဝန်တစ်ယောက်နဲ့ ဆုံစည်းခဲ့ရသဗျ။

သူကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ရောဂါဌာနက လက်ထောက်ဆရာဝန် ဒေါက်တာကိုကိုနိုင်ပါပဲ။

ဆေးရုံကြီး ကျောက်ကပ်ဆောင် (ဒေါ်ပုဆေးရုံ)မှာ မနက်မိုးလင်းရင် တာဝန်ကျဆရာဝန်တစ်ယောက်က ဆေးရုံတက်လူနာတွေကို အလှည့်ကျစစ်ဆေးပြီး လိုအပ်တဲ့ ဆေးဝါးတွေကို လမ်းညွှန်မှုပြုရတယ်လေ။

အဲဒီမှာ တာဝန်ကျဆရာဝန်တော်တော်များများက လူနာရဲ့ ဆေးမှတ်တမ်း(Chart) ကို ကြည့်ပြီး လိုအပ်တဲ့ ဆေးဝါးတွေကို ပြောပြလေ့ရှိပါတယ်။ လူနာတွေကိုတော့ ထုံးစံအတိုင်း သွေးပေါင်ချိန်တာတို့၊ ရင်ဘတ်ပေါ် နားကြပ်ထောက် စစ်ဆေးတာကို လုပ်ကြသေးတာပေါ့လေ။ ဒါလောက်ပါပဲ။ ပြီးရင် တခြားလူနာခုတင်ဆီ ကူးသွားကြတာပါပဲ။

ဒေါက်တာကိုကိုနိုင် တာဝန်ကျတဲ့နေ့မှာတော့ ဆရာဝန်ဟာ အေးခုတင်ဆီ တော်တော်နဲ့ ရောက်မလာနိုင်ပါဘူး။ လူနာကို သွေးပေါင်ချိန်တာတို့၊ နားကြပ်ထောက် စစ်ဆေးတာတို့အပြင် လူနာကို ထိုင်ခိုင်းပြီး ခေါင်းကအစ ခြေဖျားအထိ Chart နဲ့ တိုက်ဆိုင်စစ်ဆေးပြီး လူနာကိုလည်း လိုအပ်တာတွေ မေးမြန်းပါတယ်။ ပြီးမှ လူနာပြန်မေးသမျှ အာရုံစိုက်နားထောင်ပြီး စိတ်ရှည်လက်ရှည်နဲ့ ပြန်ရှင်းပြနေတတ်ပါသေးတယ်။ လူနာကိုယ်တိုင် စိတ်ကျေနပ်ပုံပေါ်မှ နောက်လူနာတစ်ဦးဆီ ကူးသွားတတ်ပါတယ်။

ဒီပုံစံဟာ လူနာတစ်ဦးတစ်ယောက်ကို ကွက်ပြီး သီးသန့်စစ်ဆေးပေးတာမျိုး မဟုတ်ပါဘူး။ အယောက် ၂၀ ကျော် ကျော်ရှိတဲ့ အမျိုးသမီး ကျောက်ကပ်ဆောင်ထဲက လူနာတိုင်းအပေါ် စစ်ဆေးကြည့်ရှုလေ့ရှိတဲ့ "ပုံသေပုံစံ"ပါပဲ။ ဘယ်လူနာကဖြင့် အရေးကြီးလို့ စိမ်ပြေနပြေ စစ်ဆေးပြီး ဘယ်လူနာကတော့ အရေးမကြီးလို့ဆိုပြီး ခပ်ပေါ့ပေါ့ စစ်ဆေးတာမျိုး မတွေ့ရပါဘူး။

လူနာအားလုံးအပေါ် အယုတ်အလတ် အမြတ်မရွေး ရင်ဝယ်သားလို လူနာရဲ့ရောဂါကိုသာမက ရင်ထဲမှာ ခံစားနေရတဲ့ စိတ်သောကတွေကိုပါ သက်သာအောင် နှစ်သိမ့်ပေးနိုင်စွမ်းရှိတဲ့ ပါရမီရှင်တစ်ယောက်ပါ။

အမှန်တော့လည်း ကျောက်ကပ်ဝေဒနာခံစားရပြီဆိုမှဖြင့် အရေးမကြီးတာ မရှိတော့ပါဘူး။ လူနာတိုင်းအတွက် အချိန်နဲ့တစ်ပြေးညီ အရေးကြီးနေတာချည်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်ကပ်ဝေဒနာဟာ ရောဂါနုသည်၊ ရင့်

> လူနာတိုင်းအတွက်
> အချိန်နဲ့တစ်ပြေးညီ
> အရေးကြီးနေတာ
> ချည်းပါပဲ။
> ဘာဖြစ်လို့လဲဆိုတော့
> ကျောက်ကပ်ဝေဒနာဟာ
> ရောဂါနုသည်၊ ရင့်သည်
> မခွဲခြားဘဲ လူနာရဲ့ ဇီဝိန်ကို
> အချိန်မရွေး ခြွေပစ်နိုင်တဲ့
> သေမင်းတမန်
> ရောဂါဖြစ်နေလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

သည် မခွဲခြားဘဲ လူနာရဲ့ ဇီဝိန်ကို အချိန်မရွေး ခြွေပစ်နိုင်တဲ့ သေမင်းတမန်ရောဂါ ဖြစ်နေလို့ပါပဲ။

အေး ကျောက်ကပ်ဆေးရတဲ့ အာရှတော်ဝင်ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာန(H.D.)မှာတော့ ဆရာဝန်မ လေးယောက်ရှိပါတယ်။ ဒေါက်တာဒေါ်စိန်ရယ်၊ ဒေါ်ခင်သန်းဝင်းရယ်၊ ဒေါက်တာဒေါ်ဥမ္မာလှိုင်ရယ်နဲ့ ဒေါက်တာ(ဒေါ်)ဇင်လတ်ဖြိုးတို့ ဖြစ်ပါတယ်။

အဲဒီထဲမှာ ဒေါက်တာဒေါ်စိန်က လုပ်သက်အရင့်ဆုံး စီနီယာဖြစ်ပုံရပြီး ဒေါက်တာဒေါ်ခင်သန်းဝင်းနဲ့ ဒေါက်တာဒေါ်ဥမ္မာလှိုင်တို့မှာလည်း လုပ်သက်မနည်းတော့တဲ့ အတွေ့အကြုံရင့်ကျက်တဲ့ ဆရာဝန်တွေပါ။ သူတို့သုံးယောက်လုံး အသက်ငါးဆယ်ကျော် ပတ်ဝန်းကျင်လောက်စီ ရှိနေကြပြီ ထင်ပါရဲ့။

စတုတ္ထမြောက်ဖြစ်တဲ့ ဒေါက်တာဇင်လတ်ဖြိုးကတော့ ဒေါက်တာဒေါ်စိန်တို့သုံးယောက်ထက် အသက်ထက်ဝက်နီးပါးလောက် ငယ်ပြီး ဆရာဝန်ဖြစ်တာ တစ်နှစ်သာသာလောက်ပဲရှိတဲ့ Very Junior ကျသေးတဲ့ ဆရာဝန်မချောချောလေး ဖြစ်ပါတယ်။

အေး ကျောက်ကပ်စဆေးရတဲ့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှာ ကျန်တဲ့ဆရာဝန်တွေကို ကောင်းကောင်းသိနေခဲ့ပေမယ့် ဒေါက်တာဇင်လတ်ဖြိုးကိုတော့ သေချာသတိမပြုမိခဲ့သေးပါဘူး။ ဘာလို့လဲဆိုတော့ သူက လုပ်သက်နုနယ်သေးတော့ ဒေါ်စိန်တို့လို တာဝန်ခံဆရာဝန်လုပ်ပိုင်ခွင့် မရှိသေးဘဲ စီနီယာကြီးတွေနဲ့ တွဲဖက်ပြီး လက်ထောက်ဆရာဝန်အဖြစ် ဆောင်ရွက်နေရလို့ပါပဲ။ သူ့အများဆုံးတွဲဖက်ဆောင်ရွက်ရတာက ဒေါက်တာဒေါ်စိန်နဲ့ ပိုများတယ် ထင်ပါရဲ့။

ဒါပေမယ့် အေး Dialysis လုပ်တဲ့အခါ မကြာခဏ လာဆောင်ရွက်ပေးရာက မျက်မှန်းတန်းမိစ ပြုလာပါတယ်။ အဲဒီအခါ အေးက ညညအိပ်မပျော်တဲ့အကြောင်း ပြောပြရာက အိပ်ဆေးဝယ်ခွင့် ရေးပေးတာတို့၊ ဆရာဦးခင်မောင်ဌေးက သွေးစစ်လာခိုင်းတဲ့အခါ သွေးစစ်ခွင့်ပုံစံ ရေးပေးတာတို့ မကြာခဏကူညီပေးရင်း တဖြည်းဖြည်း ရင်းနှီးစ ပြုလာပါတယ်။

အထူးသဖြင့် ဓာတ်ခွဲခန်းက သွေးအဖြေစာရွက်ရလာလို့ ကိုယ် သူ့ဆီပြပြီး မသိတာတွေ မေးကြည့်တဲ့အခါ သူက ကိုယ်နားမလည်တဲ့ဝေါဟာရ အသစ်တွေပါနေတာကြောင့် နှုတ်ကမပြောဘဲ ကိုယ်မေးသမျှကို မြန်မာဘာသာပြန်ပြီး စာနဲ့ရေးပြီး ဖြေပြပါတယ်။ အဲဒီအခါ ကိုယ်ကောင်းကောင်းနားလည်သွားလို့ သူ့ကို ကျေးဇူးတင်တဲ့အကြောင်း ပြောရာက တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးလာပါတော့တယ်။

အဲဒီနောက်ပိုင်း အေး Dialysis လုပ်ရင်း အန်တာတို့၊ သွေးပေါင်ကျတာတို့ဖြစ်ရင် သူချက်ချင်းရောက်လာပြီး ပြုစုကုသပေးတတ်ပါတယ်။ လိုအပ်တဲ့ဆေးဝါးတွေ တိုက်ကျွေးတန်ကျွေး၊ ဆေးထိုးဆေးသွင်းတန်သွင်း ဆောင်ရွက်ပေးပါတယ်။ ကိုယ်နဲ့အေးကလည်း သူ့ဂျူတီကျတဲ့နေ့နဲ့ Dialysis လုပ်တဲ့နေ့ တိုက်ဆိုင်တဲ့အခါ တစ်ခုခုဖြစ်ရင် သူ့ကိုပဲ အားကိုးတကြီး အကူအညီတောင်းလာတတ်ကြပါတယ်။

အဲဒါထက် ထူးထူးခြားခြား ကြုံလာတာက စီနီယာဆရာဝန်တွေ ခွင့်ယူတဲ့အခါ သူတာဝန်ခံဆရာဝန်အဖြစ်နဲ့ တာဝန်ထမ်းဆောင်လာရတဲ့ နေ့တွေနဲ့ အေး Dailysis လုပ်ရတဲ့နေ့တွေ မကြာခဏ တိုက်ဆိုင်လာတာပဲ ဖြစ်ပါတယ်။

အဲဒီအခါ သူဟာ H.D. မှာ တာဝန်ကျနေတဲ့ ဒေါက်တာဇင်လတ်ဖြိုးနဲ့ မတူတော့ဘဲ အေးရဲ့ Family Doctor တစ်ယောက်ပမာ ဂရုတစိုက် ပြုစုကုသပေးလာပါတယ်။ ကိုယ်နဲ့အေးကိုလည်း ရင်းရင်းနှီးနှီး အန်ကယ်၊ အန်တီ ခေါ်လာပါတယ်။ အဲဒီကမှတစ်ဆင့်တက်ပြီး ဖေဖေ၊ မာမီ ဖြစ်လာပါတော့တယ်။ ကိုယ်တို့ကလည်း သူ့ကို ကိုယ့်သွေးသားရင်းလို သဘောထားပြီး "သမီး"လို့ပဲ ချစ်စနိုးခေါ်လာမိပါတော့တယ်လေ။

ဒါပေမယ့် ကံမကောင်းချင်တော့ အေးရဲ့ ၃၆ ကြိမ်မြောက် နောက်ဆုံး Dailysis လုပ်ရင်း အသည်းအသန်ဖြစ်တဲ့ ၁-၃-၁၄ ရက်နေ့ စနေနေ့မှာတော့ သမီး ဒေါက်တာဇင်လတ်ဖြိုးရဲ့ နားရက်နဲ့ တိုက်ဆိုင်နေလို့ သူမသိလိုက်၊ မပြုစုလိုက်ရရှာတော့ဘူးလေ။

*(ဆက်လက်ဖော်ပြပါမည်။)*


■ ဗဟိုစာ

www.burmeseclassic.com

www.burmeseclassic.com

# ပြည်ပတွင်နေထိုင်သူအား သီချင်းဆိုသော အမျိုးသမီးကို ထိုးနှက်သည်ဟု စွပ်စွဲ

**လေးဝတီကျော်**



ပြည်ပတွင် နေထိုင်သော ဩစတြေးလျလူမျိုးတစ်ဦးအား နေထိုင်သောဒေသရှိ အမေရိကန်လူမည်းတို့ တီထွင်သည့် "ဂျတ်"ဂီတ အမျိုးသမီးအဆိုတော်တစ်ဦးအား မျက်နှာကို လက်သီးဖြင့်ထိုးကြောင်း ယမန်နေ့က တရားရုံးတွင် စွပ်စွဲတင်ပြလိုက်သည်။ စင်ကာပူတွင် အမြဲနေထိုင်သူ အသက် ၃၈ နှစ်အရွယ် "ပီတာ အာရွန် ဂိုရီမစ်ဂျက်(ဇ)"အား မတ်လ ၁ရက်၊ ညနေ ၉ နာရီ၊ မိနစ် ၂၀ ခန့်က ကမ်းခြေစင်တိုဆာ စခန်းမှာ အသက် ၃၄ နှစ်အရွယ် မစ္စဒွန်ပဟိုကို နာကျင်စေမှုဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းက စွပ်စွဲချက်ကို ငြင်းဆိုထားသည်။

ယခင် သတင်းဖော်ပြချက်၌ ဇိမ်ခံမှန်လုံကားကြီး အငှားယာဉ်မောင်းတစ်ဦးအား ပြည်ပတွင်နေထိုင်သူက ဆူပူကြိမ်းမောင်းခဲ့ကြောင်း မစ္စပဟိုက စွပ်စွဲပြောကြားခဲ့ပြီးနောက် ထိုးနှက်တိုက်ခိုက်သော စွပ်စွဲချက်ဖြစ်ပွားခဲ့သည်ဟု ယုံကြည်ရကြောင်း ဖော်ပြလိုက်သည်။ အခင်းဖြစ်ကိစ္စကို မစ္စပဟိုက လူမှုရေးမီဒီယာပေါ်တွင် ရေးသားဖော်ပြခဲ့သဖြင့် အွန်လိုင်း တွင် ကျယ်ပြန့်သွားခဲ့ခြင်း ဖြစ်သည်။

"ဂိုရီမစ်ဂျက်(ဇ)"သည် နောက်ပိုင်း "အာရှစကွဲယား" ရှိ ဩစတြေးလျအကြောင်းအရာ ပျော်ပွဲစားနှင့် စားသောက်ဆိုင်တစ်ဆိုင်၊ အပြန်အလှန်လည်ပတ်ခြင်း၊ ဈေးကွက်ဌာနမှ အလုပ်ကို နုတ်ထွက်လိုက်သည်။ သူသည် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းတွင် နောက်ထပ်အလုပ်တစ်ခု ရရှိသွားခဲ့သည်။ သူ၏ရှေ့နေ မစ္စတာ ရာရှီနက်သန်က အမှုကို စောစောစစ်ဆေးပေးရန် တရားရုံးသို့ တင်ပြလိုက်ရာ ခရိုင်တရားသူကြီး "ရှိနယ်ဂွီ"က လာမည့်အင်္ဂါနေ့တွင် ပဏာမစစ်ဆေးသွားရန် ချိန်းဆိုလိုက်သည်။ နာကျင်စေမှုအတွက် အများဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ်(၂)နှစ်နှင့် ဒဏ်ငွေ ဒေါ်လာ ၅,၀၀၀ ဖြစ်သည်။

**လေးဝတီကျော်**

*Ref:-*

Expat accused of hitting woman singer, The Straits Times, Friday, 5 September, 2014.

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြွေတတ်သော အမြွေ

(ယခင်လမှအဆက်)

✦ ကျော်မြသန်း

(ကိုး)

ရုံးချိန်းသုံးခါထွက်ပြီးမှ အထူးတန်း ခံစားခွင့်ရရှိခဲ့သည်။ အချုပ်တွင်း တစ်လနှင့် အရက်နှစ်ဆယ် နေထိုင်ခဲ့ရသည်။

ထောင်မှူးလေး ကိုတင်မောင်စိုး၏ အကူအညီရရှိစေကာမူ အနေအထား ဆင်းရဲသည့်ဒဏ်ကိုတော့ ရှောင်လွှဲလို့မရ။ အထူးသဖြင့် ယူကျုံးမရ ခံစားနေသည့် စိတ်ဝေဒနာ၏ ဖိစီးထောင်းထသည်ကိုလည်း ထဲထဲဝင်ဝင်ကြီး ခံစားနေရသည်။

ဘာပဲဖြစ်ဖြစ် အစ်ကိုဖြစ်သူ မကောင်းသည်မှာ မှန်စေကာမူ သူ၏ ကိုယ်ထိလက်ရောက်မှု လွန်ကဲသောကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်သွားရသည်ကိုတော့ စိတ်အစဉ်ကနေ ထုတ်ပစ်လို့မရ။

ထိုအကြောင်းကို စိတ်အစဉ်တွင် မထင်ဟပ်အောင် မေ့ဖျောက်ရန် ကြိုးစားသော်လည်း မရ။ ထိုနေ့က ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်ကြောင်း မြင်ကွင်းမှာ ညည့်အိပ်မက်ဆိုးများ အဖြစ် တိုးဝင်လာစမြဲရှိသည်။

ထိုအိပ်မက်ဆိုး တိုးဝင်လာပြီဆိုလျှင် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးရစမြဲ။ ချွေးလေချောက်ချားမှု ဖြစ်မြဲမြဲရှိရာ တော်တော်နှင့် ပြန်၍အိပ်စက်မရအောင် ဖြစ်ရသည်။ စိတ်ရောကိုယ်ပါ ပင်ပန်းမှု ဒဏ်ချက်ကိုလည်း ထဲထဲဝင်ဝင်ကြီး ခံစားရစမြဲရှိနေသည်။

တတိယပတ် ရုံးထွက်နေ့ကစ၍ အမှုစစ်ဆေးခြင်း စတင်ခဲ့သည်။ အမှုစစ်အရာရှိ၏ အစစ်ခံချက်မှာ အမှန်အကန်များသာဖြစ်သော်လည်း တရားလိုအဖြစ် အစစ်ခံသူ နယ်လီ၏ ထွက်ဆိုချက်များမှာမူ တကယ့်ဖြစ်စဉ်ဖြစ်ရပ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော အစစ်ခံချက်များ ထွက်ဆိုသွားခဲ့သည်။

ထိုနေ့က နယ်လီ၏ထွက်ဆိုချက် တစ်ဝက်တစ်ပျက်ကိုသာ ရုံးတော်က ကြားနာပြီး နောက်တစ်ပတ် ရက်ချိန်း ပေးရသည်။

စက်ရှင်ရုံးတွင် စစ်ဆေးနေသည့်အမှုမှာ သူတို့အမှုတစ်ခုတည်း မဟုတ်။ အခြားသော အမှုများလည်း ရှိသည်။ ထိုအမှုများထဲတွင် စစ်ဆေးမှုပြီးတော့မည့် အမှုများလည်းရှိသည်။

စီရင်ချက်ချမှတ်ရန် ရက်ချိန်း ကန့်သတ်ပြီးသည့် အမှုများလည်း ရှိသည်။ လျှောက်လဲချက် ချမှတ်ရန် ရက်ချိန်းကန့်သတ်ပြီးသည့် အမှုများလည်း ရှိသည်။

နိုင်ငံတော် သစ္စာဖောက် ဥပဒေနှင့် အကျုံးဝင် စွဲဆိုထားသော အမှုများလည်း ရှိသည်။ ●

ထိုအမှုမျိုးမှာ ဦးစားပေးအမှုဖြစ်သလို စစ်ဆေးမှု ပိုမိုတိကျစေရန် အချိန်ယူရသည်။ အမှုကြီးများ ဖြစ်သည့်အတိုင်း နှစ်ဖက်တင်ပြသော လိုပြသက်သေ၊ ခံပြသက်သေလည်း များသည်။

ဒါ့အပြင် စက်ရှင်တရားသူကြီးမှ အခြားသောဌာနဆိုင်ရာ အစည်းအဝေးများသို့ တက်ရသည်လည်းရှိသည်။ စက်ရှင်တရားသူကြီးမှာ အသက်အရွယ် မငယ်။ ကျန်းမာရေးကိစ္စလည်း ရှိပြန်သေးသည်။

မနက်ပိုင်း တစ်နာရီခွဲ၊ ညနေပိုင်း တစ်နာရီခွဲလောက်ထက် ပိုမထိုင်နိုင်။ ထွက်ချက်များကို နားထောင်ရာတွင် အာရုံစိုက်နားထောင်ရသည်။

နားထောင်ရုံနှင့် မပြီးသေး။ ဘေးမှာရှိသည့် လက်နှိပ်စက်ရိုက်ရန် ထွက်ဆိုချက်ထဲမှ လိုရင်းကို စကားကြောင်းပေးရသေးသည်။

နယ်လီ၏ထွက်ဆိုချက်မှာ မှသားမပါ လက်ာမချော်ဆိုသလို အမှန်နှင့် မှသား အဆင်ပြေအောင် စွက်ရသည် မျိုးမဟုတ်ဘဲ လုံးလုံးလျားလျား မှသားအကွက်ထွင်ကာထွက်ဆိုသွားခဲ့သည်။

လေးဆယ့်ငါးမိနစ်ခန့် ထွက်ဆို အစစ်ခံသွားသည့်တိုင် သူမ၏ထွက်ဆိုချက်မှာ မပြီးသေး။ ဆက်ရန်ရှိသေး

www.burmeseclassic.com

သည်။ တတ်လည်းတတ်နိုင်ပါပေ့။

ထိုနေ့က နယ်လီ၏ဖခင်ကြီး ကိုယ်တိုင် လာနားထောင်သည်။ သူ ကိုယ်တိုင် အမှုတွင် လိုက်ပါမဆောင်ရွက်သော်လည်း တရားလိုရှေ့နေကြီးအဖြစ် လိုက်ပါဆောင်ရွက်နေသူ ဗဟိုတရားရုံးရှေ့နေကြီး ဦးသန်းမောင်အား လိုအပ်သော အကြံဉာဏ်များဖြင့် အားဖြည့်ရန်အတွက် လာရောက်နားထောင်နေခြင်း ဖြစ်လိမ့်မည်။

တရားရုံးမှာ တရားလိုဖြစ်စေ၊ တရားခံဖြစ်စေ အစစ်ခံထွက်ဆိုနေစဉ် မမှန်မကန် ထွက်ဆိုခြင်းကိုဖြစ်စေ၊ အမှန်အကန် ထွက်ဆိုခြင်းကိုဖြစ်စေ ပြောဆိုပိုင်ခွင့်ကို အနှောင့်အယှက် မပြုရ။

ရှေ့နေကြီးများ၏ မေးခွန်းအလှည့်ရောက်ရင်တော့ မမှန်မကန် ထွက်ဆိုသွားသည်ကို ပေါ်လွင်အောင် မေးခွန်းများ မေးမြန်းခွင့်ရှိသည်။

သို့တစေ . . . တရားစစ်ဆေးမှုအတွေ့အကြုံရင့်ကျက်သူ တရားသူကြီးများကမူ မမှန်မကန်လား၊ အမှန်အကန်လားဆိုသည်ကို အကဲဖြတ်နိုင်ကြသည်သာ ဖြစ်လေသည်။

အကဲဖြတ် ရရှိချက်အပေါ်မူတည်၍ စီရင်ချက်အပိုင်းတွင် အမှုမှန်ဖြစ်ရေးအတွက် အထောက်အကူအဖြစ် အသုံးပြုနိုင်မည် ဖြစ်၏။

ထိုနေ့က ရုံးထွက်အပြန်တွင် ရင်ထဲမှာ တင်းကျပ်ပြီး စိတ်လှုပ်ရှားမှုများ- ဖြစ်ပေါ်လာသည်။

နယ်လီ၏ ထွက်ဆိုအစစ်ခံချက်များမှာ ခံပြင်းစိတ်ကို နှိုးဆွပေးဘိသကဲ့သို့ ရှိသောကြောင့် အထူးတန်း [illegible] မေ့သွားသည်။

အထူးတန်းသမားများအား ထားသည့် အဆောင်အမှတ်ရှစ်ကို ပြောင်းရွှေ့ခဲ့ရသည်။ ရိုးရိုးတန်း အချုပ်ဆောင်ထက် အများကြီးသာသည်။ အအိပ်အနေသာမဟုတ်၊ အစားအသောက်ပါ ကွာခြားသည်။

ဆန်ဖြူထမင်း၊ မနက်ရောညပါ အသားဟင်း။ ငါးတစ်လှည့်၊ ကြက်တစ်လှည့်၊ ဆိတ်တစ်လှည့်၊ ဝက်တစ်လှည့် စားရသည်။ အသားဟင်း ဆိုပေမယ့် အသားချည်းသက်သက်တော့မဟုတ်။ ငါးနေ့မှလွဲ၍ ကျန်အသားနေ့များတွင် အာလူးအရောပါသည်။ အိမ်ထမင်းဟင်း အဆင့်မမီစေကာမူ စားပျော်သောက်ပျော်ရှိသည်။

သူက ထောင်ကျမဟုတ်သေးသောကြောင့် အိမ်ကအဝတ်အစားပင် ဝတ်ဖို့ရသည်။ သူ၏ လက်ဝဲလက်ယာ ခုတင်ချင်းကပ်လျက်နေရမည့် လူနှစ်ဦးကရော၊ အခန်းတွင်းနေထိုင်လျက်ရှိကြသူ လေးငါးဦးကပါ သူတို့ဘယ်သူဘယ်ဝါဖြစ်ကြောင်း ကိုယ်တိုင်မိတ်ဆက်၍ အကူအညီလိုရင် ပြောဖို့နှင့် အားပေးစကား ပြောကြသည်။

မမြင်ဖူး၊ မသိဖူးသူများဖြစ်ကြစေကာမူ အကျဉ်းခံအချင်းချင်း စာနာစိတ်ထား၍ အားပေးစကားပြောကြသည့်အတွက် မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်အတိုင်း ကျေးဇူးတင်စကားဖြင့် တုံ့ပြန်ရသည်။

သူ၏ညာဘက်ခုတင်မှ ကိုစောသန်းဆိုသူက ရေနွေးကြမ်းဓာတ်ဘူးနှင့် အုန်းထန်းလျက် ထည့်ထားသည့် ဖန်ပုလင်းပါချပေးပြီး ဧည့်ဝတ်ပြုသည်။

မည်သို့ပင်ရှိစေ၊ စရိုက်မတူသူ၊ မနီးစပ်သူများနှင့် နေရသည်မှာ စိတ်မချမ်းသာစရာ မဟုတ်စေကာမူ စိတ်အနှောင့်အယှက်တော့ ဖြစ်ရသည်။

လူနေမှုအဆင့်တူသူ၊ စရိုက်တူသူများနှင့် နေရသည်ကြောင့် စိတ်သက်သောင့်သက်သာ နေရသည်။ ပြောဆိုဆက်ဆံရသည်ကအစ အဆင်ပြေသည်။

သူ၏ဝဲဘက်ခုတင်မှ ကိုရွှေတင်မှာ ဂီတနှင့်နွှယ်စပ်သူ။ သူ၏ခုတင်ခေါင်းရင်းမှာ တယောပြားလေး ချိတ်ထားသည်။

အိပ်ဆောင်တံခါးများ ပိတ်ပြီးနောက် မကြာခင်မှာပင် သူ့လက်သံကို ကြားရသည်။ သူ၏တယောသံမှာ ငြိမ့်ညောင်းညှင်သာသည်။ ထိုးလက်သွက်သည်။ လက်ကွက်စိပ်သည်။

သို့စေကာမူ သူက အသံကို ဖွင့်မထိုးဘဲ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်အောင် အသံကိုထိန်းပြီး ထိုးသည်။

တချို့ကလည်း လေးငါးယောက်သုံးလေးယောက်စု၍ ခုတင်နှစ်လုံးပေါ်မှာထိုင်၍ စကားပြောနေကြသည်။သူတို့နှင့် အတန်ငယ်လှမ်းသည့် ထောင့်ပိုင်းဆီက ရယ်သံများ မကြာခဏ ထွက်လာသည်။ ကျယ်ကျယ်လောင်လောင်ကြီးတော့ မဟုတ်။ ခပ်အုပ်အုပ် ရယ်သံများ။

သူ့ဘေးက ကိုစောသန်းလည်း အဲဒီဝိုင်းထဲ ရောက်နေသည်။ သူတို့က မေ့ကွက်ကိုရှာနေကြသည် ဖြစ်လိမ့်မည်။ တချို့က ခေါင်းရင်းဘက်တွင် အလင်းရောင်အားနည်းသောကြောင့် အလယ်ကောင်မီးလုံး အလင်းရောင်ရှိရာဘက်သို့ ပြောင်းပြန်လှည့်၍ စာဖတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့အခန်းမှာ ခုတင်နှစ်ဆယ့်လေးလုံးရှိ၍ ခုတင် ဆယ့်နှစ်လုံးစီ ခြေရင်းဆိုင်၍ ချထားသည်။ တစ်ဖက် ဆယ့်နှစ်ယောက်။ ခုတင်နှစ်တန်း အလယ်မှာ သုံးပေသာသာ လူသွားလမ်းကြော ရှိသည်။

သူက ခုတင်ပေါ်မှာပဲလှဲပြီး နေ့ခင်းကအကြောင်းကို ပြန်၍ အတွေးစဉ် ဝင်နေသည်။

နယ်လီက အမွေကိစ္စနှင့် ပတ်သက်၍ သူတို့အစ်မကြီးဖြစ်သူအား အတွင်းပစ္စည်း စိန်ရွှေနှင့် အခြားရတနာပစ္စည်းများကို သူတို့သုံးဦးအတွက် ညီအစ်ကိုမောင်နှမ စုံညီလေးယောက်ရှေ့မှောက်တွင် ပိုင်ဆိုင်မှု ခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ ထိုပစ္စည်းများအနက် စိန်ထည်ပစ္စည်းတန်ဖိုးမှာ တိုက်နှင့်မြေတန်ဖိုးထက်ပင် ပိုမိုများပြားခဲ့ပါသည်။

တန်ဖိုးအနေဖြင့် တွက်သင့်လျှင် ဆယ့်ငါးသိန်းကျော်ဖိုးခန့် ရှိလိမ့်မည်ဟု ခင်ပွန်းဖြစ်သူ ပြောပြချက်အရ သိရှိရကြောင်း ပါသည်။

မြေနှင့်တိုက်၏ တန်ဖိုးမှာ လေးသိန်းမင် မကျော်ကြောင်း၊ ထိုစဉ်ကာလပေါက်ဈေးကို ပြောသွားခြင်းဖြစ်၏။

ခင်ပွန်းဖြစ်သူက မိဘအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းရန် ဆန္ဒရှိသည့်အလျောက် မြေနှင့်တိုက်ကို ပိုင်ဆိုင်ခွင့်ရယူခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ခွဲဝေခဲ့သည်မှာ ခင်ပွန်းသည် ဦးမင်းမောင်နှင့် သူတို့၏စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်ပြီးသည့်အချိန်တွင် ခွဲဝေပေးခဲ့ခြင်းဖြစ်ကြောင်းကို ခင်ပွန်းသည်ပြောပြချက်အရ သိရှိရကြောင်း ပါသည်။

သူတို့ မင်္ဂလာဆောင်ကိစ္စတွင် ခင်ပွန်းသည်၏ မိခင်ဖြစ်သူ ဒေါ်ခင်စောတင့်က မင်္ဂလာခန်းဝင်ပစ္စည်းများ ဝယ်ယူခြင်းနှင့် မင်္ဂလာစရိတ် တချို့တစ်ဝက်ကိုကျခံခဲ့ကြောင်း၊ ကျန်မင်္ဂလာစရိတ် အချို့အဝက်ကို သူမ၏မိဘများက ကျခံခဲ့ကြောင်း။ သူမ၏ လက်ဝတ်ရတနာများကိုလည်း သူမ၏မိဘများက လက်ဖွဲ့အဖြစ်ပေးခဲ့ကြောင်းပါသည်။

ထိုစဉ်ကလည်း ဒေါ်ခင်စောတင့်ကိုယ်တိုင် သူ၏မိဘများနှင့် ဆွေမျိုးများရှေ့တွင် တိုက်နှင့်ခြံကို သားဖြစ်သူအား ပိုင်ဆိုင်ခွင့်ပေးထားပြီး ဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။

ထိုသို့ ပြောဆိုချက်အရ သူမ၏မိဘများကလည်း ယောကျ်ားလေးဘက်က တိုက်နှင့်ခြံမြေကို လက်ဖွဲ့အဖြစ် ပေးအပ်ခြင်းဖြစ်သည်ဟု နားလည်သဘောပေါက်သည့်အလျောက် သူမအတွက် စိန်တစ်ဆင်စာကို လက်ဖွဲ့သဘောဖြင့် ပေးခဲ့ခြင်း ဖြစ်ပါသည်။

ထိုစိန်ထည် လက်ဝတ်ရတနာများကို မင်္ဂလာရက် သတ်မှတ်ပြီး သုံးပတ်အလိုတွင် စိန်ပွဲစား ဒေါ်ခင်ထားမြင့်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၍ ဒေါ်ခင်ထားမြင့်မှ ခုထက်တိုင် သက်ရှိထင်ရှားရှိနေပါသည်။ စသည်ဖြင့် ထွက်ဆိုသွားခဲ့ကြောင်း။

ထိုသို့ ထွက်ဆိုနေစဉ် မင်းစေလေးက ရှေ့ဖတ်စာရေးကြီးကို စာတစ်စောင် လာပေးသည်။ ရှေ့ဖတ်စာရေးကြီးက စာဖတ်ပြီး တရားသူကြီးရှေ့သို့ မတ်တတ်ထလျက် ချပေးသည်။ တရားသူကြီးက စာကိုဖတ်ပြီးနောက် တရားစစ်ဆေးခြင်းကို ရပ်နား၍ ရက်ချိန်းပေးလိုက်သည်။

နယ်လီ ထိုသို့ပွက်ဆိုနေစဉ် ညီမဖြစ်သူမှာ အံတကြိတ်ကြိတ်၊ ဖင်တကြွကြွ ဖြစ်နေသည်ကို မြင်လိုက်သောကြောင့် စိုးရိမ်စိတ် ဖြစ်သွားရသည်။

နယ်လီက သူမ၏ထွက်ဆိုချက်ကို အထစ်အငေါ့မရှိ တည်ငြိမ်သောလေသံဖြင့် ထွက်ဆိုသွားခဲ့သည်။ မုသားမပါ လက်ာမချောမဟုတ်။ မုသားသက်သက် ထွက်ဆိုသွားခဲ့ရာ နောက်ထပ်လည်း မုသားပြည့် ထွက်ဆိုချက်ဆက်ဦးမည်မှာ သေချာသည်။

သူပြောကိုယ်ပြော မျက်နှာချင်းဆိုင်များ ပြောလိုက်ရရင်တော့လား။ တရားရုံးမှာက ထိုသို့ပြောခွင့် မရှိ။

မတတ်နိုင်ပါ။ ကြမ္မာဝဋ်ကြွေး တင်ရှိလာလေပြီဆိုတော့လည်း ...။

□ □ □

သုံးလေးရက်အတွင်း အခန်းတွင်းရှိ အကျဉ်းခံဘက်များနှင့် မျက်မှန်းတန်းမိသွားသည်။ မရင်းနှီးသေးသည့်တိုင် မေးထူးခေါ်ပြောရှိလာသည်။

မနက်ပိုင်းရသည့် ပေါင်မုန့်ယိုသုတ်တစ်ချပ်နှင့် ကော်ဖီမှာ အိပ်ရာထ ဝမ်းမီးကိုတော့ အတန်အသင့် ငြိမ်သက်သွားစေပါသည်။ ကော်ဖီကတော့ ခပ်ကျဲကျဲ။ ပေါင်မုန့်ကတော့ လက်နှစ်လုံးလောက် ထူသည်။

တချို့တတ်နိုင်သူကများက အိမ်ကပို့သော နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်များဖြင့် ကိုယ်ဟာကိုယ် စိတ်ကြိုက်ဖျော်သော...က် ...ပါ။ မုန့်ကိုလည်း ကိုယ့်မုန့်နှင့်ပ... မား...ကြသည်။

သူကမူ ရုံးထွက်နေ့က ...အိမ်မှ



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်သော စားသောက်စရာများကို အထူးတန်းသို့ ပြောင်းရွှေ့နေထိုင်ရမည်ဖြစ်သောကြောင့် တန်းစီးဖြစ်သူအား ပေးပစ်ခဲ့သည်။

ထောင်မှူးလေး မျက်နှာကြောင့်ပဲဆိုဆို၊ သူအချုပ်သို့စရောက်စဥ်ကပင် တန်းစီးက သူ့မှာရှိသော မုန့်ပဲသရေစာများကို မျှဝေကျွေးခဲ့သည်။ ထမင်းဟင်းကလေးများ ပါသည့် သူတို့ထမင်းဝိုင်းနှင့်အတူ စားစေခဲ့သည်။ အစစအရာရာ အဆင်ပြေအောင် ကူညီခဲ့သည်၊၊ ဒါကြောင့် သူကလည်း တတ်နိုင်သမျှဖြင့် ပြန်လည်တုံ့ပြန်ခဲ့ခြင်း ဖြစ်ပေသည်။

အထူးတန်းမှာလည်း နီးစပ်ရာခင်မင်ရာ လူချင်းတွဲ၍ သုံးလေးယောက် စုဖွဲ့စားကြသည်။ အိမ်ကပို့ထားသည့် ငါးပိကြော်၊ ဗာလချောင်ကြော်၊ သရက်သီးသနုပ် စသည်များကို အဖြည့်စာအဖြစ် အပိုဆောင်းထားကြသည်။

တတ်နိုင်သူများကတော့ ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်၊ ကြက်သားကြော်၊ အမဲကြော် စသည်များတို့ဖြင့် ဝိုင်းဖွဲ့ကြသည်။

ကိုစောသန်းနှင့် ကိုရွှေတင်တို့က သူတို့သုံးယောက်ဝိုင်းတွင် တစ်ဝိုင်းတည်းဖွဲ့ရန် အတင်းခေါ်သည်။ သူက အားနာသောကြောင့် အတန်တန်ငြင်းသော်လည်း မရ။ သူတို့နှင့် တစ်ဝိုင်းတည်ဝင်ပြီး ဝိုင်းဖွဲ့လိုက်ရသည်။

လေးယောက်ဝိုင်း ဖြစ်သွားသည်။ သူ့မှာက အဖြည့်အစား အသောက်မပါ။ သူတို့က သူတို့မှာရှိသည့် ငါးပိကြော်၊ သရက်သီးသနုပ် စသည်များကို အတင်းထည့်ပေးသည်။

"ကျွန်တော်တို့ ဒီထဲရောက်နေကြတဲ့ လူတွေက အမှုအသေးအကြီးမဲ ကွာကြတာ။ အားလုံးက ဘဝတူအကျဥ်းခံတွေချည်းပဲ။ တစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ ဖေးမကူညီပြီးနေကြရတာ ဘာမှအားမနာနဲ့"

"ခုလို ရိုင်းပင်းကြတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဒီအထဲရောက်နေတုန်း စိတ်ညစ်စရာတွေ၊ သောကဖြစ်စရာတွေ မတွေးနဲ့။ အပူကပ်လာရင် ခွာပစ်။ ပေါ့ပေါ့ပါးပါး ကျန်းမာအောင်သာနေ။ သူ့အကြောင်းနဲ့သူ ဖြစ်လာတာကို။ ဖြစ်လာတဲ့အတိုင်း ရင်ဆိုင်လိုက်။ ကျွန်တော်တို့လည်း ရောက်စတုန်းက စိတ်ညစ်စရာတွေ၊ ပူပင်သောကတွေ တစ်ပွေ့တစ်ပိုက်နဲ့ပေါ့။ ခုတော့ ဒါတွေကို ခွာပစ်လိုက်ပြီ"

သူတို့ပြောတာလည်း ဟုတ်တုတ်တုတ်။ ဒါပေမယ့် သူက အမှုကြီးသမား။ သူတို့က တစ်ယောက်နဲ့တစ်ယောက် ဘာမှုညာမှု စသည်များကို စပ်စုခြင်း မလုပ်ကြ။ ဘာသာလဝါပင် နေကြသည်။

အထူးတန်းအဆောင်သို့ သူရောက်နေသည်မှာ တစ်ပတ်ခန့်ရှိပြီ။ အိမ်ကလည်း ညီမဖြစ်သူနှင့် တူတော်သူ မောင်သန့်ဇင်တို့ အိမ်မှပို့လာကြသည့် စားစရာသောက်စရာများ ပါလာသောကြောင့် ထမင်းဝိုင်းဖွဲ့ရာတွင် မျက်နှာပန်းလှသွားသည်။

ကိုစောသန်းက ဖိုးဝမ်းစီဖိုးတူးအဂတိလိုက်စားမှု အမှု။ သူတို့နှင့် တစ်ဝိုင်းတည်းအတူ ထမင်းစားသည့် ကိုခင်မောင်သန်းက ခရီးသွား ချက်လက်မှတ်အတုလုပ်မှု။

သူတို့သုံးယောက်စလုံးမှာ အမှုကြီးသမားများ မဟုတ်။ ပြစ်ဒဏ်ချမှတ်ခံရလျှင်သော်မှ အရေးကုန် ငါးနှစ်ထက် မပို။ သူတစ်ယောက်သာ အမှုကြီးသမား။

ဦးရွှေတင်က ဘီအေအောင်ပြီးသား။ ဘီအယ်လ်တန်း တက်နေစဥ်အခွင့်အရေး ပေါ်လာသောကြောင့် နိုင်ငံခြားရေးဌာနသို့ ဝင်ရောက်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ဥပဒေဘွဲ့ မရသေးစေကာမူ ဥပဒေရေးရာနှင့် ပတ်သက်၍ အတော်ပင် လှေ့လာတီးခေါက်မိပြီး ရှိသည်။

သူ၏ အမှုအကြောင်း ဖြစ်စဥ်ဖြစ်ရပ် ပြောပြသည့်အခါ ဆယ်နှစ်ထက်မပိုသော ပြစ်ဒဏ်ကိုသာ အများ

*ရိုးရိုးတန်း အချုပ်ထွက်ပုံစံနှင့်တော့ လားလားမှမတူ။ မတ်တတ်ရပ် ပြီး ခြေဖျားထောက်ကြည့်မှ အပြင်မြင်ကွင်းကို မြင်ရသည့် အချုပ်ကားပြာကြီးကိုလည်း မစီးရတော့။ ပတ်ဝန်းကျင်မြင်ကွင်းကို မျက်လုံးဝှေ့ချင်သလို ဝှေ့လို့ရနေသည့် လင့်ရှိဘာကားပြာနှင့် အကျအနထိုင်စီးရသည်။*

www.burmeseclassic.com

www.burmeseclassic.com

ဆုံး ခံရမည်။ ဗဟိုတရားရုံး အယူခံတွင် ပြစ်ဒဏ်လျှော့ပေါ့စေမည့် အခွင့်အရေး အများကြီးရှိသည်။

ရှေ့နေကြီး ဦးငွေလှိုင် လိုက်ပါဆောင်ရွက်နေသည့်မှာလည်း ကိုယ့်ဘက်က အားသာကြောင်း၊ ပြစ်မှုကြီးများ လိုက်ပါဆောင်ရွက်သည့် အတွေ့အကြုံရင့်ကျက်၍ ဥပဒေရေးရာ ကျွမ်းကျင်သူအဖြစ် နာမည်ကြီးသူ တစ်ယောက်ဖြစ်ကြောင်း။ ကိုယ့်အတွက် တစ်ပန်းသာကြောင်း ပြောပြသည်။

ကြိုတင်ကြံစည်မှု မပါခြင်း၊ တစ်စုံတစ်ရာသော သေစေနိုင်လောက်သည့် လက်နက်ယူဆောင်မသွားခြင်း၊ ရိုးသားစွာ ဖြောင့်ချက်ပေးခြင်း။

"အဲဒီအချက် လေးချက်က ပြစ်ဒဏ်ချမှတ်ရာမှာ ခင်ဗျားအတွက် အများကြီး အထောက်အကူပေးလိမ့်မယ်။ အရေးကြီးတာက သက်သေပဲ။ သက်သေရဲ့ထွက်ဆိုချက် တိကျခိုင်လုံပြီး ကွင်းဆက်မိဖို့ပဲ။ ပုဒ်မကြီးပေမယ့် ပြစ်ဒဏ်မကြီးနိုင်ပါဘူး။ ဘာမှပူမနေနဲ့။ ခေါင်းအေးအေးသာထား"

ကိုရွှေတင်က အားပေးစကားပြောသည်။ သို့တစေ ရင်ထဲမှာတော့ မအေး။ စိတ်သက်သာရာမရ။ ရင်မအေး စိတ်သက်သာ မရသည်မှာ သူခံရမည့် ပြစ်ဒဏ်အတွက် မဟုတ်။ သူ့အပေါ် သံယောဇဉ်နှောင်ကြိုးတွယ်ပိုးလွန်းသည့် အစ်မဖြစ်သူအတွက်။

ကိုရွှေတင်ပြောသလို ပြစ်ဒဏ်ဆယ်နှစ်ဆိုရင်တောင် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေရှာသည့် အစ်မကြီးဖြစ်သူ သက်ဆိုးရှည်ပါ့မလား။ သူ့အကျဉ်းခံတာမလွတ်ရင် အစ်မဖြစ်သူကို အသက်ရှင်လျက် တွေ့ရပါဦးမလား။

အဲဒီလို မရေမရာ ချာချာလည်စရာ အတွေးစဉ်များကလည်း တစ်ထောင့်တစ်မှောင့်ဟု ဆိုရမည်သို့ ရှိနေပါချေ၏။ တကယ်တော့ ကိုစောသန်းတို့၊ ကိုရွှေတင်တို့လိုမျိုး နေတတ်အောင်တော့ တဖြည်းဖြည်း ကျင့်သားရအောင် လုပ်ရမည်။ နို့မဟုတ်ရင် ကိုယ့်အတွက်ပါ မလွယ်ကြော ဖြစ်လိမ့်မည်။

သူတို့လည်း အထိုက်အလျောက် ခံစားမှုတော့ ရှိမည်ပါ။ သို့တစေ . . . သူတို့ကတော့ နေသားထိုင်သားအကျင့်ရနေပြီမို့ အပြင်ပန်းအမြင်တွင် ဘာမှမဖြစ်ဘိသကဲ့သို့ပင် ပေါ့ပေါ့အေးအေးပင် နေကြသည်။

ကိုစောသန်းဆိုလျှင် မနက်ပိုင်းဘောလီဘော ပုတ်သည်။ နေ့လယ်ပိုင်း စစ်တုရင်ထိုးသည်။ ညနေပိုင်းခြင်းလုံးခတ်သည်။ ညဦးပိုင်း တဝါးဝါး တဟားဟား စကားဝိုင်းမှာပါသည်။

ညဘက်များတွင် စကားဝိုင်း နှစ်ဝိုင်းရှိသည်။ တစ်ဝိုင်းကတော့ အေးအေးဆေးဆေး ပြောကြသည့်ဝိုင်း။

ကိုစောသန်းတို့ ဝိုင်းကတော့ 'ဟော့ဝိုင်း'။ ပေါက်တတ်ကရ ကလေးကလား ဟိုသင်းဟိုဟာအကြောင်းတွေ ဦးတည်ချက်ထားပြီး ပြောသည့်ဝိုင်း။ ဒါကြောင့်လည်း ရယ်သံတသောသောနှင့်။ ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်လောက်အောင်တော့ ညံ့ညံ့စီစီ မရှိ။

ကိုရွှေတင်ကတော့ သူတို့ဝိုင်းမှာမပါ။ တယောတစ်လက်နှင့် အကျဉ်းနေ့များကို ကုန်လွန်စေသူဖြစ်၏။ တယောမထိုးသည့်အခါ ခုတင်ပေါ်လဲလျောင်းကာ သူ့နှင့် နှစ်ယောက်သား တွေ့ရာလေးပါး အကြောင်းများ ပြောကြသည်။

လက်ရှိအခြေအနေတွင် အစားအသောက်၊ အနေအထိုင် သင့်တင့်မျှတ၍ သက်သောင့်သက်သာ နေရသောကြောင့် စိတ်ရောလူပါ မပင်ပန်းဘဲ အကျဉ်းကျနေ့များကို ဖြတ်သန်းနေရသည်။

ဒီလိုနှင့် ရုံးထွက်နေ့သို့ ရောက်ခဲ့ပြန်သည်။ သွယ်ချိုင့်သွားသော ပါးပြင်မှာ အနည်းငယ် ပြန်လည်ပြည့်တင်းလာသည်။

ရုံးထွက် အဝတ်အစားသည် သစ်သစ်လွင်လွင်၊ ဆံကေသာကိုလည်း ခေါင်းလိမ်းဆီနှင့် အကျအနဖြီးသင်ထားနိုင်သမို့ ကြည့်ပျော်ရှုပျော်အနေအထားရှိသွားသည်။

ရိုးရိုးတန်း အချုပ်ထွက်ပုံစံနှင့်တော့ လားလားမှမတူ။ မတ်တတ်ရပ်ပြီး ခြေဖျားထောက်ကြည့်မှ အပြင်မြင်ကွင်းကို မြင်ရသည့် အချုပ်ကားပြာကြီးကိုလည်း မစီးရတော့။ ပတ်ဝန်းကျင်မြင်ကွင်းကို မျက်လုံးဝေ့ချင်သလိုဝေ့လို့ရနေသည့် လင့်ရှိဘာကားပြာနှင့် အကျအနထိုင်စီးရသည်။

လက်ထိတ်ကွင်း၊ အစွပ်ခံရခြင်းလည်း လွတ်သွားပြီ။ ခုလို သပ်သပ်ရပ်ရပ်ပုံသွင်ကို မြင်ရမည့် အိမ်ကလူများလည်း စိတ်သက်သာရာ ရစေပါလိမ့်မည်။

မည်သို့ပင် ရှိစေ၊ အဆိုးထဲက အကောင်းဟု သဘောမှုနိုင်သည့်အနေအထားဟု ဆိုရမည်ပါ။

□□□

www.burmeseclassic.com

(တစ်ဆယ်)

တရားခွင်ကို ရောက်တော့လည်း လက်ထိတ်မပါ လွတ်လွတ်လပ်လပ်။

သူ့ကိုမြင်လိုက်ရသည့် အစ်မဖြစ်သူမျက်နှာလေးပင် ခါတိုင်းထက်ပို၍ ကြည်ကြည်လင်လင်ရှိနေဘိသို့ မြင်လိုက်ရသည်။

သူက အထူးတန်းတွင် နေထိုင်စားသောက်ရပုံများကို ပြောပြလိုက်ရာ အစ်မဖြစ်သူ၏ မျက်နှာပေါ်မှာ အပြုံးရိပ်ကလေး ယှက်သန်းသွားသယောင် တွေ့လိုက်ရသည်။

သူကလည်း အစ်မတို့ နေရေးထိုင်ရေးကိုမေးရသည်။ အားလုံးအဆင်ပြေသည်ဟုပြောသဖြင့် သူလည်း စိတ်ကြည်လင်သလို ရှိသွားသည်။

အဲဒီနေ့က တရားသူကြီး ၁၀ နာရီခွဲကျော်မှ တရားခွင်ပေါ် တက်လာသောကြောင့် အိမ်ကလူများနှင့် အေး အေးဆေးဆေး စကားပြောရသည်။ တရားခွင် စပြီ။

ပွဲနေပွဲထိုင် သွားသည့်ပုံစံဖြင့် ကြော့နေအောင် ဝတ်ဆင်ထုံမွှမ်း ခြယ်သလာသည့် နယ်လီက မပြီးဆုံးသေးသည့် ယခင်အပတ်က ထွက်ဆိုချက်ကို ဆက်လက်ထွက်ဆိုသွားသည်။

နယ်လီ၏ ထွက်ဆိုချက်မှာ ...

သူတို့၏မိခင်က အတွင်းပစ္စည်းလက်ဝတ်ရတနာများကို သူတို့အတွက် ခွဲဝေပေးပြီး ခြံနှင့်တိုက်ကို မင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ်ရော၊ သားကြီးအတွက် အမွေပုံစံပစ္စည်းအဖြစ်ရော ပေါင်းဖွဲ့၍ ပေးခဲ့ခြင်းဖြစ်ကြောင်း ပါသည်။

ကျွန်မ၏ ယောက္ခမဖြစ်သူ ဒေါ်ခင်စောတင့်က သူမသေမီ သူ့ကိုပြုစုစောင့်ရှောက်ရန်အတွက် သမီးများနှင့် အတူတကွ နေရမည်ဖြစ်သောကြောင့် သူတို့မောင်နှမသုံးယောက်ကို ထိုတိုက်တွင်ပင် ဆက်လက်နေထိုင်စေရန် စီစဉ်သည်ကို ကျွန်မခင်ပွန်းဖြစ်သူကလည်း မိခင်ဖြစ်သူ ဆန္ဒအတိုင်း နေထိုင်စေသည်ကို မည်သို့မျှ မပြောဆိုခဲ့ပါကြောင်း။

ဒေါ်ခင်စောတင့် သေဆုံးပြီးနောက် သူတို့သဘောနှင့်သူတို့ ပြောင်းရွှေ့သွားခြင်း ဖြစ်ပါသည်။ သူတို့အတွက် ရသင့်ရထိုက်သော အမွေပစ္စည်းခွဲဝေရန် မလိုအပ်တော့သည့်သဘောဖြင့် သူတို့ကြိုက်နှစ်သက်ရာနေရာကို ပြောင်းရွှေ့နေထိုင်ကြခြင်းပင် ဖြစ်ပါသည်။

ထိုသို့ ပြောင်းရွှေ့နေထိုင်ပြီးကာမှ သူတို့ဦးလေးဖြစ်သူက တစ်ဆင့် အမွေပုံပစ္စည်းခွဲဝေပေးရန် ပြောဆိုလာခြင်း ဖြစ်ပါကြောင်း။ ကျွန်မ၏ ခင်ပွန်းဖြစ်သူက သူတို့ရပိုင်ခွင့်များကို ခွဲဝေပေးခဲ့ပြီဖြစ်၍ သူတို့အနေနှင့် ရပိုင်ခွင့်မရှိတော့ကြောင်း၊ တောင်းဆိုပိုင်ခွင့်မရှိတော့ကြောင်း ဦးလေးဖြစ်သူအား ရှင်းပြခဲ့ပါသည်။

ဦးလေးဖြစ်သူ နောက်တစ်ကြိမ်ရောက်လာသည့်အခါ အတွင်းပစ္စည်းပေးခဲ့သည်မှာ မှန်သော်လည်း အမွေအဖြစ် ပေးခဲ့ခြင်းမဟုတ်ကြောင်း၊ သမီးမိန်းကလေးများ ဝတ်ဆင်ရန် လက်ဝတ်ရတနာများအဖြစ် ပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ ညီဖြစ်သူ ရုံးတော်ရောက် တရားခံအတွက် မည်သည့်ပစ္စည်းမျှ မပေးခဲ့ကြောင်း၊ ခြံနှင့်တိုက်ပိုင်ဆိုင်မှုမှာ ညီအစ်ကို မောင်နှမလေးယောက်စလုံးနှင့် သက်ဆိုင်သည်ဟု ပြောဆိုလာပြန်သည်။

ထိုသို့ပြောဆိုလာသည်ကို ကျွန်မ၏ခင်ပွန်းဖြစ်သူက လုံးဝလက်မခံဘဲ အကယ်၍ သူတို့အနေဖြင့် မကျေနပ်ပါက အမွေပုံပစ္စည်းများ စီမံခန့်ခွဲပေးရန် တရားရုံးသို့ လျှောက်ရန်သာလိုကြောင်း တရားဥပဒေကြောင်းအရ ဖြေရှင်းရန်ရှိတော့ကြောင်း ပြောဆိုခဲ့ပါသည်။

ဦးလေးဖြစ်သူက တရားတဘောင်ဖြစ်လျှင် ကွယ်လွန်သူ မိဘများ၏ ဂုဏ်သိက္ခာနှင့် သက်ရှိထင်ရှား

ကျွန်မ၏ခင်ပွန်းခေါင်းမှ
သွေးများ
ဖြာဆင်းလာသည်ကို
မြင်ရသောကြောင့်
ကျွန်မလည်း
ကြောက်လန့်ပြီး
အခန်းထဲ
ဝင်ပြေးခဲ့ပါသည်။
နောက်ထပ်
ဘယ်နှချက်
ဆက်ရိုက်သည်ကို
တော့
မမြင်ရတော့ပါ။

www.burmeseclassic.com

ရှိနေဆဲ ညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်မည်ဖြစ်သောကြောင့် မိသားစုအတွင်း ဖြေရှင်းဖို့ နည်းလမ်းရှာသင့်သည်ဟု ပြောဆိုခဲ့ပါသည်။

ကျွန်မ၏ခင်ပွန်းက ပြဿနာကို ရှာဖွေသူမှာ သူမဟုတ်ကြောင်း၊ သူတို့သာဖြစ်ကြောင်း၊ ငွေထက် မိဘဂုဏ်သိက္ခာကို မကြည့်သူမှာ သူတို့သာဖြစ်သောကြောင့် ဒီကိစ္စကို ရပ်တန်းကရပ်လိုက်ရင် အားလုံးအတွက် ပြေလည်သွားလိမ့်မည်ဖြစ်ကြောင်း၊ ခု သူတို့ တိုက်ခန်းကြီး ငှားရမ်းပြီး နေနိုင်သည့် ငွေကြေး ဘယ်ကရသည်မှာ ရှင်းနေပါသည်ဟု ဦးလေးဖြစ်သူအား ပြန်ပြောလိုက်ပါသည်။

တတိယတစ်ခေါက်တွင် ဦးလေးဖြစ်သူနှင့်အတူ တရားခံ ကိုသက်အောင်ပါ ပါလာကြောင်း၊ ညီအစ်ကို နှစ်ယောက် အချေအတင် ပြောကြရာ ကျွန်မ၏ ခင်ပွန်းဖြစ်သူက ဒီကိစ္စပြီးပြတ်သွားဖို့ နည်းလမ်းတစ်လမ်းသာ ရှိကြောင်း၊ သူတို့ရယူထားသည့် စိန်ရွှေရတနာ ပစ္စည်းတွေကို လူကြီးစုံရာ ရှေ့မှာ စုပုံပြီး ခြံမြေတိုက် အပါအဝင် အားလုံးကို တန်ဖိုးဖြတ်ပြီး လေးစုခွဲ အဲဒီလိုလက်ခံမလားဟု မေးခဲ့ပါသည်။

ထိုသို့ ပြောသည်ကို ကိုသက်အောင်က မဆိုင်သည့်ကိစ္စကို ဒီပြဿနာထဲဆွဲသွင်းပြီး အကျပ်ကိုင်ခြင်း ဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။ ထိုနေ့က သူတို့ညီအစ်ကိုနှစ်ယောက် အပြောအဆို မပြေလည်ဖြစ်ပြီး ပြန်သွားခဲ့ကြပါသည်။

သူတို့မောင်နှမ အမွေကိစ္စအတွက်ပြောကြသည့်အခါတိုင်း ကျွန်မလည်း အတူရှိနေသောကြောင့် ယခုကဲ့သို့ အပြည့်အစုံ ထွက်ဆိုနိုင်ခြင်း ဖြစ်ပါသည်။

ထိုသို့ ထွက်ဆိုအပြီး၌ တရားသူကြီး လက်ဖက်ရည်သောက်ရန်နှင့် ခေတ္တအနားယူရန် တရားခွင်ကို ရပ်နားလိုက်သည်။

နယ်လီက သူ၏ရှေ့နေကြီးနှင့်အတူ တရားခွင်မှ ထွက်သွားစဉ် သူ့ဘက်သို့စောင်းငဲ့၍ မထိမဲ့မြင်ပြုံး ပြုံးသွားသည်။ မထိမဲ့မြင် အပြုံးနှင့် ခံပြင်းသည့်အကြည့်တို့ လျှပ်တစ်ပြက် တိုက်မိသွားသည်။

တစ်နာရီခန့် နားပြီးနောက် ဆက်လက်စစ်ဆေးသည်။ မှုခင်းဖြစ်သည့်နေ့မှာ တနင်္ဂနွေနေ့။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သောကြောင့် ကျွန်မတို့ဇနီးမောင်နှံနှင့်အတူ ကျွန်မ၏သူငယ်ချင်း မခင်သန်းနွဲ့ပါ အိမ်တွင် အတူရှိနေပါသည်။ အိမ်ဖော် ထွေးဥလည်း ရှိနေပါသည်။

ကျွန်မတို့ လက်ဖက်ရည်သောက်ပြီးစ ၈ နာရီမထိုးမီ သူတို့၏ဦးလေးဖြစ်သူ ဦးဝင်းတင်နှင့် ကိုသက်အောင်တို့ ချိန်းဆိုထားခြင်းမရှိဘဲ ရောက်လာခြင်းဖြစ်ပါသည်။ ကျွန်မလည်း သူငယ်ချင်းဖြစ်သူကို လက်ဖက်ရည်ခန်းတွင် ခဏစောင့်ခိုင်းပြီး အပြင်သို့ထွက်၍ သူတို့ဝိုင်းတွင် ဝင်ထိုင်ခဲ့ပါသည်။

ကျွန်မခင်ပွန်းသည်က ဦးလေးဖြစ်သူ ဦးဝင်းတင်အား လာရင်းအကြောင်းကိုမေးပါသည်။ ဦးဝင်းတင်က ညီမနှစ်ယောက်အတွက် အမွေကိစ္စ ပြီးပြတ်ပြီဆိုသည်ကို ဆက်ပြောစရာမရှိပေမယ့် မင်းညီအတွက်ကိုတော့ အမွေစုပုံထဲက ခွဲဝေပေးရလိမ့်မည်ဖြစ်ကြောင်း၊ ဒါမှ တရားမျှတမှုရှိကြောင်း စသည်များကို အတော်ရှည်ရှည်လျားလျား ပြောပြခဲ့ပါသည်။

ကျွန်မခင်ပွန်းသည်က အကယ်၍ ဒီခြံနှင့်ဒီတိုက်ကို ရောင်းပစ်သည့်အခါ ဦးလေးပြောသည်ကို စဉ်းစားမည်ဖြစ်ကြောင်း၊ မိဘအမွေအနှစ်ကို ရောင်းချဖို့ လောလောဆယ် အစီအစဉ်မရှိကြောင်း၊ ဒါဟာ သူ့ရဲ့ နောက်ဆုံးယတိပြတ် သဘောထားဖြစ်၍ နောက်ထပ် ဒီကိစ္စအတွက် ပြောတာတွေကို နားထောင်တော့မည် မဟုတ်ကြောင်း၊ သူတို့မကျေနပ်လျှင် တရားဥပဒေအရသာ ဆက်လုပ်ပါ။ ဦးလေးအပေါ် ဘယ်လိုမှ သဘောမထားကြောင်း နောက်ထပ်လုံးဝ လာဖို့ မလိုတော့ကြောင်း ပြောခဲ့ပါသည်။

ထိုအခါ ကိုသက်အောင်က ရိုင်းရိုင်းပျပျ အပြောအဆိုများဖြင့် သည်းမခံနိုင်လောက်စရာ စော်ကားမော်ကား ပြောဆိုလာသောကြောင့် သူတို့ညီအစ်ကိုနှစ်ယောက် စကားများကြပါသည်။ အပြောအဆိုများ လွန်ကျွံလာကြရာမှ မင်းတစ်လုံး၊ ငါတစ်လုံး အပြောအဆိုများပါလာရုံမက ကိုသက်အောင်က လက်သီးလက်မောင်း တန်းသည်အထိ ဖြစ်လာပါသည်။

ထိုသို့ဖြစ်နေကြသည်ကို ကြားဝင်ဟန့်တားမည့် ဦးလေးဖြစ်သူက ကဲ တော်ကြတော့၊ တော်ကြတော့ စကားနှစ်ခွန်းသာပြောပြီး မည်သို့မှဟန့်တားခြင်း မလုပ်ခဲ့ပါ။

ကျွန်မခင်ပွန်းသည်က မင်းတို့ ပြောချင်ရာပြော၊ လုပ်ချင်တာလုပ်၊ ငါကို ဒီလောက်စော်ကားလာတာကို ငါဆက်ပြီး သည်းမခံနိုင်ဘူး။ ခုချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပေါ်ကဆင်းသွားကြဟု ပြောလိုက်ပါသည်။

အေး ‥ ဆင်းမယ်။ ဟောဒီလိုလုပ်ပြီးမှ ဆင်းမယ်ဟု ပြောပြောဆိုဆို အလုအပပစွည်းများထားသည့် ဗီရိုပေါ်မှ တစ်တောင်ကျော်ကျော်ခန့်ရှိမည့် ထုထည်ကြီးသည့် ကိန္နရာအရုပ်ကြီးနှင့် ကျွန်မ၏ခင်ပွန်းသည်ကို ရိုက်လိုက်ပါသည်။

ကျွန်မ၏ခင်ပွန်းခေါင်းမှ သွေးများ ဖြာဆင်းလာသည်ကို မြင်ရသောကြောင့် ကျွန်မလည်း ကြောက်လန့်ပြီး အခန်းထဲ ဝင်ပြေးခဲ့ပါသည်။ နောက်ထပ် ဘယ်နှချက်ဆက် ရိုက်သည်ကိုတော့ မမြင်ရတော့ပါ။ ကိုသက်အောင် အိမ်ပေါ်ကဆင်းသွားပြီးနောက်မှ မခင်သန်းနွဲ့နှင့်အတူ အပြင်သို့ ထွက်ကြည့်ခဲ့ပါသည်။

ကျွန်မ၏ခင်ပွန်းဖြစ်သူမှာ မြင်မကောင်း ရှုမကောင်းသော အနေအထားဖြင့် သွေးအိုင်ထဲတွင် လဲကျနေပါသည်။ ခင်ပွန်းသည်၏ဦးလေးဖြစ်သူ ဦးဝင်းတင်လည်း အနားတွင် ရှိနေပါသည်။

- ဦးဝင်းတင်က မဖြစ်သင့်တာတွေတော့ ဖြစ်ကုန်ကြပြီပေါ့ကွာဟု ညည်းညည်းညူညူပြောဆိုပြီး ရဲစခန်းကို ဖုန်းဆက်ရန်ပြောသဖြင့် ရဲစခန်းကို ဖုန်းဆက်ခဲ့ပါသည်။

ကျွန်မက ဦးဝင်းတင်ကို ခင်ပွန်းဖြစ်သူအား ဆေးရုံပို့ရန်အတွက် စီစဉ်ရန်ပြောသည့်အခါ ဦးဝင်းတင်က ခေါင်းခါပြသောကြောင့် ခင်ပွန်းဖြစ်သူ ထိုနေရာတွင်ပင်ရေတိမ်နစ်ခဲ့ရကြောင်း သိရပါသည်။

ရဲများရောက်လာ၍ စစ်ဆေးခြင်း၊ ဆေးရုံသို့ပို့ရခြင်း၊ တိုင်ချက်ဖွင့်ခြင်း စသည့်အကြောင်းများကို ထွက်ဆို အစစ်ခံသွားသည်။

□□□

ရှေ့နေကြီး ဦးငွေလှိုင်က မေးခွန်းများ မေးမြန်းခဲ့ရာတွင် …

မေး ။ ။ သူတို့မိသားစုအတွင်း အမွေခွဲသည့်ကိစ္စကို ဒေါ်နယ်လီက ဖတ်ရှု၍ပြောတာလား၊ တစ်စုံတစ်ဦးက ပြောသည်ကို ကြားသိချက်အရ ပြောတာလား။

ဖြေ ။ ။ ခင်ပွန်းသည်ပြောပြ၍ သိရှိရခြင်း ဖြစ်ပါတယ်။

မေး ။ ။ ဒီလိုအရေးကြီးသည့် ကိစ္စမျိုးမှာ စာရွက်စာတမ်းမပါဘဲ ပါးစပ်ပြောနှင့်လုပ်ရင် တရားဝင်သည်ဟု ဆိုနိုင်သလား။

ဖြေ ။ ။ ကျွန်မ နားမလည်ပါဘူး။

မေး ။ ။ ဒေါ်နယ်လီဟာ တက္ကသိုလ်က ဘွဲ့ရခဲ့တဲ့ ပညာတတ်တစ်ယောက်အနေနဲ့ တရားဝင်တယ် မဝင်ဘူးဆိုတဲ့ ထင်မြင်ချက် ပြောဆိုနိုင်သူတစ်ယောက်အနေနဲ့ ဘယ်လိုများ ပြောချင်ပါသလဲ။

ဖြေ ။ ။ တရားဝင်လိမ့်မယ်လို့ ဟင်ပါတယ်။

မေး။ ။ တန်ဖိုးဘယ်လောက်ရှိတယ်။ ဘယ်လို လက်ဝတ်ရတနာတွေ ပေးခဲ့တယ်ဆိုတာတော့ အတိအကျ ပြောနိုင်ပါသလား။

ဖြေ ။ ။ ကျွန်မ အတိအကျ မပြောနိုင်ပါဘူး။

မေး ။ ။ ဒေါ်နယ်လီရဲ့ ထွက်ဆိုချက်ထဲမှာ တန်ဖိုးခန့်မှန်းခြေကို ပြောဆိုထားတော့ စိတ်အထင် ပြောဆိုသွားတာပါဆိုရင် ငြင်းမလား။

ဖြေ ။ ။ ခင်ပွန်းဖြစ်သူ ပြောပြချက်အရ ပြောရခြင်း ဖြစ်ပါတယ်။

မေး ။ ။ ဒါဖြင့် ကိုမင်းမောင်ပြောပြတာဟာလည်း ရေရာတိကျမှုမရှိတဲ့ စိတ်အထင်လို့ ပြောရမှာပေါ့။

ဖြေ ။ ။ သူကတော့ အတိအကျ သိပါလိမ့်မယ်။

မေး ။ ။ စိတ်အထင် မဟုတ်ဘူးပေါ့။

ဖြေ ။ ။ စိတ်အထင် မဟုတ်ဘူးလို့ပဲ ပြောလိုပါတယ်။

မေး ။ ။ ရတနာပစ္စည်းအရေအတွက်ကော ပြောပြမှာပေါ့။

ဖြေ ။ ။ အဲဒီလိုတော့ အတိအကျ မပြောပါဘူး။

မေး ။ ။ စိန်ရတီ ဘယ်ရွှေ့ ဘယ်မျှ၊ ရွှေထည်အလေးချိန် ဘယ်ရွှေ့ဘယ်မျှ တခြား အဖိုးတန်ပတ္တမြား၊ နီလာ စတာတွေ ဘယ်ရွှေ့ဘယ်မျှဆိုတာကို မသိဘဲ၊ အထောက်အထားမပြနိုင်ဘဲ တန်ဖိုးတွက်ချက်လို့ ရပါ့မလား။

ဖြေ ။ ။ ကိုမင်းမောင်ကတော့ သိပါလိမ့်မယ်။

မေး ။ ။ သူတို့မိသားစု အမွေအတွင်းရေးကိစ္စတွေကို ပြောပြပါလျက် ဒီအကြောင်းကို ထည့်မပြောဘူးလို့ ဆိုလာတာလား။

ဖြေ ။ ။ ဟုတ်ပါတယ်။

မေး ။ ။ ကိုမင်းမောင်တို့မိခင် ဒေါ်ခင်စောတင့်က ခြံနဲ့တိုက်ကို ကိုမင်းမောင်ကို လွှဲပေးခဲ့တယ်ဆိုတဲ့ စာရွက်စာတမ်းပြဖူးသလား၊ ဖတ်ဖူးသလား။

www.burmeseclassic.com

ဖြေ ။ ။ မဖတ်ဖူးပါဘူး။

မေး ။ ။ ဒီလောက်အရေးကြီးတဲ့ကိစ္စမျိုးမှာ ဆွေမျိုးတွေကို အသိသက်သေထားပြီး အရပ်သုံး စာချုပ်စာတမ်းလောက်တော့ ရှိသင့်တယ်။ ရှိရမယ်ဆိုရင် ဒေါ်နယ်လီ ဘယ်လိုပြောမလဲ။

ဖြေ ။ ။ ကျွန်မ မပြောတတ်ပါဘူး။ သူတို့အတွင်းရေးကိစ္စပါ။

မေး ။ ။ ထားပါ။ မိခင်ဖြစ်သူက သမီးတွေအရွယ်ရောက်လာရင် ဝတ်ဆင်ဖို့ မြန်မာလူမျိုးတို့ရဲ့ ဓလေ့စရိုက်အရ လက်ဝတ်ရတနာများ ပြုလုပ်ပြီး ဆင်မြန်းပေးတဲ့ အစဉ်အလာရှိတာကို ဒေါ်နယ်လီ သိပါတယ်နော်။

ဖြေ ။ ။ ဟုတ်ကဲ့၊ သိပါတယ်။

မေး ။ ။ ဒေါ်ခင်စောတင့်က အရွယ်ရောက်လာပြီဖြစ်တဲ့ သမီးနှစ်ယောက်အတွက် လက်ဝတ်ရတနာ လုပ်ပေးထားတာဟာ အမွေအဖြစ်ပေးတာမဟုတ်ဘူးလို့ ပြောရင် ဒေါ်နယ်လီ ငြင်းမလား။

ဖြေ ။ ။ သူတို့အတွင်းရေးကိစ္စကို မသိလို့ မပြောနိုင်ပါဘူး။

ထပ်ဆင့်မေး ။ ။ ကျွန်တော် မေးတာက ငြင်းမလား၊ မငြင်းဘူးလား ဆိုတာပါ။

ကန့်ကွက်ပါတယ်။ ကျွန်တော့် အမှုသည်ဖြေဆိုတာ လုံးဝလုံလောက်နေပါပြီ။ လိုရာဆွဲ မေးခွန်းသဘော သက်ရောက်နေတဲ့အတွက် ကန့်ကွက်ရခြင်း ဖြစ်ပါတယ်။

လိုအပ်သည့် မေးခွန်းဖြစ်တဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အကျပ်အတည်းဖြစ်စေမယ့် မေးခွန်းမဟုတ်တဲ့အတွက် အဆုံးအဖြတ်ပေးရန် တင်ပြပါတယ်။

"ထပ်မေးပါ"

ဖြေ ။ ။ ကျွန်မ ငြင်းပါတယ်။

မေး ။ ။ ဒါဖြင့် ဒေါ်နယ်လီနဲ့ ဦးမင်းမောင်တို့ရဲ့ ထိမ်းမြားမင်္ဂလာပွဲမှာ ဒေါ်နယ်လီမိဘများက စိန်ထည်တွေ ပြုလုပ်ဆင်မြန်းပေးတာဟာ အမွေအဖြစ်ပေးခဲ့တာဆိုရင် ဒေါ်နယ်လီ ငြင်းမလား။

ဖြေ ။ ။ ငြင်းပါတယ်။

မေး ။ ။ ဟုတ်ကဲ့ အမွေအဖြစ်ပေးခဲ့တာ မဟုတ်ဘူးပေါ့နော်။

ဖြေ ။ ။ ဟုတ်ပါတယ်။

မေး ။ ။ ဒေါ်နယ်လီမှာ မွေးချင်းမောင်နှမသားချင်း ဘယ်နှယောက် ရှိပါသလဲ။

ဖြေ ။ ။ သုံးယောက်ရှိပါတယ်။

မေး ။ ။ တကယ်လို့များ .. ဒေါ်နယ်လီတို့မှာ အမွေခွဲဖို့ ပြဿနာရှိလာရင် ကျန်တဲ့သားချင်းတွေက မင်္ဂလာကိစ္စမှာ ပေးလိုက်တဲ့ စိန်ထည်တွေဟာ အမွေနဲ့ သက်ဆိုင်ပါတယ်လို့ အဆိုရှိလာခဲ့သော် ဒေါ်နယ်လီ ဒါကို လက်ခံမလား။

သူတို့ရှေ့နေကြီးက ထိုမေးခွန်းကို ကန့်ကွက်ရန် ထပြန်ပြင်လိုက်သော်လည်း ဒေါ်နယ်လီအဖြေ စောသွားသောကြောင့် ရှေ့နေကြီးမှာ ဟန်ပျက်သွားရုံသာ ရှိသွားသည်။

ဖြေ ။ ။ လက်မခံပါဘူး။

မေး။ ။ ကိုသက်အောင်တို့ မောင်နှမသုံးယောက် သူတို့မိသားစုပိုင် တိုက်မှာမနေဘဲ တခြားနေရာသို့ ပြောင်းရွှေ့နေထိုင်တာဟာ မတည်အတူနေရာကနေ မဖြစ်သင့်မဖြစ်ထိုက်သောပြဿနာကို ရှောင်လွှဲဖို့ ပြောင်းရွှေ့နေထိုင်ရတာဆိုရင် ဒေါ်နယ်လီ ဘာပြောမလဲ။

ဖြေ ။ ။ မဟုတ်ပါဘူး။

မေး ။ ။ အချင်း မှုခင်းဖြစ်တဲ့နေ့က ကိုသက်အောင်က အစ်ကိုဖြစ်သူ၏ဒူးကို လက်နှစ်ဖက်နှင့်ကိုင်ပြီး သူတို့မောင်နှမကိစ္စကို အစ်ကိုကြီး အဖရာသဘောနဲ့ ဖြေရှင်းပေးဖို့ တိုးလျှိုးတောင်းပန်ခဲ့ပါတယ်ဆိုရင် ဒေါ်နယ်လီ ငြင်းမလား။

ဖြေ ။ ။ ငြင်းပါတယ်။ လုံးဝ မဟုတ်ပါဘူး။

မေး ။ ။ ဒေါ်နယ်လီခင်ပွန်း ဦးမင်းမောင်က ကိုသက်အောင်ရင်ဘတ်ကိုဆွဲ၍ တွန်းတွန်းထိုးထိုးလုပ်ပြီး ဆဲဆိုကြိမ်းမောင်းရုံမက အိမ်ပေါ်က အတင်းမောင်းထုတ်ခဲ့တယ်ဆိုရင် ဒေါ်နယ်လီငြင်းမလား။

ဖြေ ။ ။ တွန်းတွန်းထိုးထိုး လုပ်တယ်ဆိုတာကို ငြင်းတယ်။ နောက်ထပ်မလာဖို့နဲ့ အိမ်ပေါ်က ဆင်းသွားဖို့ပြောတာကိုတော့ ဝန်ခံပါတယ်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒီလောက်ပါပဲ"

တရားသူကြီးမင်းအား အရှိအသေပြု၍ သူ၏စားပွဲတွင် ပြန်ထိုင်လိုက်သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြသန်း**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်နှင့် ကျားကို

# နမူနာယူ၍...

မြသိန်း

၁၉၇၇ ခုနှစ်။

ထိုနှစ်၌ ကျွန်ုပ်သည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်ရန် ရောက်နေပါသည်။

ထိုစဉ်က ကျောက်တော်မြို့နယ်တွင် လူဆိုးထွန်းစိန်ခေါင်းဆောင်သော လူဆိုးတစ်သိုက်သည် အလွန်သောင်းကျန်းနေ၏။ သူတို့အင်အားမှာ တစ်ဆယ့်ငါးယောက်ထက် မပိုပေ။

ကျွန်ုပ်၏အထက် အကြီးအကဲက

"မင်း အဲဒီလူဆိုးဂိုဏ်းကို ချေမှုန်းဖို့ ငါအချိန်တစ်လပေးမယ်။ မင်းစိတ်ကြိုက် လူတစ်ကျိပ်နဲ့ နှိမ်နင်းပါ။ အဲအရပ်သားတွေကို မသုံးနဲ့။ သတင်းပေါက်ကြားမယ်။ ကျောက်တော်မှာရှိတဲ့ မြို့နယ်အာဏာပိုင်တွေကိုလည်း ငါ လျှို့ဝှက်အသိပေးထားပြီးပြီ။ မင်းတာဝန်ထမ်းဆောင်ရာမှာ လူချင်းမှားစရာအကြောင်းမရှိအောင် ငါစီစဉ်ထားပြီးပြီ"

ဟု ညွှန်ကြားပြီး ကျွန်ုပ်ကို ထွန်းစိန်အဖွဲ့အား နှိမ်နင်းခိုင်းပါတော့သည်။

ထွန်းစိန်တို့အဖွဲ့သည် ကျောက်တော်မြို့၏ အနောက်ဘက် ငါးမိုင်ကျော်ကျော်ရှိ ပေနှစ်ထောင်ခန့်မြင့်သည့် မင်းကြီးတောင်ကြောကို အခြေပြုထားသည်ကို ကျွန်ုပ်စုံစမ်း၍ရသည်။

ကျွန်ုပ်သည် ကျန်းမာရေးကောင်းသော တပ်ကြပ်ကြီးဆရာတစ်ယောက်နှင့် ငယ်သားရှစ်ယောက်၊ ကျွန်ုပ်အပါအဝင် လူပေါင်းတစ်ကျိပ်ဖြင့် ညသန်းခေါင်ကျော်၌ အဆိုပါ တောင်ကြောပေါ်သို့ စတင်ဝင်ရောက်ပါသည်။ ဆရာကြီးမှာ နယ်မြေကျွမ်းသူ ဖြစ်၏။

ရိက္ခာမှာ မီးလွတ်ရိက္ခာ၊ ရိက္ခာကို ဆယ်ရက်စာ ယူခဲ့သည်။

ထွန်းစိန်တို့သည် ညဘက်တွင် ရွာများထဲသို့ဝင်၍ ငွေကြေးများကို လုယက်ယူငင်ပြီး နေ့ဘက်တွင် တောင်ကြောတစ်ဝိုက်မှာ ထင်းခုတ်ဝါးခုတ်လာသူများထံမှ ရတနာပစ္စည်းများကို လုယူပြီး လုံခြုံရေးသတင်းများ စုံစမ်းသည်ကို ကျွန်ုပ်သိထားပြီးဖြစ်၏။

ထွန်းစိန်တို့ သောင်းကျန်းနေသည်မှာ တစ်နှစ်ကျော်နေပြီ။ ထွန်းစိန်သည် ကျောက်တော်မြို့၏ မြောက်ဘက်လေးမိုင်ခန့်အကွာရှိ ခမီးရွာတစ်ရွာ ဇာတိဖြစ်ပြီး သူ့တပည့်များမှာလည်း ကျောက်တော်မြို့နယ်သားများ ဖြစ်ကြသည်။ သူတို့သည် နယ်မြေကျွမ်းသူများ ဖြစ်ကြသောကြောင့် သူတို့ကို နှိမ်နင်းရာ၌ မလွယ်ပါ။

ကျွန်ုပ်သည် ကွန်မန်ဒိုကျောင်းဆင်းတစ်ယောက် ဖြစ်၏။ အသက်မှာလည်း လေးဆယ်နှစ်ပင် မပြည့်သေး။ ကျွန်ုပ်ဆရာကြီးနှင့် ငယ်သားများမှာလည်း အသက်သုံးဆယ်နှစ်ကျော်ကျော်များသာ ဖြစ်ကြသည်။

ကျွန်ုပ်သည် နေ့ဘက်၌ ခြေရာဖျောက်၊ ညဘက်တွင်မှ လှုပ်ရှားပါသည်။

ကျွန်ုပ်တို့သည် ဖိနပ်များကို လုံးဝမစီးကြ။ ဖိနပ်များက ရန်သူကို သတင်းပေးသလို ဖြစ်သွားနိုင်သောကြောင့် ဖြစ်သည်။

လက်နှိပ်ဓာတ်မီးကိုလည်း လုံးဝမသုံး။ ညကြည့်နာရီနှင့် သံလိုက်အိမ်မြှောင်ကိုသာ ညဘက်၌ သုံးပါသည်။

ကျွန်ုပ်တွင် မှန်ပြောင်းပါသည့်



www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်သည် ဆရာကြီးအား သူတို့ကို အတွဲလိုက် ပစ်ရှင်းပြီး ဝိုင်းဖမ်း မည်ဟုပြောပြီး ကျွန်ုပ်တို့ နှစ်ယောက်က သေနတ်များ ဖြင့်ကျည်ဆန် များကို အတွဲလိုက် စတင်ပစ်ခတ် ပါတော့သည်။**

အတွက် နေ့ဘက်တွင် ပတ်ဝန်းကျင်ကို မှန်ပြောင်းဖြင့် ထောက်လှမ်းရ၏။

သို့နှင့် ကျွန်ုပ်တို့သည် မင်းကြီးတောင်တစ်ဝိုက် ညဘက်လှုပ်ရှားခဲ့ကြရာ ခုနစ်ရက်ကုန်သွားသည်အထိ ရန်သူ့လှုပ်ရှားမှုကို လုံးဝမတွေ့ရ။

"ငါတို့သတင်းရသွားလို့ ဒင်းတို့ ငြိမ်နေကြလေသလား"

ကျွန်ုပ်သည် စိတ်ထဲမှပြောမိသည်။

"စိတ်ရှည်ရှည်ထား။ လောမကြီးနဲ့။ ကျားတွေဟာ ရန်သူတွေ၊ သားကောင်တွေကို ချောင်းမြောင်းရာမှာ စိတ်ရှည်တယ်။ ကြောင်တွေလည်း ဒီလိုပဲ"

ကျွန်ုပ်၏ဆရာသည် ကျွန်ုပ်ကို အမြဲပြောလေ့ရှိ၏။

ကျွန်ုပ်တို့ တောင်တောင်ထဲဝင်ပြီး ရှစ်ရက်မြောက်နေ့၌ မင်းကြီးတောင်ထိပ်၏ တောင်ဘက် ပေငါးရာခန့် အကွာရှိ ရေတံခွန်အနီးတွင် ကျောက်တုံးများအကြား၌ ထူထပ်စွာပေါက်ရောက်နေသော ချုံပင်များကြားထဲ၌ ပုန်းအောင်းနေကြပါသည်။

အင်အားတစ်ဝက်ကို အိပ်စက်အနားယူခိုင်းထားပြီး ကျန်တစ်ဝက်က ရန်သူကို အသင့်အနေအထားဖြင့် စောင့်ကြည့်စေသည်။

ကျွန်ုပ်နှင့် ဆရာကြီးချစ်တိုးသည် တစ်လှည့်စီအနားယူကြသည်။ ထိုနေ့က မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ ကျွန်ုပ်သည် စောင့်ကြည့်တာဝန်ထမ်းဆောင်ရင်း မှန်ပြောင်းဖြင့် ပတ်ဝန်းကျင်ကို ထောက်လှမ်းလျက်ရှိရာ ညနေ ၅ နာရီခန့်၌ ကျွန်ုပ်တို့ပုန်းအောင်းနေရာ၏ မြောက်ဘက် ပေ ၃၀၀ အကွာမှ ကျောက်တုံးများကိုနင်း၍ လူနှစ်ယောက်သည် ရေတံခွန်ရှိရာသို့ တောင်းတစ်လုံးစီကို ပခုံးပေါ်တင်၍သွားနေသည်ကို ကျွန်ုပ်တွေ့ရသည်။

သူတို့သည် အနောက်ဘက်မှ လာကြပြီး ရေတံခွန်ရှိရာသို့သွားကာ တဝေါဝေါကျနေသော ရေတံခွန်ရေများကို ဖြတ်၍ အထဲသို့ဝင်သွားသည်။

ကျွန်ုပ်သည် မှန်ပြောင်းဖြင့် ထိုနေရာကို အကြာကြီးကြည့်နေသော်လည်း ရေတံခွန်ထဲဝင်သွားသူများ ပြန်ထွက်လာသည်ကို မတွေ့ရ။

"ဟုတ်ပြီ။ ဒီရေတံခွန်ရေတွေနောက်မှာ ဂူရှိရမယ်။ ဒီဂူထဲမှာ ခိုအောင်းသူတွေရှိရမယ်"

ကျွန်ုပ်သည် ဆရာကြီးချစ်တိုးကို နှိုးပြီး ဖြစ်ရပ်ကို ပြောပြသည်။

ထို့နောက် ကျွန်ုပ်တို့တစ်ဖွဲ့လုံးကို အသင့်အနေအထားဖြင့် ရှိစေလိုက်သည်။

"သိပ်မမှောင်ခင် အဲဒီအထဲဝင်ရှင်းကြရအောင်"

ကျွန်ုပ်က ဆရာကြီး ချစ်တိုးကို ပြောရာ -

"ကောင်းတယ်။ ကျွန်တော် ရှေ့ကဝင်မယ်။ ကျွန်တော်က ဒီလူတွေပြောနေတဲ့ စကားတွေကို ကျွမ်းတယ်"

ထို့နောက် ကျွန်ုပ်တို့သည် ခြေသံလုံလုံဖြင့် ရေတံခွန်ရှိရာသို့ ကပ်သွားကြသည်။

ရေတံခွန်နောက်ဘက် ဂူဝတွင် ကျွန်ုပ်သည် အစောင့်နှစ်ယောက်ကို ထားခဲ့ပြီး ကျင်အင်အားဖြင့် သေနတ်



www.burmeseclassic.com

www.burmeseclassic.com

များကို ပစ်ခတ်ရန် အသင့်အနေအထားဖြင့် တစ်လှမ်းချင်း ဝင်သွားကြသည်။

ဂူထဲဝင်ခါစ၌ မျက်စိများ ကျင့်သားမရသေး၍ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ ခဏအကြာတွင် ကျင့်သားရပြီး ဂူထဲရှိ ကျောက်တုံးများကို နင်း၍ သွားရသော လူတစ်ကိုယ်စာလမ်းကို မှုန်မွှားမွှား မြင်ရသည်။

ဂူဝမှ ပေလေးဆယ်ခန့်အရောက်၌ စကားသံများကို ကြားရသည်။

ဆရာကြီးချစ်တိုးသည် ရပ်၍ နားစွင့်လိုက်ပြီးနောက် -

"သူတို့ ကနေ့ည ငါးယောက်ကိုင်ရွာကို ဝင်တိုက်မယ်လို့ ပြောနေကြတယ်"

ဟု လေသံတိုးတိုးဖြင့်ပြောသည်။

သူတို့သည် ဂူ၏အလယ်တွင် မီးတုတ်ကိုထွန်း၍ အရက်များကို ဝိုင်းဖွဲ့သောက်နေကြသည်။ မီးခိုးများမှာ ဂူအလယ်၌ အပေါ်ဘက်ရှိ အပေါက်မှ ထွက်သွားသည်။

ဂူအကျယ်အဝန်းမှာ ပေနှစ်ဆယ်ပတ်လည် ဖြစ်သည်။ ဂူ၏နံရံတွင် သေနတ်များကို ထောင်ထားသည်။

သူတို့မှာ ကျွန်ုပ်တို့ရှာဖွေနေသော လူဆိုးဓားပြများဖြစ်သည်။

ကျွန်ုပ်သည် ဆရာကြီးအား သူတို့ကို အတွဲလိုက် ပစ်ရှင်းပြီး ဝိုင်းဖမ်းမည်ဟုပြောပြီး ကျွန်ုပ်တို့နှစ်ယောက်က သေနတ်များဖြင့် ကျည်ဆန်များကို အတွဲလိုက် စတင်ပစ်ခတ်ပါတော့သည်။

သူတို့ အလစ်အငိုက် ခံလိုက်ရသည်။ ကျွန်ုပ်တို့နှစ်ယောက်သည် ပစ်ရင်းခတ်ရင်း ရှေ့သို့တိုးသွားသည်။

ကျွန်ုပ်တပည့်များက ကပ်ပါလာပြီး ဂူထဲနေရာယူ၍ ရန်သူများကို ဝိုင်းထားလိုက်သည်။

"တစ်ယောက်မှ မလှုပ်နဲ့။ အားလုံး မှောက်နေ"

ဆရာကြီးချစ်တိုးက သူတို့စကားသံဖြင့် ပြောလိုက်ရာ သူတို့အားလုံးမှာ မှောက်သူကမှောက်၊ ပက်လက်လန်ဖြစ်နေသူက ဖြစ်နေ၏။

ကျွန်ုပ်သည် တပည့်တစ်ယောက်အား မီးတုတ်တစ်တုတ်ကို မီးညှိခိုင်းလိုက်သည်။ မီးအလင်းရောင်က အားကောင်းလာသည်။

ဂူထဲတွင် လူသုံးယောက်သာ အသက်ရှင်နေပြီး သေနေသူ ခုနစ်ယောက်ကို တွေ့ရသည်။

သေသူများထဲ၌ ထွန်းစိန်ပါသွားသည်ဟု အသက်ရှင်သူ သုံးယောက်က ပြောသည်။

ကျွန်ုပ်သည် အသက်ရှင်သူသုံးယောက်၏ ခြေလက်များကို ကြိုးများဖြင့် ချည်ထားလိုက်သည်။ ဂူထဲမှ သူတို့၏လက်နက်ခဲယမ်းများကို တပည့်များအား ခွဲဝေသယ်ယူစေကာ ခေါင်းဆောင်ထွန်းစိန်အလောင်းကို ဂူပြင်သို့ ခက်ခက်ခဲခဲ သယ်ထုတ်လိုက်သည်။

အသက်ရှင်သူ လူဆိုးသုံးယောက်ကိုပင် သူတို့ကိုချည်ထားသော ကြိုးများကိုဖြေ၍ သူတို့အသုံးပြုသော စောင်များကိုအသုံးပြု၍ သယ်ထုတ်ခိုင်းသည်။

ကျန်အလောင်းများကို နောက်တစ်နေ့မှ လာယူရန်ဆုံးဖြတ်လိုက်သည်။

"မင်းတို့အင်အားက ၁၅ ယောက်မဟုတ်လား"

အသက်မသေသော လူဆိုးများကို မေးရာ -

"ငါးယောက်က သူတို့ရွာတွေကို ခဏပြန်သွားကြတယ်"

ဟု ဖြေကြသည်။

ဂူအပြင်တွင် မှောင်နေလေပြီ။ ကျွန်ုပ်သည် မီးတုတ်များကို အသုံးပြု၍ ထွန်းစိန်အလောင်းကို သူတပည့်များကိုပင် သယ်ခိုင်းပြီး ကျောက်တော်သို့ ပြန်လာပါသည်။

ညဉ့်သန်းခေါင်အချိန်တွင် ကျောက်တော်သို့ ရောက်လာပြီး ထွန်းစိန်အလောင်းကို ကျောက်တော်ဆေးရုံရင်ခွဲရုံ၌ ဆေးရုံအုပ်ကြီးကိုပြောပြီး ထည့်ထားလိုက်သည်။ လူဆိုးသုံးယောက်ကို ကျောက်တော်ရဲစခန်း အချုပ်ခန်းထဲ၌ ထည့်ထားလိုက်သည်။

ကျွန်ုပ်သည် ညတွင်း၌ပင် စစ်တွေရှိ ကျွန်ုပ်၏အကြီးအကဲထံသို့ ဝါယာလက်စ်ကြေးနန်းမှတစ်ဆင့် ကျွန်ုပ်တို့၏ အောင်ပွဲသတင်းကို ပေးပို့လိုက်သည်။

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်တို့အဖွဲ့သည် ရေတံခွန်ဂူရှိရာသို့ ထပ်သွားပြီး တောင်ခြေရှိ ရွာများမှ ရွာသားများအကူအညီဖြင့် ဂူထဲမှအလောင်းများ ကို သယ်ထုတ်ကာ တောင်ခြေနှင့် အနီးဆုံးရွာ သုသာန်တွင် မြေမြှုပ်လိုက်ပါသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်၏အကြီးအကဲ စစ်တွေမှရောက်လာကာ ကျွန်ုပ်တို့ကို ချီးကျူးစကားများပြောပြီး လက်ဆောင်များပေးပါသည်။

မြသိန်း

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဆားပုလင်း နှင်းမောင် နှင့် မိတ်ဆွေဟောင်းများ

■ မင်းသိင်္ခ

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန် စီအိုင်ဒီရှိ ကျွန်ုပ်၏ ရုံးခန်းအတွင်း၌ ထိုင်၍ ဒိုင်ယာရီရေးမှတ်နေလေသည်။ မိုးတွင်းကာလဖြစ်သောကြောင့် ရုံးခန်းအပြင်ဘက်တွင် မိုးဖွဲလေးများ ကျနေ၏။ ထိုအချိန်၌ ကျွန်ုပ်၏မိတ်ဆွေ စုံထောက်ကြီး ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်၏ရုံးခန်းအတွင်းသို့ ဝင်လာပြီးလျှင်…

"အိုင်ပီရေ… မိုးကလေးကလည်း တစိမ့်စိမ့်ရွာနေတယ်။ အမှုကလည်း လိုက်စရာမရှိတော့ ပျင်းလှသဗျာ။ အခုနေများ စိတ်ဝင်စားစရာကောင်းတဲ့ ရှုပ်ရှုပ်ထွေးထွေး အမှုကလေးတစ်ခုလောက် ရောက်လာရင် သိပ်ပြီးကောင်းမှာပဲဗျာ"

ဟု ဆိုကာ ကုလားထိုင်၌ ဝင်၍ထိုင်ရင်း စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာကာ ပြတင်းပေါက်မှနေ၍ လမ်းမဘက်ဆီသို့ ကြည့်ရှုနေလေ၏။

ကျွန်ုပ်လည်း ရေးလက်စ ဒိုင်ယာရီကို ပိတ်လိုက်ပြီးနောက်…

"ကိုနှင်းမောင်ကတော့ဗျာ… အတော့်ကို ခေါင်းရှုပ်ခံချင်တဲ့လူပဲ။ အခုတလော့မှ အမှုကလေးပြတ်သွားလို့ စိတ်လွတ်လက်လွတ်ကလေးနေမယ် ကြံကာရှိသေးတယ်။ အိုင်ဆေးက အမှုတစ်ခု တောင့်တနေပြန်ပြီ၊ ဒုက္ခပါပဲဗျာ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လျှင် ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်က -

"ပျင်းရိခြင်းနှစ်မျိုး ရှိတယ်ဗျာ။ အဲဒီနှစ်မျိုးမှာ အလုပ်မလုပ်ချင်လို့ ပျင်းတဲ့အပျင်းကိုတော့ အင်္ဂလိပ်စကားမှာ

www.burmeseclassic.com

www.burmeseclassic.com

လေဗီးလို့ ခေါ်တယ်မဟုတ်လား။ အလုပ်လုပ်ချင်လျက်သားနဲ့ အလုပ်မရှိလို့ ပျင်းရိငြီးငွေ့တာကိုတော့ အိုင်ဒယ်လ်လို့ ခေါ်တယ်မဟုတ်လား။ အဲဒီ ပျင်းရိခြင်း နှစ်မျိုးရှိတဲ့အနက်မှာ ကျုပ်ကတော့ ဒုတိယအမျိုးကို မခံနိုင်ဘူးဗျာ။ အလုပ်မရှိလို့ ပျင်းရိငြီးငွေ့ရတဲ့ ဒုက္ခကို ကျုပ်ကတော့ ထောင်ကျခံရသလောက်ကို စိတ်ညစ်လှတယ်ဗျာ"

ဟု ပြောလေ၏။

ထိုအချိန်၌ ကျွန်ုပ်တို့နှင့် လွန်စွာ ခင်မင်သော ပုလိပ်အရာရှိ ဦးကိုကိုကြီး ဆိုသူ ရောက်ရှိလာပြီးလျှင်・・・

"ခင်ဗျားတို့ ဘာတွေတိုင်ပင်နေကြတာလဲ"ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က・・・

"ဟောဒီမှာဗျာ ကိုနှင်းမောင်က အလုပ်မရှိလို့ ပျင်းနေတာတဲ့"ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက သူ၏ ကြီးမားသော လက်ဝါးကြီးဖြင့် ပျာပျာသလဲ ကာ၍・・・

"မလုပ်ပါနဲ့ မောင်မင်းကြီးသားရယ်။ အမှုမရှိတာ ကောင်းပါတယ်ဗျာ။ အမှုရှိရင် ခေါင်းကိုက်လွန်းလို့ပါဗျာ"ဟု ပြောရာလေ၏။

ဆားပုလင်းနှင်းမောင်သည် စီးကရက်ပြာကို လက်ညှိုးကလေးဖြင့် တောက်၍ ခါလိုက်ပြီးနောက်・・・

"ဂါတ်ကလူတွေကတော့ အယူတစ်ခုရှိတယ်ဗျာ။ အချုပ်ခန်းထဲမှာ အချုပ်သားတစ်ယောက်မှမရှိရင် အချုပ်ခန်းသော့ကို တဂေါက်ဂေါက်နဲ့ လှုပ်လိုက်တာပဲ။ အဲဒီအခါမှာ အချုပ်သားရောက်လာတော့တာပဲ။ တစ်ခါတလေတော့လည်း လက်ထိတ်တွေကို တချွင်ချွင်နဲ့ ခါယမ်းတော့တာပဲ။ အဲဒီအခါမှာ လက်ထိတ်ခတ်ခံရမယ့်တရားခံ ရောက်လာတော့တာပဲ။ ကျုပ်တို့ စီအိုင်ဒီမှာလည်းပဲ အမှုမရှိလို့ တစ်ယောက်ယောက်က ညည်းလိုက်ရင်တော့ သိပ်မကြာပါဘူးဗျာ။ အမှုက ရောက်လာတော့တာပါပဲ"ဟု ပြောဆိုကာ ပြတင်းပေါက်မှနေ၍ လမ်းမဘက်ဆီသို့ ကြည့်မြဲကြည့်ရှုနေလေတော့၏။

ထိုအချိန်၌ လူငယ်တစ်ယောက်သည် ကျွန်ုပ်တို့ စီအိုင်ဒီရုံးဘက်သို့ လျှောက်လာသည်ကို တွေ့ရလေ၏။ ထိုလူငယ်သည် ထီးမပါဘဲလျက် မိုးရေထဲတွင် လျှောက်၍လာသောကြောင့် တစ်ကိုယ်လုံး ရွှဲရွဲစိုလျက် ရှိလေ၏။ ကျွန်ုပ်၏ ရုံးခန်းအဝသို့ ရောက်သောအခါ၌ ထိုလူငယ်က・・・

"ဆားပုလင်းနှင်းမောင် ဆိုတဲ့လူနဲ့ တွေ့ချင်လို့ပါဗျာ"ဟု ပြောလေ၏။

ထိုသို့ပြောပြီးနောက် မျက်နှာပေါ်မှ မိုးရေစက်များကို လက်ဖြင့်သပ်ချရင် ကျွန်ုပ်တို့ သုံးဦးအား သေချာစွာ အကဲခတ်ကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုပြီးနောက်・・・

"ကျွန်တော့်ကို ဆားပုလင်းနှင်းမောင်နဲ့ တွေ့ခွင့်ပေးပါခင်ဗျာ၊ အရေးကြီးလို့ပါခင်ဗျာ"ဟု ထပ်၍ပြောပြန်လေ၏။

ထိုအခါ၌ ဦးကိုကိုကြီးက သူ၏ လက်ဝါးကြီးနှစ်ဖက်ကို ပွတ်လျက်・・・

"အထဲကို ဝင်ခဲ့ပါ ကိုယ့်လူရယ်။ ခင်ဗျားကို ကြည့်ရတာလည်း တစ်ညလုံး စဥ့်အိုးထဲကျနေတဲ့ ကြွက်စုတ်လိုပါပဲလား။ ကဲ・・・ကဲ・・・လာ・・လာ၊ အထဲဝင်။ အဲဒီကုလားထိုင်မှာထိုင်။ ခင်ဗျားတွေ့ချင်တဲ့ စုံထောက်ကြီး ဆားပုလင်းနှင်းမောင်ဆိုတာ ဟောဟိုက လူ ခပ်ချောချောပဲ။ အင်္ဂလိပ်မင်းသား ဘလင်တီနိုနဲ့ မှားလောက်တဲ့ လူမျိုးပေါ့ဗျာ။ စီအိုင်ဒီမှာ စုံထောက်မလုပ်ဘဲ ဘိုင်စကုတ်ဘက်များ ကူးသွားမယ်ဆိုရင် မင်းသားကြီး ကိုဘတင့်ကို မကျော်နိုင်တဲ့တိုင်အောင် တန်းတူလောက်တော့ လိုက်နိုင်တဲ့ လူမျိုးပေါ့ဗျာ"ဟု ပြောလိုက်လေ၏။

ထိုလူငယ်ကလည်း ရေများစိုရွှဲလျက်ရှိသော ၎င်း၏ အဝတ်အစားများဖြင့် ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ ဝင်ရမည်ကို အားတုံ့အားနာ ဖြစ်လျက်ရှိလေ၏။

သို့ရာတွင် ဦးကိုကိုကြီးက ဇွတ်အတင်းခေါ်ယူ၍ ကုလားထိုင်၌ ထိုင်ခိုင်းသောကြောင့် ဝင်၍ထိုင်ရလေ၏။ ထိုသို့ထိုင်ပြီးလျှင် ဆားပုလင်းနှင်းမောင်၏ မျက်နှာကို ငေးမောကြည့်ရှုကာ နေလေ၏။ ထို့ကြောင့် ဦးကိုကိုကြီးက -

"ကဲ・・・ကိုယ့်လူ၊ ဆားပုလင်းနှင်းမောင်နဲ့ တွေ့ချင်တယ်ဆို။ တွေ့ပြီလေဗျာ・・・ခင်ဗျားပြောချင်တာ ပြောတော့လေဗျာ။ ခင်ဗျားဟာကလည်း တွေ့ရပြန်တော့လည်း ဆားပုလင်းနှင်းမောင်မျက်နှာကို မှန်ကြည့်သလို ကြည့်နေတာကိုး"ဟု ပြောလိုက်သောအခါ၌ ထိုလူငယ်က -

"ဒီလိုပါ ဆားပုလင်းကိုနှင်းမောင်ရယ်"ဟု ဆိုကာ အောက်ဖော်ပြပါ အဖြစ်အပျက်ကို ပြောပြလေ၏။ ထိုလူငယ်ပြောပြသော အဖြစ်အပျက်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလွန်းသောကြောင့် ကျွန်ုပ်တို့သုံးဦးသည် အစမှ အဆုံးတိုင် တစ်စုံတစ်ရာ ဝင်ရောက်မေးမြန်းပြောဆိုခြင်းမပြုနိုင်ဘဲ ပုံကြိုက်သော ကလေးငယ်များ ပုံပြောကောင်း

www.burmeseclassic.com

သူနှင့် တွေ့ဘတ်စအခါ၌ ငြိမ်၍နေသည့်အလား ကျွန်ုပ်တို့လည်း ငြိမ်၍နေကြရလေတော့၏။

- - -

လူငယ်ပြောပြသော အကြောင်းအရာများကို ဖတ်၍ကောင်းစေရန်အတွက် ဝတ္ထုသဖွယ် ရေးသားထားပါသည်။ စာရေးသူ

တစ်ညသ၌ မြင်းတိုက်ဟူသော ဘူတာသို့ သာစည်ဘက်မှ မောင်းလာသော ရထားတစ်စီးသည် ဆိုက်ရောက်လာခဲ့လေ၏။ ရှမ်းအမျိုးသား ခရီးသည်အချို့ ရထားပေါ်မှ ဆင်းခဲ့ကြလေ၏။ ထိုအထဲတွင် ရှမ်းအမျိုးသားများကဲ့သို့ ဝတ်ဆင်ထားသော အသက်အစိတ်ခန့် မြန်မာလူငယ်တစ်ဦးပါ၍လာလေသည်။ ထိုလူငယ်သည် ဘူတာအနီးရှိ တို့ဟူးကြော်ဆိုင်သို့ဝင်ကာ တို့ဟူးကြော်နှင့် ဂျုံမြစ်ကို အဆာပြေစားသောက်ရင်း လွန်စွာ အနံ့မွှေးသော အခါးရည် (ရေနွေးကြမ်း)ကို သောက်လေ၏။

ထိုနောက် ကျသင့်သော တို့ဟူးကြော်ဖိုးကိုပေး၍ ထိုဆိုင်မှ ထွက်ခဲ့လေ၏။ ထိုလူငယ်သည် မြေနီလမ်းလေးအတိုင်း ဆက်၍လျှောက်သွားနေလေ၏။ အတော်အတန် လျှောက်သွားပြီးသည့်အခါ၌ တဲအိမ်ကလေးအတွင်းမှ လမ်းပေါ်သို့တိုင်အောင် ထိန်လင်း၍နေသော မီးရောင်ကို တွေ့ရလေ၏။ ဆီးနှင်းများ တဖွဲဖွဲကျနေပြီဖြစ်၍ ထိုလူငယ်သည် ချမ်းအေးမှုဒဏ်ကို ကြိတ်မှိတ်၍ ခံစားနေရရှာလေ၏။

ထို့ကြောင့် ထိန်လင်းသော မီးရောင်ကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် လူငယ်သည် လွန်စွာ အားတက်၍ သွားလေ၏။

“အင်း...ရှေ့ကဟာ ထမင်းဆိုင်နဲ့ တူတယ်။ အဲဒီမှာပဲ ဒီတစ်ညတော့ တည်းခိုမှဖြစ်မယ်”

ဟု တွေးလိုက်မိလေ၏။

ထို့ကြောင့် အလင်းရောင်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်လေ၏။ တစ်အောင့်မျှ လျှောက်မိလျှင် ထိုတဲအိမ်ရှေ့ဆီသို့ ရောက်သွားလေ၏။ တဲအိမ်ရှေ့၌ နှစ်လံမျှရှိသော မြောင်းကလေးတစ်ခုကို တွေ့ရလေ၏။ ထိုမြောင်းကလေးအား ကူးရန်အတွက် သစ်တုံးနှစ်ခုကို တံတားအဖြစ် ခင်းထားသည်ကိုလည်း တွေ့ရလေ၏။ လူငယ်သည် ထိုတံတားကို မကူးဘဲ တဲအိမ်အတွင်းဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်လေ၏။ ထိုသို့ကြည့်လိုက်ပြီးနောက် ၎င်းထင်သကဲ့သို့ ထမင်းဆိုင်မဟုတ်ကြောင်း သိလျှင် စိတ်ပျက်၍သွားလေ၏။

သို့ရာတွင် ရှေ့သို့ဆက်သွားရန်မှာလည်း မည်သည့်အိမ်ကိုမျှ မတွေ့ရဘဲ ကွင်းပြင်ထီးတည်းကြီးကိုသာ တွေ့ရလေ၏။ ထိုတဲအိမ်ဆီသို့ဝင်ကာ အကူအညီတောင်းရပေတော့မည်။ လူငယ်သည် သစ်တုံးတံတားလေးပေါ်မှ ဖြတ်၍ တဲအိမ်အဝဆီသို့ လျှောက်လာလေ၏။ တဲအိမ်ဝသို့ရောက်လျှင် အတွင်းသို့ ကြည့်လိုက်ရာ သံထည်ဟောင်းတစ်ခုအတွင်း၌ ထင်းတုံးကြီးများထည့်၍ မီးဖိုထားသော မီးဖိုရဲရဲကြီးတစ်လုံးကို တွေ့ရလေ၏။

လူငယ်သည် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်ဖြစ်သဖြင့် ထိုမီးခဲရဲရဲကြီးများ၌ မီးလှုံရန်အတွက် သွားရည်ကျမိလေတော့၏။ ထို့ကြောင့် တဲရှင်အား ခွင့်တောင်း၍ မီးလှုံမည်ဟု တွေးရင်း တဲရှင်ကို ကြည့်လိုက်မိလေသည်။ ထိုမီးဖိုဘေး၌ မွေ့ရာကြီးတစ်ခုခင်းကာ မီးလှုံရင်း အနှိပ်ခံလျက်ရှိသော ဗိုက်ရွှဲရွှဲလူဝကြီးတစ်ဦးကို တွေ့ရလေ၏။ ထိုလူဝကြီးအား ပိန်ပိန်ရှည်ရှည် ကုလားကလေးတစ်ဦးက နှိပ်နယ်ပေးနေသည်ကို တွေ့မြင်ရလေ၏။

ထိုလူဝကြီး၏ မျက်နှာချင်းဆိုင်ဘက်တွင် မိန်းမတစ်ဦးသည် လက်လှည့် အပ်ချုပ်စက်ကလေးတစ်လုံးဖြင့် တစ်စုံတစ်ခုကို ချုပ်လုပ်နေလေ၏။ ထိုမိန်းမနှင့် လူဝကြီးအကြားတွင် ဗိုလ်ခွေးဟု အများခေါ်လေ့ရှိသော အမွေးစုတ်ဖွားနှင့် ခွေးကလေးတစ်ကောင်လည်း မီးလှုံလျက်ရှိပေသည်။ လူငယ်သည် သေသေချာချာရပ်၍ ကြည့်ရှုပြီးနောက်...

“ကျွန်တော့်ကို ဝင်ခွင့်ပြုပါခင်ဗျား”

ဟု အသံပြုလိုက်လေ၏။ လူဝကြီးရော၊ အင်္ကျီချုပ်နေသော မိန်းမနှင့် ကုလားကလေးရော အမွေးစုတ်ဖွားနှင့် ခွေးကလေးကပါ အားလုံးသည် လူငယ်အား တစ်ပြိုင်နက်တည်း လှမ်း၍ကြည့်လိုက်လေ၏။ လူဝကြီးက “ဝင်ခဲ့ပါ”ဟု ပြန်၍ပြောလိုက်လေ၏။ လူငယ်ကလေးကလည်း အားရဝမ်းသာနှင့် ဝင်သွားလေ၏။ ခွေးကလေးသည် အိပ်နေရာမှ ထ၍ လူငယ်ထံသို့လာပြီး လူငယ်အား နမ်းရှုပ်လေ၏။ ထိုနောက် မူလနေရာသို့ ပြန်၍သွားကာ မီးလှုံမြဲ လှုံလျက်နေ၏။

လူငယ်သည် မီးဖိုအနီးသို့ ကပ်ကာ လက်ဝါးနှစ်ဖက်ကို မီးနှင့်ပြ၏။

“ကျွန်တော်က ခရီးသည်ပါ”

ဟု စကားစလိုက်၏။

“ကျုပ်အိမ်က မီးရောင်ကို တွေ့

www.burmeseclassic.com

တော့ ထမင်းဆိုင်အောက်မေ့လို့ လာခဲ့တယ်ဆိုပါတော့"

ဟု လူဝကြီးကပြောလိုက်လေ၏။

"မှန်ပါတယ် ခင်ဗျာ"

ဟု လူငယ်က ဝန်ခံလေ၏။

"ပြီးတော့ ကျွန်တော်သွားရမယ့်နေရာကိုလည်း မသွားတတ်လို့ ဒီတစ်ညတော့ ဒီမှာပဲ တည်းပါရစေလို့ ကျုပ်ဆီမှာ ခွင့်တောင်းဦးမလို့ပေါ့"

ဟု လူဝကြီးကပြောလိုက်လေ၏။

လူငယ်ကလည်း "ဟုတ်ပါတယ်" ဟု ဝန်ခံရပြန်၏။

"ဘူတာမှာလည်း ထမင်းဆိုင်မတွေ့လို့ တို့ဟူးကြော်လေးတစ်မတ်ဖိုးလောက် စားခဲ့ပါတယ်။ ဒါပေမယ့် ညစာတော့ မစားရသေးဘူး မှတ်ပါရဲ့"ဟု လူဝကြီးက ပြောလိုက်ပြန်၏။

လူငယ်ကလည်း "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်ခင်ဗျ"ဟုဝန်ခံရပြန်လေ၏။

"ဒီလိုဆိုတော့လည်း ကျုပ်တို့က ထမင်းကျွေးရဦးမှာပေါ့ဗျာ"ဟု လူဝကြီးက ပြောလျှင် လူငယ်က လွန်စွာ အားနာသော မျက်နှာထားနှင့် "နေပါစေ၊ ရပါတယ်ခင်ဗျာ"ဟု ပြောလေ၏။

ထိုအခါ၌ အကျီချုပ်နေသော မိန်းမက "အားမနာပါနဲ့။ ထမင်းတွေ၊ ဟင်းတွေ အဆင်သင့်ရှိပါတယ်"ဟု ဆိုကာ မီးဖိုခန်းသို့ဝင် ထမင်းပွဲပြင်၍ ပေးလေ၏။ လူငယ်က အားနာသဖြင့် အတန်တန် ငြင်းဆန်၏။ သို့ရာတွင် လူဝကြီးက...

"အားမနာပါနဲ့၊ စားသာစားပါ"ဟု ဆိုသဖြင့် လူငယ်ကလည်း ထမင်းစားရလေတော့၏။ လူငယ် ထမင်းစားနေသည့်အချိန်၌ လူဝကြီးကို နှိပ်နယ်ပေးနေသော ကုလားကလေးက...

"ဦးလေး ပုံပြောပါ"ဟု ဆိုလေ၏။

ထိုအခါ၌ လူဝကြီးက လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော ပုံဝတ္ထုတစ်ခုကို ပြောပြလေ၏။ ကုလားကလေးကလည်း စိတ်ဝင်စားစွာဖြင့် နားထောင်နေလေ၏။ အမွေးစုတ်ဖွား ခွေးကလေးမှာလည်း လူဝကြီးပြောပြသော ပုံပြင်ကို နားထောင်သည့်အလား နားထောင်လျက်ရှိပေ၏။ မိန်းမလုပ်သူမှာလည်း အကျီချုပ်၍ပြီးသွားပြီဖြစ်သဖြင့် "အငယ်လာ"ဟုဆိုကာ အမွေးစုတ်ဖွားခွေးကလေးကို ပွေ့၍ထားလေ၏။ ခွေးကလေးမှာ ကလေးငယ်ကဲ့သို့ ရင်ခွင်ထဲတွင် ခွေခွေကလေး အိပ်၍နေ၏။

လူဝကြီးမှာ ပုံပြောရင်း မကြာခဏ ၎င်း၏ပေါင်ခြံကို ကုတ်သဖြင့် မိန်းမလုပ်သူက "ဒီညတော့ ဆေးထည့်ရမယ်"ဟု ပြောလေ၏။

လူဝကြီးက...

"မထည့်ချင်ဘူးကွာ။ မင်းဆေးက အေးစက်စက်ကြီးနဲ့ ငါမနေတတ်ပါဘူး" ဟု ငြင်းဆိုလေ၏။

"ရှင် ဆေးကျတော့ မထည့်ချင်ဘူး။ လူရှေ့ကျရင် ကုတ်ပြီ"ဟု ပြောလေ၏။

"မင်းနားမလည်ပါဘူး။ ကုတ်တာဟာ ဘယ်လောက်အရသာရှိသလဲ။ လောကမှာ အယားပြေခြင်းဆိုတဲ့ အရသာလောက် ကောင်းတဲ့အရသာ ငါမတွေ့ဖူးသေးဘူး။ အဲဒီခံစားမှုကို ပစ္စည်းအဖြစ် ထုတ်လုပ်လို့ရရင် ရောင်းလို့မလောက်အောင် တွင်ကျယ်နိုင်တယ်နော်"ဟု လူဝကြီးက ပြောလေ၏။

ကုလားကလေးက "အန်တီ မနှောင့်ယှက်ပါနဲ့။ ပုံနားထောင်လို့ ကောင်းနေတယ်"ဟုပြောရာ ထိုမိန်းမက "ပါးကျိုးမယ်"ဟု မျက်နှာထိ မျက်နှာထားဖြင့် ကုလားကလေးအား ကြိမ်းလိုက်လေ၏။

ထို့နောက် လူဝကြီးအား နှိပ်ပေးနေသော ကုလားကလေးက...

"ဦးလေး...ပုံပြောမယ်ဆိုတာ ဆက်ပြီးပြောပါ"ဟု ပူဆာသဖြင့် လူဝကြီးက...

"အေး...ပုံနားထောင်ချင်ရင် ကောင်းကောင်းနှိပ်"ဟု ပြောသဖြင့် ကုလားကလေးက...

"အချားမာမှု ကောင်းကောင်းနှိပ်ပါ့မယ်။ အချားဆေး ဘိုလိုး ကောင်းကောင်းပြောပါ"ဟု ဆိုလေ၏။

ထိုအခါ၌ လူဝကြီးသည် အနှိပ်ခံရင်း လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော ခရီးသည်ကြီး မောင်စိန်သီး ဆိုသည့် ပုံပြင်ကို ပြောပြလေတော့၏။

ဧည့်သည်လူငယ်လည်း ထမင်းစားရင်းနှင့် လူဝကြီးပြောပြသော ခရီးသည်ကြီး မောင်စိန်သီးပုံပြင်ကို နားထောင်နေမိလေ၏။

လူငယ်သည် ထမင်းစားနေရင်းဖြင့် ပုံပြင်ကို နားထောင်နေလေ၏။ ထို့နောက် ထမင်းစားပြီးခါနီးလောက်တွင် တဲအိမ်အနောက်ဘက်ခန်းဆီမှ ချွတ်ခနဲ အသံကြား၍ လူငယ်က ဆတ်ခနဲ လှမ်းကြည့်လိုက်ရာ ဆံပင်စုတ်ဖွား၊ ပါးစပ်ရဲရဲ၊ ပါးစပ်လွန်စွာနီမြန်း၍ အသားအရောင်မှာလည်း လူတစ်ဦး၏ အသားမည်းပုံမျိုးမဟုတ်ဘဲ ထူးခြားစွာ မည်းမှောင်လှသော မျက်နှာကြီးတစ်ခုကို ရိပ်ခနဲ တွေ့မြင်လိုက်ရလေ၏။ လူငယ်၏ တစ်သက်တာတွင် ဤမျှမည်းမှောင်၍ ဤမျှ ပါးစပ်တစ်ခုလုံး နီရဲသော လူဟူ၍ တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

မရှိပေ။ လူငယ်၏စိတ်၌ ရိပ်ခနဲတွေ့၍ တဲနောက်တွင် ပျောက်ကွယ်သွားသည့် မျက်နှာမည်းကြီးသည် မည်သည့်နည်းနှင့်မျှ လူမဖြစ်နိုင်။ မကောင်းဆိုးရွားသာလျှင် ဖြစ်ရပေမည်ဟု တွေးထင်လိုက်ရပေသည်။

များမကြာမီ၌ပင် တဲနောက်ဆီမှ ခြေသံများလိုလို အသံများကိုလည်းကောင်း၊ လူအများစု၏ တီးတိုးစကားပြောနေသံကဲ့သို့လည်းကောင်း ကြားရလေ၏။ လူငယ်သည် စိတ်၌မသိုးမသန့်ဖြစ်၍လာပြီးလျှင် ဤသို့တွေးမိပြန်၏။ ငါ ယခုရောက်ရှိနေသော၊ တည်းခိုနေသော တဲအိမ်မှ လူများသည် လူအစစ်ဌေမှ ဟုတ်ပါလေစ။ ငယ်စဉ်က ကြားဖူးခဲ့သော မကောင်းဆိုးရွားများသည် လူနေအိမ်သဏ္ဍာန် ဖန်ဆင်း၍လည်းကောင်း ခရီးသည်တို့ကို လှည့်စား၍ ဖမ်းစားတတ်ပေသည်။ လူငယ်သည် တွေး၍ တွေး၍ ကြောက်လန့်လာသည်နှင့်အမျှ ကြက်သီးများ တဖြန်းဖြန်းထ၍လာလေတော့၏။

ထိုနောက် လူငယ်သည် ထမင်းစား၍ ပြီးသွားသဖြင့် လက်ကို ရေနွေးဖြင့် ဆေးလေ၏။ လက်ဆေးပြီးသည့်အခါ၌ အပေါ့အပါးသွားမည်ဟု ငှင်းတက်လာခဲ့သော အိမ်ရှေ့ပေါက်မှပင် အောက်သို့ ဆင်းလေ၏။ ထိုအခါ၌ လူဝကြီးက···

"ဟေ့လူ ဘယ်လဲ"ဟု လှမ်း၍ မေးလေ၏။ လူငယ်ကလည်း "အပေါ့သွားမလို့ပါဗျာ"ဟု ပြန်၍ဖြေလေ၏။

"အပေါ့သွားမှာဆိုရင်တော့ အဲဒီ တဲရှေ့က မြောင်းထဲမှာပဲ သွားပါဗျာ။ တဲနောက်ကို မသွားပါနဲ့။ တဲနောက်မှာက ကိုက်တတ်တဲ့ ခွေးတစ်ကောင် မွေးထားလို့ပါ"ဟု ပြောသဖြင့် လူငယ်လည်း တဲရှေ့တွင်ရှိသောမြောင်း၌ပင် အပေါ့သွားလေ၏။ ထိုသို့ အပေါ့သွားရင်း တဲနောက်ဘက်ဆီသို့ တစေ့တစောင်း လှမ်း၍ကြည့်လိုက်ပြီးလျှင် လူငယ်သည် လန့်ဖျပ်၍···

"အောင်မယ်လေး"ဟု အော်ဟစ်မိလေတော့၏။ ထိုသို့ အော်ဟစ်ပြီးနောက် ကယောင်ကတမ်းနှင့် တဲအိမ်ဆီသို့ ပြန်၍ တက်ပြေးလေ၏။ ထို့ကြောင့် လူဝကြီး၏ မိန်းမရင်ခွင်ထဲ၌ အမွေးစုတ်ဖွားနှင့် ခွေးကလေးလည်း လန့်၍ နိုးလာပြီးလျှင် လူငယ်အား "တဝုတ်ဝုတ်" ဟောင်လေ၏။ ထိုမိန်းမသည် သူ၏ ခွေးကလေးအား စုတ်သပ်၍ ချော့ထားလေ၏။ လူဝကြီးသည် လူငယ်အား···

"ဘာဖြစ်လာတဲ့ မိတ်ဆွေ"ဟု မေးလေ၏။ လူငယ်က "မကောင်းဆိုးရွားများ"ဟု တုန်တုန်ယင်ယင်ဖြင့် ပြန်၍ပြောလေ၏။

"ဟုတ်ရဲ့လားဗျာ"ဟု လူဝကြီးက ပြန်၍မေးလျှင် လူငယ်က···

"ဟုတ်ပါတယ်။ အဲဒီထဲက တစ်ကောင်က စောစောတုန်းက တဲထဲကို ဝင်မလို့ လုပ်ပြီးမှ ပြန်ထွက်သွားတာကို ကျွန်တော် သေသေချာချာတွေ့လိုက်ရပါတယ်။ အခု အပေါ့သွားရင်းနဲ့ အနောက်ဘက်ဆီကို ကြည့်လိုက်တော့ ခုနစ်ကောင်လောက် ရှိတယ်။ လရောင်အောက်မှာ ငုတ်တုတ်ထိုင်နေကြတယ်"ဟု လူငယ်က ကတုန်ကယင်လေသံဖြင့် ပြောပြလေ၏။ ထိုအခါ၌ အနိုပ်သည် ကုလားကလေးက လူငယ်အား

"ခင်ဗျားတွေ့တဲ့ဟာက အသားမည်းသလား"ဟု မေးလေ၏။ လူငယ်ကလည်း···

"အင်း···ဟုတ်တယ်၊ မင်းထက်ဆယ်ဆလောက် မည်းသေးတယ်"ဟု လူငယ်က ပြန်၍ပြောလျှင် လူဝကြီးက

"မှုတ္တူးရယ်···တဲနောက်ကို သွားပြီးကြည့်စမ်းပါဦးကွာ"ဟု ပြောလိုက်လေ၏။

မှုတ္တူးဆိုသည့် ကုလားကလေးကလည်း တဲ၏နောက်ဘက်ဆီသို့ ထွက်၍ သွားလေ၏။ တစ်အောင့်မျှကြာလျှင် ကုလားကလေး ပြန်၍လာပြီးလျှင် လူဝကြီးအား···

"မာမူ···ဘာမှမရှိပါဘူး။ ဒီလူ အလကားပြောတာပါ"ဟု ဆိုလေ၏။ ထိုအခါ၌ လူဝကြီးက ထလျက် -

"ကဲ···ကဲ···ကိုယ့်လူ မကြောက်ပါနဲ့၊ သွားကြည့်ရအောင်ပါ"ဟု ဆိုကာ လူငယ်အား တဲနောက်ဆီသို့ ခေါ်၍သွားလျှင် စောစောက လူငယ်တွေ့ခဲ့ရသော မကောင်းဆိုးရွားများကို မတွေ့ရတော့ပေ။ ထိုအခါ၌ လူငယ်က

"ကျွန်တော်လိမ်ပြောတာ မဟုတ်ပါဘူးဗျာ။ ဟောဒီ သစ်တုံးပေါ်မှာ ထိုင်နေတဲ့ကောင်က ထိုင်တယ်၊ အောက်မှာ ထိုင်တဲ့ကောင်က ထိုင်တယ်"ဟု ပြောလျှင် မှုတ္တူးဆိုသည့် ကုလားလေးက -

"ကဲပါဗျာ၊ ချမ်းပါတယ်။ ခင်ဗျားမြင်တာတွေလည်း မရှိတော့ပါဘူး။ ဝင်မယ်တော့"ဟု ဆိုကာ တဲ၏တံခါးကို ပိတ်လိုက်လေတော့၏။ ပိတ်လိုက်ပြီးလျှင် တံခါးအား သွပ်နန်းကြိုးကလေးနှင့် ချည်လိုက်လေ၏။ လူငယ်မှာမူ အကြောက်မပြေသေးဘဲ ရှိလေ၏။ ထိုအခါ၌ လူဝကြီးက -

"ကဲ···ကဲ···လာပါဗျာ၊ အိပ်ပါ ကိုယ့်လူရယ်"ဟု ဆိုကာ မှုတ္တူးနေရာသို့

www.burmeseclassic.com

ပြန်၍ခေါ်သွားပြီးလျှင် အရက်ပုလင်းတစ်လုံးကိုယူ၍ ဖန်ခွက်အတွင်းသို့ အရက်အနည်းငယ် ငှဲ့လိုက်ကာ လူငယ်အား -

"ကိုယ့်လူ သိပ်ကြောက်နေတယ်။ ရော့…ရော့ အကြောက်ပြေသွားအောင် ဒါလေးမော့လိုက်"ဆိုသဖြင့် လူငယ်လည်း မော့ချလိုက်ရာ အကြောက်လည်း ပြေသွား၏။

နားထင်နားရင်းများလည်း ပူထူ၍ တစ်ကိုယ်လုံးလည်း နွေးထွေးသွားလေတော့၏။ လူငယ်သည် အတော်အတန် နေသာထိုင်သာရှိ၍ သွားလေတော့၏။ ထိုအခါ၌ မှုတူးဆိုသည့် ကုလားလေးက စောင်တစ်ထည်နှင့် ခေါင်းအုံးတစ်လုံးကို ပစ်၍ပေးပြီးလျှင်…

"ကဲ…မိတ်ဆွေကြီး အိပ်ပေတော့"ဟု ပြောလိုက်လေ၏။ လူငယ်လည်း မီးဖိုအနီး၌ပင် ခေါင်းအုံးကိုချ၍ စောင်ကိုခြုံကာ အိပ်ချလိုက်ရာ မကြာမီ၌ပင် အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။ အိပ်ရာမှနိုးသည့်အခါ၌ နံနက် ၇ နာရီပင် ထိုးနေပြီဖြစ်၏။ သို့ရာတွင် မိုးနှင်းများ အုံ့ဆိုင်း၍ကျနေသောကြောင့် အလင်းရောင် ကောင်းစွာမရဘဲ ရှိလေ၏။ လူငယ်၏ ကိုယ်၌ ညကခြုံခဲ့သော စောင်သည်လည်း မရှိတော့၊ အုံး၍အိပ်ခဲ့သော ခေါင်းအုံးလည်း မရှိတော့ကြောင်းကို လူငယ်သည် သတိပြုမိလေတော့၏။

ထို့နောက် လူငယ်သည် တဲအိမ်အတွင်းသို့ ကြည့်လိုက်ရာ လူဝကြီးကိုလည်းကောင်း၊ မိန်းမကိုလည်းကောင်း။ မှုတူးဆိုသော ကုလားကိုလည်းကောင်း။ အမွေးစုတ်ဖွားနှင့် ခွေးကလေးကိုလည်းကောင်း မတွေ့ရတော့ဘဲ ရှိလေ၏။ ထို့ထက်ဆန်းသည်မှာ ညက မီးလှုံခဲ့သော မီးဖိုကြီးမှအပ ပန်းကန်ခွက်ယောက်များကိုလည်းကောင်း။ အောက်လင်းမီးအိမ်ကြီးကိုလည်းကောင်း မတွေ့ရဘဲ ရှိလေတော့၏။ လူငယ်၏စိတ်၌ -

"ညက ငါ့ကို ထမင်းကျွေးခဲ့တဲ့ မိန်းမရော၊ သူ့ယောက်ျားလူဝကြီးရော၊ အမွေးစုတ်ဖွားနဲ့ ခွေးကလေးရောဟာ တကယ့်အစစ်တွေမဟုတ်ဘူး။ မကောင်းဆိုးရွားတွေ အယောင်ဆောင်ထားတာ ဖြစ်မယ်။ တော်တော်ကြောက်ဖို့ကောင်းတဲ့ဟာတွေပဲ"ဟု ရေရွတ်လိုက်မိလေတော့သတည်း။

• • •

ထိုလူငယ်သည် ၎င်း၏အဖြစ်အပျက်ကို အသေးစိတ်ပြောပြလေ၏။

ကျွန်ုပ်တို့က ၎င်းလူငယ်ပြောပြသော အကြောင်းအရာကို အိပ်မက်ဆန်သောညဟု အမည်ပေးလိုက်ကြလေ၏။ ထိုလူငယ်ပြောပြသော အကြောင်းအရာများ ပြီးဆုံးသွားသည့် အခါကျမှပင် ကျွန်ုပ်တို့သည် ဆေးလိပ်ပြာခွေ့သူက ခွေ့၏၊ ဆေးတံကို မီးညှိသူကညှိ၏၊ ရေနွေးကြမ်းကို ငှဲ့သူက ငှဲ့၏။ ငြိမ်သက်စွာ နားထောင်နေကြရာမှ ပြန်လည်၍ လှုပ်လှုပ်ရှားရှား ဖြစ်လာကြကုန်၏။

ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို ထုတ်၍ မီးခြစ်ကို ထောက်ခနဲ ခြစ်ကာ မီးညှိလိုက်ပြီးလျှင် လူငယ်အား

"နာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးလေ၏။ လူငယ်က -

"ကျွန်တော့်နာမည် မောင်ကြောင်ပန်းလို့ ခေါ်ပါတယ်"ဟု ပြန်၍ဖြေလေ၏။

"ဘာအလုပ်လုပ်သလဲ"ဟု ဆားပုလင်းနှင်းမောင်က ပြန်၍မေးပြန်၏။

"သနပ်ဖက်ကုန်သည်ပါ" ဟု လူငယ်က ပြန်၍ဖြေလေ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို အနည်းငယ် ဖွာရှိုက်လိုက်ပြီးနောက် မီးခိုးများကို မှုတ်ထုတ်ရင်း…

"နောက်တစ်နေ့ မနက် ၇ နာရီလောက်မှာ ခင်ဗျားတစ်ယောက်တည်း အဲဒီတဲအိမ်မှာ ကျန်ခဲ့တာပေါ့"

"မှန်ပါတယ်ခင်ဗျာ"ဟု လူငယ်က ပြန်၍ဖြေလေ၏။

"အဲဒီတော့ ခင်ဗျားဘာဆက်လုပ်သလဲ"ဟု ဆားပုလင်းနှင်းမောင်က မေးလေ၏။

"ကျွန်တော်က တဲအထဲရော၊ အပြင်ရော လျှောက်ပတ်ကြည့်တာပေါ့ဗျာ။ သူတို့ လုံးဝမရှိတော့ဘူး။ တဲနောက်ဘက်ကိုလည်း သွားကြည့်မိသေးတယ်။ သူတို့ရဲ့ခြေရာကိုတော့ အများကြီးပဲ တွေ့ရတယ်"ဟု လူငယ်က ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က "ဖြောက်" ခနဲ လက်ဖျစ်တီးလိုက်ကာ…

"ဟုတ်ပြီ မောင်ကြောင်ပန်း သရဲအခြောက်ခံရတာ ဘာဖြစ်လို့ ကျုပ်တို့စီအိုင်ဒီကို လာပြီးတိုင်ရတာတုံး"ဟု ဆားပုလင်းနှင်းမောင်ကမေးလိုက်လေ၏။

"ဒီလိုပါ ခင်ဗျာ။ ကျွန်တော်က သနပ်ဖက်ကုန်သည်ဆိုတော့ အမြို့မြို့အနယ်နယ် သွားရပါတယ်။ အဲဒီလိုဖြစ်ပြီး ခြောက်လလောက်ကြာတဲ့အခါမှာ ကျွန်တော်ဟာ ပြည်ကိုသွားပါတယ်။ ကျွန်တော့်ကိစ္စတွေပြီးလို့ ပြည်ကနေ ရထားစီးပြီး ရန်ကုန်ကို ပြန်ခဲ့ပါတယ်။ ရထားလည်း ဘူတာကထွက်ရော ကျွန်တော့်ကိုခြောက်လိုက်တဲ့ အကောင်တွေကို ရထားပလက်ဖောင်းပေါ်မှာ မြင်လိုက်ရပါတယ်။ ရထားက ရွေ့နေပြီ

www.burmeseclassic.com

ဆိုတော့ ကျွန်တော်ဆင်းလို့မရပါဘူး။ ဆင်းလို့များရရင်တော့ သူတို့နောက်ကို နောက်ယောင်ခံပြီး လိုက်ကြည့်ချင်တယ်။ ဒီကောင်တွေက နယ်လှည့်ပြီး ခြောက်လှန့်နေတာကို။ ဪ…ဒါနဲ့ ခင်ဗျားတို့ ပုလိပ်ဘက်မှာ မကောင်းဆိုးများကို အရေးယူဖို့ ဥပဒေများ လုံလုံလောက်လောက် ရှိပါရဲ့လား"ဟု လူငယ်က မေးလေ၏။

ထိုအခါ၌ တစ်လျှောက်လုံး ငြိမ်၍နားထောင်နေသော ဦးကိုကိုကြီးက "တောက်တီးတောက်တဲ့ ကိုယ့်လူရယ်" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်တို့လည်း ရယ်မောကြရလေ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို အနည်းငယ် ဖွာရှိုက်ပြီးနောက်…

"နောက်ထပ် အဲဒီဟာတွေကို တွေ့သေးသလား မောင်ကြောင်ပန်း"ဟု မေးလေ၏။

"ကျွန်တော် အခုလာတာ အဲဒီကိစ္စပေါ့ စုံထောက်ကြီးရယ်။ ကျွန်တော် မနေ့က ညရထားနဲ့ မန္တလေးက ရန်ကုန်ကို ပြန်ခဲ့တယ်။ ရန်ကုန်အဝင် သယ်န်းကျွန်းဘူတာရောက်တော့ လက်မှတ်ရုံနားမှာ မိန်းမကို တွေ့ခဲ့တယ်။ အဲဒါကြောင့် ကျွန်တော့်ကို ခြောက်လှန့်လိုက်တဲ့ကောင်တွေဟာ သယ်န်းကျွန်းဘူတာ အနီးတစ်ဝိုက်ကို ပြန်ပြီလို့ဆိုချင်တာပါပဲ။ အဲဒါ ဆားပုလင်းနှင်းမောင်တို့ စုံထောက်အဖွဲ့က ဘာ့ကြောင့် အဲဒီ အိမ်ထောင်စုအဖွဲ့က နယ်လှည့်ပြီး ခြောက်လှန့်နေရတယ်ဆိုတာကို တစ်ဆိတ်လောက် စုံစမ်းပြီး ကျွန်တော့်ကို အကျိုးအကြောင်း ရှင်းပြပေးဖို့ပါပဲ"ဟု ပြောဆိုကာ လူငယ်သည် ယခုမှပင် စိတ်လက်ပေါ့ပါး၍ သွားဘိသကဲ့သို့ သက်ပြင်းကြီးတစ်ချက် ချလိုက်လေတော့၏။

"မြင်းတိုက်ဘူတာနားမှာ အဲဒီ မကောင်းဆိုးရှားတွေကို ခင်ဗျားတွေ့ခဲ့တာ ဘယ်တုန်းကလဲ"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"မနှစ်က တန်ဆောင်မုန်းလပါ" ဟု လူငယ်က ပြန်၍ဖြေလေ၏။

"ပြည်မှာ နောက်တစ်ကြိမ် ဒီကောင်တွေကို ထပ်ပြီးတွေ့တာ ဘယ်တုန်းကလဲ"ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

"ပြီးခဲ့တဲ့ ကဆုန်လပါ ဆားပုလင်းနှင်းမောင်"ဟု လူငယ်က ပြန်၍ဖြေလိုက်လေ၏။

ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည်…

"ကောင်းပြီလေ။ ခင်ဗျားနဲ့ ဆက်သွယ်နိုင်မယ့်နေရာကိုသာ ကျုပ်တို့ကို ရေးပေးခဲ့ပါ"ဟု ပြောလိုက်ရာ ထိုသူသည် ကျွန်ုပ်ထံမှ စာရွက်ပိုင်းလေးတစ်ခုကို တောင်းယူ၍ -

"မောင်ကြောင်ပန်း
ခေတ္တ/ကီလီ
ဒေါ်ဖွားစိန်၊ သနပ်ဖက်ပွဲရုံ"

ဟု ရေးသား၍ ထိုစာရွက်ပိုင်းလေးကို ဆားပုလင်းနှင်းမောင် လက်သို့ ပေးလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က ထိုသူအား --

"စိတ်ချပါ မောင်ကြောင်ပန်း။ မကြာခင် အဖြေသိရပါလိမ့်မယ်"ဟု ပြောလိုက်လျှင် ထိုလူငယ်လည်း ဆားပုလင်းနှင်းမောင်နှင့်တကွ ကျွန်ုပ်တို့အား နှုတ်ဆက်ကာ ရုံးခန်းအတွင်းမှ ထွက်သွားလေတော့၏။

ထိုလူငယ်ထွက်သွားသည့်အခါ၌ စုံထောက်ဦးကိုကိုကြီးက -

"အိုင်ဆေး ကိုနှင်းမောင်။ ဘာလဲဗျ။ မရှင်းမရှင်းနဲ့။ သူ့ဟာကလည်း ဥစ္စာစောင့်ပုံပြင်လိုလို၊ ခေါ်တောကုလားပုံပြင်လိုလိုနဲ့ဗျ"ဟု ပြောလေသည်။

"အခုလောလောဆယ်တော့ ဘာမှ မပြောနိုင်သေးဘူး ဦးကိုကိုကြီး။ ဒါပေမယ့် သူ့ဟာက ပဟေဠိဖြစ်နေတယ်ဗျ။ ပဟေဠိဆိုရင်တော့ စံအတိုင်း အဖြေရှိရမှာပေါ့ဗျာ။ ဟဲ‥ဟဲ‥ဟဲ"

ဟု ဆားပုလင်းနှင်းမောင်က ပြောဆို၍ စီးကရက်တိုကို အောက်သို့ချ၍ နင်းခြေလိုက်လေတော့၏။

— — —

ထို့နောက် ကျွန်ုပ်တို့သည် မိုးအနည်းငယ် စဲသွားပြီဖြစ်သဖြင့် ရုံးအနီးရှိ ကာကာလက်ဖက်ရည်ဆိုင်သို့ သွားရောက်ကာ လက်ဖက်ရည်သောက်ကြလေတော့၏။ ထိုနေ့ညနေပိုင်းသို့ရောက်လျှင် ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား ငှက်ပျောဖက်တွင် ပုံ၍စားရသော ဗာရာမင်ထမင်းဆိုင်၌ သက်သတ်လွတ်ထမင်းကျွေးမည်ဟုဆိုကာ ခေါ်၍သွားလေတော့၏။

"စောပါသေးတယ် အိုင်ပီရယ်။ နောက်မှ အေးအေးဆေးဆေး စားကြတာပေါ့"ဟု ဆိုကာ ရန်ကုန်ဘူတာကြီးဘက်သို့ လျှောက်ခဲ့ပြန်သဖြင့် ကျွန်ုပ်လည်း မလိုက်ချင် လိုက်ချင်ဖြင့် လိုက်ပါခဲ့ရလေ၏။ ရန်ကုန်ဘူတာကြီးသို့ရောက်လျှင် ဘူတာကြီးနှင့် လွန်စွာမဝေးလှသော နေရာတွင် နေထိုင်သည့် စက်ခေါင်းအင်ဂျင်နီယာချုပ်ကြီး၏ အိမ်သို့ သွားရောက်ကာ အင်ဂျင်နီယာ မျက်နှာဖြူကြီးနှင့် နာရီဝက်ခန့် စကား

www.burmeseclassic.com

ပြောလေ၏။

ထိုသို့ပြောပြီးနောက် မီးရထားရုံးချုပ်ကြီးဘက်သို့ လျှောက်လာပြန်၏။ ထိုသို့ လျှောက်လာပြီးလျှင် တစ်စုံတစ်ခုကို သတိရသည့်အလား လမ်း၏တစ်ဖက်သို့ ခပ်သုတ်သုတ်ဖြတ်ကူးကာ ရပ်ထားသော ရထားလုံးပေါ်သို့တက်၍ ရထားလုံးမောင်းသော ကုလားအား ပုဇွန်တောင်ဘက်သို့ မောင်းနိုင်းပြန်လေ၏။ ရထားပေါ်သို့ ရောက်သည့်အခါ၌လည်း ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား တစ်စုံတစ်ရာပြောဆိုခြင်း မရှိဘဲ စီးကရက်ကို ဖွာရှိုက်ရင်း လေးလေးနက်နက် စဉ်းစားနေလေ၏။

ပုဇွန်တောင်သို့ ရောက်သည့်အခါ၌လည်း ဖို့မြေဘက်ရှိ ၎င်းနှင့် လွန်စွာရင်းနှီးသော ဆေးဆရာကြီးတစ်ဦး၏ အိမ်သို့သွားရောက်ကာ ထိုဆေးဆရာကြီးအား နှုတ်ဆက်စကား ပြောဆိုပြီးနောက်...

"ကဲ...ဆရာကိုစိန်ကုလားရေ၊ ကျွန်တော့်သေတ္တာကလေး ဖွင့်လိုက်ဦးမယ်ဗျာ"ဟု ပြောလျှင် ၎င်း၏မိတ်ဆွေ ဆေးဆရာကြီး ဦးစိန်ကုလားက -

"ဖွင့်ပါဗျာ၊ ဖွင့်ပါ"ဟု ပြောဆိုလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် ဆေးဆရာကြီးအိမ်တွင် အပ်နှံထားသော ၎င်း၏ကျွန်းသေတ္တာကိုဖွင့်၍ အတွင်းမှ အဝတ်အစားဟောင်းများကို ထုတ်ယူကာ ၎င်းကိုယ်တိုင်လည်း ထိုအဝတ်အစားများကို ဝတ်ဆင်၏။ ကျွန်ုပ်ကိုလည်း လွန်စွာစုတ်ပြတ်နေသော အဝတ်အစားတစ်စုံကို ထုတ်ပေးပြီးလျှင်

"အိုင်ပီ...ခင်ဗျားဟာတွေချွတ်ပြီး ဒီဟာတွေလဲဦးဗျာ"ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဘုမသိဘမသိဖြင့် ထိုအဝတ်စုတ်များကို ဝတ်ဆင်ရပြန်လေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် ၎င်း၏မိတ်ဆွေ ဆေးဆရာနှင့်ထိုင်ကာ မြန်မာဆေးဝါးများအကြောင်းကို ပြောဆိုဆွေးနွေးနေလေ၏။ ဆားပုလင်းနှင်းမောင်ပြောသော စကားများသည် ကက္ခဋ္ဌနာ၊ ဝိတ္တမ္ဘိတနာ၊ ပဋ္ဌရဏ စသော စကားများ။ ဥတု၊ ရတု ဆိုသော စကားလုံးများ။ တေဇော၊ အာဗန္တုန ဟူသော စကားလုံးများ။ ကိစ္စဋ္ဌရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် စသော စကားလုံးများ ပါဝင်သည်ဆိုသည်လောက်ကိုသာ ကျွန်ုပ်နားလည်ပေသည်။ မည်မျှလေးနက်သည်၊ မည်မျှခက်ခဲသည်ကိုကား ကျွန်ုပ်အနေနှင့် ခန့်မှန်းနိုင်မှု မရှိပါ။ သို့ရာတွင် ထိုဆေးဆရာကြီးက ကျွန်ုပ်အား တစ်ချက်မျှလှမ်း၍ကြည့်ကာ

"ဘယ်လိုလဲ မိတ်ဆွေကြီး၊ ပျင်းနေပြီလား။ တစ်ဆိတ်သည်းခံပါဗျာ။ ကျုပ်ကလည်း ကိုနှင်းမောင်နဲ့တွေ့မှပဲ မရှင်းတာလေးတွေ မေးရတယ်ဗျာ။ ကျုပ်တို့ကတော့ လက်တွေ့ကုသနေပေမယ့် ဆေးကျမ်းတွေနဲ့ ပတ်သက်လို့ကတော့ ကိုနှင်းမောင်လာမှပဲ မေးရစမ်းရတာဗျ"ဟု ပြောသည်ကို ထောက်လျှင် ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် မြန်မာဆေးပညာဘက်၌ အတော်တီးခေါက်မိကြောင်း ရိပ်စားမိလေသည်။ ထို့ကြောင့် ကျွန်ုပ်ကပင် ထိုဆေးဆရာကြီးအား -

"ကိုနှင်းမောင်က ဆေးကျမ်းတော်တော်ကလေး နှံ့အောင် ကြည့်ထားတယ်နဲ့တူတယ်"ဟု တီးခေါက်ကြည့်လိုက်ရာ ထိုဆေးဆရာကြီးက -

"နှံ့စပ်ရုံ ဘယ်ကမလဲ မိတ်ဆွေကြီးရယ်။ အညာဘက်မှာရှိတဲ့ မြန်မာသမားတော်ကြီးတွေက ကိုနှင်းမောင်ကို မဟာဘိသက္ကပဏ္ဍိတလို့တောင် ဘွဲ့မည်တပ်ပြီး ကင်ပွန်းတပ်ထားကြတာဗျ။ စုံထောက်ဘက်မှာမလုပ်ဘဲ ဆေးဘက်ကိုများ တစ်ခါတည်း ခြေစုံချလိုက်မယ်ဆိုရင်တော့ ကျုပ်တို့ဆရာကြီးက တကယ့်ကို ကျော်ကြားမယ့် သမားတော်ကြီးတစ်ဆူ ဖြစ်လာမှာ အမှန်ပါပဲဗျာ"ဟု ဆေးဆရာကြီးက ပြောလိုက်မှပင် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ဆိုသူသည် မြန်မာဆေးကျမ်းတို့မှာဘက်ကလည်း နှိုက်နှိုက်ချွတ်ချွတ် လိုက်စားထားကြောင်း ကျွန်ုပ်အနေနှင့် သဘောပေါက်မိလေတော့၏။ ဤသို့နှင့်ပင် ည ၉ နာရီထိုးသည့်တိုင်အောင် ဆားပုလင်းနှင်းမောင်သည် ဆေးဆရာကြီးနှင့်အတူ ထိုင်၍ စကားပြောခန်လေ၏။ ကျွန်ုပ်မှာမူ လွန်စွာပျင်းရိငြီးငွေ့လှ၏။ ထို့ပြင် ထမင်းလည်း အလွန်ဆာလှပြီဖြစ်လေ၏။

၉ နာရီထိုးသောအခါမှပင် ကိုနှင်းမောင်သည် ဆေးဆရာကြီးကို နှုတ်ဆက်၍ ပုဇွန်တောင်ဘူတာဘက်ဆီသို့ လျှောက်သွားလေ၏။ ကျွန်ုပ်မှာလည်း ဘုမသိ ဘမသိနှင့်ပင် ၎င်းသွားရာဆီသို့ လိုက်ပါခဲ့ရပြန်လေ၏။ ပုဇွန်တောင်ဘူတာသို့ ရောက်လျှင် မိုးမှာ အနည်းငယ် ရွာနေပြီဖြစ်၏။ ထိုအချိန်၌ပင် သဃ်န်းကျွန်းဘက်သို့သွားမည့် လော်ကယ်ရထားတစ်စီး ရောက်ရှိလာသဖြင့် ကိုနှင်းမောင်သည် လက်မှတ်နှစ်စောင် ဝယ်ယူပြီးလျှင် -

"အိုင်ပီရေ...တက်ဗျို့။ အငြင်းပြေ ရထားလေးစီးရအောင်"ဟု ဆိုကာ ရထားတွဲပေါ်သို့ တက်လေ၏။ ကျွန်ုပ်လည်း နောက်မှလိုက်၍ တက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရထားထွက်သောအခါ၌ ကိုနှင်းမောင်က ကျွန်ုပ်အား -

"ဘယ်လိုလဲ အိုင်ပီ၊ ထမင်းတော်တော် ဆာနေပြီလား"ဟု မေးလေ၏။ ကျွန်ုပ်က -

"သိပ်တော့ မဆာပါဘူးဗျာ။ အူထဲမှာတော့ အစာဆိုလို့ တစ်စက်မှ မရှိတော့ဘူး"ဟု ပြောလျှင် ကိုနှင်းမောင်က

"တစ်ခါတလေ ဒီလို အဆာခံပြီးမှ စားတာ သိပ်ကောင်းတယ်ဗျ"ဟု ပြန်၍ ပြောလေ၏။

ကျွန်ုပ်ကမူ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ငြိမ်၍နေလိုက်ရလေ၏။ မိုးမှာလည်း သည်းသည်းထက်သည်း၍လာလေတော့၏။ ရထားကြီးမှာလည်း တရှူးရှူးတရှဲရှဲဖြင့် ပျင်းရိငြီးငွေ့ဖွယ်ရာ ခုတ်မောင်းလေ၏။

သယ်န်းကျွန်းဘူတာသို့ ရောက်သောအခါ၌မူ မိုးသာမက လေပြင်းပါ တိုက်ခိုက်လာလေတော့၏။ ခရီးသည်များလည်း ဆင်းကြလေ၏။ ကိုနှင်းမောင်မှာမူ တော်တော်နှင့် မဆင်းသေးဘဲ ထိုင်မြဲ ထိုင်နေ၏။ တစ်အောင့်မျှ ကြာသောအခါ၌ ရထားပေါ်မှဆင်း၍ မိုးထဲလေထဲ၌ပင် လျှောက်သွားသဖြင့် ကျွန်ုပ်လည်း ၎င်း၏နောက်မှနေ၍ ဘုမသိဘမသိနှင့် မိုးရေထဲ၌ လိုက်ရပြန်လေ၏။

အတော်အတန် လျှောက်သွားမိသည့်အခါ၌ အောက်လင်းမီးလုံးကြီးတစ်လုံး ထွန်းညှိထားသော တဲအိမ်ကြီးတစ်လုံးကို လှမ်း၍ မြင်ရလေ၏။ ကိုနှင်းမောင်သည် ထိုတဲအိမ်ဆီသို့ ရှေ့မှ ပြေးသွားလေ၏။ ကျွန်ုပ်လည်း ၎င်း၏နောက်မှ ထက်ကြပ်မကွာ ပြေး၍လိုက်လေ၏။ တဲအိမ်ကြီးဆီသို့ ရောက်လျှင် ဆားပုလင်းနှင်းမောင်သည် တဲ၏ တံစက်မြိတ်၌ မိုးဝင်၍ ခိုလေ၏။ ကျွန်ုပ်လည်း ၎င်းနှင့်အတူ မိုးခိုလေ၏။

မိုးခိုရင်းနှင့် ကျွန်ုပ်သည် တဲကြီးအတွင်းသို့ ကြည့်လိုက်ရာ အသက် ၃၀ အရွယ် မိန်းမတစ်ယောက်သည် လက်လှည့် အပ်ချုပ်စက်ကလေးကို အသုံးပြု၍ အဝတ်အထည် ချုပ်လုပ်နေသည်ကို တွေ့ရလေ၏။ ၎င်းနှင့် မလှမ်းမကမ်းလောက်တွင် မွေ့ရာတစ်ချပ်ခင်းထားလေ၏။ မွေ့ရာပေါ်၌ကား အတော်အတန် ဝဝဖိုင့်ဖိုင့်ရှိလှသော လူတစ်ယောက်သည် ခေါင်းအုံးသုံးလေးလုံးဆင့်၍မှီကာ ခြေဆင်း၍ ထိုင်နေလေ၏။

၎င်းဝဝဖိုင့်ဖိုင့်လူ၏ ခြေထောက်တစ်ဖက်ကိုမူ ကုလားလေးတစ်ယောက်က နှိပ်ပေးနေလေ၏။ ၎င်းတို့အနီး၌လည်း အမွေးစုတ်ဖွားနှင့် ခွေးလေးတစ်ကောင် ရှိလေ၏။

ဆားပုလင်းနှင်းမောင်သည် မွေ့ရာပေါ်တွင် အခန့်သား အနှိပ်ခံလျက်ရှိသော ထိုလူအား -

"ဒီမှာ အိမ်ရှင်မိတ်ဆွေကြီးခင်ဗျား။ ကျွန်တော်တို့နှစ်ယောက်ဟာ မိုးမိလို့ အတော်ပဲ ချမ်းနေပါတယ်" ဟု ပြောလိုက်လေရာ မွေ့ရာပေါ်မှ လူဝကြီးက တဟဲဟဲရယ်၍ -

"ဟောဟို မီးဖိုမှာ မီးကလေးလှုံ ပါရစေလို့ ပြောမလို့လား"ဟု ပြန်၍မေးလိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျ"ဟု ဆားပုလင်းနှင်းမောင်က သွက်လက်စွာဖြေလျှင် ထိုလူဝကြီးက -

"ရပါတယ်၊ ရပါတယ်။ လှုံပါဗျာ လှုံပါ"ဟု ပြောရုံမက ၎င်း၏ခြေထောက်ကို နှိပ်ပေးနေသော ကုလားကလေးဘက်သို့ လှည့်ကာ -

"ဟေ့…မှုတူး ခြင်းထဲမှာ အဝတ်အစားတွေ ရှိတယ်။ ယူပေးလိုက်ပါကွာ၊ လဲကြပါစေ"ဟု ပြောလျှင် ဆားပုလင်းနှင်းမောင်က "နေပါစေခင်ဗျာ၊ အားနာစရာကြီး"ဟု ပြန်၍ပြောလေ၏။ ထိုအခါ လူဝကြီးက -

"အားနာတဲ့အလုပ်က ကိုယ့်အတွက် မကျန်ဘူးဗျ။ ကဲပါဗျာ… အဝတ်အစားတွေ လဲလိုက်ပါ။ ခင်ဗျားတို့အဝတ်တွေက အတော့်ကို စိုနေပြီ" ဟု ပြောလိုက်သောကြောင့် ကျွန်ုပ်တို့လည်း အားနာပါးနာနှင့်ပင် အဝတ်အစားများကို လဲလိုက်လေ၏။ ထိုသို့ အဝတ်အစားများ လဲပြီးသောအခါ ကျွန်ုပ်တို့သည် မီးဖို၌ မီးလှုံကြလေ၏။ ထိုအခါ၌ လူဝကြီးက -

"မိတ်ဆွေကြီးတို့ ထမင်းကော စားပြီးခဲ့ကြရဲ့လား"ဟု မေးလျှင် ဆားပုလင်းနှင်းမောင်က -

"ထမင်းတော့ မစားပါရစေနဲ့ ခင်ဗျာ။ ကျွန်တော်တို့က ခရီးသည်တွေပါ။ ကျွန်တော်တို့သွားရမယ့်အိမ်ကိုလည်း သေသေချာချာ ဂဃနဏ မသိလေတော့…"ဟု စကားဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် လူဝကြီးက -

"ဒီမှာ တစ်ညလောက် အိပ်ခွင့်ပေးပါလို့ ပြောမလို့ မဟုတ်လား။ ရပါတယ်၊ ရပါတယ်။ အိပ်ပါ၊ အိပ်ပါ။ ထမင်းမစားရသေးရင်တော့ ထမင်းလည်း ကျွေးလိုက်ပါရစေ"ဟု ပြောဆိုကာ ၎င်း၏မိန်းမအား ကျွန်ုပ်တို့ကို ထမင်းကျွေးရန် စေခိုင်းလေ၏။ ၎င်း၏မိန်းမသည် ပျာပျာသလဲပင် ထမင်းစားပွဲမှာ ကျွန်ုပ်တို့အတွက် ထမင်းများ ခူးခပ်ပေးလေ၏။ ကျွန်ုပ်မှာ သူတစ်ပါး၏အိမ်၌ ထမင်းစားတတ်ခြင်းရှိသော

www.burmeseclassic.com

www.burmeseclassic.com

လည်း ယခုအခါ၌မူ ဤအိမ်၌ပင် အိပ်ရမည်ဖြစ်သောကြောင့် မစား၍မဖြစ်တော့ပေ၊ ထို့ကြောင့် ရှက်လည်းရှက်၊ အားလည်းနာနှင့်ပင် ထိုမိန်းမ ခူးခပ်ပေးသော ထမင်းဟင်းများကို စားသောက်လေတော့၏။

ထိုအချိန်၌ပင် လူဝကြီးအား နှိပ်၍ပေးနေသော ကုလားကလေးက -

"ဦးလေး ပုံပြောပါ"ဟု ပူဆာလေ၏။ ထိုအခါ လူဝကြီးက "အေး···ပြောမယ်၊ ကောင်းကောင်းနှိပ်"ဟု ဆိုလျှင် ကုလားကလေးက -

"အချားမာမူ"ဟု ပြောလေ၏။ ထိုအခါ လူဝကြီးသည် အနှိပ်ခံရင်းနှင့်ပင် ကုလားကလေးအား ပုံပြင်ကို စတင်ပြောလေတော့၏။

— — —

ကျွန်ုပ်သည် နံနက်ပိုင်းက ရုံးခန်းသို့ရောက်လာသော မောင်ကြောင်ပန်း ပြောပြသွားသော အကြောင်းအရာများကို တရေးရေးမြင်ယောင်လာလေတော့၏။

မောင်ကြောင်ပန်း ပြောပြသွားသော အကြောင်းအရာများတွင် ဘူတာရုံတစ်ခုနှင့် မလှမ်းမကမ်းတွင်ရှိသော အောက်လင်းမီးထွန်းထားသည့် တဲအိမ်ကြီးတစ်လုံးလည်း ပါ၏။

လူဝကြီးအားနှိပ်ပေးသော ကုလားလေးတစ်ယောက်လည်း ပါ၏။

လက်လှည့်အပ်ချုပ်စက်ကလေးဖြင့် အဝတ်ချုပ်လျက်ရှိသော အသက် ၃၀ အရွယ် မိန်းမတစ်ဦးလည်း ပါ၏။

အမွေးစုတ်ဖွားဖြင့် ခွေးကလေးတစ်ကောင်လည်း ပါ၏။

ကျွန်ုပ်သည် ထိုအချက်အလက်များကို စဉ်းစားမိသည့်အခါ၌ ယခု ကျွန်ုပ်တို့ရောက်ရှိနေသော ဘူတာရုံအနီးရှိ အောက်လင်းမီး ထွန်းညှိထားသည့် တဲအိမ်အတွင်းမှ လူဝကြီးကိုလည်းကောင်း၊ အနှိပ်သည်ကုလားလေးကိုလည်းကောင်း၊ အဝတ်ချုပ်နေသော မိန်းမကိုလည်းကောင်း၊ အမွေးစုတ်ဖွားဖြင့် ခွေးကလေးကိုလည်းကောင်း ပြည့်ပြည့်စုံစုံတွေ့ရသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် သည် ဤနေရာသို့ မတော်တဆရောက်ရှိနေခြင်းမျိုးမဟုတ်ဘဲ တမင်သက်သက် မရောက်ရောက်အောင် လာခဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ်အနေနှင့် ကောင်းစွာရိပ်မိလေတော့၏။

ဆားပုလင်းနှင်းမောင်သည် အခါတိုင်းကဲ့သို့ စီးကရက်ကို သောက်ခြင်းမပြုဘဲ မည်းအိုးဆေးပေါ့လိပ်ကြီးကိုဖွာလျက် မီးလုံ့ရင်း တစ်စုံတစ်ခုကို စဉ်းစားနေလေ၏။ လူဝကြီးမှာမူ အနှိပ်ခံရင်း အနှိပ်သည် ကုလားကလေးအား စိတ်ဝင်စားဖွယ်ကောင်းသော ပုံဝတ္ထုရှည်ကြီးတစ်ခုကို ပြောပြလေ၏။

ကျွန်ုပ်သည် လူဝကြီးပြောသော ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်ရင်းနှင့်ပင် ကျွန်ုပ်၏စိတ်၌ မောင်ကြောင်ပန်းပြောသွားသည့် အကြောင်းအရာများကို သတိရလာသည်ဖြစ်ရာ မောင်ကြောင်ပန်းပြောသည့်အတိုင်းဆိုလျှင် ပုံပြောလျက်ရှိသော လူဝကြီးသည်လည်းကောင်း၊ ပုံနားထောင်လျက်ရှိသော အနှိပ်သည်ကုလားကလေးသည်လည်းကောင်း၊ လက်လှည့်စက်ကလေးဖြင့် အဝတ်ချုပ်နေသော မိန်းမသည်လည်းကောင်း၊ အမွေးစုတ်ဖွားဖြင့် ခွေးကလေးသည်လည်းကောင်း မကောင်းဆိုးရွားများ ဖြစ်ရပေတော့မည်ဟု တွေးကာ ကြောက်စိတ်များဝင်၍ လာလေတော့၏။

ဤသို့နှင့်ပင် မိုးသည် တစ်စထက်တစ်စ သည်း၍လာလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်၏။ ကျွန်ုပ်ကလည်း ၎င်းအား ပြန်၍ကြည့်လိုက်၏။ ၎င်းကတစ်ဖန် ကျွန်ုပ်အား သတိထားရန် မျက်ရိပ်ပြလိုက်လေ၏။ ကျွန်ုပ်မှာမူ မည်သည်ကို သတိထားရမှန်း မသိဘဲလျက် သတိကြီးစွာနှင့် နေရလေ၏။ ထိုအချိန်၌ပင် ခပ်လှမ်းလှမ်းမှ ခွေးဟောင်သံတစ်ချက်ကို ကြားရလေ၏။

အနှိပ်သည်ကုလားလေးသည် လူဝကြီးအား "အပေါ့သွားဦးမယ်"ဟု ဆိုကာ ခွင့်တိုင်လျက် လက်နှိပ်ဓာတ်မီးနှင့် တဲအိမ်နောက်ဘက်ဆီသို့ ထွက်သွားလေ၏။

တစ်အောင့်မျှကြာလျှင် အနှိပ်သည် ကုလားလေး တဲနောက်ဆီမှ ပြန်ရောက်လာသောအခါ၌ ဆားပုလင်းနှင်းမောင်က ကုလားကလေးအား -

"ဟေ့···ချတ်ကရား၊ ငါ့ကို လက်နှိပ်ဓာတ်မီး ခဏပေးစမ်းပါကွာ။ ငါလည်း အပေါ့သွားချင်လို့"ဟု ဆိုကာ လက်နှိပ်ဓာတ်မီးကိုယူ၍ တဲအပြင်ဘက်ဆီသို့ ထွက်သွားလေ၏။ ကျွန်ုပ်လည်း "အေးဗျာ၊ မိုးအေးလို့လား မသိနိုင်ဘူး"ဟု ဆိုကာ ကျွန်တော်လည်း ကိုနှင်းမောင်၏ နောက်မှ လိုက်ပါသွားလေ၏။ ကိုနှင်းမောင်သည် တဲအပြင်သို့ ရောက်သောအခါ၌ လက်နှိပ်ဓာတ်မီးကို မှိတ်ချည်လင်းချည် ငါးခါလုပ်လိုက်၏။

ထိုအခါ မည်းမည်းသဏ္ဍာန်တစ်ခုသည် မီးရထားတွဲပျက်အတွင်းမှ ကျွန်ုပ်တို့ဆီသို့ ချဉ်းကပ်လာလေ၏။ ကိုနှင်း

www.burmeseclassic.com

မောင်က လက်နှိပ်ဓာတ်မီးဖြင့် ထိုသူအား ထိုး၍ကြည့်လိုက်ရာ ကျွန်ုပ်သည် ထိုသူ့ကိုမြင်ရလျှင် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်၍သွားလေ၏။ ကြက်သီးမွေးညင်းများလည်း ထ၍သွားလေ၏။ မောင်ကြောင်ပန်း တွေ့ခဲ့သည်ဆိုသော တစ္ဆေသရဲဆိုသည်မှာ ဤဟာပင်ဖြစ်ပေမည်ဟုလည်း တွေးမိပေ၏။ ထိုသူ၏ မျက်နှာတစ်ခုလုံးသည် ကျောက်မီးသွေးအရောင်ကဲ့သို့ နက်မှောင်၍နေလေ၏။ ထိုသူသည် အနီးသို့ရောက်လျှင် -

"ခေါင်းတွဲကြီးရေ...နောက်တွဲတွေတော့ မစုံသေးဘူး။ စောတော့ စောပါသေးတယ်"ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် ထိုတစ္ဆေသရဲ၏ ဝမ်းဗိုက်ဆီသို့ ခြေထောက်ဖြင့် "ဖုန်း"ခနဲ ပစ်၍ ကန်လိုက်လေ၏။ ထိုသူလည်း "အင့်"ခနဲမြည်ကာ ဟပ်ထိုးလဲလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် သေနတ်ကိုထုတ်၍ ထိုသူ၏ နားထင်ကို တေ့ပြီးလျှင် -

"မအော်နဲ့...သေသွားမယ်။ မင်းဘယ်သူလဲ"ဟု မေးလေ၏။ ထိုအခါ ထိုသူက -

"ရက်ရက်စက်စက်တော့ မလုပ်ပါနဲ့ ဘိုဝမ်းရာ"ဟု ပြောလေ၏။

"ဘယ်ကလဲကွ"ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

"သနပ်ပင်ကပါ"ဟု ပြန်၍ဖြေလေ၏။

"အေး...ကောင်းပြီ မင်းတို့ခေါင်းတွဲကိုတော့ ဖမ်းထားပြီးပြီကွ။ ဒီကောင်က ကောင်းကောင်းမေးတာ မပြောဘူး။ အဲဒီတော့ မင်းက ပြောပြပါ။ မင်းကို အစိုးရသက်သေဖြစ်အောင် လုပ်ပေးမယ်။ ငါ့နာမည် ဆားပုလင်းနှင်းမောင်"ဟု ပြောလိုက်လျှင် ထိုသူသည်လည်း ကြောက်လန့်သောလေသံဖြင့် -

"သိ သိ သိပါပြီ ဆားပုလင်းနှင်းမောင်ရယ်။ ခေါင်းတွဲကြီးရဲ့ နာမည်က သက်တင်လို့ခေါ်ပါတယ်။ အရင်ကတော့ ဝေါမှာနေတယ်"ဟု ပြောလျှင် ဆားပုလင်းနှင်းမောင်က -

"ပြည်မှာတိုက်တုန်းက မင်းပါသလား"ဟု မေးလေ၏။

"ပြည်မှာတုန်းက ကျုပ်မပါပါဘူး"

"ရှမ်းမှာတုန်းကရော။ မြင်းတိုက်ဘုတာရုံနားမှာ လူစုတုန်းကလေကွာ"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ လူဆိုးဘိုဝမ်းက -

"အဲဒီတုန်းက ပါပါတယ်။ ခင်ဗျားလည်း အစအဆုံးသိလျက်သားနဲ့ ခေါင်းတွဲကြီးရဲ့နာမည်ကို ဘာဖြစ်လို့မေးနေရတာလဲ"ဟု ပြန်၍ပြောလေ၏။

"သက်တင်ကို ငါသိပါတယ်ကွ။ ဒီကောင်က သက်တင်မှ မဟုတ်ဘဲ။ ဒီအလုပ်မျိုးကို သက်တင်လုပ်တတ်တယ်ဆိုတာလည်း ငါသိပါတယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် လူဆိုးဘိုဝမ်းက -

"ခင်ဗျားက ဒါလည်းသိနေလျက်သားနဲ့ ဘာဖြစ်လို့ ကျုပ်ကိုလာပြီး မေးနေရတာတုံး။ အလုပ်ပိုတွေ"ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် ဘိုဝမ်း၏ခေါင်းကို သေနတ်ဒင်ဖြင့် ဖြောင်းခနဲထုချလိုက်လေ၏။ ဘိုဝမ်းဆိုသူလည်း ခေါင်းငိုက်စိုက်ကျလျက် မိုးရေထဲတွင် သတိလစ်သွားလေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား -

"လာ...အိုင်ဝီရေ"ဟု ဆိုကာ တဲဆီသို့ ပြန်သွားလေ၏။ တဲအတွင်းသို့ ရောက်လျှင် အနှိပ်သည်ကုလားကလေးက -

"ဘယ်လိုလဲ ဆရာတို့။ မိုးရွာထဲမှာ သေးသွားပေါက်တာ ဒါလောက် အကြာကြီးပေါက်ရသလား။ အားလုံးစိုကုန်ပြီ။ ခင်ဗျားတို့ကိုပေးဖို့ နောက်ထပ် အဝတ်အစား မရှိတော့ဘူး"ဟု ဆီး၍ ကြိမ်းမောင်းလေတော့၏။

"နေပါစေကွာ။ အဝတ်အစားမလဲတော့ပါဘူး။ ဂိတ်ရောက်မှ ဂိတ်ကလူတွေဆီမှာ တောင်းပြီး အဝတ်အစားလဲတော့မယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် လူဝကြီးနှင့် ၎င်း၏မိန်းမသည် ဆားပုလင်းနှင်းမောင်အား ဖျတ်ခနဲ ပြိုင်တူကြည့်ရှုလိုက်ကြလေ၏။ ထို့နောက် လူဝကြီးက -

"မိတ်ဆွေတို့က ပုလိပ်ဘက်ကလား"ဟု မေးလေ၏။

"ဟုတ်ပါတယ်။ ကျုပ်တို့ဟာ စီအိုင်ဒီကပါ။ ကျုပ်နာမည် ဆားပုလင်းနှင်းမောင်လို့ ခေါ်ပါတယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ လူဝကြီးသည် ဆားပုလင်းနှင်းမောင်အား

"ဩော်...ဩော်...တော်တော် နာမည်ကြီးတဲ့ စုံထောက်ပဲ။ နာမည်သာ ကြားဖူးနေတာ၊ လူကို မမြင်ဖူးသေးဘူး။ အခုမှ မြင်ဖူးရတော့တယ်"ဟု ပြောလိုက်လေလျှင် ဆားပုလင်းနှင်းမောင်က စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်ပြီးလျှင် -

"ကျုပ်ကလည်း ဒီလိုပါပဲဗျာ။ ဓားပြခေါင်းတွဲ သက်တင်သေသွားပြီး သက်တင်မိန်းမ နောက်ယောက်ျားယူတယ်လို့ ကြားရတယ်။ အဲဒီ နောက်ယောက်ျားဟာ ယိုးဒယား-မြန်မာကပြား



www.burmeseclassic.com

www.burmeseclassic.com

နယ်ခြားတစ်ဝိုက်မှာ နာမည်ကြီးနေတဲ့ ဓားပြခေါင်းဆောင် ဖြိုးမောင်ဆိုတာလို့လည်း သဲ့သဲ့ကြားလိုက်ပါရဲ့။ ဒါပေမယ့် ဖြိုးမောင်ကို ကျုပ်က တစ်ခါမှမမြင်ဖူးဘူး။ ကဲ…ကဲ…ကိုဖြိုးမောင်ရေ၊ ဂါတ်ကို ကြွပေတော့"ဟု ပြောလိုက်လျှင် လူဝကြီးသည် ရင်းမှီ၍အုံးထားသော ခေါင်းအုံးအောက်ဆီသို့ လက်ကို ဆတ်ခနဲသွင်းလိုက်လေ၏။ ဆားပုလင်းနှင်းမောင်က သေနတ်ကို ဆတ်ခနဲဆွဲထုတ်၍ လူဝကြီးအား ချိန်လိုက်ပြီးလျှင် -

"မလှုပ်နဲ့ ကိုဖြိုးမောင်ရေ၊ ခင်ဗျားတို့လို လူတွေနဲ့တွေ့ရင် လက်ဦးအောင်လို့ ကျုပ်က ကျင့်ထားတာဗျ"ဟု ဆိုကာ လူဝကြီး၏မျက်နှာသို့ လက်ဝဲလက်သီးဖြင့် ထိုးချလိုက်လေတော့၏။ မှုတ္တူးဆိုသည့် ကုလားလေးသည် ကြောက်အားလန့်အားဖြင့် နောက်သို့ဆုတ်လိုက်လေ၏။ ဆားပုလင်းနှင်းမောင်က -

"မှုတ္တူး၊ မင်းကို ငါကောင်းကောင်းသိတယ်။ မင်းနာမည် ကာလမင် မဟုတ်လား။ နောက်ဆုံး မင်းထောင်ကျသွားတဲ့အမှုဟာ စကောစျေးမှာ ဖောက်သွားတဲ့အမှု မဟုတ်လား" ဆိုကာ မှုတ္တူးအား သေနတ်ကိုင်ထားသော လက်ဖြင့်ပင် ရိုက်ချလိုက်ရာ မှုတ္တူးလဲကျသွားလေတော့၏။ လူဝကြီး၏မိန်းမသည် နေရာမှ ထမည်ပြုလိုက်လေ၏။

"ငြိမ်ငြိမ်နေပါ အစ်မကြီး"ဟု ပြောလိုက်သဖြင့် ထိုမိန်းမလည်း ငြိမ်၍သွားလေတော့၏။

ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် သယ်န်းကျွန်းဂါတ်သို့ သွားရောက်၍ အကူအညီတောင်းကာ လူဝကြီးတို့လူစုအား ဖမ်းဆီးကာ ဂါတ်သို့ခေါ်ဆောင်သွားရလေတော့၏။ ဂါတ်သို့ရောက်လျှင် ဗှာနအုပ်အား ဆားပုလင်းနှင်းမောင်က လက်နှိပ်ဓာတ်မီးတစ်လက်ကို ပေးလိုက်၍ -

"ခင်ဗျား အဲဒီတဲနောက်ကို သွားပြီး လက်နှိပ်ဓာတ်မီးကို ဖွင့်ချည် ပိတ်ချည် ငါးခါလုပ်ပေတော့။ လူဝကြီးချိန်းထားတဲ့ ဓားပြတွေ ရောက်လာကြရင် ခင်ဗျားဆီကို လာလိမ့်မယ်။ အဲဒီကျတော့မှ လက်ထိတ်ခတ်ပေတော့"ဟု ဆိုကာ လွှတ်လိုက်လေတော့၏။ ဗှာနအုပ်လည်း ပုလိပ်လေးယောက်ကို ခေါ်ယူကာ လူဝကြီး၏ တဲဆီသို့ ကိုနှင်းမောင်ညွှန်ပြသည့်လမ်းအတိုင်း ထွက်သွားလေတော့၏။

ကျွန်ုပ်နှင့် ကိုနှင်းမောင်မှာမူ ဂါတ်မှ အဝတ်အစားများ တောင်းယူကာ ရေစိုအဝတ်များကို လဲရင်း ဂါတ်၌ပင် ကျန်ရစ်ခဲ့ကြလေ၏။ မြားမကြာမီ၌ပင် ဗှာနအုပ်နှင့် ပါသွားသော ပုလိပ်များသည် မျက်နှာတွင် အိုးမည်းသုတ်ထားသော ဓားပြများကို တစ်ယောက်ပြီးတစ်ယောက် ပို့နေကြတော့၏။ ည ၁၂ နာရီထိုးသည့်အချိန်၌မူ စုစုပေါင်း ဓားပြရှစ်ဦး သယ်န်းကျွန်းဂါတ်သို့ ရောက်ရှိနေကြပြီ ဖြစ်၏။ ထိုအထဲတွင် ကိုနှင်းမောင် သေနတ်ဒင်ဖြင့် ရိုက်ချလိုက်သော ဓားပြဘိုဝမ်းလည်း ပါ၏။ ဆားပုလင်းနှင်းမောင်သည် ဓားပြများအား ဆပ်ပြာတစ်တုံးစီပေး၍ မျက်နှာသစ်ခိုင်းလေ၏။ မျက်နှာသစ်ပြီးသောအခါ၌ ဆားပုလင်းနှင်းမောင်က -

"ဟ…ဘယ်သူများလဲ မှတ်တယ်။ တာမွေက ခင်မောင်ရီကိုးကွ။ အောင်မာ…ကန်တော်လေးသား မြင့်အေးလည်း ပါနေတာကိုး။ ဟော့…ပြည်က ထွန်းရီပါလား။ တွံတေးက လှမောင်ကိုး။ အလို…အလို၊ ဟိုကောင် မတွေ့ရတာကြာပါပကောလား။ မန္တလေးက သန်းအေး…မင်းပျောက်နေတာ တော်တော်ကြာပါပကောလား။ အောင်မာ…ဟိုအရပ်ရှည်ရှည်ကောင် ဘယ်သူများလဲ မှတ်တယ် စိန်လှမြင့်ကိုး။ ဟ…ဟိုကောင်ကြီး နောက်ကို ဘာလို့ဆုတ်တုတ်ဆုတ်တုတ် လုပ်နေရတာတုံး။ ရှေ့ကို လာပြစမ်းပါဦး။ မင်းလည်း ငြိမ်နေတာ တော်တော်ကြာပြီ။ ဟော့ကောင်…မောင်ကံ၊ မင်းကို ငါမမေ့ဘူးကွ။ ဒါးပိန်မှာ အနကြမ်းစီးသွားတာ မင်းလက်ချက်မဟုတ်လား။ ဟော့…ဘိုဝမ်းဆိုတဲ့ကောင်၊ လာစမ်းပါဦး။ မင်းက ငါ့ကို နာမည်လွှဲပြောတယ် မဟုတ်လား။ မင်းကို ငါ မသိဘဲနေပါ့မလား ကွာ။ ချစ်တီးတိုက်ဖောက်တဲ့အမှုနဲ့ မင်းကို ငါထောင်ထဲပို့ဖူးတာပဲ ဘယ်ဟိန်းသန်းရယ်"ဟု ပြောဆိုကာ မိတ်ဟောင်းဆွေဟောင်းများကိုတွေ့ရသည့်အလား လိုက်လံ၍ နှုတ်ဆက်လေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က စိန်လှမြင့်ဆိုသူ ဓားပြအား -

"ဟော့ကောင်…အရှည်ကြီး ဒီအမှုနဲ့ မင်းတို့ကို ရုံးတင်ရင် ပုဒ်မ ဘယ်လောက်နဲ့ တင်မလဲကွ ဖြေစမ်း"ဟု မေးလိုက်လျှင် စိန်လှမြင့်က -

"သရီးနိုင်းဝမ်းပေါ့ ဆရာ ကိုနှင်းမောင်ရယ်"ဟု သွက်လက်စွာဖြေလိုက်လေ၏။ "မင်းတို့က ဓားပြမှ မတိုက်ရသေးဘဲကွ။ လူစုရုံ စုကြသေးတာဆိုတော့ ဖိုးအိုတူးပဲ ဖြစ်မှာပေါ့ကွ"ဟု ပြောဆိုကာ ထိုသူအား အချုပ်ခန်းအတွင်းသို့ သွင်းရန် ဂါတ်စာရေးအား မျက်ရိပ်ပြလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကျွန်ုပ်တို့အား သယ်န်းကျွန်းဂါတ်မှ ပုလိပ်များက လက်ဖက်ရည်၊ မုန့်များဖြင့် ဧည့်ခံလေ၏။ ကျွန်ုပ်လည်း လက်ဖက်ရည်သောက်ရင်းနှင့်ပင် ဆားပုလင်းနှင်းမောင်အား -

"အိုင်ဆေး…ကိုနှင်းမောင်၊ ဘယ်လိုလဲ။ နည်းနည်းပါးပါး ရှင်းပြပါဦး"ဟု မေးလေ၏။

"ဘယ်လိုရပလဲ အိုင်ပီရယ်။ မောင်ကြောင်ပန်း လာပြီးပြောကတည်းက စားပြွတွေဆိုတာ ကျုပ်သိပါတယ်။ တန်ဆောင်မုန်းလမှာ တောင်ပိုင်း မြင်းတိုက်ဘူတာနားမှာ လူ့ဝကြီးနဲ့ စပြီးတွေ့ခဲ့တယ်လို့ ပြောတယ်။ တစ်ခါ ပြည်မှာလည်း လူ့ဝကြီးတို့အုပ်စုကို ကဆုန်လဆောက်မှာ မြင်ခဲ့ပြန်တယ်လို့ပြောတယ်။ မနှစ်က တန်ဆောင်မုန်းလမှာ မြင်းတိုက်ရွာနဲ့ သိပ်ပြီးမဝေးတဲ့ ကလောမြို့မှာ စားပြမှုတစ်ခု သဲလွန်စ မပေါ်ခဲ့ဘူးဗျ။ ဒီနှစ် ကဆုန်လဆောက်မှာလည်း သဲလွန်စမပေါ်တဲ့ စားပြမှုနှစ်ခု ပြည်မြို့ရဲ့ ပတ်ဝန်းကျင်မှာ ဖြစ်သွားတယ်ဗျ။ တစ်မှုက ရွှေတောင်မှာ၊ တစ်မှုက ဆင်မြီးဆွဲမှာဗျ"ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ဖြေလေ၏။

"ထားပါတော့ဗျာ"ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က

"မထားနဲ့ဦး အိုင်ပီရဲ့။ ရှေ့ဆက်ပြီးပြောရဦးမယ်။ သက်တင်ဆိုတဲ့ကောင်ဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ပြေးရင်းနဲ့ သေသလိုလို သတင်းကြားပြီးကတည်းက ပျောက်သွားတယ်ဗျ။ ဒီကောင်က စားပြခေါင်းတွဲခေါ်တယ်။ အနယ်နယ်အရပ်ရပ်က စားပြတွေကို သူက သိတယ်။ အဲဒီတော့ သူက အလုပ်လုပ်ခါနီးမှ သူ့လူတွေကိုမှာလိုက်တာ။ သူ့လူတွေက အမြို့မြို့အနယ်နယ်က လာကြရတာဗျ။ သူက အဖွဲ့မဟုတ်ဘူး။ တစ်ယောက်စီ ခေါ်ယူတာ။ အချင်းချင်းလည်း မသိကြဘူး။ သူ့ဆီမှာ လူစုတဲ့အခါကျတော့လည်း မျက်နှာမှာ အိုးမည်းတွေသုတ်ပြီးမှ လာကြရတယ်ဆိုတော့ တစ်ယောက်ကိုတစ်ယောက် မမှတ်မိကြဘူး။ အဲဒီလို လူစုပြီးတော့မှ ဘယ်အိမ်ကို တိုက်ရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ ညွှန်ကြားပြီး လွှတ်လိုက်တာဗျ။ ပြီးတော့ တိုက်ရာပါပစ္စည်းတွေကို ညတွင်းချင်းဝေပေးပြီး လူစုပါ တစ်ခါတည်း ခွဲပင်လိုက်တာ။ သူကတော့ အလုပ်လုပ်မယ့်မြို့ကို အရင်ရောက်နှင့်နေတာပေါ့ဗျာ။ အသေးစိတ် လေ့လာထားတာပေါ့။ ကုန်စိမ်းပွဲစားလိုလို သူက ဟန်ဆောင်တယ်။ သူ့မိန်းမက အကျႌကလေးတွေ ဈေးမှာရောင်းတယ်။ ဒါကလည်း ဘယ်အိမ်က ဘယ်လောက်ချမ်းသာတယ်ဆိုတာ လေ့လာဖို့ သဘောပေါ့ဗျာ။ အဲဒီ သက်တင်သေသွားပြီးတဲ့နောက် သက်တင်ရဲ့မိန်းမဟာ နယ်စပ်မှာ နောက်ယောကျ်ားထပ်ယူတယ်လို့ သတင်းကြားရတယ်။ အဲဒီလို သတင်းကြားရပြီး သိပ်မကြာပါဘူး။ သက်တင်လုပ်တဲ့ လုပ်နည်းကိုင်နည်းမျိုးနဲ့ စားပြမှုတွေ ပေါ်လာတော့တာပဲ။ ကျုပ်အထင်ပြောရရင်တော့ သက်တင်မိန်းမဟာ သက်တင်ရှိတုန်းက အလုပ်လုပ်ခဲ့တဲ့ လူဟောင်းတွေရဲ့ နေရပ်လိပ်စာတွေကို သူက သိနေမယ်ဗျ။ အဲဒီတော့ မုတ္တူးရဲ့ အကူအညီနဲ့ လူဟောင်းတွေကို ပြန်ပြီးဆက်မယ်။ သူ့ရဲ့နောက်ယောကျ်ား လူ့ဝကြီးက သက်တင်လုပ်သလိုပဲ စားပြခေါင်းတွဲအလုပ်ကို အသာကလေး လုပ်လိုက်ရုံပေါ့ဗျာ။ ကျုပ်ဟာ သက်တင်သေသွားပြီးနောက် ဒီအမှုမျိုးတွေ ပျောက်သွားပြီးနောက် ဒီအမှုမျိုးတွေ ပျောက်သွားပြီဆိုပြီး စိတ်အေးလက်အေး လုပ်နေတုန်း ပြီးခဲ့တဲ့ တန်ဆောင်မုန်းလက ဒီလိုအမှုတွေ ပြန်ပြီးပေါ်လာတာကို ကြားလိုက်ရကတည်းက ဘယ်တော့များ ဖမ်းရပါ့မလဲလို့ လက်ယားနေတာ။ အဆင်သင့်ချင်တော့ မောင်ကြောင်ပန်းဆိုတဲ့သူက ဆိုက်ဆိုက်မြိုက်မြိုက် လာပြီးသတင်းပေးတော့တာကိုး။ နေရာကျလိုက်တာ အိုင်ပီရယ်"ဟု ဆိုကာ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရှိုက်ဖွာနေလေ၏။

"မောင်ကြောင်ပန်း လာပြီးသတင်းပေးတာက စားပြတွေမှန်းသိလို့ သတင်းပေးတာမဟုတ်ဘူးဗျ။ သူ့ကို မကောင်းဆိုးရွားတွေ ခြောက်လှန့်လိုက်တယ်ထင်ပြီး လာပြောတာဗျ။ ခင်ဗျားနဲ့ တည့်တည့်တိုးသွားလို့သာ ဒီအမှုကြီးပေါ်တာဗျို့။ ကျုပ်တို့ချည်းပဲသာဆိုရင်တော့ မောင်ကြောင်ပန်းပြောတာကို နားထောင်ပြီး သရဲခြောက်ခံရတာလို့ ထင်ချင်ထင်နေကြဦးမှာဗျ"ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က -

"အိုင်ပီ…မကောင်းဆိုးရွားဆိုတာ ယုံလို့လား"ဟု မေးလိုက်လေ၏။ ကျွန်ုပ်လည်း မည်သို့မည်ပုံ ဖြေဆိုရမည် မသိသဖြင့် -


"မပြောတတ်ပါဘူးဗျာ"ဟု ပြန်၍ ဖြေလိုက်ရာ ဆားပုလင်းနှင်းမောင်က -

"ကိုယ့်စိတ်မှာ ယုံတယ်၊ မယုံဘူးဆိုတာတောင် မဝေခွဲနိုင်လောက်အောင် ညံ့လှချည်လား အိုင်ပီရယ်"ဟု အပြစ်တင်လိုက်လေသတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိခ်

www.burmeseclassic.com



# သေစာရင်း အတုကိစ္စ

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

ခုရက်ပိုင်းများအတွင်း ဒီမိုကရေစီတူဒေးသတင်းစာ၌ နာရေးကြော်ငြာများကို အခမဲ့ထည့်သွင်းပေးမည့်အကြောင်း ဖိတ်ခေါ်သည့် သတင်းကြော်ငြာကို ဖတ်ရသည်။ ထိုသတင်းကြော်ငြာ ဖတ်မိရာမှ လွန်ခဲ့သောနှစ်များစွာက နိုင်ငံပိုင်သတင်းစာတွင် အသက်ရှင်လျက်ရှိသူအား နာရေးသတင်း ထည့်သွင်းခဲ့ကြောင်းကို ပြန်လည်သတိရပေ၏။ ထို့နောက်ပိုင်း၌ နာရေးသတင်းကြော်ငြာပါက သေစာရင်းမိတ္တူသော်လည်းကောင်း၊ ရပ်ကွက်ကောင်စီ၏ ထောက်ခံစာသော်လည်းကောင်း ပူးတွဲပေးရလေသည်။ ယခုလည်း ဒီမိုကရေစီတူဒေးသတင်းစာက အခမဲ့နာရေးကြော်ငြာကို ထည့်သွင်းလိုသူတို့ဘက်မှ သေစာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာဖြစ်စေ ပူးတွဲပေးရန် လိုအပ်ကြောင်း ဖော်ပြကြော်ငြာထားပေသည်။ ကျွန်တော့်အတွေးထဲရောက်လာသည်ကား လူမသေဘဲ သေစာရင်းအတု ဖန်တီးခဲ့မှုဖြစ်ပေသည်။

ကိုလိုနီအင်္ဂလိပ်က ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးထဲတွင် ကျွန်တော်တို့ လူ့လောက၌ဖြစ်ပွားကြသော မှုခင်းမျိုးစုံအတွက် ပြဋ္ဌာန်းချက်မျိုးစုံ ပါရှိသည်ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။ စုံလည်း စုံလှပေသည်။ ဒဏ်ငွေသတ်မှတ်ချက်အပိုင်းတို့၌သာ ခေတ်ကာလငွေကြေးတန်ဖိုးကြောင့် အနည်းအများ ကွာခြားခြင်းရှိနိုင်၏။ စတင် ပြဋ္ဌာန်းချိန်က ငွေကြေးတန်ဖိုးအရဆိုလျှင် ဆီလျော်အပ်စပ်သည်ဟုသာ ဆိုရပေမည်။

ကျေးလက်နေပြည်သူတို့ အနေဖြင့်ကား သေစာရင်းကို မည်သည့်ဌာနမှ ထုတ်ပေးကြောင်း သိချင်မှ သိပေမည်။ မြို့ပြနေသူအများစုကား ကျန်းမာရေးဝန်ကြီးဌာနအောက်နှင့် ဒေသန္တရကျန်းမာရေးဌာနက ထုတ်ပေးကြောင်း သိရှိသူမျ...း ပေသည်။

သေစာရင်းသည် အစိုးရရုံးဌာနမှ ထုတ်ပေးသည့် စာရွက်စာတမ်းဖြစ်ခြင်းကြောင့် အများပြည်သူနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းမျိုး ဖြစ်ပေသည်။ ရန်ကုန်မြို့တွင် လူတစ်ဦးတစ်ယောက် ကွယ်လွန်ပြီးစအချိန်တွင် သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန၊ ဒေသန္တရဆေးခန်းမှ ထုတ်ပေး၏။ ထိုသို့ထုတ်ပေးခဲ့သည့် သေစာရင်းပျောက်ဆုံးပါက ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးမှူးရုံးတွင် မိတ္တူလျှောက်ထားရယူနိုင်ပေသည်။ လူသေသွားသော်လည်း သေစာရင်းစာရွက်တစ်ရွက်သည်လည်း သူ့နေရာနှင့်သူ အရေးကြီးပေသည်။ ကျွန်တော့်အနေဖြင့် သေစာရင်းစာရွက်စာတမ်းတစ်ခုကို ဦးတည်ပြောနေသော်လည်း မည်သည့်စာရွက်စာတမ်းဖြစ်စေ သူ့နေရာနှင့်သူ အရေးပါ၏ဟု ဆိုရပေမည်။ အတုပြုလုပ်လျှင်ကား ပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်နှင့် ငြိစွန်းသည့်အလျောက် ပြစ်ဒဏ်ကျခံရပေလိမ့်မည်။ သာဓကဆောင်ရသော် နိုင်ငံတော်အမြင့်ဆုံးတရားရုံးမှ ထုံးဖွဲ့ခဲ့သည့် စီရင်ထုံးတစ်ရပ်ဖြင့် တင်ပြရပေအံ့။

အမှုကား ရန်ကုန်တိုင်း အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ တိုင်တန်းမှုဖြစ်ပေသည်။

www.burmeseclassic.com

တစ်ချိန်သောအခါက ကျွန်တော်တို့နိုင်ငံအတွင်း ပြည်သူပိုင်သိမ်းသည့် ကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ဖူးသည်။ တော်လှန်ရေးကောင်စီ တက်စခေတ်ကဖြစ်၍ ယနေ့ငယ်သူတို့ မသိနိုင်ကြပေ။ ထိုသို့ ပြည်သူပိုင်သိမ်းသည့် တိုက်ခန်းများတွင် ပုဇွန်တောင်မြို့နယ်၊ ၅၄ လမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၆၇၂-၂)၊ ဒုတိယတန်းအစား မြေအမျိုးအစား၊ နှစ်(၉၀)ဂရန်မြေကွက်အမှတ်-၃၃၊ ၃၄၊ ၃၅ တို့ပေါ်ရှိ တိုက်ခန်းအမှတ်-၂၁၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉၊ ၃၁ တို့လည်း ပါရှိသည်။

ပြည်သူပိုင်သိမ်းထားသည့် တိုက်ခန်း၊ အဆောက်အဦတို့ကို နောင်းခေတ်ပိုင်းတွင် အချို့ကို ပိုင်ရှင်တို့အား အစိုးရက ပြန်လည်ပေးအပ်သည်။ ပိုင်ရှင်တို့ကလည်း ပြန်လည်ရရှိရေး အစိုးရအဖွဲ့ သက်ဆိုင်ရာဌာနသို့ လျှောက်ထားကြသည်။

ထိုကဲ့သို့ တိုက်ခန်းများ ပြန်လည်ရရှိရန် ဦးဂိုရီနှင့် ဦးဘစိန်တို့ တိုင်ပင်ကြသည်။ ဦးဂိုရီက ဦးဘစိန်သို့ အထွေထွေ ကိုယ်စားလှယ်လွှဲစာ ပေးသည်။ တိုက်ခန်းများကို မူလက ပြည်သူပိုင်သိမ်းခဲ့ရာမှ ဒေါ်မိုဟန်နားသို့ ပြန်ပေးခဲ့ခြင်းဖြ^်သည်။ ဒေါ်မိုဟန်နားသည် ဦးဂိုရီ၏ ဇနီးဖြစ်သည်။ အ~ထွေ‌ေ ွကိုယ်စားလှယ်လွှဲစာသည် ဦးဂိုရီမှ ဦးဘစိန်သို့ ပေးခဲ့ခြင်းဖြစ်သည်။

ဦးဘစိန်က ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဒေါ်မိုဟန်နား သေစာရင်းအတု ထုတ်ယူသည်။ ထိုသေစာရင်းအတုဖြင့် ပုဇွန်တောင်မြို့နယ်၊ ၅၄ လမ်းရှိ တိုက်ခန်း(၆)ခန်းကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်ရရှိရေး လျှောက်ထားသည်။

ရန်ကုန်တိုင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးဘစိန်သည် ဒေါ်မိုဟန်နား သေစာရင်းအတုဖြင့် တရားရုံး၊ စာချုပ်စာတမ်းမှတ်ပုံရုံးနှင့် အိုးအိမ်ဦးစီးဌာနများသို့ လိမ်လည်တင်ပြပြီး တိုက်ခန်းအားလုံးကို လိမ်လည်ရယူသွားကြောင်းဖြင့် ဦးဘစိန်အပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၀၉ တို့အရ တရားစွဲတင်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးကလည်း ထိုပုဒ်မများဖြင့် ၂.၁၀. ၉၅ နေ့တွင် စွဲချက်တင်သည်။

ဦးဘစိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ စွဲချက်တင်သည့်အမိန့်ကို မကျေနပ်။ တရားရုံးချုပ်သို့ ၁၉၉၅ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၅၇(ခ)ဖြင့် တင်သွင်းသည်။ တရားရုံးချုပ်က ထိုဥပဒေပြဿနာကို နှစ်ဖက်ကျယ်ကျယ်ပြန့်ပြန့် ကြားနာ၏။

တရားရုံးချုပ်သည် မူလရုံးအမှုတွဲ ပေါ်ပေါက်ချက်များကို စိစစ်သည်။ ၅၄ လမ်းရှိ တိုက်ခန်းခြောက်ခန်းသည် ဦးဂိုရီ၏ဇနီး ဒေါ်မိုဟန်နားအမည်ပေါက်ဖြစ်သည်မှာ အငြင်းမပွား။ ထိုတိုက်ခန်းများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်ရရှိရေးအတွက် ဒေါ်မိုဟန်နားသေဆုံးကြောင်း အထောက်အထားအဖြစ် သေစာရင်းအတုကို ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ အကူအညီရယူကာ ပြုလုပ်ခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။ ပြည်သူပိုင်သိမ်းခဲ့ရာမှ ဒေါ်မိုဟန်နားသို့ ပြန်ပေးခဲ့ကြောင်း အထောက်အထားလည်း တွေ့ရသည်။ ဦးဘစိန်သည် ဦးဂိုရီကိုယ်စား ဆောင်ရွက်လုပ်ကိုင်ပေးသည်ကိုသာ တွေ့ရသည်။ ဦးဂိုရီသည် အချင်းဖြစ်တိုက်ခန်းများကို ဦးဘစိန်ကို လွှဲပေးကြောင်းလည်း မတွေ့ရပေ။ သို့သော် ဦးဘစိန်သည် ဒေါ်မိုဟန်နားသေဆုံးကြောင်း အထောက်အထားကို ဝန်ထမ်းထံ ချဉ်းကပ်၍ မတရားရယူခဲ့ကြောင်း ပေါ်ပေါက်နေ၏။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၄ တွင် "နစ်နာခြင်းဆိုသည်မှာ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ဥပဒေနှင့်မညီသော ထိခိုက်စေခြင်းကို ဆိုလိုသည်" ဟု ပြဋ္ဌာန်းထားပေသည်။

ဒေါ်မိုဟန်နား သေဆုံးခြင်းမရှိပါဘဲ သေဆုံးသည့် အထောက်အထားအဖြစ် သေစာရင်းအတုကို ရယူခဲ့သည်တွင် ဦးဘစိန် ပါဝင်ဆောင်ရွက်ခဲ့ရာ ပြစ်မှုဆိုင်ရာဥပဒေကို ချိုးဖောက်မှုဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၆၆ တွင် "မည်သူမဆို တရားရုံး၏မှတ်တမ်း (သို့မဟုတ်) အမှုတွဲကိုသော်လည်းကောင်း၊ ဖွားစာရင်း၊ ခရစ်ယာန်ဘာသာသွင်းစာရင်း၊ ထိမ်းမြားမင်္ဂလာစာရင်း၊ မြေမြှုပ်သင်္ဂြိုဟ်စာရင်းတစ်ခုကို (သို့မဟုတ်) ထိုကဲ့သို့သော စာရင်းအနေနှင့် ပြည်သူ့ဝန်ထမ်းက ထိန်းသော စာရင်းကိုသော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦး

www.burmeseclassic.com

က မိမိ၏ရာထူးအလျောက် ပြုလုပ်သော သက်သေခံလက်မှတ်ကို (သို့မဟုတ်) စာတမ်းအမှတ်အသားကိုသော်လည်းကောင်း၊ ကိုယ်စားတရားမမှုစွဲဆိုနိုင်ခွင့်ကို (သို့မဟုတ်) ချေပနိုင်ခွင့်ကိုသော်လည်းကောင်း၊ ထိုတရားမမှု၌ မှုခင်းဆောင်ရွက်နိုင်ခွင့်ကိုသော်လည်းကောင်း၊ စွဲချက်အတိုင်း ဖြောင့်ဆိုနိုင်ခွင့်ကိုသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာကိုသော်လည်းကောင်း လိမ်လည်အတုပြုလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်အမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားပေသည်။

ဒေါ်မိုဟန်နား သေဆုံးခြင်းမရှိဘဲ ဦးဘစိန် ပါဝင်ပြုလုပ်သော သေစာရင်းအတုသည် ဒေါ်မိုဟန်နား၏ကိုယ်ကို နစ်နာစေခြင်းဖြစ်သည်မှာ ကေန်မုချဖြစ်သည်ဟု တရားရုံးချုပ်က သုံးသပ်ရရှိ၏။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၆၆ ပြဋ္ဌာန်းချက်နှင့်လည်း ငြိစွန်းလျက်ရှိသည်ဟု သုံးသပ်သည်။ ဒေါ်မိုဟန်နား ယင်းသို့ နစ်နာစေခြင်းသည်ပင် ဦးဘစိန်သည် လိမ်လည်အတုပြုလုပ်မှုကို အားပေးကူညီရာ ရောက်သည်။ သို့ရာတွင် လိမ်လည်အတုပြုမှုကို အားပေးကူညီသူသည် လိမ်လည်အတုပြုမှုကို ကိုယ်တိုင်ကျူးလွန်ဘိသကဲ့သို့ အရေးယူရန်ပင် ဖြစ်သည်ဟု တရားရုံးချုပ်က တရားသူကြီးက ရှုမြင်ပေသည်။

ရန်ကုန်တိုင်းအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၀၉ တို့အရ တရားစွဲတင်ခြင်းဖြစ်သည်။ ထိုဥပဒေအရဆိုလျှင် ပြစ်မှုထင်ရှားစီရင်ပါက အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ် ကျခံရပေမည်။ တရားရုံးချုပ်သည် ဥပဒေပြဿနာကို သေချာစွာ စိစစ်ခဲ့၏။ အများပိုင်ပစ္စည်းကိစ္စလား၊ ပုဂ္ဂိုလ်တစ်ဦးပိုင်ပစ္စည်းကိစ္စလား။ အချင်းဖြစ်တိုက်ခန်းများကို မူလက ပြည်သူပိုင်သိမ်းခဲ့ရာမှ ဒေါ်မိုဟန်နားသို့ ပြန်ပေးခဲ့သည့် အထောက်အထားများ မူလရုံးအမှုတွဲတွင် ရှိနေခြင်းက ပြည်သူပိုင်ပစ္စည်းများ မဟုတ်တော့ကြောင်း တွေ့မြင်ခဲ့ပေသည်။ သို့သော် ဒေါ်မိုဟန်နား သေဆုံးခြင်းမရှိပါဘဲ သေစာရင်းအတုအတွက် ဦးဘစိန် ဖြေရှင်းရပေလိမ့်မည်။

တရားရုံးချုပ်သည် ရန်ကုန်တိုင်းတရားရုံး(အရှေ့ပိုင်းခရိုင်)က ဦးဘစိန်အပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၀၉ အရ စွဲချက်တင်သည့် အမိန့်ကို ပယ်ဖျက်၏။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၆၆ အရ စွဲချက်တင်၍ ဆက်လက်စစ်ဆေးဆောင်ရွက်ရန် ရန်ကုန်ဘိုင်းတရားရုံး(အရှေ့ပိုင်းခရိုင်)သို့ ညွှန်ကြားမှုပြုခဲ့ပေသည်။

ကျွန်တော်တို့ ဥပဒေနယ်ပယ်၊ တရားခွင်အသုံးအနှုန်းအရဆိုလျှင် ဦးဘစိန်အပေါ် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)က ကြားဖြတ်မိန့် ချမှတ်ခြင်းကို တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှု တင်သွင်းခြင်းပြုရာမှ ဤစီရင်ထုံး ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ အမှုစစ်တရားရုံး၏ စွဲချက်တင်သည့် အမိန့်၌ အမှုတွဲပေါ်ပေါက်ချက်အရ ဆီလျော်ရာ ဥပဒေနှင့် ပြောင်းလဲ၍ စွဲချက်တင်စေခဲ့ခြင်းသာ ဖြစ်ပေသည်။

စွဲချက်တင်ခြင်းသည် စွပ်စွဲခံရသူအား အပြစ်ပေးခြင်းမဟုတ်ပေ။ စွဲချက်တင်သည့် ပုဒ်မအရ ဖြေရှင်းရန်တာဝန်ပေးခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဦးဘစိန်၏ အမှုကား ဆုံးခန်းတိုင်မရောက်သေး။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၆၆ နှင့် စွဲချက်အမိန့်ကို အမှုစစ်သည့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ပြင်ဆင်ချမှတ်ခြင်း ပြုပေလိမ့်မည်။ ထိုအမိန့်အပေါ် ဦးဘစိန် ထုချေရှင်းလင်းရပေလိမ့်ဦးမည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၄ ပြဋ္ဌာန်းချက်အရ ဥပဒေနှင့်မညီသော ထိခိုက်စေခြင်းအတွက် ဦးဘစိန် မည်သို့မည်ပုံ ခုခံဖြေရှင်းမည်ကိုကား စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။ ထို့ပြင်တဝ ဦးဂိုရီက မိမိဇနီး သက်ရှိထင်ရှားရှိလျက် ကိုယ်စားလှယ်စာ ဘာကြောင့်ပေးလေသနည်း။

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

<u>ကိုးကား</u>

- ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၄
- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၆၆
- ဦးဘစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
(၁၉၉၆-မတစ-၁၆၄)

www.burmeseclassic.com

www.burmeseclassic.com



# အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

## ဟန်ဆောင်လက်ထပ်ထားရင် ထိမ်းမြားမှုမမြောက်တော့ဘူးလား

ဆရာရှင့် . . .

ကျွန်မမှာ လူကြီးချင်းသဘောတူထားတဲ့ ခင်ပွန်းလောင်းတစ်ယောက် ရှိပါတယ်။ လူငယ်ချင်းကလည်း တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် လေ့လာအကဲခတ်ရင်း တဖြည်းဖြည်း သဘောကျလာတယ် ဆိုကြပါစို့။

အဲဒီအခါ လူကြီးတွေကလည်း နေ့ကောင်းရက်သာရွေးပြီး နှစ်ဖက်ဆွေမျိုးတွေရှေ့မှာ စေ့စပ်ကြောင်းလမ်းကြပါတော့တယ်။ လာမယ့်သီတင်းကျွတ်မှာ လက်ထပ်ထိမ်းမြားပေးမယ်ပေါ့လေ။

ကျွန်မတို့ လူငယ်ချင်းလည်း သဘောတူကြပေမယ့် လက်မထပ်ခင်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုကို အပြန်အလှန် မေးမြန်းမိကြပါတယ်။ အဲဒါကတော့ ကျွန်မတို့မှာ ချစ်သူရည်းစားရှိမရှိဆိုတဲ့ ပြဿနာပါ။

ကျွန်မဘက်ကတော့ ရှင်းတယ်။ ခုချိန်ထိ ချစ်သူရည်းစားတစ်ခါမှ မထားဖူးသေးဘူးလေ။ သူ့မှာလည်း ချစ်သူမရှိဘူးလို့ သိရပါတယ်။ ဒါဆို ပြီးပြီပေါ့။ ကျွန်မတို့ လူကြီးတွေ စီစဉ်တဲ့အတိုင်း လက်ထပ်ပြီး တစ်အိုးတစ်အိမ်ထူထောင်လိုက်ကြရုံပဲပေါ့။

ဒါပေမယ့် တစ်နေ့မှာ သူ့ဆီက ကျွန်မ လုံးဝမမျှော်လင့်မထားတဲ့ စကားဆန်းတစ်ခု ကြားရပါတယ်။ ဒီစကားက လက်ထပ်အံ့ဆဲဆဲ ကျွန်မအသည်းနှလုံးကို ဆွဲကိုင်လှုပ်ယမ်းခံလိုက်ရသလို အမည်ဖော်ပြဖို့ ခက်ခဲလှတဲ့ ဝေဒနာတစ်ခုကို ကြိတ်မှိတ်ခံစားနေရပါတယ်။ ဒီဝေဒနာကြောင့် အိပ်မပျော်တဲ့ညပေါင်းလည်း မနည်းတော့ပါဘူး။

အဖြစ်က တကယ့်ကို မယုံနိုင်စရာပါရှင်။

သူပြောပြတာက လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ဖြစ်ခဲ့တာတဲ့ ဆရာ။ သူနဲ့ ကျောင်းနေဖက်သူငယ်ချင်း အပျိုကြီးတစ်ယောက် ရှိသတဲ့။ တစ်ဦးတည်းသောသမီးဖြစ်ပြီး အဖေမရှိတော့ဘဲ အမေအိုကြီးကို လုပ်ကိုင်ကျွေးမွေး

www.burmeseclassic.com

နေတာတဲ့။ ပစ္စည်းတော့ အသင့်အတင့်ချမ်းသာပြီး နေတာက မန္တလေးမှာတဲ့။

အမေအိုကြီးက မကြာခဏ အိမ်ထောင်ပြုဖို့ နားချပေမယ့် တစ်ကိုယ်တည်း အပျိုကြီးဘဝနဲ့ပဲ လွတ်လွတ်လပ်လပ်နေချင်တာနဲ့ အမေ့စကားကို အမြဲငြင်းခဲ့သတဲ့။ အမေအိုကြီးဟာ သူ့မှာစွဲကပ်နေတဲ့ ရောဂါဝေဒနာအရ မကြာခင် လူ့လောကကြီးက ထွက်ခွာရတော့မယ်ဆိုတာ ကြိုသိနေသတဲ့။ အဲဒီအခါ လောကအလယ်မှာ သမီးတစ်ယောက်တည်း ကျန်ခဲ့မှာကို စိုးရိမ်သောကဖြစ်ပြီး ဆွေမျိုးထဲက သူသဘောကျတဲ့ လူရွယ်တစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်တော့သတဲ့ရှင်။

အဲဒီအခါ အိမ်ထောင်မပြုချင်တဲ့ အပျိုကြီးခမျာ ကြံရာမရဖြစ်ပြီး သူ့မှာချစ်သူရှိတယ်လို့ပြောလိုက်သတဲ့။ ဒီတော့ အမေအိုကြီးက သူ့မျက်လုံးမမှိတ်ခင် လက်ထပ်ပေးခဲ့ဖို့ စီစဉ်ပြီး အပျိုကြီးရဲ့ ချစ်သူကို ခေါ်လာခိုင်းသတဲ့ ဆရာ။

အပျိုကြီးက အဲဒီကိစ္စကို သူ့သူငယ်ချင်း(ကျွန်မ ခင်ပွန်းလောင်း)ကို အကူအညီတောင်းခဲ့တယ်တဲ့။ အပျိုကြီးရဲ့ အကြံအစည်က သူ့သူငယ်ချင်းကို ချစ်သူလို့ပြောပြပြီး အမေကြီးစိတ်ကျေနပ်အောင် လက်ထပ်ပြကြဖို့ပဲတဲ့။ ဒါပေမယ့် တကယ်လက်ထပ်တာမျိုးမဟုတ်ဘဲ အမေအိုကြီးအသေဖြောင့်အောင် ဟန်ဆောင်လက်ထပ်ကြဖို့ပဲတဲ့ဆရာ။

တိုတိုပြောရရင် အမေအိုကြီးက နှစ်ဖက်ဆွေမျိုးတွေရှေ့မှောက်မှာ သူကိုယ်တိုင် လက်ထပ်ပေးခဲ့တယ်တဲ့။ ဒါပေမယ့် သူနဲ့ အပျိုကြီးကတော့ တကယ်လက်ထပ်တာမဟုတ်ဘဲ အမေအိုကြီးကို လှည့်စားတဲ့သဘောနဲ့ ဟန်ဆောင်လက်ထပ်ခဲ့တာတဲ့ဆရာ။ အမေအိုလည်း မကြာခင်မှာ ဆုံးသွားခဲ့တယ်တဲ့။

ဆရာရှင့်・・・ကျွန်မသိချင်တာက တရားဥပဒေမှာ ဒီလိုဟန်ဆောင်လက်ထပ်တာမျိုး ရှိသလား။ ပြီးတော့ ဒီလက်ထပ်မှုဟာ ကျွန်မတို့အနာဂတ် အိမ်ထောင်ရေးမှာ အနှောင့်အယှက်၊ အဟန့်အတား ဖြစ်လာနိုင်သလားဆိုတာ ပါပဲရှင့်။

ဒီကိစ္စကို ကျွန်မ ရင်ပူစိတ်ဆင်းရဲလွန်းလို့ အမြန်ဆုံး ဖြေကြားပေးဖို့ မေတ္တာရပ်ခံလိုက်ရပါတယ်ဆရာ။

အစဉ်လေးစားစွာဖြင့်
**မသီတာအေး**
လမ်းသစ်လမ်း။ အင်းစိန်။

မသီတာအေးခင်ဗျား・・・

ဆရာတို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ ကြိုပ်ပြေနံပြေ ကွာရှင်းကြတယ်ဆိုတာ ရှိပါတယ်။ သဘောကတော့ အိမ်ထောင်တစ်ခုမှာ ကျန်းမာရေး၊ စီးပွားရေး ညံ့လို့ အဆင်မပြေတဲ့အခါ ဗေဒင်ကိန်းခန်းအရ ယတြာချေတဲ့အနေနဲ့ လင်နဲ့မယား ကြိုပ်ပြေနံပြေ ကွာရှင်းတယ်ဆိုတာ ရှိပါတယ်။ အမှန်တကယ် ကွာရှင်းတာမျိုးမဟုတ်ဘဲ ယာယီခွဲနေကြတဲ့သဘောပါ။ ဒါကို ဥပဒေက ခွင့်ပြုထားသလို၊ တရားလည်းဝင်ပါတယ်။

အဲ・・ကြိုပ်ပြေနံပြေသဘောနဲ့ ဟန်ဆောင်လက်ထပ်တာမျိုးတော့ ဥပဒေမှာ မရှိပါဘူး။

ဒါကြောင့် ခုကိစ္စမှာ မသီတာအေးရဲ့ ခင်ပွန်းလောင်းနဲ့ အပျိုကြီးတို့ အမေကြီးကျေနပ်အောင် နှစ်ဖက်ဆွေမျိုးရှေ့မှာ ဟန်ဆောင်လက်ထပ်ခဲ့ကြတာဟာ ဘယ်လိုပဲပြောပြော ဥပဒေအရ တရားဝင်နေပါတယ်။ ဒါဟာ သူ့အလိုအလျောက် မပျက်ပြယ်သွားနိုင်ပါဘူး။

ဆရာဆိုလိုချင်တာက မသီတာအေးရဲ့ ခင်ပွန်းလောင်းနဲ့ အပျိုကြီးတို့ဟာ ခုချိန်ထိ တရားဝင်အကြင်လင်မယားအရာမြောက်နေသေးတယ် ဆိုတာပါပဲ။ ဒါကြောင့် ဒီကိစ္စဟာ မသီတာအေးရဲ့ အနာဂတ်အိမ်ထောင်ရေးမှာ ပြဿနာဖြစ်မလာနိုင်ဘူးလို့ မပြောနိုင်ပါဘူး။

ဒါကြောင့်မို့ အကောင်းဆုံးအကြံပြုချင်တာကတော့ ခင်ပွန်းလောင်းကို မန္တလေးခေါ်သွားပြီး နှစ်ဖက်ဆွေမျိုးတွေရှေ့မှာ တရားဝင်ဖြစ်အောင် ဟိုအပျိုကြီးနဲ့ ပြန်ကွာရှင်းလိုက်ကြဖို့ပါပဲ။ ဒါမှ မသီတာအေးရဲ့ ခင်ပွန်းလောင်းဟာ တကယ့်လူပျိုစစ်စစ် ပြန်ဖြစ်လာနိုင်ပါလိမ့်မယ်လို့။

■

www.burmeseclassic.com

## မှုးယစ်ဆဲဆို၊ မီးပေါ့ဆတဲ့ အိမ်ငှားတွေကို နှင်ထုတ်လို့ရမလား

ဆရာရှင့်...

ကျွန်မဟာ မုဆိုးမတစ်ယောက်ပါ။ ခင်ပွန်းလက်ထပ်က ကျန်ခဲ့တဲ့ နှစ်ထပ်အိမ်ကြီးအပေါ်ထပ်မှာ ကျွန်မတို့သားအမိ နေကြပြီး အောက်ထပ်နှစ်ခန်းကိုတော့ တစ်နှစ်စာချုပ်ချုပ်ပြီး အိမ်ငှားချထားခဲ့ပါတယ် ဆရာ။

အဲဒါ အခုဆိုရင် ကိုးလကျော်၊ ဆယ်လထဲတောင် ရောက်နေပါပြီ။ စာချုပ်သက်တမ်းကုန်ရင်တော့ သူတို့နှစ်ဦးကို ဆက်မငှားချင်တော့ဘဲ အိမ်ငှားအသစ်တွေတင်ဖို့ စိတ်ကူးထားပါတယ်။ ဒါပေမယ့် လက်ရှိအိမ်ငှားနှစ်ဦးက အငှားစာချုပ်ပြည့်ရင်လည်း အိမ်ပေါ်ကမဆင်းဘဲ ဆက်နေမယ် ပြောနေကြပါတယ်ဆရာ။

ကျွန်မ သူတို့ကို ဘာလို့ဆက်မထားချင်လဲဆိုတော့ အောက်ထပ်ခြေရင်းခန်းက အိမ်ငှားက အရက်သမားဖြစ်နေတယ်။ မှုးလာပြီဆိုရင် ညဘက်တော်တော်နဲ့မအိပ်ဘဲ တစ်ရပ်ကွက်လုံးကို ငါနဲ့ကိုင်တုတ်နေတော့တာပဲ။ ညမီးပျက်လည်း မအိပ်သေးဘဲ ဖယောင်းတိုင်ထွန်းပြီး အိပ်ပျော်သွားလို့ ဖယောင်းတိုင်မီး လဲကျပြီး မီးထလောင်သေးတယ်။ အိမ်နီးချင်းတွေ လက်ဦးသွားပေလို့သာပေါ့ ဆရာ။ နို့မို့ဆို ကျွန်မတို့သားအမိ လမ်းဘေး တဲထိုးနေရမလားတောင် မသိဘူးရှင့်။

နောက် အောက်ထပ်ခေါင်းရင်းခန်းက အိမ်ငှားက ပိုဆိုးသေးတယ်။ သူက တီဗွီ၊ အောက်စက်နဲ့ အသံချဲ့စက် ပြင်တာလေ။ ရပ်ကွက်မီးအားကလည်း ညဉ့်နက်မှ အားကောင်းလာတော့ တစ်ညလုံး ဂွီဂွီဂွမ်ဂွမ်နဲ့ အိပ်လို့ကိုမရဘူး။ ဒီလူရောက်လာကတည်းက တစ်ညမှ စိတ်အေးလက်အေး အိပ်ရတယ်မရှိဘူးရှင့်။

ဒီအိမ်ငှားတွေကြောင့် ကျွန်မမှာ မီးရေး၊ ထင်းရေး ကြောက်နေရတာကတစ်မျိုး၊ တစ်ညလုံး နားမချမ်းသာအောင် ခံစားနေရတာကတစ်မျိုးနဲ့ ကျွန်မကတော့ သက်တမ်းစေ့အောင် နေရပါတော့မလားမသိဘူး ဆရာ။ ပတ်ဝန်းကျင်ကလည်း ပြောလှပြီလေ။

ဒါကြောင့်မို့ ဒီလူတွေကို ဥပဒေနဲ့အညီ ဘယ်လိုနှင်ထုတ်ရမယ်ဆိုတာ အကြံဉာဏ်ပေးဖို့ မေတ္တာရပ်ခံချက်နဲ့ ဒီစာကို ရေးလိုက်ရတာပါဆရာ။

အမြန်ဆုံး ဖြေကြားပေးဖို့ ပန်ကြားအပ်ပါတယ်ရှင့်။

အထူးကျေးဇူးတင်လျက်

**ဒေါ်လှမေ**

(၃)ရပ်ကွက်၊ သာကေတမြို့

ဒေါ်လှမေခင်ဗျား...

ဒေါ်လှမေရဲ့ကိစ္စက အိမ်ငှားတွေဟာ အိမ်ရှင်အပေါ်မှာတင်မကဘူး၊ အိမ်ပတ်ဝန်းကျင်ကိုပါ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတဲ့သဘောမျိုး ဖြစ်နေပါတယ်။

ဒါနဲ့ပတ်သက်တဲ့ တရားစီရင်ထုံး နှစ်ခုရှိပါတယ်။ ပထမတစ်ခုက ဦးဘာသိန်းအမှု၊ ၁၉၇၉ ခုနှစ်၊ တရားမ၊ တတိယအယူခံမှု ပုဒ်မ(၂၈)မှာ...

"အိမ်ငှားက မိမိငှားရမ်းထားသော အခန်းကို လုပ်ငန်းအတွက် အသုံးပြုရာမှာ မီးပေါ့ဆမှု မကြာခဏဖြစ်တဲ့အတွက် အိမ်ရှင်က နှင်လိုမှုနဲ့ စွဲပါတယ်။ တရားရုံးက မီးကို ကောင်းစွာမရိုသေခြင်းကြောင့်လည်းကောင်း၊ အနီးအနားနေထိုင်သူများကို စိတ်ငြိုငြင် အနှောင့်အယှက်ဖြစ်သည့် ပြုလုပ်မှုကို ကျူးလွန်သည်"ဟု ဆုံးဖြတ်ပြီး နှင်ခွင့်ရရှိခဲ့ပါတယ်။

အလားတူပဲ ပါရဂူ (ခ) မောင်ခင်ရွှေ အမှု၊ ၁၉၇၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ်-၁၄၃ မှာ...

"အိမ်ငှားက ရေဒီယိုပြင်ဆိုင် ဖွင့်ထားရာက အသံချဲ့စက်ကို လိုအပ်သည်ထက် ကျယ်လောင်စွာ ဖွင့်ခြင်းအတွက်လည်းကောင်း၊ အိမ်ရှင်နှင့် ပတ်ဝန်းကျင်ကို စိတ်ငြိုငြင်အနှောင့်အယှက်ဖြစ်စေ၍လည်းကောင်း"လို့ ဆုံးဖြတ်ပြီး အိမ်ရှင်ကို အနိုင်ဒီကရီပေးခဲ့ပါတယ်။

အဲဒါကြောင့် ဆရာအကြံပြုချင်တာက ဒေါ်လှမေအနေနဲ့ တရားမမှုမှာ ကျွမ်းကျင်တဲ့ အကျိုးဆောင်ရှေ့နေတစ်ဦးနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ရုံးတော်ကို တင်ပြလျှောက်ထားလိုက်မယ်ဆိုရင် အားလုံး အဆင်ပြေသွားပါလိမ့်မယ်ခင်ဗျား။

အောင်မြင်ပါစေ...

**ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]**


www.burmeseclassic.com

www.burmeseclassic.com



## မှားမှန်ရောထွေး

# အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း

"အိမ်သားတွေမရှိတုန်း အိမ်ပေါ်လည်း တက်တယ်ဗျာ။ ခြံစည်းရိုးဟောင်းဖျက်ပြီး ကျောက်တိုင်လည်း စိုက်တယ်ဗျာ။ ဘေးအိမ်ကလာပြောလို့ သိရတော့ တားတယ်ဗျာ။ မရဘူး။ စကားများကြတယ်ဗျာ။ သူတို့ကအများ ကျုပ်ကတစ်ယောက်တည်းရယ်"

"နောက် ဘာဆက်ဖြစ်သေးလဲ"

"ဆက်ဖြစ် သေဖို့ပဲရှိတော့တယ်။ အိမ်နီးနားချင်းတွေ ရောက်လာတော့ ပြီးသွားတာပေါ့ဗျာ"

မြေကွက်ချင်းထိစပ်နေသည်။ သူ့အပိုင် ကိုယ့်အပိုင် အငြင်းပွားကြတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ ဖြေရှင်းကြတယ်။ ရပ်ကွက်မြေပုံအရ မြေကွက်အမှတ်အထက်အောက်ဖြစ်သော်လည်း ဘေးတိုက် တစ်ဆက်တည်းမဟုတ်။ လမ်းလေးခွဆုံ၏ ထောင့်တစ်ခုတည်းတွင် ကျရောက်နေပြီး ကျောက်တိုင်စိုက်သူများက မျက်နှာသာ လေးဆယ်ပေ၊ နောက်အရှည် ခြောက်ဆယ်ပေတွင် အိမ်ပေါ်တက် ကျူးကျော်ခံရသူက ပေခြောက်ဆယ် အဆုံး

www.burmeseclassic.com

လမ်းကြားနေရာမှ မျက်နှာစာ လေးဆယ်ပေ စခြင်းဖြစ်သည်။ နှစ်ဦးလုံး မျက်နှာစာက လမ်းဘက်ဦးတည်ထားရာ ကျင်တွယ်ပုံဖြစ်သည်။

"အဲဒါ အိမ်ကျော်နင်းမှုပဲ မဟုတ်ဘူးလား ဆရာ"

ရာဇသတ်ကြီး ပုဒ်မ ၄၄၂ ကို ပြသလိုက်သည်။

မည်သူမဆို လူနေအိမ်အဖြစ် အသုံးပြုသည့် အဆောက်အအုံထဲသို့ ဝင်ရောက်ခြင်းဖြင့်၊ သို့တည်းမဟုတ် ဆက်လက်နေခြင်းဖြင့် ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူသည် အိမ်ကျော်နင်းမှုကို ကျူးလွန်သည်မည်၏။

Whoever commits eniminal trespass by enterning in on remaining in anybuilding.

"အိမ်ကိုပါဝိုက်ပြီး ကျောက်တိုင် စိုက်တယ်ဆိုတော့ ဒီအိမ်ကျော်နင်းမှုလို့ ဆိုရမှာပေါ့"

"ကျွန်တော်တို့လို လူပြိန်းတွေး တွေးရင်တောင် ဒါကျော်နင်းမှု ကျူးကျော်မှုဆိုတာ ထင်သာမြင်သာရှိနေတာပဲ ဆရာ"

"အင်း . . ခင်ဗျားပြောတာလည်း လက်ခံပါတယ်"

"အဲဒါ အမိန့်ချတဲ့ တရားသူကြီးက ဘာမှမစစ်ဘဲ ပိုင်ရေးပိုင်ခွင့် အငြင်းပွားတာ တရားမကြောင်းစွဲဆိုပြီး ပယ်လိုက်တယ်ဆရာ"

"ခင်ဗျားစကားနဲ့ပြောရရင် လူပြိန်းတွေမှန်ပေမယ့် တရားသူကြီးက လူပြိန်းမှမဟုတ်ဘဲ ခင်ဗျားတို့နဲ့အမြင်ချင်း ဘယ်တူနိုင်ပါ့မလဲ"

သည်အဖြေကိုတော့ လက်ခံနိုင်လိမ့်မည်မဟုတ်ပါ။ ဆိုလိုချင်သည့် အဖြေမဟုတ်မှန်း သိသာပါသည်။

"ဆရာ့စကားနဲ့ ပြန်ပြောရရင် အများနဲ့မတူဘူးဆိုတော့ ထူးရင်ထူး၊ မထူးရင် အရူးပေါ့"

"ကိုယ်လူကလည်း အလာကြီးပဲ"

ဂဏန်းသင်္ချာ နည်းအရဆိုလျှင် ရိုးရိုးအပေါင်းအနုတ်ကို မူလတန်းအဆင့်ကလေးများ မှားကောင်းမှားနိုင်ပါသည်။ အလယ်တန်းအဆင့် ကျောင်းသားလေးများ မမှားတော့ပါ။ အခြေခံအထက်တန်းအဆင့် ကျောင်းသားက မှားနေတယ်ဆိုရင်တော့ စဉ်းစားရပါပြီ။ အလားတူပင် အများစု အမြင်ချင်းတူနေပြီး ထိုအမြင်ကို လက်မခံနိုင်ဘူးဆိုလျှင်တော့ အကြောင်းထူးရင်ထူး၊ ရူးရင်ရူး၊ ဒါပဲဖြစ်မည်။

တရားရုံးကို အမှုအခင်းမျိုးစုံ အဖြစ်အပျက်ဇာတ်လမ်းမျိုးစုံ တင်သွင်းလာကြသည်။ အချို့က ဖြစ်ရပ်မှန်မဟုတ်ဘဲ Make up ပြင်ဆင်ပြီး တင်ပြကြတာလည်းရှိသည်။ ငွေချေးသည်ကို အရောင်းအဝယ်အဖြစ် စာချုပ်ချုပ်ကြသည်။ အတိုးနှင့်ချေးသည်ကို ယုံကြည်ပြီး ပေးအပ်လိုက်ပါသည်ဆိုပြီး ယုံကြည်အပ်နှံမှုစာချုပ် ချုပ်သည်။ ဤကဲ့သို့ မမှန်မကန်ချုပ်ဆိုထားသည့် စာချုပ်စာတန်းများကို အထောက်အထား အဆိုးအကားပြုကာ တရားရုံးသို့ အရေးဆိုလာသည်။ သက်သေခံဥပဒေမှာက စာချုပ်ပါ အကြောင်းအရာများ မမှန်ကြောင်း နှုတ်သက်သေခံ တင်ပြခွင့်မရှိ။

တရားရုံးက စာချုပ်စာတန်းပေါ် မူတည်ပြီး ဆုံးဖြတ်ပေးလိမ့်မည်။ ထိုအခါ အမှန်တကယ်နစ်နာသူက တရားရုံးက၊ အမှန်တရား ဆုံးဖြတ်မပေးဘူးဟု ထင်လာမြင်လာတော့သည်။ တရားရုံးအပေါ် အယုံအကြည်နည်းလာမည်။

မှားသည်မှန်သည် ခွဲခြားရခက်သော ကိစ္စရပ်များလည်း တွေ့ရတတ်သည်။ လက်ဝတ်ရတနာ လုပ်ရန်အတွက် ပတ္တမြားဆိုပြီး ပန်းထိမ်ဆရာကို အပ်သည်။ ပြန်ရွေးပြီး ပတ္တမြားက ယခင်အပ်စဉ်က ပတ္တမြားမဟုတ်။ အတု ဖြစ်သည်ဟုဆိုကာ အမှုဖွင့်သည်။ အရှုံးအစား၊ အရောင်၊ အရေအတွက် တူသည်။ သက်သေခံဥပဒေ သက်သေပြရန် တာဝန်တွင် စွပ်စွဲသူက စွပ်စွဲသည့်အတိုင်း ဟုတ်မှန်ကြောင်း သက်သေပြမည်။ အပ်စဉ်က တွေ့မြင်သူကလည်း အပ်တာပဲမြင့်တွေ့မည်။ ပတ္တမြားအစစ်လား အတုလား ခွဲခြားသိနိုင်မည်မဟုတ်။ ပြန်ယူစဉ်တွေ့မြင်သူကလည်း တွေ့တာမြင်တာပဲရှိမည်။ အတုအစစ်မသိနိုင်။ စွပ်စွဲသူက သက်သေမပြနိုင်တော့၊ တရားခံကို လွှတ်မည်။ မည်သူ မှားသည်၊ မှန်သည်ဆိုတာတော့ ကာယကံရှင်များသာ သိနိုင်မည့် ကိစ္စဖြစ်သည်။ တရားလိုကလည်း ပတ္တမြား အစစ်ဖြစ်ကြောင်း၊ ယခင်က အရောင်းအဝယ်

www.burmeseclassic.com

လုပ်ရာ ဈေးမတည့်၍ အရောင်းအဝယ်ပျက်ခဲ့ရဖူးကြောင်း၊ ထိုမဝယ်ဖြစ်သူကို သက်သေပြမည်။ မည်သို့ပိုင်ဆိုင်ရယူထားကြောင်း သက်သေပြမည်။

သို့သော် ထိုသက်သေများ ထွက်ဆိုသည့် ပတ္တမြားကို ပန်းထိမ်ဆရာအားအပ်ကြောင်း အထောက်အထားမရှိ။ ပစ္စည်းအပ်စဉ် ပန်းထိမ်ဆရာက "တကယ့်အဖိုးတန်ကျောက်တွေပဲ"ဟု ပြောဆိုခြင်း၊ ပြောဆိုသည်ကို ကြားသူရှိခြင်းတို့ ပေါ်ပေါက်သည်။ ပန်းထိမ်ဆရာက အရည်အသွေးညံ့ ကျောက်ဖြစ်၍ တမင်ပြောဆိုကြောင်း၊ ပန်းထိမ်လုပ်သက်တစ်လျှောက် နာမည်ပျက်မရှိကြောင်း ထုချေတင်ပြသည်။ စဉ်းစားရန်ရှိသည်မှာ အညံ့စားကျောက်ကို ငွေကုန်ခံပြီး ရွှေနဲ့လုပ်ပါ့မလားဆိုသော အချက်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ပတ္တမြားအစစ်ကို အပ်ကြောင်း သက်သေအထောက်အထားခိုင်လုံအောင် မပြနိုင်လျှင် တရားခံကိုလွှတ်ရတော့မည်။ လူ့လောကမှာ အတိုင်းအတာတစ်ခုအထိ ရိုးသားနိုင်သော်လည်း ထိုအတိုင်းအတာ ကျော်လွန်လာလျှင် ရိုးသားနိုင်ပါမည်လော။ အကယ်၍ ပတ္တမြားအစစ်အပ်ပြီး ကျောက်ညံ့နှင့် အစားထိုးပေးခဲ့တာ မှန်စေဦး တရားခံအားလွှတ်ရမည်သာ ဖြစ်ရကား နစ်နာသူက တရားရုံးအပေါ် အယုံအကြည်နည်းသွားနိုင်ပေသည်။

**တရားလို၊ တရားခံများသည်**
**မြို့ပြနှင့်အလှမ်းဝေးသော**
**ကျေးလက်နေသူများဖြစ်၍**
**ရိုးသားကြပါသည်။**
**ကိုယ်သိတာထက်ပိုပြီး**
**တစ်ဖက်သားနစ်နာအောင်**
**အပိုမပြောကြပါ။**

အမှုဖြစ်အကြောင်းအရာများကို ဥပဒေပေတံနှင့်တိုင်းတာပြီး ဆင်ခြင်သုံးသပ် ဆုံးဖြတ်ရပေရာ အမှန်တရားကို တင်ပြကြရန်လည်း လိုပေသည်။ မမှန်ကို မမှန်မှန်းသိလျက် မိမိအမှုအနိုင်ရရေး ဦးစားပေးလုပ်ဆောင်နေကြမည်ဆိုပါက တရားရုံး၏ဆုံးဖြတ်ချက်များသည်လည်း အမှန်အကန်ဖြစ် လာနိုင်မည် မဟုတ်ပေ။ အမှန်တရားကို မြတ်နိုးပြီး အားလုံးက အမှန်တင်ပြကြမှသာ တရားရုံး၏ဆုံးဖြတ်ချက်များသည် အများအားဖြင့် မှန်ကန်လာပေလိမ့်မည်။

ယခင်ဆောင်းပါး နိဂုံး၌ ဒိုက်ဦးမြို့နယ်တွင် တွေ့ကြုံခဲ့ဖူးသည့် မယားခိုးမှုကို ဆွေးနွေးတင်ပြမည့်အကြောင်း ဖော်ပြခဲ့ပါသည်။ မယားခိုးမှုပုဒ်မ ၄၉၇ ကို ဖော်ပြပါမည်။

မည်သူမဆို လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားဖြစ်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ကြောင်း မိမိယုံကြည်ရန်အကြောင်းရှိသ ည်လည်းဖြစ်သော မိန်းမကို ထိုလင်ဖြစ်သူ သဘောမတူဘဲသော်လည်းကောင်း၊ အလိုတူရာရောက်ခြင်း မရှိဘဲသော်လည်းကောင်း ကာမစပ်ယှက်ခြင်းပြုရာ၌ မုဒိမ်းမှုမမြောက်လျှင် မယားခိုးမှုကို ကျူးလွန်ခြင်းဖြစ်၍ ထိုသူကို ငါးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထိုအမှုမျိုးတွင် မယားဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ပြစ်ဒဏ်မထိုက်စေရ။

ဒိုက်ဦးမြို့ ဒရယ်မီးတာဆုံကနေ ပဲခူးရိုးမတောင်ခြေ ရောက်ခါနီးကျေးရွာမှ တက်လာသော အမှုဖြစ်သည်။ မြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌရုံးထိုင်သော တရားစီရင်ရေးအဖွဲ့မှ လက်ခံစစ်ဆေးသည်။ တရားလိုဘက်က မြို့နယ်ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သည်။ တရားခံမှာ အကျိုးဆောင်မရှိ။ ဤနေရာတွင် ဗဟုသုတအလို့ငှာ တင်ပြပါဦးမည်။

ရာဇဝတ်မှုများတွင် ရဲအရေးပိုင်သော အမှု၊ ရဲအရေးမပိုင်သောအမှုဟု ခွဲခြားထားရှိပါသည်။ အရပ်စကားနှင့် ဆိုရလျှင် ရဲစခန်းမှ အမှုဖွင့်လှစ်၍ရသောအမှု၊ အမှုဖွင့်၍မရသောအမှုဟု ဆိုနိုင်ပါသည်။ ရဲစခန်းတွင် အမှုဖွင့်၍

www.burmeseclassic.com

www.burmeseclassic.com

ရသော အမှုများကိုသာ တရားလိုဘက်မှ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်ပါသည်။ မယားခိုးမှုသည် ရဲအရေး မပိုင်၊ ရဲစခန်းတွင် အမှုဖွင့်၍ရသော အမှုအမျိုးအစား မဟုတ်ပါ။ တရားသူကြီး ဥက္ကဋ္ဌအပြည့်အစုံသိရှိလို၍ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

တရားလို၊ တရားခံများသည် မြို့ပြနှင့်အလှမ်းဝေးသော ကျေးလက်နေသူများဖြစ်၍ ရိုးသားကြပါသည်။ ကိုယ်သိတာထက်ပိုပြီး တစ်ဖက်သားနစ်နာအောင် အပို မပြောကြပါ။

တရားလိုက လူအေး။ စကားအတော်နည်းသည်။ ကျေးလက်မှာနေသော်လည်း အသောက်အစားမရှိ။ စီးပွားတော့ သိပ်အဆင်မပြေ။ ဇနီးဖြစ်သူကလည်း အေးပါသည်။ သားသမီးတွေပင် အတော်ကြီးကုန်ကြပြီ။ အကြီးတွေဆို အပျို၊ လူပျိုအရွယ်တွေရောက်ပြီ။

"ကျွန်တော့်ဇနီးက တရားခံအိမ် သွားနေပါတယ်။ သူမှာလည်း အိမ်ထောင်ရှိပါတယ်"

"ဟုတ်ပါတယ်။ သူ့အိမ်မှာ မနေချင်လို့ လာနေတာလို့ ပြောပါတယ်"

ဇာတ်လမ်းက ဤမျှသာ။ အပိုမပါ။ တရားလို၏ ဇနီးက အိမ်မှာမနေချင်လို့ တရားခံအိမ်မှာ လာနေသည်။ ဝါစ်ရွာတည်းသားချင်းတွေ နေချင်သပဆို နေပေါ့။

"မင်းက မင့်ဇနီးနဲ့ သူနဲ့ ဖောက်ပြန်တယ်လို့ ဆိုချင်တာလား"

တရားသူကြီး၏မေးခွန်းက အန္တရာယ်ရှိသည်။

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"အဲလိုမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ မယားခိုးမှုစွဲရတာလဲ"

"မယားခိုးမှုလို့ မစွဲပါဘူး။ လျှောက်လွှာစာရေးရေးပေးတာပါ"

"မင်းပြောလို့ ရေးတာနေမှာပေါ့"

"မဟုတ်ပါဘူး ကျွန်တော်ပြောတာ ဟိုကောင်အိမ် သွားနေတယ်ပဲ ပြောတာပါ"

တရားလိုက နောက်တွင်ထိုင်နေသော တရားခံကို ညွှန်ပြီးထွက်ဆိုခြင်း ဖြစ်ပါသည်။

ဦးတိုက်လျှောက်လွှာတွင် တရားလိုကိုယ်တိုင် လက်မှတ်ရေးထိုးထားသည်။ ကျင့်ထုံးပုဒ်မ ၂၀၀ အရ စစ်ဆေးစဉ်က "ဒီထဲအတိုင်းပဲ မဟုတ်လား"ဟု အလွယ်မေးတာ ရေးယူခဲ့သဖြင့် လျှောက်လွှာစာရေးရေးသည့် အကြောင်းအရာများ အပိုပါနေပေသည်။ ယခု တရားခံရှေ့တွင် စစ်ဆေးသည့် အခါတွင်မှ အမှုက ရုပ်လုံးပေါ်လာသည်။

ကျေးရွာလေးများတွင် ခင်ရာမင်ရာအိမ် သွားနေတတ်သည့် အလေ့ရှိသည်။ ဤကဲ့သို့ သွားနေသည်ကို ဥပဒေပုဒ်မတပ်၍ အရေးယူမည်ဆိုပါက ကောင်းသော၊ နှစ်လိုဖွယ်သောအလေ့များ ပျောက်သွားနိုင်ပေသည်။ ရွာခဲက လက်မခံ၍ စိတ်ထင်ရာ တစ်နယ်တစ်ကျေး သွားနေမည်ဆိုပါက လူမှုဒုက္ခများ ပိုလာနိုင်ပေသည်။

တရားလိုကလည်း တမင်နစ်နာစေလိုသော ဆန္ဒဖြင့် လီဆယ်စွဲဆိုခြင်း မဟုတ်။ တရားခံကလည်း တစ်ရွာတည်းနေသူမို့ သူ့သဘောနဲ့သူ လာနေသည့် တရားလို၏ ဇနီးကို သဘောရိုးဖြင့် လက်ခံထားခြင်းဖြစ်ပေသည်။ တရားလို တရားခံတွေအချင်းချင်းလည်း ရန်သူသဖွယ် ဆက်ဆံခြင်းမျိုး မရှိ။ ပုံမှန်ပင်။

"ကျုန်သက်သေတွေ မစစ်တော့ဘူး။ မင်းဇနီးကို ရွာရောက်ရင် သွားခေါ် ဟုတ်လား။ ရန်လည်းမဖြစ်ကြနဲ့"

"ဟုတ်ကဲ့"

အမှုက ဘာမှ မှတ်လောက်သားလောက်မရှိပါဘူး။ ဦးစလင်းမှတ်မိနေတာ တရားခံပြောသွားတဲ့ စကားတစ်ခွန်းကြောင့်ပါ။

"သူ့မိန်းမလည်း အစာကျွေးထားရသေးတယ်။ ငါ့လည်း ဒုက္ခပေးသေးတယ် တော်တော်ကောင်းတယ်" တဲ့ . . . ။

သူပြောတာလည်း ဟုတ်တာပဲလေ။

**စလင်း–ဦးအောင်သိန်း**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း ဟောင်းသည်မရှိ

## (၁၉)

### အခန်းဆက်ဝတ္ထုရှည်

(ယခင်လမှအဆက်)

■ မင်းဟိန်းထိုက်

ခပ်သုတ်သုတ် လျှောက်နေကြရင်း ချောင်းမကြီး၏ တစ်ကွေ့အလွန်တွင် ချောင်းသဲခုံ၌ မီးခိုးတလူလူဖြင့် မီးဖိုနားတွင် ဝိုင်းထိုင်နေကြသော လူတစ်စုကို တွေ့လိုက်ရ၏။ ထိုလူစုထဲတွင် မောင်အေးချမ်းနှင့် သိဖူးသောလာအချို့တို့လည်းပါ၏။ လမ်းစီမံကိန်းတွင် လမ်းလုပ်ငန်းများကို လာလုပ်ကြရင်း အငိုက်အလျောက် သိခဲ့ဖူးခြင်းဖြစ်၏။

ထိုလူများသည် မောင်အေးချမ်းနှင့် ယုမေတို့အား ပြူးကြည့်နေကြ၏။ တောကြီးမျက်မည်း ချောင်းမကြီး၌ စောစောစီးစီး ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ ဘာလာလုပ်ကြပါလိမ့်ဟု ထင်နေကြပုံရသည်။ မည်သို့ပင် ဆိုစေကာမူ ထမင်းတောင်းစား၍ ရတော့မည်ဟူသောအတွေးကြောင့် မောင်အေးချမ်း ပျော်သွားမိသည်။

"ဟေး ... မင်းတို့နှစ်ယောက်အဲဒီမှာထိုင်"

သူတို့ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသည့် မောင်အေးချမ်းနှင့် မသိဖူးသော လူကြီးတစ်ယောက်က တိုပြတ်ပြတ်ပြောလိုက်၍ မောင်အေးချမ်းအံ့သြရမလိုဖြစ်သွားရ၏။ ထိုလူကြီးက ဆက်ပြောသည်။

"မင်းတို့နှစ်ယောက်ကို သစ်ကတိုးရှာသားတွေ လိုက်ရှာနေကြတာ သိသလား"

မောင်အေးချမ်းသည် ထိုလူကြီး၏မျက်နှာကို စိုက်ကြည့်ရင်းက ခေါင်းခါလိုက်၏။

"မင်းက သူတို့ရွာသား တစ်ယောက်ကို သတ်ပုတ်ဖမ်းဆီးပြီး အချုပ်ထဲထည့်လိုက်တာ၊ နောက်တစ်ယောက်ကို စခန်းမှာ သတ်ပုတ်ကြိုးတုပ်ထားခဲ့တာတွေနဲ့ ပတ်သက်ပြီး အကြီးအကျယ် ဒေါသထွက်နေကြတယ်။ လက်စားချေမလို့ ဆိုပြီးလည်း အပူတပြင်း လိုက်ရှာနေကြတယ်"

ဟု ပြော၍ မောင်အေးချမ်းက မေးလိုက်သည်။

"ဦးကြီးက အဲဒါကို ဘယ်လိုလုပ်ပြီး သိသလဲ"

"ဟာ ... ခုတင်ကမှ အဲဒီလူတွေ ဒီအနားက ထွက်သွားကြတာကွ။ မင်းတို့ကို လိုက်ရှာရင်း ချောင်းဝဘက်ကို စုန်ဆင်းသွားကြတယ်။ မင်းတို့နှစ်ယောက် စခန်းက ထွက်ပြေးသွားကတည်းကပင် သူတို့ လူနှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့က ဒီသရွက်ချောင်းဘက်၊ နောက်တစ်ဖွဲ့က သရှူးချောင်းဘက်ဆိုပြီး ခွဲရှာကြရင်းက ဒီသရွက်ချောင်းဘက် ဆင်းသွားကြတာတွေ့လို့ လိုက်လာကြရင်း ည ၁၀ နာရီလောက်မှာ ဒီကွေ့အထက် ချောင်းလက်တက် ကမ်းပါးယံတစ်နေရာမှာ မီးဖိုရာကို တွေ့ရပြီးနောက် ခြေရာ မျက်ခြည်ပြတ်သွားလို့ အခု ချောင်းဝဘက်ကို ဆင်းပြီး လိုက်ရှာနေကြတာတဲ့"

"အခုလို နွေရာသီမှာ ကျွန်တော်တို့ ဒီဘက်သွားတယ်ဆိုတာ သိနိုင်ပါ့မလားဗျ။ ခြေရာထင်တာလည်း မဟုတ်ဘဲနဲ့"

"ဟာ ... အဲဒီအကောင်တွေကို မင်းက လျှော့တွက်နေသလား။ ပြောက်ကျား၊ ဓားပြ အစုံလုပ်ကြတဲ့ လူတွေကွ။ ခြေရာကောက်၊ ခြေရာဖျောက်လည်း အရမ်းကျွမ်းတယ်။ ဒါကြောင့်သာ ခြေရာမထင်တဲ့ နွေရာသီမှာ ညဘက်ကြီး မင်းတို့ခြေရာကို ဓာတ်မီးနဲ့ကြည့်ရင်း လိုက်လာနိုင်တာပေါ့။ ဒီတော့ မင်းတို့ ချောင်းမကြီးအထက်၊ ချောင်းလက်တက် ကမ်းပါးယံမှာ မီးဖိုခဲ့ကြတယ်ဆိုတာ ဟုတ်သလား"

www.burmeseclassic.com

"ဟုတ်ပါတယ်"

"အဲဒါကိုသာ ကြည့်။ မင်းက နွေရာသီမှာ ခြေရာမထင်လို့ဆိုပြီး လျှော့မတွက်နဲ့ကွ။ ဓာတ်မီးနဲ့ထိုးပြီး မင်းတို့ရဲ့ နွေခြေရာကို ရအောင်ရှာနိုင်တာကြည့်။ အဲဒီအနားမှာ မင်းတို့ခြေရာတွေ ရှုပ်ယှက်ခတ်ပြီး ပျောက်သွားတယ်လို့ ပြောတယ်။ ဒီတော့ မင်းတို့ အဲဒီနေရာက ဘယ်ကို ဆက်သွားကြသလဲ"

"အဲဒီ မီးဖိုရာတွေ့တဲ့ အထက်က နွယ်ချုံတွေပတ်နေတဲ့ သစ်ပင်ကြီးပေါ်မှာ လင့်အိမ်ထိုးလုပ်ပြီး အိပ်နေကြတာ"

"ကံကောင်းပေလို့ပေါ့ကွာ ..။ မတော်လို့ သစ်ပင်ပေါ်ကိုသာ ဓာတ်မီးနဲ့ထိုးကြည့်မိရင် မင်းတို့နှစ်ယောက်လုံး သက်သာကြမှာမဟုတ်ဘူး။ သူတို့မှာက လူတိုင်းပဲ သေနတ်ပါကြတယ်။ အတိုအရှည်ပဲ ကွာတယ်။ သေနတ်အမျိုးအစားတွေကို ငါမပြောတတ်ပေမယ့် အဆင့်မြင့်တဲ့ သေနတ်တွေပဲ ဖြစ်မယ်ထင်တယ်။ နှစ်လုံးပြူးတို့၊ ကုပ်ချိုးတို့နဲ့ လုံးဝမတူဘူး"

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်၏။ ယုမေက ပြောပြနေကြသော လူစုဘက်ကို ကြည့်လိုက်၊ မောင်အေးချမ်း၏ မျက်နှာကို ကြည့်လိုက်နှင့် ...။

"မင်းတို့နှစ်ယောက် ဒီအတိုင်း မနေကြနဲ့ကွ။ ဟိုကောင်တွေ နောက်ကြောင်း ပြန်လှည့်လာရင် ခက်မယ်။ မင်းတို့ကို အပူတပြင်း လိုက်ရှာနေကြတာ။ ဒီတော့ မင်းတို့နှစ်ယောက် ဒီအနားက မြန်မြန် ထွက်ခွာသွားကြတော့။ တို့လည်း ဆယ်ရက်လောက် လျှော်ခုတ်၊ ကြိမ်ခုတ်မယ်ဆိုပြီး လာကြတာ။ ငါးရက်ပဲ ခုတ်ရသေးတယ်။ ဆက်မခုတ်ရဲတော့ဘူး။ ပြန်ကြတော့မယ်။ ဆက်နေလို့ တော်ကြာ မင်းတို့ပြဿနာက တို့ဘက်ကူးလာလို့ .. အချောင်သေနေလိမ့်မယ်။ ဟိုကောင်တွေက လူ့ရက်စက်တွေကွ။ မထင်ရင် မထင်သလို လုပ်တတ်တယ်။ ဒါကြောင့် တို့လည်း ပြန်တော့မယ်။ မင်းတို့လည်း ဒီနေရာက ထွက်သွားကြတော့"

"ကောင်းပြီလေ။ ဒီလိုဆိုလည်း ဦးကြီးတို့ဆန်တွေကို ကျွန်တော်တို့ ပေးခဲ့ပါ။ ကျွန်တော်တို့က ဟိုလူတွေနဲ့ မတွေ့အောင် တောထဲမှာ လှည့်ပတ်ပြီး နေကြရဦးမယ်ဆိုတော့ ဆန်မရှိလို့ မဖြစ်ဘူး။ ဦးကြီးတို့ရဲ့ ဆန်ဖိုးကိုလည်း ကျွန်တော် ငွေပေးလိုက်ပါ့မယ်"

"ငွေမလိုပါဘူး။ ငါတို့ မင်းဘူး အမ်းလမ်း စီမံကိန်းမှာ အလုပ်လာလုပ်ကြတုန်းက မင်းကူညီဖူးတဲ့ ကျေးဇူးတွေလည်း ရှိပါတယ်။ ဒါကြောင့် ဆန်သာမက တို့မှာရှိနေတဲ့ ငါးပိ၊ ငရုတ်၊ ဆီဆား၊ အိုးခွက် လိုသလောက် ယူသွားပါ။ ဒီရက်ပိုင်းတွေ အတွင်းမှာ မင်းတို့ အမ်းမြို့ကိုဆင်းဖို့ စိတ်မကူးကြနဲ့။ ရေလမ်းကြောင်းက အဆင့်ဆင့် အတန်တန်ဆီးပြီး စောင့်ကြည့်နေကြတဲ့ ဟိုကောင်တွေရဲ့ လက်က လွတ်နိုင်မယ် မထင်ဘူး။ ဒါကြောင့် စားနပ်ရိက္ခာတွေနဲ့ တောနက်ထဲမှာပဲ ဖြစ်သလို လှည့်ပတ်နေရင်း အခြေအနေကောင်းမှ လာခဲ့ကြပေါ့"

"သူတို့မှာ လူဘယ်နှယောက်လဲ ဦးကြီး"

"ခြောက်ယောက်။ လူတိုင်းမှာ သေနတ်တွေနဲ့ချည်းပဲ။ ဒီအထဲမှာ ခြောက်လုံးပြူးနဲ့ တစ်ယောက်သာပါပြီး ကျန်လူတွေက သေနတ်အရှည်တွေနဲ့ကွ"

မောင်အေးချမ်း တစ်ချက်နှစ်ချက် ခေါင်းညိတ်လိုက်၏။ ထို့နောက် သူတို့က ငွေမယူဟု ဆိုသော်လည်း အတင်း ငွေငါးဆယ် ထုတ်ပေးလိုက်၏။ ထို့နောက် စောင်နှစ်ထည်၊ ခေါင်းအုံးနှစ်လုံး ဒန်အိုးသုံးလုံး၊ ဆန်ဆယ်ပြည်ခန့်နှင့် ငါးပိ၊ ဆား၊ ငရုတ်များကို ယူကာ သစ်ရွက်ဖျား၏ တောနက်ထဲသို့ ဆန်တက်လာကြလေသည်။

□ □ □

သည်အကြိမ်တွင် ယခင်ကလို ရိုးရိုးစင်းစင်းကြီး ပုန်းရှောင်ပြေးလွှားနည်းဖြင့် အဆင်မပြေတော့ပေ။ ဉာဏ်ကို လွှာသုံးမှ ဖြစ်တော့မည်။ ခြေရာဖျောက်နည်း၊ ခြေရာရောနည်း၊ အိပ်ရာပြောင်းနည်း စသည်များကို ကျင့်သုံးရန် မောင်အေးချမ်း ဆုံးဖြတ်လိုက်သည်။

ထိုလူများသည် မောင်အေးချမ်းနှင့် ယုမေတို့၏ ခြေရာများသည် သည်အနီးဝန်းကျင်တွင် ပျောက်သွား၍ သည်အနီးဝန်းကျင်ကိုသာ မဲပြီး ခြေရာချင်းထပ်အောင် လိုက်ရှာလာနိုင်သည်။ သူတို့မှာ လူခြောက်ယောက်ပါသည်ဟုဆို၍ နှစ်ယောက် တစ်နေရာစီခွဲပြီး ရေလမ်းကလည်း ဖြတ်ဆီးနိုင်သည်။

ထိုအခါ လျှော်ခုတ်၊ ကြိမ်ခုတ် သမားများသည် ရရာလျှော်နှင့် ကြိမ်များကို ဖောင်ဖွဲ့ပြီး ရေလမ်းမှသာ စုန်ဆင်းကြ မည်ဖြစ်၍ ထိုလူနှင့် တွေ့သောအခါ မေးလျှင် ကြောက်ကြောက်

www.burmeseclassic.com

www.burmeseclassic.com

လန့်လန့်ဖြင့် မောင်အေးချမ်းနှင့် ယုမေတို့အကြောင်းကို ပြောချင်လည်း ပြောမိကြမည်။ မပြောဘဲထားချင်လည်း ထားကြမည်။ မည်သို့ပင် ဆိုစေကာမူ ကြိုတင်သတိရှိထားသည်က အကောင်းဆုံးဖြစ်၏။

မောင်အေးချမ်းနှင့် ယုမေတို့သည် ကြိမ်ခုတ်သမားများ သွားထားကြသောချောင်းလမ်းအတိုင်း အထက်ဘက်ကို ဆန်တက်ရင်း နေရာကောင်းတစ်ခုကို လိုက်ရှာကြ၏။ ထိုအခါ ချောင်းမကြီးနှင့် မလှမ်းမကမ်းတွင် တောငှက်ပျောတော တစ်တောကို မြင်ကြ၏။ ခြေရာဖျောက်ပြီး ထိုငှက်ပျောတောမှာပင် သွားနေကြရန်ကို ဆုံးဖြတ်လိုက်ကြသည်။

"ဒေါက် ..."

"အယ် ...အယ်...အယ်"

အသံများ ဆူညံသွား၍ မောင်အေးချမ်းနှင့် ယုမေတို့လည်း တုန်လှုပ်သွားကြ၏။ တုတ်၊ ဓားများကို ကောက်ကိုင်ပြီး အသံလာရာဘက်ကိုလည်း သတိဖြင့်ငေးကြည့်နေကြ၏။

ဦးစွာ သည်ဘက်ကမ်းမှ ဝါးလုံးနှစ်လုံးကို ခုတ်ယူပြီး အထုပ်များကို ခေါင်းပေါ်တင်ကာ တောငှက်ပျောပင်များ ရှိသည့်ဘက်ကမ်းကို ကူးခတ်ကြ၏။ ဤနေရာသည် ယင်းတန်းကြီးဖြစ်ပြီး ရေစီးဟူ၍ မကြီးသောကြောင့် မျော၍ မသွားပေ။ ရေပြင်က အလံငါးဆယ်ခန့် ကျယ်သည်။ ငှက်ပျောပင်များရှိသည့် နေရာကို ရောက်အောင် တန်းတန်းကူးခတ်ကြသည်။

ကမ်းဘက်သို့ရောက်လျှင် ခြေရာမတင်စေရန်အတွက် ဝါးလုံးများကို ခင်းပြီး နင်းဘက်ကြ၏။ ထို့နောက် ငှက်ပျောရွက်ခြောက်များကို ဖိနပ်ကဲ့သို့ ခြေဖဝါးတွင် ကပ်ချည်ပြီး ဆက်လျှောက်ကြသည်။ ရေဖော့ကူးလာကြသော ဝါးလုံးကြီးနှစ်လုံးကိုလည်း ယူလာကြသည်။ ငှက်ပျောတောထဲသို့ မိုင်ဝက်ခန့် ဝင်ရောက်ပြီးနောက် အဆင်ပြေမည့် နေရာတစ်ခုကို ရွေးလိုက်ကြသည်။

အထုပ်များကို စုပြုံချထားပြီး တောရဲ၊ တောကောင်များ အမှတ်မထင် ဝင်မလာနိုင်စေရန်အတွက် ဝါးများကို ခွဲစိပ်ပြီး ကုပ်ရိုက်၍ စည်းတားကြသည်။ အ ခြား သားရဲ၊ သားကောင်များ ဝင်ရောက်လာနိုင်သည်ဟု ထင်သော နေရာများတွင်လည်း မောင်းပြန်ဆူးများ၊ ရင်သတ်ဆူးများ တပ်ဆင်ထားကြသည်။

ဤကဲ့သို့ စည်းတားထားသော နေရာကို ကျား၊ ကျားသစ်တို့ ဝင်လာလေ့ မရှိပေ။ အိမ်ခြံ၊ ဥယျာဉ်ခြံများကို ဖြိုရှဲဝင်လေ့ရှိသော်လည်း စည်းချထားသောနေရာကိုမူ ဝင်ရောက်လေ့ မရှိပေ။ သို့သော်လည်း ဆင်နှင့် မြွေကြီး၊ ကင်းကြီးတို့ကိုမူ တားမြစ်ရန် ခက်၏။ ကျား ခြသေ့တို့ကဲ့သို့ သားရဲစည်းကမ်း မရှိသောကြောင့် ဖြစ်၏။

"ယုမေ ဗိုက်ဆာသလား"

ဟု မောင်အေးချမ်း တစ်ချက်ပြုံးလိုက်ပြီး မေး၏။

"ဆာတာပေါ့ ကိုကိုရဲ့။ ဆန်နဲ့အိုး လက်ထဲရောက်ကတည်းကပင် ဆာနေတာ။ ညဦးကလည်း ထမင်းကို မစားရ။ ဒီမနက်လည်း တောမြောက်ဥပဲဆိုတော့၊ တောမြောက်ဥဆိုတာက အဆာပြေ သရေစာပဲ ဥစ္စာ။ ဘယ်လောက်ပဲ ဗိုက်ပြည့်ပြည့် ထမင်းနဲ့တော့ တခြားစီပဲ"

"ဆာရင်လည်း အောင့်နေလိုက်ဦး။ ငါ အိပ်စင်လင့်အိမ်တစ်ခု ဆောက်လုပ်လိုက်ဦးမယ်။ ပြီးတော့မှ ချောင်းထဲဆင်း၊ ငါးဖမ်းပြီး ချက်စားကြတာပေါ့"

"ဟင့်အင်းကွာ၊ မရဘူး။ ကိုကို အခု ငှက်ပျောရွက်ဖိနပ်ကို စီးသွားပြီး ချောင်းထဲဆင်း၊ ငါးဖမ်းတော့။ ယုမေ မီးဖိုပြီး ထမင်းအိုးတည်လိုက်တော့မယ်"

ကြိမ်ခုတ်သမားများထံမှ ဆန်၊ ဆီ ငါးပိ၊ ဆား စသည်များ ရလာကြသော်လည်း ဟင်းချက်စရာ တစ်ခုမျှ ရမလာကြပေ။ မိမိတို့ဘာသာ တောထဲမှာ ဟင်းလျာများကို ရှာဖွေပြီး ချက်ပြုတ်စားသောက်မည်ဟူသော အစီအစဉ်ဖြင့် သူတို့မှာပါလာကြသော ငါးခြောက်များကိုလည်း ပြန်ပေးလိုက်ကြသည်။ ထို့ကြောင့် ဟင်းအတွက်ကိုမူ နေ့စဉ် ဖန်တီးနိုင်မှ အဆင်ပြေလိမ့်မည်။

"ဖြန်း ..."



www.burmeseclassic.com

www.burmeseclassic.com

"ဒေါက် ..."

"အယ် ... အယ် ... အယ်"

အသံများ ဆူညံသွား၍ မောင်အေးချမ်းနှင့် ယုမေတို့လည်း တုန်လှုပ်သွားကြ၏။ ထို့ပြင် ဓားများကို ကောက်ကိုင်ပြီး အသံလာရာဘက်ကိုလည်း သတိဖြင့် ငေးကြည့်နေကြ၏။ ယုမေက –

"ကိုကို ဘာသံကြီးလဲ"

ဟု မေး၏။

"ကျား ... ချေလား၊ ဆတ်လား တစ်ကောင်ကောင်ကို ကိုက်တယ် ထင်တယ်။ သိပ်ပြီးတော့ နားမလည်ဘူး။ အော်သံကတော့ ချေ၊ ဆတ် တစ်ကောင်ကောင်ပဲ"

အသံကို ကြားလိုက်ရသည်မှာ သိပ်ပြီး မဝေးပေ။ အလံငါးဆယ်၊ ခြောက်ဆယ်ဝန်းကျင်ဆီက ဖြစ်၏။

"ဒါဆိုရင် ကိုကို၊ ယုမေတို့ သတိထားမှ ဖြစ်မယ်ထင်တယ်"

"ရပါတယ်။ တို့မှာ သေနတ်မပါပေမယ့် တောရှင်းဓားနဲ့ ပေါက်ဓားတွေ ပါတာပဲ။ သိပ်ပြီး စိုးရိမ်စရာမရှိပါဘူး။ လာ ... သွားကြည့်ရအောင်"

မောင်အေးချမ်းက ဝါးချွန်တစ်ခုကို ကပျာကယာလုပ်ပြီး ယုမေအား ပေးလိုက်၏။ ထို့နောက် ဆိုဗီယက်တောရှင်းဓားကြီးကို နောက်ကျောမှာ လွယ်ပြီး ပေါက်ဓား တစ်ဖက်တစ်ချောင်းကိုင်ကာ အသံကြားလိုက်သည့်ဘက်ကို သတိဝီရိယဖြင့် လျှောက်သွားကြ၏။ အသံကိုလည်း နောက်ထပ် မကြားရတော့ပေ။

အခင်းဖြစ်ပွားသော နေရာနှင့် ခပ်လှမ်းလှမ်းရောက်၍ အဖြစ်အပျက်ကို မြင်လိုက်ရတော့မှ မောင်အေးချမ်း

**အကောင်းဆုံး အသားဟင်းလျာများတွင် ခွေးသား၊ ချေသား၊ ကြက်သား၊ ဖားသားဟု ဆိုကြ၏။ တချို့က အကောင်းဆုံးအသား နေရာတွင် မြွေပွေးသား ဟုလည်း ဆိုကြ၏။**

ပြုံးမိလေ၏။ ထို့ကြောင့် ယုမေက မေးသည်။

"ဘာလဲ ကိုကို"

"အခြားဟုတ်ရိုးလား ယုမေရယ်။ ဒီနေရာဟာ တို့မောင်းပြန်ဆူး၊ ရင်သတ်ဆူးတွေ ထောင်ထားခဲ့ကြတဲ့ နေရာပဲ။ ဟိုမှာ တစ်ကောင်မိနေပြီ"

"အေး ဟုတ်သားပဲ။ ဗိုက်သားဖွေးဖွေးနဲ့ သမင်ကြီးဖြစ်မယ်ထင်တယ်"

"သမင်ကြီး မဖြစ်နိုင်ဘူး ယုမေရဲ့။ ရခိုင်ရိုးမကြီးက ချေကြီးလို့ထင်တယ်။ သမင်မရှိဘူး။ ချေနဲ့ဆတ် နှစ်မျိုးမှာ တစ်မျိုးဖြစ်မယ်"

အနားကို ကပ်သွားပြီး ကြည့်ကြရာ ရင်သတ်ဆူး လည်ပင်းကို ကန့်လန့်လျှိုပြီး သေနေသော ချေဝါကြီး တစ်ကောင် ဖြစ်၏။ အမျိုးအစားကို အကြီးဆုံးမှစ၍ ရေတွက်လျှင် ချေဝါ၊ ချေနီ၊ ချေနက်၊ ဖက်ချေဟု လေးမျိုးရှိ၏။ ချေဝါသည် အကြီးဆုံးဖြစ်၍ ဖက်ချေသည် အငယ်မျိုး ဖြစ်၏။ တော်ရုံဖက်ရွက်အောက်မှာပင် နေနိုင်သောကြောင့် ဖက်ချေဟု ခေါ်ကြ၏။

ချေဝါသည်ကား ဒရယ်နီးပါးခန့်ရှိ၏။ ဒေါက်လည်း မြင့်၏။ ထို့ကြောင့်လည်း ရင်သတ်ဆူး လည်ပင်းကို ဖောက်ဝင်ခြင်းဖြစ်၏။ အခြားချေများသာ ဖြစ်လျှင် အရပ်နိမ့်၍ ရင်သတ်ဆူးအပေါ်မှ ကျော်သွားနိုင်၏။ ရင်သတ်ဆူးဟူသည်မှာ လူတို့၏ အဓိကဖြစ်သော အသည်းနှလုံး၊ အဆုတ်များတည်နေရာ ရင်ဘတ်ကိုသာ ခန့်မှန်းချိန်ရွယ်ပြီး ထောင်သောကြောင့် ရင်သတ်ဟု ခေါ်ကြခြင်း ဖြစ်၏။

"ဒီမှာကြည့်ပါလား ယုမေ၊ သမင်မဟုတ်ဘူး၊ ချေဝါကြီးပဲ။ ဟန်ကျပြီကွ။ ဟင်းရှာနေစရာ မလိုတော့ဘူး။ ဒီချေဝါကြီးကို အသားဖျက်ပြီး ကြော်တာကြော်၊ ချက်တာချက်၊ မီးကင်တာကင်၊ ချေသားက အမျိုးမျိုး ကြိုက်သလိုလုပ်စားလို့ ကောင်းတယ် ယုမေရဲ့။ ယုမေရော ချေသားကို စားတယ် မဟုတ်လား"

"စားပါတယ်။ ယုမေက အမဲသား၊ ကျွဲသား၊ မြင်းသားစတဲ့ အသားကြီးတွေကိုသာ မစားတာပါ"

ချေဟူသည်မှာ ရိုးနက်တော၊ နက်ထဲတွင် အင်မတန်ရှားသည်။ လူတို့နှင့်နီးသော လယ်တော၊ ကိုင်းတော၊ ဖုန်းဆိုးတောများမှာ ချေပေါ်သော်လည်း ရိုးနက်တောနက်ထဲတွင်မူ သုံးနှစ်ကြာ၍ တစ်ကောင် တွေ့ဖူးရန်ပင် ခဲယဉ်းသည်။ အလွန်အမင်း ပါး

www.burmeseclassic.com

နပ်ပြီး အနေသိမ်မွေ့သော သားကောင်မျိုးလည်း ဖြစ်သည်။

ချေဝါကြီးကို ဖြတ်ယူပြီး ရင်သတ်ဆူးအား ပြန်ထောင်ထားခဲ့ကြသည်။ ချေသေကို ရရာထင်းခြောက်များဖြင့် မီးမြှိုက်ပြီး အသားဖျင်ကြ၏။ ဝမ်းတွင်းကလီစာများကို ဆီပြန်၊ နံကပ်များကို ချဉ်ဟင်းချက်ပြီး ပေါင်သားကို လွှာယူကာ ဆား၊ ဆီ ငရုတ်တို့ဖြင့်နယ်၍ မီးကင်ကြ၏။ ချေသားတစ်မျိုးတည်းကိုပင် ဟင်းသုံးမျိုး ဖန်တီးပြီး စားသောက်ကြသည်။

အကောင်းဆုံး အသားဟင်းလျာများတွင် ခွေးသား၊ ချေသား၊ ကြက်သား၊ ဖားသားဟု ဆိုကြ၏။ တချို့က အကောင်းဆုံး အသားနေရာတွင် မြွေပွေးသားဟုလည်းဆိုကြ၏။ မောင်အေးချမ်းကား ခွေးသားနှင့် မြွေပွေးသားကို မစား၍ မပြောတတ်ပေ။ ချေသားဟင်းသည်ကား အသားဟင်းလျာများတွင် အကောင်းဆုံးဟု ဆိုသည်ကို ထောက်ခံ၏။

မောင်အေးချမ်းနှင့် ယုမေတို့မှာ ထမင်းကို နှစ်နပ် လွတ်သွားကြရသူများဖြစ်လေရာ ယခုတွင် အကောင်းဆုံးဖြစ်သော ချေသားဟင်းလျာဖြင့် စားသောက်ကြ၍ နတ်သုဓာတမျှပင် စားကောင်းကြလေသည်။ ထမင်းစားသောက်ပြီးနောက် အိပ်ရာကောင်းကောင်းတွင် လှဲအိပ်ချင်စိတ်ပင် ရောက်သွားကြ၏။

သို့သော်လည်း အိပ်နေ၍ မဖြစ်သေးပေ။ ထမင်းစားပြီးစအချိန်တွင် မနက် ၁၀ နာရီမျှသာ ရှိသေး၍ တစ်ပုံကြီးရှိနေသေးသော ချေသားများကို မပုပ်မသိုးအောင် ဖန်တီးရဦးမည် ဖြစ်သလို၊ နေရာသစ်ဖြစ်သည့်အလျောက် အိပ်ရာနေရာ လင့်အိမ်တစ်ခုကိုလည်း ဆောက်လုပ်ကြရပေဦးမည်။ သစ်ဝါးအခက်တွေ့နိုင်သည်။ ထို့ကြောင့် လင့်အိမ်ကိစ္စကိုသာ ဦးစားပေးပြီး စတင်ကာ သစ်ဝါးများကို ရှာဖွေခုတ်ယူကြ၏၊ လက်ရာခြေရာ မထင်အောင်လည်း အတတ်နိုင်ဆုံး လုပ်ကိုင်ကြ၏။

သစ်ဝါး ရှာဖွေရာတွင် အခက်အခဲရှိခြင်း၊ လှို့လှို့ဝှက်ဝှက် ခုတ်ဖြတ်သယ်ယူရခြင်းတို့ကြောင့် အလွန်အမင်း ထစ်ငေါ့နှေးကွေး၏။ အိပ်စရာလင့်အိမ်လေးတစ်ဆောင်ကိုပင် မနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီ နီးသည့်အထိ ဆောက်လုပ်မှ ပြီးလေသည်။

"ကိုကို ...ယုမေ ညနေစာ ချက်လိုက်တော့မယ်။ ဒီချေသားတွေကို မပုပ်မသိုးအောင် ကိုကို ဘယ်လိုလုပ်မလဲ။ လုပ်တော့လေ။ တော်ကြာ မိုးချုပ်တော့မယ်"

ဟု ယုမေကပြော၏။ မောင်အေးချမ်း သက်ပြင်းရှည်တစ်ချက်ကို ရှူရှိုက်ပြီး စဉ်းစားသည်။

"ဒီချေသားတွေကို ဒီအတိုင်းပဲ ထားလိုက်တော့မယ်ကွာ။ အအေးကြီးတဲ့ ရိုးမဒေသပဲ၊ တစ်ညထားရုံနဲ့တော့ မပုပ်နိုင်ပါဘူး။ နောက်နေ့ မိုးလင်းတော့မှပဲ အဆင်ပြေသလို ကြံ့လုပ်ကြတာပေါ့"

"ကိုကို ဘာအလုပ် ရှိသေးလို့လဲ။ ယုမေ ထမင်းချက်နေတုန်း ကိုကို ချေသားတွေကို ကျပ်တိုက်နေလို့တောင် ရတာပဲ မဟုတ်လား"

"ကျပ်တိုက်နေလို့တော့ ရတာပေါ့ ယုမေရဲ့၊ ဒါပေမယ့် ညတို့၊ နေနည်း ညစာတို့ဆိုတဲ့ အချိန်တွေမှာ အခုလို လူသူမနီးတဲ့ တောကြီးမျက်မည်းထဲ အညှော်နံ့ပြုလုပ်တဲ့ ကိစ္စတွေကို ရှောင်ကြဉ်ရတယ်။ အညှော်နံ့ကိုရရင် တောကောင်ကြီးတွေ လိုက်လာတတ်တယ်။ ဒါကြောင့် ဒီအတိုင်း ထားလိုက်ပြီး မနက်စောစောမှ အဆင်ပြေသလိုပြုလုပ်ရင် မကောင်းဘူးလား"

"ဒါဆိုလည်း ပြီးရော"

သူ့စကားကို မောင်အေးချမ်းက ငြင်းလိုက်၍ ယုမေ အနည်းငယ် နှာကစ်သွား၏။ သို့သော်လည်း တောနက်ထဲ၏ အန္တရာယ်ကျရောက်နိုင်သော အကြောင်းအရာတစ်ခုကို ပြောလိုက်သောကြောင့် စောဒကတက်ခြင်းတော့ မရှိပေ။ မောင်အေးချမ်းလည်း စမ်းချောင်းထဲသို့ဆင်းပြီး အတို့အမြှုပ် လုပ်စားရန်အတွက် ဒန့်ဒကောက် ခူးလေသည်။

ညနေစာ စားသောက်ရန်အတွက်ကို နောက်မကျစေရန် အထူးဂရုစိုက်ကြရ၏။ တောထဲ၌ နေနည်း ညစာ ထမင်းစားရန် မသင့်ပေ။ တောစောင့်သားရဲဘီလူးများ ဝင်စားတတ်သည်။ လူများကိုလည်း အန္တရာယ်ပေးတတ်သည်။ ထို့ကြောင့် ညနေစာ စားသောက်ခြင်း ကိစ္စကို မိုးမချုပ်မီ အပြီးသတ်ကြ၏။

ထို့နောက် ချေသားတွဲများကို အမြင့်တစ်နေရာတွင် တန်းထိုးပြီး ချိတ်ဆွဲထားခဲ့ကာ အိပ်ရာလင့်အိမ်ပေါ်သို့ တက်လိုက်ကြသည်။ ငှက်ပျောတောထဲတွင်ဖြစ်၍ သည်နေ့ လင့်အိမ်သည် မနေ့ညက သစ်ပင်ပေါ်တွင် ထိုးလုပ်သော လင့်အိမ်လောက် မမြင့်ပေ။ မြေပြင်အထက် ကိုးတောင်ခန့်

www.burmeseclassic.com

www.burmeseclassic.com

**တချို့ ယောက်ျားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ နိုးစပ်မှုဒဏ်ကို မခံနိုင်ကြဘူး။ တချို့ သာလို့ဆိုးတာက ဆုံးဖြတ်ချက်ကို ရှိထားကြတယ်။ ဘယ်လောက်နိုးစပ်မှုရှိရင် ဘယ်အဆင့်ကို ရယူမယ်ဆိုတာမျိုးပေါ့။**

သာရှိသည်။ ထိုထက် မြင့်သွားလျှင်လည်း ငှက်ပျောပင်များ၏ အထက်သို့ ရောက်သွားနိုင်သည်။ လျှို့ဝှက်စွာဖြင့် ဆောက်လုပ်ထားရသောကြောင့် ငှက်ပျောပင်ထက် မြင့်သွား၍ မဖြစ်ပေ။

မိုးမချုပ်မီပင် လင့်အိမ်ပေါ်သို့ တက်လိုက်ကြ၏။ သည်ညတွင် စောင်င့် ခေါင်းအုံးနှင့် ဖြစ်သွား၍ အတော်လေးပင် အဆင်ပြေ၏။ သကြန်လွန်က်များသည် မြေပြန့်ဒေသ၌ ပူအိုက်သော်လည်း အအေးကြီးသော ရခိုင်မကြီးမှာမူ အေးသည်သာ ဖြစ်၏။ ခိုင်ရိုးမကြီးသည် ဥတုသုံးမျိုးတွင် နှစ်းတည်းသာ ရှိသည်နှင့် တူ၏။

နွေရာသီကို ကောက်သော်လည်း နေ၏အပူဒဏ်ကိုမခံစားရဘဲ ဆောင်းအောက် အနည်းငယ်မျှလျော့သော အအေးဒဏ်ကိုပင် ခံရမြဲဖြစ်၍ နွေသည်ပင် ဆောင်းနှင့် သိပ်ပြီးမခြားပေ။ ထို့ကြောင့် ရခိုင်ရိုးမကြီးသည် မိုးနှင့် ဆောင်းဥတု နှစ်မျိုးသာ ရှိသည်ဟု ဆိုရမလို ဖြစ်၏။ မိုးရာသီတွင်လည်း ကဆုန်လမှ သီတင်းကျွတ်ထိ အဆက်မပြတ် မိုးရွာလေ့ရှိ၍ ဆောင်းခြောက်လ၊ မိုးခြောက်လဟု ဆိုကလည်း ဆိုနိုင်၏။

"ကိုကို အခုလိုနေရတာ မပျော်ဘူးလား"

ဟု ယုမေကမေး၏။ မောင်အေးချမ်းက ပြုံး၍သာနေသည်။

"ပြောလေ ကိုကို"

"ဝရမ်းပြေး နေရတာကိုလား"

"အာ . . . မဟုတ်ပါဘူး။ အခုလို ယုမေနဲ့ နှစ်ယောက်တည်း နေရတာကို မပျော်ဘူးလားလို့ မေးတာ"

ယုမေသည်ကား အရွယ်လေးက ငယ်သေးသောကြောင့် ဘဝကိုရော လောကကိုပါ စဉ်းစားတတ်ခြင်း မရှိသေးပေ။ မြင်ကာ မတ္တ၊ ကြားကာ မတ္တ ဆိုဘိသို့သာ ရှိ၏။ သစ်ရွက်လှုပ်သည်ကိုပင် ရယ်ရွှင်တတ်သာ အရွယ်လည်း ဖြစ်၏။ ထို့ကြောင့် အသက်ကိုလုပြီး ပြေးနေရသည့် အချိန်မှာပင် ရည်းစားနှင့် လက်တွဲနေရသောကြောင့် ပျော်ရွှင်နေဟန်ရှိသည်။ သူ ပျော်ရွှင်နေသည်ကို အနှောင့်အယှက် မဖြစ်စေလို၍ အလိုက်သင့် ပြန်ပြောလိုက်သည်။

"ပျော်တာပေါ့ ယုမေရဲ့။ ဒါပေမယ့် သတိနဲ့သာ ပျော်ရမယ့် အနေအထားမှာ ရှိနေတာကိုတော့ မမေ့နဲ့"

ယုမေ သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး –

"ဟုတ်လည်း ဟုတ်ပါရဲ့ ကိုကိုရယ်။ ယုမေနဲ့ ကိုကိုတို့ရဲ့ အချစ်ခရီးလမ်းတစ်လျှောက်မှာ အဖုအထစ် ဆူးငြောင့်ခလုတ်တွေ သိပ်များတာပဲနော်။ တကယ်လည်း ဘဝဆန်တာပဲ။ အေးချမ်းပျော်ရွှင်မှုကို မဆိုထားနဲ့ အနှောင့်အယှက် ကင်းတယ်ဆိုတာမျိုးတောင်မှ မရှိကြပါဘူး။ ဒါဟာ ဟိုဘဝတွေက သူတစ်ပါးတို့ရဲ့ အချစ်ရေးတွေကို နှောင့်ယှက်ခဲ့ဖူးလို့ပဲနေမယ်ထင်တယ်"

မိုးချုပ်သည်နှင့် နှင်းတဖြောက်ဖြောက် ကျလာ၏။ ညလေခတ်သောကြောင့် အမိုးအကာ လုပ်ထားသော်လည်း အပေါက်ကလေးများမှ နှင်းမှုန်များ စိမ့်ဝင်၍ အေးစပြုလာသည်။

"ကိုကို့ကို ယုမေ တစ်ခုမေးမယ်။ အမှန်ကို ဖြေပါ။ ကိုကိုနဲ့ ယုမေတို့မှာ လျှို့ဝှက်ချက်ဆိုတာလည်း မရှိတော့ပါဘူး။ ဒါကြောင့် ယုမေ မေးတာကို ကိုကို အမှန်အတိုင်းဖြေနော်"

"ဘာကိုလဲ ယုမေ"

"ကိုကို သီလစောင့်ထိန်းခဲ့တာ ဘယ်အသက်အရွယ်လောက်ကလဲ ဆိုတာကိုပေါ့"

ယုမေ ဘာကို ဆိုလိုတာပါလိမ့်။ မောင်အေးချမ်း နားမလည်သလို ဖြစ်နေမိသည်။

"သီလဆိုတာရှိပြီးသားပါ ယုမေ။ စောင့်မစောင့် ဆိုတာကတော့ ကာယကံရှင် ပုဂ္ဂိုလ်နဲ့ပဲ သက်ဆိုင်တာပါ။ ကိုယ်လည်း ငါးပါးသီလလုံခြုံတဲ့လူတစ်ယောက်တော့ မဟုတ်ပါဘူး။ လုံတဲ့အခါလုံပြီး၊ မလုံတဲ့ အခါတွေလည်း

www.burmeseclassic.com

www.burmeseclassic.com

ရှိတတ်ပါတယ်။ ဒါကြောင့် မနေ့ကနဲ့ ဒီမနက်ကဆိုရင် ငါးလေးကောင်စီကို တစ်ပြိုင်တည်းသတ်ပြီး စားလိုက်ကြတာပဲ မဟုတ်လား။ ဒါက ငါးဆိုတဲ့ တိရစ္ဆာန်မျိုးပဲ ရှိသေးတယ်။ အခု လူဆိုတွေရဲ့ လက်တွင်းသို့ မကျရောက်အောင် ထွက်ပြေးပုန်းရှောင် နေရချိန်မှာသာ လူဆိုးတွေနဲ့ ရင်ဆိုင်ရမယ်ဆိုရင်လည်း ရတဲ့နည်းနဲ့ ကာကွယ်သတ်၊ တွန်းလှန်သတ် သတ်သင့်ရင်လည်း သတ်ရဦးမှာပဲ။ ဒါကြောင့် ကိုလည်း သီလလုံခြုံတဲ့ လူတစ်ယောက် ရယ်လို့တော့ မဆိုနိုင်ပါဘူး''

ယုမေသည် ငြိမ်သက်စွာဖြင့် နားထောင်နေရင်းက အနည်းငယ်မျှ လှုပ်ရှားလာပြီး ...

''ကိုကို့ကို ယုမေ အကြိမ်ကြိမ်တော့ ချီးမွမ်းခဲ့ဖူးပါပြီ။ ဒါလည်း ချီးမွမ်းသင့်လို့ပဲ ချီးမွမ်းတာပါ။ ကိုကို့ရဲ့ စွန့်လွှတ်မှု၊ အနစ်နာခံမှုတွေကိုပေါ့။ ဒီအထဲမှာ ကိုကို့ကို ယုမေ အချီးမွမ်းဆုံးကတော့ မ,ကီစွပါပဲ''

ငယ်စိတ်မပျောက်သေးသော ယုမေ၏ ပွင့်လင်းသည့် အပြော။

''ဘာကိုလဲ ယုမေ''

''ကိုကို့ကို မိန်းမကပ်တယ်လို့ ယုမေကြားဖူးတယ်။ ဒါနဲ့ ပတ်သက်ပြီး ယုမေ ကြားသင့်သလောက် ကြားဖူးပြီး၊ မြင်သင့်သလောက်လည်း မြင်ဖူးပါတယ်။ ဒါပေမယ့် ကိုကိုဟာ တစ်ကြိမ်တစ်ခါမှ မ,ရှုပ်တယ်လို့ မကြားဖူးဘူး။ ဒီအထဲမှာ အန်တီတင့်ဆိုရင် ကိုကို့ကို အသေချစ်တာ။ နေတာကလည်း အပျိုကြီး။ တစ်ကိုယ်တည်း။ အိမ်ကြီးတစ်အိမ်မှာ။ ဒါကြောင့် ကိုကိုကသာ မှားချင်ရင် ပဂိုးဆားတောင်ဖြစ်သွားနိုင်တယ်''

မောင်အေးချမ်း အသံထွက်အောင် ရယ်လိုက်မိ၏။

''တကယ် အဟုတ်။ မရယ်နဲ့။ အန်တီတင့် စိတ်တွေ နောက်ကျ ရှုပ်ထွေးပြီး ဒေါသထွက်နေရင်တောင် ကိုကို လာသံကိုကြားရင်၊ မြင်ရင် အားလုံး ပြေပျောက်ပြီး မျက်နှာလေး ချိုသွားတာပဲ။ အဲလောက်ထိ ရိုးအေးတဲ့ မိန်းမကြီးတစ်ယောက်ကတောင်မှ အဲလောက်ထိ ဖြစ်နေတယ် ဆိုမှတော့ ကိုကို့ကို နားလည်ရပြီပေါ့။ ပြီးတော့ ဟိုသကြန်ရက်အတွင်းက ကိုကို့ အနားကပ်တဲ့ ကောင်မဆိုရင်ကော ခေါင်ရေကလည်း မူးလိုက်သေး ကိုကို သာမရိုးဘူး ဆိုရင်ပေါ့''

''ပဂိုးဆား ဖြစ်သွားနိုင်တယ် ဆိုပါတော့''

''အမှန်ပဲ။ ယုမေလည်း ကိုကို့ကို အကဲခတ်ပါတယ်။ တကယ် ဖိုးသူတော် ရေခဲတုံးကြီး အတိုင်းပါပဲ။ ဒါကြောင့် ယုမေတော့ ကိုကို့ကို ရည်းစားလုပ်ရတာ အရမ်းကျေနပ်ပြီး ဂုဏ်လည်း ယူမိပါတယ်''

''အဲတာက ဒီလိုရှိတယ် ယုမေ။ တချို့ ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ နီးစပ်မှုဒဏ်ကို မခံနိုင်ကြဘူး။ တချို့ သာလို့ဆိုးတာက ဆုံးဖြတ်ချက်ကို ရှိထားကြတယ်။ ဘယ်လောက် နီးစပ်မှုရှိရင် ဘယ်အဆင့်ကို ရယူမယ်ဆိုတာမျိုးပေါ့။ အဲဒီလို လူမျိုးတွေသာ သီလပျက်ပြီး ငယ်ဘဝ ဆုံးရှုံးတာမျိုး ဖြစ်ကြတာပါ။ ကိုယ်တို့ ဆုံးဖြတ်တာက သူငယ်ချင်းဟာ သူငယ်ချင်းအဆင့်မှာနေ၊ ရည်းစားကို ရည်းစားအဆင့်မှာထား၊ လင်မယားအဖြစ်ကိုရောက်တော့မှ လင်မယားလို နေသွားမယ်ပေါ့။ အဲဒီလို ဆုံးဖြတ်ချက်မျိုး ရှိထားတာကြောင့် ကိုယ်တို့ တုန်လှုပ်မှုကင်းခဲ့တာပါ။ အဲဒီလို နေလာခဲ့တဲ့အတွက်လည်း ... သူနဲ့ကိုယ် အကြောင်း မပါလို့ လမ်းခွဲသွားကြမယ် ဆိုရင်လည်း ဘာအဖုအထစ်မှ မရှိတာပေါ့။ ကိုယ့်အနေနဲ့က လူ့ဘဝကို တန်ဖိုးထားတယ်။ လူဖြစ်လာရခြင်းဟာ အကြွေးဆပ်ဖို့မဟုတ်ဘူး။ အကြွေးဆပ်ဖို့ပဲ ဆိုတာမျိုးပေါ့''

ယုမေက သူ့ကိုယ်လေး တုန်အောင် ရယ်နေ၏။

''ဘာကို ရယ်တာလဲ''

''ဆုံးဖြတ်ချက် ကောင်းပါတယ်။ ဒါပေမယ့် အိမ်ထောင်ကျပြီးမှ နွားသိုးကြိုးပြတ်သလိုဖြစ်လာရင်ဒုက္ခပဲ''

''ဘာ ...''

မောင်အေးချမ်းအသံ အနည်းငယ်မျှ ကျယ်လောင်သွား၏။ ယုမေက စောင်ကို ခေါင်းမြီးခြုံပြီး တိုးတိုး ရယ်၍သာ နေသည်။

''ခုတင်ကစကားကို ပြန်ပြောဦး''

ယုမေ တစ်ဖက်သို့ လှည့်သွားပြီး ရယ်ရင်း –

''မပြောဘူး။ မပြောဘူး။ ဘုရားရှိခိုးတော့။ ညနက်ပြီ၊ အိပ်ရအောင်''

ဟု ပြော၏။ မောင်အေးချမ်း ဘုရားရှိခိုးလျှင် ယုမေလည်း ထထိုင်ပြီး ဘုရားရှိခိုး၏။ ဘုရားရှိခိုး မေတ္တာပို့ပြီးနောက် စကားမပြောတော့ဘဲ အိပ်ကြလေ၏။

*(ဆက်လက်ဖော်ပြပါမည်။)*

မင်းဟိန်းထိပ်

www.burmeseclassic.com

# "မုဆိုးစား ကျားသစ်ကောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

# လူသားစား ကျားသစ်ကောင်ကြီး

**လေးမောင်**

ရုံးဆင်းပြီး အိမ်ရောက်လို့ ရေချိုးပြီး ထမင်းဝိုင်းထိုင်မည် အလုပ် သမီးဖြစ်သူက . . .

"အဖေကြီး၊ အိမ်ရှေ့မှာ တောက ဦးယဉ်ကြိုင် ရောက်နေတယ်"

ထမင်းမစားသေးဘဲ အိမ်ရှေ့ထွက်ပြီး မောင်ယဉ်ကြိုင်နဲ့တွေ့လိုက်တော့ ဘာမပြောညာမပြောဘဲ ကျွန်တော့်ကိုတွေ့သည်နှင့် ချုံးပွဲချငိုကြွေးတော့သည်။ သို့အတွက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသူက ကျွန်တော် ရယ်သာ၊ သို့အတွက် နှုတ်ကလည်း

"ဘာဖြစ်တာလဲ မောင်ယဉ်ကြိုင်။ ရွာမှာ ဘာပြဿနာဖြစ်လာလဲ ပြောပါဦး"

ကျွန်တော် မေးလိုက်သည်ကို ဘာမှပြန်မဖြေ။ ချုံးပွဲချငိုကြွေးနေသည်ကို သမီးနှင့်သားက ဘေးမှထိုင်ရင်း တအံ့တဩ ဖြစ်နေကြသည်။ ကျွန်တော်ကလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေသလို မေးမြန်းလို့ကလည်း မရသဖြင့် စစ်ကူတောင်းရန် အတွေးဝင်လာပြီး ဘဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်ထံ အကျိုးအကြောင်းကို ဖုန်းဆက်ပြီး အမြန်လာကြရန် လှမ်းခေါ်လိုက်သည်။

နာရီဝက်ခန့်နီးပါး ကြာသောအခါ အိမ်ရှေ့ ကားဆိုက်သံကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ အဘကောင်းနှင့် ကိုကြီးဦးသိန်းလွင်တို့ နှစ်ဦးပင်။ သုံးဦးသားမေးလိုက်တော့ သူပြောပြလိုက်သည်က . . .

"ကျွန်တော့်မိန်းမ မခင်အုံးမြင့် သေပြီဗျ"

"ဟေ .. ဟုတ်လား ယဉ်ကြိုင်။ ဘာရောဂါနဲ့လဲ။ မိန်းမရောဂါနဲ့ နေထိုင်မကောင်းလို့လား၊ ဘာဖြစ်တာလဲ"

"သေပြီအဘရဲ့ ကျွန်တော့်မိန်းမသေပြီ . . . ဟီး . . ."

"အေး . . . ဘာပြုလို့တုံး၊ ဘယ်လိုကြောင့် သေရတာတုံး"

"ကျားသစ်ကိုက်လို့ဗျ။ ကျွန်တော့်မျက်စိရှေ့မှာ ကျားသစ်ကိုက်နေတာကို တွေ့နေရဲ့နဲ့ ဘယ်လိုမှ ဝင်မကူနိုင်ဘဲ စင်းစင်းကြီးအသေခံလိုက်ရတာကို စိတ်မကောင်းလွန်းလို့ပါ"

ထိုသို့ ယဉ်ကြိုင်ပြန်ပြောနေစဉ် အစ်ကိုကြီး ဦးသိန်းလွင်က . . .

"မင်းစိတ်ကလေးကိုထိန်းပြီး ဖြစ်ကြောင်းကုန်စင်ကလေးကို ပြောပြပါကွာ။ စိတ်လည်းမကောင်းပါဘူး။ ဒါမှ ငါတို့ ဘယ်လိုစီစဉ်ရမယ်ဆိုတာ စဉ်းစားပြီး လုပ်လို့ရမှာပေါ့"

အစ်ကိုကြီး ဦးသိန်းလွင် စကားကြောင့် ငိုရှိုက်နေရင်း သူပြောပြလိုက်သည့်အကြောင်းကို ဆီလျော်အောင် ကျွန်တော်ရေးသားဖော်ပြသွားပါမည်။

* * *

'ကျစ်ချောင်းရွာ'

ထိုရွာကလေးတွင် မောင်ယဉ်ကြိုင်ကို မွေးဖွားခဲ့သည်။ မိခင်ဖြစ်သူ 'ဒေါ်နှင်းနွဲ့ယ်' ငှက်ဖျားရောဂါဖြင့် ဆုံးတော့ သူ့အသက်က ရှိလှမှ ငါးနှစ်သား။ ဖခင်မုဆိုးကြီး ဦးတင်ထွန်းလက်ပေါ် ကြီးပြင်းလာခဲ့ရသူ၊ ရိုးမကြီးအတွင်း မွေးဖွားကြီးပြင်းလာခဲ့ရသူမို့ စာပေကိုတော့ သိပ်မတတ်။ သို့သော် ဖခင်ဖြစ်သူက ရိုးမမုဆိုးကြီးဖြစ်သည့်အတွက် ဖခင်နားလည်သတ်ကျွမ်းသည့် မုဆိုးပညာရပ်ကိုတော့ ကျွမ်းကျင်စွာ တတ်မြောက်ထားသူ။

ဖခင်နှင့်တွဲဖက်ကာ မုဆိုးလုပ်ငန်းဖြင့် ဝမ်းစာရှာနေရင်း ဖခင်ဖြစ်သူမှာ တဖြည်းဖြည်း အိုမင်းရင့်ရော်လာပြီး ဆုံးပါးသွားသောအခါ မိမိဘဝကို တစ်ဦးတည်း ကြုံသလို ရင်ဆိုင်ဖြေရှင်းရင်း လက်တလောဝမ်းစာရေးအတွက် မုဆိုးလုပ်ငန်းကိုသာမက ကြုံရာကျပန်းဖြစ်သော မုဆိုးလမ်းပြအလုပ်၊ သစ်လှဲ၊ ဝါးတိုက်၊ ကြိမ်ခုတ်သည့်အလုပ်၊ မီးသွေးဖုတ်၊ ထင်းခုတ်၊ ကြိမ်၊ ဓနိနှင့် တောင်ထန်းခုတ်ခြင်း အလုပ်တို့ကိုလုပ်ရင်း အမေ်ိုးအသင်း

www.burmeseclassic.com

များလာသည်နှင့်အတူ အတွေ့အကြုံကလည်း များလာသည်။

တစ်နေ့ ...

အပျိုကြီးမော်မော် အရက်ပုန်းရောင်းသည့်ဆိုင်တွင် အရက်သောက်နေရင်း ဘဝတူ မုဆိုးသိန်းဝင်း၏ အဆွယ်ကောင်းမှုကြောင့် သုံးလင်ကွာ မုဆိုးမ 'ခင်အုန်းမြင့်' နှင့်တွေ့ကာ မူးမူးနဲ့ သူ့ဘဝကို ခင်အုန်းမြင့်ထံ ပုံအပ်လိုက်ရင်း ပေါင်းသင်းနေထိုင်ခဲ့ကြရာမှ နှစ်ဦးသား ဘဝရေစီးကြောင်းတွင် မျောကြမည်ဟူသော ဆုံးဖြတ်ချက်ကိုယ်စီနှင့် ပေါင်းသင်းခဲ့ကြရာမှ နှစ်ဦးသား မီးသွေးဖုတ်ရာ 'လဟာမငယ်' တောဘက်တွင် နှစ်ဦးသား ပျော်ရွှင်စွာနေထိုင်ရန် တဲအိမ်ကလေးတစ်လုံးဆောက်ကာ လင်မယားနှစ်ယောက် ပျော်ရွှင်ချမ်းမြေ့စွာ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်စားသောက်နေကြပေသည်။ သူတို့ဇနီးမောင်နှံ စခန်းချနေထိုင်သည့်နေရာသည် မီးသွေးဖုတ်ရန် ထင်းပေါများရာ ရိုးမကြီးနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး အမဲသားကောင်တို့ ပေါများရာဖြစ်သည့်အပြင် ထောင်ချောက်ဆင်ကာ သားကောင်တွေကို ဖမ်းလို့ရသည့်နေရာလည်း ဖြစ်သည်။

ယဉ်ကြိုင်တစ်ယောက် ထိုနေရာတွင် အမဲပစ်လို့လည်းရသည်။ ငှားရမ်းသူရှိက မုဆိုးလမ်းပြ လုပ်လို့လည်းရသည်။ မီးသွေးဖုတ်လို့လည်း ရသည်။ ထင်းလဲပေါသည်။ ထောင်ချောက်တို့ကိုလည်း ဆင်လို့ရသည့်နေရာမျိုးမို့ ထိုနေရာလေးကို သူတို့ဇနီးမောင်နှံအတွက် ဘူမိနက်သန်ဖြစ်သော နေရာဟု ယူဆထားသည်။ ယဉ်ကြိုင်ကော သူ့မယား ခင်အုန်းမြင့်ပါ ထိုနေရာသည် အေးချမ်းသာယာသော နိဗ္ဗာန်ဘုံကလေးပင်။ အလုပ်အကိုင်ကလည်း အစစ အဆင်ပြေပြီး ဝင်ငွေလမ်းကလည်း ကောင်းမွန်ကာ သားထောက်သမီးခံကလည်း မရသေးတော့ ပျော်ချင်တိုင်း ပျော်လို့ရသည့်နေရာပင်။

ဆောင်းကာလတစ်နေ့ ...

အချိန်က ညနေစောင်း နေဝင်ဖျိုးဖျ ဝန်းကျင်တွင် မှုန်တွေပင်ဆိုင်းနေသည်။ ယဉ်ကြိုင်က မီးသွေးဖိုအတွက် ထင်းတုံးကြီးများကို ဖြတ်တောက်နေချိန်။ ဇနီးဖြစ်သူ ခင်အုန်းမြင့်ကလည်း တဲရှေ့အပြင်ဘက် မြေပြောင်ပြောင်တွင် ညရေးညတာ မှက်၊ ခြင်၊ ဖြုတ်ကာကွယ်ရန် မီးဖိုကြီးတွင် မီးမွှေးနေသည်။ ညပိုင်းဆိုလျှင် အလွန်ချမ်းအေးသည့် ပြာသိုလလယ်ပိုင်းဆိုတော့

ခင်အုန်းမြင့်က
သွေးသံရဲရဲနှင့်
နာကျင်သည့်ကြားက
ယဲ့ယဲ့လေးပြောလိုက်သည်။
သို့အတွက်
ယဉ်ကြိုင်ကလည်း
ဝါးနဲ့ရက်လုပ်ထားတဲ့
တဲရဲ့ ကလားတံခါးကို
ပိတ်လိုက်တယ်။
ကန့်လန့်ကိုလည်း
ထိုးလိုက်တယ်။

လွန်စွာချမ်းအေးသည့်ကာလ။ သို့သော် သူတို့လင်မယားနှစ်ယောက် တစ်ဦးရင်ခွင်တွင်း တစ်ဦးတိုးကာ အိပ်စက်ရသော အရသာမှာ ဘယ်လိုအရာမျိုးနှင့်မှ မလဲနိုင်ဘဲ အရာရာကို စိတ်ချမ်းသာနေကြသူများ မဟုတ်ပါလား။

အစစ သူတို့နှစ်ဦးအတွက် ပျော်ရွှင်ကြည်နူးစရာချည်း ဖြစ်သည်ကို တွေးရင်း တဲ၏ဝန်းကျင်တစ်ခွင်လုံး ဖြစ်သင့်တာထက်ပိုပြီး တိတ်ဆိတ်ငြိမ်သက်နေသည်ကိုတော့ ထင်းဖြတ်နေသည့် ယဉ်ကြိုင်သတိမထားမိသလို မီးမွှေးနေသည့် ခင်အုန်းမြင့်ကလည်း သတိမပြုမိခဲ့ကြ။

အမှန်တော့ အနက်အစက်အပြောက်တို့အတိရှိသော ကျားသစ်ကြီးတစ်ကောင်က ခင်အုန်းမြင့်နောက်ကျော ဆူးရင်းနှင့် နဘူး ရောထွေးနေသည့် ချုံတောကြီးအတွင်းမှ သူ၏မျက်လုံး ဝါဝါစူးစူးရဲရဲကြီးတွေနဲ့ ခါးကုန်းမီးမွှေးနေတဲ့ ခင်အုန်းမြင့်ကို ချောင်းနေသည်ကို ဘယ်သူမှ သတိမထားလိုက်မိကြ။

ကျားသစ်ကြီးဟာ ချုံနွယ်တောအတွင်းမှ ချောင်းနေရင်း မြေပြင်မှာ ဗိုက်ကပ်လျက် ပြားနေအောင် ဝပ်ချလိုက်တယ်။ သူ့နားရွက်အစုံ တိုဝိုင်းဝိုင်းကို ဦးခေါင်းဆီကပ်လိုက်ပြီး အဖြည်းဖြည်းဖော့နင်းကာ ရှေ့ဆီ တိုးကပ်လာတယ်။ နောက်ပြီး အန္တရာယ်ကို လုံးဝ မသိရှာဘဲ ကုန်းနေတဲ့ ခင်အုန်းမြင့်ကို ခုန်အုပ်လိုက်တော့သည်။

ကျားသစ်ဟာ ခင်အုန်းမြင့်ရဲ့ ကုန်းနေတဲ့နောက်ကျောပြင်ကို သူ့လက်သည်းချွန်ချွန်ကြွေနဲ့ ကုတ်လိုက်

www.burmeseclassic.com

**နာနာကြည်းကြည်း အော်မြည်လိုက်သည့် အသံနက်ကြီးနှင့်အတူ အပြင်ဘက်မှ ညဉ့်ငှက်ဖြစ်သည့် ဇီးကွက်ကြီးတစ်ကောင်၏ အော်ညည်းသံကိုလည်း ကြားလိုက်ရသည်။ သည်နောက် တိတ်ဆိတ်သွားပြီး**

သလို လည်တိုင်ကိုလည်း ပါးစပ်နဲ့ ကိုက်ခဲဖို့ ကြိုးစားတယ်။ ခင်အုန်းမြင့်ကလည်း ရုတ်တရက် နောက်ကျော ကပေါ်လာတဲ့ အန္တရာယ်ကို တွန်းလှန်ဖို့ ကြောက်လန့်တကြား ကြိုးစားရင်း လက်ထဲမှ မီးစရဲရဲနှင့် ထင်းစနဲ့ အန္တရာယ်ကောင်ကိုပင့်ထိုးရင်း အလန့်တကြား အော်ဟစ်လိုက်တဲ့ အသံကြောင့် ခင်ပွန်းသည်ယဉ်ကြိုင်က တဲရှေ့ဆီပြေးလာတယ်။ သူမြင်တွေ့လိုက်ရသည့်မြင်ကွင်းက ကြောက်လန့်ချောက်ချားစရာ။ သို့အတွက် တဲရှေ့တွင် အသင့်ထားသည့် လံထင်းပုံအတွင်းမှ တုတ်တစ်ချောင်းကို ဆွဲလိုက်ပြီး ကျားသစ်ကောင်ကို ပြေးရိုက်ကာ အသံကုန် အော်ဟစ်ပစ်လိုက်တယ်။ သူ့ရိုက်ချက်က ကျားသစ်ကြီးဦးခေါင်းကို ပြေးပြီး အပေါ်စီးက တအားလွှဲရိုက်ချတာပါပဲ။ သို့ပေမယ့် ကျားသစ်ကောင်က ကျွမ်းပစ်ရှောင်လိုက်လို့ ခေါင်းကိုမရိုက်မိဘဲ ကိုယ်လုံးကို ရိုက်မိသွားတယ်။ ခြောက်သွေ့နေတဲ့ သစ်သားချောင်းမို့ ထက်ပိုင်းကျိုးသွားတယ်။ ကျားသစ်ဟာ အရိုက်ခံလိုက်ရလို့ လန့်ပြီး ခင်အုန်း မြင့်ကို လွှတ်ကာ အတော်လှမ်းရာဆီ နောက်ဆုတ်သွားတယ်။

ယဉ်ကြိုင်လဲ အခြောက်ခံထားတဲ့ ထင်းပုံထဲက အပေါ်မှာရှိနေတဲ့ ထင်းတစ်ချောင်းကို အလွယ်တကူ ပြေးယူအရိုက် ကိုယ်ဟန်ကို မထိန်းနိုင်တော့ဘဲ အရှိန်လွန်ကာ မြေကြီးပေါ် ယိုင်လဲလုမတတ် ဖြစ်သွားတယ်။ ကိုယ်ကို ပြန်မတ်လိုက်ပြီး ဒဏ်ရာရထားတဲ့ ဇနီးသည်ကိုပွေ့ကာ တဲအတွင်းကိုတွဲကာ ခေါ်သွားဖို့ ကြိုးစားတယ်။ ထိုအချိန် ခပ်လှမ်းလှမ်းဆီ ရောက်နေတဲ့ ကျားသစ်ကောင်ဟာ အနီးကိုပြန်ရောက်လာပြီး သူတို့ကို တစ်လံသာသာအကွာမှ ပတ်ကာ လျှောက်နေတယ်။ ယဉ်ကြိုင်ကလည်း လက်ထဲရှိ လံထင်းချောင်းအပိုင်းနဲ့ လှမ်းပစ်ပေါက်လိုက်တော့ ကျားသစ်ကောင်ရဲ့ကိုယ်လုံးကို ထိမှန်ခံလိုက်ရပြီး တိုးထွက်လာကဲ့ ချုံတောကြီးအတွင်း ဝင်ပြေးသွားပြန်တယ်။

ယဉ်ကြိုင်လည်း ဇနီးသည်ခင်အုန်းမြင့်ကို တဲအတွင်း ဖေးမကာသွင်းလိုက်တယ်။ ပြီးတော့ တဲအတွင်းမှာ သောက်ပြီးသား ပုလင်းလွတ်နှစ်လုံးကို ဆွဲယူလိုက်ပြီး တဲအတွင်းဝင်လာနေသည့် ကျားသစ်ကောင်ကို ပစ်ပေါက်လိုက်တယ်။ ပုလင်းတစ်လုံးက ခါးကို ထိမှန်ပြီး ကျန်တစ်လုံးက မျက်နှာတည့်တည့်ကိုထိပြီး ကွဲသွားတယ်။ နာကျင်သွား၍လားတော့ဖြင့် မသိ။ အပြင်ကို ထွက်ပြေးပြန်တယ်။

"ကိုယဉ်ကြိုင် ကျွန်မသေရတော့မယ်။ မြန်မြန်ပြေးအောင်လုပ်ပါ"

ခင်အုန်းမြင့်က သွေးသံရဲရဲနှင့် နာကျင်သည့်ကြားက ယဲ့ယဲ့လေးပြောလိုက်သည်။ သို့အတွက် ယဉ်ကြိုင်ကလည်း ဝါးနဲ့ရက်လုပ်ထားတဲ့ တဲရဲ့ကဲလားတံခါးကို ပိတ်လိုက်တယ်။ ကန့်လန့်ကိုလည်း ထိုးလိုက်တယ်။ ပြီးတော့ တဲအတွင်း သူကိုင်ဆောင်သည့် လက်နက်တွေကို ဝေ့ဝဲကြည့်ရင်း ရှာတယ်။ တွေ့ပေပြီ သုံးပေလောက်ရှိသည့် (အောင်းလုံ)တစ်ချောင်း။

ထောင်ချောက်ဆင်ပြီး သားကောင်တွေကိုဖမ်းသည့် မုဆိုးတစ်ယောက်အဖို့ ပစ်လုံနှင့် အောင်းလုံဆိုသည့် လုံနှစ်ချောင်းကို ကိုင်ဆောင်ရစမြဲ ထုံးစံပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ... သားကောင်ကို ထောင်ချောက်တွင်မိသည့်အခါ သေဆုံးလျှင်တော့ ကိစ္စမရှိ။ မသေမရှင်ဖြစ်နေသည့်အကောင်ဆိုပါက ထောင်ချောက်ဆင်သည့်မုဆိုးကို ပြန်ပြီး အန္တရာယ်ပေးတတ်ကြသည့်အတွက် ကြောင့်ပင် ဖြစ်ပေသည်။ သို့အတွက် မသေမရှင်ဖြစ်နေသည့် သားကောင်ကို စခန်းသိမ်းပြီးမှ စိတ်ချရပေသည်။ သို့မဟုတ်ပါမူ လူမုဆိုးကို ပြန်အန္တရာယ်ပေးတတ်ကြသည့်အတွက် ကိုင်ဆောင်ထားကြရသည့် လုံနှစ်ချောင်းပင်။

ပစ်လုံဆိုသည်က ထောင်ချောက်မိသားကောင် မသေသေးလျှင် တစ်နေရာမှ ပုန်းအောင်းကာ သားကောင်

www.burmeseclassic.com

www.burmeseclassic.com

အလစ်အငိုက် ပစ်လွှတ်ထိုးစိုက် စခန်းသိမ်းရသောလှံကို ခေါ်ခြင်းဖြစ်သည်။ လှံရှည်ဟုလည်း ခေါ်သည်။ ဖြက်လက်တစ်ဝါးခန့်၊ လှံသွားအရှည်က တစ်တောင်နဲ့နှစ်မိုက်ခန့်၊ လှံရိုးအရှည်က ခုနစ်တောင်ခန့်၊ လက်တစ်ဆုပ်မမိတမိ၊ ဝါးကျစ်သားနှင့် လှံရိုးကိုပြုလုပ်ထားသည်။ လှံသွားမှာ ဝါးပိုးဝါးရွက်ပမာ နှစ်ဖက်အသွားချထားပြီး ပြွတ်ရှလွန်းသည်။

အောင်းလှံဆိုသည်က လှံတိုပင်။ လှံသွားအရှည်က တစ်တောင်လက်သုံးသစ်၊ ဝါးရွက်သဏ္ဍာန် နှစ်ဖက်အသွားချထားပြီး ပြွတ်ရှလွန်းသည်။ လှံရိုးက သုံးပေခန့် လှံတိုဖြစ်သည်။ သားကောင် မသေသေးသည့်အတွက် ပစ်လှံဖြင့် စခန်းသိမ်းသော်လည်း လူကို အနီးကပ်ပြန်ပြီး အန္တရာယ်ပေးသည့်အခါ ထိုအောင်းလှံဖြင့် သေကွင်းကို ထိုးစိုက်သည့်လှံဖြစ်သည်။

ယဉ်ကြိုင် အောင်းလှံကို ကိုင်လိုက်စဉ် ကျားသစ်ကောင်ဟာ ကန့်လန့်ထိုးကာ ပိတ်ထားသည့်ထရံကို လက်သည်းဖြင့် ကုတ်ခြစ်၍ အတွင်းကိုတိုးဝင်ဖို့ ကြိုးစားနေသည်မို့ ထရံပေါက်က လှမ်းကြည့်လိုက်တော့ ငံဒါသနှင့် ဆာလောင်မှုတို့ ရောပြွမ်းနေသည့် ကျားသစ်ကောင်ကြီးရဲ့ မျက်နှာဟာ တကယ့် ကြောက်စရာမကောင်းဆိုးဝါးစီးနေသည့်အသွင်။

ခက်နေတာက ကိုင်ဆောင်ထားသည့်လှံက ပစ်လှံမဟုတ်။ အောင်းလှံဖြစ်နေသည့်အတွက်ပင်။ ကျားသစ်ကောင်ကလည်း ထရံကိုပြေးကုတ်ခြစ်လိုက် နောက်ကြောင်းဖြတ်ခွာလိုက်၊ သည်နည်းဗျူဟာကို ထပ်တလဲလဲသုံးနေသည့်အတွက် အကျပ်ရိုက်နေစဉ် ခင်အုန်းမြင့်ကလည်း ...

"ကျွန်မ သေရတော့မယ်နဲ့ တူပါတယ်"

"မစိုးရိမ်နဲ့အချစ်၊ မင်းအနားမှာ ငါတစ်ယောက်လုံး ရှိနေတယ်"

အားပေးစကား ပြောလိုက်ရပေမယ့် ထရံပေါက်ကလှမ်းကြည့်လိုက်တော့ တဲအပြင်ဘက်မှာ ကျားသစ်ကောင်က လူးလာတုံ့ခေါက် လျှောက်နေတာ တွေ့လိုက်ရတယ်။ သူ့လက်သည်းတွေမှာ ပေကျံနေတဲ့ သွေးတွေကို အနံ့ခံနေတယ်။ ယဉ်ကြိုင်က အောင်းလှံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ရင်း ...

"ဒီတစ်ခါ ထရံနားကပ်လာလို့ကတော့ကွာ ..."

တွေးတောကာ ဒူးထောက်ပြီး မိန်းမဘေးထိုင်လိုက်တယ်။ ထိုအနေအထားကို ထရံပေါက်အပြင်က ကျားသစ်ကောင် တွေ့မြင်သွားလေသလားတော့ မသိ။ ထရံပေါက်အနီးကပ်ကာ သူ၏လက်သည်းများဖြင့် ထရံပေါက်ကိုဆွဲဖြဲနေစဉ် ယဉ်ကြိုင်ဆုတောင်းပြည့်သွားသည်ရယ်လားတော့ဖြင့် မသိ။ နေရာမှထကာ ထရံပေါက်အကြားမှ အပြင်ကကျားသစ်ကောင်၏ လည်တိုင်အတွင်းသို့ ထိုးစိုက်ပစ်လိုက်ပေတော့သည်။

"အာဝူး ... ဝေါင်း"

နာနာကြည်းကြည်း အော်မြည်လိုက်သည့် အသံနက်ကြီးနှင့်အတူ အပြင်ဘက်မှ ညဉ့်ငှက်ဖြစ်သည့် ဇီးကွက်ကြီးတစ်ကောင်၏ အော်ညည်းသံကိုလည်းကြားလိုက်ရသည်။ သည်နောက် တိတ်ဆိတ်သွားပြီး အတန်ကြာတော့ ကျားသစ်ကြီး ဝမ်းခေါင်းသံဖြင့် ဟိန်းဟောက်သံကို ကြားလာရပြန်သည်။ အပြင်က မီးပုံကြီးတွင် တရှိန်းရှိန်းတောက်လောင်နေသည့် အလင်းရောင်နှင့် လရောင်ကြောင့် ပိုးတဝါးမြင်နေရသဖြင့် ထရံပေါက်က ကျားသစ်ကောင်အခြေအနေကို လှမ်းကြည့်လိုက်တော့ လည်တိုင်ရင်းကို လှံစိုက်ခံထားရသည့်အတွက် မြေပြင်တွင် ဖင်ဘူးတောင်းထောင်ကာ ပတ်ချာလည် ခေါင်းစိုက်နေသည်။

ယခုမှ သတိရလိုက်သည်က တဲအတွင်းလည်း မှောင်နေသည့်အတွက် ရေနံဆီမီးခွက်ကို ထွန်းညှိလိုက်သည်။ မီးအလင်းရောင်ကွင်ခင်အုန်းမြင့်ကိုယ်မှ ထွက်ကျသည့် သွေးတို့က ခဲနေပြီ။

ပုလင်းထဲက အရက်ကို ခွက်ထဲလောင်းထည့်ပြီး အဝတ်စနှစ်ကာ ခင်အုန်းမြင့်ဒဏ်ရာမှထွက်တဲ့ သွေးတွေကို ဆေးကြောပေးလိုက်တယ်။ ဒဏ်ရာတွေကစပ်တဲ့အတွက် အော်ဟစ်ညည်းညူရှာတယ်။ ယဉ်ကြိုင်က ရင်ခွင်တွင်း ပွေ့ယူနှစ်သိမ့်လိုက်တော့မှ ညည်းသံပျော့သွားတယ်။ အတန်ကြာငြိမ်သက်သွားပြီး အလန့်တကြားအော်ဟစ်လိုက်ပြန်တယ်။ အလွန်အမင်းစိတ်ချောက်ချားနေသည့် အသွင်။

ဒီလိုနဲ့ အချိန်တွေကုန်မှန်းမသိကုန်သွားတယ်။ ညအမှောင်အတွင်း ဇနီးသည်ကိုတွဲကာ ဘယ်ကိုမှမထွက်ရဲ။ ကျားသစ်ကောင် အသံကတော့ ပျောက်သွားသည်။ ဒဏ်ရာနှင့် အအေးဆီပြေးပြီလား။ သို့မဟုတ် တစ်နေရာရာမှာ သွားအိပ်နေပြီလား။ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာရာကစောင့်ပြီး ချောင်းမြောင်းနေသည်လား မဆိုနိုင်။ ဝန်းကျင်ကတော့ ညပိုးမွှားကလေးတွေ အော်မည်သံက စီစီညံနေသည်။

မီးဖိုဆောင်ကချက်ပြုတ်တဲ့ မီးဖိုကို မီးမွှေးလိုက်တယ်။ ရေနွေးအိုးတည်လိုက်ချိန် ခင်အုန်းမြင့်ညည်းတွားသံက ပေါ်ထွက်လာတယ်။ သူ့ခမျာ အနာရှိန်တက်ပြီး အဖျားဝင်လာဟန်ထင့်။ အဖျားဝင်လာလျှင်တော့ ချစ်ဇနီးအတွက်အခြေအနေမကောင်းတော့။ သူတစ်ခုခုလုပ်မှ ဖြစ်ပေတော့မည်။

ဆေးဝါးကုသဖို့ ဆိုသည်ကလည်း ဘာဆေးမှမရှိ။ လတ်တလော အခြေအနေသည် ချစ်ဇနီးအတွက် ဆေးဝါးကုသဖို့က သိပ်လိုနေပေပြီ။ မလုပ်နိုင်လျှင်တော့ ရေတိမ်မှာ နစ်ရပေတော့မည်။ ဆေးဝါးအကူအညီရဖို့ ဆိုသည်က ပန်းတောကုန်းကျေးရွာဆီထိ သွားရမည်။ အနည်းဆုံး ခရီးက ငါးမိုင်ခန့်။ အဖော်ကလည်းမရှိ။ သူမကိုထမ်းသွားဖို့က သူတစ်ဦးတည်း။

တဖြည်းဖြည်း အရုဏ်တက်လုပြီ။ လင်းကြက်တွန်သံတွေက သူ့အသိကိုပေးနေသည်။ ကျားသစ်ကောင်ကား တကယ်ထွက်သွားပေပြီလား။ တစ်နေရာရာမှ ချောင်းမြောင်းနေသလားဆိုသည်ကို သူမသိ။ သို့အတွက် အခြေအနေလေ့လာရန် အပြင်ထွက်ကြည့်မည်အလုပ် –

"ကျွန်မပါ ခေါ်သွားပါလားရှင်"

ခင်အုန်းမြင့်အသံက တိုးတိုးကလေးထွက်လာသည်။ ယဉ်ကြိုင် သူမကို လှည့်မကြည့်။ အပြင်ကို လက်နှိပ်မီးဖြင့် ထိုးကြည့်ရှာဖွေလိုက်ရာ ကျားသစ်ကောင်ဆီမှကျသည့် သွေးစက်လမ်းက ဒယိမ်းဒယိုင်နှင့် တောကြီးအတွင်း တိုးဝင်သွားသည့်ကြောင့် နှစ်ဖာလုံလောက် လိုက်ကြည့်တော့ စိတ်ချရသည့်အသွင်မို့ နောက်ကြောင်းပြန်လှည့်ကာ ဇနီးသည်ကို ထမ်းရင်း အောင်းလုံကို တစ်ဖက်မှကိုင်ကာ 'ပန်းတောကုန်းရွာ'ဆီသို့ ဦးတည်လျှောက်လှမ်းလို့ ရောက်ပြန်တော့ ဇနီးခင်အုန်းမြင့်မှာ သူ့ကျောပေါ်မှ ဘယ်အချိန် အသက်ပျောက်သွားသည်ကိုပင် မသိလိုက်သည့် အဖြစ်မျိုး။

ရွာထိပ်တွင် ချစ်ဇနီးအလောင်းကိုထား၍ အစ်ကိုဖြစ်သူ ခင်ဆိုင်ကို အပ်ခဲ့ကာ ယဉ်ကြိုင်တစ်ယောက် ကျွန်တော်တို့ရှိရာဆီကို အပြေးအလွှား ယခုလို ရောက်ရှိလာခဲ့ရခြင်းပင် ဖြစ်ပေသည်။

• • •

မောင်ယဉ်ကြိုင်တို့ ဖြစ်ရပ်မှန်ကို သိလိုက်တော့ ခေါင်းချင်းဆိုင်လိုက်ကြသည်။ ဆုံးဖြတ်ချက်ချလိုက်ကြပြီးမို့ သည်ခရီးကို စတင်ထွက်ခဲ့ကြသည့်အချိန်က ည ၈ နာရီပင်။ ခရီးကို သင်္ဃန်းကျွန်းလမ်းအတိုင်းသွားကာ ဆားတလင်းလမ်းဆုံမှ ချိုးကွေ့ပြီး လှည်းကူးလမ်းဆုံကိုရောက်တော့ ၉ နာရီ။ ထိုမှတစ်ဆင့် ဖောင်ကြီးဗဟိုသင်တန်းကျောင်းရောက်တော့ ၁၀း၃၀ နာရီ။ ထိုမှတစ်ဆင့် ဝန်ထမ်းကျောင်းနောက်ကျော 'ပန်းတောကုန်းကျေးရွာ'ဆီရောက်တော့ ည ၁၁ နာရီသာသာပင်။

ကျွန်တော်တို့ ရွာဆီရောက်ပြီး မီးတဝင်းဝင်းနှင့် ဝင်သွားတော့ ကျေးရွာသူ၊ ကျေးရွာသားတို့ တအံ့တဩ ဖြစ်နေကြသည်။ အလောင်းကို မြေမချသေးဘဲ ခင်ပွန်းဖြစ်သူ မောင်ယဉ်ကြိုင်အရောက်ကို စောင့်နေကြသည်ဟု ဆိုသည်။ တော်နေသေးတာက ခင်အုန်းမြင့်အလောင်းက ရွာပြင်သုသာန်တွင် ထားသည်မို့ပင်။

## ကျွန်တော်တို့ ကြည့်လိုက်ရာ ကွပ်ပျစ်သဖွယ် လေးတိုင်စင်ထက်တွင် ထောက်ဝါးလုံးများ တင်ထားသည့် ခင်အုန်းမြင့်အလောင်းမှာ နေရာတွင်မရှိဘဲ ပျောက်ခြင်းမလှ ပျောက်ဆုံးနေသည်ကို ကျွန်တော်တို့ အံ့ဩဖွယ် တွေ့လိုက်ကြရသည်

ကျွန်တော်တို့အဖွဲ့ ပန်းတောကုန်းကျေးရွာ မောင်ယဉ်ကြိုင်အစ်ကို 'ခင်ဆိုင်'အိမ် ဝင်လိုက်ကြကာ အထုပ်အပိုးနှင့် သေနတ်များကို အိမ်ပေါ်တင်လိုက်ပြီး –

"ကဲ ... အဘကောင်းအစ်ကိုကြီး .. ဘယ်လိုလုပ်ကြမလဲ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အမေးကြောင့် အဘကောင်း တွေးတွေးဆဆနှင့်ပြောသည်က –

"ခင်အုန်းမြင့် အလောင်းဆီသွားကြည့်ပြီး အကဲခတ်လိုက်ကြရအောင်"

ခင်ဆိုင်နှင့် ရွာသားနှစ်ယောက်ကိုခေါ်ပြီး သေနတ်များလွယ်ကာ ဓာတ်မီးတဝင်းဝင်းနှင့် ရွာအနောက်ဘက် ခင်အုန်းမြင့်အလောင်းရှိရာဆီ သွားလိုက်ကြသည်။ အနီးရောက်တော့ 'ခင်ဆိုင်'က မီးနှင့်လှမ်းထိုးပြသည့်နေရာကို ကြည့်လိုက်ရင်း –

"ဟာ ... ခယ်မအလောင်း မရှိတော့ပါလား"

ဟုတ်ပေသည်။ သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့ ကြည့်လိုက်ရာ ကွပ်ပျစ်သဖွယ် လေးတိုင်စင်ထက်တွင် ထောက်ဝါးလုံးများ ထက်တင်ထားသည့် ခင်အုန်းမြင့် အလောင်းမှာ နေရာတွင်မရှိဘဲ ပျောက်ခြင်းမလှ ပျောက်ဆုံးနေသည်ကို ကျွန်တော်တို့ အံ့သြဖွယ် တွေ့လိုက်ကြရသည်မို့ အနီးသို့ပြေးကြည့်လိုက်တော့ ... မြေပြင်ထက်တွင် အလောင်းကိုဆွဲချကာ လိုရာဆီသို့ ဆွဲသွားသည့် စွပ်ကြောင်းရာကြီးကို တွေ့လိုက်ရသဖြင့် အဘကောင်းက –

"ငါ ထင်တော့ထင်လိုက်သားပဲကွာ။ ဒီလိုဖြစ်မယ်ဆိုတာကို ..."

အဘကောင်း ပြောလိုက်သလို ကျွန်တော်တို့ အားလုံးကလည်း သဘောပေါက်လိုက်ကြပြီမို့ သေနတ်များကို အသင့်ကိုင်ဆောင်ရင်း စွပ်ကြောင်းနောက်ကို မီးထိုးကာ လိုက်သွားခဲ့ကြပေတော့သည်။

တစ်ဖာလုံခန့်အရောက် တောနက်ရာချုံပင်ကြီးအောက် ခင်အုန်းမြင့် အလောင်းကိုတွေ့လိုက်ရသည်။ ကျားသစ်ကောင်လက်ချက်ပင် ဖြစ်ပေသည်။ ကျားဖင်၊ မရင် ဆိုသည့်စကားအတိုင်း မိန်းမဖြစ်သည်မို့ ဝမ်းတွင်းသားများနှင့်အတူ ရင်သားနှင့် ပေါင်သားများကို စားသွားခဲ့ပြီဖြစ်ပေသည်။

ကျွန်တော် ခင်အုန်းမြင့်၏ အလောင်းကို ကြည့်ရင်း ကျားနှင့်ကျားသစ်တို့အကြောင်းကို စဉ်းစားနေမိသည်။ ကျားနှင့် ကျားသစ်ဆိုသည့် အကောင်များက တောအတွင်း တိရစ္ဆာန်တို့ကိုသာ ဖမ်းယူစားသောက်တတ်ကြသည်။ လူကို ဒုက္ခပေးလေ့မရှိပါ။ လူနှင့် ပက်ပင်းတိုးပါကလည်း ရှောင်ထွက်သွားကြလေ့ရှိသည်။

တစ်ခါက ကျွန်တော် တောတွင်းတစ်နေရာ အမဲလည်ရင်း တစ်နေရာတွင် သားငယ်နှစ်ကောင်နှင့် ကျားမကြီးတစ်ကောင်နဲ့ ပက်ပင်းတိုးခဲ့ဖူးသည်။ ဝါးတစ်ရိုက်သာသာပင်ဝေးမည်။ ကျွန်တော်ကလည်း ကလေးငယ်များပါသဖြင့် မပစ်သလို ကျားမကြီးက မာန်ဖီဟိန်းကာ သားငယ်များနှင့် ရှောင်ထွက်သွားသည်က ကိုယ်တွေ့ပင်။

ကျားနှင့် ကျားသစ်ဆိုသည့် အကောင်မျိုးက အိုမင်း၍ဖြစ်စေ၊ ဒဏ်ရာရထား၍ဖြစ်စေ သားကောင်ကို လိုက်လံမဖမ်းနိုင်သဖြင့် အစာငတ်မွတ်လာလျှင်မူ ဖမ်းရလွယ်ကူသော လူသားကို စားတတ်ကြသည်။ လူသားကို စားဖူးသွားသော အကောင်သည် ခံတွင်းတွေ့သွားပြီး လူသားကိုသာ ရှာ၍စားတတ်ကြသည်။ လူသားစားကျားသောင်းကျန်းလာပြီဆိုလျှင် ထိုအရပ်ဒေသ တောသူတောင်သားများအတွက် စိတ်မအေးဖွယ်ရာတွေ ဆက်တိုက် ဖြစ်လာတတ်ကြသည် မဟုတ်ပါလား။

သို့အတွက် ကျွန်တော်က အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ မျက်နှာကို မီးအလင်းရောင်နှင့်ကြည့်ရင်း သဘောထားတောင်းလိုက်တော့

"ဒီအကောင် ခပ်ဝေးဝေးကို ဒဏ်ရာနဲ့ဆိုတော့ သွားမှာမဟုတ်ဘူးကွ။ ကပ်နေမယ်။ ကျားနဲ့ကျားသစ်ဆိုတဲ့ အကောင်မျိုးက စားလက်စသားကောင်ကို ကုန်စင်အောင် လာစားလေ့ရှိတယ်။ နောက်ပြီး အန္တရာယ်မရှိမချင်း သူလာတဲ့လမ်းအတိုင်းပဲ ပြန်လာတတ်ကြတယ်။ ဒါကြောင့် ဒီကောင်အစအနကိုရှာရင်း ငါ့သဘောကရှာချင်တယ်။ မင်းတို့ကရော"

ကျွန်တော်တို့ သဘောထားကို မေးလာသည်မို့ အစ်ကိုကြီးဦးသိန်းလွင်က –

"ဒီညတွေ့လို့ အပြတ်ရှင်းနိုင်ရင် ရွာသားတွေအတွက် ပိုစိတ်ချရတာပေါ့ အဘရယ်"

ကျွန်တော်တို့ ခြောက်ဦးသား ကျားသစ်ကောင်ရှိနိုင်မည့် နေရာများကို ကျစ်ကျစ်လျစ်လျစ် ရှာဖွေလိုက်ကြသည်။ တစ်နာရီလောက်ခန့်အကြာတွင် တောချုံပုတ်တစ်ခုအနီးတွင် မျက်လုံးရဲရဲတစ်စုံကို အမှတ်မထင်မြင်လိုက်ကြရသည်။ တောကောင်ကလည်း ကျွန်တော်တို့ကို ချက်ချင်းမြင်တွေ့သွားပုံရသည်။ ဆတ်ခနဲ ကိုယ်ကိုယို့လိုက်ပြီး ထူထပ်သည့် ချုံနွယ်ပင်များအကြား တိုးဝင်သွားသည်။ ကျား

www.burmeseclassic.com

သစ်ကောင်၏ ကိုယ်ကိုယို့ နောက်ပြန်သွားသည်ကို အဘကောင်းကလည်း မြင်ပုံရသည်။ လျှပ်တစ်ပြက် သေနတ်ကို ပခုံးပေါ်သို့တင်ကာ ချိန်ရွယ်လျက် မောင်းကိုဖြုတ်ချလိုက်သည်။

အဘကောင်း ပစ်လိုက်သည့် ဆဲလ်ဗိတ်ဒသမ ၃၀၃ ရိုင်ဖယ် (SAVRGE။ ၃၀၃) ရိုင်ဖယ်ကြီး ပေါက်ကွဲသံနှင့်အတူ ကျားသစ်ကောင်က ကိုယ်ကိုယို့လျက် နောက်ကြောင်းပြန်လှည့်လိုက်သည့် သားကောင်ကြီးမှာ နောက်ပိုင်းကျကျ သေကွင်းမဟုတ်သောနေရာ တင်ပါးဆုံအပိုင်းကို ပွတ်ရုပ်ထိမှန်သွားသည်လားမဆိုနိုင်။ အပေါ်ကို မြောက်ခနဲခုန်တက်သွားပြီး ပြန်အကျ မြင်ကွင်းကပျောက်သွားသည်။

လက်နှိပ်ဓာတ်မီးတို့ကို ပိတ်ကာ လေးဦးသား မောပန်းနွမ်းနယ်မှုကို ခေတ္တအပန်းဖြေကာ နေလိုက်ကြရင်း ခင်ဆိုင်လွယ်ထားသော ကျောပိုးအိတ်အတွင်းမှ ထန်းလျက်အရက်ကို ချောင်းငါးကြော်နှင့် အပန်းဖြေကာ ကုန်ခန်းနေသည့်အားအင်ကို ဖြည့်နေကြစဉ် –

“ဝေါင်း ... ဝူးဂဲ ... ဝူးဂဲ ... ဖျော”

စားရင်းသောက်ရင်း အပန်းဖြေနားနေကြသည့် ကျွန်တော်တို့လေးဦးသား ထိုအသံကြောင့် တအံ့တဩဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ကျားသစ်ကောင်ကို တွေ့ပါလျက် ပစ်ခတ်လိုက်ပြန်တော့လည်း ရုပ်ထိပြီး မြေပြင်သို့ပြန်အကျ ပျောက်ကွယ်သွားသော ကျားသစ်ကောင်ကြီး၏ နာကြည်းရန်လို မာန်ဖီသံကြီးကို ကြားလိုက်ရသည့်အတွက်ပင်။

ထိုအသံကြီးကို ကြားလိုက်ကြရသည့် ကျွန်တော်တို့လေးဦးသားမှာ လတ်တလော သောက်ထားစားထားကြသည်တို့ ဘယ်ဆီကိုရောက်သွားလိုက်ကြမှန်းပင် မသိ။ မြေပြင်တွင်ချထားသည့် သေနတ်နှင့် ဓာတ်မီးများကို ကောက်ကိုင်လိုက်ကြပြီး အသံကြားရာဆီ လှမ်းထိုးကြည့်လိုက်ကြသည်။ တွေ့မြင်ရသည်က တောချုံပင်များ ယိမ်းလိုးလှုပ်ရှားနေသည်မှအပ ဘာကောင်ကိုမှ မမြင်ကြရ။ ခြောက်ဦးသား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အပြန်အလှန်မေးခွန်းထုတ်ကြသော်လည်း မှန်ကန်သည့်အဖြေကို မည်သူမှ မပေးနိုင်ကြ။ သို့အတွက် လက်နှိပ်ဓာတ်မီးတွေကို ပိတ်လိုက်ကြပြီး အမှောင်တွင်း အတန်ကြာအောင် ငြိမ်သက်စောင့်စားနေလိုက်တော့ –

“ဝေါင်း ... ဝေါင်း ... ဂဲ”

နက်ကျောကျယ်လောင်ပြီး နာနာကြည်းကြည်း အသံကြီးကို စောစောကနေရာမှ ကြားလိုက်ရသည့်အတွက် အဘကောင်းက –

“ကဲ ... ထကြတော့ ကိစ္စက ပြီးပြီပဲ။ ဘယ်လိုပြီးတယ်ဆိုတာ ကြည့်လိုက်ကြရအောင်။ ခင်ဆိုင်ကမီးထိုး သေနတ်တွေ အသင့်ပြင်ထားကြ၊ သွားကြည့်မယ်။ လက်ဦးပစေနော်”

ယခုအချိန်ထိတိုင် အဘကောင်း ဘာကိုရည်ရွယ်ပြောနေသည်ကို အထူအပါးကို နားမလည်ကြသေး။ သူတို့က ကျွန်တော်တို့ပင် သူခိုင်းသည့်အတိုင်း ခင်ဆိုင်က ရှေ့မှမီးထိုးကာ ကျွန်တော်တို့က နောက်ကလိုက်သွားရင်း အသံကြားရာဆီသို့ ရောက်သဖြင့် ကြည့်လိုက်ရာ တောကင်းပွန်းချုံပင်တွင် ကျားသစ်ကောင်၏အူများ အထွေးလိုက် ပြုတ်ကျရစ်ပတ်ပြီး သွေးစိမ်းရှင်ရှင်တို့ထွက်ကာ ဗိုက်ပွင့် အသက်ပျောက်နေသည့် ကျားသစ်ကြီးတစ်ကောင်၏အဖြစ်ကို တွေ့မြင်လိုက်ကြရပေတော့သည်။ လည်တိုင်တွင် လုံ့စူးရာနှင့်။

အမှန်တော့ အဘကောင်းပစ်လိုက်သည့် သေနတ်ကျည်ဆန်ထိပ်ဖူးသည် ကိုယ်ကိုယို့ကာ နောက်ကြောင်းပြန်လှည့်ဖို့လုပ်နေသည့် ကျားသစ်ကောင်ကြီး၏ ညာဘက်ဘေးခြမ်းအပေါ် အရေခွံကိုရုပ်ကာ ဖြတ်သန်းသွားစဉ် ထခုန်လိုက်သည့်အတွက် အတွင်း ကလီစာ(အူခွေ)များက အထုပ်လိုက် အောက်ကိုပြုတ်ကျကာ တောကင်ပွန်းပင်ပေါက်အတွင်းကျကာ မသေမရှင် ရုန်းကန်အော်ဟစ်နေရင်း အသက်ပျောက်သွားရသည့် အသွင်ပင်။

ကျွန်တော်တို့အဖွဲ့ ပန်းတောကုန်းကျေးရွာဆီ ပြန်ရောက်တော့ နံနက် ၆ နာရီပင် မထိုးသေး။ အပြန်လမ်း နံနက်ခင်းလမ်းတွင် ပစ်ခတ်လာခဲ့ကြသည်က ခွေးတူဝက်တူ တစ်ကောင်၊ ဂျီ(ချေ)သုံးကောင်၊ ကြောင်မြင်းတစ်ကောင်၊ တောယုန်ငါးကောင်တို့ပင်။

ရွာခံတို့အား သွားရောက်အသယ်ခိုင်းပြီး ရောင်းချကာရရှိသည့်ငွေကို ‘ခင်အုန်းမြင့်’အတွက် အလှူဒါနပြုအမျှဝေရင်း တနင်္လာနေ့ ရုံးတက်နိုင်ရန် ပြန်ခဲ့ကြပေတော့သည်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နှယ်မြို့လေးထဲက သားရဲ

( ဖြစ်ရပ်မှန်ရသဝတ္ထုရှည် )

**ယခင်လမှအဆက်**

■ သစ်ထူးအိမ်

## စာစု(၃)

## "ကံကြမ္မာနှင့် စာရေးဆရာကျော်ဇော်ဟိန်း"

"အဖေ ဦးချစ်ပိုနှင့် အမေဒေါ်ကြည်ခင်ဗျား၊ သားဖြစ်သူ ကျွန်တော်ခင် မောင်မောင်ခေါ် စာရေးဆရာကျော်ဇော်ဟိန်းမှ အဖေတို့၊ အမေတို့ကို လာရောက်ကန်တော့ရင်း ကုသိုလ်ကောင်းမှုများ ပြုလုပ်၍ အမျှအတန်း ပေးဝေအပ်ပါတယ်။ ရောက်ရာအရပ်၊ ရောက်ရာဘုံဘဝများမှ သာဓုအနုမောဒနာ ခေါ်တော်မူကြပါ။ သားကြီးရဲ့ မေတ္တာပို့ အမျှပေးဝေသံကို သာဓု . . သာဓု . . သာဓုလို့ သုံးကြိမ်သုံးခါခေါ်ပြီးသကာလ ဘဝဘဝအားလုံးကိုစွန့်လွှတ်၍ ကျွတ်လွတ်နိုင်ကြပါစေ။ ဘုံသံသရာများမှ မကျွတ်လွတ်နိုင်သေးပါကလည်း နတ်၊ ဗြဟ္မာဆိုသော မြင့်မြတ်တင့်တယ်သည့် ဘုံဘဝများကို ရောက်ရှိရရှိ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြီးစွာ ရရှိကြပါစေ။ သားအခုနေနဲ့ ဆုတောင်းပေးလိုက်ပါတယ်။ ကျွန်တော်လည်း ခရီးဝေးလွန်းလှတဲ့အတွက် နောက်တစ်ခါလာခွင့်မကြုံခဲ့လျှင် ခွင့်လွှတ်ကြပါ။ မကြာခင်ရက်မှာပဲ ဒီမြို့လေးကအဖေအမေနဲ့အတူ ကျွန်တော်တို့နေထိုင်ခဲ့တဲ့ ဒီအိမ်၊ ဒီခြံ၊ ဒီနေရာ၊ ဒီရပ်ကွက်၊ ဒီမြို့လေးကနေ ပြန်ရပါတော့မယ်ခင်ဗျား။ သားပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုအစုစုတို့ကို သာဓခေါ်တော်မူကြပါ။ အဖေ၊ အမေနှင့်တကွ ကြားကြားသမျှ အမျှ . . . အမျှ . . . အမျှယူတော်မူကြပါခင်ဗျား"

ဆရာကျော်ဇော်ဟိန်း၏ အမျှပေးဝေသံကို ရင်နင့်စွာ ကြားကြရသော အိမ်နီးချင်းများမှာ မျက်ရည်များကြားက သာဓုသုံးကြိမ်ကို ရှိုက်သံများဖြင့် ခေါ်ဆိုကြရလေသည်။

ဆွမ်းစားပြီး၍ ဘုန်းကြီးငါးပါးကြွသွားချိန်တွင် ကြွလာသော လူပရိသတ်များအား ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးလေသည်။ ဆရာကျော်ဇော်ဟိန်း၏ တပည့်များနှင့် ရပ်ကွက်သူရပ်ကွက်သားများက လာရောက်၍ အားပေးချီးမြှင့်ကြသည်။

ယနေ့သည် ဆရာကျော်ဇော်ဟိန်း၏ အဖေနှင့် အမေ ကွယ်လွန်သည့် နှစ်ပတ်လည် ရက်လည်ဆွမ်းကျွေးသောနေ့ ဖြစ်သည်။ ကိုခင်မောင် (စာအုပ်ဆိုင်)နှင့် အသိမိတ်ဆွေများ၊ မြို့လေးမှ စာရေးဆရာများလည်း လာရောက်ကြသည်။ ဆရာကျော်ဇော်ဟိန်းမှာ ကွယ်လွန်သူ အဖေနှင့် အမေအား ရည်စူး၍ လှူဒါန်းကြောင်း ယခုမှ သိရှိရလေသည်။

"ဆရာကျော်ဇော်ဟိန်းကို အလည်လာတာပဲ အောက်မေ့နေတာဗျ။ မနေ့ကမှ ဦးကျော်ဝင်းမောင်ဖိတ်မှ သိရတာဗျာ။ စိတ်မကောင်းပါဘူး ဆရာရယ်"

"ဒီလိုပါပဲ ကိုခင်မောင်ရေ။ လူဖြစ်လာကြရတာဟာ မွေးမယ်၊ အိုမယ်၊ နာမယ်၊ သေမယ်ဆိုတဲ့ အချက်လေးချက် ဆောင်ရွက်ရင်း အချိန်တွေ ကုန်ကြရတယ်မဟုတ်လား။ မွေးခြင်းနှင့် သေခြင်းကြား နေခဲ့ရတဲ့ အချိန်တွေကို သတိရရင်း၊ ဆင်ခြင်ရင်း အဖေနဲ့ အမေအတွက် အလှူအတန်းပြု အမျှဝေတာမို့ . . . စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ"

"ဟုတ်ပါတယ် ဆရာ။ သွားတဲ့သူက သွားနှင့်ပေမယ့် ကျန်ရစ်ခဲ့တဲ့လူက ကောင်းမှုကုသိုလ်လုပ်၊ အမျှအတန်းဝေတာဟာ ဆောင်ရွက်သင့်တဲ့ကိစ္စပါ ဆရာ။ ကောင်းပါတယ်"

"ကျေးဇူးပဲပါ ကိုခင်မောင်"

www.burmeseclassic.com

"ဒါနဲ့ ဆရာက ဘယ်ပြန်မှာလဲ။ ဆရာ့မိသားစုကော ရှိလား"

"ရှိပါတယ်ဗျာ။ ရန်ကုန်တိုင်းဒေသကြီး၊ ယုဇနဥယျာဉ်မြို့တော်မှာ နေပါတယ်။ သားသမီးကတော့ သမီးတစ်ယောက်ပဲ ရှိပါတယ်။ တက္ကသိုလ်ဝင်တန်းမှာ ပညာသင်ကြားနေပါတယ်။ နာမည်က 'ကျော်သီတာစမ်းမြခိုင်'လို့ ခေါ်ပါတယ်။ ကျွန်တော့်မျိုးဆက်သစ်၊ ကျွန်တော့်အားကိုးရာပါ။ ကျွန်တော်ဟာ ကျန်းမာရေးကောင်းတဲ့သူ မဟုတ်ပါဘူး။ ဇနီးက ဒေါ်မြင့်မြင့်ခိုင်လို့ ခေါ်ပါတယ်။ ဒီဇနီး၊ ဒီသမီးကပဲ ကျွန်တော့်ကို ပြုစုစောင့်ရှောက်နေကြတာပါ"

"ဆရာက ကျန်းမာရေးကောင်းမယ့်ပုံပါ"

"ထင်လို့ဗျ။ ကျွန်တော့်မှာ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ ဆီးကျောက်တည်၊ အစာအိမ် ရောဂါမျိုးစုံရှိနေတယ်။ ကျွန်တော်က စာရေးတယ်။ စာရေးတာကလွဲလို့ ဘာမှ မလုပ်တတ်ဘူး။ မိန်းမက ဆိုင်ဖွင့်ပြီး ရှာကျွေးတယ်။ သမီးက လိမ္မာ၊ ဇနီးက ရိုးသားကြိုးစားတော့ ကျွန်တော့်မှာ ဝါသနာနှင့် ရောဂါကို မျှတအောင် ပြုစုရင်း နေနေရတာပါပဲဗျာ"

"ဆရာက ကံကောင်းတာပေါ့ ခင်ဗျာ"

"ဟာ . . . ကံမကောင်းဘူးဗျ။ ကျွန်တော့်အမျိုး၊ ဇနီးအမျိုးအားလုံးဟာ ကျွန်တော့်ဆီက ယူရင်သာယူမယ်။ ဘာမျှ အကူအညီမပေးကြဘူး။ ဒုက္ခရောက်ရင်လည်း မသိချင်ယောင်ဆောင်နေတဲ့ သူတွေများပါတယ်။ သူစိမ်းဖြစ်ကြပေမယ့် ဆွေမတော်မျိုးမစပ် မိတ်ဆွေတွေကမှ ကူညီဖော်ရကြပါသေးတယ်။ ကျွန်တော် မီးဘေးတွေ့ခဲ့စဉ်ကဆို စာပေသမားတွေဖြစ်တဲ့ ခွန်မဟာ(ပအို့)၊ မောင်ရဲသူ(ရှရော်ခ)၊ မောင်ယဉ်ညို (မနောမြေ)၊ ထိလုမိုယ်း၊ ရွှေလွန်းနောင် (ဆရာသက်)၊ သားအောင်မြင့်(ရှယ်ဖယ်မလီ)၊ စိုင်းရွှေထူး(ရှရော်ခ)၊ ခင်မောင်အေး(စပယ်ဖြူ)၊ ရှေ့နေဇော်မိုး၊ မဝင်းထွေး(သုတစာပေ)၊ ကိုတိုး(ရတနာပုံ)၊ ကိုဝင်းဗိုလ်(ကလေးဝ)တို့ဟာ ငွေနှင့်ပစ္စည်းတွေ များစွာကူညီကြပါတယ်၊ ပံ့ပိုးကြပါတယ်။ ရှားရှားပါးပါး ပြောရဦးမယ်။ ရန်ကုန် လာဘ်မိုးစွေ စာပေတိုက်က ဦးသန့်(ရောင်ပြန်)ဆိုရင် မဂ္ဂဇင်းစာအုပ်တွေ အသစ်အဟောင်းအိတ်ကြီးနဲ့ တစ်အိတ် ၁၂၅ အုပ်ပေးကမ်းတာကို လက်ခံယူဖူးပါတယ်"

"ဒါ ကံကောင်းခြင်းတစ်မျိုးပေါ့ ဆရာ"

"အင်း . . အင်း ဟုတ်မှာပါပဲဗျာ"

"ဒါနဲ့ မေးရဦးမယ် ဆရာ။ များသောအားဖြင့် လူတွေက ကံကိုကြမ္မာနဲ့တွဲဖက်ပြီး ကံကြမ္မာလို့ ပြောတတ်ကြတယ်ဆရာ။ အဲဒါ ဆရာသိသလောက် ရှင်းပြပေးပါဦး"

"အေးဗျ။ မြန်မာတွေရဲ့ အယူအဆပေါ့ဗျာ။ ကံတရားကို ဖန်တီးလို့ရတယ်။ ကံဆိုတာ ကောင်းဆိုးနှစ်တန်ရှိပေမယ့် ပြုပြင်လို့ရတယ်။ မိမိပြုတဲ့ကံကို တရားသဘောနဲ့ ထိန်းသိမ်းစောင့်ရှောက်လို့ရတယ်လို့ သတ်မှတ်ကြတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကြမ္မာကတော့ အဆိုးပဲ ဖန်တီးတယ်။ မကောင်းတာကိုပဲ ဖြစ်စေတယ်။ ဒါကြောင့် ကြမ္မာဆိုးဝင်ရင် ဒုက္ခရောက်တယ်၊ ဝေဒနာခံရတယ်၊ အနိဋ္ဌာရုံတွေ ဖြစ်စေတယ်လို့ ဆိုကြပါတယ်။ ကြမ္မာကို ပြုပြင်ပြောင်းလဲလို့ မရဘူး။ ကြမ္မာဟာ သူ့အလိုလို ဖြစ်လာတတ်တာမို့ ကြမ္မာငင်တယ်၊ ကြမ္မာဆိုးဝင်တယ်လို့ ဆိုကြတာပေါ့"

"ဟုတ်တယ်ဆရာ ဟုတ်တယ်"

"ကံဆိုတာ လူကလုပ်တာ။ အလုပ်လို့ဆိုခြင်းကြောင့် ဒါမျိုး နှိုင်းယှဉ်ကြည့်ပါ။ လူတစ်ယောက်ဟာ သစ်သီးတစ်မျိုးမျိုးကို တံချူမဒီလို့ ထင်းချောင်းနဲ့ ဝါးရင်းတုတ်နဲ့ ပစ်ခတ်ခြွေချတယ်။ အဲဒီမှာ မထင်မှတ်ဘဲ ပစ်လိုက်တဲ့တုတ်က သစ်ကိုင်းခြောက်ကိုမှန်ပြီး သစ်ကိုင်းကျိုးကျတယ်။ သစ်ကိုင်းကျိုးအခြောက်က လူကို ဒဏ်ရာရစေတယ်။ အဲဒါ လူလုပ်တဲ့ကံပေါ့ဗျာ"

နောက်တစ်ခုက ဒီလမ်းပေါ်မှာ လူတွေက အမြဲတမ်း သွားလာနေကြတယ်။ ရှေ့ကလည်း သွားနေကြ လာနေကြတယ်။ မိမိနောက်မှာလည်း သွားနေကြ ပြန်နေကြသူတွေရှိတယ်။ မိမိလည်း ပုံမှန်အတိုင်း အများနဲ့ရောပြီး သွားလာနေတယ်။ ကြမ္မာဆိုးဝင်တာက . . . သစ်ပင်တစ်ပင်အောက်အရောက်မှာ အများတကာ အားလုံးအနက် မိမိအပေါ်မှာမှ သစ်ကိုင်းခြောက်က ကျိုးကျတယ်။ ဒဏ်ရာအနာတရဖြစ်တယ်။ ဒါက သူ့အလို

www.burmeseclassic.com

လို ဖန်တီးလာတာပဲ မဟုတ်လား"

"ဒါလည်း . . . ဟုတ်သလိုလိုပဲ ဆရာရေ"

"ဒီလိုဗျ ကိုခင်မောင်ရဲ့။ ကမ္မဆိုတာ ပါဠိစကားဗျ။ မြန်မာလိုတော့ 'ကံ' လို့ လွယ်လွယ်ပြောကြတာပေါ့ဗျာ။ ကံဆိုတာ ကိုယ်၊ နှုတ်၊ စိတ်တို့အနက် တစ်ခုခုနှင့် ပြုလုပ်သော အမှုလို့ အဓိပ္ပာယ်ရှိတယ်။ အလုပ်လို့ခေါ်တာပေါ့ဗျာ။ ဒီအထိတော့ ရှင်းရဲ့ မဟုတ်လားဗျ"

"ရှင်းပါတယ် ဆရာ"

"ကြမ္မာဆိုတာက . . သက္ကတဘာသာစကားက လာတာဗျ။ ကြမ္မာဆိုတာ ကမ္မကို ခေါ်တာပါ။ ကြမ္မာဆိုတာက ကမ္မပဲဗျ။ ဒါကြောင့် ကမ္မ၊ ကမ်၊ ကံလို့ ဆိုတယ်။ အဓိပ္ပာယ်ကလည်း အတူတူပါပဲ။ ကိုယ်၊ နှုတ်၊ စိတ်တို့မှ တစ်ခုခုဖြင့် ပြုလုပ်သော အမှုလို့ပဲ ဆိုပါတယ်။ ကံနှင့်ကြမ္မာဟာ အတူတူပါပဲဗျာ။ ကံကြမ္မာလို့ ပြောလိုက်ရင် ကံတရားလို့ သိထားရုံပါပဲ။ မိမိပြုလုပ်သော အမှုအကြောင်းအရာပေါ့ဗျာ"

"အတူတူပဲဆိုတာ ခုမှသိရတာ ဆရာရေ၊ ကျေးဇူးပဲ"

"ဒီလိုပါပဲဗျာ။ စာဖတ်ရင် သိကြတာပါပဲ။ မှတ်ဖို့ဆိုတဲ့ မိမိဦးနှောက်မှာ အသိဉာဏ်တစ်နေရာ ပေးကြဖို့ မေ့နေကြလို့ပါ။ အများသူငါ အားလုံးလိုပဲ ကျွန် တော်လည်း ကံ၊ ကံဆိုတာမျိုး၊ ကံကြမ္မာဆိုတာမျိုး မကြာခဏ သုံးနေတာပါပဲ။ ဒီမှာတော့ ခင်ဗျားတစ်ယောက်သာ နှိုက်နှိုက်ချွတ်ချွတ် မေးတတ်တာဗျ။ တခြားသူတွေ မမေးကြဘူး၊ မသိချင်ကြဘူးဗျ။ ဒါပေမယ့် ခင်ဗျားအမေးကို ကျွန်တော် တတ်သလောက်တော့ ဖြေလိုက်ပါရဲ့နော်"

"ကျေးဇူးပါပဲ ဆရာရေ"

ကိုခင်မောင်မှာ စကားပြောရင်း တပ်နေကုန်ခဲ့ရာ မနက်ဖြန်ညနေတွင် ညစာကို အိမ်မှာစားဖို့ ဖိတ်ခေါ်၍ ဆရာကျော်ဇော်ဟိန်းထံမှ ပြန်ခဲ့လေတော့သည်။

× × × × ×

## "တိုးတိုးတိတ်တိတ် ကြိတ်၍ကြံစည်နေသောလူတစ်စု"

"ကိုညွန့်လှိုင် . . . ကိုညွန့်လှိုင်"

"ဘာလဲ ကိုဖေသန်း။ ဘာပြောချင်လို့လဲ"

"ဟိုကောင်က အစာသိပ်မစားဘူးဗျ။ အဲဒါ ကြည့်လုပ်ဦး"

"မနက်ကတော့ ပျားရည်ရော၊ ကန်စွန်းရွက်ရော၊ ငါးပေါက်စလေးတွေပါ စားနေသေးတယ်မဟုတ်လား"

"ဒါလည်း စားတယ်ဆိုရုံပါ။ နည်း နည်းပဲစားတယ်။ ဝါးကိုင်းတွေ ခုတ်ပြီး ဝါးညွန့်တွေကျွေးတယ်၊ သခွားသီးစိမ်း ပါးပါးကျွေးတယ်။ ထမင်းလည်းကျွေးတယ်။ မစားဘူးဗျ။ အဲဒါ ဘယ့်နှယ်လုပ်မလဲ"

ထိုစဉ် ငမူးဇော်ဝင်း ရောက်လာပြီး "အရက်နည်းနည်း တိုက်ကြည့်ပါ"

"ဟာကွာ ပေါက်ပေါက်ရှာရှာ မင်းကလည်း"

"ဒီမယ် ကိုညွန့်လှိုင်ရော ဇော်ဝင်းပါ ခဏထိုင်ကြပါဦးကွာ။ ပြောစရာရှိတာ ပြောကြရအောင်။ နည်းနည်းအရေးကြီးလာပြီ"

သုံးယောက်လုံး ဝိုင်း၍ထိုင်ကြသည်၊ ကိုဖေသန်းက . . .

"ငါပြောတာ နားထောင်ပြီး စဉ်းစားကြပါဦး။ ဒီလိုကွ၊ မင်းတို့ကောင်က အစာမစားဘူး၊ နေမကောင်းဘူးဆိုရင် သေသွားနိုင်တယ်။ သေသွားလို့က အကောင်ကငယ်သေးတာမို့ သည်းခြေက သေး၊ အရိုးကနု၊ အရေက နုနှင့်ဆိုတော့ ဘာမှရမှာ မဟုတ်ဘူး။ သေသွားလို့ သည်းခြေထုတ်ယူဦးတော့ တန်လှရင် ငါးရာ-တစ်ထောင်ပဲ တန်မယ်။ ဘယ်လောက်မှ မရနိုင်ဘူးကွ"

"အေးလေ၊ သတ်ပြီးရောင်းမလို့ စီစဉ်သေးတာပဲ။ ဈေးမရနိုင်တာရော၊ ဝယ်လက် တရုတ်တွေကလည်း မကြိုက်တာရောကြောင့် မလုပ်ဖြစ်တာပေါ့။ ကိုဖေသန်း . . . ခင်ဗျားက အကြီးပဲဗျာ။ ဖြစ်နိုင်တာ စဉ်းစားပါဦး"

"ဝယ်လက်ဖြစ်တဲ့ ဟုတ်ကွမ်းနှင့် အပိကလည်း အရှင်ရရင်လိုချင်တယ် ပြောတယ်မဟုတ်လား။ အဲဒါ ရောင်းလိုက်ရင်ကောဗျာ"

"ဈေးမပေးဘူးဗျ။ သုံးထောင်လောက်ရရင် လက်လွှတ်လို့ ရသေးတယ်။ နှစ်ထောင်တောင် မပေးချင်ဘူးတဲ့ အင်တင်တင်ပဲ"

"အေးလေ . . သူတို့ကလည်း၊ အရှင်လိုချင်ပေမယ့် သယ်ယူရခက်တယ်။ ရွှေလီထိသယ်ဖို့က ခရီးရှည်တော့ ကုန်ကျမှုများတယ်၊ အန္တရာယ်ရှိနိုင်တယ်။ အဖမ်းအဆီးလည်း ခံရ

www.burmeseclassic.com

နိုင်တယ်။ ဒီလိုအခက်အခဲတွေရှိတော့ သူတို့က အရှင်လိုချင်ပေမဲ့ ဈေးမပေးတာ နေမှာပေါ့"

ငမူးဇော်ဝင်းက . . .

"တရုတ်တွေက ဘာပြောမှတ်သလဲ။ ခင်ဗျားတို့ စာရေးဝန်ထမ်းတွေတောင် တစ်လမှ လစာ ၁၈ဝ-၂ဝဝ ပဲရတယ်ဗျ။ ခုပေးတဲ့ဈေးက လစာထက် ဆယ်စမက များပါတယ်တဲ့။ ဆန်တစ်ပြည် နှစ်ကျပ်နဲ့ ဆန်ပြည်တစ်ထောင်ဝယ်လို့ ရပါတယ်။ ဒါကြောင့် လက်ခံပါတဲ့။ တကယ့်ကောင်တွေဗျ"

"ဒီလိုပြောသလား လူပါးဝလို့ကွာ။ ဟိုပွဲစား ကမ္ဘာလှသန်းနဲ့ တရုတ်မောင်ဝင်းတို့နှစ်ယောက်က ဘာပြောသေးလဲ၊ သူတို့ကကော မကြိုးစားဘူးလား တခြားဝယ်လက်တွေ မရှိဘူးလား"

"သူတို့နှစ်ယောက်တော့ ရောင်းလိုက်စေချင်တယ်တဲ့"

"အံမယ်၊ ဒီကောင်နှစ်ယောက်က တရုတ်ဘက်က ရှေ့နေလိုက်လို့ကွာ၊ ငါ့ဘုရားက ငါ့မယားဘက် ခပ်ပါပါ ဆိုတာမျိုး ဖြစ်နေပြီ"

"ဒီလိုတော့မဟုတ်ဘူးဗျ။ ကမ္ဘာလှသန်းနဲ့ တရုတ်မောင်ဝင်းတို့က သဘောထားရိုးရိုး ထင်ပါတယ်။ သူတို့ပြောတာက မည်းမည်းကောင်ကြီးဟာ ဝက်ဝံတဲ့၊ ဒါကြောင့် သူ့သားပေါက်ကို လိုက်ရှာနေတာတဲ့။ ငပုဦးဘကြည်ကို ရန်ပြုတာလည်း အဲဒီကောင်ကြီးပဲ ဖြစ်မယ်ထင်သတဲ့။ ကျွန်တော်တို့ရထားတဲ့ အကောင်ရဲ့အမေ ဖြစ်နိုင်တယ်။ အနီးတစ်ဝိုက်မှာ ခြေရာတွေထပ်ပြီးနေတာ ကြည့်ကြပါတဲ့။ သူ့သားကို မတွေ့မချင်း ရှာနေတာမို့ အန္တရာယ်ရှိနိုင်တယ်တဲ့။ ရတဲ့ဈေးနဲ့ ရောင်းလိုက်တာ အကောင်းဆုံးပါလို့ အကြံပေးပါတယ်"

ကိုညွန့်လှိုင်က ခေါင်းကိုခါယမ်းလျက် . . .

"မဖြစ်ဘူး ဇော်ဝမ်း။ မဖြစ်ဘူး။ ဒီကောင်ကို မန္တလေးထိ သယ်နိုင်ရင် နှစ်သောင်းရမယ်။ လားရှိုးမှာရောင်းရင် ငါးသောင်းလောက်ရမယ် . . ။ မူဆယ်အရောက်ဆိုရင် သိန်းချီရနေပြီကွ။ မင်းရဲ့ဝယ်လက်နဲ့ ပွဲစားတွေက နှစ်ထောင်ဆိုတော့ ဈေးကမတရားကွာလွန်းတယ်။ ဒါထက်ကောင်းတာတောင် ရှိသေးတယ်။ တမူးအရောက်သယ်နိုင်ရင် တစ်သောင်းခွဲရမယ်။ မိုးရေးအထိ သယ်ပေးနိုင်ရင် နှစ်သောင်းထိ ရနိုင်သလို ပွဲစားခသဘော ဘောက်ဆူးထပ်ပေးမယ်လို့ ပြောတယ်မဟုတ်လား"

ကိုဖေသန်းက "အသယ်ရခက်တာလည်း ထည့်တွေးဦးနော်"

ငမူးဇော်ဝမ်းကလည်း . . .

"ဒီမယ် ပြောရဦးမယ်။ ကမ္ဘာလှသန်းနဲ့ တရုတ်မောင်ဝင်းတို့ကို ရဲကမေးတော့ နှစ်ခါရှိပြီတဲ့။ နှစ်ခါလုံး အမှုလိုက်ရဲ ဦးဖိုးထိန်နဲ့ တွေ့ရသတဲ့။ ဟို စာရေး ဆရာလိုလို၊ စစ်ထွက်လိုလို စာအုပ်ဆိုင်က ပုဂ္ဂိုလ်လည်း ပါသတဲ့"

"ဟုတ်လား၊ ဒါဆို သတိတော့ထားရမယ်"

"ဒေါ်တင်လှသန်းရိုကို ဝက်ဝံကိုက်ခံရတဲ့ကိစ္စလည်း ရဲတွေအပြင် မြို့လူထုကလည်း စိတ်မကောင်းကြဘူး။ ဒါကြောင့် ဖိဖိစီးစီး လိုက်နေကြတယ်"

"လေထိုးဂျွတ်ဖာက ကျောက်ရှူး ဦးဝင်းမော်နဲ့ ကမ္ဘာလှသန်းတို့က သိပ်အဆင်ပြေတာ မဟုတ်ဘူး။ ဒီလူလက်ထောက်ချလို့ အရင်တစ်ခါက ကျွန်တော်တို့အိမ်ကို အရှာခံရတာ မှတ်မိလား။ အဲဒါ မှောင်ခိုပစ္စည်းရှာတာ မဟုတ်ဘူးဗျ။ ဒီကောင့်သတင်းကြောင့်ပဲ"

"ဟော . . . ဟုတ်လား"

"ဟော လုပ်မနေနဲ့။ အဲဒါ ဘယ်လိုစီစဉ်မလဲ"

"ဒီလိုဆိုရင်တော့ တမူးဘက် အမြန်သွားမှ ကောင်းမယ်။ ထင်းရှူးသားနဲ့ သေတ္တာရိုက်၊ ဒီကောင့်ကို ထည့်။ မသေနိုင်အောင် ဘေးကအပေါက်တွေ ဖောက်ထားရမယ်။ တောလမ်းခရီး ဖြတ်လမ်း၊ ကွင်းလမ်းတွေအတိုင်းသွားရင် မြို့ထွက်က ဂိတ်နဲ့ သစ်တောရုံး၊ လဝကရုံးတွေကို ကျော်နိုင်မယ်။ သစ်ချောက်မိုင်းကျော်လို့ ကျောက္ကာရွာရောက်မှ ကားတင်မယ်။ ဘယ်လိုလဲ၊ ခြေကျင်ခရီးကတော့ တစ်ရက်ပြင်းပြင်း နှင်ရမှာပဲ။ ကျောက္ကာက ကလေးမြို့နယ် အစွန်ဆိုတော့ လွတ်ပြီပေါ့။ ဘယ်လိုသဘောရကြလဲ"

"အေးလေ . . . ဒီလိုပဲ လုပ်ကြရဲ့ ရှိတာပေါ့"

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

## "ကံကြမ္မာနှင့် စာရေးဆရာရဲ့ အဖြစ်ဆိုး"

စာရေးဆရာ ကျော်ဇော်ဟိန်းအား ညစာထမင်း ဖိတ်ကျွေးသဖြင့် ကိုခင်မောင်(စာအုပ်ဆိုင်)၏ နေအိမ်တွင် လူအချို့ဖြင့် စည်ကားနေသည်။ အိမ်ရှင်ကိုခင်မောင်အပြင်၊ ဂေါပကအတွင်းရေးမှူး ဦးကျော်ဝင်းမောင်၊ အရန်မီးသတ်တပ်စုမှူး ကိုရဲမြင့်ဦး (သမဦးစီး)၊ ကိုတင်လှ(စာရင်းရှုံး/မီးကြပ်ကြီး)နှင့် ဆရာကျော်ဇော်ဟိန်းတို့ ငါးဦးဖြစ်ကြသည်။

စားသောက်ပြီးကြသဖြင့် ရေနွေးကြမ်းဝိုင်းထိုင်ရင်း စကားကောင်းနေကြသည်။ စာပေသမားများမို့ စာအကြောင်း၊ ပေအကြောင်းများသာ ပြောဆိုဖြစ်ကြသည်။

"ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ တက္ကသိုလ်ဘုန်းနိုင်မှ ဘုန်းနိုင်ပဲဆရာ။ အချစ်၊ ဘဝ၊ ကာလ အားလုံးကို သိမ်းကျုံးရေးပြနိုင်တယ်။ တစ်ပြည်သူ မရွှေထားမှာ မြတ်ဆွေသည် မြတ်သော ဆွေလည်းမရှိ မျိုးလည်းမရှိဆိုတဲ့ စာကြောင်းလေးကနေ အချစ်၊ ဟာသ၊ ဘဝတွေကို လှုပ်ရှားခြယ်မှုန်းသွားတာ ကောင်းမှကောင်းပဲ။ တစ်ပြိုင်နက်တည်းမှာ မြန်မာပြည်ရဲ့ ကမ္ဘာစစ်ကာလခေတ် အခြေအနေအားလုံးကို ဖွဲ့ဆိုသွားတယ်။ ဇာတ်အိမ်ကခိုင်ခံ့၊ ကျယ်လည်းကျယ်နဲ့ ဖတ်ရတာ သိပ်အရသာရှိခဲ့တယ် ဆရာ"

"ဒါ့အပြင် သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်၊ နွေကန္တာဦး၊ စိမ်းနေဦးမယ်၊ ကျွန်တော့်မြေ၊ သာ၍ဝေးရာဆီကိုပါ တကယ့်ဂန္ထဝင် ဝတ္ထုကြီးတွေလည်း ရှိပါသေးတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ဖတ်ခဲ့ရတာတွေပေါ့"

"ဆရာတက္ကသိုလ်ဘုန်းနိုင်နှင့်ခေတ်ပြိုင်တွေကော ဖတ်ဖူးလား ဆရာ။ ကျွန်တော်တို့တော့ များများ မဖတ်ဖူးဘူး ခင်ဗျ"

"တက္ကသိုလ်ဘုန်းနိုင် ခေတ်ပြိုင်ဆိုရာမှာ လိုင်းကွဲတွေများသလောက် စာရေးဆရာတွေလည်း များပါတယ်။ လိုင်းတူပဲပြောကြတာပေါ့။ မေတ္တာဘွဲ့ဝတ္ထုလိုင်းပေါ့ဗျာ။ ဒီမှာ သိသလောက်ပြောရရင် တက္ကသိုလ်ခင်မောင်အေး၊ တက္ကသိုလ်မိုးမြင့်သူနောင် ရှိမယ်။ တက္ကသိုလ် ဟန်ဝင်းအောင်တို့၊ တက္ကသိုလ်တင့်လွင်ဦးတို့က နည်းနည်းနောက်ကျမယ်။ တက္ကသိုလ်မင်းညို ရှိမယ်။ တပ်မတော်မှာလည်း မြတ်ထန်၊ ထီလာစစ်သူ၊ တပ်မတော် မင်းရဲထွန်း၊ တပ်မတော် မြင့်သန္တာ၊ ရောင်နီတို့ရှိမယ်။ သူတို့ကျတော့ အချစ်၊ ဘဝ၊ ကာလ အပြင် စစ်ဆိုတဲ့ ကဏ္ဍတစ်ခု သီးသန့်ပါဝင်လာတယ်"

"ကျွန်တော် အမှတ်မမှားရင် တက္ကသိုလ်ဘုန်းနိုင်ဝတ္ထုတွေမှာ ချစ်၊ ဘဝ၊ ကာလအပြင် စစ်သရုပ်ဖော် (ဝါးရုံပင်ခံတပ်အောက်မှာ)၊ ရာဇဝင်သမိုင်း သရုပ်ဖော်(သူ့ကျွန်မခံပြီ) ရှိသလို လျှို့ဝှက်သည်းဖို ဝတ္ထုရှည်လည်း ကျွန်တော်ဖတ်ဖူးတယ်ဆရာ။ ဒီခေတ်မှာဆိုရင် ဂမ္ဘီရဆန်းကြယ် ဝတ္ထုမျိုးပေါ့"

"ကျွန်တော်လည်း ဖတ်ဖူးပါတယ်။ အတတ်ကျူးတဲ့ ဆရာဝန်တစ်ဦးနဲ့ မျောက်ဝံလား၊ လူဝံလားဗျာ ပါပါတယ်။ ဝတ္ထုနာမည်ကတော့ မေ့နေပြီ"

"ဂမ္ဘီရပုံစံ ဝတ္ထုအမျိုးအစား၊ လျှို့ဝှက်သည်းဖို၊ လျှို့ဝှက်ဆန်းကြယ်၊ သည်းထိတ်ရင်ဖိုဝတ္ထုတွေဟာ မြန်မာစာပေလောကရဲ့ ဝတ္ထုကဏ္ဍမှာ ပထမဆုံးထွက်ပေါ်လာတဲ့ အမျိုးအစားပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဂမ္ဘီရလို့ ပီပီပြင်ပြင်ခေါ်လို့တော့ မရဘူးဗျ"

"ဆိုပါတော့ဗျာ။ မြန်မာ့ ပထမဆုံးဝတ္ထု ဂျိမ်းလှကျော်ရဲ့ မောင်ရင်မောင် မမယ်မ ဝတ္ထုဗျ။ လျှို့ဝှက်စွန့်စားမှု အသားပေးဝတ္ထုဗျ။ ကမ္ဘာ့ဝတ္ထုလောကမှာတော့ ဆာအာသာကိုနင်ဒွိုင်း၊ ဆာဟင်နရီရိုက်ဒါဟက်ပတ်၊ အဂ္ဂါအယ်လင်ပိုး စသဖြင့်ပေါ့ များစွာရှိနေပြီပေါ့။ ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးဒဂုန်ရွှေမျှားတို့က ကမ္ဘာ့စာပေကို မြန်မာစာပေလောကထဲ ဆက်စပ်မိအောင် လမ်းဖောက်ပေးသူတွေပေါ့"

"နမူနာ ထုတ်ပြောပြမယ်။ ဆာဟင်နရီရိုက်ဒါဟက်ဂတ်ရေးတဲ့ 'ရှီနှင့်အေရှား'ကို ပြရမှာပဲ။ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုကြီးပေါ့ဗျာ"

"ဆရာကြီး ရွှေဥဒေါင်းက မြန်မာ့ဂန္ထဝင် ဝတ္ထုဖြစ်အောင် ဖန်တီးခဲ့တယ်။ ဝတ္ထုနာမည်က 'ရူပနန္ဒီ၊ ရူပကလျာဏီ'တဲ့။ တကယ့် မြန်မာမှု မြန်မာ့ဓလေ့စရိုက်ကို ပေါ်လွင်တဲ့ ဝတ္ထုကြီးပါ။ ဘယ်သူမှ ဘာသာပြန် အမှီးပါလို့မပြောနိုင်တဲ့ အရေးအသား

www.burmeseclassic.com

မျိုးပါပဲ။ ဒီနေ့ ဂမ္ဘီရဝတ္ထုတွေရဲ့ ဘိုးဘေးကြီးအဆင့်ပါ”

“ဒီဝတ္ထုကိုပဲ ဆရာကြီး ဒဂုန်ရွှေမျှားက ‘တန်ခိုးရှင် မရှိ၊ ရှိပြန်လာပြီ’ ဆိုတဲ့ အမည်နဲ့ ဆီလျော်အောင် ဘာသာပြန်တဲ့ ဝတ္ထုနှစ်ပုဒ် ရေးသားခဲ့ပြန်တယ်။ ဂန္ထဝင်ဝတ္ထုပါပဲ။ တက္ကသိုလ်ခင်မောင်ကြီး(မိုးဝေ)ကလည်း ‘အလန်ကွာတာမိန်းနှင့်ရှီ’ဆိုပြီး ဘာသာပြန်ခဲ့တယ်။ ဆရာကြီး တက္ကသိုလ်နေဝင်း(ဗိုလ်ထွန်းလှ)ကလည်း ‘ရှီ’ဆိုတဲ့ အမည်နဲ့ ဒါရိုက်ဘာသာပြန်ဝတ္ထုကြီးအဖြစ် ဖန်တီးခဲ့ပါသေးတယ်”

“ဆရာကြီး ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)ကလည်း မြန်မာ့ဝတ္ထုလောကမှာ ကျော်ကြားလှတဲ့ ‘တောင်တန်းဧကရီ သခင်မ’ဝတ္ထုကြီးကို မြန်မာဇာတ်လမ်းအဖြစ် ရေးသားနိုင်ခဲ့ပါတယ်”

“မှတ်မိသလောက် ပြောရရင် စာရေးဆရာမကြီး မဝင်းမြင့် ရေးသားတဲ့ ‘မြသေလာတောင် ဆွေးဖွယ်နှောင်သည်’ဝတ္ထုကြီးကလည်း တစ်မျိုးတစ်ဘာသာ ကောင်းလှတဲ့ ဂန္ထဝင်စာအုပ်လို့ ဆိုရမှာပါ”

“မမှတ်မိတာက ဆရာကြီး တင့်ဆန်းလား၊ ဆရာကြီးမောင်သိန်းဆိုင်လား စာရေးဆရာကြီး သားအဖနှစ်ဦးထဲက တစ်ဦးဦးရေးတဲ့ ဝတ္ထုကြီးတစ်ပုဒ်ကလည်း ‘ရှီနှင့် ရူပနန္ဒီ’ ဆန်ဆန်ကောင်းမွန်လှတာမို့ ဒီနေ့အထိ မေ့မရနိုင်သေးပါဘူး။ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းမှာ ဖတ်ခဲ့ရတာပါ။ လုံးချင်းထွက်မထွက်တော့ မသိရပါဘူး။ ဝတ္ထုအမည်လည်း မမှတ်မိသလိုဘဲ။ (ကြက်တက်မြို့တော်)ဆိုတာပဲ သိတော့တယ်။ ဇာတ်လမ်းက ချင်းတွင်းမြစ်အနောက်ဘက်ကမ်း မင်းကင်းမြို့နှင့် တောင်တွင်းချောင်ဒေသက စတာပါ။ ကျွန်တော်တို့မြို့လေးနဲ့ နီးတာမို့ မှတ်မိနေခဲ့တာပါ”

“နောက်ပိုင်း ကာလတွေမှာ ရုပ်ရှင်မင်းသား ဝင်းဦးရေးသားတဲ့ ‘မိန်းမလှအမုန်း’၊ နိုင်ဝင်းဆွေရဲ့ ‘မဟူရာမေတ္တာ’၊ မြန်မာပြည် စာပေလောကမှာ ဂမ္ဘီရလိုင်းစာပေကို ပီပီပြင်ပြင်ဖြစ်စေခဲ့တဲ့ အဘဆရာကြီး ဒေါက်တာမင်းသိခ်ရဲ့ ‘မနုစာရီ’ဝတ္ထုကြီးတွေဟာ တကယ့် ဂန္ထဝင် မြန်မာ့စာပေအရေးအသားရဲ့ စံပြစာပေတွေပဲ ဖြစ်ပါတယ်။ ခေတ်ကာလနှ ရှေးရာဇဝင်တွေကို ရောမွှေရေးသားထားတဲ့ ဝတ္ထုကြီးတွေ။ ဒီနေ့ခေတ်အခေါ် ဂမ္ဘီရဝတ္ထုကြီးတွေပေါ့”

“ဒါ့အပြင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု အကြိမ်ကြိမ်ရတဲ့ စာရေးဆရာကြီး ဖိုးကျော့ဆိုရင်လည်း စာပေအရေးအသားမှာ စံတင်ရမယ့် ဂန္ထဝင်ဝတ္ထုရှည်ရေး ဆရာကြီးတစ်ဦးပဲ ဖြစ်ပါတယ်”

“ဆရာက တော်တော်သိတာပဲဗျာ”

“သိနေတာက ကျွန်တော်က စာပဲဖတ်နေတဲ့ သူမို့ပါ။ ငွေရှာချိန်နှင့် ထမင်းစားချိန်ထက် စာဖတ်ချိန်က ပိုများခဲ့လို့ပါ။ ပြီးတော့ ကျွန်တော်ကြိုက်တဲ့လိုင်း ဖြစ်နေတာလည်း ပါပါတယ်”

“ဆရာ့အနေနဲ့”

“ဒီလိုရှိတယ်ဗျာ။ မင်းသားတိုင်းဟာ ကျော်ဟိန်း၊ ကျော်သူ၊ ကျော်ရဲအောင် မဖြစ်ကြပါဘူး။ ကားများများရိုက်ခဲ့ပေမယ့် နာမည်မကြီးတာ၊ နာမည်မကျန်တာ၊ မင်းသားဖြစ်ပေမယ့် တစ်ကား-နှစ်ကားနဲ့ ပျောက်သွားတဲ့ မင်းသားတွေ အများကြီးရှိသလို စာရေးပေမယ့် စာရေးဆရာတိုင်း ပီမိုးနင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ချစ်ဦးညို၊ ဘုန်းနိုင်၊ မင်းသိခ်၊ မောင်စိန်ဝင်းစတဲ့ ဆရာကြီးတွေလို ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကြိုးစားမှုရှိပေမယ့် အခြေအနေ၊ အချိန်အခါလည်း ပေးမှဖြစ်ကြတာပါ။ အခြေအနေ၊ အချိန်အခါ ပေးရင်လည်း ကြိုးစားမှုမရှိရင် ဖွဲ လုံ့လ၊ ဝီရိယ၊ ဉာဏ်၊ ပညာရှိမနေခဲ့ရင်၊ စာပေဝမ်းစာမရှိရင်၊ အခွင့်အရေးကို မယူတတ် အသုံးမချတတ်ရင် ဘာမှ ဖြစ်မလာပါဘူး။ ရှေးရှေးဘဝကံကြောင့်ဖြစ်လာတဲ့ အနှောင့်အယှက်၊ အတိုက်အခိုက်၊ မနာလိုမှုတွေ ကြုံကြိုက်ရင်လည်း ဖြစ်လာမှာမဟုတ်ပါဘူး”

“ဒါပေမယ့် အဓိကက စာပေများများဖတ်ဖို့ စာရေးမပျင်းဖို့ကတော့ အထူးကိုပဲ အဓိကကျပါတယ်”

“ဟုတ်ပါတယ် ဆရာ”

“တကယ်တော့ ကျွန်တော်ဟာ ခင်ဗျားတို့ မြို့ကလေးမှာ နေထိုင်ခဲ့ပေမယ့် ဒီမြို့ကလေးဇာတိ မဟုတ်ပါဘူး။ ကျွန်တော့်ဇာတိက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ငပယင်းကျေးရွာသားပါ။ ဒါ့ပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ခုချိန်ထိ 'စစ်သူကြီးမဟာဗန္ဓုလ၏ ဇာတိချက်ကြွေမွေးရပ်မြေ' ဆိုပြီး ပေယင်းရွာအကြောင်းရေးဖို့ စိတ်ကူးပေမယ့် မရေးနိုင်သေးဘူး။ ဒီလိုပဲ ဒီမြို့လေးမှာ ကြီးပြင်းလာပေမယ့် 'ဂမ္ဘီရဆန်တဲ့ မြို့ကလေး' ခေါင်းစဉ်နဲ့ စာတစ်ပုဒ်ရေးချင်ပေမယ့် ရေးနိုင်ခြင်း မရှိသေးဘူး ဖြစ်နေတယ်"

"ဖြစ်ခဲ့တာတော့ရှိတယ်။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် ကျောက်စိမ်းမော်မြေမှာနေခဲ့တဲ့ ကာလအတွင်းမှာတော့ ဖားကန့်စာပေတိုးတက်ရေးနဲ့အတူ ဖားကန့်မဂ္ဂဇင်း၊ ဖားကန့် လက်ကမ်းစာလွှာ၊ ဖားကန့် နံရံကပ် စာပေပြပွဲတွေ လုပ်ကိုင်ခဲ့တယ်။ ဖားကန့်အကြောင်းကိုလည်း သုတစွယ်စုံ၊ နွယ်နီ၊ ရတနာပန်းခင်း၊ ပြန် မာ့ခနေ၊ နိုင်ငံ့ဂုဏ်ရည်၊ ပြည်သာယာ၊ အနုပညာကြေးမုံ၊ ရောင်ပြန်၊ သူရဋ္ဌ၊ မြဝတီ၊ နီလေးမောင် ဖြစ်ရပ်မှန်၊ မဟေသီ၊ ရုပ်ရှင်တေးကဗျာ၊ ရုပ်ရှင်အောင်လံ၊ မှုခင်းရှုထောင့် မဂ္ဂဇင်းတွေမှာရော၊ ဂျာနယ်တွေဖြစ်တဲ့ ဝိကလီးအလဲဗင်း၊ ဖတ်စ်အလဲဗင်း၊ သတင်းလွှာ၊ သတင်းစုံ၊ ဈေးကွက်၊ ပြည်မြန်မာ၊ အကျိုးဆောင်၊ စောင့်ကြည့်ဂျာနယ် စတဲ့ဂျာနယ်တွေမှာ *ဝတ္ထုတို၊ ပုံပြင်ဆောင်းပါး၊ သတင်း*တွေ ရေးခဲ့တယ်။ ဖားကန့်အတွက် တာဝန်ကျေခဲ့တယ် ဆိုရမှာပဲ"

"တခြားမဂ္ဂဇင်းနှင့် တခြားဂျာနယ်တွေမှာလည်း သီးခြားစာပေတွေ၊ စာမူတွေ အများကြီးရေးခဲ့၊ ရေးနေဆဲ၊ ရေးနေဦးမှာပါ။ ဒါပေမယ့် ဒီမြို့ကလေးအကြောင်းနဲ့ ပေယင်းရွာသမိုင်းကို ရေးဖို့ တာဝန်ကျေဖို့တော့ ခုထိလိုအပ်နေတုန်းပါပဲဗျာ"

"အဆိုးဆုံးက လုံးချင်းမထုတ်နိုင်ခြင်းပါပဲ"

စာရေးဆရာ ကျော်ဇော်ဟိန်း၏ စာပေအတွေ့အကြုံ၊ စာပေဗဟုသုတများကိုကြားသိရသဖြင့် ကိုကျော်ဝင်းမောင်၊ ကိုခင်မောင်၊ ကိုရဲမြင့်ဦး၊ ကိုတင်လှတို့မှာ စာရေးဆရာတစ်ပိုင်း၊ စာပေဝါသနာရှင်တစ်ပိုင်းဖြစ်၍ လွန်စွာ သဘောကျနေလေသည်။ စာပေခံစားချက်ကိုလည်း ကိုယ်ချင်းစာမိကြလေသည်။

ညနေ ၆ နာရီခန့်မှ စကားဖွဲ့လာကြသည်မှာ ညပိုင်း ၁၀ နာရီထိ စကား အစမသတ်နိုင်သေးပေ။ ကိုရဲမြင့်ဦး(သမဦးစီး)က ရယ်ကျဲကျဲဖြင့်

"ဆရာက ကျန်းမာရေးမကောင်းဘူးလို့သာဆိုတယ် အားကစားသမားအတိုင်းပါပဲ။ ရုပ်ရှင်မင်းသား ဇော်လွင်ကြီး ကျနေတာပဲ"

"ကိုရဲမြင့်ဦးက နောက်နေ၊ မြှောက်နေပြန်ပြီဗျာ။ အတွင်းကလီစာမကောင်းတာက ရောဂါဆိုး တစ်မျိုးဗျ။ တကယ်တော့ ကျွန်တော်က အားကစားလုပ်ခဲ့သူပါ။ ဂျူဒို၊ ကရာတေ၊ *အာကီဒိုမှာ ခါးပတ်နက်ထိ ရခဲ့ပါ*တယ်။ အသက်လေးဆယ်ကျော်တော့ အခြေအနေအရ ရောဂါကြောင့် အနားယူခဲ့တာပါ။ နောက်ပိုင်း စလာတာပေါ့ဗျာ ဟဲ . . ဟဲ . . ဟဲ"

ဆရာကျော်ဇော်ဟိန်းက ရယ်မောရင်း စကားကို အဆုံးသတ်လိုက်ရာ ကိုကျော်ဝင်းမောင်က ဝင်ရောက်သတိပေးရလေသည်။

"ဆရာကျော်ဇော်ဟိန်း ၁၀ နာရီခွဲတော့မယ် ပြန်မှထင်တယ်"

"အေးဗျာ၊ တော်တော်မိုးချုပ်နေပြီပဲ"

လူစုခွဲ၍ အိမ်ပေါက်ဆင်းသောအခါ ည ၁၀ နာရီခွဲပေပြီ။ ကိုတင်လှ(စာရင်းရုံး)တတစ်လမ်း ပြန်ရမည်ဖြစ်၍ လမ်းစခွဲသည်။ ရဲမြင့်ဦးက အိမ်နီးသော်လည်း အိပ်ချင်ပြီဆိုကာ ပြန်နှင့်သည်။ ကိုခင်မောင်တလည်း ပစ္စည်းများသိမ်းဆည်းရန် ကျန်ခဲ့လေသည်။ ဆရာကျော်ဇော်ဟိန်းမှာ ကိုကျော်ဝင်းမောင်အိမ်တွင် တည်းခိုခြင်းဖြစ်၍ အတူပြန်ခဲ့လေသည်။

"တစ်ရက် နှစ်ရက်အတွင်း ပြန်ဖြစ်မယ်။ တစ်ခါတည်းနှုတ်ဆက်ခဲ့တယ်"

လဆုတ်ရက်ဖြစ်၍ အမှောင်က လွှမ်းခြုံထားသည်။ မြို့ကလေးမှာ မြွေဖား၊ ကင်း အန္တရာယ်များရှား၍ လမ်းလျှောက်ရသည်မှာ စိတ်ချမ်းသာစရာကောင်းလှသည်။ လေတဟူးဟူးကြောင့် အူမြူးစရာကောင်းသောအချိန်ပင်။

နန်းတော်ရာကျောင်းနှင့် ယူကလစ်မြိုင်မှာ ဆက်လျက်ရှိသော်လည်း *အိမ်ခြေကျဲပါးသည်။* ခြံကြီးဝန်းကြီးထဲမှ သစ်ပင်အုပ်ကြီးများမှာ လှုပ်ရှားယိမ်းထိုးနေသည်။ မြစ်သာမြစ်မှ တိုက်ခတ်လာသော လေကြောင့် ယူကလစ်ပင်များမှာ တရှီးရှီးဖြင့် လေချွန်သံပေး၍ လှုပ်ယမ်းနေသည်။ ယော်တော်ပင်ပုပုလေးများလည်း အဖွတ်

www.burmeseclassic.com

ဖျတ်နဲ့ လှုပ်ခတ်လျက်ပင်ရှိသည်။ မြို့ကလေးဖြစ်သဖြင့် လူသွားလူလာလည်း မရှိတော့။ ကားအသွားအလာလည်းမရှိသဖြင့် တိတ်ဆိတ်နေသည်။

တစ်နေရာတွင် လမ်းခွဲတစ်ခုကို တွေ့ရသည်။

"ဒါ ဘီးစမ်းရွာကိုသွားတဲ့ လမ်းသစ်ပေါ့"

ကိုကျော်ဝင်းမောင်က ရှင်းပြလိုက်ချိန်တွင် ယူကလစ်ပင်အချို့ ခါယမ်းလှုပ်ရှားသွားသံကို ထူးထူးခြားခြား ကြားလိုက်ရသည်။ လှုပ်ရှားမှုကိုကား မမြင်ရ။ လျှပ်စစ်မီးမရှိ။ လရောင်ကြယ်ရောင်မရှိ ပကတိအမှောင်ထုပင်။

"ဘုတ် . . . ဘုတ်" ဟူသော လှုပ်ရှားရွေ့လျားသံကို အနီးကပ်ကြားလိုက်ရသဖြင့် ကိုကျော်ဝင်းမောင်က လက်ထဲမှ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ဟာ . . ."

တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော မြင်ကွင်းကြီးကို ထိတ်လန့်ဖွယ် တွေ့လိုက်ရသည်။ ထို့အတူ အန့်အသက်ပြင်းပြင်းကိုလည်း ရှူရှိုက်မိချိန်တွင် ကိုကျော်ဝင်းမောင်ရော၊ ဆရာကျော်ဇော်ဟိန်းပါ ကြောင်၍ ကြည့်နေမိကြသည်။ ပါးစပ်ကလည်း တစ်ပြိုင်နက် ရေရွတ်မိလိုက်ကြသည်။

"ဝက်ဝံကြီး"

မှောင်မည်းမည်း လက်နှိပ်မီးရောင်ထဲတွင် လူကြီးလက်ခုပ်တစ်ဖောင်ခန့်မြင့်သော မည်းမည်းသတ္တဝါကြီးတစ်ကောင်သည် မိမိတို့နှင့် ဝါးတစ်ပြန်ခန့်မှ ရပ်ကြည့်နေသည်။ ကြီးမားရှည်လျား၍ တုတ်ခိုင်လှသော လက်ကြီးနှစ်ဖက်ကို ဆန့်တန်းထားသည်။ သူ့ဘက်ကိုယ့်ဘက် မှင်တက်မိနေကြစဉ် လျှင်မြန်ပါးနပ်သော ဝက်ဝံကြီးက အသံကြီးကို ကြောက်မက်ဖွယ်ပြုကာခုန်ပေါက် ဝင်လာသည်။

"ဂါး . . ."

တစ်ကောင်တည်း တိတ်ဆိတ်စွာ လှုပ်ရှားနေစဉ် မီးရောင်ကြောင့် လူမိခံရသော သတ္တဝါကြီးမှာ တရှူးရှူးတရှဲရှဲဖြင့် ဒေါသထွက်လျက် ရှိသည်။ ရှုတ်တရက်ပြေးဝင်လာသဖြင့် ဆရာကျော်ဇော်ဟိန်းက ရှုတ်ခြည်းပင် ကိုကျော်ဝင်းမောင်အား အားဖြင့် ဆောင့်တွန်း၍ လှဲလိုက်သည်။ ကိုကျော်ဝင်းမောင်မှာ ရှေ့သို့ ဟပ်ထိုး ဟပ်ထိုးဖြင့် တစ်ခံခန့်အကွာသို့ လွင့်စဉ်လဲကျသွားသည်။ ဆရာကျော်ဇော်ဟိန်းလည်း မြေပြင်ကို ရင်ဘတ်နှင့်ဆောင့်မိကာ ဝမ်းလျားမှောက် လဲကျသွားသည်။

"ဂါး . . ဂရား . . ဗုန်း . . ဗုန်း"

ဝက်ဝံကြီးလည်း မြေပြင်ပေါ်သို့ ကားရားကြီးကျလာရင်း ဖမ်းမိမည်ဟုထင်ရသော လူရပ်နေရာအား တဗုန်းဗုန်း နှင့်ရိုက်နှက်ရာ မြေပြင်ကိုသာ ရိုက်နှက်မိသဖြင့် ပို၍စိတ်တိုသွားလေပြီ။

တောကောင်သားရဲကား စိတ်ရိုင်းတို့ ပိုမိုဝင်ရောက်နေပေပြီ။ ခပ်ဝေးဝေးတွင် ကိုကျော်ဝင်းမောင်က ပက်လက်အနေအထားဖြင့် လဲကျနေသလို မာတ်မီးလေးက မှိန်ဖျော့ဖျော့အလင်းတန်းလေး ထွက်ရှိနေသည်။ ဆရာကျော်ဇော်ဟိန်းက မှောက်လျက်လဲကျနေရာမှ ကုန်းထလိုက်သည်။

"ဗုန်း . . ."

ဆရာကျော်ဇော်ဟိန်း အထလိုက် သဲကျခဲ့သောနေရာသို့ ဝက်ဝံကြီးက ဖြုန်းခနဲ ခုန်အုပ်လိုက်ရာ အနည်းငယ်လွဲသွားပြန်သည်။ အနေအထားမှာ ဆရာကျော်ဇော်ဟိန်း ရပ်လိုက်ချိန်တွင် ဝက်ဝံကြီးကို ကျောခိုင်းထားသလိုဖြစ်သကဲ့သို့ ဝက်ဝံကြီးကလည်း ဆရာကျော်ဇော်ဟိန်း နောက်ကျောနှင့် ကပ်လျက်ရပ်လိုက်သလို ဖြစ်သွားသည်။

တစ်တောင်ခန့် အကွာမျှပင်မရှိ၍ ဝက်ဝံကြီးက ဆက်တိုက်ပင် လက်နှစ်ဖက်ဖြင့် ကုတ်ဖဲ့လိုက်သည်။ ဆရာကျော်ဇော်ဟိန်းမှာ ရုတ်တရက် ထိုင်ချလိုက်ရင်း ဝက်ဝံကြီး၏ ပေါင်ခွနေရာသို့ လက်နှစ်ဖက် နောက်ပြန်အနေအထားဖြင့် ပင့်၍ ရိုက်လိုက်သည်။ ဖွဲ့အိတ်ကို ထိုးလိုက်သကဲ့သို့တည်း။ ဝက်ဝံကြီးမှာ တုန်လှုပ်မှု ဖြစ်မသွားပါ။ ဖြုံပင် မဖြုံချေ။

ဝက်ဝံကြီးမှာ ခါးကိုကုန်း၍ လက်နှစ်ဖက်ဖြင့် ကုတ်ဆွဲလိုက်သည်။ ဆရာကျော်ဇော်ဟိန်းက ပက်လက်အနေအထားပြောင်း၍ ဘေးသို့လှိမ့်ရှောင်လိုက်ရာ လွတ်သွားပြန်သည်။ ဝက်ဝံကြီးမှာ တောရိုင်းကောင်ကြီးမို့ ပို၍သန်မာလှသလို ပို၍မြန်ဆန်သည်။ ဆရာကျော်ဇော်ဟိန်းရှိရာ ဘေးဘက်သို့ ချက်ချင်းခုန်အုပ်လိုက်ပြန်သည်။ ဆရာကျော်ဇော်ဟိန်းတ

www.burmeseclassic.com

www.burmeseclassic.com

လည်း ချက်ချင်းပင် ဝက်ဝံကြီးအား ညာခြေဖြင့် ပတ်၍ကန်လိုက်သည်။ ဝက်ဝံကြီးကို "ဗုန်း"ခနဲမြည်အောင် ထိသွားသော်လည်း ဝက်ဝံကြီးက ဖြုံပင်မဖြုံ။ ခံနိုင်ရည်အားကကြီးလှသည်။

ဆရာကျော်ဇော်ဟိန်းက မထူးတော့ ရသလိုပြန်တိုက်မည်ဟူသော စိတ်ဖြင့် ဘယ်ခြေနှင့် အမြင့်ကန်လိုက်သည်။ ဤသည်မှာ မဟာအမှားပင်။ ဝက်ဝံကြီးက ဘယ်ခြေကို မမှုဘဲ ရှေ့ကိုတိုး၍ လက်ဝါးကြီးနှစ်ဖက်ဖြင့် ရိုက်ပုတ်လိုက်ရာ ယာဘက်လက်ဝါးဒဏ်ကြောင့် ဆရာကျော်ဇော်ဟိန်း လွင့်စင်သွားသည်။ ပါးစပ်မှလည်း သွေးများ ရဲခနဲ အန်ကျလာသည်။

"ဆရာကျော်ဇော်ဟိန်း"

ကိုကျော်ဝင်းမောင်က စိုးရိမ်ကြီးစွာ အော်လိုက်ချိန်တွင် ဝက်ဝံကြီးမှာ ဆရာကျော်ဇော်ဟိန်းအား ဖမ်းမိသွားလေသည်။

"ကိုကျော်ဝင်းမောင် ပြေး ပြေး"

ဝက်ဝံကြီး၏ လက်သည်းများ ပခုံးနှစ်ဖက်စလုံးသို့ နစ်ဝင်စူးရှသော ဒဏ်ကိုခံစားရင်း ဆရာကျော်ဇော်ဟိန်းက အော်၍ပြောလိုက်ရင်း လက်နှစ်ဖက်ကို အားကုန်သွင်းလျက် ဝက်ဝံကြီးမျက်နှာအား ညှပ်၍ ရိုက်လိုက်သည်။ လူတစ်ဦးသာဆိုလျှင် နားထင်နားရင်းသို့ လက်နှစ်ဖက်ပိတ်၍ ရိုက်နှက်ခြင်းသည် ခွေ၍ကျသွားနိုင်သည်။ ဝက်ဝံကြီးမှာ "ဝူး . . . ဂါး" အော်ရုံသာအော်၍ ဘာမျှဖြစ်မသွား။ သို့သော် လက်နှစ်ဖက်ကမူ ပြုတ်သွားသည်။

ကိုကျော်ဝင်းမောင်က ကြောက်လန့်တကြားဖြင့် ပါးစပ်ဟလိုက်သည်။

ဝက်ဝံကြီးက ပြန်လည်၍ ကုတ်ဆွဲကိုက်ဖွဲ့ရန်အတွက် လေးဘက်ထောက်ပုံစံဖြင့် ဆရာကျော်ဇော်ဟိန်းအား တိုက်ခိုက်လိုက်သည်။ ဆရာကျော်ဇော်ဟိန်းက နီရဲလှသော သွေးများကြားမှ ဝက်ဝံကြီးအား ခုန်ရှောင်လိုက်ရင်း ဘယ်ခြေ၊ ညာခြေဖြင့် မြေမကျမီပင် အပြင်းကန်သွင်းလိုက်နိုင်သည်။

"လာကြပါဦးဗျို့ ဝက်ဝံကြီး . . ဝက်ဝံကြီး"

"ကယ်ကြပါဦးဗျို့ . . ကယ်ကြပါဦး"

အော်မယ့်အော်တော့ ဆက်တိုက် ဆက်တိုက်ပင် သံကုန်အော်ဟစ်လိုက်သည်။ ကိုကျော်ဝင်းမောင်ကား အထူးပင် ကြောက်လန့်တုန်လှုပ်ကာ ထနိုင်၊ ပြေးနိုင်ခြင်း မလုပ်နိုင်တော့။ အော်မိအော်ရာ အော်ရင်း ကြောင်တောင်တောင်ဖြင့် ငေးကြည့်နေမိသည်။ လက်နှိပ်မီးကား လင်းလက်နေဆဲပင်။

ခြေကန်ချက်ကြောင့် ဝက်ဝံကြီး ယိုင်သွားသော်လည်း ဘာမျှမဖြစ်သလို ပြန်ကျလာသော ဆရာကျော်ဇော်ဟိန်းအား ပြေး၍ဖမ်းလိုက်ကာ ကုပ်ကို လက်နှစ်ဖက်ဖြင့် စုံပိုက်၍ ချိုးလိုက်ရင်း အော်ဟစ်လိုက်သည်။

"ဂါး . . . ဂရား"

စာရေးဆရာ ကျော်ဇော်ဟိန်း၏ ပါးစပ်နှင့် နှာခေါင်းများမှ သွေးများ မြင်မကောင်းအောင် ပွက်ခနဲ ပွက်ခနဲ အန်ကျလာရင်း ခေါင်းဆိုက်ကျသွားသည်။ လက်နှင့်ခြေထောက်များလည်း ပျော့ခွေသွားတော့သည်။

ထိုစဉ် မီးရောင်များ ဟိုမှသည်မှ ပေါ်ထွက်လာရင်း လူအများ အပြေးအလွှား ဆူညံစွာဖြင့် ရောက်ရှိလာကြသည်။ ကိုကျော်ဝင်းမောင်မှာ ကြောင်တောင်တောင်ကြည့်လျက် အသံကုန် အော်ဟစ်နေဆဲ။

"လာကြပါဗျို့ . . လာကြပါ"

ဝက်ဝံကြီးမှာ ပျော့ခွေနေသော ဆရာကျော်ဇော်ဟိန်းအား တရွတ်ဆွဲ၍ ခါယမ်းလိုက်သည်။ ထို့မျှနှင့် အားမရ၊ ဆရာကျော်ဇော်ဟိန်းအား ကုန်း၍ ကိုက်ခဲလိုက်ပြန်သည်။ ဆရာကျော်ဇော်ဟိန်းထံမှ ဘာသံမှ မထွက်တော့။

ဆရာကျော်ဇော်ဟိန်းက သေဆုံးသွားဟန်တူပေပြီ။

"ဘာလဲ . . . ဘာလဲ"

"ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

"ဟိုမှာ . . . ဟိုမှာ"

"ဟာ . . . ဝက်ဝံကြီး"

"ဝက်ဝံကြီး လူတစ်ယောက်ကို ကိုက်နေတယ်ဟေ့"

"ဝိုင်းကွာ . . ချကွာ . . ပစ်ကွာ"

"ရရာနဲ့ ဖမ်းဟေ့၊ ဆော်ကွာ"

"ဝင်ပြီး ဓားနဲ့ဝိုင်းခုတ်ကြဟေ့"

"လှံနဲ့ထိုးဟေ့၊ သတိထား သတိထား"

လူများဝိုင်း၍ လာကြသဖြင့် ဝက်ဝံကြီးမှာ ဆရာကျော်ဇော်ဟိန်းအား ချထားကာ လူများကို ရင်ဆိုင်လိုက်သည်။ လူများကလည်း တုတ်များ၊ ဓါးများသာမက ဝါးချွန်များ၊

www.burmeseclassic.com

လှံများ၊ မှိန်းများဖြင့် ဝိုင်း၍ဝစ်ခတ်ကြသည်။ မီးရောင်များ၊ လူသံများကြောင့် ကမ္ဘာပျက်တမျှ ဆူညံ၍နေတော့သည်။

“ဝူး . . . ဂဲ”

“ဝုတ် . . ဝုတ် . . ဝေါင်း . . ဝေါင်း”

ဝက်ဝံကြီးက တုတ်များ၊ လှံများကို ဆွဲယမ်းပုတ်ခတ်ခါရင်း အသံကုန်မာန်ဖီတော့သည်။ ထိုအခါ အမြီးကုပ် ကြောက်ရွံ့နေသော ခွေးများကလည်း ဟောင်သံပေး၍ ဝင်ရောက်ကိုက်ခဲတော့သည်။

တိရစ္ဆာန်လည်း အသိဉာဏ်ရှိသည်သာ။ ဝက်ဝံကြီးက ခွေးများ၊ လူများ ဝိုင်းလာသဖြင့် နောက်ဆုတ်၊ နောက်ဆုတ်ဖြင့် ဆုတ်ကန်ကန် ဆုတ်ခံခံနေတော့သည်။ ပိုဆိုးသည်မှာ လေးခွနှင့်ပစ်သော လောက်စာလုံး၊ ခဲလုံး၊ မူလီလုံးများက ဝက်ဝံကြီး၏ ခန္ဓာကိုယ်အနှံ့အပြားသို့ ပြင်းထန်စွာ ထိမှန်လာခြင်းဖြစ်သည်။ ရုတ်တရက်

“ဝုဖ် . . အူ . . . အူ . . အူ”

ဝက်ဝံကြီးက သံရှည်ဆွဲ၍ အူလိုက်သည်။ ထိုအခိုက် လူအများ အာရုံဝေဝါးနေခိုက် အမှောင်ထုနက်ရှိုင်းနေရာ ယူကလစ်ပင်များကြားသို့ ပြေးလွှားဝင်ရောက် ပျောက်ကွယ်သွားလေ တော့သည်။

ဝက်ဝံကြီး ပျောက်သွားသည်နှင့် လူအများလည်း စုပြုံ၍ လိုက်ကြသည်။ လူသံ၊ ခွေးသံများကား ပို၍ ဆူညံသွား ပြန်သည်။

“ဝက်ဝံကြီးထွက်ပြေးပြီဟေ့။ လိုက်ကြ . . . လိုက်ကြ”

“ပစ်တာတွေက ထိတော့ထိတယ်။ ဒဏ်ရာပြင်းမှာ မဟုတ်ဘူး”

“ဘာပဲဖြစ်ဖြစ် ဝိုင်းလိုက်ကွာ”

“ရှူး . . ရှူး ခွေးတွေခေါ်ဟေ့”

“လိုက်ကြ . . . လိုက်ကြ”

ဝက်ဝံကြီးနောက်သို့ တုတ်၊ ဓားလက်နက်များကိုင်၍ ပြေးလိုက်သွားကြပြန်သည်။ အချို့မှာ ကိုကျော်ဝင်းမောင်နှင့် ဆရာကျော်ဇော်ဟိန်းတို့ကို ပြုစုစောင့်ရှောက်ရန် ကျန်ခဲ့လေသည်။ ကိုကျော်ဝင်းမောင်မှာ ကြောင်နေဆဲ။

“နန်းတော်ကျောင်း ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဝင်းမောင်ပဲကွ။ လုပ်ကြပါဦး။ ကိုကျော်ဝင်း မောင် သတိထား သတိထား”

“ရေတိုက်လိုက် ရေတိုက်လိုက်”

ကိုကျော်ဝင်းမောင် သတိပြန်ဝင်လာသည်။

“ဆရာကျော်ဇော်ဟိန်းကော၊ ဆရာကျော်ဇော်ဟိန်းကော”

အားလုံးက ဆရာကျော်ဇော်ဟိန်းရှိရာသို့ ကြည့်လိုက်ကြသည်။ ဆရာကျော်ဇော်ဟိန်းကို ပွေ့ချီထားကြသော လူတစ်စုအား ခေါင်းများကို ခါယမ်းလိုက်ကြသည်။ လူတစ်ဦးက စိတ်မကောင်းစွာ နဲ့ . . .

“ဒီလူတော့ အသက်မရှိတော့ဘူး။ ဆုံးပါးသွားပြီ”

“ဗျာ . . . ဟုတ်ကဲ့လား”

“ဟုတ်ပါတယ်။ တစ်ကိုယ်လုံး ကြေမွပျော့ခွေနေပါပြီ”

“ဆရာ . . . ဆရာကျော်ဇော်ဟိန်း ကျွန်တော့်အသက်ကို ကယ်ခဲ့တယ်။ ကျွန်တော့်ကို ကယ်ခဲ့တယ်။ ကျွန်တော့်ကြောင့် ဖြစ်ရတာ။ ကျွန်တော့်ကြောင့် ဖြစ်ရတာ။ ကျွန်တော် စိတ်မကောင်းတော့ပါဘူးဗျာ”

“စိတ်သာထိန်းပါတော့ဗျာ”

အားလုံးလည်း အနိဋ္ဌာရုံမြင်ကွင်းကြောင့် စိတ်မကောင်းကြပါ။ တစ်ခါမှ မတွေ့မကြုံဖူးသော ဖြစ်ရပ်မို့ အံ့ဩထိတ်လန့်နေကြရသည်။ ကံ ကံ၏အကျိုးကိုပြောပြခဲ့သော ဆရာကျော်ဇော်ဟိန်းကား (ကြမ္မာ)၏ ဆိုးကျိုးကို ခံစားလိုက်ရချေပြီ။

မြို့ကလေး၏ ရဲစခန်းမှ လင့်ရှိဘာကားလေးနှင့်အတူ လူကြီးများကို တင်ဆောင်လာသော ‘ချိုတူး၊ ဖူတူး’ တို့၏ ‘မစ်ဆူဘီရှီ’ဂျစ်ကားလေး ရောက်ချိန်တွင်တော့ ဆေးရုံသို့သာ တန်း၍သွားကြရန်သာ ရှိတော့သည်။

ဝက်ဝံကြီးကိုလည်း မတွေ့တော့၊ လိုက်၍မမီတော့။

တုတ်ဓားများ ကိုင်ဆောင်၍ ပြန်လာကြသော လူစုလည်း ဆေးရုံသို့ လိုက်ပါပို့ဆောင်ရန်စီစဉ်ကြရတော့သည်။ အချို့လည်း အိမ်သို့ ပြန်သွားကြလေသည်။ လူစုကွဲသွားလေပြီ။ အမှောင်ထုသာ ကျန်ရှိနေတော့သည်။

သို့သော် ကြီးမားသော ယူကလစ်ပင်ခွကြားမှ မည်းမည်းကြီးကိုကား မည်သူမှ သတိမပြုမိကြပါတကား။

*(ဆက်လက်ဖော်ပြပါမည်။)*

■ သခင်ထူးအိမ်

www.burmeseclassic.com

www.burmeseclassic.com

# သင်္ချိုင်းအုတ်ဂူဖောက်ဖျက်၊ လူသေအလောင်းတူးဖော်နှောင့်ယှက်မှု

## ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



လူတို့သည် အထူးသဖြင့် တရုတ်၊ ကုလားလူမျိုးတို့သည် ရှေးရိုးထုံးတမ်းစဉ်လာအရ လူသေလျှင် အလောင်းနှင့်အတူ ရွှေ၊ ငွေ၊ တန်ဖိုးရှိသော ပစ္စည်းများပါ တစ်ပါတည်းထည့်သွင်းမြှုပ်နှံလေ့ရှိသည်။

ရန်ကုန်မြို့ ကြီးတွင်သော်လည်းကောင်း၊ မော်လမြိုင်မြို့တွင်သော်လည်းကောင်း မသမာသူလောဘသားတို့သည် ညအခါတွင်သာမကဘဲ နေ့ခင်းကြောင်တောင်အချိန်၌ မကြောက်မရွံ့ သင်္ချိုင်းအုတ်ဂူအားဖောက်ပြီး ရွှေ၊ ငွေ၊ တန်ဖိုးရှိပစ္စည်းများတို့ကို ထုတ်ယူအလွဲသုံးစားပြုခဲ့၊ ပြုလေ့ရှိပေသည်။ အချို့သော မသမာသူတို့ကတော့ သင်္ချိုင်းတွင် ကပ်ထားသော ရွှေငွေကို ခွာယူအလွဲသုံးစားပြုလေ့ရှိလေသည်။ ယင်းပြစ်မှုမျိုးကို အရေးယူအပြစ်ပေးခြင်းရှိသည်ကို စာရေးသူ မကြားဖူးပါ။ အရေးယူလေ့ယူထ မရှိပေ။ အဘယ်ကြောင့်ဆိုသော် သင်္ချိုင်းကုန်းနယ်မြေမှာ လူခြေပြတ်သောနေရာမို့ မျက်မြင်သက်သေရရှိဖို့ရန် များစွာမလွယ်လှပေ။ အရေးယူရန် ခက်ခဲလှပေသည်။ ယင်းအမှုမျိုးတွင် သင်္ချိုင်းစောင့်၊ အတွင်းလူ ကြံရာပါနိုင်သောကြောင့် ဖြစ်ပေသည်။ ၎င်းပြစ်မှုအတွက် ထောင်ဒဏ် (၁) နှစ်သာ ရှိလေသည်။

ယင်းကြောင့် ၎င်းအပြစ်ဒဏ်ကို တိုးမြှင့်သတ်မှတ်သင့်သည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အား စာရေးသူအနေဖြင့် အကြံပေးတိုက်တွန်းလိုပါသည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၉၇ ကို ပြင်ဆင်ရန် လိုအပ်ပါသည်။)

### အိန္ဒိယနိုင်ငံ၊ ကျေးရွာတစ်ရွာမှ လက်တွေ့ ပြစ်ရပ်မှန်တစ်ခု

မကြာသေးမီက အချိန်ကတော့ ၂၀၁၁ ခုနှစ်တွင်ဖြစ်သည်။ အိန္ဒိယနိုင်ငံ Islamabad ပြည်နယ်၏ တောင်ဘက်ဒေသ ၃၀၀ ကီလိုမီတာ အကွာအဝေးရှိသော (Darya Khan) ကျေးရွာတစ်ရွာ၌ နေထိုင်သည့် Mohammad Arif (၃၅)နှစ်နှင့် Farman Ali (၃၀)နှစ်၊ ညီအစ်ကိုနှစ်ယောက်သည် စိတ်ဖောက်ပြန်ခဲ့ရာ ကလေးငယ်အလောင်း မြှုပ်နှံထားသော သင်္ချိုင်းအုတ်ဂူကိုဖောက်၍ ကလေးငယ်အလောင်းကို ခိုးယူချက်စားခဲ့သဖြင့် ရဲတပ်ဖွဲ့မှ တွေ့ရှိဖမ်းဆီးပြီး အမှုကို ရုံးတော်သို့တင်ပို့ကာ ကြားနာစစ်ဆေးခဲ့၏။ ပြစ်မှုထင်ရှားတွေ့ရှိ၍ ထောင်ဒဏ်(၂)နှစ်ချမှတ်ခဲ့သည်။ ထောင်ကျနေစဉ်ကာလ၌ ထောင်တွင်းတွင် စိတ်ပညာရှင် (Psychiatrists)များနှင့် ကုသမှုခံယူသည်ဆိုသည်။ လျှော့ရက်ရသောကြောင့် အကျဉ်းထောင်မှ လွတ်မြောက်လာသောအခါတွင် ပြစ်မှုဟောင်းကို ထပ်မံကျူးလွန်ပြန်သည်ဆိုသည်။ ယခု ၂၀၁၄ ခုနှစ်၊ ဧပြီလအတွင်းတွင် ၎င်းညီအစ်ကိုနှစ်ယောက်သည် နှစ်ရက်သားကလေးအလောင်းကို တူးဖော်ပြီး စားသောက်နေဆဲ တန်းလန်းဖြင့် ရပ်ကွက်မှတိုင်ကြားချက်အရ ရဲတပ်ဖွဲ့၏ အဖမ်းခံခဲ့ရပြီး တရားရုံးတော်သို့ ဟင်ပို့စစ်ဆေးကြားနာခဲ့ရာ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် ထောင်ဒဏ်(၁၁)နှစ် ချမှတ်ခဲ့သည်ဆိုသည်။

**(ရုပ်ပုံ)** (လူသားစား) ကလေးအလောင်းစားခဲ့သော တရားခံနှစ်ဦး အလယ်တန်းမှ ဒုတိယလူ Farman Ali (၃၀) နှစ်နှင့် ရှေ့တန်းတတိယလူ Mohammad Arif (၃၅)နှစ်တို့ကို ရုံးခန်းမှထုတ်ကာ အကျဉ်းထောင်သို့ပို့စဉ် တွေ့ရပုံဖြစ်သည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:-***
The Straits Times (Singapore), June 13, 2014.



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ညဉ့်ဆိုးကြမ္မာ

## အောင်ဝင့်(မြောင်းမြ)

'သစ်ဆိမ့်ကုန်းရွာ' ဆိုသော်လည်း သစ်ဆိမ့်ပင် များပြားလှစွာမရှိပါ။ သစ်ဆိမ့်ပင်ကြီးများမှာ အသက်ကြီးရင့်ပြီး သေကုန်ကြသည်ကများ၏။ အချို့အပင်များကိုလည်း ရွာသားများက ထင်းအဖြစ်အသုံးပြုရန် ခုတ်လှဲ၍ မီးစိုက်ပစ်ကြသည်ဟု အဆိုရှိကြသည်။ ဩော် . . . လူတွေ လူတွေ၊ မိမိအတ္တကိုယ်ကျိုးအတွက် သဘာဝတရားကြီးကို ဖျက်ဆီးနေကြပါလား။ ရွာနှင့် ခပ်လှမ်းလှမ်းသုသာန်နှင့် ကပ်လျက်ရှိသော လျှိုကြီး၏ဘေးနားတွင် တစ်ပင်တည်းသာ ထီးတည်းကြီး အုပ်အုပ်ဆိုင်းဆိုင်းနှင့် ကျန်နေသည်။

ထိုသစ်ဆိမ့်ပင်ကြီး အနီးမှဖြတ်ပြီး 'ရေပြာစမ်းရွာ'နှင့် ဆက်သွယ်သွားနိုင်သော လှည်းလမ်းမကြီးရှိသည်။ လှည်းလမ်းဟု ဆိုသော်လည်း တောရွာများတွင် လူနှင့်လှည်း နှစ်မျိုးစလုံး သွားလာကြရသည်။ သစ်ဆိမ့်ကုန်းရွာနှင့် ရေပြာစမ်းရွာသည် လေးမိုင်ခန့် ကွာဝေးသည်။ နေ့ဘက်တွင် အသွားအလာသိပ်မပြတ်လှသော်လည်း ညနေ ၆ နာရီကျော်လောက်မှစ၍ လူသွားလူလာ ပြတ်စပြုသည်။ အကြောင်းကိစ္စကြီးငယ်ရှိမှသာလျှင် တစ်ရွာနှင့်တစ်ရွာ သွားကြလာကြသည်။ ညနေခင်း နေဝင်ရီတရော အချိန်မှစပြီး နံနက် ၅ နာရီခွဲ ၆ နာရီ အချိန်လောက်အထိ အသွားအလာမရှိသလောက်ပင်။ အကြောင်းမှာမူ သုသာန်ဘေးနားမှ အထိကရ သစ်ဆိမ့်ပင်ကြီးကြောင့်ပေတည်း။

• • •

ဦးတက်ရိုးတို့လင်မယား မိုးဦးကျက ဥယျာဉ်ထဲမှ မျှစ်ချိုးပြီးအပြန် နေဝင်စပြုချိန် သစ်ဆိမ့်ပင်ကြီးနား၌ အပုပ်နံ့ရ၍ ရွာသို့ လင်မယားနှစ်ယောက် ခပ်သွက်သွက် သုတ်ခြေတင်ပြီး တစ်ချိုးတည်း ပြေးခဲ့ရသည်။ အိမ်ရောက်သည့်အခါ ထမင်းပင်မစားနိုင်သည့်အဖြစ် ကြုံဖူးသည်။

ဘကြီးဖိုးရွှေလည်း ညနေခင်း နွားသိမ်းချိန် စားကျက်၌ နွားမတွေ့၍ လိုက်ပြီးရှာသည့်အခါ သုသာန်နားအရောက် နွားကိုတွေ့သည်။ တစ်ချိန်တည်း အမှောင်ထုကြီးစိုးလာပြီဖြစ်သဖြင့် ဘကြီးဖိုးရွှေ နည်းနည်းကျောချမ်းလာသည်။ သစ်ဆိမ့်ပင်ကြီးအောက်မှ မည်းမည်းသတ္တဝါကြီးတစ်ကောင် လျှိုထဲဆင်းသွားသည်ကို မြင်လိုက်ရသဖြင့် ဖောချွေးများပြန်လာပြီး ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရသည်။ သမ္ဗုဒ္ဓေဂါထာတော်ကို ဆယ်နှခေါက်မှန်းမသိအောင် ရွတ်ဖတ်ရင်း နွားမောင်းပြီး အိမ်သို့ ပြန်လာရာ ရောက်မှန်းမသိ ရောက်ခဲ့ရသည်။

ဤသို့နှင့် သစ်ဆိမ့်ပင်ကြီးဝန်းကျင်တွင် သရဲခြောက်သည်ဆိုသော အရိပ်မည်းကြီးသည် သစ်ဆိမ့်ကုန်းရွာသားများအပေါ် လွှမ်းမိုးလျက်ရှိပါတော့သည်။

• • •

တောရွာနေ တောသူတောင်သားများသည် သရဲသဘက်၊ တစ္ဆေများ ခြောက်လှန့်ခြင်းကို ယုံကြည်သူများလှသည်။ လူနည်းစုသည်သာ ခြောက်လှန့်ခြင်းကို မယုံကြည်ကြပါ။ မယုံကြည်သောသူများထဲတွင် 'လှဆင့်'သည် ရှေ့ဆုံးမှ ပါဝင်ပါ

www.burmeseclassic.com

သည်။ သရဲ၊ တစ္ဆေသာမက ပရလောကသားများ ရှိခြင်း၊ မရှိခြင်းကို ထည့်၍ပင် မစဉ်းစား။ စဉ်းစားဆင်ခြင်မှုနှင့် အတွေးအခေါ် ကောင်းလွန်းလှ၍မဟုတ်။ မိုက်ရူးရဲ တစ်ဖွတ်ထိုးစိတ်နှင့် ဘယ်သူတွေဘာပဲပြောပြော လှဆင့်မှာ သူလက်မခံနိုင်လျှင် လက်မခံနိုင်ကြောင်း ရှင်းရှင်းဘွင်းဘွင်း ပြောတတ်သည်။ ကိုယ့်အကျိုးရှိဖို့ (သို့မဟုတ်) သူတစ်ပါးအကျိုးရှိဖို့ ကိစ္စများကို သူစိတ်ဝင်စားမှု နည်းပါးသည်။

လှဆင့်၌ ဉာဉ်တစ်ခုရှိသည်။ သူတစ်ပါးကို ကြုံလျှင်ကြုံသလို နောက်တတ်ပြောင်တတ်၊ ခြောက်လှန့်တတ်ခြင်းပင် ဖြစ်သည်။ လှဆင့်ကြောင့် အရှက်ရသူများနှင့် ကြောက်လန့်ပြီး သေးဖြန်းဖြန်းထွက်အောင် အထိ ဖြစ်ဖူးသည့်သူများလည်း ရွာတွင်ရှိခဲ့သည်။

ရွာဦးဘုန်းတော်ကြီး ကျောင်းဝန်း၌ရှိ ရေကန်ကြီးတွင် ညနေချမ်းကာလ ရွာထဲမှ လုံမပျိုလေးများ ရေခပ်သွားကြလာကြရသည်မှာ ထေးသဘာဝဖြစ်သည်။ တစ်ရက်တွင် ညနေပိုင်းနေဝင်ခါနီး မိန်းကလေးများ ရေခပ်မှအပြန် လှဆင့်တစ်ယောက် ကန်ပေါင်ဘေး မမြင်ကွယ်ရာမှစောင့်နေပြီး ကန်ထဲကို ကျောက်တုံးကြီးတစ်လုံးပစ်ချရာ 'ဝုန်း'ခနဲ အသံကြောင့် ရေခပ်ပြန်လာသော မိန်းကလေးများ ကြောက်လန့်ပြီး ရေအိုးများ ခေါင်းပေါ်မှကျကာ ကွဲကုန်ကြပါတော့သည်။ မိန်းကလေးနှစ်ယောက်လည်း လန့်ပြီး ခြေချော်ကာ ရေကန်ထဲကျသွားသည့်အခါ ရွာသားများ အချိန်မီရောက်လာ၍ ဝိုင်းဝန်းဆယ်ယူမှုကြောင့် အသက်အန္တရာယ်နှင့် ကင်းခဲ့ကြရသည်။

ဇင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး ရွာ၏အကြီးအကဲဖြစ်သော သူကြီးဦးဖိုးမောင်နှင့် သက်ကြီးရွယ်အိုများက သူတစ်ပါး ကိုယ့်ကြောင့် အထိတ်တလန့်ဖြစ်အောင် နောက်နောင်မပြုလုပ်ဖို့နှင့် လှဆင့်၏ မကောင်းသည့် ဉာဉ်ကို ဖျောက်ပစ်ရန် ဝိုင်းဝန်းဆုံးမကြသည်။ လှဆင့်က ပြောတုန်းသာ "ဟုတ်ကဲ့"ပေါင်းများစွာဖြင့် ခေါင်းညိတ်ခဲ့ပြီး သူ့ရဲ့ အကျင့်ဆိုးက အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် သီချင်းထဲကလို "ကျွန်တော်လေ ထိုနည်းလည်းကောင်း ထိုနည်းလည်းကောင်း"ပါပဲဟုသာ ဆိုရမည်ပင်။ လှဆင့်တည်းဟူသော အမည်နာမအရ အလှတွေဆင့်နေရမည်ဖြစ်သော်လည်း သူ့အကျင့်စရိုက်ကား အလှတွေမဆင့်နိုင်ဘဲ လွန်စွာခြားနားလျက်ရှိပါသည်။

• • •

မောင်မေတ္တာသည် လူပုံချောချော၊ သဘောကလည်း အလွန်ကောင်းလှသည်။ အမည်နှင့်လိုက်ဖက်ညီညွတ်၏။ လူအချင်းချင်းအပေါ်၊ သတ္တဝါများအပေါ်၊ မေတ္တာစိတ်ထားဖြင့် နေထိုင်သည်။ အရာရာကို သည်းခံခွင့်လွှတ်မှု ရှိသည်။ အသက် ၂၀ ကျော်သော်လည်း အိမ်ထောင်မပြုပါ။ ဖခင်ကြီးဆုံးပါးပြီး

သုသာန်နားနီးလာလေ မောင်မေတ္တာ ကြောက်စိတ်တွေ ပိုပြီး ကြီးမားလာလေ။ သစ်ဆိမ့်ကုန်းရွာဘက်မှလည်း ခွေးအူသံများ သဲ့သဲ့ကြားလိုက်ရသည်။ နှာခေါင်းထဲတွင်လည်း ညှီစို့စို့ အနံ့ရသလိုလို။

www.burmeseclassic.com

www.burmeseclassic.com

နောက် မိခင်အိုကြီးအား အလုပ်အကျွေးပြုနေသူဖြစ်သည်။ တစ်ရွာလုံးက သူ့မိခင်ကြီး ဒေါ်ပုမ ခေါ်သကဲ့သို့ ငယ်စဉ်ကတည်းက မောင်မေတ္တာဟု ခေါ်ကြကာ နှုတ်ကျိုးနေကြသည်။ မောင်မေတ္တာသည် ငယ်စဉ်မှစပြီး အလွန်ကြောက်တတ်၏။ အပေါင်းအဖော် သူငယ်ချင်းများနှင့် ပွဲလမ်းသဘင်များ ကြည့်ရှုရန် သွားသည့်အခါသော်လည်းကောင်း၊ ရွာထဲ၌ သာရေးနာရေးရှိပါက လူငယ်လူရွယ်များပီပီ ကူညီဆောင်ရွက်ရန် ညအခါ သွားရောက်သည့်အခါ၌ မောင်မေတ္တာက သူငယ်ချင်းများ၏ အရှေ့ (သို့မဟုတ်) အနောက်မှ သွားလာခြင်းမရှိဘဲ လူအားလုံး၏ ဒလယ်မှ နေရာယူပြီး သွားလာတတ်သည်။ ငယ်ငယ်ကတည်းက ကြောက်တတ်သောအကျင့်သည် လူပျိုကြီးဖားဖားဖြစ်သည့်အရွယ်အထိ ကြောက်ရွံ့တတ်မြဲပင် ဖြစ်သည်။

မောင်မေတ္တာနှင့် လှဆင့်သည် အသွင်ခြားနားမှုရှိသော်လည်း သူငယ်ချင်းအရင်းအချာများ ဖြစ်ကြသည်။ ရွာဦးကျောင်းဆရာတော်ထံတွင် စာအံဘက်၊ ကျောင်းနေဖော် သူငယ်ချင်းများဖြစ်ကြရာ တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာ ညီရင်းအစ်ကိုတမျှ ချစ်ကြသည်။ မောင်မေတ္တာက လှဆင့်ရဲ့ အမူအကျင့်များကို မနှစ်သက်၍ ကြိမ်ဖန်များစွာ ပြင်ဆင်ရန် ပြောပြခဲ့သည်။ လှဆင့်က . . .

"ဟေ့ကောင် မေတ္တာ၊ မင်းက မိကျောင်းမင်း ရေကင်းပြ လုပ်မနေစမ်းပါနဲ့။ ဒါတွေက အသေးအမွှားလေးတွေပါ။ တော်စမ်းပါကွာ မင်းသာ လူဝတ်ဘဝနဲ့ ဘုန်းကြီးလိုနေ ဟား . . ဟား . . ဟား . . ဟား"

ရယ်ကာမောကာနှင့် ပြန်ပြောတတ်သည်။

"အေးပေါ့ကွာ။ မင်း ငါ့စကားနားမထောင်ရင် တစ်နေ့နေ့ မင်းညဉ်က မင်းကို သင်ပေးလိမ့်မယ်"

ဟုသာ မောင်မေတ္တာ ပြောတတ်တော့သည်။

အသွင်မတူ အိမ်သူမဖြစ်၊ တူရာတူရာသာ ပေါင်းသင်းကြသည်ဟု ရှေးစကားရှိသော်လည်း မောင်မေတ္တာတို့ သူငယ်ချင်းနှစ်ယောက်အတွက် အထက်ပါစကားသည် အကျုံးမဝင်သကဲ့သို့ ဖြစ်ချေ၏။ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်းဆိုသလို သွေးသားမတော်စပ်သော်လည်း သွေးသားအရင်းကဲ့သို့ ချစ်ခင်ကြသော သူငယ်ချင်းများ ဖြစ်ကြပါသည်။

* * *

'ရေပြာစမ်းရွာ'မှ မောင်မေတ္တာ လှည်းမောင်းပြီး ထွက်လာချိန်သည် ညနေ နေဝင်ခါနီး ၆ နာရီခန့်ရှိပေပြီ။ မောင်မေတ္တာ၏ နွားလှည်းနှင့် ရေပြာစမ်းရွာမှ ထင်းချောင်းများ သယ်ယူရန် ဘကြီးဖိုးရွှေမှ ငှားရမ်းသည့်အတွက် လှည်းပေါ်တွင် ထင်းချောင်းများကို တင်ဆောင်ပြီး တစ်ယောက်တည်းလှည်းမောင်းကာ မိမိနေထိုင်သော သစ်ဆိမ့်ကုန်းရွာသို့ ပြန်လာခဲ့ပါသည်။ မှောင်ရိသန်းလာလေလေ မောင်မေတ္တာ၏ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံက ဘေးလူပင်ကြားနိုင်လောက်သည်ဟု ထင်ရသည်။ အသက်နှစ်ဆယ် အစိတ်ဆိုသည်မှာ ငယ်သည့်အရွယ် မဟုတ်ပေ။ သို့သော် ငယ်စဉ်ကတည်းက ကြောက်တတ်သည့်အစွဲက မောင်မေတ္တာကို စိုးမိုးလျက်ရှိသည်။ ရေပြာစမ်းရွာကအပြန် မိုးချုပ်နိုင်မည်ဟု ခန့်မှန်းမိသဖြင့် အကြောင်းကြီးငယ် ရှိပါက မိမိအတွက် အကာအကွယ်အဖြစ် အသုံးပြုရန် သူ့ရဲ့အဆောင် ငှက်ကြီးတောင်ဓားကို သူ့ဘေးနားမှာချပြီး ပေါင်နှင့်ဖိကာ ထိုင်ထားသည်။

သုသာန်နားနီးလာလေ မောင်မေတ္တာ ကြောက်စိတ်တွေ ပိုပြီး ကြီးမားလာလေ။ သစ်ဆိမ့်ကုန်းရွာဘက်မှလည်း ခွေးအူသံများ သဲ့သဲ့ကြားလိုက်ရသည်။ နွားခေါင်းထဲတွင်လည်း ညှီစို့စို့ အနံ့ရသလိုလို။

"ဘာပဲဖြစ်ဖြစ် . . ရွာရောက်အောင်တော့ ခပ်သွက်သွက် နွားတွေကို မောင်းနှင်ပြီးပြန်ရမှာပဲ"

ဟု မောင်မေတ္တာ နှုတ်မှ ခပ်ဖွဖွ ရေရွတ်လိုက်သည်။

ည ၇ နာရီခန့်အချိန်ဖြစ်သော်လည်း သစ်ပင်များ ထူထပ်စွာပေါက်ရောက်နေပြီး၊ ထိုသစ်ပင်ရိပ်များကြောင့် လှည်းလမ်းသည် မှောင်



www.burmeseclassic.com

www.burmeseclassic.com

တော်ပင် မှုန်ဝါးပြီး မည်းမှောင်နေလေပြီ။ လဆန်း ၂ ရက်ခန့် လရောင်လေးက သစ်ပင်များကြားထဲကို ထိုးမပေါက်နိုင်ပါချေ။ ရုတ်တရက် တစ်တီတူးငှက်တစ်ကောင် သုသာန်ဘေး သစ်ဆိမ့်ပင်ကြီးပေါ်မှ ထပျံပြီး စူးစူးဝါးဝါး အော်မြည်သံကြောင့် မောင်မေတ္တာ ဒူးတုန်သည်အထိ ထိတ်လန့်သွားသည်။

"အောင်မယ်လေးဗျ"

အသက်ပါသွားပြီဟု ထင်မှတ်ရလောက်အောင် တုန်လှုပ်ချောက်ချားသွားပြီး နှုတ်မှလည်း ကျယ်လောင်စွာ အော်လိုက်မိပါသည်။ မောင်မေတ္တာ၏ကျောဘက်မှ မည်းမည်းသတ္တဝါတစ်ကောင် နွားလှည်းပေါ်သို့ စွေ့ခနဲခုန်တက် ရောက်ရှိလာသည်။

"အမေရေ ကယ်ပါဦး"

မောင်မေတ္တာ အသံကုန်အော်ဟစ်လိုက်သည်။ သုသာန်နားတစ်ဝိုက်ဖြစ်နေပြီး မှောင်မည်းနေပြီဖြစ်၍ ဖြတ်သန်းသွားလာသူ တစ်ဦးတစ်ယောက်မျှ ရှိဟန်မတူသော်လည်း ကြောက်လန့်ပြီး အကူအညီရလိုရငြား အော်လိုက်မိခြင်းဖြစ်သည်။

မည်းမည်းသတ္တဝါကြီးသည် လူလောက်နီးပါးရှိ၍ နွားလှည်းပေါ် ရောက်သည်နှင့် လေးဘက်ထောက်ကာ အော်ပါတော့သည်။ မှောင်မည်းမည်းတွင် ရေးရေးသာလျှင်မြင်နေရသည့် "အီးဟီးဟီး အီးဟီးဟီး" အော်သံက လူသံနှင့်မတူဘဲ ထိတ်

အသက်ပါသွားပြီဟု
ထင်မှတ်ရလောက်
အောင် တုန်လှုပ်
ချောက်ချားသွားပြီး
နှုတ်မှလည်း
ကျယ်လောင်စွာ
အော်လိုက်မိပါသည်။
မောင်မေတ္တာ၏
ကျောဘက်မှ
မည်းမည်းသတ္တဝါ
တစ်ကောင်
နွားလှည်းပေါ်သို့
စွေ့ခနဲ ခုန်တက်
ရောက်ရှိလာသည်။

လန့်ကြောက်ရွံ့ဖွယ် အသံဆိုးကြီးဖြစ်သည်။ သတ္တဝါကြီးသည် တဟီးဟီးအော်ညည်းကာ အသာဝပ်လိုက်သည်။ မောင်မေတ္တာက သူ့ပေါင်အောက်မှာဖိထားသော ငှက်ကြီးတောင်မားကို သတိရလိုက်ပြီး မားအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် သတ္တဝါကြီး၏ လည်မျိုလောက်ကို မှန်းဆပြီး အားရှိသမျှအစွမ်းကုန် ပိုင်းချလိုက်ပါသည်။ "အ အ"ဟုသာ အော်နိုင်ပြီး မည်းမည်းသတ္တဝါကြီး ငြိမ်သွားသည်။ မောင်မေတ္တာ ကြောက်ကြောက်နှင့် သတ္တဝါကြီးအား စိတ်ရှိလက်ရှိ တဒုတ်ဒုတ်နှင့် ဆက်ကာဆက်ကာ ခုတ်ပိုင်းပြီး နွားလှည်းပေါ်မှ ခုန်ဆင်း၍ သစ်ဆိမ့်ကုန်းရွာဆီသို့ အသားကုန်ပြေးလွှားကာ ပြန်ခဲ့ပါတော့သည်။

* * *

"ဟဲ့ . . . သား မောင်မေတ္တာ လှည်းတွေနွားတွေရော ဘယ်မှာကျန်ခဲ့သလဲ။ မောကြီးပန်းကြီးနဲ့ ငါ့သား ဘာဖြစ်လာတာလဲကွယ်"

"အမေ . . အမေ . . သား . . . သားကို သရဲခြောက်လို့"

"ဘယ်မှာလဲသရဲက၊ ဘယ်မှာခြောက်တာလဲ သားရဲ့"

မောင်မေတ္တာ၏အမေ ဒေါ်ပုမက သားဖြစ်သူ ကြောက်လန့်လာခြင်းကိုမြင်ပြီး ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ရေးကြီးသုတ်ပျာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မေးလိုက်သည်။

"ဟို . . . ဟို သချိုင်းကုန်းနားမှာ မည်းမည်းကောင်ကြီးက သားရဲ့ နွားလှည်းပေါ် ခုန်တက်လာပြီး တဟီးဟီးနဲ့ အော်တော့တာပဲ။ သားလည်း ကြောက်အားလန့်အားနဲ့ သားပါသွားတဲ့ ဓားနဲ့ . . . အားရှိသလောက် ခုတ်ခဲ့တယ် အမေ။ ကြောက်တယ် . . . သားကြောက်တယ် အမေ"

"ဩော် . . . သားလေးရယ်၊ သရဲကို သားက နိုင်ခဲ့ပြီးပြီပဲ။ ဘာကြောက်စရာလိုသေးလို့တုံး။ ကဲ . . ကဲ . . . အဲဒါထားဦး။ နွားတွေ ညကြီးမင်းကြီး လန့်ဖျပ်ပြေးလွှားကုန်မှဖြင့် လှည်းတစ်စီးလုံး ရစရာမရှိ ဖြစ်ကုန်ရော့မယ်"

"ဟာ . . . သားတော့ မလိုက်ရဲတော့ဘူး အမေ . .။ သူကြီးကို အကြောင်းကြားပေးပါ။ သူကြီးက ရွာသားတွေနဲ့ တိုင်ပင်ပြီး သူ့ဟာသူ ဆက်ပြီးဆောင်ရွက်လိမ့်မယ်။ ကျွန်တော်ကတော့ ကြောက်လွန်းလို့ ဘယ်လိုမှ မလိုက်ရဲတော့ဘူးအမေ"

မောင်မေတ္တာ အကြံပေးသည့်အတိုင်း အမေဖြစ်သူဒေါ်ပုမ သူကြီးအိမ်ကို ညတွင်းချင်းသွားပြီး မောင်မေတ္တာ၏ဖြစ်စဉ်အားလုံးအား ပြောပြ လိုက်သည်။

"ဟာ . . . ဒါဆို လူငယ်လူရွယ် လေးငါးယောက်နဲ့သွားပြီး ငါကိုယ်တိုင် လှည်းနွားတွေ ပြန်သိမ်းခဲ့မယ်။ ဒေါ်ပုမ . . . ဘာမှမပူနဲ့။ ကဲ . . . ပြန်ပေတော့"

သူကြီးသည် မောင်မေတ္တာ အမေ ဒေါ်ပုမအား ပြန်လွှတ်လိုက်ပြီး လူငယ်လူရွယ်များစုကာ လက်နှိပ်ဓာတ်မီးများဖြင့် နှစ်လုံးပြူး သေနတ်ကြီးလွယ်လျက် သုသာန်ရှိရာသို့ ထွက်ခွာသွားကြပါတော့သည်။ သူကြီးနှင့်အဖွဲ့ သုသာန်အနီး နွားလှည်းနားရောက်သွားပြီး လက်နှိပ်ဓာတ်မီးထိုးကာ ကြည့်ကြသောအခါ ထင်းများ တင်ဆောင်ထားသောလှည်းမှ နွားများက ပုံမှန်အတိုင်း အမြီးတဖျပ်ဖျပ် လှုပ်ခတ်လျက်သား တွေ့ကြရသည်။ လှည်းဘီး၏ဘေးနား မြေပြင်ပေါ်တွင် လက်နှိပ်ဓာတ်မီးရောင်နှင့် မည်းမည်းအရာဝတ္ထုကြီးအား တွေ့လိုက်ရသည်။ အသေအချာ ကြည့်ကြသောအခါ အနက်ရောင်ပုဆိုးအား ခြုံသိုင်းလျက် ခြေထောက်ပိုင်းပေါ်နေသော လူတစ်ယောက် ဖြစ်နေကြောင်းတွေ့လိုက်ရသည်။ သူကြီးက

"ဟော့ . . . ဟော့၊ လူကွ လူ။ သရဲမဟုတ်ဘူး။ ဘယ်သူဘယ်ဝါ သိရအောင် မျက်နှာကို လှန်ကြည့်စမ်း။ ဟော့ကောင်တွေ . . . ငါပြောတာ ကြားကြရဲ့လား။ ဘာငိုင်နေကြတာလဲ။ ဟော့ကောင် ငပြူး၊ ခေါင်းဘက်ကပုဆိုးကို လှန်လိုက်စမ်း"

ငပြူးဟုခေါ်သော လူရွယ်မှ ခေါင်းပေါ်မှာဖုံးအုပ်နေသော ပုဆိုးကို တုတ်နှင့်ထိုးပြီးလှန်လိုက်ရာ

"ဟာ . . . သူကြီး လှဆင့် . လှဆင့် . . လှဆင့်သေပြီသူကြီး"

ငပြူးမှ အထစ်ထစ်အငေါ့ငေါ့ဖြင့် သူကြီးအား ပြောလိုက်သည်။

"အင်း . . လှဆင့် . . လှဆင့် သူ့တစ်ပါးကို လှောင်လိုက်၊ ပြောင်လိုက်၊ ခြောက်လိုက်၊ လှန့်လိုက်နဲ့ ဘယ်သူပြောတာမှ နားမထောင်တဲ့ကောင်၊ ခုတော့ သူခင်တဲ့ချစ်တဲ့ သူငယ်ချင်းက သူ့ကိုသတ်လိုက်ပြီပေါ့"

သူကြီးက မသက်မသာ ပြောလိုက်သည်။

လှဆင့်ရဲ့ တစ်ဘဝနိဂုံးအဆုံးမှာ မလှမပ ဇာတ်သိမ်းသွားပေပြီ။ အသက်ဇီဝိန်ကင်းမဲ့နေသော လှဆင့်ရုပ်အလောင်းကို ထင်းများတင်ဆောင်ထားသော နွားလှည်းနှင့်ပင် ရွာသို့ သယ်ဆောင်လာကြသည်။ မောင်မေတ္တာတို့ အိမ်ရှေ့အရောက် လှဆင့်တစ်ယောက် သေဆုံးသွားကြောင်း ရွာသားများ ကြားသိကြပြီး လာရောက်၍ ကြည့်ရှုကြသည်။ လူအုပ်ကြီး၏ကြားထဲတွင် သေဆုံးနေသူ လှဆင့်ကို မောင်မေတ္တာ မြင်တွေ့လိုက်ရသည့်အခါ . . .။

မှတ်ချက် ။ ။ အဘိုးမသေခင် စာရေးသူအား ပြောပြခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းအား ပြန်လည်၍ တင်ပြခြင်းဖြစ်ပါသည်။

အောင်ဝင့်(မြောင်းမြ)

www.burmeseclassic.com



www.burmeseclassic.com

■ မြသင်းဟန်

# စေတနာကို မိတ်ကပ်လိုခြယ်သတဲ့ မာယာသည်

An Act of Kindness by R. Chetwynd-Hayer

ခရစ်စတိုဖာက သူတစ်ပါးကို ကူညီတတ်တဲ့ စိတ်ရှိသူတစ်ဦး။ စစ်တပ်က အငြိမ်းစားယူထားတဲ့မေဂျာ။ ဆင်းရဲနွမ်းပါးသူတစ်ဦးကို တွေ့လိုက်ရင်တော့ ကူညီလိုက်ရမှ သူက စိတ်ချမ်းသာတယ်။ အခု သူ့ရှေ့မှာတွေ့နေရတဲ့လမ်းဘေးဈေးသည်ကို ကရုဏာစိတ်ထား သူကပွားနေပြန်တယ်။

ဒီဈေးသည်က လူကောင်ကညှက်ညှက်၊ အရပ်က ပုပျပ်ပျပ်နဲ့။ သူ့ရဲ့ပါးနှစ်ဖက်က သူ့ရဲ့ပါးစပ်ထဲကို ချိုင့်ဝင်နေတယ်။ သူ့မှာ သွားတွေ အပြည့်အစုံမရှိတော့ဘူးဆိုတဲ့ အမှတ်အသားပေါ့ဗျာ။ ပူအိုက်တဲ့ ရာသီမှာတောင် သူက ရှေ့ဟောင်းပုံစံ မိုးကာအင်္ကျီပွပွကြီးကို ဝတ်ထားသေးတယ်။ မာဖလာအဖြူစတစ်ထည်ကို လည်ပင်းမှာ ပတ်ထားပြီး ပိတ်စနဲ့ချုပ်ထားတဲ့ကတ် ဦးထုပ်ကိုလည်း ခပ်ငိုက်ငိုက် ရှေ့ကိုဆွဲချပြီး ဆောင်းထားလေရဲ့။ သူ့ရဲ့လည်ပင်းက ကြိုးနဲ့သိုင်းပြီးဆွဲချထားတဲ့ တိုလီမုတ်စ ဈေးဗန်းကလေးက သူ့ရဲ့ရင်ဘတ်ရှေ့မှာ တွဲလဲခိုနေတယ်။ ဒီဈေးဗန်းလေးထဲမှာက စီးကရက်၊ မီးခြစ်၊ ချိတ်၊ ဖိနပ်ချည်ကြိုးစတဲ့ ပစ္စည်းလေးတွေက အစီစီအရီရီနဲ့ ရှိနေတယ်။

အဲ့ဒီပစ္စည်းတွေကြားထဲမှာ လဲမကျအောင် ထောင်ထားတဲ့ ကတ်ပြားတစ်ချပ်လည်းရှိသေးတယ်။ အဲဒီကတ်ပြားပေါ်မှာကတော့ ...

"ဆစ်ပျံရဲ့ဘော်ဟောင်း"

သတ်ပုံသတ်ညွှန်း အမှားမှားနဲ့ ရေးထားတာကို သူတွေ့လိုက်ရတော့ စာပေမတတ်ကျွမ်းတဲ့ ဆင်းရဲသားဈေးသည်ကိုကြည့်ပြီး သူပိုပြီး ကရုဏာ သက်လာတယ်။ ဒီတော့...

"ရော့ ...ခြောက်ပဲနိယူ။ ကျွန်တော့်ကို ဖိနပ်ကြိုးတစ်စုံပေး"

ဈေးသည်က သူ့ကိုမော့ကြည့်လိုက်တယ်။

"ကျေးဇူးအများကြီး တင်ပါတယ် လူကြီးမင်း"

အကောင်းဆုံး ဖိနပ်ကြိုးနှစ်ချောင်းကို ဈေးသည်ကိုယ်တိုင်ရွေးပြီး ရိုရိုသေသေနဲ့ သူ့ကို လှမ်းပေးလိုက်တယ်။ တကယ်တော့ ဖိနပ်ကြိုးနှစ်ချောင်းဟာ တစ်ပဲနီတောင် မတန်ပါဘူး။ သူ့ရဲ့မိတ်ဆွေတစ်ဦးက တစ်ခါကပြောဖူးတာကို သူ ပြန်ကြားယောင်လာခဲ့တယ်။

"ဈေးဗန်းကို လည်ပင်းမှာ ကြိုးသိုင်းပြီး ရောင်းတဲ့ဈေးသည်တွေရဲ့ ဈေးဗန်းထဲက ဘယ်ပစ္စည်းကိုဖြစ်ဖြစ် တစ်ပဲနီပေးရင် ကြိုက်တဲ့ပစ္စည်းကို ယူလို့ရတယ်"

အခု သူက ခြောက်ပဲနီတောင် ပေးလိုက်တာဆိုတော့ အဆမတန်ငွေပေးပြီး ပစ္စည်းဝယ်သလို ဖြစ်နေတာပေါ့ဗျာ။

သူ့ရဲ့မိတ်ဆွေ ရှင်းပြချက်ကတော့ ဈေးဗန်းကို လည်ပင်းမှာ ကြိုးနဲ့သိုင်းပြီး ဈေးရောင်းသူတွေဟာ မြူနီစီပယ်ရုံးမှာ အခွန်ဆောင်ရတယ်။ အခွန်ဆောင်ပြီးရင် ဘယ်သူကမှ သူတို့ကို မဖမ်းနိုင်တော့ဘူး။ ဒီလူတွေဟာ စီးပွားရေးမှာ အညံ့ဖျင်းဆုံးသူတွေ၊ အဆင်းရဲဆုံးသူတွေ၊ ဈေးအပေါဆုံးပစ္စည်းတွေကို အရောင်းပြပြီး တောင်းစားနေတဲ့ သဘောပဲလို့ သူ့ရဲ့မိတ်ဆွေက ရှင်းပြဖူးတယ်။

www.burmeseclassic.com

အဲ့ဒီအတိုင်း ဈေးအရောင်းမပြဘဲ တောင်းစားရင်တော့ သူတို့ ထောင်နန်းစံရတော့တာပဲလို့ အဲ့ဒီလူက ဆက်ပြောခဲ့သေးတယ်။

သူ့ရဲ့မိတ်ဆွေ စကားတွေက ခရစ်စတိုဖာနားထဲမှာ ပြန်ကြားလာပြီး ဒီလု ပုပုညှက်ညှက်ဈေးသည်ကို ပိုပြီး သနားသွားခဲ့တယ်။ အိမ်ပြန်ရောက်လို့ သူ့ရဲ့ဇနီးသည် မေဘယ်ကို ဒီဈေးသည်အကြောင်း သူက ပြောပြလိုက်တော့ ...

"ဟား...ဟား...အဲဒီ လမ်းဘေးဈေးသည်ကတော့ ငွေတန်ဖိုး ဘာမှမသိတဲ့လူလို့ ရှင့်ကို ထင်တော့မှာပဲ။ ကိုယ့်ရဲ့စေတနာနဲ့ ကိုယ့်ရဲ့တန်ဖိုးကို ရှင်က ပြန်နှိမ်ချခဲ့တာပဲ"

"ဘာပြောတယ် မေဘယ်"

"ဘာပြောရမှာလည်း ခရစ်စတိုဖာရယ်။ ပိုက်ဆံတွေ အချောင်ရလို့ ပိုက်ဆံတန်ဖိုး မသိတဲ့လူလို့ ရှင့်ကို ဒီဈေးသည်က ထင်မှာပဲ။ ရှင့်နဲ့တော်ခြောက်ပဲနီဆိုတာ အဲ့ဒီဈေးသည်ရဲ့ ဈေးဗန်းထဲက ပစ္စည်းတစ်ဝက်ကို ဝယ်လို့ရတယ်"

သူ့ရဲ့ဇနီးအကြောင်း သိနေတဲ့ ခရစ်စတိုဖာက ဘာမှ ပြန်မပြောတော့ဘဲ နှုတ်ပိတ်ထားလိုက်တယ်။

အဲ့ ...သူ့ရဲ့သား စတီဗင်က တော့

"ဟုတ်တယ်အဖေ၊ ကျွန်တော့်ရဲ့သူငယ်ချင်းတစ်ယောက်က ပြောတယ်။ လမ်းဘေးဈေးသည် တစ်ယောက်ဟာ ဈေးသိမ်းလို့ အိမ်ပြန်ရင် သူ့ရဲ့ကိုယ်ပိုင် ရိုးရွိုက်ကားစီးပြီး ပြန်တာကို နေ့တိုင်းသူတွေ့တယ်လို့ ပြောပြတယ်"

စတီဗင်က အသက်အရွယ် နည်းနည်းကြီးလာတော့ လူကြီးတွေထက် သူကပိုတတ်တယ်။ နားလည်တယ်လို့ ထင်နေတဲ့ သူငယ်လေးတစ်ဦးပဲ။

"မဖြစ်နိုင်တာတွေ ပြောမနေနဲ့ စတီဗင်။ စီးကရက်၊ မီးခြစ်နဲ့ ဖိနပ်ကြိုးရောင်းတဲ့ သူတစ်ယောက်ဟာ ဘယ်လောက်အမြတ်များလို့ ရိုးရွိုက်ကားကို ဝယ်စီးနိုင်မှာလဲ။ ရိုးရွိုက်ကားဝယ်ပြီးစီးနိုင်တဲ့ လူတစ်ယောက်ကလည်း အသိဉာဏ် ထုံထုံထိုင်းထိုင်းထဲကတော့ မဖြစ်နိုင်ဘူး။ ပေမီ၊ ဒေါက်မီ၊ လူစင်မီတဲ့ အသိဉာဏ်တော့ ရှိမှာပဲ။ ဒီလောက် အောက်ကျတဲ့အလုပ်၊ အနှိမ်ခံရတဲ့အလုပ်ကို အဲ့ဒီလိုလူကလုပ်ပါ့မလား။ အဓိပ္ပာယ်မရှိတာတွေကို ပြောမနေနဲ့ စတီဗင်"

"ဘာပြောတယ်။ ရှင့်ကို ကျွန်မပြောရဦးမယ်။ ကျွန်မသား ပြောတာတွေဟာ အမှန်တွေ။ လူတွေအကြောင်းမသိတဲ့ ရှင့်လိုလူမှာသာ မဖြစ်နိုင်တာတွေ ရှိနေတာ"

ဒေါသတကြီးပြောနေတဲ့ မေဘယ်ကို ခရစ်စတိုဖာက ပြန်ပြီး မချေပတော့ဘူး။ သူ့ရဲ့စာကြည့်ခန်းထဲကို တန်းပြီးဝင်သွားခဲ့တယ်။

နောက်တစ်နေ့ ဘူတာရုံမှာ ဒီလမ်းဘေးဈေးသည်ကို သူတွေ့တာ အလုပ်များလို့ သတိမထားမိတဲ့ ပုံစံနဲ့ သူက ခပ်သွက်သွက် လမ်းလျှောက်လာခဲ့တယ်။ ဒါပေမယ့် လမ်းဘေးဈေးသည်က သူ့ကိုတွေ့သွားပြီး ...

"လူကြီးမင်းကို ဘုရားသခင် ကြည့်ရှုစောင်မပါစေ"

သူကတော့ သူ့ရဲ့ဦးခေါင်းကို အသာအယာ ညိတ်ပြပြီး ရထားတွဲဆီကို ခြေလှမ်းသွက်သွက်နဲ့လာခဲ့တယ်။

အဲ့ဒီနေ့ညနေ ညစာစားတော့ ခရစ်စတိုဖာက...

"မေဘယ် ...အသားမာင်းနည်းနည်းထပ်ထည့်ပါဦး"

ဒီစကားသံကြားတော့ မေဘယ်က ရုတ်တရက် သူ့ဘက်ကိုလှည့်လိုက်ပြီး ...

"ဘာတွေ ပြဿနာလုပ်ပြီး ကျုပ်ကို ရှင်ဒုက္ခပေးဦးမလို့လဲ။ ကျုပ်တို့ရဲ့ဝင်ငွေနဲ့ ဒီလောက်ပဲ အသားဟင်းကို စားနိုင်တယ်"

"ဒီလောက်လည်း တောက်တောက်ခါးခါး မပြောပါနဲ့ မေဘယ်။ ကျုပ်က ကောင်းကောင်းမွန်မွန် ပြောနေတာပါ"

"မဟုတ်ဘူး။ ရှင်က ကျွန်မရဲ့ ဦးနှောက်ကို မရှုပ်ရှုပ်အောင် လုပ်နေတာ"

မေဘယ်ရဲ့ မျက်နှာက ဒေါသရဲ့အရှိန်နဲ့ နီရဲလာတယ်။

"ဒီမှာမေဘယ်။ မင်းကသာ ငါ့ကို ရန်ရှာနေတာ။ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့ပြီး ဒီကလေးလေးရှေ့မှာ ငါ့ကို မင်းမစော်ကားသင့်ဘူး"

တစ်ချိန်လုံး နားထောင်နေတဲ့ စတီဗင်က ...

"အမေ့ကို ဒီလိုဒေါသတကြီးနဲ့ အဖေမပြောသင့်ဘူး"

"ဟော့ ...စတီဗင် တိတ်တိတ်နေစမ်း"

ခရစ်စတိုဖာရဲ့ အသံက တစ်

www.burmeseclassic.com

www.burmeseclassic.com

အိမ်လုံးကို ဟိန်းသွားခဲ့တယ်။

"စတီဗင် သတိထားငါ့သား။ ကလေးငယ်တွေ၊ အမျိုးသမီးတွေကို ညှာရမှန်းမသိတဲ့ မင်းအဖေက လူကြီးလူကောင်း ပီသသေးရဲ့လား"

ခရစ်စတိုဖာက သူထိုင်နေတဲ့ ကုလားထိုင်က ဂုန်းခနဲထလိုက်ပြီး ထမင်းစားခန်းထဲက ထွက်သွားတယ်။ အခန်းလွတ်တစ်ခုမှာ အိပ်ရာပြင်ဆင်ပြီး သူအိပ်လိုက်တယ်။ မေးခနဲ သူ အိပ်ပျော်ခါနီးမှာတော့ ...

"ဒီမှာ ရှင်ရှုးရှူးမိုက်မိုက် မလုပ်နဲ့။ ဒီအခန်းမှာ ရှင်အိပ်ရင် အအေးမိပြီး ဖျားတော့မှာပေါ့။ အိပ်ခန်းထဲမှာ လာပြန်အိပ်ပါ"

သူအိပ်နေတဲ့ အခန်းကို လိုက်လာပြီး မေဘယ်က အဲ့ဒီလို လာပြန်ခေါ်တယ်။ သူကတော့ လှုပ်တောင်မလှုပ်ဘူး။

"ခရစ်စတိုဖာ ...ကျွန်မအကြောင်းကို ရှင်ကောင်းကောင်းသိပါတယ်။ ကျွန်မစိတ်ထဲမှာ ရှိတဲ့ အတိုင်းပြောလို့ စကားလုံးတွေ ကြမ်းတမ်းပေမယ့် ရှင့်အပေါ်မှာ ကျွန်မဘယ်လိုစိတ်ထားရှိတယ်ဆိုတာ ရှင်သိပါတယ်။ ကျွန်မက ဟောင်တတ်တဲ့ခွေးပါ။ ကိုက်တတ်တဲ့ခွေး မဟုတ်ပါဘူး။ ရှင် မကျန်းမမာဖြစ်မှာကို ကျွန်မစိုးရိမ်လို့ ပြောနေတာပါ။ အခုစကားများတဲ့ကိစ္စကို ရှင်မေ့လိုက်ပါ"

ခရစ်စတိုဖာကတော့ ဘယ်လိုမှ လှုပ်ရှားမှု မရှိခဲ့ဘူး။ မေဘယ်က နောက်ပြန်လှည့်ပြီး အခန်းပေါက်ဘက်ကို ထွက်သွားတယ်။ တံခါးဝရောက်မှ...

"ဘုရားသခင်ကို တိုင်တည်ပြီး ကျွန်မပြောပါတယ် ခရစ်စတိုဖာ။ ကျွန်မပြောခဲ့တာဟာ ရှင့်ကိုအကျိုးယုတ်စေလိုတဲ့ စိတ်ထားနဲ့ ပြောခဲ့တာ မဟုတ်ပါဘူး။ ကျွန်မရဲ့ ပြင်လို့မရတဲ့ စကားပြောကြမ်းတဲ့ အကျင့်ကြောင့် ပြောခဲ့တာပါ ခရစ်စတိုဖာ"

မေဘယ်က သူတို့အိပ်ခန်းဘက်ကို လှည့်ထွက်သွားတယ်။ ခရစ်စတိုဖာက အိပ်ရာက ချက်ချင်းထပြီး မေဘယ့်နောက်ကို လိုက်သွားတယ်။ သူတို့ရဲ့ အိပ်ခန်းတံခါးကို ပိတ်တဲ့သူကတော့ မေဘယ်ကိုယ်တိုင်ပဲ ဆိုပါတော့ဗျာ။

နောက်တစ်နေ့ အလုပ်ဆင်းတော့ သူ့ရဲ့မီးခြစ်ကုန်နေတာနဲ့ ဖိနပ်ကြိုး သူဝယ်ခဲ့တဲ့ လမ်းဘေးဈေးသည်ဆီမှာပဲ နှစ်ဆယ့်ငါးပဲနီပေးပြီး မီးခြစ်တစ်လုံး သူဝယ်လိုက်တယ်။

"လူကြီးမင်းရဲ့ ကြင်နာမှုအတွက် အများကြီး ကျေးဇူးတင်ပါတယ်"

"စစ်သားဟောင်း တစ်ယောက်ကိုတွေ့ရင် တတ်နိုင်သမျှ ကျုပ်ကူညီနေကျပါ"

သူ့ကို လမ်းဘေးဈေးသည်က လေးလေးစားစားကြည့်ပြီး ...

"လူကြီးမင်းကို စတွေ့ကတည်းက လူကြီးမင်းဟာ စစ်မှုထမ်းဟောင်းဆိုတာ ကျွန်တော် သိလိုက်ပါတယ်။ ကျွန်တော်လည်း စစ်တပ်ထဲမှာ နှစ်ဆယ့်ငါးနှစ် တာဝန်ထမ်းခဲ့ပါတယ်။ အခုလည်း စစ်မှုထမ်းပင်စင်ကို ကျွန်တော် ရနေပါတယ်"

"နေရေးထိုင်ရေး အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ပြေလည်တယ်တော့ မဟုတ်ပါဘူးခင်ဗျာ။ ပင်စင်လစာနဲ့က ဘယ်လိုမှ မလောက်ပါဘူး။ အခြားအလုပ်လုပ်ဖို့ကလည်း ကျွန်တော့်ခြေထောက်တွေ မသန်တော့လို့ လုပ်လို့မရဘူး။ ဒါနဲ့ ယခုလို လမ်းဘေးဈေးသည် ဖြစ်နေရတာပါ"

"ဟုတ်ပြီ။ အဆင်မပြေတာကို ညည်းညူမနေနဲ့။ ညည်းညူတာဟာ လူပျင်းတွေအလုပ်ပဲ။ သတ္တိကြောင်တဲ့ လူတွေရဲ့ အလုပ်ပဲ"

"ဟုတ်ပါတယ်။ ကျွန်တော်တို့က စစ်သားဟောင်းတွေ။ ဘယ်လာပြီး သတ္တိကြောင်မှာလဲ။ ဒါထက် လူကြီးမင်းကို ကျွန်တော့်ရဲ့အိမ်ကို လက်ဖက်ရည်သောက် ဖိတ်ပါတယ်။ လူကြီးမင်းရဲ့ ကြင်နာမှု၊ စာနာမှုကို ကျွန်တော်လေးစားလို့ ကျွန်တော့်အိမ်ကို လက်ဖက်ရည်သောက် ဖိတ်တာပါ။ ကျွန်တော့်ရဲ့ ဖိတ်ကြားချက်ကို မငြင်းပါနဲ့ လူကြီးခင်ဗျာ"

"ခင်ဗျားရဲ့ စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ..."

"ကျွန်တော့်ရဲ့ ဖိတ်ခေါ်ချက်ကို လူကြီးမင်း မငြင်းပါနဲ့ခင်ဗျာ။ ကျွန်တော့်ရဲ့အိမ်မှာ မုန့်တစ်ချပ်၊ ကော်ဖီတစ်ခွက် စားသောက်တဲ့အချိန်လောက်ပဲ နေမယ်ဆိုရင်တောင် ကျွန်တော်တို့သားအဖ ဝမ်းသာလို့ဆုံးမှာ မဟုတ်ဘူး။ ကျွန်တော့်မှာ အီမီလီဆိုတဲ့ သမီးတစ်ယောက်ရှိတယ်။ သူကလည်း စေတနာအလွန်ကောင်းပါတယ်။ လူကြီးမင်း ကျွန်တော်တို့အိမ်ကို လာတဲ့အချိန်ဟာ ကျွန်တော်တို့

www.burmeseclassic.com

သားအဖ ဂုဏ်ယူလို့အကောင်းဆုံး
အချိန်ဖြစ်မှာပါ"

"ကောင်းပြီလေ။ ညနေခင်း
တစ်ချိန်လောက်ဆိုရင်"

"ဟာ...သိပ်ကောင်းပါတယ်
လူကြီးမင်း။ ဒါဆိုရင် မနက်ဖြန်
ညနေမှာပဲ ကျွန်တော့်အိမ်ကို ကြွ
ရောက်ပြီး လက်ဖက်ရည် သုံးဆောင်
ပါ။ သမီး အိမ်မီလီကိုယ်တိုင် ဖုတ်
ထားတဲ့မုန့်ကို စားမိရင် လူကြီးမင်း
တစ်သက်လုံး မေ့နိုင်မှာမဟုတ်ဘူး"

"နေဦးဗျ။ ဘယ်သူတွေနဲ့ ချိန်း
ထားတာရှိသေးလဲလို့ ကျွန်တော်စဉ်း
စားလိုက်ဦးမယ်။ အဲ...ကောင်းပြီ။
ကြာသပတေးနေ့ညနေဆိုရင် ခင်ဗျား
အတွက် အဆင်ပြေမလား"

"ဟုတ်ကဲ့ ကြာသပတေးနေ့
အဆင်ပြေပါတယ်။ အဲ...ကျွန်တော်
တစ်ခု စဉ်းစားမိတာက ကျွန်တော့်လို
လမ်းဘေးဈေးသည်နဲ့ လူကြီးမင်းလို
ပုဂ္ဂိုလ်မျိုး အတူယှဉ်တွဲသွားရင် လူ
ကြီးမင်းအပေါ် အထင်သေးစရာ ဖြစ်
နေလိမ့်မယ်။ ဒီတော့ ကျွန်တော့်အိမ်
သွားတဲ့ လမ်းအညွှန်းကို ဟောဒီ
မီးခြစ်အိတ်အခွံပေါ်မှာ ကျွန်တော်
ရေးပေးလိုက်မယ်။ ကျွန်တော့်အိမ်ရဲ့
လမ်းထိပ်က ကျွန်တော်က ကြိုနေပါ့
မယ်။ ကျွန်တော့်အိမ်ရဲ့ အောက်ထပ်
မှာ ဆေးလိပ်မျိုးစုံရောင်းတဲ့ ဆိုင်တစ်
ဆိုင်ရှိတယ်"

ပြောပြောဆိုဆိုနဲ့ သူ့ရဲ့အိမ်
တည်ရှိရာလမ်းကို စာရွက်ပေါ်မှာ
ရေးပေးလိုက်တယ်။

"ဒါလည်း ကောင်းသားပဲဗျ"
ဈေးသည်လှမ်းပေးတဲ့ မြေပုံစာ
ရွက်ကိုယူပြီး မီးရထားတွဲတွေဆီကို
ခြေလှမ်းသွက်သွက်နဲ့ထွက်လာခဲ့တယ်။

"ငါ့ရဲ့ဆုံးဖြတ်ချက် မှားနေပြီ
လား။ ဒီဈေးသည်ကို ငါသိတာ
ရက်ပိုင်းပဲရှိသေးတယ်။ သူ့ရဲ့ဖိတ်
ခေါ်ချက်ကို ငါလက်ခံလိုက်တာ"

ထိုင်ခုံပေါ် ထိုင်မိတာနဲ့ အဲ့ဒီလို
သူက စဉ်းစားမိတယ်။

"ထောင်ချောက်များ ဖြစ်နေ
မလား"

အဲ့ဒီ သူ့ရဲ့စိတ်ကူးက သူ့ရဲ့
ပါးစပ်က ထွက်သွားတယ်။ သူ့ရဲ့
ဘေးထိုင်ခုံက လူတွေက သူ့ကိုဝိုင်း
ကြည့်ကြတယ်။

"ဒီလူနဲ့ ငါ ...ထပ်မတွေ့ရင်
ကောင်းမယ်"

ဒီလိုနဲ့ ထပ်မ တွေ့ဖို့ အကြိမ်
ကြိမ်စဉ်းစားရင်း မီးရထားသယ်
ဆောင်ရာကို သူပါသွားခဲ့တယ်။

နောက်တစ်နေ့မှာတော့ အဲ့ဒီလူ
ကို သူမတွေ့ရဘူး။

"ဒီဈေးသည် နေမကောင်းဘူးနဲ့
တူတယ်။ ဒါမှမဟုတ်ရင် ဧည့်သည်
ခေါ်တာကို မကြိုက်တဲ့ သူ့ရဲ့သမီး
က ကန့်ကွက်လို့များလား"

မေးခွန်းတွေမေးရင်း အဖြေကို
သူရှာခဲ့တယ်။ ဒီလိုနဲ့ ကြာသပတေး
နေ့ ညနေခင်းကို ရောက်လာတယ်။
ဒီဈေးသည်ကို သူက တွေ့လိုစိတ်
မရှိတော့ဘူး။ ဒီတော့ လူထူထူတွေ
ကြားကနေဖြတ်ပြီး ဘူတာရုံအပြင်
ဘက်ဆီကို သူလာခဲ့တယ်။ ဒါပေ
မယ့် ...

"လူကြီးမင်း လမ်းမှားသွားမှာ
စိုးရိမ်လို့ ကျွန်တော် လာစောင့်နေ
တာပါ"

ဒီတစ်ကြိမ်တော့ ဒီဈေးသည်
က ဝတ်စုံသစ်လွင်လွင်နဲ့ မျက်နှာက
လည်း ပြုံးလို့ ရွှင်လို့။

"နေဦးဗျ၊ ကျုပ်မှာ အရေး
တကြီး"

"ကျွန်တော့်ရဲ့သမီး အိမ်မီလီက
အကောင်းဆုံးမုန့်တွေဖုတ်ပြီး လူကြီး
မင်းကိုဧည့်ခံဖို့ စောင့်နေပါတယ်။
လူကြီးမင်းရဲ့ အချိန်ထဲက ကော်ဖီ
တစ်ခွက်သောက်ချိန်လောက်ပဲ အချိန်
ပေးပါ။ လူကြီးမင်းရဲ့ အချိန်ကို
ကျွန်တော်တို့ လေးစားပါတယ်"

"ကဲ ...ကောင်းပြီလေ"

ဒါနဲ့ ခရစ်စတိုဖာဟာ လမ်း
ဘေးဈေးသည်အိမ်ကို ရောက်သွားခဲ့
တယ်။ သူတို့ရဲ့အခန်းက ကျဉ်းပေ
မယ့် အတော်လေးကို သပ်သပ်ရပ်
ရပ်နဲ့ သန့်ရှင်းလှတယ်။ ပြတင်း
ပေါက်တွေမှာ တပ်ထားတဲ့ လိုက်
ကာစတွေကအစ အတော်လေး
ကြည့်လို့အဆင်ပြေတယ်။

"ထိုင်ပါ လူကြီးမင်း။ သမီး
အိမ်မီလီရေ၊ လူကြီးမင်းနဲ့ မိတ်ဆက်
ပေးရအောင် ထွက်လာပါဦး"

သူ့ရဲ့စကား ဆုံးတာနဲ့ မိန်း
ကလေးငယ်တစ်ဦး အခန်းထဲက
ထွက်လာတယ်။ ထိုင်ဖို့ ဟန်ပြင်နေ
တဲ့ ခရစ်စတိုဖာက ခါးကိုပြန်မတ်ပြီး
မတ်တတ်ရပ်လိုက်တယ်။

မိန်းကလေးက မိန်းမချောလေး
ပဲ။ အရပ်အမောင်းက ငါးပေကျော်
မယ်လို့ သူထင်တယ်။ ကိုယ်ဟန်
ကိုယ်ထား အချိုးကျပြီး ဆွဲဆောင်မှု
အားကောင်းတဲ့ မျက်လုံးတစ်စုံနဲ့

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပေါက်ကလည်း အတော်ကျက်သရေရှိတဲ့ မျက်နှာမျိုး။ အနီရောင်ဘက်သန်းတဲ့ ဆံပင်က ပခုံးပေါ်မှာ ဝဲနေတယ်။ ဒီမိန်းကလေးကို သူကြည့်ပြီး ရိုးရိုးသားသား မိန်းကလေးတစ်ဦးပဲလို့ သူက သတ်မှတ်လိုက်တယ်။

"ကျွန်တော့်ရဲ့သမီး အီမီလီပါ။ အဲ ...လူကြီးမင်းရဲ့ နာမည်ကိုလည်း ကျွန်တော်မသိ၊ ကျွန်တော့်နာမည်ကိုလည်း လူကြီးမင်း သိမှာမဟုတ်ပါဘူး။ ကျွန်တော့်ရဲ့နာမည်က... အန်ဒါဝုပါ"

"ကျွန်တော့်ရဲ့နာမည်က လူဝီပါ။ အငြိမ်းစား မေဂျာတစ်ဦးပါ"

နာမည်ကို လွှဲပြောင်းပြီး သူက ပြောလိုက်တယ်။

"ဟုတ်ကဲ့၊ ဒါဆိုရင် မေဂျာလို့ပဲ ကျွန်တော်တို့ကို ခေါ်ခွင့်ပြုပါ။ မေဂျာ ထိုင်ပါ။ သမီးအီမီလီ လက်ဖက်ရည်ထည့်ပါ။ မုန့်လည်းလိုးပါဦး"

အီမီလီက လက်ဖက်ရည်ပန်းကန်နဲ့ မုန့်ပန်းကန်ကို မေဂျာရှေ့မှာ ချပေးတော့ ...

"မေဂျာ သုံးဆောင်ပါခင်ဗျာ"

အန်ဒါဝုက အဲ့ဒီလို ဖိတ်ခေါ်လိုက်တယ်။ မုန့်တစ်ချပ်ကိုယူပြီး မေဂျာက တစ်ချက်ကိုက်စားလိုက်တယ်။

"ဟာ ...တယ်အရသာ ရှိပါလား။ ဒါကြောင့်လည်း အဖေလုပ်သူက သမီးအပေါ် ဂုဏ်ယူနေတာကိုး"

"ဟုတ်ပါတယ်မေဂျာ။ သူက မုန့်ဖုတ်တာတင် တော်တာမဟုတ်ပါဘူး။ စာပေလည်း လိုက်စားတယ်။ သမီးဖတ်ထားတဲ့စာတွေထဲက မှတ်သားလောက်စရာ တစ်ခု၊ နှစ်ခုလောက် ရှင်းပြလိုက်ပါ သမီး"

အီမီလီက တွေဝေပြီး တစ်ချက် စဉ်းစားလိုက်တယ်။

"တရားရုံး ဆုံးဖြတ်ချက်ဆိုတာ အကြောင်းအရာတစ်ခုကို သတ်မှတ်ထားတဲ့ ဥပဒေနဲ့ ကိုက်ညီတယ်။ ဒါမှမဟုတ် ချိုးဖောက်တယ်ဆိုတာကို အသိဉာဏ်နဲ့ယှဉ်ပြီး ဝေဖန်ပိုင်းခြားတဲ့ သတ်မှတ်ချက် တစ်ရပ်သာ ဖြစ်တယ်"

"ဟိုက်...အီမီလီက ဒီလို သဘောတရားတွေကိုလည်းသိတယ်"

"ဟုတ်တယ်မေဂျာ။ ကျွန်တော့်သမီးက စာသိပ်ဖတ်တယ်။ နောက်တစ်ခုလောက် ပြောပြပါဦး အီမီလီ"

"ရုပ်ဝတ္ထုမှန်သမျှဟာ ရုပ်နဲ့သဏ်ဆိုင်တဲ့ သချာ်သဘောတရားဘောင်ထဲမှာပဲ ရှိတယ်"

"တယ်ဟုတ်ပါလား အီမီလီ။ အန်ဒါဝု ဒီသမီးကတော့ ခင်ဗျားတကယ်ဂုဏ်ယူထိုက်တဲ့ သမီးပဲဗျ"

"အီမီလီ မေဂျာလိုပုဂ္ဂိုလ် ချီးကျူးတာကို သမီးက ဂုဏ်ယူရမယ်"

ရုတ်တရက် ဒီစကားကို သူကြားတော့ အန်ဒါဝု သူ့ကိုလှောင်ပြောင်တယ်လို့ ခရစ်စတိုဖာက ထင်လိုက်တယ်။ ဒါပေမယ့် အန်ဒါဝုရဲ့မျက်နှာ၊ အီမီလီရဲ့ မျက်နှာတွေကို သူလှမ်းကြည့်လိုက်တော့ ပြောင်လှောင်တဲ့ အရိပ်အယောင် မတွေ့ရဘဲ ပကတိရိုးသားမှု ရှိနေတာကို သူတွေ့လိုက်ရတယ်။

ဒါဟာ သူ့ရဲ့ ပထမဆုံးလည်ပတ်မှု ခရီးစဉ်ပေါ့ဗျာ။ အဲဒီနောက်တော့ ဒုတိယ၊ တတိယ၊ အဲ... အကြိမ်တော်တော်များများကို အန်ဒါဝုရဲ့အိမ်ကို သူက လည်ပတ်ခဲ့တာပေါ့။ တစ်နေ့တော့...သူ့ရဲ့ဇနီးမေဘယ်က –

"ဒီမှာ ခရစ်စတိုဖာ၊ ခုတလော အိမ်ကိုပြန်တာ ရှင်သိပ်နောက်ကျတာပဲ။ အချိန်ပို အလုပ်ဆင်းရလို့လား"

"အချိန်ပို ဆင်းတာလည်း ရှိတယ်။ လမ်းခရီးမှာ အဆင်မပြေလို့ အိမ်ပြန်နောက်ကျတာလည်းရှိတယ်"

"ဟိုဘက်ခြံက မစ္စတာရိုဘင်ဆင်ဟာ ရှင့်လောက် အိမ်အပြန်

■ ■ ■

**အန်ဒါဝုပြောတဲ့အတိုင်း မေဂျာကို အီမီလီက နဖူးကြောတွေကစပြီး သူ့ရဲ့လက်ချောင်းလေးတွေနဲ့ နှိပ်ပေးလိုက်တယ်။ ခရစ်စတိုဖာ ဘာတစ်ခုကိုမှ သူက ငြင်းဆိုခြင်းမရှိတော့ဘူး။ အန်ဒါဝုနဲ့ အီမီလီတို့ သားအဖရဲ့ ပြောသမျှကို သူက ခေါင်းညိတ်နေရသလို ဖြစ်နေခဲ့တယ်။**

www.burmeseclassic.com

www.burmeseclassic.com

နောက်မကျဘူး။ သူ့ရဲ့ အချိန်ပိုလစာက ရှင့်လစာရဲ့ နှစ်ဆလောက်ရှိနေတယ်။ ရှင်ဘာတွေ လုပ်နေသလဲ"

ခရစ်စတိုဖာက မကြားချင်ယောင်ဆောင်ပြီး ပြန်မဖြေခဲ့ဘူး။ ဒါပေမယ့် သူ့ရဲ့မျက်စိထဲမှာတော့ –

"အဖေ ...ဟောဒီနာရီက ရွှေအစစ်နဲ့ လုပ်ထားတဲ့နာရီ အဖေရေ။ ဘယ်လောက်လှသလဲ။ ဒီနာရီကို အဖေကြည့်စမ်းပါဦး"

ဝင်းထိန်လက်သွားတဲ့ အီမီလီရဲ့မျက်နှာနဲ့ လှိုက်လှိုက်လှဲလှဲ ကြည်နူးနေတဲ့ အီမီလီရဲ့အပြုံး။ အဲ့ဒါတွေကို သူ့မျက်စိထဲမှာ မြင်နေခဲ့တယ်။ သူ့ရဲ့အချိန်ပိုအခတွေဟာ အီမီလီအတွက် လက်ဆောင်အဖြစ် ပြောင်းလဲသွားခဲ့ကြပြီလေ။

တစ်နေ့တော့ သူ့ကို အန်ဒါဝုက ထူးဆန်းတဲ့စကားတချို့ကို ပြောခဲ့တယ်။

"မေဂျာ ... မေဂျာ့ရဲ့ဘဝကို ကျွန်တော်နဲ့ ကျွန်တော့်သမီးကသာ ပြုပြင်ပေးခွင့်ရခဲ့ရင် မေဂျာ့ဘဝဟာ အတော်ပျော်ရွှင်ကြည်နူးလာမှာပဲ"

ခဏနားပြီး သူ့ရဲ့စကားတွေကို ဆက်ပြောပြန်တယ်။

"မေဂျာ့ရဲ့ စိတ်သဘောထားကို ပထမမေးကြည့်ပါဦး အဖေလို့ သမီးကတော့ အကြံဉာဏ်ပေးပါတယ် မေဂျာ" ခရစ်စတိုဖာက သူ့ကို လှမ်းငေးကြည့်လိုက်တယ်။

"အလုပ်ကြမ်းတွေကို ကျွန်တော်ကလုပ်မယ်။ မေဂျာနဲ့ပတ်သက်တဲ့ ပင်ပန်းတဲ့အလုပ်မှန်သမျှကို ကျွန်တော်ကလုပ်မယ်။ မေဂျာရဲ့ စားရေးဝတ်ရေးနဲ့ ပျော်ရွှင်တဲ့ဘဝ ရရှိဖို့အတွက်တော့ သမီးအီမီလီက ဖန်တီးပေးပါလိမ့်မယ်"

"အေးဗျ၊ အဲဒါလည်း ခပ်ကောင်းကောင်းပဲ"

အဲ့ဒီစကားကိုကြားတော့ အန်ဒါဝုနဲ့ သူ့ရဲ့သမီးတို့ဟာ တစ်ဦးနဲ့တစ်ဦး လှမ်းပြီးကြည့်လိုက်ကြတယ်။

"ဟုတ်ပြီ၊ မေဂျာ သဘောတူတယ်ဆိုရင် ယခု မေဂျာဝတ်ထားတဲ့ အင်္ကျီကိုပဲ ပိတ်စတွေ ဖွာထွက်နေတဲ့ နေရာလေးတွေကို အီမီလီက ပြုပြင်ချုပ်ပေးပါလိမ့်မယ်"

အီမီလီက အပ်နဲ့အပ်ချည်ယူပြီး မေဂျာ့ရှေ့ကို ရောက်လာခဲ့တယ်။

"မေဂျာက လူကြီးလူကောင်းတစ်ဦးလေ။ ဒီလို မသေမသပ်အင်္ကျီကို မဝတ်သင့်ဘူး။ မေဂျာရဲ့ဇနီးသည်က ပြုပြင်ချုပ်ပေးသင့်တာပေါ့"

အန်ဒါဝုရဲ့စကား ကြားရတော့မှပဲ သူ့ရဲ့ဇနီး မေဘယ်က သူ့ဆီမှာ ပိုက်ဆံတောင်းတာရယ်၊ ရန်တွေ့တာရယ် ဒီနှစ်မျိုးပဲ မျက်လုံးထဲမှာ သူပြန်မြင်လာတယ်။

"အတော် တာဝန်မဲ့တဲ့ ဇနီးပဲ"

အန်ဒါဝုက အဲ့ဒီလို ပြောလိုက်တော့ အီမီလီက –

"တချို့အိမ်ရှင်မတွေက အချုပ်အလုပ်ကို စိတ်မဝင်စားဘူး အဖေ"

အဲ့ဒီလို ဝင်ပြောလိုက်တယ်။

"ကဲ ...မေဂျာ။ အချမ်းပြေသွားအောင် ဝိုင်နည်းနည်း ထပ်သောက်လိုက်ပါဦး။ သမီး ... ဝိုင်အရက်ထပ်ဖြည့်ပေးပါ။ အအေးမိပြီး ခေါင်းအုံနေရင်လည်း ပြောပါမေဂျာ။ ခေါင်းကြော၊ ဇက်ကြောလျှော့တဲ့ နေရာမှာတော့ အီမီလီက တကယ်တော်တာ။ ချက်ချင်းဇက်ကြောလျှော့ပြီး ခေါင်းလည်း ပေါ့သွားတာပဲ"

မေဂျာရဲ့ အရက်ဖန်ခွက်ထဲကို အီမီလီက ဝိုင်အရက် ငှဲ့ထည့်ပေးလိုက်တယ်။ မေဂျာရဲ့ အင်္ကျီကော်လာစတွေ ဖွာထွက်နေတဲ့ အစအနတွေကို သေသပ်သွားအောင် အပ်ချည်နဲ့လုံးပြီး ချုပ်ပေးလိုက်တယ်။

"သမီး၊ မေဂျာကို ကြည့်ရတာ ခေါင်းအုံနေပုံပဲ။ ခေါင်းကြောနဲ့ ဇက်ကြောလျှော့ပေးလိုက်ပါ သမီး"

အန်ဒါဝုပြောတဲ့အတိုင်း မေဂျာကို အီမီလီက နဖူးကြောတွေကစပြီး သူ့ရဲ့လက်ချောင်းလေးတွေနဲ့ နှိပ်ပေးလိုက်တယ်။ ခရစ်စတိုဖာ ဘာတစ်ခုကိုမှ သူက ငြင်းဆိုခြင်း မရှိတော့ဘူး။ အန်ဒါဝုနဲ့ အီမီလီတို့ သားအဖရဲ့ ပြောသမျှကို သူက ခေါင်းညိတ်နေရသလို ဖြစ်နေခဲ့တယ်။ အီမီလီရဲ့လက်ချောင်း ဖောင်းပွပွလေးတွေ လှုပ်ရှားသွားပုံကို လိုက်ကြည့်ရင်း ဆိုဖာပေါ်မှာပဲ သူအိပ်ပျော်သွားခဲ့တယ်။

အိပ်မပျော်ခင် နောက်ဆုံး သူသိလိုက်တာက –

"လှပသလောက် ယဉ်ကျေးသိမ်မွေ့တဲ့ ကလေးမလေးပဲ"

နောက်တစ်နေ့ညစာ စားပြီးချိန်မှာ မေဘယ်က –

"မနေ့က တော်တော်ကြောက်စရာ၊ လန့်စရာတစ်ခုနဲ့ ကျုပ်ကြုံခဲ့ရတယ် ခရစ်စတိုဖာ"

www.burmeseclassic.com

သူ့ရဲ့ ဖနီးကို ခရစ်စတိုဖာက လှမ်းကြည့်လိုက်တယ်။

"တစ်ခါမှ ကျုပ်ဖြင့် မကြုံဖူး ပေါင်တော်။ စူပါမားကတ်မှာ ဈေးဝယ်တော့ အဲဒီလူက အရပ်က ပုပျပ်ပျပ်၊ ကျုပ်လျှောက်သွားတဲ့ ဆိုင်ခန်းတွေ နောက်ကို တကောက်ကောက် လိုက်လာတော့တာပဲ။ ပထမထပ်က စပြီး ဒုတိယနဲ့ တတိယထပ်။ အဲ့ဒီကနေ အောက်ကို ပြန်ဆင်းလာတဲ့ အထိ ကျုပ်နောက်က တကောက်ကောက်လိုက်နေတယ်။ စူပါမားကတ်မှာရှေ့မှာ ရဲတစ်ဦးကိုတွေ့တာနဲ့ ကျုပ်က အကြောင်းအကျိုးပြောပြီး တိုင်ကြားတော့ အဲ့ဒီရဲက ပြုံးနေတယ်။ ကျုပ်ကို မယုံတာဘဲလား။ တာဝန်မကျေတာဘဲလား မပြောကတ်ဘူး။ အတော် တာဝန်မကျေတဲ့ ရဲပဲ။ အဲ့ဒီလူပုပဟာ အိမ်ကိုပြန်ရောက်တဲ့အထိ ကျုပ်နောက်က ကပ်ပြီး လိုက်လာခဲ့တယ်"

ခရစ်စတိုဖာက မေဘာယ်ကို စိုက်ကြည့်ပြီး သူ့ရဲ့ခေါင်းကို မသိမသာ ခါယမ်းလိုက်တယ်။ ဒီထက်ပိုပြီး မေဘာယ့်ကိစ္စအပေါ်မှာ သူစိတ်မဝင်စားခဲ့ဘူး။ သူစိတ်ဝင်စားနေတာက အီမီလီ ဖြစ်နေပြီလေ။

ခရစ်စတိုဖာက ထင်မြင်ချက်တစ်လုံးမှ မပေးဘဲ မျက်မှောင်ကုတ်ပြီး အနည်းအကျဉ်းတော့ သူစဉ်းစားလိုက်တယ်။

"ဘယ်လိုလူက မေဘာယ့်ကို စိတ်ဝင်စားမှာလဲ။ လူပုံက ပုတိုတို၊ ပါးစပ်ပေါက်က ကြမ်းကြမ်း။ အင်း အမျိုးသမီးသဘာဝကို စိတ်ဝင်စားလို့တော့ မဖြစ်နိုင်ဘူး။ မေဘာယ်နဲ့ စကားများရန်ဖြစ်ဖူးသူ တစ်ဦးဦးကများ မေဘာယ့်ကို ရန်ရှာဖို့ ဒီလူပုကိုလွှတ်လိုက်တာ ဖြစ်နေမလား"

ဒီထက်တော့ပိုပြီး သူမစဉ်းစားခဲ့ဘူး။ ဒါပေမယ့် နောက်တစ်ပတ်အကြာမှာတော့ –

"ခရစ်စတိုဖာ တစ်ယောက်ယောက်က ကျုပ်ရဲ့ဆံပင်ကို နောက်ကျောဘက်ကနေဖြတ်ယူသွားတယ်"

ဒီတစ်ခါတော့ ခရစ်စတိုဖာ နည်းနည်းစိတ်ပူသွားတယ်။

"ဘယ်မှာ ဖြတ်ခဲ့တာလဲ မေဘာယ်"

"ဘတ်စ်ကားပေါ်မှာ ဖြတ်တာ။ ဘတ်စ်ကားက လူကျပ်နေတော့ ဖြတ်မှန်းတောင် မသိပါဘူး။ ဘတ်စ်ကားပေါ်က အဆင်းကျမှ ဆံပင်ထွေး နည်းနည်း ပုခုံးပေါ်ကျလာမှ သိရတာ။ ကျုပ်ထက် ဆံပင်ကောင်းတဲ့သူတွေ ကားပေါ်မှာ အများကြီး။ ကျုပ်ထက် အသက်ငယ်တဲ့သူတွေ၊ အပျိုရွယ်စုံတွေ ကားပေါ်မှာအပြည့်။ ဘာကြောင့်များ ကျုပ်ရဲ့ဆံပင်ကို ရွေးဖြတ်ရတာလဲ မသိဘူး"

"မေဘာယ် ဒီရက်ပိုင်းမှာ ဘယ်သူနဲ့များ စကားကတောက်ကဆတ် စကားများခဲ့သေးလဲ"

"ဒီတစ်လလုံး ဘယ်သူနဲ့မှ ကျုပ် စကားမများခဲ့သေးဘူး"

ခရစ်စတိုဖာက မျက်မှောင်ကုတ်ပြီး ခေါင်းကို ခါလိုက်တယ်။

မေဘာယ့်အတ်လမ်းက ဒီတင် မရပ်ပြန်ဘူး။ ပိုပိုပြီး စဉ်းစားရကျပ်လာတယ်။ တစ်နေ့ အိမ်ကို သူပြန်ရောက်လာတော့ ဗိုက်နာပြီး လူးလိမ့်နေတဲ့ မေဘာယ့်ကို သနားဖွယ် သူတွေ့လိုက်ရတယ်။ သူ့ရဲ့သား စတီဗင်ကတော့ သူ့ရဲ့အမေအေးမှာ ငိုလို့ဆိုတော့ သူထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး –

"ဟင်...မေဘာယ်...မေဘာယ်။ ဘယ်လိုဖြစ်တာလဲ။ ငါ့မိန်းမ အစားပုတ်ပြီး ဗိုက်နာပြီနဲ့တူတယ်'

"ကျွန်မ ဘာမှထွေထွေထူးထူး မစားပါဘူး ခရစ်စတိုဖာ။ ဗိုက်နာတာက အစာအိမ်က နာလိုက်၊ အူတွေဘက်က နာတဲ့အခါနာလိုက်၊ ရင်ခေါင်းဝက နာတဲ့အခါ နားလိုက်နဲ့ ဗိုက်တစ်ခုလုံး အပြည့်နာနေတာ"

"ဒါဆိုလည်း ဆရာဝန်ခေါ်လိုက်ပါလား မေဘာယ်။ ကဲ ... ကျုပ်ပဲ အခု ဆရာဝန်ခေါ်လိုက်မယ်"

ဆရာဝန်ဆီ တယ်လီဖုန်းဆက်ပြီးလို့ မကြာခင်မှာဘဲ မေဘာယ့်ရဲ့ ဗိုက်နာက အစရှာမရအောင် ပျောက်သွားတယ်။ လူကောင်းပကတိအတိုင်း ဖြစ်သွားပြီး အိပ်ခန်းထဲက ထွက်လာခဲ့တယ်။ ဧည့်ခန်းက ဆိုဖာပေါ်မှာ ထိုင်ပြီး ဆရာဝန်ကိုစောင့်နေခဲ့တယ်။

ဆရာဝန်ရောက်လာတော့ လူကောင်းပကတိဖြစ်နေတဲ့ မေဘာယ့်ကို နားကြပ်နဲ့ ဟိုထောက်ဒီထောက် ဟိုစမ်းဒီစမ်းနဲ့ စမ်းသပ်လိုက်သေးတယ်။ ဒီနောက်တော့ ခေါင်းခါပြီး ပြန်သွားတော့တာပဲ။

ခေါင်းမခါ၊ ခေါင်းမညိတ်ဘဲ သေသေချာချာ စဉ်းစားလာသူက ခရစ်စတိုဖာ။

"မေဘာယ် ဘယ်လိုဖြစ်နေဝါ

www.burmeseclassic.com

www.burmeseclassic.com

လိမ့်။ တနင်္ဂနွေတစ်ပတ်ကို တစ်မျိုး ပြောင်းပြီး ဒုက္ခဖြစ်နေပါလား။ ငါ့ရဲ့ မိန်းမ ဘာတွေများ အမှားအယွင်း လုပ်ခဲ့ပါလိမ့်"

ဘယ်လိုပဲ သူစဉ်းစားပေမယ့် အဖြေကိုတော့ သူမရခဲ့ပါဘူး။ မေဘယ် လည်း အိပ်ရာဝင်၊ သူလည်း အိပ်ရာ ဝင်ခဲ့တယ်။ သူတို့သား စတီဗင်က တော့ သူတို့ထက်စောပြီး အိပ်ရာဝင် ခဲ့တယ်။ အိပ်ရာထဲရောက်တော့ မေဘယ်ကတော့ ချက်ချင်းလိုပဲ အိပ် ပျော်သွားတယ်။ သူကတော့ အိပ် မပျော်နိုင်ဘူး။ မေဘယ်နဲ့ စကားများ ခဲ့ဖူးသူ၊ အငြိုးအတေး ရှိဖူးသူတွေကို တစ်ယောက်ချင်း သူစဉ်းစားပြီး အဖြေ ရှာခဲ့ပါတယ်။ ဒါပေမယ့် မကြာခင်မှာ ပဲ သူလည်း အိပ်ပျော်သွားတယ်။

"မာ...မာ...မြန်မြန်လာပါ။ မာမာ...မြန် ..."

မှေးခနဲအိပ်ပျော်သွားတဲ့ ခရစ် စတိုဖာက သူ့ရဲ့သားငယ် စတီဗင်ရဲ့ အော်လိုက်တဲ့အသံကြောင့် အိပ်ရာက ခေါက်ခနဲထပြီး သူ့ရဲ့သား အခန်း ကို တစ်ဟုန်ထိုး ပြေးတော့တာပေါ့။ သူ့ရဲ့ နောက်ကပ်ပြီးပါလာသူက မေဘယ်။

"မာ ...မာ ကျွန်တော့်ကို မိန်းမ တစ်ယောက်က လည်ပင်းကို လာ ညှစ်တယ်"

အခန်းထဲမှာ နေရာအနှံ့ ခုတင် အောက်၊ တံခါးနောက်၊ ဗီရိုကြား၊ ရေချိုးခန်းပါမကျန် အဲ့ဒီမိန်းမကို သူတို့လင်မယားလိုက်ရှာတယ်။ ဘာ ကိုမှ သူတို့မတွေ့ဘူး။

"ကဲ ...ငါ့သား ဘယ်သူ့ကိုမှ လည်းမတွေ့ဘူး။ သားအိပ်မက်နေ တာနဲ့တူတယ်။ ကိစ္စမရှိဘူးလေ။ ငါ့ သား အမေနဲ့လာအိပ်။ ရှင်က ဧည့် ခန်းက ဆိုဖာပေါ်မှာ အိပ်ပေတော့ ခရစ်စတိုဖာ"

"ကျွန်တော် အိပ်မက်မက်နေ တာမဟုတ်ဘူးအမေ။ ဒီမိန်းမ မလာ ခင်ထဲက ကျွန်တော်က အိပ်ရာက နိုးနေတာ။ တံခါးမဖွင့်ဘဲ အခန်း ထဲကို ရုတ်ခြည်းဝင်လာလို့ ကျွန် တော် အတော်အံ့သြနေတုန်း ကျွန် တော့်ခုတင်ဆီကို ချက်ချင်းရောက် လာပြီး ကျွန်တော့်လည်ပင်းကို ညှစ် တာ။ သားရဲ့လည်ပင်းကို ညှစ်ဖို့ သူပြင်လိုက်တာနဲ့ သားလည်းလန့်ပြီး အော်လိုက်တာ။ တကယ်လို့ သား သာ အိပ်ပျော်နေရင် ဒီလိုတောင် အော်နိုင်မှာ မဟုတ်ဘူး။ လည်ပင်း အညှစ်ခံရလို့ သေသွားပြီ"

စတီဗင်ရဲ့မျက်နှာက အကြောက် လွန်လို့ ဖြူရော်ရော်ဖြစ်နေတော့ ခရစ်စတိုဖာက အတော်စဉ်းစားရ ကျပ်သွားတယ်။

"ကဲ ...မင်းအမေနဲ့ လိုက်သွား ပေတော့"

အဲ့ဒီညမှာတော့ မေဘယ်ရဲ့ အစရှာမရတဲ့ ဗိုက်နာတဲ့ကိစ္စ၊ စတီ ဗင်ရဲ့ အခန်းထဲကိုဝင်လာတဲ့ အမျိုး သမီးကိစ္စ ဟိုကိစ္စစဉ်းစားလိုက်၊ ဒီ ကိစ္စစဉ်းစားလိုက်နဲ့ ခရစ်စတိုဖာက တစ်ရေးတစ်မှေးလေးတောင် အိပ် မပျော်ခဲ့ဘူး။ အိပ်ရာထဲလှဲလိုက်၊ ထထိုင်လိုက်၊ အိပ်ခန်းထဲမှာ လမ်း လျှောက်စဉ်းစားလိုက်နဲ့ မိုးထိန်ထိန် လင်းခဲ့ရတယ်။

မကြာခင် တစ်ညနေမှာတော့ အန်ဒါဝုက –

"မေဂျာ ... အီမီလီက မေဂျာရဲ့ ကျန်းမာရေးအတွက် တကယ်စိတ်ပူ နေတယ်။ အစားအသောက် ကောင်း ကောင်းမစားရလို့ မေဂျာရဲ့ ကျန်းမာ ရေးထိခိုက်မှာကို တကယ်ပဲ သူက စိုးရိမ်နေတာ မေဂျာ။ ကဲလေ ... ဟောဒီမှာ မေဂျာအတွက် အီမီလီက အထူးချက်ပြုတ်ထားတဲ့ ဟင်းရဲ့ အရသာကို မြည်းကြည့်ပါဦး"

မေဂျာက ဟင်းပန်းကန်ထဲက ဟင်းစားဖွန်းကို ခပ်ယူပြီး မြည်း ကြည့်လိုက်တယ်။

"ဟာ...တယ်အရသာထူးပါ လား။ အန်ဒါဝုတို့သားအဖက ကျွန် တော့်အပေါ် တကယ်ကြင်နာတာပါပဲ ဗျာ"

"ဝအောင်စားပါ မေဂျာ။ ဒါ ထက် အပြင်ခဏ ကျွန်တော်သွားရ ဦးမယ်။ မိတ်ဆွေတစ်ဦးက ညစာ စားပွဲဖိတ်ထားလို့ သွားမှာပါ။ မေဂျာ ရဲ့ စားရေးသောက်ရေး၊ အနားယူရေး ကို အားလုံးအဆင်ပြေအောင် အီမီလီ က ဆောင်ရွက်ပေးမှာပါ"

အန်ဒါဝုရဲ့ စကားကြားတော့မှ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားတဲ့ အန်ဒါဝုကို သူသတိပြုမိတော့တယ်။

"ကျွန်တော့်အတွက် စိတ်သော ကမရောက်ပါနဲ့ အန်ဒါဝု"

အဲ့ဒီအချိန်မှာပဲ စားစရာတွေ လင်ပန်းနဲ့ထည့်ပြီး ယူလာတဲ့ အီမီလီ က အခန်းထဲဝင်လာတယ်။

"အီမီလီ ...သန်းခေါင်ကျော်မှ အဖေအိမ်ပြန်ရောက်မယ်။ လိုလေ

www.burmeseclassic.com

www.burmeseclassic.com

သေးမရှိအောင် မေဂျာကို သမီးပြုစုပါ"

"စိတ်ချပါ အဖေ"

အန်ဒါဝုက အိမ်ထဲက ထွက်သွားတယ်။ အီမီလီကတော့ ထမင်းစားခန်းထဲမှာ သူ့ရဲ့အလုပ်တွေ ဆက်လုပ်ရင်း သီချင်းတစ်ပုဒ်ကို ညည်းနေခဲ့တယ်။

"မကြာမီ သိပ်ကို မကြာမီမှာ သူလွတ်လပ်ရေးရတော့မယ်။ သူ့ကို ဟောဒီမေတာခင်က ကြည်ကြည်ရွှင်ရွှင်နဲ့ စောင့်ကြိုနေပါတယ်။ သေတဲ့သူက ဘယ်အခါမှ ပြန်မရှင်နိုင်ပါတယ်။ သူ့ရဲ့အသားကို ငါးရှဉ့်တွေက စားကြလိမ့်မယ်။ အေးစက်မာကျောတဲ့ မြေကြီးထဲမှာ သူ့ရဲ့အသားတွေ ပျောက်ကွယ်သွားပါလိမ့်မယ်"

"အီမီလီရဲ့သီချင်းက စာပြောင်စာလျောင်တွေနဲ့ ရယ်စရာကောင်းတဲ့သီချင်းပဲ"

"ကျွန်မ သီချင်းဆိုနေမိလား မေဂျာ။ တကယ်တော့ ကျွန်မရင်ထဲက ဖြစ်ချင်တာတွေကို စာစီရင်းနဲ့ ပါးစပ်က အသံထွက်သွားတာပါ"

သူ့ရဲ့အရှေ့က စားသောက်စရာတွေကို မေဂျာက အားရပါးရ စားသောက်နေတယ်။

"မေဂျာ့ဘဝဟာ ငြီးငွေ့စရာပဲနော်။ တစ်ယောက်တည်းလို နေရတာ မေဂျာ မငြီးငွေ့ဘူးလား"

"အီမီလီအနားမှာ နေရရင် ကျုပ်မငြီးငွေ့ပါဘူး အီမီလီ"

"မေဂျာက စိတ်ပျိုလို့ ရုပ်နုနေတာပါ။ ပျော်ပျော်နေတတ်ပြီး စိတ်သောကကို ဖယ်ရှားတတ်လို့ အရွယ်တင်နေတာ မေဂျာ။ အဲဒီစိတ်ထားမျိုး ကျွန်မလည်း သဘောကျတယ်"

"ဟုတ်တယ်။ ကျုပ်ရဲ့ကိုယ်ခန္ဓာထက် ကျုပ်ရဲ့စိတ်က အများကြီး ပိုနုတယ်"

"မေဂျာ့ရဲ့အိမ်က အမျိုးသမီးကသာ ဒီထက်ကောင်းကောင်းသာ ပြုစုပေးခဲ့ရင် မေဂျာဒီထက်ပိုပြီး နုပျိုမှာနော် ဒမေဂျာ"

"ဘယ်လိုပြောတယ် အီမီလီ။ အရင်တုန်းက ဒီလိုတစ်ခါမှ အီမီလီ မပြောခဲ့ဖူးပါဘူး။ တစ်ခုခုများ မကျေမနပ်စရာ ရှိနေလား အီမီလီ"

"ဟုတ်တယ် မေဂျာ။ ခင်ပွန်းသည် မေဂျာကို ကောင်းကောင်းမပြုစုတဲ့ ဇနီးသည်ကို မကျေနပ်တာပါ"

အဲဒီလို ပြန်ဖြေရင်း အီမီလီက သူ့ရဲ့ဦးခေါင်းကို ငုံ့လိုက်တယ်။ ပြီးတော့မှ အသံခပ်တိုးတိုးနဲ့ –

"မေဂျာသာ ခွင့်ပြုရင် အဲဒီလို ပြုစုတဲ့ အခွင့်အရေးကို ကျွန်မ ရချင်ပါတယ်"

"ဟား ... ဟား ... အဲဒီလို ပြုစုမယ်ဆိုရင် သိပ်ကောင်းတာပေါ့ အီမီလီ"

ဆိုဖာပေါ်မှာ ထိုင်နေတဲ့ မေဂျာ့ရဲ့ နားထင်ကြောတွေကို အီမီလီက အသာအယာ နှိပ်ပေးလိုက်တယ်။ ပြီးတော့ မေဂျာ့ရဲ့ နားရွက်နားကို ကပ်ပြီး စကားသုံးလေးလုံးကို တိုးတိုးလေး ပြောလိုက်တော့ မေဂျာက သိပ်သဘောကျပုံ ပေါ်သွားလေရဲ့။

"မေဂျာ ကျွန်မကို ဘာအမိန့်ပေးမလဲ။ ကျွန်မလိုက်နာဖို့ အဆင်သင့်ပါပဲ မေဂျာ"

"တကယ်နော် အီမီလီ။ ဟောဒီပြတင်းပေါက်က ခုန်ချပါလို့ အမိန့်ပေးရင်ရော အီမီလီဘယ်လိုလုပ်မလဲ"

"ဒါ မထူးဆန်းပါဘူး။ မေဂျာ့အပေါ် တကယ်သံယောဇဉ် ရှိနေမှတော့ မေဂျာက ကောင်းတယ်ထင်လို့ ပြောတာမှန်သမျှကို အမှန်ပဲလို့ ယူဆပြီး ကျွန်မက လိုက်နာဆောင်ရွက် လုပ်ကိုင်မှာပါ"

မေဂျာက ထိုင်ရာက မတ်တတ်ရပ်လိုက်တယ်။

"အီမီလီ ကျုပ်ပြောတဲ့အတိုင်း လိုက်နာမယ်ဆိုရင် ..."

နောက်ဆုံး စကားလုံးတွေကိုတော့ အီမီလီနားနားကို ကပ်ပြီး တိုးတိုးလေး မေဂျာကပြောလိုက်တယ်။

အီမီလီကလည်း လှိုက်လှိုက်လှဲလှဲ ပြန်ပြုံးပြပြီး အသာအယာ ခေါင်းညိတ်ပြလိုက်တယ်။

ဒါကတော့ သူတို့နှစ်ဦးရဲ့ မေတ္တာဟာ နောက်ဆုံးအဆင့်ကို ကျော်သွားပြီဆိုတဲ့ အမှတ်အသားပေါ့ဗျာ။

အီမီလီ အိပ်ရာကနိုးတော့ သူ့ရဲ့ဘေးက ခရစ်စတိုဖာကတော့ နှစ်နှစ်ကာကာ အိပ်ပျော်နေတုန်း ရှိသေးတယ်။ အီမီလီက အိပ်ခန်းထဲက ထွက်သွားပြီး မကြာခင်ဘဲ အိပ်ခန်းထဲကို လင်ပန်းတစ်ခုကိုကိုင်ပြီး ပြန်ဝင်လာတယ်။ လင်ပန်းထဲမှာတော့ ပစ္စည်းတစ်ခုခုကို လက်ကိုင်ပဝါနဲ့ ဖုံးအုပ်ထားတာကို ခရစ်စတိုဖာက လှမ်းတွေ့လိုက်တယ်။

"မေဂျာ အိပ်ရာက နိုးသွားတော့ နဲ့ အတော်ပဲ။ နောက်ထပ် အမိန့်တစ်ခု ကျွန်မကို မေဂျာ အမိန့်ပေးပါ"

"ဘာများတုံး အီမီလီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီလင်ပန်းထဲမှာ ပစ္စည်းတစ်ခုကို လက်ကိုင်ပဝါတစ်ထည်နဲ့ ဖုံးအုပ်ထားပါတယ်။ အဲဒီလက်ကိုင်ပဝါကို ဖွင့်ရမလား မေဂျာက အမိန့်ပေးပါ။ မေဂျာ့အမိန့်အရ ကျွန်မက လိုက်နာဆောင်ရွက်မှာပါ"

ခရစ်စတိုဖာက အိပ်ရာက လူးလဲထလိုက်ပြီး သူ့ရဲ့အဝတ်တွေကို ဝတ်လိုက်တယ်။ သေသေချာချာ လင်ပန်းထဲကို သူကြည့်လိုက်တော့ ပစ္စည်းတစ်ခုကို လက်ကိုင်ပဝါနဲ့ ဖုံးအုပ်ထားတာကို သူတွေ့ရတယ်။ ဘာပစ္စည်းမှန်း သူမသိဘူး။ အဲ ... သူ့ရဲ့ချစ်သူ အသစ်ကလေးရဲ့ ပဟေဠိပုစ္ဆာဆိုတော့ သူကလည်း စိတ်ဝင်စားသွားတယ်။

"အိမီလီ ဖွင့်ချင်ရင်ဖွင့်လေ"

"အဲဒီလို မဟုတ်ဘူး။ မေဂျာက ဖွင့်ဆိုမှ ဖွင့်မှာ။ မေဂျာကသာ အမိန့်ပေးပါ"

"ကဲ ... ကဲ ...အိမီလီ သဘောကျတယ်ဆိုရင် လက်ကိုင်ပဝါကို ဖွင့်စေဗျာ"

အိမီလီက ပိတ်စကို ဆွဲဖွင့်လိုက်တော့ အမျိုးသမီးအရုပ်ကို သူတွေ့ရတယ်။ ဖယောင်းနဲ့ပုံဖော်ထားတဲ့ အမျိုးသမီးအရုပ်။ ဖယောင်းနဲ့ လုပ်ထားပေမယ့် အသားအရောင်ကတော့ လူတွေရဲ့ အသားအရောင်အတိုင်း ဖြစ်နေတယ်။ ဆံပင်ကလည်း တကယ့်လူသား အမျိုးသမီးတစ်ဦး ဆံပင်။ ရွှေဝါရောင်ဖျော့ဖျော့။ မျက်လုံးက ပြူးကျယ်ကျယ်နဲ့။ မျက်မှောင်ကုတ်ထားလို့ မျက်နှာကြောတွေတင်းပြီး ဒေါသထွက်နေတဲ့ပုံစံပေါ်နေတယ်။ ဒီဖယောင်းရုပ်ရဲ့ မျက်နှာပေါက်က ခပ်ဆိုးဆိုးပေါ့ဗျာ။ ခရစ်စတိုဖာက ဒီအမျိုးသမီးအရုပ်ကို ကြည့်ပြီး –

"အဲ ဒီမျက်နှာပေါက်မျိုးကို ငါတွေ့ဖူးသလိုပဲ"

■ ■ ■

*ဒီမှာ မေဂျာ။*
*သူသေသွားလို့*
*မေဂျာ့အပေါ်မှာ*
*ဘယ်သူကမှ*
*သံသယမရှိစေရဘူး။*
*သူသေတာကလည်း*
*သဘာဝအတိုင်း*
*သေတယ်လို့ပဲ*
*လူတိုင်းကထင်စေရမယ်။*
*ဒီလုပ်ငန်း*
*တစ်ခုလုံးဟာ*
*မေဂျာ့အကျိုးအတွက်*
*သက်သက်ပါ။*
*ဒီလုပ်ငန်းထဲမှာ*
*မေဂျာက ဘာတစ်ခုမှ*
*ဝင်ရောက်*
*လုပ်ကိုင်စရာလည်း*
*မလိုဘူး။*

ဒါနဲ့ အမျိုးသမီးရုပ်ရဲ့ ကိုယ်လုံးကိုယ်ထည်ပိုင်းကို သူဆက်ကြည့်လိုက်တော့ ရင်အုံက မို့မို့မောက်မောက်၊ ကိုယ်လုံးက ဂင်တိုတို ပုအိုက်အိုက်။ ခြေသလုံးတွေက တုတ်တုတ်ခိုင်ခိုင်ဆိုတော့ ...

"ဟိုက် ... ဒါ ...မေဘယ်နဲ့တူတဲ့ ဖယောင်းရုပ်ပါလား။ မေဘယ့်ရဲ့ ကိုယ်ပွားအရုပ် ဟုတ်တယ်မဟုတ်လား အိမီလီ"

အိမီလီက ဘာမှပြန်မဖြေဘဲ အရုပ်နဲ့လင်ပန်းကို စားပွဲပေါ်မှာ ချထားလိုက်တယ်။ နောက်စားပွဲ တစ်လုံးဆီကိုသွားပြီး အံဆွဲထဲက သံချွန်တစ်ခုကို ယူထုတ်လိုက်တယ်။ အဲဒီသံချွန်ကို ဖယောင်းတိုင်မီးနဲ့ ပူလာအောင် ကင်လိုက်ပြီး –

"မေဂျာ ဟောဒီသံချွန်နဲ့ ဟောဒီအရုပ်ရဲ့ နှလုံးသားနေရာကို ကျွန်မထိုးစိုက်လိုက်ရမလား"

"မလုပ်နဲ့။ ဘုရားသခင်က အဲဒီလိုလုပ်တာကို မကြိုက်ဘူး အိမီလီ"

အိမီလီက နောက်ကိုတွန့်သွားတယ်။

"ဒီလိုလုပ်ရတာ မေဂျာ စိတ်ချမ်းသာဖို့ အတွက်ပါ။ မေဂျာက သူ့ကို မချစ်တော့ဘူး။ သူကလည်း မေဂျာ့ကိုအထင်သေးတယ်။ အကောင်းဘက်က ဘယ်လိုမှ သူက မမြင်ခဲ့ဘူး။ ဒီတော့ မေဂျာ စဉ်းစားကြည့်လေ။ ရှေ့ဆက်ပြီး အတူနေလို့လည်း ပျော်ရွှင်စရာ၊ စိတ်ချမ်းသာစရာ တစ်ကွက်မှ ရှိမှာမဟုတ်ဘူး။ ပိုပိုပြီး မေဂျာ စိတ်ညစ်နေရမှာ"

အိမီလီက အဲဒီလို အကြောင်း

www.burmeseclassic.com

အကျိုးရှင်းပြရင်းနဲ့ သူ့ရဲ့လက်ထဲက သံချွန်ကို မီးဆက်ကင်လိုက်တယ်။

"ဒီမှာ မေဂျာ။ သူသေသွားလို့ မေဂျာ့အပေါ်မှာ ဘယ်သူကမှ သံသယမရှိစေရဘူး။ သူသေတာကလည်း သဘာဝအတိုင်း သေတယ်လို့ပဲ လူတိုင်းက ထင်စေရမယ်။ ဒီလုပ်ငန်းတစ်ခုလုံးဟာ မေဂျာ့အကျိုးအတွက် သက်သက်ပါ။ ဒီလုပ်ငန်းထဲမှာ မေဂျာက ဘာတစ်ခုမှ ဝင်ရောက်လုပ်ကိုင်စရာလည်း မလိုဘူး။ အခု သံချွန်နဲ့ထိုးလိုက်လို့သာ အမိန့်ပေးရုံ ပေးရမှာပါ မေဂျာ"

"ဗိုး ...တယ်ခက်ပါလား။ မေဘယ်ကလည်း တစ်ခါမှ ကျုပ်အပေါ် အကောင်းမမြင်ခဲ့လေတော့ ကဲလေ ...အီမီလီ သဘောကျရင် သံချွန်ကို ထိုးစိုက လိုက်ပေတော့"

"ဒါဟာ မေဂျာ့ရဲ့ အမိန့်ပဲ"

အချိန်အတော်ကြာအောင် မျက်တောင်မခတ်ဘဲ ဖယောင်းရုပ်ကို အီမီလီက စူးစူးစိုက်စိုက် ကြည့်နေခဲ့တယ်။ သူ့ရဲ့ပါးစပ်ကလည်း တစ်စုံတစ်ခုကို ရွတ်ဆိုနေတယ်။ ရွတ်ဆိုပြီးတာနဲ့ အရုပ်ရဲ့ လည်ပင်းကို သူ့ရဲ့လက်မနဲ့ လက်ညှိုးကိုသုံးပြီး ဖိညှစ်လိုက်တယ်။ လက်သည်းနဲ့လည်း ခြစ်ရာပေးလိုက်တယ်။

ဒီနောက်တော့ မီးရှိန်နဲ့ နီရဲနေတဲ့ သံချွန်ကိုယူပြီး ဖယောင်းရုပ်ရဲ့ လက်ဝဲဘက် ရင်အုံတည့်တည့်ကို အဲဒီသံချွန်နဲ့ ထိုးစိုက်ချလိုက်တယ်။

"ဟိုက် ...ဘုရား ...ဘုရား"

ဘုရားတလိုက်သူကတော့ ခရစ်စတိုဖာပါ။ သူ့ရဲ့မျက်လုံးအောက်မှာပဲ ဖယောင်းရုပ်ရဲ့ ခြေထောက်နှစ်ဖက်က သိသိသာသာ လှုပ်သွားတာကို သူတွေ့လိုက်ရတယ်။ အဲ ...ပြီးတော့ ဖယောင်းရုပ်ရဲ့မျက်လုံးနှစ်လုံးကလည်း ရှေ့ကို ပြူးထွက်လာသလို အထူးဆန်းဆုံးကတော့ ဖယောင်းရုပ်ရဲ့ပါးစပ်က နီနီရဲရဲအရည်တွေ၊ ဆိုပါစို့ သွေးစက်လိုအရည်တွေ စီးကျလာတာကို သူတွေ့လိုက်ရတယ်။

"မေဂျာ့ရဲ့အမိန့်အတိုင်း ကျွန်မဆောင်ရွက်ပြီးပါပြီ မေဂျာ"

"အတော်ရူးသွပ်တဲ့ ကိစ္စ။ အတော်ကြောက်စရာကောင်းတဲ့ လုပ်ရပ်ပဲ အီမီလီ။ ဒါတွေလုပ်ရအောင် အချိန်ဘယ်လောက်ကြာအောင် စီစဉ်ခဲ့ရသလဲ"

"ရှင်းပြရရင်တော့ အရှည်ကြီးပဲ။ ဒီဖယောင်းရုပ်လုပ်တာကတော့ မကြာပါဘူး။ ဒီပညာ သင်ရတာကတော့ နှစ်အကြာကြီး သင်ယူခဲ့ရတယ်"

"ဒါဟာ ...အရူးပဲ အီမီလီ။ မေဘယ်က ကျုပ်ရဲ့အိမ်မှာ အသက်ရှင်နေတာပဲ။ ဖယောင်းရုပ်ကို သံစူးနဲ့ထိုးတာနဲ့ မေဘယ်မသေပါဘူး။ အတော်ရူးတဲ့ အလုပ်"

ပြောပြောဆိုဆိုနဲ့ ခရစ်စတိုဖာဟာ သူ့ရဲ့အိမ်ကို တန်းပြန်လာခဲ့တယ်။ အဲ ...အီမီလီကတော့ ပါးနှစ်ဖက်ပေါ်ကို မျက်ရည်တွေစီးကျလို့ပေါ့။

ခရစ်စတိုဖာ အိမ်ပြန်ရောက်တော့ နေအတော်မြင့်နေပြီ။ အိမ်တိုင်းလို တံခါးဖွင့်ပြီး မိမိတို့ရဲ့ လုပ်ငန်းတွေလုပ်ဖို့ ပြင်ဆင်နေကြချိန်။ အဲ ...သူ့ရဲ့အိမ်ကတော့ တံခါးတောင် မဖွင့်သေးဘူး။

"ဒီအချိန်ဟာ မေဘယ် အိမ်အလုပ်တွေနဲ့ အလုပ်ရှုပ်နေချိန်ပဲ။ အခုတော့ တံခါးတွေတောင် မဖွင့်သေးပါလား"

တံခါးမကြီးက ပိတ်ရက်ပဲ ရှိသေးတယ်။ ချက်ထိုးထားတော့ သူဖွင့်လို့ မရဘူး။ ပြတင်းပေါက်တွေကလည်း ချက်ထိုးထားလို့ နောက်ဖေးဘက်ကို လှည့်လာခဲ့တယ်။ ဒီတံခါးကလည်း ချက်ထိုးလျက်ပဲ။

"ဟိုက် ...မေဘယ် တယ်အိပ်ပါလား။ ဘာအသံမှတောင်မကြားဘူး"

ဒါနဲ့ နောက်ဖေးတံခါးကို ရိုက်ဖွင့်ပြီး ဝင်လိုက်တော့ -

"ဘုရား ...မေဘယ် ဘယ်လိုဖြစ်တာလဲ"

အပေါ်ထပ်ကိုတက်တဲ့ လှေခါးခြေရင်းမှာ လဲကျနေတဲ့ မေဘယ့်တစ်ကိုယ်လုံးကလည်း ရေတွေရွှဲစိုနေပြီဆိုပါစို့ဗျာ။ ဘာအဝတ်အစားမှ သူ့ရဲ့ကိုယ်ပေါ်မှာလည်း မရှိဘူး။ မေဘယ်ဘေးမှာ ဒူးထောက်ပြီး မေဘယ်အသက်ရှူ မရှူကို စမ်းသပ်လိုက်တော့ -

"ဟင် ...မေဘယ် သေနေပြီ"

ရုတ်တရက် သူမတ်တတ် ပြန်ရပ်လိုက်ပြီး ဘေးဘီကို ကြည့်လိုက်တယ်။ လှေခါးတစ်ပေါ်မှာ ထိုင်နေတဲ့ သူ့ရဲ့သား စတီဗင်ကို တွေ့တော့

"စတီဗင် ဘယ်လိုဖြစ်တာလဲ"

"မနက်အစောကြီး .. အိမ်ပေါ်ထပ်က ရေချိုးခန်းထဲမှာ ရေချိုးတယ်။ ရေချိုးလို့ သိပ်မကြာခင်

www.burmeseclassic.com

မှာဘဲ ရေချိုးခန်းထဲက အမေအော်ဟစ်ပြီး အပြေးထွက်လာတယ်။ သူ့ရဲ့နောက်ကို ဝတ်စုံနက်ဝတ်ထားတဲ့ အမျိုးသမီးတစ်ဦးကလည်း အပြေးလိုက်လာတယ်။ ဒီလှေခါးအတိုင်း အောက်ထပ်ကို အမေက အပြေးဆင်းလာတယ်။ လှေခါးတစ်ဝက်လောက်ရောက်တော့ အမေက ခြေချော်ပြီး အောက်ကိုလိမ့်ကျလာတယ်။ အဲ့ဒီလို လဲကျပြီးကတည်းက အမေက အခုလိုပဲ ပြန်မထတော့ဘူး။ အမေ အအေးမိနေဦးမယ် ဒက်ဒီ။ အဝတ်အစားတွေဝတ်ပြီး စောင်ခြုံပေးလိုက်ပါလား”

“ဝတ်စုံနက်နဲ့ အမျိုးသမီးရော ဘယ်ရောက်သွားလဲ”

“အမေ့အော်သံကြားလို့ ကျွန်တော့်ရဲ့အိပ်ခန်းက ပြေးထွက်လာတော့ အမေကရှေ့က၊ အဲဒီအမျိုးသမီးက နောက်က ပြေးလိုက်လာတာ ကျွန်တော်တွေ့လိုက်ရတယ်။ အမေလိမ့်ကျပြီး လဲကျသွားတော့ အမေ့ဆီကို ကျွန်တော်အပြေးသွားပြီး ထူပေးသေးတယ်။ ဒါပေမယ့် အမေ့ကို ကျွန်တော်ထူပေးလို့ မရတော့ဘူး။ အဲ့ဒီအမျိုးသမီးလည်း ဘယ်ရောက်သွားလဲ ကျွန်တော်မသိဘူး ဒက်ဒီ”

ခရစ်စတိုဖာက တစ်အိမ်လုံးအနှံ့ ဒီအမျိုးသမီးကို လိုက်ရှာသေးတယ်။ ဘယ်သူ့ကိုမှမတွေ့ဘူး။ ပြီးတော့ တစ်အိမ်လုံးက တံခါးမတွေ၊ ပြတင်းပေါက်တွေကို ချက်ချပြီး ပိတ်ထားတယ်။ သူကိုယ်တိုင် နောက်ဖေးတံခါးကို ဖျက်ပြီး ဝင်ခဲ့ရတာဆိုတော့

“ဒီအမျိုးသမီး ဘယ်လိုလုပ်ပြီး အိမ်ထဲဝင်လာပါလိမ့်”

“ဒက်ဒီ အမေ့ကို အဝတ်ဝတ်ပေးဦးလေ။ အမေ အအေးမိနေဦးမယ်”

ခရစ်စတိုဖာဟာ စတီဗင်ရဲ့ စကားသံကြောင့် စတီဗင်ကို ဆွဲပွေ့လိုက်ပြီး သူ့ရဲ့ဦးခေါင်းကို လက်နဲ့ ပွတ်သပ်ပေးလိုက်တယ်။

“ဒက်ဒီ အမေ့ကို စိတ်ဆိုးအောင် မပြောရဘူးနော်”

“မင်းရဲ့အမေကို ဘယ်တော့မှ စိတ်ဆိုးအောင် ငါမလုပ်ပါဘူး စတီဗင်။ ဒက်ဒီကို နည်းနည်းလေးရှိသေရင် ဒက်ဒီကျေနပ်ပါတယ်ကွာ။ အခုတော့ ...”

“ဒက်ဒီ ...အမေ က အတော်အပြေးမြန်တယ်။ အမေ့နောက်ကို ဟိုအမျိုးသမီး လိုက်လို့မမီဘူး။ အဲ လှေကားထိပ်ရောက်တော့ အမေ့ ဘယ်ဘက်ရင်ဘတ်က ဘာဖြစ်လဲ မသိဘူး။ အမေက လက်နှစ်ဖက်နဲ့ ဖိပြီး ခါးကိုင်းကျသွားတယ်။ ခါးကိုင်းရက်နဲ့ပြေးတော့ ခြေချော်ကျသွားတာပေါ့ ဒက်ဒီ”

“ဘာပြောတယ်...စတီဗင်။ ဘယ်ဘက်ရင်အုံကို ဖိထားလိုက်တယ် ဟုတ်လား”

“ဟုတ်တယ် ဒက်ဒီ”

“ဟင် ...ဒါဆိုရင် အီမီလီ”

သူ့ရဲ့ပါးစပ်ထဲက အဲဒီလိုအသံထွက်သွားပြီး သူ့ရဲ့အတွေးထဲမှာတော့ ဖယောင်းရုပ်ကို အီမီလီက သံစူးချွန်နဲ့ထိုးချလိုက်တာကို တရေးရေးမြင်လာတယ်။

“ရုပ်လှသလောက် ရက်စက်တဲ့ အမျိုးသမီးတစ်ဦးပဲ။ ပရိယာယ်လည်း ကြွယ်လိုက်တာ။ သူ့ကို ဇနီးအဖြစ် ငါပေါင်းသင်းလို့ ဖြစ်ပါ့မလား။ အဲ ...သူ့ကို ငါ့ရဲ့ဘေးက ခွာထုတ်ဖို့ရော ငါ့မှာ အစွမ်းသတ္တိရှိသေးရဲ့လား။ ရှိရမယ်။ ရှိအောင်ကို ငါကြိုးစား ...”

“မေဂျာ ကျွန်တော်တို့ သုံးယောက် အေးအေးချမ်းချမ်းနဲ့ နေနိုင်ပါပြီ”

ဝမ်းသာကြည်နူးသံနဲ့ ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြောလိုက်တဲ့ အန်ဒါဝုရဲ့ စူးစူးရှရှအသံက သူ့ရဲ့နားထဲကို ဝင်လာခဲ့တယ်။ ဒါနဲ့ အသံလာရာ နောက်ဖေးတံခါးပေါက်ဆီကို သူလှမ်းကြည့်လိုက်တော့ ပြုံးရွှင်နေတဲ့ အန်ဒါဝု။ အဲ ...သူ့ရဲ့ဘေးမှာကတော့ အီမီလီ။ ကျေနပ်အားရတဲ့မျက်နှာနဲ့ အီမီလီ။ သူတို့နှစ်ဦးက သူ့ဆီကို ဦးတည်လာနေကြပြီ။

ခရစ်စတိုဖာ သတ္တိတွေ၊ ခွန်အားတွေမွေးမယ့် ခရစ်စတိုဖာ။ တကယ်ပဲ အီမီလီရဲ့အလှ၊ အီမီလီရဲ့ အယုအယတွေကို စွန့်ပစ်ပြီး သူ့ရဲ့ဘေးက အီမီလီကို ခွာထုတ်နိုင်ပါ့မလား။

သူတစ်ဦးတည်း အတွက်နဲ့တော့ အီမီလီကို ခွာထုတ်နိုင်ဖို့ သူမသေချာပေမယ့် သူ့ရဲ့သားတော်မောင် စတီဗင်ရဲ့ ရှေ့ရေး၊ နောက်ရေးတွေကို သူစဉ်းစားမိမယ်ဆိုရင်တော့ ...။

**ပြည်သင်းဟန်**

www.burmeseclassic.com

# ကားစီးပြီး အငှားယာဉ်မောင်းအား အကြောင်းမဲ့ရိုက်နှက်၍ ထောင်ဒဏ်ကျခံရ

လေးဝတီကျော်

အငှားယာဉ်မောင်းအား အကြောင်းမဲ့သက်သက် တိုက်ခိုက်ရိုက်နှက်ခဲ့သူ အလုပ်လက်မဲ့တစ်ဦးအား ယမန်နေ့က ထောင်ဒဏ်(၃)ပတ် ချမှတ်လိုက်သည်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့က ဆီရင်ကုန် မြောက်ပိုင်းရိပ်သာလမ်း၊ အမှတ်(၃)တွင် အသက် ၆၀ အရွယ် မစ္စတာအင်ခွန်အား အသက် ၃၀ အရွယ် ဘာယန်မတ်(ခ)အဒမ်ပီရီရာက ဝမ်းဗိုက်ကို လက်သီးဖြင့် ထိုးခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ဒုတိယအစိုးရရှေ့နေ ခရစ္စတိန်းလီယူက အခင်းဖြစ်နေ့ နံနက် ၅ နာရီ၊ မိနစ် ၂၀ ခန့်တွင် တိုက်ခိုက်ခံရသူက ပီရီယာအား ဆီရင်ကုန်ဥယျာဉ်လမ်းသို့ ကားဖြင့် တင်ဆောင်သွားခဲ့ကြောင်း။ ပီရီယာသည် ရှေ့ခန်း၌ထိုင်လျက် ဆီရင်ကုန် မြောက်ပိုင်းရိပ်သာလမ်း အမှတ်(၃)၊ အကွက်(၅၄၆)သို့ မောင်းရန် ညွှန်ကြားခဲ့ကြောင်း။ ၁၀ မိနစ်ခန့်အကြာ ထိုနေရာသို့ ရောက်သောအခါ ၎င်းက တိုက်ခိုက်ခံရသူအား ငွေသားပေးရန်မရှိဟု ပြောခဲ့ကြောင်း ပြောပြလိုက်သည်။

အငှားယာဉ်မောင်းက သုံးစွဲနိုင်သော ငွေသားကို ပေးနိုင်ကြောင်း၊ သို့မဟုတ်ပါက Master Card ကိုပေးနိုင်ကြောင်း ပြောကြားရာ ပီရီယာသည် နောက်ပိုင်း ကျသင့်ငွေ ဒေါ်လာ ၇.၅၀ ကို ပေးလိုက်သည်။ သို့သော် သူသည် ကားပေါ်မှ မဆင်းသေးဘဲ အငှားယာဉ်မောင်းအား အော်ဟစ်ကာ ဝမ်းဗိုက်ကို လက်သီးဖြင့်ထိုးလိုက်သည်။ မစ္စတာအင်က ကားထဲမှ အပြင်သို့ ထွက်လိုက်ရာ ၎င်းက နောက်မှဆက်လိုက်ပြီး အော်ဟစ်နေသည်။

ခဏအကြာတွင် ပီရီယာမိသားစုဝင်များ အခင်းဖြစ်နေရာသို့ ရောက်ရှိလာပြီး ငြိမ်သက်အောင် ထိန်းသိမ်းလိုက်ကြသည်။ သူတို့နေရာမှ ရုတ်ရုတ်သဲသဲအသံကို ကြားခဲ့ပြီး အသံကိုပါ မှတ်မိသွားခဲ့သည်။ ၎င်းအား သူတို့ခေါ်သွားပြီး မစ္စတာအင်အား ထပ်မံထိုးကြိတ်ရန် ကြိုးစားခဲ့သေးသည်။ အခင်းဖြစ်သည့်ညက သူ့အမူသည်သည် အရက်အနည်းငယ် သောက်ထားခဲ့ကြောင်း၊ ယခုအခါ သူ့အပြုအမူအတွက်



နောင်တရလျက်ရှိကြောင်း ပီရီယာ၏ရှေ့နေက တင်ပြလိုက်သည်။ သူသည် ၂၀၀၅ ခုနှစ်က မဆင်မခြင်သော အပြုအမူကြောင့် ပြစ်ဒဏ်နှစ်ကြိမ် ကျခံခဲ့ဖူးသည်။

ပီရီယာသည် နစ်နာသူယာဉ်မောင်းအား တိုက်ခိုက်စဉ် နှုတ်ဖြင့်ရော၊ လက်ဖြင့်ပါ ခံစားစေရန် စော်ကားခဲ့ရာ ယင်းမှာ လုံးဝအကြောင်းမဲ့သက်သက်ဖြစ်ကြောင်း ခရိုင်တရားသူကြီး တန်ဘွန်ဟင်က ပြောကြားလိုက်ပြီး အငှားယာဉ်မောင်း ပြင်းပြင်းထန်ထန် ဒဏ်ရာမရရှိခဲ့ခြင်းမှာ ကံကောင်းထောက်မခြင်းဖြစ်ကြောင်း၊ သို့မဟုတ်ပါက စီရင်ချက်သည် ပိုမိုကြီးလေးနိုင်ကြောင်း ပြောကြားလိုက်သည်။ ပီရီယာအား စီရင်ချက်ချမှတ်ရန် လာမည့် ကြာသပတေးနေ့သို့ ရက်ချိန်းပေးလိုက်သည်။ သူသည် ထောင်ဒဏ် (၂)နှစ်ထိ၊ သို့မဟုတ် ငွေဒဏ်ဒေါ်လာ ၅,၀၀၀ ထိ ကျခံနိုင်သည်။

လေးဝတီကျော်

***Ref:-***

Man jailed for unprovoked attack on cabby after ride, The Straits Times, Friday, September, 2014.



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သဲကိုးဖျာ ဆိုသည်မှာ

ရှင်ဒေါင်းယဉ်

မိန်းမပျိုသည် ကြက်သွေးရောင် ဘီကီနီ Two Pieces ကို ဝတ်ဆင်ထားသည်။ သူမ၏ နို့နှစ်ရောင် အသားနှင့် လိုက်ဖက်နေသည်။ စိမ်းမြသောမြက်ခင်းနုနုပေါ်တွင် ပန်းနုရောင် မွေးပွဝတ်ရုံကြီးကို ဖြန့်ခင်းထားသည်။

မိန်းမပျိုက ထိုဝတ်ရုံကြီးပေါ်တွင် ပက်လက်အနေအထားဖြင့် လဲလျောင်းနေခြင်းဖြစ်သည်။ နေရောင်ခြည်နုနုနွေးနွေးသည် မိန်းမပျို၏ ခန္ဓာကိုယ် အမို့၊ အမြင့်၊ အပြေအလျော့တို့အပေါ်သို့ ကျရောက်နေသည်။

သူမနှင့် ခြေနှစ်လှမ်းစာအကွာတွင် ရေကူးကန်တစ်ကန်ရှိသည်။ ထိုရေကူးကန်နှင့် ကိုက်တစ်ရာအဝေးတွင် အလွန်တရာ ကြီးကျယ်ခမ်းနားထည်ဝါသော သုံးထပ်စံအိမ်ကြီးရှိသည်။

ထိုစံအိမ်ကြီးနှင့် ရေကူးကန်၊ ပန်းဥယျာဉ်တို့တည်ရှိရာ ခြံဝင်းကျယ်ကြီးသည် ရှစ်ဧကမျှ ကျယ်ဝန်းပြီး၊ အဝေးပြေး ကားလမ်းမကြီးမှ ခွဲထွက်ခဲ့သော လမ်းမြွာအတိုင်း တစ်မိုင်ခန့်ကွာလှမ်းသည်။

မိန်းမပျိုက စောစောက ကြိုးကြိုးစားစား ရေကူးကန်တွင်း၌ ဖန်ဖလားတွင် ရွှေငါးမျိုးသည့်အသွင် ရွှေရင်လွှမ်းတုံ့ မလွှမ်းတုံ့ ကူးခပ်နေခဲ့ရသောကြောင့် တောက်ပရွှန်းလဲ့သောမျက်လုံးအစုံကို မှေးစင်းကာ ရှည်သွယ်ကော့လျားသော မျက်တောင်သွယ်ကြီးများဖြင့် ကန့်လန့်ကာချလျက် ဖုံးကွယ်ထားသည်။

ထိုမိန်းမပျိုနှင့် ငါးကိုက်မျှအကွာတွင် ဆပ်သွားဖူးပန်းရုံကြီးတစ်ရုံ သိပ်သည်းစွာ တည်ရှိသည်။ ထိုဆပ်သွားဖူး ပန်းရုံကြီးထဲတွင် လူသားနှစ်ယောက် ခိုအောင်းနေသည်ကို မည်သူမျှ သတိမထားမိကြပါချေ။

သူတို့နှစ်ယောက်၏ အမြင်အာရုံတို့သည် မိန်းမပျိုထံသို့ လုံးလုံးလျားလျား ရောက်နေကြသည်။ သူတို့သည် လွန်ခဲ့သော နာရီဝက်ခန့်ကတည်းက ဤခြံဝင်းအတွင်းသို့ ရောက်ရှိနေခဲ့ကြပြီး ဤပန်းရုံကြီးအတွင်းတွင် ဆယ်မိနစ်တိုင်တိုင် ပတ်ဝန်းကျင်အရိပ်အခြည်ကို စောင့်ဆိုင်းလေ့လာနေခဲ့ကြသည်။

စံအိမ်ကြီးအတွင်း၌ လှုပ်ရှားသွားလာနေကြသော အသွင်သဏ္ဌာန်များ၊ ရယ်မောသံနှင့် စကားသံများမှ တစ်[illegible]း မည်သူတစ်ဦးတစ်ယောက်ကမှ ဤမိန်းမပျိုရှိရာ ရေကူးကန်ဝန်းကျင်သို့ ခြေဦးလှည့်ခြင်း မပြုခဲ့ကြပါချေ။

"ဟိတ် . . . ဗျတ္တ၊ လုပ်ငန်းစမယ်"

တစ်ယောက်က လေသံသဲ့သဲ့ဖြင့် အချက်ပေးသည်။

ထို့နောက် သူတို့နှစ်ယောက်သား ဆပ်သွားဖူးပန်းရုံကြီးထဲမှ တိုးထွက်ခဲ့ကြသည်။ ကင်းပတ်စ်ရှူး ဖိနပ်များဖြင့် မြက်ခင်းရှရှပေါ်မှ ခြေဆင့်နောက်ဆင့် လျှောက်သွားကြသည်။

မိန်းမပျိုအနီးသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားသည်။

မိန်းမပျို ဆဋ္ဌအာရုံ၏ နှိုးဆော်ချက်ကြောင့် အမှတ်မထင် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိသည်။

နေရောင်ခြည်နွေးကို ကျောပေးထားသော လူသားနှစ်ယောက်က သူမကို ငုံ့ကြည့်နေရာမှ သူမ၏ဘေးတွင် ချက်ချင်းပြိုင်တူ ဒူးထောက်လျက်သား ထိုင်ချလိုက်သည်ကို တွေ့လိုက်ရသည်။

"ဒါ . . . ဘာလုပ်မလို့လဲ၊ ရှင်တို့ ဘယ်သူတွေလဲ"

မိန်းမပျိုက ထိတ်လန့်ခြင်းတစ်ဝက်၊ အံ့အားသင့်မှုတစ်ပိုင်း ပေါင်းစပ်လျက် မေးလိုက်သည်။ တစ်ချိန်တည်း

www.burmeseclassic.com

မှာပင် လဲလျောင်းနေရာမှ လက်ထောက်၍ ထိုင်လျက်အနေအထားသို့ ပြောင်းလဲလိုက်သည်။ အော်ဟစ်အကူအညီတောင်းရန် ပါးစပ်ဟာသည်။

သို့ရာတွင် အနည်းငယ် နောက်ကျသွားသည်။

တစ်ယောက်သော လူသားက လက်တွင်း၌ အဆင်သင့်ဆုပ်ကိုင်ထားသော လက်ကိုင်ပဝါဖြင့် မိန်းမပျို၏ နှာခေါင်းပေါက်ဝန်းကျင်တစ်ခုလုံးကို ဖိအုပ်ထားလိုက်သည်။

မိန်းမပျိုက တစ်ချက်နှစ်ချက်မျှ လွန့်လူးရုန်းဖယ်သည်။

နီးရာလူသားကို ဒူးကွေး၍ ဆန့်ထုတ်ဆောင့်ကန်သေးသည်။ သို့ရာတွင် သူမ၏ကန်ချက်သည် ထိရောက်မှု မရှိပါချေ။ တစ်မိနစ်မျှသော အချိန်အတွင်း၌ မိန်းမပျို၏တစ်ကိုယ်လုံး ပျော့ခွေငြိမ်သက်သွားသည်။

တစ်ယောက်က သူမလဲလျောင်းရာဖြစ်သော မွေးပွထတ်ရုံကြီးဖြင့် သူမ၏ တစ်ကိုယ်လုံးကို ရစ်ပတ်လိုက်သည်။ ထို့နောက် သူမကို ချွေ့ခနဲ ပွေ့ကာ သူ့ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။

သူတို့နှစ်ယောက်သည် ဆပ်သွားဖူး ပန်းရုံကြီးနှင့် စံပယ်ပန်းရုံ၊ မြတ်လေး၊ စွယ်တော် အစရှိသည့် ပန်းရုံများအကြားမှ အရှိန်အဟုန်ဖြင့် ပြေးခဲ့ကြသည်။

မကြာမီ ခြံဝင်းအပြင်ဘက် မရန်းချုံပင်အုပ်အုပ်အောက်တွင် ရပ်ထားသော ဝီလီဂျစ်ကားတစ်စီး စက်နှိုးမောင်းထွက်သွားသံ ကြားလိုက်ရသည်။

ထိုကားပေါ်တွင် ကားမောင်းသူဗျတ္တ၊ မွေးပွထတ်ရုံကြီးဖြင့် ပတ်ထားသော သတိလစ်နေသည့် မိန်းမပျိုနှင့် ဗျတ္တ၏အဖော် ယက္ခတို့ သုံးယောက်သာ ပါသွားသည်။

မကြာမီ ထိုဝီလီဂျစ်ကားသည် လမ်းမာမှတစ်ဆင့် ဟိုက်ဝေးအဝေးပြေးလမ်းမကြီးပေါ်သို့ ချိုးကွေ့မောင်းတက်လိုက်ပြီးနောက် အရှိန်အဟုန်ဖြင့် ဆက်လက်သွားနေသည်။

ထိုအခိုက်အတန့်တွင် ကားလမ်းပေါ်တွင် လူနှင့်ယာဉ် အသွားအလာ လုံးဝရှင်းနေသည်။

* * *

မိန်းမပျို ပြန်လည်သတိရလာသည်။

သူမ၏ ဦးခေါင်းထဲတွင် ရီဝေထိုင်းမှိုင်းနေသည်။ သူမ၏ လက်နှစ်ဖက်ကို ကျောနောက်တွင် ထား၍ လက်ပြန်ကြိုး တုပ်ထားသည်။ သူမ၏ ကိုယ်ခန္ဓာတစ်ခုလုံး မွေးပွထတ်ရုံကြီးဖြင့် လုံလုံခြုံခြုံ ရစ်ပတ်ခြုံလွှမ်းစည်းနှောင်ထားသည်။

ထိုသို့ လုံခြုံစွာ ဝတ်ဆင်ပေးထားခြင်းကို ထောက်ချင့်၍ ထိုလူသားနှစ်ယောက်သည် တဏှာရူးမဟုတ်ကြောင်း သိသာနိုင်သည်။

မိန်းမပျိုက သူမ၏ဝန်းကျင်ကို တစ်ချက်မျှ မျက်လုံးဝေ့ကြည့်လိုက်သည်။ ထိုအခါ သူမသည် မော်တော်ဘုတ်တစ်စီးအတွင်း၌ ရောက်ရှိနေကြောင်း သိလိုက်ရသည်။

မြစ်ရေလှိုင်း ရိုက်ခတ်မှုကြောင့် မော်တော်ဘုတ်သည် ကြွချည်၊ နိမ့်ချည်ဖြင့် လူးလွန့်လှုပ်ရှားနေသည်။ သို့ရာတွင် ရွေ့လျားခြင်းမရှိ။ မြစ်ကမ်းစပ်ငုတ်တိုင်တွင် ကြိုးချည်ထားသောကြောင့် ဖြစ်သည်။

လူသားတစ်ယောက်က မော်တော်ဘုတ်အမိုးအောက်အတွင်းထဲသို့ ဦးခေါင်းငုံ့လျှိုးလျက် ဝင်လာသည်။ မိန်းမပျိုနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် အကွာအဝေးမှာ လက်တစ်ကမ်းစာမျှ ရှိသည်။

"မင်းသတိရလာပြီကိုး"

ထိုသူက မှတ်ချက်ချလိုက်သည်။

"ကျွန်မ အခု ဘယ်ရောက်နေတာလဲ။ ရှင်တို့ ကျွန်မကို ဘာလုပ်ဖို့ ခေါ်လာကြတာလဲ"

သူမ၏ မေးခွန်းကို ထိုသူ မဖြေနိုင်မီ မော်တော်ဘုတ်တွင်းသို့ နောက်တစ်ယောက် ဆင်းလာသည်။ နောက်ထပ် ဆင်းလာသူ၏ မျက်နှာထားက မာကျောသည်၊ ခက်ထန်ကြမ်းကြုတ်သည့်အသွင်သဏ္ဍာန်မျိုး ဖြစ်သည်။ သူမတူအောင် ရက်စက်နိုင်မည့် အမူအရာမျိုး။

ထိုသူက ပထမလူနှင့် မိန်းမပျိုကို တစ်လှည့်စီ စူးစူးရဲရဲကြည့်၍

"မင်းကို သူက ဘာတွေစပ်စုနေတာလဲ ဗျတ္တ"

ဟု မေးသည်။

"သူ့ကို ဘာလုပ်မလို့လဲတဲ့"

ဗျတ္တဆိုသူ ပထမလူက မပြောချင်ပြောချင်ဖြင့် ဖြေသည်။

"အဲဒီတော့ မင်းက ဘာပြန်ပြောလိုက်လဲ"

"ဘာမှမပြောခင် မင်းရောက်လာတယ်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် အတော်ကြာကြာ မျက်လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

ဆုံနေကြသည်။

"ဒီမှာ . . . ကျွန်မလက်ကို ကြိုးဖြေပေးစမ်းပါ။ ချုပ်ထားတာ အရမ်းတင်းလို့ သွေးမလျှောက်ဘဲ ထုံကျင်နေပြီ"

မိန်းမပျိုက ရဲရဲတင်းတင်း ပြောသည်။

"ဖြေပေးလိုက်စမ်း . . . ဗျတ္တ။ နောက်ပြီး နင်ထွက်ပြေးဖို့ မကြိုးစားနဲ့နော်။ နင် ဒီနေရာက လွတ်မြောက်စရာ အကြောင်းမရှိဘူး။ နင်ဘယ်လောက်အော်အော် ဘယ်သူမှ ကြားနိုင်မယ့် နေရာမျိုးမဟုတ်ဘူး။ နင် အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်နေသမျှ လုံးဝ ပြဿနာမရှာဘူး၊ ရှင်းလား . . ."

"ရှင်တို့ပြောတာမှန်ပါတယ်။
ဒါပေမယ့် ကျွန်မကို အခုလို
ပြန်ပေးဆွဲလာတာကိုက
လုံးလုံးလျားလျားမှားနေတယ်။
ဦးချစ်ပန်းဆိုတဲ့
သူကြွယ်ကြီးက ကျွန်မလို
အမျိုးသမီးတစ်ယောက်
အတွက်
ငွေသိန်းတစ်ထောင်မပြောနဲ့
တစ်သိန်းတောင်
ပေးမှာ မဟုတ်ဘူး"

ဒုတိယလူက ခြိမ်းခြောက်သော အမူအရာဖြင့် ပြောသည်။

"ရှင်တို့ ဘာရည်ရွယ်ချက်နဲ့ ကျွန်မကို ဒီနေရာအထိ ခေါ်လာတာလဲ"

မိန်းမပျိုက ကြောက်လန့်မှုမပြ၊ တည်ငြိမ်စွာ မေးသည်။ ဗျတ္တဆိုသူက သူမကိုကြိုးဖြေပေးသည်။ အကယ်၍ သူမအနေဖြင့် ထိုလူသားနှစ်ယောက်ကို ကြောက်ရွံ့သော အမူအရာ ပြသမိခဲ့ပါက ပိုမိုခြောက်လှန့်ကြပေလိမ့်မည်ဟု တွေးမိသည်။

ထို့ကြောင့် ပကတိပုံမှန်အတိုင်း မေးလိုက်ခြင်းဖြစ်သည်။

"ငါတို့နှစ်ယောက်က ငွေကြေးများများစားစား ရဖို့အတွက် အလုပ်တစ်ခု လုပ်နေတာကွ"

ထိုသူက ပိုင်နိုင်စွာ ပြောသည်။

"ဘယ်လို အလုပ်မျိုးလဲ"

"မင်းအဖေ ဦးချစ်ပန်းဆီမှာ ငွေသန်းတစ်ထောင် တောင်းထားတယ်။ မင်းကို မွဲတစ်ပေါက်မစွန်းဘဲ အသက်ရှင်လျက် ပြန်ရချင်ရင် သိန်းတစ်ထောင်ပေးရမယ်"

"ဘာပြောတယ်။ ဟား . . . သိန်းတစ်ထောင်ဟုတ်လား။ ရှင်တို့ ဒါဆို ကျွန်မကို ပြန်ပေးဆွဲတာပေါ့နော် . . . ဟုတ်လား"

မိန်းမပျိုက အကြီးအကျယ် အံ့သြနေသည်။ ထိုအခါ ဗျတ္တက . . .

"အေး . . အဲဒီလို ပြောရင်လည်း ရတယ်။ မင်းအဖေ ဦးချစ်ပန်းဟာ သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာတဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက်ပါ။ သူ့လုပ်ငန်းတွေဟာ စက္ကန့်နဲ့အမျှ တိုးပွားတယ်။ ရွှေငွေရတနာဆိုတာ သူ့မှာ ထားစရာနေရာတောင် မရှိတော့လို့ ကမ္ဘာ့ဘဏ်တွေမှာ အပ်နှံထားတဲ့အတွက် လစဉ်၊ နှစ်စဉ် အတိုးငွေတွေကလည်း တက်နေသေးတယ်။ ဒါကြောင့် ငါတို့နှစ်ယောက် တောင်းဆိုတဲ့ ငွေသိန်းတစ်ထောင်ဆိုတာ သူ့အတွက် ဘာမှ မပြောပလောက်ပါဘူး။ သူ နိုင်ငံခြားသွားပြီး ပြည်ပလုပ်ငန်းရှင်ကြီးတွေကို ဒင်နာပါတီ ကျွေးတဲ့အခါ၊ လက်ဆောင်ပစ္စည်းတွေပေးတဲ့အခါ ကုန်ကျစရိတ်ဟာ ငါတို့တောင်းတဲ့ငွေထက် အဆမတန်များပါသေးတယ်ကွာ"

ဟူ၍ ပြေပြေပြစ်ပြစ် ရှင်းပြသည်။ ဗျတ္တ၏စကားအဆုံးတွင် မိန်းမပျိုက ဦးခေါင်းညိတ်ပြသည်။

"ရှင်တို့ပြောတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်မကို အခုလို ပြန်ပေးဆွဲလာတာကိုက လုံးလုံးလျားလျားမှားနေတယ်။ ဦးချစ်ပန်းဆိုတဲ့ သူကြွယ်ကြီးက ကျွန်မလို အမျိုးသမီးတစ်ယောက်အတွက် ငွေသိန်းတစ်ထောင် မပြောနဲ့ တစ်သိန်းတောင် ပေးမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ဗျတ္တနှင့် သူ့အဖော်က ပြိုင်တူ မေးကြသည်။

"ရှင်တို့က ကျွန်မကို ကျိုကျိုတက် ကြွယ်ဝချမ်းသာတဲ့ ကမ္ဘာကျော် စီးပွားရေးလုပ်ငန်းရှင်ကြီး ဦးချစ်ပန်းရဲ့ သမီး ဖူးငုံချစ်ပန်းလို့ ထင်နေကြတာ မဟုတ်လား"

"အင်းလေ၊ အဲဒါ ဘာဖြစ်လဲ"

တစ်ယောက်က ချက်ချင်းပြန်တုံ့ပြန်သည်။

"ကျွန်မက ဖူးငုံချစ်ပန်း မဟုတ်

www.burmeseclassic.com

ဘူး။ ဖူးငုံချစ်ပန်းရဲ့ မော်ဒယ်လ်နည်း ပြ လုသူဇာတဲ့။ ဒါဆို ရှင်တို့ ဖူးငုံချစ်ပန်းကို မမြင်ဖူးတာ သေချာသွားပြီ"

အမျိုးသမီးက ဂိုင်နိုင်စွာ ပြောသည်။

"ဟာ ...ဒါဆို ပြဿနာပဲ။ တို့ ဘာဆက်လုပ်ကြရင် ကောင်းမလဲ ယက္ခ"

ဇျတ္တဟုဆိုသူက သူ့အဖော် ယက္ခကို လှမ်းမေးသည်။

"ငါကတော့ ဒီဟာမ ပြောတာကို မယုံဘူး။ တို့ကို သက်သက်မဲ့ လှည့်စားနေတာဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် ဦးချစ်ပန်းဆီကို ငွေတောင်းတဲ့ စာပို့ထားပြီးပြီ။ မနက်ဖြန် မွန်းတည့်ချိန်ကျရင် ငွေလာပို့ရမယ့်နေရာကို ညွှန်ပြထားတယ်။ ငွေမရရင်ဘဲဖြစ်စေ၊ ဒါမှမဟုတ် ရဲနဲ့ ဆက်သွယ်တယ်ပဲဖြစ်စေ တစ်ခုခုလုပ်ရင်တော့ စာထဲကအတိုင်း ဒီအမျိုးသမီးကို ကမ္ဘာမြေပေါ်က ဖယ်ရှားပစ်လိုက်ရမှာပဲ"

ယက္ခက ပြောသည်။

"ရှင်မယုံလည်း မတတ်နိုင်ဘူး။ ကျွန်မ အမှန်အတိုင်းပြောပြတာ။ ရှင်တို့အစီအစဉ် ရေစုန်မျောသွားမှာ သေချာတယ်။ ဦးချစ်ပန်းရဲ့ တစ်ဦးတည်းသောသမီး ဖူးငုံချစ်ပန်းက ကျွန်မထက် သုံးနှစ်တိတိငယ်တယ်။ ကျွန်မက ဖူးငုံထက် သုံးနှစ်ပိုပြီးတယ်။ နောက်ပြီး ဖူးငုံက ကျွန်မထက်ပိုပြီး အသားအရေ ရွှေဝါရောင်တောက်ပတယ်။ တချို့က ဖူးငုံနဲ့ ကျွန်မ ရုပ်ချင်းဆင်တယ်လို့ ပြောကြတယ်။ ဒါပေမယ့် သူက ကျွန်မထက် ကိုယ်လုံးကျစ်ကျစ်လျစ်လျစ်ရှိတယ်။ တစ်ယောက်ချင်းကြည့်ရင် သိပ်ပြီးမကွဲပြားပေမယ့် နှစ်ယောက်အတူတူ ယှဉ်ပြီးကြည့်လိုက်ရင် ဖူးငုံရဲ့ အသားလေးက ပကတိ ဝါဝင်းနုဖပ် ရွှန်းလဲ့နေတာပဲ။ ကျွန်မ အသားအရေက ရှင်တို့အခုမြင်ရတဲ့အတိုင်း ကြမ်းထော်နေတယ်"

"ကျွန်မ ခိုင်ခိုင်မာမာ ကတိပြုပါတယ်ရှင်။ တကယ်လို့ ရဲတပ်ဖွဲ့ဝင်တွေက ရှင်တို့ရဲ့အသွင်သဏ္ဌာန်ကို မေးရင် ကျွန်မမျက်စိတွေကို တစ်ချိန်လုံး အဝတ်နက်နဲ့ စည်းထားလို့ လုံးဝ မတွေ့ခဲ့ရဘူးလို့ ပြောပါ့မယ်"

လှသူဇာက ပြည့်ပြည့်စုံစုံ ရှင်းပြသည်။

"ငါတို့က ဖူးငုံချစ်ပန်းကို ဂျာနယ်တွေထဲမှာ ဖော်ပြခဲ့တဲ့ မော်ဒယ်ရှိုးပွဲ သတင်းဓာတ်ပုံတွေထဲမှာသာ သန်းကြွယ်သူဌေးကြီး ဦးချစ်ပန်းရဲ့ သမီးအဖြစ်နဲ့ တွေ့ဖူး၊ မြင်ဖူးခဲ့တာ။ တစ်ခါတလေ မြို့မျက်နှာဖုံး ဂုဏ်သရေရှိတွေရဲ့ ပါတီပွဲတွေမှာ အဝေးကမြင်ဖူးရုံပဲဆိုတော့ အခုလို သောက်တလွဲတွေ ဖြစ်ကုန်တာပေါ့ကွ။ ကဲ .. ငါတို့ ဘာဆက်လုပ်ကြရင် ကောင်းမလဲ ယက္ခ"

ဇျတ္တက အကြံဉာဏ်တောင်းသည်။

"တကယ်လို့သာ ဒီအမျိုးသမီးပြောတဲ့အတိုင်း အမှန်ပဲဆိုရင်တော့ အခုအချိန်လောက်ဆိုရင် သူကြွယ်ကြီး ဦးချစ်ပန်းဟာ ငါတို့ရေးလိုက်တဲ့ စာကိုဖတ်ပြီး ခွက်ထိုးခွက်လန် ရယ်မောနေလောက်ပြီပေါ့ကွာ။ ဒါပေမယ့် ဒီအမျိုးသမီးကိုလည်း ပြန်လွှတ်ပေးလိုက်လို့ မဖြစ်ဘူးကွ"

"ဘာဖြစ်လို့လဲ"

ဇျတ္တက လျှပ်တစ်ပြက် မေးခွန်းထုတ်သည်။

"သူက တို့နှစ်ယောက်စလုံးကို သေချာတွေ့သွားပြီကွ။ ရဲတပ်ဖွဲ့ဝင်တွေက မေးရင် တို့ရဲ့ အသွင်သဏ္ဌာန်ကို ဖော်ထုတ်နိုင်မှာ သေချာတယ်။ ဒါကြောင့် အပြတ်ရှင်းမှဖြစ်တော့မယ်"

ယက္ခက ရက်စက်ကြမ်းကြုတ်စွာ ပြောသည်။

"အဲဒီလို မလုပ်သင့်ဘူးလို့ ငါထင်တယ် ယက္ခ။ တကယ်ဆိုရင် ဒီအမျိုးသမီးဟာ ငါတို့လိုပဲ ချို့ငဲ့နွမ်းပါးလို့ ဦးချစ်ပန်းဆီမှာ အခစားလုပ်နေရှာတာပါကွာ။ တို့အကြောင်း မပြောပြဘူးဆိုတဲ့ ကတိပေးရင် ပြန်လွှတ်ပေးသင့်တယ်။ ဘယ့်နှယ်လဲ အမျိုးသမီး"

ဇျတ္တက မိန်းမပျိုကို တစ်ဆက်တည်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ခိုင်ခိုင်မာမာ ကတိပြု ပါတယ်ရှင်။ တကယ်လို့ ရဲတပ်ဖွဲ့ဝင် တွေက ရှင်တို့ရဲ့ အသွင်သဏ္ဌာန်ကို မေးရင် ကျွန်မမျက်စိတွေကို တစ်ချိန် လုံး အဝတ်နက်နဲ့ စည်းထားလို့ လုံးဝ မတွေ့ခဲ့ရဘူးလို့ ပြောပါ့မယ်''

မိန်းမပျိုက အလေးအနက် ကတိပြုသည်။

ထိုအခိုက်အတန့်တွင် မြစ်ဆိပ် ကမ်းအနီးပတ်ဝန်းကျင်၌ လူရိပ်လူ ခြည် ရှိမရှိ လေ့လာရန် ယက္ခ မော် တော်ဘုတ်တွင်းမှ ခေတ္တထွက်ကြည့် သည်။

''နောက်ပြီး ရှင်က ဟိုလူဆိုးနဲ့ ရုပ်ရည်ရော၊ စိတ်နေသဘောထားပါ လုံးဝမတူဘူး။ ဟိုလူဆိုးက ယက္ခဆို တဲ့ နာမည်နဲ့လိုက်အောင် ဘီလူးသရဲ ကျနေတာပဲ။ ရှင်ကတော့ မွန်မွန်ရည် ရည်လူတစ်ယောက်ရဲ့ ဥပမိရုပ်မျိုး။ ဒါကြောင့် ယက္ခနဲ့ ဆက်ပေါင်းနေရင် ရှင်တစ်နေ့နေ့ ဒုက္ခရောက်လိမ့်မယ်''

အမျိုးသမီးက နှစ်ကိုယ်ကြား ပြောလိုက်သည်။

သို့ရာတွင် မိန်းမပျို၏ နောက် ဆုံး စကားပိတ်ဖြစ်သော ယက္ခနဲ့ ဆက်ပေါင်းနေရင် ရှင် တစ်နေ့နေ့ ဒုက္ခရောက်လိမ့်မယ် ဟူသောစကား ကို မော်တော်ဘုတ်အတွင်းသို့ ပြန်ဝင် လာသော ယက္ခက သဲသဲကွဲကွဲကြား လိုက်သည်။

ထို့ကြောင့် မျက်နှာကြီးကို ရှုံ့မဲ့ လျက် ရုတ်တရက် ရှေ့သို့ တစ်လှမ်း လှမ်းကာ မိန်းမပျို၏ မျက်နှာကို လက် ပြန်တစ်ချက် ဖြတ်ရိုက်လိုက်သည်။

သို့ရာတွင် ယက္ခ ထိုသို့ရိုက်နှက် တော့မည်ကို ကြိုတင်သိထားသော ဗျတ္တက ယက္ခ၏ လက်ကောက်ဝတ် ကို လျှပ်တစ်ပြက် ဖမ်းဆုပ်ဆွဲထားပြီး နောက်ဘက်သို့ တွန်းလိုက်သည်။

ထိုက်သင့်သည်ထက် ပို၍ ခွန် အားသုံးလိုက်ခြင်းကြောင့်တစ်ကြောင်း၊ ယက္ခကလည်း ဗျတ္တထံမှ ဆောင့်ရုန်း လိုက်ခြင်းကြောင့်တစ်ကြောင်း အား လွန်ကာ မော်တော်ဘုတ်ပေါ်မှ ယက္ခ မြစ်ရေထဲသို့ အရှိန်ပြင်းစွာ ပစ်ကျ သွားသည်။

''ကဲ ... အမျိုးသမီး၊ အချိန် အခါသင့်တုန်း အမြန်ဆုံး ပြေးပေ တော့။ မြစ်ကမ်းစပ်မှာ ကျုပ်တို့ ဂျစ် ကား သော့တန်းလန်းနဲ့ ရပ်ထား တယ်။ အဲဒီကားကိုမောင်းပြီး ယူသွား တော့။ အဆင်ပြေမယ့် တစ်နေရာရာ မှာ အဲဒီကားကို ဒီအတိုင်းထားပစ်ခဲ့။ ကျုပ်တို့လည်း တစ်နေရာက အလစ် သုတ်လာတဲ့ကားပဲ။ ပြဿနာမရှိဘူး။ ကဲ ... အမြန်ဆုံးသွား။ ကျုပ် သူ့ကို ရေထဲမှာ အချိန်ဆွဲထားလိုက်မယ်''

ဗျတ္တ၏ စကားအဆုံးတွင် အမျိုး သမီးသည် မွေးပွဝတ်ရုံကြီး ဖိုးရိုးဖား ရားဖြင့် မော်တော်ဘုတ်ပေါ်မှ ကမ်း ခြေသို့ ခုန်ဆင်း၍ ပြေးလွှားသွား သည်။ ရပ်ထားသော ဝီလီဂျစ်ပေါ်သို့ တက်ရောက်ပြီး သော့ဖွင့် စက်နှိုး၊ ဂီယာသွင်း စသည်တို့ကို ဖယ်ဆတ် သလို ဆက်တိုက်ပြုလုပ်ကာ တစ်ရှိန် ထိုး မောင်းထွက်သွားလေသည်။

* * *

စံအိမ်ကြီး၏ ခမ်းနားထည်ဝါ သော ဧည့်ခန်းဆောင်ကြီးအတွင်း၌ ကျိုကျိုတက်ချမ်းသာသော စီးပွားရေး လုပ်ငန်းရှင် သူကြွယ်ကြီး ဦးချစ်ပန်း သည် ရဲရုံဆောက်အရာရှိတစ်ဦးအပါ အဝင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့်အတူ အရေး တကြီး ပြောဆိုတိုင်ပင်နေကြသည်။

ထိုအခိုက်အတန့်တွင် ဧည့်ခန်း ဆောင်တွင်းသို့ ခြေလှမ်းမှန်မှန်ဖြင့် တည်ငြိမ်စွာ ဝင်လာသော မိန်းမပျိုကို တွေ့လိုက်ရသောအခါ သူတို့အားလုံး အံ့အားသင့်နေကြသည်။ ရဲအရာရှိ၏ မေးမြန်းချက်ကို ...

"လူဆိုးက နှစ်ယောက်ဖြစ်လိမ့် မယ်။ ရေကူးပြီးလို့ မြက်ခင်းပေါ်မှာ အပန်းဖြေ လဲလျောင်းနေတဲ့ ကျွန်မ ကို တစ်ယောက်က မေ့ဆေးဆွတ် ထားတဲ့ လက်ကိုင်ပဝါနဲ့ နှာခေါင်းကို အုပ်လိုက်လို့ သတိလစ်သွားတုန်း ကားနဲ့တင်ပြီး ခေါ်သွားကြတယ် ထင် တာပဲ။ ကျွန်မသတိပြန်ရတော့ ကျွန်မ မျက်နှာတစ်ခုလုံးကို အဝတ်မည်းထူ ထူထဲထဲကြီးနဲ့ စည်းနှောင်ထားလို့ သူ တို့ရုပ်တွေကို လုံးဝမမြင်ခဲ့ရပါဘူး။ နောက်တော့ ကျွန်မ ပရိယာယ်သုံးပြီး သူတို့အချင်းချင်း ရန်တိုက်ပေးလိုက် တယ်။ သူတို့နှစ်ယောက် သဲကြီးမဲကြီး ဖိုက်နေကြတုန်း ကားပေါ်က ပြေး ဆင်းလာခဲ့တယ်။ မျက်နှာက အဝတ် မည်းကိုလည်း လမ်းမှာပဲ ဖြေပြီး လွှင့် ပစ်ခဲ့တယ်။ လမ်းမှာတွေ့တဲ့ ကားကြုံ တစ်စီးကို လက်ပြတားပြီး လိုက်လာခဲ့ တာပါ''

ဟူ၍ ဦးချစ်ပန်း၏ တစ်ဦးတည်း သော သမီးဖြစ်သူ ဖူးငုံချစ်ပန်းက ရေရေလည်လည် ရှင်းပြလိုက်လေ တော့သည်။

**ရှင်ဒေါင်းယဉ်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဥပဒေလွှတ်
# လူသတ်ကောင်

တင့်ထူး(ဇေယျဝတီ)

အောင်မိုးက သာကေတနှင့် ရန်ကုန်သို့ ပြေးဆွဲနေသော (၃၅)မိနီဘတ်စ်ကားမောင်းသူ တစ်ယောက်ဖြစ်သည်။ ခေါက်ရေများများ ထွက်နိုင်လျှင် ပို၍တွက်ခြေကိုက်သဖြင့် နံနက်စောစောထကာ (၃၅)ကားဂိတ်သို့ သူ့ကားကို မောင်းနှင်လာ၍ ဂိတ်ထိုးခဲ့သည်။ (၃၅) မီနီဘတ်စ်ကားများမှာ ဗန္ဓုလကားနှင့် ပုဇွန်တောင်ကား နှစ်မျိုးရှိ၏။ ဗန္ဓုလကားမှာ ဗန္ဓုလတံတားပေါ်မှ ဖြတ်သွားရ၏။ ပုဇွန်တောင် ကားကတော့ သာကေတတံတားဟောင်းမှပုဇွန်တောင်ဘက်သို့မောင်းသော ကားဖြစ်သည်။ ဘယ်ကားကိုပဲစီးစီး ရန်ကုန်မြို့ထဲဝင်လျှင် လမ်း ၅၀ သို့ နှစ်ကားစလုံးရောက်ကြကာ မြို့ထဲသို့ ဆက်လက်မောင်းနှင်ကြလေသည်။

အောင်မိုးက သူ၏ဘတ်စ်ကား စတင်ထွက်လာခဲ့ရာ ရေဝဏ်လမ်းတစ်လျှောက် မောင်းနှင်လာခဲ့ပြီး ကျောင်းကွေ့သို့ရောက်လျှင် ဇီနမာန်အောင်ဘုရား။(၇)ဈေးကွေ့။ကျန်းမာရေး။ ရုပ်ရှင်ရုံ၊ ရုံးရှေ့၊ စာတိုက်ရှေ့၊ ဓာတ်ဆီဆိုင်၊ (၃)ဈေး။ (၆၂)ဂိတ်ဟောင်း အတိုင်း မောင်းနှင်လာခဲ့ရသည်။ လမ်းတွင် ထိုလမ်းကြောမှ တက်လာသောခရီးသည် များကိုလည်းကောင်း။ ဆင်းမည့်ခရီးသည်များကိုလည်းကောင်း။ ရပ်၍ တင်ချလုပ်ရလေသည်။ (၆)ဂိတ်ဟောင်းသို့ရောက်လျှင် ရှုခင်းသာလမ်းမကြီးအတိုင်း ရန်ပြေ၊ မာန်ပြေ၊ သဘော်ကျင်းဘတ်စ်ကားမှတ်တိုင်ကွေ့တွင် ရပ်ရ၏။ သဘော်ကျင်းမှ ထွက်ခဲ့လျှင်တော့ မဟာဗန္ဓုလတံတားပေါ်အတိုင်း မောင်းတက်လာခဲ့ရ၏။ တံတားမှဆင်းလျှင် အိုးရှင်း၊ ဂန္ဓီဆေးရုံရှေ့၊ ထိုမှတစ်ဆင့် လမ်း ၅၀၊ ၄၆၊ လမ်း ၄၀၊ ပန်းဆိုးတန်း၊ လမ်း ၃၀၊ မဟာဗန္ဓုလပန်းခြံလမ်း စသည်ဖြင့် ဆက်လက်မောင်းနှင်သွားရခြင်းဖြစ်သည်။

"လမ်း ၃၀ ဆင်းမည့် ခရီးသည်များ အဆင်သင့်ပြင်ထားကြပါ"

"တက်မယ့်ခရီးသည်များ ခဏစောင့်ပေးပါ၊ ကားပေါ်ကခရီးသည် တချို့ဆင်းနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မောင်း・・・ဆရာရေ"

ကားနောက်လိုက် စပယ်ယာက ဘတ်စ်စကားမှတ်တိုင်တစ်ခုသို့ ရောက်တိုင်း ဆင်းမည့်သူ၊ တက်မည့်သူတို့ကို သတိပေးနေကာ၊ ပြီးသည်နှင့် ဒရိုင်ဘာကိုဆက်မောင်းရန် သတိပေးရသည်။ အောင်မိုးကလည်း စပယ်ယာမှ မောင်းရန်အချက်ပေးလာသည်နှင့် ယာဉ်ကြောကိုကြည့်၍ သတိနှင့်မောင်းနေရလေသည်။

"မောင်းထားဆရာရေ၊ ၄၀၂၇ ကား (၆)ကွေ့က ကွေ့လာနေပြီ"

သူတို့ ဘတ်စ်စကားမောင်းရသည်က နောက်ကားက ကျော်မတက်ရအောင် ရှေ့ကအရမောင်းကြရ၏။ အကယ်၍ ကျော်တက်ခဲ့လျှင် ထိုကားမှ လမ်းရှိခရီးသည်တို့ကို တင်ယူသွားမည်ဖြစ်၍ ခရီးသည်မရသည့်အပြင် ဂိတ်ထိုးလျှင်လည်း နောက်ကျမည်ပင်ဖြစ်သည်။

သာကေတမှ မြို့ထဲဂိတ်ဆုံးအထိ ကားခ ၁၅၀ ပေးရ၏။ တချို့က အကြွေရှိ၍ အတိပေးကြ၏။ တချို့က နှစ်ရာတန်ထုတ်ပေးကြသည်။

"ပြန်အမ်းငွေ ၅၀ ခဏစောင့်နော်၊ ပေးမယ်"

ထိုသို့တောင်းပန်ထားပြီး နောက်တက်လာသည့် ခရီးသည်များမှ အကြွေပေးလျှင် ပေးရန်ရှိသည့်ငွေကို ပြန်ပေးကြ၏။ တချို့စပယ်ယာက အကြွေမရှိသည်ကိုအကြောင်းပြကာ ပြန်မပေးဘဲ ဆိုင်းထား၏။ ကြာတော့ နောက် တက်ဆင်းလုပ်သည့် ခရီးသည်များနှင့် အလုပ်ရှုပ်နေကာ မေ့ပြီး ပြန်မပေးမိသည်လည်းရှိ၏။ တချို့စပယ်ယာက ပြန်ပေးရန် သတိရသော်လည်း မသိချင်ယောင်ဆောင်ကာ မပေးပဲနေ၏။ ခရီးသည်တချို့က မိမိတို့လိုရာခရီးရောက်၍ အရေးတကြီး ဆင်းသွားကြ၏။ ထိုပိုငွေ ၅၀ ကို တောင်းမနေတော့ချေ။ တချို့ခရီးသည်တွေကလည်း မှတ်မှတ်ရရနှင့် ဆင်းခါနီး၌ ပြန်တောင်းကြလေသည်။

"ဩော်・・လူအမျိုးမျိုး စိတ်အထွေထွေပါ့ပဲလား။ ညစ်တတ်တဲ့ စပယ်ယာနောက်လိုက်တွေရှိနေသလို၊ မှတ်မှတ်ရရနှင့် အတိအကျယူ၊ ပိုတာပြန်ပေးတတ်တဲ့စပယ်ယာတွေလည်း ရှိနေကြပါလား"

တချို့စပယ်ယာတွေက အပြောအဆိုကြမ်းတမ်းကြ၏။ တချို့က ချိုချိုသာသာဆက်ဆံပြောဆိုတတ်ကြ၏။ သို့သော်လည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ စပယ်ယာ နောက်လိုက်တို့၏ ရိုင်းစိုင်းစွာပြောဆိုဆက်ဆံမှုကို တိုင်ကြားခဲ့လျှင် ယင်းစပယ်ယာအား ယာဉ်နောက်လိုက်တစ်လ၊ တစ်ပတ်စသည်ဖြင့် အရေးယူအပြစ်ပေးခဲ့သဖြင့် စပယ်ယာများလည်း ခရီးသည်များအား ရိုင်းစိုင်းမောက်မာစွာ မဆက်ဆံခဲ့ကြတော့ပေ။ ခရီးသည် တချို့အား စိတ်ထဲသိပ်တွေ့ပုံမရခဲ့ပြားလည်း ချိုသာစွာပင် ပြောဆိုဆက်ဆံခဲ့လေသည်။ သို့သော်လည်း ဘတ်စ်ကားစီးနင်းလိုက်ပါကြသည့် ခရီးသည်များဘက်ကလည်း အလိုသိကာ ကိုယ်ချင်းစာတရားရှိဖို့ လိုအပ်လေသည်။ တချို့ခရီးသည်တွေက ထိုင်စရာမရှိလျှင် အဆင်းလွယ်ကူရန် အပေါက်ဝနားတွင်ပင် ရပ်စီးကြ၏။ စပယ်ယာက နောက်တက်လာမည့် ခရီးသည်တို့တက်လာနိုင်အောင် ရှေ့သို့တိုးခိုင်းလျှင် မတိုးဘဲ မသိချင်ယောင်ဆောင်ကာ ပေ၍ရပ်နေတတ်ကြသည်။ စပယ်ယာ၏ တောင်းပန်ပြောဆိုချက်ကို အလေးမထားလာသောအခါ လူထဲက လူတစ်ယောက်ဖြစ်သော စပယ်ယာမှာလည်း စိတ်တိုခဲ့ရတော့သည်။

ကျွန်တော်တို့မှာ ဒီအပေါက်ကလေးနဲ့ လုပ်စားနေရတာပါဗျာ၊ အပေါက်ဝမှာ စုပြုံရပ်မနေကြပါနဲ့၊ ရှေ့တိုးပေးကြပါ"

ထိုသို့ပင် ထေ့တေ့တေ့ ငေါ့တော့တော့ပြောဆိုခဲ့ကြလေတော့သည်။ ထို့ကြောင့် ဘတ်စ်စကားသည် ကိုယ်ပိုင်ကားမဟုတ်သည်ကို သိရန်လိုပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေကြရန် မျှမျှတတစိတ်နှင့် စီးကြရန်လိုအပ်လေသည်။

ည ၇နာရီအချိန်ခန့် ရောက်လျှင် ဘတ်စ်ကားတချို့ သိမ်းကြ၏။ အောင်မိုးလည်း သူ့ကားကို ဂိတ်မှ အိမ်ပြန်မောင်းလာခဲ့လေသည်။ တစ်နေကုန် သာကေတနှင့် ရန်ကုန် အသွားအပြန် ကူသယ်ကောက်သယ် ပြေးဆွဲမောင်းနင်ခဲ့ရ၍ စိတ်မောလူမောဖြစ်ကာ ကား

www.burmeseclassic.com

နားသောအခါမှသာ စိတ်လုံးဝလွတ်လပ်သွားရတော့၏။ ခရီးသည်၏ အသက်သည် သင့်လက်ထဲတွင်ရှိ၏။ သင်သည် ကားသိမ်းပြီးသည့်အခါ သင့်မိသားစုမှ သင့်အားစောင့်ကြိုနေသည်ကို သတိရပါစသည်ဖြင့် ဆောင်ပုဒ်များက ကားမောင်းသူအား ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများ ကင်းစင်စေရန် သတိပေးနေသော ဆောင်ပုဒ်များသာ ဖြစ်သည်။

အောင်မိုးလည်း ကားရပ်နားပြီး သူ့အိမ်ပြန်ရောက်သည်နှင့် ပူအိုက်နေမှုကို အပန်းဖြေရန် သူ့အိမ်ခြံထဲရှိ သစ်ပင်အောက်ထိုင်ခုံသို့သွားကာ အနားယူလေသည်။ တစ်နေ့တာပင်ပန်းမှုပြေပျောက်ခေရန်လည်း ကားသိမ်းလာစဉ်က အဲဆင်သင့်ဝယ်ယူလာသော ရမ်ပုလင်းပြားလေးနှင့် ဖန်ခွက်ကိုယူလာပြီး ငှဲ့ထည့်ကာ သောက်ခဲ့ပြီး ဇရက်မင်းစည်းစိမ်ခံ၍ မှိန်းကာ အနားယူနေလေသည်။

အောင်မိုးက သောက်စားတတ်သော်လည်း နေ့ခင်းကားမောင်း အလုပ်ဝင်နေစဉ်ကာလတွင် လုံးဝမသောက်ခဲ့ပေ။ မူးလျှင်မမောင်းနဲ့၊ မောင်းလျှင်မမူးနဲ့ဟူသော ဆောင်ပုဒ်ကို သူ့အလေးထားခဲ့လေသည်။ သို့ကြောင့်ပင် ကားမောင်းသက် ကြာလာခဲ့သော်လည်း ပြဿနာကြီးကြီးကျယ်ကျယ် နစ်နစ်နာနာမဖြစ်ခဲ့ဘူးချေ။ ညနေကားသိမ်းပြီးကာမှ ပင်ပန်းမှုဒဏ်ကို ခံနိုင်စေရန် အနည်းအကျဉ်း သောက်ခဲ့ခြင်းသာပင်။

တစ်နေကုန်ကား စက်ခေါင်းထဲတွင် ပူပူလောင်လောင်နှင့်ထိုင်၍ ကားမောင်းနေရခြင်းဖြစ်လေရာ အညောင်းမိ၏။ မောင်းနေစဉ်ဌလည်း မျက်စိရှင်ရှင်၊ နားပါးပါးနှင့် အမြဲသတိထားနေရ၏။ ထိုသို့ အာရုံအမြဲစိုက်နေရခြင်းကြောင့် လူရော စိတ်ပါ ပင်ပန်းခဲ့သဖြင့် အပန်းဖြေသည့်သဘောမျိုးနှင့်သာ သောက်စားခဲ့ခြင်းဖြစ်သည်။ ဘယ်တော့မှ ရုပ်ပျက်ဆင်းပျက်နှင့် တရားလွန်မူးရူးခဲ့ခြင်း မရှိခဲ့ပါချေ။ တရားလွန်မူးရူးအောင် သောက်စားတတ်လျှင် ကားမောင်းအလုပ်ကိုလည်း လုပ်ဖို့ မသင့်ပါပေ။

ကားယာဉ်နောက်လိုက် စပယ်ယာမှာလည်း လမ်းတစ်လျှောက် အဆင်းအတက်ခရီးသည်များအား စိတ်ရှည်ရှည်ထားကာ ပြောဆိုဆက်ဆံ၍ တင်ရသည်။ တက်လာသည့် ခရီးသည်များ အဆင်ပြေပြေ စီးနင်းလိုက်ပါနိုင်ရန် ဆောင်ရွက်ရသည်။ ခရီးသည်ထံမှ ယာဉ်စီးခရပြီးလျှင်ပြီးရော သဘောထား၍မဖြစ်ပေ။ ထို့အပြင် ခရီးသည်များ တစ်စုံတစ်ရာ ထိခိုက်မိမှုမရှိရလေအောင် သတိပေးရသေးသည်။ တချို့ခရီးသည်တွေက ဘေးတန်းတွင်စီးနင်းလိုက်ပါကြပြီး လက်တို့ တစ်တောင်ဆစ်တို့ကို အပြင်ထုတ်စီးကြသည်။ ယာဉ်တစ်စင်းနှင့် တစ်စင်း ပွတ်ရောင်ရသည့် အခါမျိုးတွင် ထိခိုက်မှု ဖြစ်ပွားတတ်သဖြင့် သတိပေးတန်ပေးရ၏။

"ဟာ…ကားပေါ်ကို ငတိုတက်လာပါလား"

"ငါ သတိထား စောင့်ကြည့်မှပဲ၊ ငါတို့ကားပေါ်မှာ ခါးပိုက်နှိုက်ခံရလျှင် ပြဿနာဖြစ်ပါက ယာဉ်မောင်းမှု နှောင့်နှေးတတ်တယ်"

ကားစပယ်ယာက သတိနှင့် စောင့်ကြည့်နေခဲ့သော်လည်း သူ့ အလုပ်တာဝန်က ထိုတစ်မျိုးတည်းမဟုတ်ပေ။ တက်မည့်ဆင်းမည့် ခရီးသည်တို့အဆင်ပြေပြေဆင်းနိုင် တက်နိုင်ရန် သတိပေးပြောကြားပေးရ၏။

"ဟင်…ကျွန်မပိုက်ဆံအိတ်မရှိတော့ဘူး"

"ဟာ…ဒါဆို ဟိုငတိုအဖွဲ့ လှုပ်ရှားလိုက်တာပဲဖြစ်ရမယ်"

"ကားဆရာရေ့ ကားကို စခန်းကို မရပ်ဘဲ တန်းမောင်းဆရာရေ့"

ကားဒရိုင်ဘာသည် စပယ်ယာထိုသို့မောင်းခိုင်းလာသည်နှင့် ကားပေါ်တွင် ပြဿနာဖြစ်နေပြီဖြစ်သည်ကို နားလည်လိုက်၏။ ထို့ကြောင့် လမ်းတွင် ကားမရပ်ပေးဘဲ အနီးဆုံးရဲစခန်းသို့သာ အရောက်မောင်းခဲ့ရတော့သည်။

"ကျွန်မအနားမှာ ဟောဒီလူ လာရပ်ပြီးစီးနေရင်းက ကားအကွေ့မောင်းပြီးနောက်မှာ ကျွန်မပိုက်ဆံအိတ်မရှိတော့တာပဲ"

"ကဲ…မောင်ရင် ဘယ်လိုလဲ"

"ကျုပ် ဘာမှမလုပ်ပါဘူးဗျာ၊ မသက်ာရင် ကျုပ်ကိုယ်ပေါ်မှာ ရှာကြည့်ပါဗျာ"

www.burmeseclassic.com

“မင်းအဖွဲ့ကို လက်ပြောင်းပေးခဲ့ပြီ မဟုတ်လား။ ဒါကြောင့် ရဲရဲဝံ့ဝံ့ ရှာခိုင်းနေတာမဟုတ်လား”

“မင်း မှန်မှန်ပြောစမ်း။ အဲဒီပိုက်ဆံအိတ် ဘယ်မှာလဲဆိုတာ”

“ဟော··တွေ့ပြီဆရာ၊ ကားထိုင်ခုံအောက်မှာ တွေ့တယ်”

ပိုက်ဆံအိတ် ပြန်တွေ့ရသောနေရာနှင့် ပျောက်ဆုံးသူအမျိုးသမီး ထိုင်နေသောနေရာမှာ ရှေ့နှင့်နောက် အလှမ်းဝေးကွာနေသဖြင့် ရိုးရိုးထွက်ကျခဲ့ခြင်း မဟုတ်သည်ကို သိလိုက်ရသည်။

“ဒါ မင်းတို့ မလွှတ်သာလို့ ထိုင်ခုံအောက်ပစ်ချထားတာပဲ၊ မင်းအပြင် ဘယ်သူပါသေးလဲ၊ ပြောစမ်းကွာ၊ မပြောရင်တော့ မင်းကို ငတိုမှုနဲ့ ဖမ်းရမယ်”

ထိုငတိုက သူနှင့်အတူ ပါသူကို မဖော်ပေးသဖြင့် သူပင် အဖမ်းခံခဲ့သည်။ ထိုကိစ္စများပြီးမှ ကားဆက်ထွက်လာနိုင်လေသည်။

ကားစပယ်ယာ လုပ်ရသည်ကလည်း မလွယ်ကူချေ။ ကားပေါ်တွင် ဖြစ်ပွားတတ်သည့် အမှုကိစ္စများကိုပါ သတိရှိရလေသည်။

ညနေဘက် ကားသိမ်းပြီးသော အခါ အောင်မိုး အိမ်ပြန်ရောက်ခဲ့ပြီး ရေမိုးမချိုးသေးဘဲ သစ်ပင်အောက် ထိုင်ခုံတွင် ထိုင်အနားယူကာ ရမ်ပုလင်းပြားထဲမှ ဖန်ခွက်ထဲသို့ ငှဲ့ထည့်ကာ သောက်နေသည်။ ထိုပုလင်းပြားလေး ကုန်ခါမှ ရေမိုးချိုးပြီး ထမင်းစားတော့သည်။ ထမင်းစားပြီးသည်နှင့် အိပ်ရာသို့ စောစောဝင်ခဲ့တော့၏။

“ဝေ့··ဝေ့··ထွီ”

“ဟာ··ရင်ထဲမှာ ဂလိုင်းဂလံနဲ့ ဘာများဖြစ်တာပါလိမ့်”

“ငါ··ခေါင်းထဲလဲတအားမူးနောက်နောက်ဖြစ်လာပါလား”

“ဟင်··ရှင့်ပါးစပ်က အမြှုပ်တွေ ထွက်နေပါလား”

“ဟုတ်တယ် ငါအန်ပဲအန်ချင်နေတယ်ကွ၊ ဝေ့··ဝေ့”

အောင်မိုး ထိုသို့တဝေ့ဝေ့နှင့်အန်ပြီး မူးမေ့သွားတော့သည်။

“ဟာ··မဖြစ်ဘူး ဆေးရုံအမြန်ပို့ပေးမှပဲ”

“မြန်မြန်လေးမောင်းပေးပါရှင်၊ လူနာက သေမလား ရှင်မလား မသိရဘဲ သတိမေ့နေလို့ပါ”

“ဪ··ဟုတ်ကဲ့··ဟုတ်ကဲ့ ကားရှင်းရင် သွက်သွက်မောင်းပေးပါ့မယ်”

မကြာမီ ဆေးရုံကြီးသို့ ရောက်ရှိလာကာ အရေးပေါ်ဌာနသို့ တင်ခဲ့ရ၏။

“လူနာရှင်က ဘယ်သူပါလဲ”

“ကျွန်မ··ကျွန်မပါရှင်”

“ဝမ်းနည်းပါတယ်ဗျာ··လူနာက အသက်မရှိတော့ပါဘူး”

“ရှင်···”

*ကိုအောင်မိုး သစ်ပင်အောက်တွင်*

*အရက်ဖန်ခွက်ချကာ ငှဲ့ထည့်ထားစဉ်တွင်*

*သစ်ပင်ပေါ်မှ တောက်တဲ့က*

*မစင်စွန့်လိုက်ရာတွင် ဖန်ခွက်ထဲသို့*

*ကျခဲ့ခြင်းဖြစ်ကြောင်း*

*ထိုတောက်တဲ့၏ မစင်နှင့် အရက်*

*ရောနှောသွားသည်ကို*

*ကိုအောင်မိုး မသိခဲ့ဘဲ သောက်ခဲ့မိသဖြင့်*

*အဆိပ်ဖြစ်ခဲ့ကြောင်း .....*

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့ ဆုံးခဲ့တာလည်း ဆရာဝန်ကြီးရယ်"

"အဆိပ်မိတဲ့ သဘောပဲဗျ၊ သေချာအောင် စစ်ဆေးနေကြပါတယ်"

အဆိပ်မိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အဖြေထွက်ခဲ့သဖြင့် ရာဇဝတ်မှုခင်းနှင့် ဆိုင်နေပြီး ထိုမှုခင်းအား ရဲဘက်သို့ အကြောင်းကြားပေးခဲ့ရသည်။

ရဲဘက်မှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကြလေသည်။

"ကိုအောင်မိုးမှာ သူ့ကားမောင်းရင်း မကျေနပ်သူတွေများ ရှိခဲ့သလား"

"ဒီလူက လူအေးပါဗျာ၊ ဘာရန်ငြိုးရန်စမှ မရှိခဲ့ပါဘူး"

"ဒီကမောင်ရင်က ကိုအောင်မိုးကားမှာ ယာဉ်နောက်လိုက်နော်"

"ဟုတ်ပါတယ်ဆရာ"

"မင်းနဲ့ကော သေဆုံးသူက အဆင်ပြေရဲ့လား"

"ကျွန်တော့်ဆရာနဲ့ ကျွန်တော် ဘာပြဿနာမှ မရှိခဲ့ပါဘူး။ သင့်မြတ်ကြပါတယ်"

ရဲဘက်မှ ကိုအောင်မိုးနှင့်ပတ်သက်ဆက်နွယ်သူများအား လိုအပ်သလိုစစ်ဆေးခဲ့ကြသည်။

"ကိုအောင်မိုးက သူ မအန်မီမှာ အရက်သောက်ထားခဲ့ကြောင်း သိရတယ်၊ အဲဒါ ဘယ်သူတွေနဲ့ သောက်ကြတယ်၊ ဘယ်ဆိုင်မှာ သောက်ခဲ့တယ်ဆိုတာရော သိသလား"

"ဘယ်ဆိုင်မှာမှ သွားသောက်တာ မဟုတ်ပါဘူး၊ သူက ကားသိမ်းပြီးသွားရင် ပေါ်ဒီခြံထဲက ခေါင်းရင်းဘက်သစ်ပင်အောက်က ထိုင်ခုံမှာ ထိုင်ပြီး တစ်ယောက်တည်း အေးအေးဆေးဆေး သောက်ခဲ့တာပါရှင်"

"အရက်သောက်ပြီး ထမင်းကော စားခဲ့သေးလား"

"စားပါတယ်ရှင်၊ စားပြီးမှအိပ်ရာဝင်ခဲ့တာပါ"

"ဘာဟင်းတွေနဲ့ စားသလဲဗျ"

"ဟင်းကတော့ ငါးဟင်းပါရှင်"

"သူ အရက်ထိုင်သောက်ခဲ့တဲ့နေရာကို သွားကြည့်ကြရအောင်"

အရက်ပုလင်းခွံနှင့် ဖန်ခွက်က စားပွဲပေါ်တွင်ပင် ရှိနေဆဲဖြစ်သည်။ အမှုစစ်က ထိုပုလင်းနှင့် ဖန်ခွက်ကို စစ်ဆေး၍ နမ်းကြည့်နေလေသည်။

"ဟင်…ဖန်ခွက်ကရတဲ့ အနံ့က စူးရှရှနဲ့ အနံ့တစ်မျိုးထွက်နေပါလား"

ထို့ကြောင့် မသင်္ကာသော ဖန်ခွက်အား သိမ်းဆည်း၍ ဓာတုဗေဒဌာနသို့ ပေးပို့စစ်ဆေးခံခဲ့လေသည်။

မကြာမီ ဓာတုဗေဒဌာနမှ ဖန်ခွက်ထဲရှိ အနံ့စူးရှရှမှာ အဆိပ်ဖြစ်ကြောင်း သိရတော့သည်။

စခန်းမှူးလည်း ကိုအောင်မိုး သေဆုံးရခြင်းမှာ အဆိပ်မိ၍သေခဲ့ရသည်ဟု သိရသော်လည်း အဆိပ်ကို ဘယ်သူက ခတ်သတ်ခဲ့သည်ကို လက်သည်ရှာမတွေ့နိုင်သေးချေ။ မကျေနပ်သဖြင့် အောင်မိုး အရက်ထိုင်သောက်ခဲ့သော သစ်ပင်အောက်သို့ နောက်တစ်ကြိမ် ညနေဘက်၌ ရောက်လာကာ စစ်ဆေးပြန်သည်။ ထိုသို့ စစ်ဆေးနေခိုက် သစ်ပင်ပေါ်မှ တိရစ္ဆာန်တစ်ကောင်၏အော်သံကို ကြားလာခဲ့လေသည်။

"တဲ့··တဲ့··တဲ့··တောက်တဲ့ တောက်တဲ့"

"ဟာ သစ်ပင်ပေါ်မှာ တောက်တဲ့ ရှိနေတာပဲ"


ထိုအခါမှပင် စခန်းမှူးလည်း အောင်မိုးအဆိပ်မိကာ သေဆုံးခဲ့ခြင်း၏ လက်သည် လူသတ်ကောင်ကို တွေ့လာခဲ့ရတော့သည်။

တကယ်တော့ ကိုအောင်မိုး သစ်ပင်အောက်တွင် အရက်ဖန်ခွက်ချကာ ငုံ့ထည့်ထားစဉ်တွင် သစ်ပင်ပေါ်မှ တောက်တဲ့က မစင်စွန့်လိုက်ရာတွင် ဖန်ခွက်ထဲသို့ ကျခဲ့ခြင်းဖြစ်ကြောင်း၊ ထိုတောက်တဲ့၏ မစင်နှင့် အရက်ရောနှောသွားသည်ကို အောင်မိုး မသိခဲ့ဘဲ သောက်ခဲ့မိသဖြင့် အဆိပ်ဖြစ်ခဲ့ကြောင်း ထိုအဆိပ်ကပင် အောင်မိုးအား သတ်ခဲ့သော လူသတ်ကောင်ဖြစ်ကြောင်းကို ဆက်စပ်၍ အမှုမှန်ကို ဖော်ထုတ်ပေးနိုင်ခဲ့လေသည်။

တောက်တဲ့၏ မစင်သည် လူတို့ စားသုံးမိလျှင် အသက်ဆုံးတတ်ကြောင်း ကိုအောင်မိုး၏ အဖြစ်က သက်သေခံနေပေတော့သည်။

တင့်ထူး(ဇေယျဝတီ)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဖြုံခုန်မလေး (နဲ့) စည်းကျော်သူ

ဝင်းသောင်(ရမည်းသင်း)

ကျွန်တော်တာဝန်ထမ်းဆောင်ရတာက ရန်ကုန်မြို့ရဲ့ ဗဟိုချက်မ ဈေးတွေပေါတဲ့ ဈေးမြို့နယ်။ အဲဒီဈေးမြို့နယ်မှာ တာဝန်ထမ်းဆောင်ရင်း တွေ့ခဲ့ကြုံခဲ့ရတဲ့ လူမှုနယ်ပယ်က ပြဿနာအဖုံဖုံတွေဟာ တစ်ပုံတစ်ပင်မို့ ကျွန်တော့်အတွက် ရေးစရာတွေ အစုံအလင်ပါပဲ။

တချို့က ကျွန်တော်တာဝန်ထမ်းဆောင်ရတဲ့ မြို့နယ်ကို သိပ်ရှုပ်တဲ့မြို့နယ်၊ သတိထားတဲ့။ သူတို့ ဘာကိုရည်ညွှန်းပြောတာလဲဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ သူတို့ပြောတာလည်း ပြောသင့်လို့ ပြောတာ။ ဒီနယ်မြေကို ရောက်ရှိတာဝန်ထမ်းဆောင်ကြတဲ့ မြို့နယ်မှူး၊ စခန်းမှူး တချို့ဟာ လေးငါးခြောက်လအတွင်း (ပ၊ ပ၊ ထ)နဲ့ ကြုံရတာပဲတဲ့။ ပပထ ဆိုတာ ဘာလဲလို့ မေးကြည့်တော့ ပထမ(ပ)ရဲ့ အဓိပ္ပာယ်က အမည်ဆိုးနဲ့ နာမည်ပျက်ပြီး ပြောင်းရွှေ့ခံရမယ်၊ ဒုတိယ(ပ)ရဲ့ အဓိပ္ပာယ်က ပြုတ်မယ်၊ တတိယ(ထ)ရဲ့ အဓိပ္ပာယ်ကတော့ ထောင်ကျမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဘာကြောင့် ဒီလိုပြောကြတာလဲဆိုတော့ ကျွန်တော်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရတဲ့ , မြို့နယ်က စိန်တွေပေါ၊ ရွှေတွေပေါ၊ ငွေတွေပေါတဲ့ ရွှေမြို့နယ်။ တစ်နည်းပြောရရင် စိန်ကြော်ပြာထဲက ရွှေမင်းသမီးလေးပြောသလို ရတနာ၊ စိန်ကျောက် ဇယ်တောက်တမ်း ကစားနိုင်ရုံမက ထွေခင်းလို့ပင် ကစားနိုင်တဲ့ မြို့နယ်လေ။

နောက်ပြီး ရောင်းမလား၊ ဝယ်မလား။ နှစ်ဦးနှစ်ဖက် ကျေညက်လို့ကတော့ ချက်ချင်းအဖြေထွက်တယ်။ မြန်မာနိုင်ငံ တစ်နံတစ်လျားက ရွှေဈေးကွက်ကို ဒီနယ်မြေက ချုပ်ကိုင်ထားတယ်။ ဒီနယ်မြေမှာ ရွှေငွေရတနာ၊ စိန်ကျောက်ဆိုတဲ့ အဖိုးတန်ပစ္စည်းတွေသာ အရောင်းအဝယ်ဖြစ်တာလား ဆိုတော့ မဟုတ်ဘူး။ အိုးတိုက်ဖွဲ့ပြာ၊ ဟင်းရွက်ကန်စွန်းမှသည် ပြည်တန် ပတ္တမြားအထိ အရောင်းအဝယ် ဖြစ်တယ်။ ဒီမြို့နယ်မှာ ရောင်းဝယ်ဖောက်ကားကြတဲ့ အရောင်းအဝယ်သမားတွေဟာ အများအားဖြင့် လည်လည်ဝယ်ဝယ် ရှိကြတယ်။ လည်တယ်ဆိုတာနဲ့ လိမ်တာ ရောမသွားနဲ့ဦး။ လည်တယ်ဆိုတာနဲ့ လိမ်တယ်ဆိုတာ တခြားစီ။ ပြောချင်တာက စိန်ကောင်း ကျောက်ကောင်း ရောင်းဝယ်သူတွေမို့ လည်လည်ဝယ်ဝယ်၊ လည်လည်ပတ်ပတ် ရှိတယ်၊ လူရည်လည်ကြတယ်လို့ ပြောချင်တာ။

မလည်မဝယ်နဲ့ စိန်ရွှေရတနာရောင်းမယ်ဆို မမင်းထုပ် အရင်းပြုတ်တဲ့ကိန်းနဲ့ ကြုံရမယ့်အပြင် ရောင်းမှား ဝယ်မှားဆိုတဲ့ ကိစ္စနဲ့ ရုံးရောက်၊ ဂါတ်ရောက် ရှင်းရမှာ သေချာပါတယ်။ တစ်ခုရှိတာက ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တဲ့ ရွှေမြို့နယ်ဟာ ရန်ကုန်မြို့ရဲ့ အထင်ကရ ရွှေမြို့နယ်ကြီးတစ်ခု ဖြစ်ပေမဲ့ တိုင်းပြည်ရဲ့ စီးပွားရေး ထိခိုက်လောက်အောင် စီးပွားရေးသောင်းကျန်းတဲ့ကိစ္စမျိုးတွေ မရှိခဲ့ပါဘူး။ မတစ်ထောင်သားတွေနဲ့ ရောင်းဝယ်ရတာမို့ ရောင်းမှား ဝယ်မှားဆိုတဲ့ကိစ္စမျိုးသာ ရှိကြပါတယ်။ ဒါတောင် အလွန်နည်းပါတယ်။

အဲ . . . ဆွမ်းဆန်ထဲ ကြွက်ချေးရောတယ်ဆိုတဲ့ စကားလိုပဲ ပင်ရင်းရတနာအရောင်းဆိုင်က မဟုတ်တဲ့ ပွဲကျ ကျောက်အရောင်းအဝယ်သမားတွေ၊ အထည်ပျက်ရွှေထည်နဲ့ ရွှေတိုရွှေစ ရောင်းကြသူတွေဟာ ရွှေမြို့နယ်ကြီးထဲမှာ လက်ကိုင်အိတ်ကြီးတွေ တကားကားနဲ့ သူတို့ရဲ့ ဈေးကွက်မှာ ရောင်းဝယ်ဖောက်ကားကြပါတယ်။ ပွဲကျအရောင်းအဝယ်သမားရယ်လို့ အထင်မသေးလိုက်ပါနဲ့။ ရုံဖန်ရံခါ ရောမ ပင်ရင်း စိန်ရွှေရတနာဆိုင်ကြီးများက တစ်နေ့ဆုံး ဈေးဦးပင်မပေါက်သော်လည်း ပွဲကျ စိန်ရွှေရတနာရောင်းဝယ်သူများက တစ်နေ့တွက် အမြတ်အစွန်း ထောင်ကြီးပိုင်း၊ သောင်းကြီးပိုင်း ဝင်တာ အိမ်ပြန်နိုင်ကြပါတယ်။ (သောင်းကြီးပိုင်းဆို

www.burmeseclassic.com

သည်မှာ ရှစ်ထောင်၊ ကိုးထောင်ကို ဆိုလိုတာဖြစ်ပြီး သောင်းကြီးပိုင်းဆိုသည်မှာ ရှစ်သောင်း၊ ကိုးသောင်းကို ဆိုလိုတာ ဖြစ်ကြောင်း သူတို့ပတ်ဝန်းကျင်က လူတွေ အားလုံးသိပါတယ်။)

ကျွန်တော်တာဝန်ထမ်းဆောင်ရတဲ့ ရွှေမြို့နယ်၊ တစ်နည်း ပန်းဘဲတန်းမြို့နယ်ထဲမှာပဲ စောစောကပြောခဲ့တဲ့ ဆိုင်နဲ့ ကနားနဲ့ ရောမစိန်ရွှေရတနာဆိုင်ကြီးများ ရှိသလို၊ လက်ကိုင်အိတ်ချိုင်းညှပ် လမ်းလျှောက်၊ ဗုံတိုထိုင် ဝယ်လက်စောင့်၊ ဒါမှမဟုတ် ရောင်းမယ့်သူစောင့်ကြတဲ့ စိန်သမား၊ ကျောက်သမား၊ ရွှေတိုရွှေစ အထည်ပျက်အရောင်းအဝယ်သမားတွေဟာ ပြောကြဆိုကြ ငြင်းခုံကြရင်း တစ်နေ့တာ သူတို့အချိန်တွေ ကုန်လွန်စေကြပါတယ်။ ကုန်သွားတဲ့အချိန်တွေအတွက် အလဟဿတော့ ဘယ်တော့မှ မဖြစ်ကြပါဘူး။ စောစောက ပြောခဲ့သလို အချိန်တန် အိမ်ပြန်တဲ့အခါ ထောင်ကြီးပိုင်း၊ သောင်းကြီးပိုင်းတော့ ပါသွားတာ များပါတယ်။ အဲ···အဲ·· အဲဒီနေ့ ကီးမကိုက်ကူးဆိုဦးတော့ ထမင်းချိန်တန် ထမင်း၊ လက်ဖက်ရည်ချိန်တန် လက်ဖက်ရည်၊ ဘီယာချိန်တန် ဘီယာ၊ ကြက်ကင်လောက်တော့ အချိန်မှန် စားဖြစ်၊ သောက်ဖြစ်ကြတယ်။ အဲဒီနေ့မှာ ကီးကိုက်တဲ့လူက ဝင်ငွေပေါ် မူတည်ပြီး မတွက်မလိုက် ကျွေးပါတယ်။ ငတ်တယ်ဆိုတာတော့ မရှိပါဘူး။ အဲ···အဲ··· တစ်ခုတော့ ရှိတယ်၊ အပြန်အလှန်တော့ ရှိရမှာပေါ့နော။

လက်ကိုင်အိတ် ချိုင်းညှပ် လမ်းလျှောက်ဆိုတာ သူက ရွှေဘုံသာလမ်းထဲက စိန်ရွှေရတနာဆိုင်ရှင်ကြီးများလို ဆိုင်မရှိတော့ အရောင်းအဝယ်ဖြစ်မယ့်ခွင်မှာ ဝယ်လက်စောင့်ရင်း ဟိုဟိုဒီဒီ လမ်းလျှောက်ရင်း ဝယ်လက်မျှော်နေရတဲ့ သူကို ဆိုလိုတာပါ။ ဗုံတိုထိုင်ဆိုတာက တစ်ခေတ်တစ်ခါက ရန်ကုန်မှာ ဗုံတိုလက်ဖက်ရည်ဆိုင် ယဉ်ကျေးမှု လမ်းဘေးပျံကျ လက်ဖက်ရည်ဆိုင်ခေတ်တစ်ခေတ် ထွန်းကားဖူးပါတယ်။ ဒီနေ့အထိတောင် အများအားဖြင့် လမ်းကြားပလက်ဖောင်းတွေမှာ တွေ့နိုင်ပါသေးတယ်။ အဲ···အဲဒီဆိုင်မှာ လက်ဖက်ရည်၊ ရေနွေးကြမ်းသောက်ရင်း ဝယ်မယ့်၊ ရောင်းမယ့်သူ မျှော်တဲ့ ပျံကျကျောက်မျက်အရောင်းအဝယ်သမားကို ခေါ်တာပါ။ သူတို့ရဲ့ ဈေးကွက်နေရာတွေကတော့ သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးရဲ့ အနောက်ဘက်တန် နဲ့ မြောက်ဘက်တန်း ထောင့်ကွက်လပ် ဒဈေးကြီးရဲ့ လေးဘက်လေးတန်က ဝင်လို့ရသလို၊ ဘုရားလမ်းဘူတာဘက် မလွယ်ပေါက်က ဝင်မယ်ဆိုလည်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါတယ်။ နောက်ဈေးကွက်တစ်ခုကတော့ ရွှေဘုံသာအောက်လမ်းနဲ့ ကုန်သည်လမ်းထောင့် တစ်ကြောရှိ စိန်ရွှေရတနာဆိုင်ကြီးများရှေ့ သစ်ပင်ရိပ်၊ ပလက်ဖောင်းပေါ်မှာ ဖြစ်ပါတယ်။

ပျံကျလမ်းလျှောက်၊ ဗုံတိုထိုင် အရောင်းအဝယ်သမားဆိုတိုင်း အထင်မသေးသင့်ပါဘူး။ သူတို့အထဲမှာ ရောင်းတတ်၊ ဝယ်တတ် လူရည်လည်ပြီး မှန်မှန်ကန်ကန် ရောင်းဝယ်ဖောက်ကားကြသူတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုတာလို စိန်ကောင်း၊ ကျောက်ကောင်းရောင်းတဲ့နေရာ ဆေးရိုးသည်က ကန့်လန့်တိုက်သလို ဒုစရိုက်သမားတွေလည်း အသွင်အမျိုးမျိုးနဲ့ ရောနေတတ်ပါတယ်။ သူတို့ကြောင့် တစ်ခါတစ်ရံ ဂုဏ်သရေရှိ စိန်ရွှေရတနာဆိုင်ကြီးများ နာမည်ထိခိုက်တာမျိုး၊ ဖြေရှင်းရတာမျိုးများလည်း ကြုံခဲ့ဖူးပါတယ်။

အညီရှိ ယင်အုံတတ်တဲ့သဘောကြောင့် ဒီလိုနေရာမျိုးတွေကို အလွှင်ာ မပေးဘဲ ရဲတပ်ဖွဲ့အနေနဲ့ အမြဲစောင့်ကြည့်ရတာ တာဝန်တစ်ခုပါပဲ။ ဒါကြောင့် ဒီနေ့ ကျွန်တော့်တပည့် နယ်ထိန်းအရာရှိ ရဲအုပ်ချစ်မြိုင်နဲ့ ကျွန်တော့်ရဲ့ ရွှေမြို့နယ်အတွင်းက ရွှေဘုံသာလမ်းတွင် ကူသည်၊ ခေါက်သည် လမ်းသလားနေကြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကို သမ်းထဲက ၄ ဆိုင်ရှင်များက အများအားဖြင့် သိကြပါတယ်။ ရဲကို ဂုဏ်သရေရှိ စိန်ရွှေရတနာ ကုန်သည်ကြီးများ သိကြ၊ မှတ်မိကြတာ ကျွန်တော်တို့အတွက် ဘာပြဿနာမှ မဖြစ်ပါဘူး။ ခရီးသွား ဟန်လွှဲ ခိုး၊ ဆိုး၊ လုယက်၊ ခါးပိုက်နှိုက်ဆိုတဲ့ ဒုစရိုက်သမားတွေ မသိရင် ပြီးတာပဲ မဟုတ်လား။ ကျွန်တော်တို့ စောင့်ကြည့်တာက အဲဒီလို ဒုစရိုက်သမားတွေကို စောင့်ကြည့်ကြတာပါ။ ဒီနေ့ ဒုစရိုက်သမားထဲက တစ်ယောက် ကျောက်မျက်အချို့ လာရောင်းမယ်ဆိုတဲ့သတင်း ကျွန်တော်တို့ရဲ့ဘော်ဒါ ကျောက်အရောင်းအဝယ်သမားတစ်ဦးထံက သတင်းရထားပါတယ်။ ဒီကိစ္စ ရှင်းပြမှ သဘောပေါက်မယ်ထင်တဲ့အတွက် ရှင်းပြပါ့မယ်။ ကျောက်အရောင်းအဝယ်သမားအချင်းချင်း ရောင်းကြ၊ ဝယ်ကြတယ်ဆိုတာက မတော်လို့ ရောင်းမှား၊ ဝယ်မှားဖြစ်ရင်တောင် ရှင်းလို့ရတယ်၊ ဒီခွင်မှာ နေ့စဉ်

www.burmeseclassic.com

ရောင်းဝယ်နေကြသူတွေ မဟုတ်လား။ အကယ်၍ ဘောက်ဝယ်ရောင်းသမားနဲ့ ပတ်သက်ဝယ်ရောင်းလုပ်မိလို့ ရောင်းမှား ဝယ်မှားဖြစ်ခဲ့ရင် လက်ညှိုးထိုးပြစရာမရှိ၊ ဘာမရှိနဲ့ ကိုယ့်ဆီမှာ လမ်းဆုံးနေတော့ ကိုယ်ခံရမှာလေ။ ဒါကြောင့် ကျွန်တော်တို့ ဘော်ဒါ(ရဲသတင်းပေး) ကျောက်သမားက ကြိုတင်သတင်းပေးထားတဲ့အတွက် လာစောင့်နေတာပါ။

× × ×

ကျောက်ဈေးကွက်က တော်တော်စည်ကားပြီး အရောင်းအဝယ် ဖြစ်နေကြပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ဘော်ဒါက အချက်မပြသေးတော့ ဘာမှလုပ်ကွက်မရှိသေးဘဲ ဆက်စောင့်နေရတာ ငြီးငွေ့စရာပါ။ အေးလေ⋯ဒါက ကျွန်တော်တို့ တာဝန်ပဲ။ သူလာလာ၊ မလာလာ ကျွန်တော်တို့က စောင့်ရမှာပေါ့နော်။

"ဟော⋯ဟော⋯ဗိုလ်ကြီး။ ကျွန်တော်တို့ဘော်ဒါ အချက်ပြနေပြီ။ ပစ်မှတ်ချဉ်းကပ်လာပြီထင်တယ်"

"အေး⋯ကောင်းတာပေါ့။ အခြေအနေ စောင့်ကြည့်ပေါ့"

"ဆီးရောင် စတိုင်ဘောင်းဘီရှည်၊ ခရမ်းရောင် ပါတိတ်ဟာဝေယံရှပ် လက်ရှည်ကို ဝတ်ဆင်ထားသော လူတစ်ယောက် ပြုံးဖြဲဖြဲနှင့် ကျွန်တော်တို့ဘော်ဒါကို ချဉ်းကပ်စကားပြောနေတာ မြင်တွေ့လိုက်ရတယ်။

"ဟာ⋯သေချာပြီ ဗိုလ်ကြီး"

"ဘာသေချာတာလဲ၊ အရင်းမရှိ အဖျားမရှိ"

"ဒီလိုပါ ဗိုလ်ကြီး။ ဒီကောင်ဟာ သူခိုးလက်ခံပစ္စည်း ရောင်းဝယ်ထုခွဲပေးတဲ့ကောင်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူခိုးပစ္စည်း လက်ခံထုခွဲပေးမှုနဲ့ ကျွန်တော် ဆွဲစေ့လိုက်တာ ထောင် ခြောက်လကျသွားတယ်။ ထောင်က လွတ်ပြီးတော့လည်း ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသလိုပဲ ခိုးဆိုးလုနှိုက်ဆိုတဲ့ ဒုစရိုက်သမားတွေနဲ့ မကင်းဘဲ ပေါင်းမြဲပေါင်းသင်းပြီး ဒုစရိုက်မှုတွေမှာ ပါဝင်ပတ်သက်နေတယ်"

"နေစမ်းပါဦး ဆရာချစ်မြိုင်၊ ဒီကောင်ရဲ့ ပြစ်မှုမြောက်တဲ့ ဆောင်ရွက်ချက်လည်း ပြောပြပါဦး"

"ဒုစရိုက်သမား စခန်းရောက်ပြီဆိုရင် အာမခံရဖို့ ပထမကြိုးစားတယ်။ အာမခံမရရင် အချုပ်ထဲမှာ စားဖို့၊ သောက်ဖို့ ထမင်းဟင်း၊ လက်ဖက်ရည် စီစဉ်ပေးတယ်။ တရားရုံးကစွပ်ပြစ်လို့ ထောင်ကျသွားရင်တောင် အထဲမှာ အနေအစားချောင်ဖို့ လိုက်လံဆောင်ရွက်ပေးတယ်။ ဒုစရိုက်သမားဘက်က ကြည့်ရင် ကယ်တင်ရှင်ပေါ့။ ဒီကောင်က ဒုစရိုက်ကောင်ရှာဖွေခဲ့သမျှပစ္စည်း သင့်သလို ထုခွဲပေးတယ်။ သူ့အတွက်လည်း ကျန်တယ်လေ"

"ဗိုလ်ကြီးရေ⋯ကျွန်တော်တို့ ဇာတ်တိုက်ထားတဲ့ အစီအစဉ် လုပ်စရာမလိုတော့ဘူး။ ဒီကောင့်အမည်က အံ့ကြည်၊ အဖေ တရုတ်၊ အမေ ဗမာ၊ အမှတ်(—)၊ (၂၇)လမ်းမှာနေတယ်။ သူ့ကို စခန်းခေါ်ပြီး စစ်လိုက်တာနဲ့ အမှုပေါ်မှာပါ"

"ကောင်းပြီ ဆရာချစ်မြိုင်။ ငါလည်း တိုင်းတာပ်ဖွဲ့မှူးရုံး မှုခင်းအစည်းအဝေးတက်ဖို့ အချိန်နီးပြီ။ မင်းနဲ့ စခန်းမှူး ဆက်လုပ်ကြတော့"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

× × ×

"ဒီမှာ အံ့ကြည်၊ ငါ မင်းကို စခန်းခေါ်လာတာ ဘာကိစ္စလဲ မင်းသိလား"

"မသိဘူး ဆရာ"

"ငါဘယ်သူဘယ်ဝါဆိုတာတော့ သိမှာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့၊ သိပါတယ်"

"ဓာတ်သိချင်းတွေပဲ။ မင်းနဲ့ငါ မလိမ်တမ်း၊ မညာတမ်း စကားပြောကြည့်ရအောင်။ မင်းဘက်က မှန်မှန်ကန်ကန် ပြောမလားဆိုတာ ငါသိချင်တယ်"

"ကျွန်⋯ကျွန်တော်⋯ကျွန်တော် ဘာပြစ်မှုမှ မကျူးလွန်ထားဘူး။ ဒါပေမဲ့ ဆရာမေးတာ မှန်မှန်ကန်ကန် ဖြေပါ့မယ်။ သိသမျှလည်း အမှန်အတိုင်း ပြောပြပါ့မယ်"

အံ့ကြည်သည် ဒုစရိုက်သမားတို့၏ မျက်ခုံးပေါ် စကြိုလျှောက်စားသူပီပီ အလွန်လည်သူ ဖြစ်သည်။ သို့သော် ရဲမျက်ခုံးမွေးပေါ်သို့ စကြိုလျှောက်ဖို့ကိုတော့ မဝံ့မရဲ ဖြစ်နေဟန်တူသည်။ အထူးသဖြင့် ရဲအုပ်ချစ်မြိုင်လို နယ်ထိန်းရဲအရာရှိအပေါ် မကြောဝံ့တာ အမှန်ဖြစ်သည်။ တစ်ချိန်က ချစ်မြိုင်အရေးယူ တရားစွဲတင်မှုကြောင့် ထောင်ဒဏ် ခြောက်လ ကျခဲ့ဖူးသည် မဟုတ်ပါလား။

"အံ့ကြည်⋯မင့်ဘောင်းဘီအိတ်ထဲက ကျောက်ထုပ်လေး ဟောဒီစားပွဲပေါ်တင်လိုက်"

"ဟုတ်ကဲ့၊ ဒီကျောက်လေးတွေဟာ ကျွန်တော့်ဟာ မဟုတ်ဘူးဆရာ"

အံ့ကြည်သည် ကျောက်ထုပ်လေးကို စားပွဲပေါ် ဖြန့်တင်ရင်း သူ့ပစ္စည်း မဟုတ်ကြောင်း တစ်ခါတည်း နယ်ထိန်းအရာရှိ ချစ်မြိုင်ကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခုမင်းပြောတဲ့ စကားဟာ အမှန်ဆိုတာ ငါယုံပါတယ်။ ဒါကြောင့် ဒီကျောက်လေးတွေဟာ ဘယ်သူ့ပစ္စည်း၊ ဘယ်သူ့ဟာလဲဆိုတာ ငါ့ကိုပြောပြစမ်းပါ"

"မဖြစ်ဘူးဆရာ။ ဒီကောင်က လက်ယဉ်တယ်"

"ဒါတော့ မင့်သဘောပဲ အံ့ကြည်။ မပြောဘဲနေလို့ရတယ်။ တို့ဖော်ထုတ်လို့ပေါ်လာရင်တော့ ဟိုတစ်မှုတုန်းကလို နိုးရာပါပစ္စည်း လက်ခံထုခွဲမှုလောက်နဲ့ ပြီးမှာမဟုတ်ဘူး။ မှုရင်းပြစ်မှုကျူးလွန်သူနဲ့ တန်းတူပဲ။ နောက်ပြီး မင့်မှာ အလားတူပြစ်ချက်ဟောင်းလည်းရှိတော့ အထဲမှာ အနေကြာလိမ့်မယ် ငါ့လူ"

"ဒုက္ခပါပဲ ဆရာရယ်။ ဒီကောင်က လက်ရဲဇက်ရဲ လုပ်ဝံ့တဲ့ကောင်။ ကျွန်တော့်ဘက်က စည်းပေါက်တာသိသွားရင် ကျွန်တော်အသတ်ခံရမှာ။ ဆရာတို့ရဲ့အနေနဲ့လည်း အချိန်ပြည့် ကျွန်တော့်ကို အကာအကွယ်ပေးနိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်ကြောက်တယ်ဗျာ"

"ဒီမှာ အံ့ကြည်၊ မြန်မာနိုင်ငံ ရဲ့ တပ်ဖွဲ့ဟာ ဥပဒေဘောင်အတွင်း နေထိုင်သူ မည်သူ့ကိုမဆို စိမ်းစိမ်း၊ ကျက်ကျက် လိုအပ်လာရင် အကာအကွယ်ပေးတဲ့ အဖွဲ့ကွ။ မင်းကလည်း အကာအကွယ်ပေးနိုင်အောင် ဥပဒေဘောင်အတွင်း ကောင်းသော အသက်မွေးဝမ်းကျောင်းနဲ့ လုပ်ကိုင်ရှာဖွေ စားသောက်နေရင် ကာကွယ်တာခံရမှာပဲ။ ခုကိစ္စလို မင်းက ဒုစရိုက်ကောင်တွေနဲ့ ရောယှက်ပတ်သက်နေရင်တော့ မင့်ထိုက်နဲ့မင်းကံပဲ။ ရဲဆိုတာ တစ်ဦးတစ်ယောက်အတွက် အကာအကွယ်ပေးဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမဟုတ်ဘူး။ အများအတွက် ဥပဒေဘောင်အတွင်းက အကာအကွယ်ပေးဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း။ ဥပဒေဘောင်အပြင်ဘက်ကလူ့ရဲ့ တောင်းခံချက်ကို လိုက်လျောဖို့ ငါ့မှာတာဝန်မရှိဘူး။ ကဲ···ကဲ···အံ့ကြည်၊ ငါရှေ့ဆက် ဆောင်ရွက်ရမယ့်ကိစ္စက မင့်အပေါ်မှာ မူတည်တယ်။ မင်းစဉ်းစားပြီးရင် ဒီကျောက်လေးတွေနဲ့ ဆက်စပ်တဲ့ အမှုအကြောင်း။ ပါဝင်ပတ်သက်သူတွေအကြောင်း မကွယ်မဝှက်တမ်း ပြောပြပေတော့"

"အကယ်၍ မင်းသိတားတာ မထိမ်မချန်ပြောပြလို့ အမှုမှန်ပေါ်ခဲ့ရင် မင့်အတွက် နောက်ရန်အေးစေဖို့ ငါ ဆောင်ရွက်ပေးမယ်"

"ဟုတ်ကဲ့၊ ဆရာ့ကိုယုံပြီး ကျွန်တော်သိသမျှ ပြောပါတော့မယ်"

× × ×

"ဒီကောင့်နာမည်က သံဒိုင်တဲ့။ ဒီဘက်ခေတ်မှာ မပိုင်ရင် ခြင်တောင်မရိုက်ဘူးဆိုတဲ့စကား ဆရာလည်း ကြားမိမှာပေါ့။ ဒီစကား ဘယ်ကအခြေခံခဲ့တာလဲဆိုတာ ဒီကောင့်ဆီက စခဲ့တာ။ သူ့လုပ်ငန်းတစ်ခုခု အဆင်ပြေတဲ့အခါ သံဒိုင်တဲ့ကွ၊ မပိုင်ရင် ခြင်တောင်မရိုက်ဘူးဟေ့လို့ ဂုဏ်ယူပြောလေ့ပြောထရှိတယ်။ အဲဒီကောင် မနေ့က ကျွန်တော့်အိမ်ရောက်လာပြီး ဒီကျောက်လေးတွေကို ရောင်းပေးဖို့ပြောတယ်။ ကျွန်တော်က အခြေအနေမေးကြည့်တော့က သူ့ခိုးလက်က သူ့ဝှက်လုလာတာတဲ့။ ရွှေတွေကို အထည်ပျက်ဈေးနဲ့ ရောင်းပြီးတာ သုံးလလောက်ရှိပြီ။ သုံးလို့ကုန်ပြီတဲ့။ ကြားကာလလေး အသုံးစရိတ်မရှိလို့ ရွှေထည်တွေကထုတ်ထားတဲ့ ဒီကျောက်တွေကို လာရောင်းတာတဲ့။ အဆင်ပြေရင် ရောင်းရငွေ တစ်ယောက်တစ်ဝက် ယူမယ်၊ ရောင်းပေးပါတဲ့။ မနက်ဖြန်မနက် ကျွန်တော့်အိမ် ဆက်ဆက်လာမယ်၊ စောင့်နေပါလို့ ပြောသွားတယ်"

"ဒါနဲ့ အံ့ကြည်၊ သူ့ခိုးလက်က သူ့ဝှက်လုတယ်ဆိုတာ ဘာကိုပြောတာလဲ"

"ဩော်···ဟုတ်တယ်၊ ကျွန်တော် အရင်ပြောရမယ့်စကား မပြောမိဘဲ ကြွင်သွားတယ်ဆရာ။ သူ့ခိုးလက်က သူ့ဝှက်လုလာတယ်ဆိုတာ ဒီလိုပါ ဆရာ။ သံဒိုင်ဟာ လွန်ခဲ့တဲ့ သုံးလလောက်က ကိစ္စတစ်ခုနဲ့ မော်ဘီဘက်ကိုအသွား မော်ဘီအထွက် မြောင်းတကာရွာ မနီးမဝေးမှာ ကားမြူလေးတစ်စီး လမ်းဘေးကျပြီး လမ်းမပေါ် ပြန်အတက် စလစ်ဖြစ်ပြီး ဗွက်နစ်နေတာ တွေ့တာယ်တဲ့။ ကားနားအနီးကပ်ကြည့်လိုက်တော့ ကားထဲမှာ အသက် ၂၅ နှစ်ခန့်အရွယ် အမျိုးသမီးတစ်ယောက်နဲ့ အသက် ၃၀ လောက်ရှိတဲ့ကူ အမျိုးသားတစ်ယောက်ကို တွေ့တယ်တဲ့" (လွန်ခဲ့သော ၂၅ နှစ်လောက်က ဤနေရာတွင် ယခုကဲ့သို့ စည့်ကားခြင်း မရှိသေးပါ။)

"သံဒိုင်က အစ်ကိုကြီး ဒီတစ်ချီ စက်ပြန်နှိုးပြီး လမ်းပေါ်တက်ကြည့်။ ကျွန်တော် နောက်ကကူတွန်းပေးမယ်လို့ ပြောပြီး နောက်ဘီးကို လေလျှော့ပစ်လိုက်တယ်တဲ့။ ကားပေါ်က အမျိုးသမီးနဲ့ အမျိုးသားဟာ သံဒိုင့်အကြံကို မရိပ်မိဘူးတဲ့"

"သံဒိုင်ဟာ ကားထဲက အမျိုးသားနဲ့ အမျိုးသမီးကို တွေ့လိုက်ကတည်းက အလုပ်ဖြစ်ပြီဆိုတာ တွက်ပြီးသားတဲ့။ ဘာလို့လဲဆိုတော့ အမျိုးသမီးက ဖြူဖြူဖွေးဖွေး ရေဆေးငါးလို ဝင်းကစ်ကစ်ချစ်စရာလေး။ နောက်ပြီး ဝတ်ဆင်ထားတဲ့ စိန်ရွှေရတနာ ပစ္စည်းတွေကလည်း ညွတ်နေတဲ့အပြင် အမျိုးသားမှာလည်း ဟင်း(န်)ချိန်း၊ ရွှေလက်စွပ်၊ ဆွဲကြိုးကြီး

www.burmeseclassic.com

ဆွဲထားတဲ့အပြင် • • •လက်ကိုင်အိတ် အကောင်းစားကြီးကလည်း ဖောင်းဖောင်းကြီးတဲ့။ ဒီအကွက်မျိုးက သူတို့လောကသားတွေထဲမှာ တွေ့ရခဲသတဲ့။ ဒါကြောင့် အလွတ်မပေးဘူးလို့ ဆုံးဖြတ်ပြီး သူ့အမြဲဆောင်ထားတဲ့ နှစ်ဖက်သွား ခေါက်ဓားမြှောင်ကိုထုတ်ကာ အမျိုးသားရဲ့ လည်မျိုကိုထောက်ပြီး သူတို့ဝတ်ဆင်ထားသမျှ ပစ္စည်းအားလုံး ချွတ်ခိုင်းလိုက်တယ်။ ပြီးတော့ အမျိုးသားရဲ့ လက်ကိုင်အိတ်အကောင်းစားကြီးထဲ စုရုံးထည့်ပြီး ယူခဲ့တာတဲ့။ အချင်းဖြစ်ချိန်က မိုးသဲသဲမဲမဲ ရွာနေတော့ အတော်ပဲတဲ့"

"အေး••ဒီလောက်သိရရင် တော်ပြီ။ ကျန်တာကို နက်ဖြန် သံဒိုင့်ကိုမိတော့မှ ဆက်မေးကြည့်လိုက်တော့မယ်"

"ဒါ•••ဒါနဲ့ဆရာ၊ သံဒိုင်ကို ကျွန်တော့်အိမ်မှာ စောင့်ဖမ်းရင် ကျွန်တော် သေပြီဆရာ"

"မပူပါနဲ့. အုံ့ကြည်ရာ။ တို့က ကိုယ့်သတင်းပေးကို သတ်ရိုးထုံးစံ မရှိပါဘူး"

ချစ်မြိုင်ဆိုတဲ့ နယ်ထိန်းအရာရှိကလည်း သူပြောလျှင် ပြောသလို လုပ်တတ်သူ။ နောက်တစ်နေ့ နံနက် ၆ နာရီကတည်းက အုံ့ကြည်အိမ် ပတ်ဝန်းကျင်မှာ နယ်ထိန်းတပ်ဖွဲ့ဝင်နှစ်ယောက်ကို ပလတ်စတစ်အိတ်၊ နို့ဆီခွက် ကောက်သမားသဏ္ဌာန် အသွင်ယူကာ စောင့်ကြည့်စေတယ်။ ပစ်မှတ်လှုပ်ရှားရင် လှုပ်ရှားရာနောက် တကောက်ကောက်လိုက်ပြီးမှ ပန်းဘဲတန်းနယ်မြေနဲ့ လွတ်တဲ့နေရာတွင် ဣန္ဒြေရရ ဆွဲစေ့ကာ စခန်းခေါ်ခဲ့ရန် မှာထားပြီးဖြစ်သည်။ သို့မှသာ အုံ့ကြည်အတွက် နောက်ကြောင်းအေးမယ် မဟုတ်ပါလား။

× × ×

"ကျွန်တော်တို့နှစ်ယောက် သမ္မတ ရုံဘေး ခုံတံတားအောက်ကနေ သံလမ်းအတိုင်း နယ်မြေသတင်း စုံစမ်းရာက ပြန်လာတော့ ဒီကောင် မိုလ်ချုပ်ဈေးအရှေ့ဘက်က ခြံစည်းရိုးကျော်ပြီး သံလမ်းဘက် ထွက်လာတာ တွေ့တယ်။ ကျွန်တော်က ထွက်ပေါက်ကမထွက်ဘဲ ဘာကြောင့် ခြံကျော်ထွက်တာလဲလို့ မေးတော့ မင်းက ဘာကောင်လဲ၊ ထွက်ချင်လို့ ထွက်တယ် ဘာဖြစ်လဲဆိုပြီး ဟောဒီဓားနဲ့ တိုက်ခိုက်တယ်ဆရာ။ ဒါကြောင့် ကိုယ့်ကိုယ်ကို ကာကွယ်ရင်း ပညာပေးလိုက်မှ ဖမ်းလို့ရတယ်။ ကျွန်တော်တို့က နယ်ထိန်းရဲလို့ အိတ်ဆောင်ကတ်ထုတ်ပြတာတောင် ဆက်တိုက်ခိုက်လာတော့ မလွှဲမရှောင်သာ ပြန်တိုက်ခိုက်ရတော့တာပဲ ဆရာ။ ကျွန်တော်နဲ့သူ တိုက်ခိုက်နေတုန်း ပလတ်စတစ်၊ နို့ဆီခွက်၊ သံတိုသံစကောက်သူ အသွင်ယူထားတဲ့ ဆရာတင့်ဘို၊ တပ်သားဖိုးလတ်တို့ ရောက်လာပြီး ရှေ့နောက် ညှပ်ဖမ်းရတယ်ဆရာ"

"ကိစ္စမရှိဘူး။ ဆရာသန်းကြွယ်၊ မင်းလက်ဖမိုးက ဒဏ်ရာ ရဲဆေးခန်းနဲ့ ဆေးရုံသွားပြီ။ ဒီကောင်လို ဗလအားကိုး၊ လက်နက်အားကိုး တိုက်ခိုက်သတ်ပုတ်တတ်တဲ့သူတွေကို လက်နက်မှု၊ တာဝန်ဝတ္တရားနှောင့်ယှက်မှုနဲ့လည်း အမှုဖွင့်ရမယ်။ ဒါနဲ့•••ဟေ့ကောင်၊ မင့်ကို ငါတွေ့ဖူးသလိုပဲ။ မင့်နာမည်ပြောစမ်း"

"ကျွန်တော့်နာမည် သံဒိုင်"

"သိပ်ဟုတ်တာပေါ့။ ဘုရားလမ်းဘာဘာ ကုန်းအထက်မှာ ဆိုက်ကားစီးလာတဲ့ သားအမိကို မျက်နှာဖြတ်ရိုက်ပြီး ဆွဲကြိုးဖြတ်သွားတယ်၊ တာဝန်သိသိနဲ့ လိုက်ဖမ်းတဲ့ ဆိုက်ကားဆရာကိုလည်း ဂျင်ကလိနဲ့လှမ်းပစ်ခဲ့တာ ကံသီလို့ပေါ့။ ဒါနဲ့ အဲဒီတုန်းက မင်းနဲ့ မင့်အဖော်ကို တို့စခန်းက ဖမ်းပြီး တရားရုံးစွဲတင်ခဲ့တာ ပြစ်ဒဏ် ဘယ်လောက်ကျခဲ့လဲ"

"ခြောက်လကျပါတယ်"

"အေး••ဒါကြောင့် မင်းတို့ အခုတင့်ရဲနေကြတာကိုး။ တကယ်တော့ မင်းတို့ကို နောင်ကြဉ်သွားအောင် ဆော်ပစ်ရမှာ။ ဒါနဲ့ တာဝန်ရှိတဲ့ နယ်ထိန်းအဖွဲ့က မေးတာ ဘာကြောင့် ကောင်းကောင်းမဖြေဘဲ ရန်လုပ်ပြီး ဓားနဲ့တိုက်ခိုက်တာလဲ။ မင်းဆီမှာ မသင်္ကာဖွယ်ရာ ခေါက်ဓားနဲ့ ဟောဒီ ကျောက်မျက်တွေလည်း တွေ့တယ်။ ဓားက နှစ်ဖက်သွား၊ ခုနစ်လက်မကျော် ခေါက်ဓားဆိုတော့ လက်နက်ပုဒ်မ ငြိသွားပြီ။ ဒီကျောက်တွေက ဘယ် မင်းဟာလား။ မင်းပစ္စည်းမှန်ရင် ပြသနာမရှိဘူး။ အထောက်အထားမပြနိုင်ရင်တော့ မသင်္ကာမှုဖွင့် စုံစမ်းရမှာပဲ။ ခုတလော ဖောက်ထွင်းမှု၊ ခိုးမှု၊ လုယက်မှုတွေ များနေတယ်။ အမှုတွေက တို့အပိုင်နယ်မြေက မဟုတ်တဲ့အမှုတွေလည်း ပါတယ်။ မနေ့တစ်နေ့ကပဲ မော်ဘီရဲစခန်းက လွှန်ခဲ့တဲ့ သုံးလလောက်က သူတို့အပိုင်နယ်မြေဖြစ်တဲ့ မော်ဘီနဲ့ မြောင်းတကာရွာကြား ကားလမ်းမှာ ဘီးစလစ်ဖြစ် ဖွက်နစ်နေတဲ့ကားကို ကူတွန်းပေးမယောင်ယောင်နဲ့ သူ့အလစ်အငိုက်မှာ ဓားထောက်ပြီး သူတို့ရဲ့ လက်ဝတ်ရတနာတွေနဲ့ ငွေ၊ မှတ်ပုံတင်ကတ်၊ ကားလိုင်စင်တွေ လုယက်

www.burmeseclassic.com

သွားတယ်တဲ့။ ကူညီစုံစမ်းဖော်ထုတ်ပေးဖို့ အကြောင်းကြားလာတယ်။ ဒါကြောင့် တို့ဘက်က မင်းတို့လို ပြစ်ချက်ပေါင်းရှိတဲ့ ခိုးဆိုးလုန္တိက်သမားတွေကို ရှောင်တစ်ခင် ဖမ်းဆီးစစ်ဆေးနေရတာ"

"တောက်···"

"ဟော့ကောင်၊ မင်းက ဘာတောက်ခေါက်တာလဲ"

"ဆရာတို့ကို တောက်ခေါက်တာ မဟုတ်ပါဘူး။ ကြာကူလီကောင်ကြီးနဲ့ ကြာကူလီမ ကတိမတည်တာ ဒေါပွလို့ တောက်ခတ်လိုက်မိတာပါ။ အမှန်ဆို အဲဒီကတည်းက သူတို့မျက်နှာတွေ ဓားနဲ့မွှန်းခဲ့ရမှာ"

သံဒိုင် ဘယ်လောက်တောင် စိတ်တိုနေသလဲမသိ။ မျက်နှာတစ်ပြင်လုံး နီရဲကာ ဆုပ်ထားသော လက်သီးနှစ်ဖက် ဆတ်ဆတ်တုန်နေသည်ကို နယ်ထိန်းအရာရှိ ချစ်မြိုင် သတိထားမိသည်။ တကယ်တော့ မနေ့က အံ့ကြည်ထံက ရထားသည့် သတင်းအစအနကို အသုံးချကာ သံဒိုင်ဆိုသော တစ်ကိုယ်တော် လုယက်သမားကို မပင်မပန်း မေးမြန်းစစ်ဆေးခြင်းဖြင့် မော်ဘီအပိုင်က လုယက်မှု ပေါ်ပေါက်တော့မည်ဆိုတာ အတပ်သလိုက်သည်။ တစ်နည်းအားဖြင့် အံ့ကြည်ပြောခဲ့သော စကားလုံးလည်း မပါဝင်တာမို့ အံ့ကြည်အတွက် စိုးရိမ်ဖွယ် မရှိတော့ပေ။

"သံဒိုင်ရေ···မော်ဘီအပိုင်၊ မြောင်းတကာရွာနားက အဖြစ်အပျက်လေး ပြောပြပါဦး"

"ဒီလိုပါ ဆရာ။ ကျွန်တော် အဲဒီနေ့က တိုက်ကြီးကပြန်လာတော့ မြောင်းတကာရွာကို ကိစ္စရှိတာနဲ့ ခဏဝင်ဖို့ စီးလာတဲ့ ဘတ်စ်ကား(ကုန်စိမ်းတင်ဘတ်စ်ကား)ပေါ်က ဆင်းပြီး လမ်းလျှောက်လာတာပါ။ အဲဒီအချိန်မှာ ကားဖြူလေးတစ်စီး ကားလမ်းဘေး မြေသားလမ်းပေါ်မှာ ထွက်နစ်ပြီး စလစ်ဖြစ်နေတာတွေ့တယ်။ အနီးကပ်သွားကြည့်လိုက်တော့ အသက် ၂၅ နှစ်ခန့်၊ အသားဖြူဖြူဖွေးဖွေး မိန်းမချောတစ်ယောက်နဲ့ အသက် ၅၀ လောက်ရှိမယ့် ယောက်ျားတစ်ယောက်ကို တွေ့တယ်။ သူတို့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားတဲ့ ရတနာပစ္စည်းတွေက မက်လောက်စရာမို့ ကျွန်တော် သူတို့နား အကူအညီပေးမယောင်ယောင်နဲ့ ချဉ်းကပ်ပြီး လုယူခဲ့ပါတယ်။ သူတို့ကြောက်အောင်ဆိုပြီး ပထမ အမျိုးသားကို ဓားနဲ့တွက်လိုက်တာ သူ့လက်ဖမိုးဟက်ခန့် ကွဲပြီး သွေးစီးကျသွားတယ်။ တကယ်တော့ စိုးရိမ်စရာမရှိဘူး။ အပေါ်ယံအရေပြား စုတ်ရုံလောက်ပါ။ ကျွန်တော်က ကျွန်တော့်လက်စ ကျွန်တော်သိပါတယ်။ အမျိုးသားပြီးတော့ အမျိုးသမီးဘက်လှည့်ပြီး ကျွန်တော့်လက်နဲ့ ဓားကိုကစားရင်း ဟန်ပြရွယ်လိုက်ပါတယ်။ တကယ်တော့ အဲဒီအချိန်မှာ ဓားကိုခေါက်ပြီး ပိတ်ပြီးပါပြီ။ ခြောက်ရုံသက်သက်ပါ။ ဒါကို အမျိုးသားကော၊ အမျိုးသမီးကပါ မလုပ်နဲ့၊ မလုပ်နဲ့လို့ တစ်ပြိုင်တည်းပြောပြီး ရှိခိုးတောင်းပန်ကြတယ်။ တစ်ဆက်တည်း သူတို့ရဲ့ ကြာဇာတ်လမ်းကို ပြောပြကြတယ်"

"နှစ်ယောက်လုံးက အိမ်ထောင်သည်တွေ။ အမျိုးသမီးယောက်ျားက သင်္ဘောအရာရှိတဲ့။ လတ်တလော သင်္ဘောလိုက်နေတယ်တဲ့။ အမျိုးသားကြီးကတော့ စက်ရုံပိုင်ရှင်တဲ့။ ဒီနေ့ကိစ္စသိသွားရင် နှစ်ဦးနှစ်ဖက် အိမ်ထောင်ရေးကမောက်ကမဖြစ်မယ်တဲ့။ ဒါကြောင့် ရှိတဲ့ပစ္စည်းအားလုံး ယူသွားပါ။ လူတွေကို အနှာတရဖြစ်အောင် မလုပ်ပါနဲ့တဲ့။ ဒီကိစ္စအတွက်လည်း ဘယ်စခန်းမှ သူတို့မတိုင်ပါဘူးဆိုပြီး ရှန်းရှန်းဝေအောင် ပြောခဲ့ကြပြီး ခုတော့ ကြည့်စမ်း၊ ကြာကူလီဘတ်ခင်းနေတဲ့ သူခိုးကြီးနဲ့ သူခိုးမ လျှာရိုးမရှိတိုင်း ပြောတဲ့ဟာတွေ။ သစ္စာမရှိ၊ ကတိမတည်တဲ့ဟာတွေ တောက်"

"ဟိတ်ကောင် သံဒိုင်၊ သစ္စာတွေ၊ မေတ္တာတွေ မင်းနဲ့မတန်ဘူး။ တန်ရာတန်ရာပဲပြော။ ဟောဒီကျောက်တွေ ဘယ်ကရတာလဲ"

"ဟို···ဟို···ကြာကူလီစုံတွဲဆီက ရခဲ့တဲ့ ဆွဲသီး၊ လက်စွပ်၊ လက်ကောက်တွေက ဖြုတ်ထားတဲ့ ကျောက်တွေပါဆရာ"

"ကျောက်ပါ အထည်ပစ္စည်းလိုက်ရောင်းရင် ငွေပိုရတာပဲ။ ဒီကျောက်တွေက စိန်နဲ့မြ ပတ္တမြားအစစ်တွေ၊ ကျောက်မျက်ကျောက်ကောင်းတွေကွ"

"စိန်တွေ၊ မြတွေ ဘာမှ ကျွန်တော်မသိဘူးဆရာ။ ကျွန်တော်တို့လောကမှာ ကျောက်ပါတဲ့ ရွှေထည် ဘယ်သူမှမဝယ်ဘူး။ အထည်ပျက်ရွှေပဲ အရောင်းအဝယ်ဖြစ်တယ်ဆရာ"

"အေးလေ···သူခိုးနွားကောင်းမသိဆိုတာ ဒါမျိုးထင်ပါရဲ့။ ကဲ···ကင်းမှူး ဆရာကြီးစိန်ရေ၊ ဒီကောင်ကို အချုပ်ထဲသွင်းလိုက်တော့။ ကျွန်တော် မော်ဘီရဲစခန်းကို တရားခံလာလွှဲယူဖို့ ဖုန်းဆက်လိုက်ဦးမယ်"

ဝင်းသောင်(ရမည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com



# မလွှမ်းသင့်သော အလွမ်းဝေဒနာများ

သင်းသင်းလှိုင်(တပ်ကုန်း)

မစည်ကားအပ်သော နေရာသုံးခုတွင် တစ်ခုအပါအဝင်ဖြစ်သော နေရာကား ပြည်သူ့ဆေးရုံပင်ဖြစ်သည်။ ပတ်ဝန်းကျင် လောကဓာတ်တစ်ခွင်လုံးက တိတ်ဆိတ်ငြိမ်သက်နေသော်လည်း လှုပ်ရှားမှုများနှင့် ဆောင်ရွက်နေရသည်ကား တပ်ကုန်းမြို့ ခုတင် ၁၀၀ ပြည်သူ့ ဆေးရုံအတွင်းပင် ဖြစ်သည်။

"ဒေါက်တာ ... ဆိုင်ကယ် အက်စီးဒင့် ရောက်လာတယ်"

တာဝန်ကျ ဆရာဝန်မလေးသည် ပြင်ပလူနာဌာနသို့ လိုက်လာခဲ့သည်။ ပြင်ပလူနာဌာနတွင် လူငယ်သုံးဦးအား သွေးသံရဲရဲဖြင့် ခုတင်ပေါ်တွင် တွေ့ရလေသည်။ ဆိုင်ကယ်တစ်စီးတည်းကို သုံးယောက် စီးမောင်းလာခြင်းဖြစ်သည်။ အမြန်မောင်းလာသဖြင့် အကွေ့တွင် ဘရိတ်မထိန်းနိုင်ဘဲ မှောက်ရခြင်းဖြစ်သည်။ မောင်းနှင်သည့်ကလေးတစ်ဦး ကတ္တရာလမ်းနှင့် ခေါင်းရိုက်မိဟန်တူသည်။ ဦးဆက်ကွဲသွားသည်။ ဦးနှောက်များပင် ထွက်နေသည်။ ဆိုင်ကယ်ဦးထုပ် ဆောင်းထားဟန်မတူပါ။ နောက်မှနှစ်ယောက်တွင် တစ်ယောက်က လက်ကျိုးပြီး ထိခိုက် ဒဏ်ရာတွေအပြည့်နှင့်။ နောက်တစ်ယောက်က ပေါင်ကျိုးသွားဟန်တူသည်။

"ကဲ ... ဆရာမ ခွဲခန်းကို အင်မောင်းလုပ်ပါ။ နောက်ပြီး အရိုးဆရာဝန်၊ ခွဲစိတ်ဆရာဝန်တို့ကို အကြောင်းကြားပါ။ အရေးပေါ်ဆောင်ရွက်ရမယ်။ သေတဲ့သူကိုတော့ ရင်ခွဲရုံပို့ပါ။ ပို့မော်တယ် လုပ်ရလိမ့်မယ်"

တာဝန်ကျ ဆရာဝန်မလေးသည် ဆရာမလေးအား မှာကြားစရာများမှာကြားပြီး အမှုစစ်ရဲအရာရှိများ၏ မေးမြန်းသည်များကိုလည်း ဖြေကြားနေရသည်။

"အမလေး ... သားလေးရေ၊ အဖြစ်ဆိုးလှချေလား။ ငယ်ငယ်ရွယ်ရွယ်လေးကို သေမင်းကခေါ်ရသလား။ တက္ကသိုလ်လေးတောင် တက်ခွင့်မပြုတော့ဘူးလား"

"ဒူဝေဝေ"ဟူသော အသံ၏ နောက်တွင် ကပ်လိုက်လာသော ငိုသံကိုကြားလိုက်ရသည်။ ဆိုင်ကယ်မှောက်လို့ သေတဲ့ကလေးက ဆယ်တန်းအောင်ပြီးသားကို။ အင်း ... သေမင်းက ခေါ်ချင်လို့ ခေါ်တာလား။

www.burmeseclassic.com

www.burmeseclassic.com

မသေသင့်ဘဲ သူတို့က သွားချင်လို့ သွားတာလား။ ယာဉ်စည်းကမ်း အတိုင်းလိုက်နာရင် ဒီလိုဖြစ်ပါ့မလား။ အခုတော့ မလွမ်းသင့်ဘဲ လွမ်းရမယ့် အလွမ်းဇာတ်ဖြစ်ရပြီ။

× × ×

"ပျော်တယ်နော် ... အလှူပွဲပြီး လို့ပျော်ရတယ် ... သားလေးကိုရှင်ပြုတဲ့ပွဲနော် ... သမီးလေးကို နားသမင်္ဂလာ ပြုလို့နော် ... စိတ်ချမ်းသာလို့ပျော် ထမင်းရည်ချောင်းစီး ... မောင်းတီးပြီး လှူမယ်နော် ... သိန်းအောင်ဆိုင်း နဲ့ အလှူကြီးပေးလို့ပျော် ..."

ဆေးရုံမြောက်ဘက်တွင် အလှူမင်္ဂလာမဏ္ဍပ်ကြီး ဟီးနေအောင် ဆောက်ထားသည်။ ယနေ့ နုတ်ပြု မဏ္ဍပ်ထိုးသည့်ပွဲဖြစ်သည်။ အလှူရက်က လေးရက်လိုသေးသည်။

"အမလေး ဖြစ်မှဖြစ်ရလေ။ ဒီနေ့ဒီရက်ကို မသွားပါနဲ့။ နုတ်တိုက်ကြီး ပါဆိုတာကို နားမထောင်ဘူး။ အခုတော့ တရားတောင်မနာရတော့ဘူး။ မောင်ရင်လောင်းတွေကို ဘယ်လိုရှင်ပြုပေးရမလဲ သမီးရဲ့"

အလို ... မနေ့ကတော့ ဆိုင်းသံကြားတယ်။ အခုတော့ ဘယ်လိုဖြစ်သလဲ။

မိတ္တီလာကို မောင်ရင်လောင်း ဝတ်စုံငှားဖို့ အလှူရှင်လင်မယားနှစ်ယောက်လုံး သွားကြဟာ။ ဒိုင်နာစီး သွားကြသည်။ ကားမောင်းဆရာက ကားနှစ်စီးပြိုင်မောင်းရာ လမ်းတွင် ကားဘီးကျွတ်ပြီး လမ်းဘေးရှိ ဘောစကိုင်းပင်ကို ဝင်တိုက်ကာ တိမ်းမှောက်သွားခြင်း ဖြစ်သည်ဟု သိရသည်။

အလှူရှင်လင်မယားနှစ်ယောက်လုံး ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ နေ့ချင်းပြီး သဂြိုဟ်လိုက်ရလေသည်။

ဘုန်းကြီးများပင့်ပြီးပြီ။ အလှူဖိတ်စာက ဝေထားပြီးပြီ။ အလှူပွဲကြီးနေ့တွင် အလှူဒါယကာများ မပါဘဲ ဆင်နွှဲရလေပြီ။

"အလှူရှင်လောင်း လှည့်ဖို့ရာ ဖေဖေသပိတ်လွယ်၊ မမလေးက ကွမ်းတောင်ကိုင် အိုးစည်ဝိုင်းက မြိုင်လှတယ် ... မြင်းကြီးပေါ်က မောင်ရင်လောင်း ဘယ်လိုပြုံးနိုင်ပါ့မလဲ။ ပျော်ရွှင်မှုကို ဘယ်လိုရှာရမလဲ။ မိဘနှစ်ပါးမှ မရှိတော့တာ။ အဘွားပြောသလို နုတ်ကိုက်သွားတာ မဟုတ်ဘူး။ ကားမှောက်သွားတာပါဗျာ။

"ကဲ .. ကဲ၊ ဆဲချပြီးပြီ။ သက်နှင်းစီးရအောင် အဘွားဖြစ်သူလာပါ"

ရေစက်သွန်းချ အမျှဝေ သာဓုခေါ်ဘို့ရာ မဏ္ဍပ်တော်တွင်းသို့ ကြွတော်မူကြပါ။

တရားနာကြဖို့ ခေါ်ဆိုနေပြီ။ မြေးလေးတွေရေ့ အဘွားဘယ်လိုဖြေရမလဲ။

"သားနှင့်သမီးရေ အမျှ .. အမျှ ... အမျှယူတော်မူကြပါကွယ်။ ချောက်ရာအရပ်က သာဓု ... သာဓု ... သာဓုလို့ ခေါ်လိုက်ပါတော့ကွယ်"

တကယ်ပဲ သေနေ့စေ့လို့ သေတာလား၊ မသေသင့်ဘဲ သေရတာ။ မလွမ်းသင့်ဘဲ လွမ်းရတဲ့ အလွမ်းဝေဒနာတစ်ခုပဲပေါ့။

× × ×

ဆေးရုံကြီး မြောက်ဘက်ထောင့် ဥတ္တရသီရိမြို့သို့ အကွေ့လမ်းထောင့်မှာ ကုန်ကားကြီးတစ်စင်း ရပ်ထားသည်။ အချိန်က မှောင်နေသည်။

"အမေ ... သား ရန်ကုန်ကို ကုန်ပို့သွားရမှာ။ ရောက်တုန်းရောက်ခိုက် အမေ့ကို ဝင်ကန်တော့တာ။ ရော့ ... အမေ ဒီငွေက အမေသုံးချင်တာ သုံးရအောင်လို့။ ဒီတဘက်ကလေးက အမေဘုရားသွားကျောင်းတက် ခြုံရအောင်လို့ အမေ"

"ငါ့သားလေး သိတတ်လိုက်တာ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေကွယ်"

ယာဉ်မောင်းသမားလေး အမေ့ကိုကန်တော့ပြီး ကားဆီသို့အပြန် ..

"ဝုန်း ဒိုင်း ... အမလေး"

ခုတင် ၁၀၀ ပြည့်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန လူတွေရှုပ်ထွေးသွားရသည်။

"အမလေး စိန်ဝင်း၊ ငါ့မောင်ရယ် အဖြစ်ဆိုးလှချေလား။ ကားကြီး တစ်စီးလုံးရပ်ထားတာကို မမြင်ဘူးလားဟဲ့။ အရက်မူးအောင်သောက်ပြီး ဆိုင်ကယ်မောင်းလာတာ အရှိန်ကပြင်း၊ ကားကိုမမြင်ဘဲ ဝင်တိုက်တော့ ပွဲချင်းပြီးသေရတာပေါ့။ ကံဆိုးလိုက်တဲ့ ငါ့မောင်လေးရယ်"

အစ်မဖြစ်သူက မောင်အတွက် ပူပင်သောကကြီးစွာဖြင့် အော်ဟစ်ငိုနေသည်။ အဖြစ်က ဒီလိုပါ။ ရပ်ထားသော ကုန်တင်ကားသည် လမ်းဘေးသို့ ချရပ်ထားခြင်းမရှိ၊ အချက်ပြနောက်မီးကို ထွန်းထားခြင်းမရှိ၊ အမေ့ကို ခေတ္တဝင်ကန်တော့ပြီး အမြန်ပြန်လာမည်ဟု ယူဆပြီး ရပ်ထားခဲ့ခြင်းဖြစ်ပေသည်။ ဘာကြောင့်ရပ်ရပ် ဘယ်နေ

www.burmeseclassic.com

www.burmeseclassic.com

ရာရပ်ရပ်၊ လမ်းဘေးချရပ်ရမည်။ အချက်ပြနောက်မီး ထွန်းထားရမည် ဟူသော ယာဉ်စည်းကမ်းဖောက်ဖျက်မှု၊ မှူးရင်မမောင်းနဲ့ မောင်းရင်မမှူးနဲ့ စကားကို မလိုက်နာဘဲ အရှိန်ပြင်းစွာ မောင်းလာသည့် စိန်ဝင်းက ဆိုင်ကယ်ဖြင့် ကားကို နောက်မှဝင်တိုက်သဖြင့် သေဆုံးရခြင်း ဖြစ်သည်။

ယာဉ်ကြီးနှင့်ယာဉ်ငယ် ဘယ်သူကမှားမှား တာဝန်ရှိသူသည် အစိုးရ အပြစ်ဒဏ်ကို ခံရပေမည်။

"အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေကွယ်"လို့ ဆုတောင်းပေးလိုက်သော အမေ့ဆုတောင်းကြောင့် အသက်တော့ မထိခိုက်ပါ။ ယာဉ်စည်းကမ်းဖောက်ဖျက်ပြီး လမ်းပေါ်ရပ်ထားခြင်း၊ အချက်ပြမီး မပြထားခြင်းတို့ကြောင့် ဥပဒေအရ အရေးယူခြင်း ခံရမည်။ မိခင်သိလျှင် သောကရောက်ရမည်။ အားလုံးမလွှမ်းသင့်သော အလွမ်းဝေဒနာများ ခံစားရပေမည်။

ဒီဝေဒနာများကို မျှဝေခံစားနေရသူကတော့ ခုတင် ၁၀၀ ဆေးရုံကြီး ပြင်ပလူနာဌာနဘေးမှာ ပေါက်နေတဲ့ ကုက္ကိုပင်ကြီးပဲ ဖြစ်သည်။ မိမိရဲ့အရိပ်အောက်မှာ ဖြစ်ပေါ်နေသည့် ဖြစ်ရပ်များ၊ ပြောဆိုဝေဖန်နေသည့် စကားသံများကို နေ့စဉ်ကြားနေရသည်။ ကုက္ကိုပင်ကြီး စဉ်းစားမိသည်။

ယနေ့ ကမ္ဘာကြီးတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်အရေအတွက်သည် တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိသည်။ မတော်တဆမှုကြောင့် လူသားများ အသက်အိုးအိမ် ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာပြင်းထန်မှုကြောင့် မသန်မစွမ်းဘဝသို့ ရောက်ရှိသွားသူများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းနှင့် နိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးမှုများကို နေ့စဉ်တွေ့ရှိကြားသိနေ ရပါသည်။ ကမ္ဘာကြီးတွင် ထိတ်လန့်အံ့သြဖွယ် ဖြစ်စဉ်ဖြစ်ရပ်များစွာ ရှိသည့်အနက် အမှန်တကယ် ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်သည်မှာ ယာဉ်မတော်တဆမှုကြောင့် လူအများ သေကျေပျက်စီးရသည့် ဖြစ်ရပ်များ ဖြစ်ပါသည်။

"စည်းကမ်းပျက်ကွက် အမှားတစ်ချက် အသက်ပေါင်းများစွာ အန္တရာယ်ပါ"ဟူသော ဆောင်ပုဒ်အတိုင်း စည်းကမ်းမဲ့သူများ လုပ်ရပ်ကြောင့် လူအများ အသက်ဆုံးရှုံးရသည့် သာဓကများရှိပါသည်။ ထို့ကြောင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီမှ -

– ပြည်သူများ စည်းကမ်းကို ပင်ကိုအသိနှင့် လိုက်နာ၍ စည်းကမ်းစနစ်တကျ လိုက်နာတတ်ရန်အတွက် ရည်ရွယ်ဆောင်ရွက်သွားရန်။

– စည်းကမ်းဖောက်ဖျက်သူများ ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရန် အခြေခံချက်များ ချမှတ်၍ နောက်ကြည့်သွားအောင် ဆောင်ရွက်ရန်။

– လမ်းအသုံးပြုနေသူများ အားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျလိုက်နာ၍ မြို့တော်အင်္ဂါရပ်နှင့်အညီ စည်းကမ်းရှိအောင် ရည်ရွယ်ဆောင်ရွက်ရန်။

– အနေးယာဉ် မောင်းနှင်သူများ အမြန်ယာဉ်များအပါအဝင် သယ်ယူပို့ဆောင်ရေးယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ ခိုင်ခံ့ကောင်းမွန်စေရေး၊ စနစ်တကျရှိရေးကို ရည်ရွယ်ဆောင်ရွက်ရန်။

– လမ်းမကြီးများ၊ လမ်းညွှန်အမှတ်အသားများ၊ မီးပွိုင့်များ၊ လူကူးမျဉ်းကျားများ စနစ်တကျရှိရေး။

– ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှု လုံးဝပပျောက်အောင် ဆောင်ရွက်ရန်။

– မြို့နယ်အသီးသီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာ၍ ရေရှည်တည်တံ့ရန်ဟူသော ရည်ရွယ်ချက်များအတိုင်း အင်တိုက်အားတိုက် ဆောင်ရွက်နေပါသည်။ ပွင့်တဲ့ပန်းတိုင်း မွှေးစေရန်၊ လူသားအားလုံး အသက်အန္တရာယ်ကင်းစေရန် လမ်းစည်းကမ်းကို သိထားသောလူများက မသိသေးသောသူများကို အသိပညာလက်ဆင့်ကမ်းပေးရန် လိုအပ်ပါသည်ဟု

ကုက္ကိုပင်ကြီးက မိမိအရိပ်တွင် လာရောက်ခိုသူများကို ပြောပြချင်သည်။ "ဟော ... ဟော နားထောင်စမ်း၊ ဘာသံပါလိမ့်"ကုက္ကိုပင်ကြီး ကြားလိုက်ရသည့်အသံကား ရေဒီယိုမှ သီချင်းသံ ...

"ယာဉ်အန္တရာယ် ... စုပေါင်းကာကွယ်မည် ... မြို့တော်သာယာရေးအတွက် .... ဆောင်ရွက်နေပါသည် ... ကျွန်တော်တို့လည်း ပါဝင်ကြပါမည် ... ကျွန်မတို့လည်း ပါဝင်ကြပါမည် ... ယာဉ်စည်းကမ်းကို လိုက်နာဖို့လိုပါသည်"

ဒါဆိုရင် "မလွှမ်းသင့်သော အလွမ်းဝေဒနာများ"ရှိမည်မထင်ပါ

❒ သင်းသင်းဆွေ(ပဲခူး)



www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏နည်းစနစ်အတိုင်းဟောသည် ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၈၃၀

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် အတိုက်အခံများတတ်တယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်အသစ်ရခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်မွမ်းမံရခြင်းမျိုး ကြုံမယ်။ လုပ်သမျှ သိပ်အဆင်မပြေတတ်ဘူး။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လ၊ ကဆုန်လများ ပါနေရင် မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်တယ်။ မိန်းမနှင့် ပတ်သက်၍ အမှုအခင်း ဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတတ်တယ်။ လူအများ၏ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်းများ ဖြစ်တတ်တယ်။ မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်တယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးလိမ့်မယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဆွေမျိုးသားချင်းထဲက တနင်္ဂနွေ၊ သောကြာ အမည်ပါသောသူက မထင်မှတ်ဘဲ အကူအညီကောင်း ပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်ခြင်း၊ သွေးထွက်သံယို ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို ကြေးလင်ဗန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် လူပင်ပန်းပေမယ့် စိတ်ချမ်းသာရမယ့်ကာလ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စိန်ထည်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလတွင် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ ဤကာလအတွင်း ထိမထိုးသင့်ပါ။ ထိပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လာလိမ့်မယ်၊ လုပ်လျှင် ရအောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေး ဆုံးရှုံးတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ မိမိ ကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသော နိမိတ်တွေ့ခဲ့သော် ကားပွတ်တိုက်မိတတ်ပါတယ်။ အထူးဂရုစိုက်ပါ။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အသက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ရုတ်တရက် ဝမ်းဗိုက်အောင့်ခြင်းမျိုး ဖြစ်တတ်တယ်။ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဖုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်အနီးနားတွင် ဆိုင်သစ်ဖွင့်သောနိမိတ်၊ ဆိုင်းဘုတ်တင်သောနိမိတ် တွေ့လျှင် ကံကောင်းတတ်ပါသည်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

စာအိတ်တစ်အိတ်ထဲတွင် ငွေ ၃၁ ကျပ် ထည့်ပြီး ပုံသကူပစ်ပါ။ နေအိမ်အရှေ့တ သစ်ပင်တွင် စာအိတ်ကလေးတစ်လုံး ချိတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေတတ်တဲ့ကာလ ဖြစ်ပါတယ်။ အများနှင့် ပူးပေါင်းလုပ်တဲ့ကိစ္စတွေ၊ စပ်တူလုပ်တဲ့ လုပ်ငန်းတွေ အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ ယခုကာလတွင် အပျော်များရမယ့်ကာလ ဖြစ်ပါတယ်။ သင်သည် အဖက်ဖက်မှာ စိတ်ချမ်းသာစရာတွေ ကြုံလာရလိမ့်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လူချစ် လူခင်လည်း ပေါများမယ့်ကာလ ဖြစ်ပါတယ်၊ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်တူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် ဒီအတိုင်းမထားပါနှင့်။ ရွှေဝယ်ထားပါ။ သင်သည် စန်းပွင့်နေသောအချိန် ဖြစ်သောကြောင့် အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး အရှုပ်အထွေးဖြစ်တတ်တယ်။ အစွပ်အစွဲလည်း ပြောဆိုခံရတတ်တယ်။ သင်သည် ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင်တော့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကြောင့် စိတ်ညစ်ရခြင်း၊ စိတ်ဝမ်းကွဲရခြင်းမျိုး ကြုံရတတ်တယ်။ အပျို၊ လူပျိုတွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံမလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြေ ထွက်တတ်တယ်။ ခရီးသွားလျှင် အနောက်မြောက်ထောင့်နှင့် အရှေ့တောင်အရပ်များသို့ မသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံမယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစားမှား ကြုံခြင်း၊ သွားဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ ထန်း(၇)ညွန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၀၊ ၄၁၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အုပ်စုဖွဲ့၍ လောင်းကစားခြင်း မပြုလုပ်ပါနှင့်။
ကိုယ်ပိုင်စိတ်သုံးပါ၊ မဖောက်မပြန် တည်တည်ကြည်ကြည်
ထိန်းသိမ်းနိုင်လျှင် ကြီးပွားတိုးတက်နိုင်သောကြောင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း
ကြံရည်(၆)ခွက်၊ ကရေကရာ(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အလွန်ကံကောင်းနေပါတယ်။ မိသားစုအတွင်းမှာလည်း မင်္ဂလာကိစ္စတွေ ပေါ်လာတတ်တယ်။ ငယ်ရွယ်သူများအဖို့ အိမ်ထောင်ကျတတ်တယ်။ မမျှော်လင့်ဘဲနဲ့ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာရခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းအသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပ ခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ လူငယ်တွေအဖို့ အနောက်တောင်အရပ်ကို မသွားပါနှင့်။ ရေဘေးအန္တရာယ် ကြုံရတတ်တယ်။ သက်ကြီးရွယ်အိုတွေအဖို့ လေဖြန်းခြင်း၊ ရုတ်တရက် သွေးတိုးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ တံခွန်ဖြူ(၂)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၀၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေးမသွားပါနှင့်။ ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် အင်္ဂါနေ့တိုင်း ဆီထမင်း (၁)ပန်းကန်၊ စံပယ်ပန်း(၈)ကုံး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ကောင်းသောအပြောင်းအလဲတွေ ကြုံရတတ်တယ်။ လုပ်ငန်းတွေလည်း တိုးချဲ့လုပ်ကိုင်ရတတ်တယ်။ ဖြတ်လမ်းမလိုက်ပါနှင့်။ တစ်ချီတည်းနှင့် အပွကြံခြင်းမျိုး မပြုလုပ်ပါနှင့်။ ထိလည်း ပေါက်တတ်တယ်။ အလှူအတန်းကိစ္စ ကြုံရတတ်တယ်။ မိမိကိုယ်တိုင်လည်း အလှူအတန်း ပြုလုပ်ရတတ်တယ်။ ယခုကာလသည် စန်းပွင့်နေသော ကာလဖြစ်သောကြောင့် သတိထားပါ။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စွပ်စွဲပြောဆို ခံရတတ်တယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတိုးမယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေ ဗုဒ္ဓဟူး အိမ်ထောင်ဖက်များ ဖြစ်နေလျှင် ဂရုစိုက်ပါ။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးကျိုးခြင်း၊ အလုံးအကျိတ်အခဲနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငွေထီး (၉)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၉၊ ၃၂

### အထူးသတိပြုရန်

အိမ်အနီးအနားတွင် တနင်္လာနှင့် စနေနေ့တွင် ကလေးမွေးဖွားသော နိမိတ်တွေ့ပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။
ယခုကာလတွင် လက်ရှိအလုပ်ကို စိတ်မဝင်စားဘဲ အလိုပြောင်းလိုစိတ်များ ဖြစ်နေလိမ့်မယ်။ မပြောင်းပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နွားနို့ထမင်း တပ်လျှ

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် သူတစ်ပါးအတွက် အာမခံတာမျိုး၊ ကိုယ်စားလိုက်ပြီး ပြောတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါကြားညှပ်ပြီး ဖြေရှင်းပေးရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ ဝန်ထမ်းများအဖို့ အကြီးအကဲများ၏ အထင်လွဲမှားခြင်း ခံရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ငန်းသူများအဖို့ အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ် ပေါ်နေမယ်၊ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေဖြစ်နေမယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ဘာပဲလုပ်လုပ် စိတ်တိုင်းမကျ ဖြစ်နေတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကို မနာလိုသူလည်း ပေါ်လိမ့်မယ်။ မိမိထက် မြင့်သူ၊ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးတတ်တဲ့အချိန်ဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေသည်း၊ လက်သည်း ပုပ်ခြင်း၊ ကျောနာခြင်း၊ ခါးနာခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၄၊ ၅၃၊ ၃၅၊ ၃၆

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရ။ သချိုင်းမြေ မနင်းရ။ နာရေးသွားမိပါက မိမိတင်သာမက မိသားစုပါ ကျန်းမာရေး ညံ့သွားတတ်သဖြင့် သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်၊ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ၊ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်သည်။ လုပ်ငန်းသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်၊ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီးသွားရတတ်တယ်။ ပြည်ပခရီးဝေးသွားလိုလျှင် ယခုကာလတွင် ပြုလုပ်ပါက အဆင်ပြေလိမ့်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်၊ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်၊ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမည်ဆိုလျှင် ဖျာချောလေး(၁)ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား ဘာသာခြား တွေလည်း မစတတ်ပါတယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်၊ အကြီးအကဲက ကိုယ့်ကို အကူအညီပေးတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရ လောက်အောင် ပြဿနာဖြစ်တတ်တယ်၊ ခေင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးက ဆရာတော်တစ်ပါးလည်း ကြွလာတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်၊ ထိုငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေး အနေဖြင့် မျက်နှာမှာ အဖုအပိန့် အနာလေးတွေ ပေါက်တတ်တယ်၊ အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ဗြိုဟ်ရုပ်စုံ (၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၂၊ ၆၄

### အထူးသတိပြုရန်

အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံခြင်း၊ သူတစ်ပါး၏အိမ်ကို မိမိက တာဝန်ယူ ဆောက်ပေးခြင်းမျိုး မပြုလုပ်သင့်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်တဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း ဖက်သုပ် ဆွမ်းတော်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေခြင်းမျိုးတွေ ကြုံရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဟိုက ကြားလည်း စိတ်ညစ်စရာ၊ ဒီကကြားလည်း စိတ်ညစ်စရာတွေ ဖြစ်နေတတ်တယ်။ ယခုကာလတွင် စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဇောက်ကန်း မလုပ်သင့်ဘူး။ သင်သည် ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လ၊ ပြာသိုလများ ပါနေလျှင်တော့ အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းများအဖို့ အလုပ်ပြောင်းဖို့ မကြိုးစားပါနှင့်ဦး။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများအဖို့လည်း လုပ်ငန်းများ အောင်မြင်တော့ မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက် အစီး၊ အဆုံးအရှုံး၊ အလေအလွင့်များနေလိမ့်မယ်။ အိမ်မှာ နေရတာကို မပျော်ဘဲ ဖြစ်နေတတ်တယ်။ သူများအတွက် အာမခံတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါတတ်တယ်။ မထင်မှတ်ဘဲ မြေတစ်ကွက် ဝင်တတ်တယ်။ ငွေကြေးနှင့် ပတ်သက်၍၊ ကားနှင့် ပတ်သက်၍ လူလယ်ခေါင်မှာ စွပ်စွဲပြောဆိုခံရတတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ခန္ဓာကိုယ်မှာ ထိခိုက်ခြင်း၊ ဆေးမှား၊ အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

**အထူးသတိပြုရန်**

ယခုကာလတွင် နာရေး လုံးဝမသွားရပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နွားနို့ထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။